
www.burmeseclassic.com



www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၈၅၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၂၁၀၆၀၇

ပုံနှိပ်ခြင်း - ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အောင်ဆက်
၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၁၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော မိုးထစ်ချုန်းသံတို့နှင့်အတူ လျှပ်ပန်းလျှပ်နွယ်တို့က သိပ်သည်းသော ညအမှောင်ထုကို ထိုးဖောက်လျက် လင်းထိန်စွာ ရူးရူးရှရှ တောက်ပလင်းလက်သွားကြသည်။

မိုးနှင့်လေက အညှိုးတကြီးနှင့် သည်းသည်းမည်းမည်း ရွာနေသလို ပြင်းထန်သောလေ၏ အရှိန်ကြောင့် သစ်ပင်ကြီးငယ်များ ယိမ်းနွဲ့ခါယမ်းလျက် အော်မြည်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေသလောက် စိုင်းမဟာလွယ့်ယျ၏ အနီရောင်နှစ်ထပ်တိုက်အိမ်ကြီးအတွင်းမှာတော့ အပြင်ဘက်မှ အော်မြည်တိုက်ခတ်နေသော မိုးသံလေသံတို့နှင့် ဆန့်ကျင်ဘက် တိတ်ဆိတ်ငြိမ်သက်ခြင်းတို့သည်သာ ကြီးစိုးမင်းမူလျက်ရှိသည်။

ထွန်းညှိထားသော မီးရောင်က လေတိုက်တိုင်း ယိမ်းနွဲ့လှုပ်ရှားသွားတတ်သည်မှလွဲ၍ တခြားမည်သည့်လှုပ်ရှားမှုမျှမရှိ သူလတ်ပိုင်းအရွယ် စပ်မဟာလွယ်လျ၏ ခုတင်အနီးမှာ ဧ( သမီးလေး ရုပ်ကြီးတွေချထားသလို တွေတွေကြီးရပ်ကာ ခုတင်ထ(က်)ပြီး ပြင်းထန်သောရောဂါဝေဒနာကြောင့် သတိလစ်မေ့မျောလျ



www.burmeseclassic.com

www.burmeseclassic.com



စပ်မဟာလွယ်လျ၏ မျက်နှာကိုသာ မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်လျက် ရှိနေပါသည်။

လုံထမ်းလာတာကိုသာ မြင်တွေ့ကြရပြီး ကံထမ်းလာတာကို မမြင်မတွေ့နိုင်ကြသော လူသားတို့၏ ကံကြမ္မာအတိုင်း သူ့၏ အချစ်မြတ်နိုးဆုံးသော ဇနီးချော နန်းမြတ်စန္ဒီ အဖျားရောဂါဖြင့် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်ခဲ့ရာမှအစပြု၍ ပြင်းထန်စွာ တုန်လှုပ်ချောက်ချားရခြင်းများနှင့်အတူ တစ်စစီကွဲအက်မွကြေသွားသော နှလုံးသားခံစားချက်များဖြင့် အစားအသောက်၊ အနေအထိုင် မမှန်၊ အရက်ကိုသာ ဖိသောက်နေခဲ့ရာမှ အခုလို အဖြစ်ဆိုးမျိုးနှင့် ကြုံရခြင်းဖြစ်သည်။

လေးနှစ်ကျော်အရွယ် သမီးကြီး၊ နှစ်နှစ်ကျော်အရွယ် ဒုတိယသမီးလေးနှင့် တစ်နှစ်အရွယ် သားငယ်လေးတို့က ဘာမှသိတတ်နားလည်ခြင်းမရှိသောအရွယ်။

မိမိအချစ်မြတ်နိုးဆုံး ချစ်ဇနီးအတွက် ယူကျုံးမရ ကြေကွဲတမ်းတရရှာသော စိုင်းမဟာလွယ်လျကိုယ်တိုင် သူချစ်သော မြတ်နိုးစွဲလန်းရသော ချစ်ဇနီးနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားတော့မည့်အချိန်ကို ရောက်ရှိလာခဲ့လေပြီ။

"ဟော ...လှုပ်လာပြီ ...လှုပ်လာပြီ"

"သတိရလာပြီထင်တယ်"

စပ်မဟာလွယ်လျ၏ နောက်ဆုံးအချိန်။

မည်သူမျှ အသက်ကို ကောင်းကောင်းမရှူဝံ့။





လေသံမျှသော စကားဖြင့်သာ ဂရုတစိုက်ပြောဆိုမိကြသည်။ အနားမှာအတူရှိနေသော ဆရာဝန်ကြီး ဦးဘကောင်းကိုသာ အားကိုးရာကြီးတစ်ခုလို မျှော်လင့်တကြီး ကြည့်မိကြသည်။

နာရီများစွာ သတိလစ်မေ့မျောနေရာမှ ပထမဆုံး လှုပ်ရှားလူးလွန့်လာသည့် လူမမာပုံစံက မျက်စိပွင့်လာသည်ဆိုသော်လည်း ဘာကိုမှ မြင်တွေ့ပုံမရဘဲရှိသည်။

"နောင်ဖ"

"ရှိပါတယ် သခင်ကြီး"

လေသံမျှ တိုးသဲ့လွန်းသောအသံကို မနည်းအာရုံစိုက်မှ ကြားနိုင်သည်ဆိုရုံလေးဖြစ်သော်လည်း သူ၏လူယုံတော် စိုင်းနောင်ဖကဖြင့် သခင်၏အလိုကို အရိပ်အခြေကြည့်ရုံဖြင့် သိရှိနိုင်သူပီသစွာ ထိုလေသံမျှလောက်ကိုပင် ကြားနာနိုင်စွမ်းရှိခဲ့ပါသည်။

"သမီးလေးတွေနဲ့ သားကို မဟာဒေဝီလက်ထဲ အရောက်ဖြစ်အောင်ပို့ပေး၊ ဒီမှာ ...သော့ ..."

ရင်ခွင်တစ်နေရာကို လက်ဖြင့်ကြိုးစား၍ ညွှန်ပြလိုက်ခြင်းက သူ၏နောက်ဆုံးအားမာန်တို့ ကြိုးစားစုစည်းလိုက်ခြင်းသာ ဖြစ်ပါသည်။

အေးစက်တုန်ရီသော လက်များဖြင့် သူ၏ရင်ခွင်တစ်နေရာမှ သော့ကို အလိုက်တသိဖြုတ်ယူလိုက်သည်။

"အစစအရာရာအတွက် စိတ်ချပါသခင်ကြီး၊ သမီးလေးတွေနဲ့ သားတော်လေးအတွက် နောင်ဖ အသက်နဲ့ရင်းပြီး သခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆန္ဒအတိုင်းဖြစ်မြောက်အောင် ဆောင်ရွက်ပါ့မယ်''

လေးနက်တည်ကြည်သော အသံက အားမာန်အပြည့်။

စိုင်းမဟာလွယ်လျှ၏ ဦးခေါင်းကို လှုပ်သည်ဆိုရုံလေး ညင်သာစွာ ညိတ်ပြပြီးနောက် မျက်ဝန်းအစုံ ပြန်လည်မှေးမှိတ်ငြိမ် သက်တိတ်ဆိတ်သွားခဲ့သည်။

သစ္စာရှိလူယုံတော်၏ ရဲဝံ့ပြတ်သားသော စကားများကို စိတ်ချယုံကြည်စွာ စိတ်ကိုလျှော့ချလိုက်ပုံဖြင့် သူချစ်ခင်မြတ်နိုးသော ချစ်ဇနီးနောက်သို့ လိုက်ပါသွားခဲ့လေပြီ။

လှုပ်ရှားခြင်းလုံးဝမရှိတော့သော စိုင်းမဟာလွယ်လျှကို ဆရာဝန်ကြီးက လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သူ့ထံ အားကိုးတကြီး ကြည့်နေကြသူများအား သူ၏ဦးခေါင်းကို ညင်သာလေးတွဲ့စွာ ခါယမ်းပြလိုက်ပါသည်။

''သခင်ကြီး''

ကြေကွဲစိုနင့်စွာ လှိုက်လှဲတုန်ရီနေသော စိုင်းနောင်ဖ၏ အော်သံနက်ကြီးက ပြင်းထန်စွာ ရွာသွန်းနေသော မိုးသံလေသံများ ကြားသို့ ထိုးဖောက်ဝင်ရောက်သွား၏။

တစ်ပြိုင်နက်ထဲမှာပင် ရှူးရှတောက်ပသော အလင်းရောင်နှင့်အတူ ပြင်းထန်ကျယ်လောင်လှသော မိုးထစ်ချုန်းသံက ကမ္ဘာမြေကြီးတစ်ခုလုံးကို တသိမ့်သိမ့်တုန်ခါမြည်ဟီးလို့ သွားပါတော့သည်။





မြူနှင်းမြူမှုန်တို့ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည့် ၁၉၈၀ ခုနှစ်၊ ဇန်နဝါရီလ၏ ဆောင်းနံနက်ခင်း။

အာရုဏ်ဦးအချိန် ဝေလီဝေလင်း။

ဘာကိုမှ သည်းကွဲစွာ မမြင်မတွေ့နိုင်သည့် မြူခိုးမြူမှုံများထဲသို့ ရထားလုံးတစ်စီးက အေးစက်သော မြူနှင်းထုကို ထိုးခွဲဖြတ်သန်းလျက် လမ်းအတိုင်း မနှေးမမြန် ပြေးလွှားလျက်ရှိသည်။

ထူးခြားစွာ ပိုကဲသည့် အအေးဒဏ်ကြောင့် လူသားအားလုံး နွေးထွေးလုံခြုံစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့်အချိန်မှာ အိပ်မပျော်နိုင်သူကတော့ မဆုံးနိုင်သော အတွေးတို့ဖြင့် တွေးလုံးရစ်ပတ်လျက် ရထားလုံးအတွင်းမှာ ငြိမ်သက်တိတ်ဆိတ်ခြင်းများဖြင့် လိုက်ပါလာခဲ့သည်။

ထိုသူက စိုင်းမဟာလွယ်လျှ၏ သစ္စာရှိလူယုံတော်ဖြစ်သော စိုင်းနောင်ဖတည်း။ သွားလေသူသခင်နှင့် သခင်မတို့ နောက်ဆုံးစိတ်ဆန္ဒကို ဖြည့်ဆည်းပေးရန် သစ္စာကိုစောင့်သိသော လူယုံပီသစွာ သူ့အား ယုံကြည်စွာအပ်နှင်းခဲ့သော တာဝန်နှင့်ဝတ္တရားကို

www.burmeseclassic.com



ကျေပြွန်စွာ ထမ်းဆောင်ရန် မြင်းရထားပေါ် ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

ဆိတ်ငြိမ်လွန်းသော ပတ်ဝန်းကျင်မှာ လမ်းနှင့်ဘရိတ်မိသော မြင်းခွာသံတစ်ခုထဲသာ စည်းချက်မှန်မှန်ထွက်ပေါ်လျက် တိတ်ဆိတ်မှုကို ဖြိုခွင်းလျက်ရှိသည်။

သူသည် သူ၏ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသော သားငယ်၏ နုငယ်သန့်စင်စွာ အပြစ်ဆို မြူတစ်မှုံစာမျှပင် ရှာဖွေမတွေ့နိုင်သော ချောမောလှပ၍ ချစ်မြတ်နိုးဖွယ်ရာအတိဖြစ်သော သားငယ်၏ မျက်နှာလေးကို သနားကြင်နာစွာ ငုံ့ကြည့်လိုက်သည်။

ထိုခဏမှာပင် သူ့ရင်အစုံမှာ ရှိုက်ငင်ကြေကွဲလျက် စိုင်းနောင်ဖနုလုံးသားမှာ နာကျင်သွားသည်။သူ၏ ရှေ့မျက်နှာချင်းဆိုင်ခုံတွင်ရှိသော ဝဏ္ဏ၏ရင်ခွင်ထဲတွင်ကား သမီးကြီးနှင့် ဒုတိယသမီးတို့ နွေးထွေးနှစ်ခြိုက်စွာ အိပ်ပျော်လျက် လိုက်ပါလာကြသည်။

သူ အသက်တမျှ ချစ်ခင်မြတ်နိုးရသော ဤရင်သွေးလေးများကို သိပ်မကြာခင်မှာပင် သူ့ရင်ခွင်ထဲက ထုတ်ဖယ်ပစ်ရပေတော့မည်ဟု တွေးလိုက်တိုင်း စိုင်းနောင်ဖ နှလုံးသားကို တူအကြီးကြီးဖြင့် ထုခွဲနေသကဲ့ရှိ၏။

စိုင်းနောင်ဖ၏မျက်နှာသည် ယောက်ျားကြီးတန်မဲ့ ငိုတော့မည့်မိုးကဲ့သို့ ညိုမှိုင်းသွားရလျက် သက်ပြင်းရှည်ကြီးတစ်ခုကို ကျယ်လောင်စွာ ချလိုက်မိသည်။





ဤကဲ့သို့ လေးပင်ကျယ်လောင်သော သက်ပြင်းမောကြီးများကို ချနေမိသည်က ဤတစ်ကြိမ်တည်းမဟုတ်ခဲ့ပါ။ စိုင်းမဟာပွယ်ယျတို့ ဖနီးမောင်နှံမရှိတော့သည့်နောက်ပိုင်း သူ့အား တာဝန်လေးအပ်ခဲ့သည့် အချိန်ထဲက ဖြစ်ပါသည်။

သိပ်မကြာခင်မှာပင် သူထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအားလုံး ပြီးဆုံးပေတော့မည်။ ထိုတာဝန်တို့ ကျေပြွန်စွာ ထမ်းဆောင်နိုင်ရန်အလို့ငှာ သူပဂိုဖနီးမောင်နှံမှာ နှမြောဖွယ်ကောင်းလှသော ရင်သွေးလေးများနှင့်အတူ ကြမ်းတမ်းရှည်လျား ခရီးရှည်ကြီးကို သဟိဇိရိယကြီးစွာဖြင့် ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသည်။

စိုင်းနောင်ဖနှင့် နန်းလောစ်ပန်တို့ ဖနီးမောင်နှံမှာ သားသမီး မပွန်းကားခဲ့ကြပါ။ သားသမီးရှား ရှားနေကြသူများဖြစ်သည့်အတိုင်း ဤရင်သွေးရတနာလေးများကို မိမိတို့ရင်မှဖြစ်သော သားသမီးလေးများပမာ မြတ်နိုးတွယ်တာခဲ့ကြသည်။

အခုတော့ ထိုသားသမီးများကို သက်ဆိုင်သူလက်ထဲသို့ ယာယီ အပြီးအပိုင် လွှဲပြောင်းပေးအပ်ရပေတော့မည်။ သခင်ကြီးတို့ဖနီးမောင်နှံ မရှိတော့သည့်နောက်ပိုင်း တခြားသော နောက်လိုက်ပါပည့်များက ကိုယ့်မိသားစုနှင့်ကိုယ် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့ထွက်ခွာသွားကြသည်။

စိုင်းနောင်ဖပဂိုဖနီးမောင်နှံသာလျှင် ပခုံးပြောင်းပေးအပ်သော တာဝန်ဝတ္တရားအတိုင်း ကျန်ရစ်ခဲ့ကြသည်။ လောကကြီးကို မျက်ကွယ်ပြုသွားကြပြီဖြစ်သော မိမိ၏ အရှင်သခင်များကား

www.burmeseclassic.com



ကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်သော်မှ စိုင်းနောင်ဖ တို့ဖနီးမောင်နှံကို ပြစ်တင်ဝေဖန်မည့်သူ မရှိနိုင်သော အချိန်ကာလ ပင်ဖြစ်သော်လည်း သစ္စာရှိလှယ့်ပီသစွာ ကျန်ရစ်ခဲ့သော အဖိုး မဖြတ်နိုင်သည့် ရတနာပစ္စည်းများနှင့်အတူ သားငယ်၊ သမီးငယ် လေးများကို စပ်မဟာလွှယ်ယျ၏ နောက်ဆုံးဆန္ဒအတိုင်း မဟာဒေဝီ ထံ အရောက်ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

ဖနီးဖြစ်သူ နန်းမေဟာင်ပ်ယ်ပန်မျာ မိမင်ဟာမ်မေယာဟ်၏ ခံစားချက်ဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲကျသည့်အထိ စိတ်ထိခိုက် ကြေကွဲရပုံကို မြင်တွေ့ရ၍ စိုင်းနောင်ဖမှာ ရင်နာရသော်လည်း သနားကြင်နာရသည်ကလွဲ၍ တခြားမတတ်နိုင်ခဲ့ပါ။

ဖနီးသည်၏ အလိုကိုလိုက်၍ မဖြစ်။

အချိန်ကြာမြင့်လေ သံယောဇဉ်ကြီးတို့ ပိုတိုး၍ ခိုင်မာ ရလေ ဖြစ်တော့မည့်အတူ ဆုံးဖြတ်ချက်အတိုင်း သူလုပ်ဆောင်ခဲ့ သည်။

သားငယ်ကို နန်းလောစ်ပန်ရင်ခွင်ထဲက ဆွဲယူလိုက်ချိန် မှာ မျက်ရည်လည်ရွဲဖြင့် နေရာမှာ ပျော့ခွေမေ့မျောသွားသော ဖနီး သည်ကို အံကြိတ်ပြီး တစ်ချက်မျှ ရီဝေစွာ ရှုးစိုက်ကြည့်လိုက်ပြီး နေရာမှ ချာခနဲလှည့်ထွက်ခဲ့သည်။

သူ့ကိုခွင့်လွှတ်ပါဟု ဖနီးသည်ကို မပြောရက်သလို သူ့နှလုံးသားသည်လည်း မွမွကြေကွဲလျက်ရှိသည်။ မ်ဟာဆီမဟာ သွေးဆိုတာ သီဂီရွှေခွက်နှင့်သာ ထိုက်တန်သည်မဟုတ်ပါလား။





မြင်းရထားက အရှိန်ဖြင့် မောင်းနှင်နေရာမှ တဖြည်း ဖြည်း အရှိန်လျော့သွားသည်။ ထို့နောက် ကြေးဝါရောင် ပွတ်လုံး တိုင်များနှင့် ခမ်းနားထည်ဝါစွာ ဆောက်လုပ်ထားသည့် နှစ်ထပ် တိုက်ဝါဝါ ထုထုမြင့်မြင့်ကြီးရှေ့မှာ ရပ်တန့်သွားသည်။

ထုထည်သိပ်သည်းသော မြူနှင်းထုများကြား ထီးထီး မားမား ငြိမ်သက်ခန့်ညားစွာရှိနေသော နှစ်ထပ်တိုက်ဝါဝါကြီးကို စိုင်းနောင်ဖ တွေတွေငေးငေးကြီး ရှုးစိုက်ကြည့်နေမိသည်။

မိမိ၏ခရီးဆုံးသို့ ရောက်လာခဲ့ပေပြီ။

သူ ဘာကိုတွေဝေနေရမည်နည်း။

နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့လိုက်သည်။ ခိုင်မာ ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် မြင်းရထားမောင်းသူကို တည်ငြိမ် စွာ အမိန့်ပေးလိုက်သည်။

"အဲဒီတံခါးအတိုင်း အထဲကိုမောင်းဝင်လိုက် အိုက်စံ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သူ့စကားအဆုံးမှာ မြင်းရထားက သိမ့်ခနဲတုန်ခါသွားပြီး အသင့်ပွင့်နေသော တံခါးကြီးများကို ကျော်ဖြတ်၍ မြင်းခွာသံ တခွပ်ခွပ်နှင့် အထဲကို မောင်းဝင်သွားသည်။

အတန်ကြာကြာ မောင်းနှင်မိပြီးနောက် စိုင်းနောင်ဖ စီးလာ သည့် ရထားလုံးက ကြီးမားခမ်းနားသော တိုက်ဝါဝါကြီးရှေ့တည့် တည့်မှာ ညင်သာစွာ တုန့်နှေးရပ်တန့်သွားသည်။

စိုင်းနောင်ဖ၏ မြင်းရထား ရပ်တန့်သွားသည်နှင့် တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက်ထဲမှာပင် တိတ်ဆိတ်ငြိမ်သက်နေသော တိုက်ဝါဝါကြီးထဲမှ ညင်သာသိမ်မွေ့သော လှုပ်ရှားမှုနှင့်အတူ ချောမောလှပသော အသက်နှစ်ဆယ်အရွယ် မိန်းမလှလေးတစ်ယောက် စိုင်းနော်ဖ၏ မြင်းရထားနားကို ရောက်ရှိကြိုဆိုလာ၏။

"အိမ်ထဲမှာ သခင်မကြီး စောင့်နေပါတယ်၊ အထဲကို ကြွပါရှင်"

"ကောင်းပါပြီ"

"ကလေးတွေကို ကျွန်မတို့ပဲ ခေါ်သွားပါ့မယ်"

"မသိဂ"

"လာပါပြီ နန်းကေသီ"

အလွန်ကိုးတိတ်ညင်သာသလောက် သာယာနာပျော်ဖွယ် ကောင်းသော အသံနှင့်အတူ လေကဲ့သို့ လျင်မြန်သော နူးညံ့သိမ်မွေ့မှုများဖြင့် စိုင်းနော်ဖလက်ထဲရှိ သမီးလေးနှစ်ယောက်ကို လှပသော ပါးအိုနီနီနှင့် အပျိုတော်လေးနှစ်ယောက်က သွဲ့ပြောင်းယူသွားကြပြီးနောက် စိုင်းနော်ဖ၏ရှေ့မှာ အတွင်းသို့ ဦးဆောင်ဝင်ရောက် ပျောက်ကွယ်သွားနှင့်ကြပါသည်။

မိုင်ပေါင်းများစွာ ရှည်လျားသော လမ်းခရီး၏ အဆုံးသက်ကို ရောက်ကာမှ စိတ်နှလုံးတို့ ရွှင်လန်းပေါ့ပါးသွားခြင်း လုံးဝမရှိဘဲ အသက်ရှူမဝနိုင်အောင် မွန်းကျပ်ပိတ်လှောင်လေးပင်သွားရသည့် အဖြစ်ကို သူကိုယ်တိုင်လည်း နားမလည်နိုင်ပါ။

သို့ပါသော်လည်း သူသည် သခင်၏ကျေးဇူးကို သိတတ်





သော သစ္စာရှိလူယုံပီသစွာ တာဝန်နှင့်ဝတ္တရားကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

တိုက်ဝါဝါကြီးထဲကို စိုင်းနော်ဖ လှမ်းဝင်လိုက်သည်နှင့် အိမ်အပြင်ဘက်က ရာသီဥတုနှင့် ဆန့်ကျင်ဘက် နွေးထွေးမှုကို အင်နှင့်အားနှင့် ခံစားလိုက်ရသည်။

မထိရက် မနင်းရက်စရာကောင်းလှသော မွေးပွကော်ဇော ထူထူကြီးများ ခင်းလုံးပြည့်ခင်းထားပြီး ကော်ဇောများ၏အဆုံးမှာ ကြီးမားသော မီးလင်းဖိုကြီးက ဧည့်ခန်းဆောင်တစ်ခုလုံးအတွက် လုံလောက်သော အနွေးဓာတ်ကို ဖြန့်ဝေပေးလျက်ရှိသည်။

အခန်း၏နံရံတစ်ဖက်မှာတော့ နီညိုရင့်ရောင် ကတ္တီပါခုံမြင့်ကြီးများကို ပန်းကနုတ်များဖြင့် လှပခမ်းနားစွာ တွေ့ရသည်။ နောက်မှီမြင့်မြင့် ကတ္တီပါခုံတစ်ခုမှာတော့ အသက်လေးဆယ်ကျော် အရွယ် ခန့်ညားကျက်သရေရှိလှသည့် အမျိုးသမီးတစ်ဦးက အဖြူရောင် သားမွေးအင်္ကျီရှည်ကြီးကို တစ်ကိုယ်လုံး ဖုံးလွှမ်းလုမတတ် ဝတ်ဆင်ထားပြီး အရောင်တဖျပ်ဖျပ်တောက်ပလျက်ရှိသော မျက်လုံးအစုံဖြင့် သားငယ်ကို ရင်ခွင်မှာ ပိုက်ထွေးလျက် ဝင်ရောက်လာသော စိုင်းနော်ဖအား တည်ငြိမ်လေးနက်သော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်လျက်ရှိသည်။

ထိုသူကား ...တခြားသူမဟုတ်။

မဟာဒေဝီဆိုသူသာ ဖြစ်တော့သည်။

ကျယ်ပြန့်သော မဟာနဖူးနှင့် ပန်းနုရောင်ကြွရွကာ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်လွှမ်းနေသည့် အသားအရေ၊ စိမ်းမှောင်သော ဇင်ရော်တောင် မျက်ခုံးများအောက်မှာ စူးရှတောက်ပသော မျက်လုံးအစုံက အရောင် တဖျပ်ဖျပ်လက်နေ၏။

ထိုမျက်လုံးများနှင့်သာ လူတစ်ယောက်ကို ခပ်ကြာကြာ စူးစိုက်အကြည့်ခံရမည်ဆိုပါက သူ့အလိုလိုပင် ကိုယ့်ကိုယ်ကို သိမ်ငယ်သေးနုတ်သွားသလို ခံစားသွားရအောင် ထိုမျက်လုံးများက စွမ်းဆောင်နိုင်လေသည်။

ဖြောင့်စင်းသော နှာတံအောက်မှာ နီမြန်းသောနှုတ်ခမ်းနှစ်လွှာက တင်းတင်းစေ့နေ၏။ ဆံပင်အားလုံးကို အပြောင်သိမ်းထားပြီး ထိပ်တည့်တည့်မှာ ဆံထုံးထုံးထားလျက် ထိုဆံထုံး၏ အလယ်တည့်တည့်တွင် ရွှေဘီးတစ်ချောင်းနှင့် စိန်ဆံထိုးခပ်ကြီးကြီးက မဟာဒေဝီ၏ မျက်လုံးများနှင့်အပြိုင် အရောင်တဖျပ်ဖျပ်တောက်ပနေ၏။

"နောင်ဖ ရောက်လာပါပြီ သခင်မကြီး"

"ကလေးတစ်ဖက်နဲ့ သက်သာသလိုဘာထိုင်ပါ စိုင်းနောင်ဖ"

"ကျေးဇူးတင်ပါတယ် သခင်မကြီး"

မဟာဒေဝီနှင့် ခပ်လှမ်းလှမ်းရှိ ခုံတစ်လုံးမှာ ဝင်မထိုင်ခင် ခါးကိုညွတ်လျက် ခေါင်းကိုငုံ့ကာ အရိုအသေပြုလိုက်ပါသည်။ မဟာဒေဝီက ဘာတစ်ခုမှ ပြန်မပြောဘဲ ညင်သာစွာ ခေါင်းညိတ်သည်ဆိုရုံလေး ညိတ်ပြလိုက်ခြင်းဖြင့် အသိအမှတ်ပြုပါသည်။





ခုံမှာ ထိုင်လိုက်မှပင် သင်းပျံ့သော မွှေးရနံ့တစ်မျိုးကို သူ သတိထားလိုက်မိသည်။

မီးလင်းဖိုအတွက် အသုံးပြုနေသည့်အရာများက သာမန်ထင်းတုံးများမဟုတ်ဘဲ နံ့သာတုံးများဖြစ်ကြောင်း သူသဘောပေါက်လိုက်သည်။

"သားငယ်ကို ... နန်းကေသီလက်ထဲ ပေးလိုက်မလား စိုင်းနောင်ဖ"

တိုးတိတ်ညင်သာလှသော မဟာဒေဝီ စကားသံက စိုင်းနောင်ဖကိုယ်ကြီးကို ဆတ်ခနဲ တွန့်သွားစေပါသည်။

"နောင်ဖ ... မပြန်ခင်အချိန်အထိ သားငယ်ကို နောင်ဖချီထားခွင့်ပြုပေးပါ သခင်မကြီး"

"ကောင်းပြီ"

မဟာဒေဝီ၏ မျက်ဝန်းအစုံမှာ ထူးခြားမှုတစ်မျိုးဖြင့် အရောင်လက်သွားသည်။ ဧည့်ခန်းမဆောင်ထဲမှာ စိုင်းနောင်ဖနှင့် မဟာဒေဝီတို့ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ခြင်းကြောင့် မီးလင်းဖိုရှိ နံ့သာတုံးကို မီးစွဲလောင်သံ တဖျပ်ဖျပ်မှတစ်ပါး ထူးခြားစွာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ခဏကြာမှ မဟာဒေဝီ၏ သက်ပြင်းချသံတိုးဖွဖွလေး ထွက်လာ၍ မဟာဒေဝီ၏ ရုပ်သွင်က ချောမောလှပခြင်းနှင့်အတူ တည်ငြိမ်ခန့်ညားလျက် အသရေတစ်မျိုးဆောင်ကာ ဩဇာအာဏာအပြည့်အဝပါဝင်သော တော်ဝင်သည့် ဟန်ပန်အမူအရာအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူဖြစ်လေသည်။

"သမီးငယ်သားငယ်လေးအတွက် မဟာဒေဝီမှာ အလွန် စိတ်ထိခိုက်ရသလို သွားလေသူတွေအတွက်လည်း ဖြေမဆည်နိုင် ဖြစ်ရပါတယ် စိုင်းနောင်ဖ"

"သို့သော်လည်း သူတို့မှာက ဘုရားသခင်ရဲ့ အစီအမံ အတိုင်းပဲ ဖြစ်လာရပြီမို့ ကံ …ကံ၏အကျိုးလို့သာ ဆိုရပါမယ်၊ ကံတရားကို ဘယ်သူမှ ဖန်တီးပြုပြင်ခွင့်မရှိပါဘူးလေ၊ တွေ့ဆုံခြင်း၊ ခွဲခွာရခြင်းတိုင်းမှာလည်း ကံကြမ္မာရဲ့ အစီအမံတွေပါပဲ"

"အင်း …ဟင်း …ဟင်း"

"အို …ကျွတ် …ကျွတ်"

မဟာဒေဝီ၏ စကားမဆုံးသေး။

စိုင်းနောင်ဖ၏ ရင်ခွင်ထဲမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသည့် **သားငယ်ထံမှ** ညည်းညူသံနှင့်အတူ လှုပ်ရှားလူးလွန့်လိုက်ခြင်း ကြောင့် စိုင်းနောင်ဖမှာ သားငယ်ကို နှုတ်ခမ်းမှ အသံတိုးတိုးပြု လျက် ပြန်လည်ချော့သိပ်လိုက်ရာ သားငယ်မှာ ပြန်လည်ငြိမ်သက် လျက် အိပ်ပျော်သွားပြန်ပါသည်။

မဟာဒေဝီက သားငယ်နှင့် စိုင်းနောင်ဖတို့၏ ချစ်ခြင်း မေတ္တာအတိမ်အနက်ကို အရောင်တဖျပ်ဖျပ်လက်လျက်ရှိသော မျက်ဝန်းအစုံဖြင့် စူးစိုက်အကဲခတ်ကြည့်ရှုလျက်ရှိနေပါသည်။

စိုင်းနောင်ဖ၏ တည်ကြည်ခန့်ညားမှု။

ရိုးသားမှု၊ သစ္စာစောင့်သိမှုနှင့် မေတ္တာတရားကြီးမားမှု





အပေါင်းကို မဟာဒေဝီကိုယ်တိုင် သူမအဆက်အသွယ်များဖြင့် တိကျသေချာစွာ စုံစမ်းခဲ့ပြီးပြီဖြစ်ကြောင်း သူမမျက်စိရှေ့မှောက်တွင် ရောက်ရှိနေသော စိုင်းနောင်ဖကိုယ်တိုင် သိနိုင်မည်မဟုတ်ချေ။

ကျေးဇူးတရားကို စောင့်သိ၍ သစ္စာရှိလှသော စိုင်းနောင်ဖ ကို မဟာဒေဝီကိုယ်တော်တိုင် ယုံကြည်စိတ်ချထားနှင့်ခဲ့ပြီ ဖြစ်သည်။

"အင်း …စဝ်မဟာလွယ်ယုမှာ ဒီလိုမျိုး သစ္စာရှိတဲ့ လူယုံတော်တစ်ယောက်ရှိနေတာဟာ သူတို့ဇနီးမောင်နှံအတွက် ဘုရားသခင်က ဖန်ဆင်းပေးခဲ့တဲ့ လက်ဆောင်လို့ ဆိုရလိမ့်မယ်"

မဟာဒေဝီထံမှ တိုးတိတ်ညင်သာသော မှတ်ချက်ချသံ ဖြင့် သူမဘာသာ ရေရွတ်လိုက်ပြီးနောက် စိုင်းနောင်ဖ၏ တည် ကြည်ခန့်ညားသော မျက်နှာကို ကျေနပ်အားရသော မျက်လုံးများ ဖြင့် ကြည့်နေပါသည်။

စိုင်းနောင်ဖမှာမူ မဟာဒေဝီအား မည်သည့်စကားမှ တုံ့ပြန်ဆိုစရာမရှိသည့်အတိုင်း နှုတ်ဆိတ်ငြိမ်သက်စွာ မဟာဒေဝီ ပြောသမျှကိုသာ ဆိတ်ဆိတ်နားထောင်နေလိုက်သည်။

စဝ်မဟာလွယ်ယုတို့ ဇနီးမောင်နှံအကြောင်းကို မဟာဒေဝီ အား အစမှအဆုံးဖြစ်ကြောင်းကုန်စင် ရှင်းလင်းပြောကြားထားနှင့် ပြီးဖြစ်သဖြင့် သူမှာ ထူးထူးထွေထွေ ပြောစရာစကားလည်း မရှိတော့ ချေ။

မဟာဒေဝီနှင့် စိုင်းနောင်ဖက အခုအကြိမ်မှာ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်မြောက် တွေ့ဆုံကြခြင်းဖြစ်သည်။

သူသည် ကတ္တီပါနီညိုရောင်အိတ်တစ်ခုကို ရင်ခွင်ထဲမှ ဆွဲယူလိုက်ပြီးနောက် ရတနာသေတ္တာလေးကို ထုတ်ယူလိုက်သည်။ ထို့နောက် မဟာဒေဝီရှေ့ရှိ စားပွဲပေါ်သို့ ညင်သာစွာ လှမ်းလိုက်သည်။

"ဒါ ...သခင်ကြီးကိုယ်တိုင် ပေးအပ်ခဲ့တဲ့ ရတနာသေတ္တာပါ သခင်မကြီး၊ စစ်ဆေးကြည့်စေချင်ပါတယ်"

"မဟာဒေဝီအတွက် သံသယပွားစရာမလိုပါဘူး စိုင်းနောင်ဖ၊ စဝ်မဟာလွယ်ယျရဲ့ လူယုံတော်ဟာလည်း မဟာဒေဝီအတွက် သစ္စာရှိလူယုံတစ်ယောက်ပါပဲ"

မဟာဒေဝီစကားကြောင့် စိုင်းနောင်ဖတစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲထသွားသည့်အထိ အံ့သြဝမ်းသာသွားသည်။

မဟာဒေဝီဆိုတာ အင်မတန်မာန်မာနကြီးပြီး ရာဇမာန်ပြင်းထန်သလို လူတစ်ယောက်ကို တော်ရုံနှင့် အလွယ်တကူ အသိအမှတ်ပြု ယုံကြည်တတ်သူမျိုး မဟုတ်ကြောင်း မဟာဒေဝီနှင့် ဆက်ဆံဖူးသူတိုင်း သိကြသည်။

တိကျပြတ်သားသော မဟာဒေဝီကိုယ်တိုင်က ယုံကြည်စွာ လက်ခံပေးခြင်း ခံရသူသည်လည်း မရှိသလောက် ရှားပါးလှရာ စိုင်းနောင်ဖအတွက် မဟာဒေဝီ၏ ယုံကြည်မှုမှာ ကြီးမြတ်သော ဆုလာဘ်တစ်ခုဆိုလျှင်လည်း မမှားချေ။

"နောင်ဖက ကျေးဇူးတင်ပါကြောင်း ပြောခွင့်ပြုပါ သခင်





မကြီး"

"မလိုပါဘူး စိုင်းနောင်ဖ၊ မဟာဒေဝီ လူကဲခတ်ရင် ဘယ်တုန်းကမှ လွဲသွားတယ်ဆိုတာ မရှိပါဘူး၊ နန်းလော့ဝ်ပန်ရော ဘာဖြစ်လို့ အတူလိုက်မလာတာလဲ"

"ဟို ...သူ ...နေမကောင်းဖြစ်နေလို့ပါ သခင်မကြီး"

မျက်စိမျက်နှာပျက်မသွားအောင် စိုင်းနောင်ဖ လျင်မြန်စွာ ထိန်းချုပ်လိုက်ပါသော်လည်း ဇနီးသည်အတွက် စိတ်မှာထိခိုက်ရခြင်းကိုဖြင့် မဖုံးကွယ်နိုင်ခဲ့ပါကြောင်း မဟာဒေဝီ အကဲခတ်နိုင်ခဲ့ပါသည်။

"စိုင်းနောင်ဖတို့ဇနီးမောင်နှံမှာ သားသမီး လုံးဝမထွန်းကားခဲ့ဘူးနော်"

"ဟုတ်ပါတယ် သခင်မကြီး"

"နန်းလော့ဝ်ပန်ရဲ့ ရင်ထဲမှာ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာရှိနေသလို စိုင်းနောင်ဖကိုယ်တိုင်လည်း သားငယ် သမီးငယ်လေးတွေအပေါ်မှာ မိမိရင်မှဖြစ်သော သားသမီးလေးများပမာ ရှိနေလိမ့်မယ်လို့ မဟာဒေဝီ နားလည်ပါတယ်"

ထစ်ငေါ့တုန်ရီသွားသည့် စိုင်းနောင်ဖ၏ အသံနှင့် ပြောင်းလွဲသွားသည့် မျက်နှာအမူအရာကိုကြည့်ပြီး မဟာဒေဝီသည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေပုံမျိုးဖြင့် အတန်ကြာ ငြိမ်သက်ဆိတ်သွားပြီးမှ သူမပြောလိုသော စကားစုကို တိုးတိတ်ညင်သာစွာ ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စဝ်မဟာလွယ်ယျရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ သားနဲ့သမီးလေးတွေကို မဟာဒေဝီကိုယ်တိုင် လူလားမြောက်အရွယ်ရောက်တဲ့အထိ ကျွေးမွေးပြုစုစောင့်ရှောက်သွားမှာပါ၊ ဒီတော့ မဟာဒေဝီအနေနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်၊ မဟာဒေဝီရဲ့ ဆုံးဖြတ်ချက်ကို စိုင်းနောင်ဖတို့ ဇနီးမောင်နှံအနေနဲ့ ကျေနပ်ဝမ်းသာစွာ လက်ခံကြလိမ့်မယ်လို့လည်း ယုံကြည်တယ်"

တည်ငြိမ်လေးနက်စွာ ဆိုလိုက်သည့် မဟာဒေဝီစကားကြောင့် စိုင်းနောင်ဖ စိတ်ပါဝင်စားစွာ နားစွင့်ငြိမ်သက်နေမိသည်။ နူးညံ့ညင်သာသိမ်မွေ့သလောက် တိကျပြတ်သားသည့် မဟာဒေဝီ၏ စကားသံများက တိုးတိတ်ညင်သာစွာ ဧည့်ခန်းဆောင်ထဲမှာ ဆက်လက်၍ တီးတိုးထွက်ပေါ်လာပြန်ပါသည်။

"သားတော်လေးကိုတော့ စိုင်းနောင်ဖတို့ဇနီးမောင်နှံအတွက် သားအဖြစ်မွေးစားဖို့ မဟာဒေဝီကိုယ်တိုင် ပေးအပ်ပါတယ်"

"ဟာ"

မဟာဒေဝီ၏ နူးညံ့သိမ်မွေ့သော စကားသံက စိုင်းနောင်ဖနားထဲမှာ အင်အားပြင်းထန်သော ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။

ကြားလိုက်ရသည့်စကားကို ကိုယ့်ဘာသာကိုယ်ပင် မယုံကြည်နိုင်သဖြင့် မဟာဒေဝီမျက်နှာကို အံ့သြမင်သက်စွာ မော့ကြည့်လိုက်မိသည်။





"သိပ်အံ့သြနေသလား စိုင်းနောင်ဖ၊ မဟာဒေဝီအနေနဲ့ စိုင်းနောင်ဖတို့ဇနီးမောင်နှံရဲ့ မိဘမေတ္တာကို စာနာတဲ့သဘောနဲ့ သားတော်ရဲ့နောင်ရေးကိုလည်း ယုံကြည်စိတ်ချတဲ့အတွက် အပြီးအပိုင် ပေးအပ်ခဲ့ခြင်းဖြစ်တယ်ဆိုတာ မမေ့ပါနဲ့"

"ဒါဟာ ...လေးနက်တည်ကြည်တဲ့ သစ္စာတရားရဲ့ အကျိုးကျေးဇူးအတွက် မဟာဒေဝီရဲ့ ချီးမြှောက်ခြင်းလည်းဖြစ်တယ် စိုင်းနောင်ဖ"

"ကျေးဇူးကြီးလှပါတယ် သခင်မကြီး၊ နောင်ဖတို့အတွက် ဒီလိုအခြေအနေမျိုးဆိုတာ စိတ်ကူးပင် မယဉ်ဝံ့စရာအနေအထားမို့လို့ ကိုယ့်ကိုယ်ကို အိပ်မက်မက်နေတာလားလို့တောင် ထင်နေမိပါတယ်"

လှိုက်လှဲတုန်ရီသော ကျေးဇူးတင်ဝမ်းမြောက်စကားကို မဟာဒေဝီက ဦးခေါင်းကို ဆတ်ပြသည်ဆိုရုံလေး ညိတ်ခနဲလှုပ်ကာ အသိအမှတ်ပြုပေးပါသည်။

စိုင်းနောင်ဖသည် မိမိရင်ခွင်ထဲက သားကို တင်းကျပ်စွာ ပွေ့ဖက်ထားရင်း စိတ်တွေလှုပ်ရှားနေ၏။ သမီးလေးများကို မဟာဒေဝီထံမှာ ထားခဲ့ရပေမယ့် သားငယ်ကို မိမိတို့ရင်သွေးအဖြစ် ပိုင်ဆိုင်ခွင့်ရရှိလိုက်ခြင်းက အင်မတန်မှ ကြီးကျယ်လေးမြတ်လှသော ဆုလာဘ်ရတနာဖြစ်ခြင်းကြောင့် ရင်တသိမ့်သိမ့် ဝမ်းသာပီတိဖြစ်လျက် အံ့သြမယုံနိုင်ဘဲ ရှိ၏။

သမီးလေးနှစ်ယောက်ကို နန်းကေသီနှင့် မသီဂီတို့မှ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဆောင်ထဲကို ခေါ်သွားနှင့်ပြီဖြစ်ရာ မောင်ဘယ်သောအခါ ပြန်မဆုံနိုင်သော ခွဲခွာခြင်းမျိုးဟုဆိုလျှင်လည်း မမှားချေ။

"သေတ္တာထဲက ရတနာတွေကို သုံးပုံခွဲလိုက် စိုင်းနောင်ဖ"

မဟာဒေဝီ၏စကားကြောင့် စိုင်းနောင်ဖကိုယ်ကြီး ဆတ်ခနဲ တုန်သွားသည်။သို့ပါသော်လည်း မဟာဒေဝီ၏ အမိန့်အတိုင်း သေတ္တာထဲက ရတနာများကို ထုတ်ယူကာ သုံးပုံအညီအမျှဖြစ်အောင် သူကိုယ်တိုင် ခွဲဝေလိုက်သည်။

"အဲဒီအထဲက …စိုင်းနောင်ဖ ကြိုက်ရာတစ်ပုံကို သားငယ်အတွက်ယူပါ"

သူဘာမှမငြင်းဆန်ဘဲ လက်နှင့်နီးရာတစ်ပုံကို ကောက်ယူကာ ကတ္တီပါအိတ်ရှိ အတွင်းသို့ တုန်ရီသောလက်များဖြင့် ထည့်လိုက်သည်။

တကယ်ဆို အခုရရှိသည့် ရတနာများထက် သားငယ်ကို ပိုင်ဆိုင်ခွင့်ရခြင်းက ပို၍အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးမို့ အထွဋ်အမြတ်ဖြစ်သော သားကိုသာ မြတ်နိုးစွာ ထွေးပိုက်ထားချင်နေမိသည်။

"နောက်ထပ် ရတနာတစ်ပုံကို တစ်ဝက်စီခွဲလိုက်ပါဦး စိုင်းနောင်ဖ"

မဟာဒေဝီ၏ အမိန့်အတိုင်း ဒုတိယရတနာပုံကို ခွဲယူကာ တစ်ဝက်စီ အညီအမျှ ခွဲဝေလိုက်ရပြန်သည်။





"စဝ်မဟာလွှယ်ယျူရဲ့ သစ္စာရှိလှယုံတော် စိုင်းနောင်ဖအတွက် ကြိုက်တဲ့တစ်ပုံကိုယူပါ"

စိုင်းနောင်ဖ အံ့ဩမင်သက်စွာ မဟာဒေဝီ၏ တည်ငြိမ်ခန့်ညားလှသော မျက်နှာကို ယောင်ရမ်းမော့ကြည့်လိုက်မိသည်။

မဟာဒေဝီက သူမဦးခေါင်းကို လှုပ်သွားသည်ဆိုရုံလေး ညိတ်ပြလိုက်ပြီး …

"ရဲရဲဝံ့ဝံ့သာယူပါ စိုင်းနောင်ဖ၊ ဒါဟာ သခင်မျက်ကွယ်လိုနေရာမျိုးမှတောင် သစ္စာစောင့်သိတဲ့ လူယုံတစ်ယောက်အတွက် မဟာဒေဝီက ချီးမြှင့်တဲ့ဆုပါ"

ရတနာတစ်ပုံကို စိုင်းနောင်ဖကတ္တီပါအိတ်ထဲသို့ ထည့်လိုက်ရပေမယ့် ရင်ထဲမှာတော့ မဟာဒေဝီ စကားသံက ပဲ့တင်ထပ်နေပါသည်။

"ဒီတော့ သားအပေါ်မှာ မိရင်းဖရင်းလို ငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ စိုင်းနောင်ဖတို့ ဇနီးမောင်နှံကို အခုလိုမွေးစားဖို့ ပေးအပ်လိုက်တဲ့အခါမှာ သားဟာ သူ့ဘဝရဲ့ အဖြစ်မှန်အတိုင်းပဲသိပါစေ၊ ဘာတစ်ခုမှ ဖုံးကွယ်မထားပါနဲ့"

"တစ်နေ့တစ်ချိန်မှာ သူတို့မောင်နှမတစ်တွေ ပြန်ဆုံကြပါစေ၊ ပြီးတော့ သားဟာ သူ့အမျိုးအနွယ် အစစ်အမှန်ကို သိနေပါစေ"

"သခင်မကြီး အမိန့်အတိုင်း ဖြစ်ရပါစေမယ်လို့ နောင်ဖ သစ္စာပြုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ …စိုင်းနောင်ဖကို မဟာဒေဝီ အကြွင်းမဲ့ယုံကြည်တယ်၊ သားအပေါ်မှာလည်း မိမိရင်မှဖြစ်သော ရင်သွေးတစ်ဦးလို ပြုစုစောင့်ရှောက်ပါ၊ ယောဒီမှာ မဟာဒေဝီရဲ့ နန်းစဉ်လက်စွပ်၊ ဒါကို ဘာအတွက်နဲ့မှ မပျောက်ပျက်ပါစေနဲ့၊ တစ်နေ့မှာ ဒီပတ္တမြားလက်စွပ်ဟာ သားတော်ရဲ့ မျိုးရိုးဇာတိကို သိစေသလို သူတို့မောင်နှမချင်း ပြန်ဆုံစည်းဖို့ အမှတ်အသားလည်းဖြစ်တယ်၊ သိမ်းလိုက်ပါ"

စားပွဲပေါ်သို့ ညင်သာစွာ လှမ်းတင်ပေးလိုက်သည့် သွေးရောင်လွှမ်းနေသည့် ပတ္တမြားလက်စွပ်ကို စိုင်းနောင်ဖ ကောက်ယူသိမ်းဆည်းလိုက်သည်။

"မကြာခင်မှာပဲ …မဟာဒေဝီလည်း ခရီးထွက်ရတော့မှာမို့ တစ်ခါတည်း နှုတ်ဆက်လိုက်ပါတယ်၊ သွားပေဦးတော့ စိုင်းနောင်ဖ၊ သွားပေဦးတော့"

စိုင်းနောင်ဖသည် ရင်ခွင်ထဲမှ အခုချိန်ထိ နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲဖြစ်သော သားငယ်ကို ရင်မှာတင်းကျပ်စွာ ပွေ့ဖက်ထားလျက် ယောနန်းရှင်သခင်မကို အလေးအမြတ် အရိုအသေပြုနှုတ်ဆက်ကာ တိုက်ဝါဝါကြီးတွင်းမှ လျင်မြန်စွာ ထွက်ခဲ့သည်။

လှည်းသမား ဝဏ္ဏကိုယ်တိုင် ဖွင့်ပေးထားသည့် ရထားလုံးတံခါးအတိုင်း မြင်းရထားပေါ် တက်လိုက်သည်နှင့် ရထားလုံးက ထိုနေရာမှ သိမ့်ခနဲလှုပ်ခါပြီး လာလမ်းအတိုင်း အပြေးနှင်ခဲ့သည်။





အပြင်မှာ မြူနှင်းထုတို့က သိပ်သည်းထူထပ်စွာ ကျနေဆဲဖြစ်သည်။ ငြိမ်သက်တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ မြင်းခွာသံနှင့် လမ်းတို့ ထိရိုက်သံခပ်မှန်မှန်ထွက်ပေါ်လျက်ရှိသည်။

တိုက်ဝါဝါကြီး၏ ကြီးမားသော ဝင်းတံခါးကြီး လုံးဝပြန်လည်စေ့ပိတ်သွားပြီဖြစ်သလို စိုင်းနောင်ဖတို့ စီးနင်းလိုက်ပါသွားသည့် ရထားလုံးသည်လည်း သိပ်သည်းစွာ ကျနေသည့် မြူနှင်းထုများကြားသို့ ညင်သာစွာ တိုးဝင်ပျောက်ကွယ်သွားခဲ့ပြီဖြစ်ပါတော့သတည်း။

မိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၁)





## အခန်း (၁)

လမင်းသည် ကောင်းကင်ထက်တွင် ရွှန်းရွှန်းစက်စက် သာလျက်ရှိသည်။ ကြည်စင်ပြာလဲ့သော ကောင်းကင်ပြာကို ငေးမောကြည့်ရင်း အိပ်မပျော်နိုင်သူက စောခမ်းမုံ။

သူမအတွေးများက စကြာဝဠာအနှံ့ ပျံ့နေ၏။ လဝန်း၏ ပြည့်ထွန်းနေသော မျက်နှာပြင်ပေါ်တွင် မိမိမြင်တွေ့ခွင့်မရလိုက်သူများကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ကြည့်နေမိသည်။

စပ်မြတ်ဆေး၊ စပ်မြတ်ဆိုင်းညီအစ်မနှင့် သနားစရာကောင်းလှသော မောင်ငယ်လေးတို့၏ မိသားစုအကြောင်းကို စောခမ်းမုံ ငယ်စဉ်ကလေးဘဝမှစ၍ ဆွတ်ပျံ့ကြေကွဲစရာ ပုံပြင်လေးတစ်ပုဒ်လို ညအိပ်ရာဝင်ချိန်တိုင်း ပြောပြတတ်သော အဒ့ထိန်းတော်ကြီး ဒေါ်အဲရွှေကြောင့် စောခမ်းမုံ၏ နုနယ်ငယ်ရွယ်သော အသည်းပြင်မှာ စွဲရှုနက်ရှိုင်းစွာ နေရာယူရှိနှင့်ခဲ့သော အကြောင်းအရာလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စပ်မြတ်ဆေးဆိုသည့် စောခမ်းမုံ၏မိခင်မှာ သူမလူမှန်းသိတတ်စအရွယ်မှာ ကွယ်လွန်သွားခဲ့သဖြင့် မိခင်ဖြစ်သူကို ကောင်းစွာ မှတ်မိနိုင်ခြင်းမရှိဘဲ ကျန်ရစ်ခဲ့သော ဓါတ်ပုံဖြင့်သာ အလွမ်းဖြေခဲ့ရသူဖြစ်သည်။

မေမေ၏ညီမ စပ်မြတ်ဆိုင်းမှာ နိုင်ငံခြားမှာပင် ကွယ်လွန်သွားခဲ့ပြီ။ မေမေကတော့ တစ်ဦးတည်းသောသား ဖေဖေနှင့်အကြောင်းပါခဲ့ပြီး သူမ ငါးနှစ်သမီးအရွယ်တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ရာ ဖေဖေသည် အရွယ်ကောင်း၊ လိုချင်သူတွေဝိုင်းဝိုင်းလည်နေသည့်ကြားမှ အိုးအိမ်သစ်ကို မထူထောင်ခဲ့ဘဲ သူပိုင်စီးပွားရေးလုပ်ငန်းများအပေါ်မှာသာ အာရုံစူးစိုက်လာခဲ့သူဖြစ်သည်။

စောခမ်းမုံမှာ ဆွေရယ်မျိုးရယ်လို့လည်းမရှိ။ ရှားပါးလှသော ဆွေမျိုးစုသည်ပင်လျှင် ဖွတ်အတင်းလိုက်စပ်မှ တော်ရသော်လည်း အားလုံး အပြေးအလွှားရေတွက် ဆန်းစစ်ကြည့်မှ လက်တစ်ဆုပ်စာပင် မပြည့်ခြင်းကြောင့် တကယ့်သွေးမှုင်းချာလိုပင် စည်းရုံးချစ်ခင်ခဲ့ကြရသူများ ဖြစ်သည်။

ဒေါ်အဲရွှေက တခြားသူမဟုတ်ပါ။

မေမေ့မျိုးရွယ်စဉ်ကတည်းက အတူနေလာခဲ့ရသော အထိန်းတော်ကြီးဖြစ်သောကြောင့် မေမေတို့မောင်နှမ မိသားစုအကြောင်းကို စောခမ်းမုံအား ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်နှယ် ပြောပြရင်း သူကိုယ်တိုင် မေမေ့ကို သနားချစ်ခင်မဆုံးနိုင်အောင် ဖြစ်ရရှာသူဖြစ်သည့်အပြင်း ဆိုးရွာလှသည့် မေမေတို့မိသားစု၏ ကံကြမ္မာ





ကို စုတ်တသတ်သတ်ရှိနေတတ်သည်။

"စိုင်းနောင်ဖတို့ ခေါ်သွားတဲ့ ကလေးလေးနဲ့ မေမေတို့ပြန်တွေ့ကြသေးလား ဒေါ်အဲရွှေ"

"အဲဒါတော့ ဒေါ်အဲရွှေလည်း သေချာမပြောတတ်ပါဘူး စောခမ်းမုံလေးရယ်၊ သူတို့ညီမနှစ်ယောက် မဟာဒေဝီဆီကိုရောက်လာပုံကတော့ အခု ဒေါ်အဲရွှေပြောပြတဲ့အတိုင်းပါပဲ၊ အဲဒီအချိန်တုန်းက နှင်းမိုးတွေရွာနေခဲ့တယ်"

"ဟင်း"

စောခမ်းမုံထံမှ တိုးဖိတ်သော သက်ပြင်းရှိုက်သံ ပျံ့လွင့်လာပါသည်။ သူမသိလိုသော အကြောင်းအရာကို စောခမ်းမုံသိခွင့်မရလေ ပို၍သိချင်လေဖြစ်ရသည်က လူတို့၏စိတ်ပင်။

"သူတို့က ...မေမေ ဒီကိုပြန်ရောက်လာပြီးမှ ဘာတစ်ခုမှ အဆက်အသွယ်မလုပ်တော့ဘူးပေါ့နော်"

"အဲဒီလိုလည်းမဟုတ်ဘူးကွဲ့ စောခမ်းမုံလေးရဲ့၊ မဟာဒေဝီ နိုင်ငံခြားမှာတုန်းကတော့ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ် မပြတ်ခဲ့ကြပါဘူး၊ဒါကြောင့်လည်း ခမ်းမုံရဲ့ ဦးလေးနာမည် စဝ်မိုင်းနောင်ဆိုတာ သူတို့သိကြတာပေါ့"

"ခမ်းမုံကတော့လေ ...မေမေ့ဘက်က သွေးသားရင်းချာဖြစ်တဲ့ ဦးလေးမိုင်းနောင်ကို သိပ်ပြီးတွေ့ချင်မြင်ချင်တာပဲ ဒေါ်အဲရွှေရယ်"

တမ်းတမ်းတတလေး သူမဆိုညည်းလိုက်သံက ရှိုက်

www.burmeseclassic.com



လိုက်လှဲလှဲ ရှိလွန်းရုံမက စောခမ်းမုံ၏ ရင်အစုံကို တင်းကျပ်စို့နင့်သွားစေပါသည်။ စောခမ်းမုံတောင် ဦးလေးဖြစ်သူကို မြင်လိုတွေ့လိုသော စိတ်ဆန္ဒပြင်းပြနေခဲ့ပါလျှင် မိခင်ကြီးအတွက်မူ သူမ၏ မောင်ငယ်လေးအား တွေ့ချင်ရှာမည်မှာ ဆိုဖွယ်ရာမရှိပါချေ။

"နေဦးကွဲ့ ...မမမြတ်ဆိုင်း မဆုံးခင်မှာ ခရီးတစ်ခုထွက်လိုက်သေးတယ်၊ အဲဒီတုန်းက စောခမ်းမုံလေးက သိပ်နေမကောင်းလို့ ဒေါ်အဲရွှေနဲ့ သီရိရတနာမှာ နေခဲ့ရတာ ဒေါ်အဲရွှေမှတ်မိတယ်"

"မမတစ်ယောက်တည်း ခရီးထွက်သွားပြီး ပြန်လာလို့ သိပ်မကြာခင်မှာပဲ အဖျားရောဂါရပြီး ဆုံးရရှာတာပဲလေ၊ ဒေါ်အဲရွှေနဲ့ ဆရာကြီးတို့မှာ တကယ့်ကို ပဋ္ဌာမြေလူးဖြစ်ကြရတာပေါ့"

"ပြန်တွေးကြည့်မိရင် ...အခုတောင် စိတ်မကောင်းနိုင်ဘူးကွယ်၊ စောခမ်းမုံ သိချင်တဲ့ အကြောင်းအရာတွေကို ဒေါ်အဲရွှေလည်း ဒီထက်ပိုမပြောပြတတ်ဘူး ကလေးရယ်"

ရိုးသားအေးဆေး၍ သနားကြင်နာတတ်သော ဒေါ်အဲရွှေက ချောမောလှပသော စောခမ်းမုံ မျက်နှာလေးကို ငေးငေးကြီးစူးစိုက်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒီတုန်းက မေမေတစ်ယောက်တည်း ဘယ်ကိုခရီးထွက်သွားတာလဲ ဒေါ်အဲရွှေ"

"ဒေါ်အဲရွှေလည်း သေချာမမှတ်မိတော့ဘူး ကလေးရယ်၊ အချိန်တွေက ကြာခဲ့ပြီပဲ"





"သေချာစဉ်းစားစမ်းပါဦး ဒေါ်အဲရွှေရယ်၊ မေမေတစ်ယောက်တည်း ဘယ်ကိုသွားတာလဲ၊ ဘာသွားလုပ်တာလဲ၊ ဘယ်သူ့ကိုသွားတွေ့တာလဲဟင်"

ဖြူဖြူပြည့်ပြည့် ပါးစုံဖောင်းဖောင်းကြီးနှင့် ချစ်စရာကောင်းလှသော ဒေါ်အဲရွှေလက်မောင်းကြီးကို အားမလိုအားမရ ကိုင်လှုပ်ပြီး မေးနေမိသူက စောခမ်းမုံဖြစ်သည်။

"ခမ်းမုံကို မသနားဘူးလား၊ မချစ်ဘူးလား ဒေါ်အဲရွှေ၊ အခု ခမ်းမုံရင်ထဲမှာ ဘာတွေဘယ်လို ခံစားကြေကွဲနာကျင်နေရတယ်ဆိုတာ ဒေါ်အဲရွှေ မသိဘူးလား"

ပြောရင်း စောခမ်းမုံ အသံလေးတွေက တုန်ရီစို့နင့်လာသလို လှပဝိုင်းစက်သော မျက်ဝန်းအိမ်ထဲမှာလည်း မျက်ရည်ကြည်တွေ ပြည့်အိုင်လို့လာပါသည်။

"ဖေဖေက ခမ်းမုံကို မချစ်တော့ဘူးဆိုတာ ဒေါ်အဲရွှေ မသိဘူးလား၊ ခမ်းမုံလည်း ဖေဖေ့ကို မချစ်ချင်တော့ဘူး"

"အိုကွယ် ...မပြောကောင်းမဆိုကောင်းတွေ မပြောပါနဲ့လား ကလေးရယ်၊ ဆရာကြီး ကြားသွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်"

"ဒီအချိန်မှာ ခမ်းမုံရဲ့ မျက်ရည်တွေထက် ဖေဖေပိုပြီး ဂရုစိုက်ကြင်နာရမယ့်သူ ရှိနေပြီပဲ၊ ခမ်းမုံ မျက်ရည်တွေက ဖေဖေ့အတွက် အသုံးမဝင်တော့ပါဘူးလေ"

"ကလေးရယ် ...မငိုပါနဲ့ကွယ်၊ ဒေါ်အဲရွှေ ခမ်းမုံသိချင်



www.burmeseclassic.com

www.burmeseclassic.com



တာတွေကို သေချာစဉ်းစားကြည့်စမ်းပါဦးမယ်၊မျက်ရည်တွေကို သုတ်လိုက်ပါဦး''

ပြောပြောဆိုဆို ဒေါ်အဲ့ရွှေကိုယ်တိုင်ပဲ စောခမ်းမုံ၏ ပါးပြင်နပေါ်က မျက်ရည်စက်များကို ဖြူဖွေးနုညက်လှသော လက်ကိုင်ပဝါလေးဖြင့် အသာအယာ ဖယ်ရှားပေးရင်း စောခမ်းမုံအား နှစ်သိမ့်စကားဆိုနေရှာပါသည်။

ဖွယ်ဖွယ်ရာရာလည်း စကားကို လှည့်ပတ်မဆိုတတ်ရှာသော ဒေါ်အဲ့ရွှေ၏ စကားတွေက စောခမ်းမုံနားမှာ လျှံထွက်နေပေမယ့် ဒေါ်အဲ့ရွှေ၏ သူမအပေါ်ထားရှိသော စေတနာမေတ္တာကိုကား အသိအမှတ်မပြုဘဲ နေ၍မရအောင် လှိုက်လှဲနွေးထွေးမှုသနားကြင်နာမှုတွေ အပြည့်ဖြစ်သည်။

စောခမ်းမုံဖေဖေ ဦးသက်ထွန်းသည်က အသက်ကြီးမှကံပေါ်သည်ဟု ဆိုရမည်လား မပြောတတ်ပါ။ သူနှင့်သက်တူရွယ်တူ ချမ်းသာပြည့်စုံသော လုပ်ငန်းတူအမျိုးကြီးနှင့် လက်ထပ်လိုက်ရာ စောခမ်းမုံရင်မှာ ဖခင်ကြီး၏ မေတ္တာကို တစ်ပါးသူလက်ထဲသို့ ထည့်ပေးလိုက်ရပြီဟူသောအသိဖြင့် ဒေါသမီးကလေးများ ဟုန်းဟုန်းတောက် ပေါက်ကွဲခဲ့ရသူဖြစ်သည်။

မိထွေးဖြစ်သူ၏ မျက်နှာကို မမြင်မတွေ့လိုပါဟု ဆိုခြင်းကြောင့် ဦးသက်ထွန်းတို့ ဇနီးမောင်နှံက သီးခြားတစ်အိုးတစ်အိမ်ခွဲနေပေးကြပါသည်။

မိထွေးဟုဆိုသော်လည်း ဒေါ်စံပယ်ညိုမှာ စိတ်သဘော





ထား နူးညံ့သိမ်မွေ့သူ၊ ငြိမ်းချမ်းအေးမြစွာ နေတတ်သူဖြစ်သည့်အတိုင်း စောခမ်းမုံတို့ သားအဖကြားမှာ သဘောထားကြီးကြီးဖြင့် သူမအပေါ်မှာ စောခမ်းမုံ အထင်အမြင်လွဲနေသမျှကို ခွင့်လွှတ်သည်းခံ ပြုံးနေနိုင်ခဲ့သူဖြစ်သည်။

ဒါကိုပင် စောခမ်းမုံက ပိုရှုံကြည့်မရအောင် မုန်းခြင်းပင်။ ဖေဖေ့ရှေ့မှာ မိထွေးပီပီ ဟန်ဆောင်နေသည်ဟုထင်သည်။ မလိုအပ်ဘဲ သဘောထားတွေ စွတ်ကြီးပြနေခြင်းဖြင့် ဖေဖေ့ဆီက မေတ္တာကို ပိုပြီးရယူနေသည်ဟု မြင်သည်။

ဖေဖေကတော့ မိထွေးနှင့်သမီးကြားမှာ အတတ်နိုင်ဆုံးပြေလည်ဖို့ ကြိုးစားရှာပါသည်။ နောက်ဆုံးတော့ စောခမ်းမုံ၏ သဘောထားအတိုင်း လိုက်လျောခွင့်ပြုရခြင်းကြောင့် ဇနီးဖြစ်သူကို စောခမ်းမုံရှိရာ သီရိရတနာသို့ပင် ခေါ်မလာချေ။

သီရိရတနာကို ဖေဖေတစ်ယောက်တည်း ဝင်ထွက်သွားလာခြင်းဖြစ်သော်လည်း စောခမ်းမုံရင်မှာ ဘယ်လိုမှ မပျော်ရွှင်နိုင်ခဲ့ပါ။ အချိန်တန်တော့ ဖေဖေက သူ့အိမ်သူ ပြန်သွားတိုင်း ငိုပွဲဆင်ပြီး ကျန်ရစ်ခဲ့သူက စောခမ်းမုံတည်း။

အထီးကျန်ခြင်းဝေဒနာနှင့်အတူ ဖေဖေ့ကို ခွဲရတိုင်း ဒေါ်စံပယ်ညိုဆိုသည့် မိထွေးတော်ကို စိတ်နာရခြင်းကြောင့် စောခမ်းမုံနှလုံးသားအစုံမှာ အခံရခက်အောင် စို့နင့်ကြေကွဲရလေ တခြားတစ်ပါးသော တစ်နေရာမှာ သူမ၏ တင်းကြပ်သော စိတ်အစဉ်ကို ဖောက်ခွဲပြစ်ချင်လာလေဖြစ်ရာ ဒေါ်အဲ့ရွှေ အမြဲလိုပြောပြတတ်



www.burmeseclassic.com

www.burmeseclassic.com



သော ညအိပ်ရာဝင်ပုံပြင်လေးကို အသက်သွင်းရန် စိတ်ပြင်းထန်လာခဲ့ခြင်းဖြစ်သည်။

ဖြစ်နိုင်လျှင် ဖေဖေ့ကို စောခမ်းမုံ အရွဲ့တိုက်လိုပါသည်။ ဖေဖေ သည်းသည်းလှုပ် ချစ်မြတ်နိုးရသော ဖေဖေ့မိန်းမမျက်နှာကိုလည်း မမြင်မတွေ့ချင်အောင် ခါးခါးသီးသီး မုန်းနေမိသူဖြစ်သည့်အတိုင်း ဖေဖေနှင့်ဝေးရာကို ထွက်သွားချင်မိသည်။

“အဲ ...ဒေါ်အဲရွှေ၊ မှတ်မိပြီ၊ မမ ခရီးထွက်သွားတာက တောင်ကြီးကိုထင်တယ်၊ အပြန်မှာ ခရီးဆောင်အိတ်တစ်လုံးနဲ့အတူ စာရွက်စာတန်းတွေပါလာသေးတယ်ကွဲ့၊ အဲဒါတွေကိုတော့ ကလေးဖေဖေပဲ သူ့သေတ္တာထဲမှာ သိမ်းလိုက်သလား၊ မမရဲ့သေတ္တာထဲမှာပဲလား၊ အဲဒါတော့ ဒေါ်အဲရွှေလည်း သေချာမသိဘူး”

“စာရွက်စာတန်းတွေ ဟုတ်လား”

စောခမ်းမုံ စိတ်ဝင်စားစွာ မေးလိုက်သည်။

“ဟုတ်တယ်၊ မမခရီးထွက်သွားပြီး အပြန်မှာ သူ့မောင်လေးနဲ့ တွေ့ခဲ့တယ်လို့ ပြော်ခဲ့ဖူးတယ်လို့ထင်တာပဲ၊ မေ့နေပြီကွယ်၊ မမယူလာတဲ့ စာရွက်စာတမ်းတွေ တွေ့ရင် စောခမ်းမုံ သိချင်တာသိရမယ်ထင်တာပါပဲ”

“ခမ်းမုံ ရှာကြည့်ဦးမယ် ဒေါ်အဲရွှေ၊ မေမေ့အဝတ်ဗီရိုတွေ၊ သေတ္တာတွေထဲ အရင်ရှာကြည့်မယ်၊ မတွေ့မှ ဖေဖေ့ မီးခံသေတ္တာကို ဖွင့်ကြတာပေါ့နော်”





“ကလေးသဘောပါကွယ် ...ကလေးစိတ်ချမ်းသာရင် ဒေါ်အဲရွှေ ကျေနပ်ပါပြီ”

အနှစ်နှစ်အလလ သိမ်းဆည်းထားသော သော့တွဲကြီးတစ်ခုကို ဒေါ်အဲရွှေကိုယ်တိုင် ရှာဖွေယူလာပါသည်။ မေမေနှင့်ပတ်သက်ပြီး အဝတ်ဗီရိုကြီးများထဲရှိ မေမေ့အဝတ်အစားများမှလွဲ၍ မေမေ၏ အဝတ်သေတ္တာများကို စောခမ်းမုံ သာမန်မျှသာ သဘောထားခဲ့ရာ စိတ်ဝင်စားခြင်းလည်း အလျှင်းမရှိခဲ့ပါ။

ထိုအဝတ်သေတ္တာများကို ရှင်းလင်းထိန်းသိမ်းသူက ဒေါ်အဲရွှေသာဖြစ်ပါသည်။ မေမေ သက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ အဝတ်များကို ပရုပ်လုံး မွှေးမွှေးကြိုင်ကြိုင် သန့်သန့်ရှင်းရှင်းဖြစ်စေရန် နေပူထုတ်လှန်းခြင်း၊ သိမ်းဆည်းခြင်းများကို ဒေါ်အဲရွှေ မမောတမ်းလုပ်ပါသော်လည်း ဖေဖေက မေမေ့အသုံးအဆောင်ပစ္စည်းများကို မြင်တွေ့ရတိုင်း အဟောင်းတွေ အသစ်ဖြစ်ရခြင်းကြောင့် ဖေဖေ့မျက်စိရှေ့တွင် စိတ်ရှိတိုင်း လုပ်ခွင့်မရတော့သောအခါ သူ့ဘာသာ ဖေဖေ့မျက်ကွယ်မှာ တိုးတိုးတိတ်တိတ် ဖေဖေမမြင်အောင် ရှင်းလင်းပေးခဲ့ရှာပါသည်။

နောက်ပိုင်း စောခမ်းမုံလည်း အရွယ်ရောက်လာသလို ဒေါ်အဲရွှေလည်း အသက်ကြီးလာ၍ပြီမို့ မေမေ့အဝတ်သေတ္တာများကို အကိုင်အပြုနည်းလာရာမှ လုံးဝပြစ်ထားမိသည့်အထိ ရှိလာသည်။

သော့ကိုပင် သူ့နေရာနှင့်သူ မဖွင့်တတ်၍ စောခမ်းမုံကပဲ သော့များကို စမ်းတဝါးဝါး ရှာဖွေဖွင့်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဖိုင့်အိတွဲသော ကိုယ်ကြီးက နေရာတစ်ခုမှာ ပုံပုံကြီး ထိုင်ပြီး ဒေါ်အဲရွှေက စောခမ်းမုံဖွင့်ပေးသော သေတ္တာများကို စိတ်ရှည်လက်ရှည် ရှင်းလင်းပေးရင်း စောခမ်းမုံအတွက် သိလိုမြင်လိုလှသော သဲလွန်စတစ်ခုခု တွေ့လိုတွေ့ငြား ရှာဖွေပေးပါသည်။

မေမေ့အသုံးအဆောင်ပစ္စည်းများမှာ နှစ်များစွာ ကြာသည့်တိုင် ပျက်စီးသွားခြင်းမရှိသလို ဟောင်းမြေ့နေသော်လည်း တောက်ပနေဆဲဖြစ်သည်။

"ကြည့်ပါဦးကွယ် …ဟောဒီဝတ်စုံလေးများ မမ ဝတ်လိုက်ပြီဆိုရင် ဒေါ်အဲရွှေဖြင့် ထိုင်ငေးကြည့်နေချင်တော့တာပဲ၊ ကလေးမေမေ အမြတ်နိုးဆုံးဝတ်စုံပေါ့၊ ရော့ …ရော့ အမှတ်တရဖြစ်အောင် ကလေးဆီမှာထား"

စောခမ်းမုံလက်ထဲကို နူးညံ့ပျော့ပြောင်းလှပသော နှင်းဆီသွေးရောင်ဖျော့ဖျော့ ပိုးသားဝတ်စုံတစ်ခု ရောက်ရှိလာရာ မိခင်ဖြစ်သူ အမြတ်နိုးဆုံးဖြစ်ခဲ့သော လုံချည်အင်္ကျီလေးများကို သူမရင်ခွင်မှာ ထွေးပိုက်လျက် တယုတယ ကြည့်လိုက်မိသည်။

မေမေ …

စောခမ်းမုံရဲ့ မေမေရယ်။

ဘာလို့များ လောကကြီးအလယ်မှာ စောခမ်းမုံတစ်ယောက်တည်း ထားခဲ့ရပါလိမ့်ကွယ်။

တီးတိုးတိုင်ပင်စရာ ညီအစ်ကိုမောင်နှမရယ်လို့လည်း မရှိ၊ တစ်ဦးတည်းသော အားကိုးတွယ်တာစရာ ဖခင်ကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသော သူမအဖြစ်က ဖြေသိမ့်နိုင်စရာ ဘာတစ်ခုမှ





မရှိသော အခြေအနေဖြစ်သည်။

အားလုံးသော ဆွေမျိုးစုကတော့ ဖေဖေ့ဘက်ကပဲ အားပေးထောက်ခံခဲ့ကြရာ စောခမ်းမုံမှာ အားလုံးကို ဖေဖေနှင့်ရော၍ စိတ်နာခဲ့ရသည့်အထိ ဖြစ်သည်။

"ဟော …တွေ့ပြီ၊ ဟောဒီမှာ စာအိတ်ညိုကြီးတစ်ခု"

"ခမ်းမုံကိုဖေး ဒေါ်အဲရွှေ"

"ရော့ …ရော့"

သူမကိုပေးမှာမှန်းသိရက်နှင့် စောင့်မယူနိုင်။

ဒေါ်အဲရွှေလက်ထဲက အပြေးအလွှား လှမ်းယူပြီး စာအိတ်ညိုကြီးထဲကို ကမန်းကတန်း လက်နှိုက်ပြီးထုတ်ယူလိုက်သည်နှင့်

"ဟင်"

"ဓာတ်ပုံတစ်ပုံနှင့် စာတစ်စောင်ပါလား"

တိတိကျကျဆိုရလျှင် နှစ်ဆယ်ကျော်အရွယ် ယောကျ်ားပီသ၍ ချောမောခန့်ညားသော ဥပဓိရုပ်နှင့် လူရွယ်တစ်ယောက်က စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် စောခမ်းမုံ၏မျက်နှာကို မရယ်မပြုံး စူးစိုက်ကြည့်လျက်ရှိသည်။

သူ …ဘယ်သူလဲ …။

ဦးလေး စဝ်မိုင်းနောင်ဆိုတာလား …။

သိလိုဇောဖြင့် လက်ထဲက ဓာတ်ပုံကို အသာချပြီး ဝါကျင့်ကျင့် အရောင်ပြောင်းနေပြီဖြစ်သော စာရွက်ခေါက်လေးကို ဖွင့်လိုက်သည်။

ညာဘက်သို့ ခပ်စောင်းစောင်းအနေအထားဖြင့် ခပ်သော့



www.burmeseclassic.com

www.burmeseclassic.com



သော့ ရေးထားသည့်စာများကို စောခမ်းမုံ ဖတ်ကြည့်လိုက်သည်။

*မမ ...*

*အချိန်မရလို့ နောက်တစ်ခေါက်မှ ကျွန်တော်တို့မောင်နှမ အေးအေးဆေးဆေး ဆုံကြမယ်။*

*မမ စိတ်မကောင်းမဖြစ်ပါနဲ့။ ဒီမှာက ကိစ္စတွေ သိပ်အရေးကြီးနေလို့ ကျွန်တော့်ဓာတ်ပုံကိုပဲ ယူသွားပါ။ မမဓာတ်ပုံလည်း ကျွန်တော်ယူသွားတယ်။*

***ကျန်းမာပါစေ။***

***မမရဲ့မောင်လေး***

***စဝ်မိုင်းနောင်***

စာရွက်ကို ပြန်ခေါက်လိုက်ပြီး စာအိတ်ထဲ ထည့်လိုက်သည်။ လက်ထဲက ဓာတ်ပုံနောက်ကျောဘက်ကို လှန်ကြည့်လိုက်တော့ စာထဲမှာတွေ့ရသည့် လက်ရေးနှင့် လက်မှတ်ရက်စွဲအတိုင်း တွေ့ရသဖြင့် ထိုဓာတ်ပုံပိုင်ရှင်မှာ စောခမ်းမုံ၏ဦးလေး မေမေ့မောင် ဦးစဝ်မိုင်းနောင်ဖြစ်ကြောင်း သေချာသွားသည်။

"ဘာတဲ့လဲ ...ခမ်းမုံလေး၊ ဒီဓာတ်ပုံထဲကလူက ဘယ်သူတဲ့လဲ"

စာမဖတ်တတ်ရှာသော ဒေါ်အဲရွှေက သူသိလိုတာကို မေးလိုက်ခြင်းဖြစ်သည်။

"သူပဲ ...ဒေါ်အဲရွှေ၊ ဦးလေးစဝ်မိုင်းနောင်ဆိုတာ သူပဲ။ မေမေနဲ့ဦးလေး တွေ့ခဲ့ကြတယ်"

"အို"





ဒေါ်အဲရွှေက အံ့သြသောမျက်နှာဖြင့် စောခမ်းမုံလက်ထဲက ဓာတ်ပုံကို အငမ်းမရ စူးစူးစိုက်စိုက်ကြည့်ပါသည်။

ပုံပြင်ဟောင်းတစ်ပုဒ်ထဲက လူသားတစ်ယောက်အဖြစ် သက်ရှိထင်ရှား ဓာတ်ပုံနှင့်တကွ တွေ့လိုက်ရသည်ဆိုတော့လည်း သူ့အတွက် မယုံကြည်နိုင်စရာဖြစ်ရှာမည်ပေါ့။

"တကယ်ပဲနော် ...မမရဲ့မောင်လေးဟာ အသက်မသေဘဲ အထင်အရှားရှိခဲ့တာဆိုတော့ နောက်ဆုံးတော့ သူတို့မောင်နှမ ပြန်လည်ဆုံတွေ့ကြရသားပဲ"

"တော်ပါသေးရဲ့ကွယ် ...ဘာပဲဖြစ်ဖြစ် မမဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူ့မောင်ကို ပြန်တွေ့ခွင့်ရလိုက်လို့ ကျေနပ်သွားရှာမှာပါ"

ဒေါ်အဲရွှေထံမှ တီးတိုးရေရွတ်သံကို သူမ မကြားတော့ပါ။

ဦးလေးစဝ်မိုင်းနောင်နှင့် ပတ်သက်၍ ရနိုင်သမျှသော သဲလွန်စကို ရှာဖွေစုဆောင်းရန် ပိုင်းဖြတ်ထားနှင့်ပြီးဖြစ်သည့်အတိုင်း မေမေ့အဝတ်သေတ္တာများကို ရှာဖွေရာဟောင်းမြေ့လှုပ်ပြီဖြစ်သော စာအိတ်အခွံတစ်ခုနှင့် လိပ်စာတစ်ခုမှလွဲ၍ နောက်ထပ်ဘာကိုမှ ထပ်မတွေ့ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ခမ်းမုံ ခရီးထွက်မလို့မေမေ"

မေမေက ခမ်းမုံကို ဘာမှမပြောဘဲ ငေးကြည့်နေပါသည်။ ခမ်းမုံက မေမေ့ကို မကြည့်ပါ။ မျက်နှာလွှဲ၍ ငြိမ်သက်နေလိုက်ပါသည်။

ခမ်းမုံစကားကြောင့် မေမေ့မျက်နှာ ပျက်သွား၊ စိတ်ထိခိုက်သွားမှာ မမြင်မတွေ့လိုတာလည်း ပါပါသည်။ မေမေ့မျက်နှာညှိုးလျှင် စောခမ်းမုံမနေတတ်သလို သူမမျက်နှာလေးညှိုးနေလျှင် မေမေ့ခမျာလည်း ပျာယာခတ်နေတတ်တာကို သူမ မမေ့ပါ။

မေမေ့ထံမှ ကျယ်လောင်သော သက်ပြင်းရှိုက်သံ ထွက်လာပါသည်။ မေမေ့ရင်ထဲမှာ စောခမ်းမုံနှင့် ပတ်သက်ပြီး ဘယ်လိုခံစားချက်တွေဖြစ်နေသည်ဆိုတာကို သူမသိသလို မေမေ့သမီး စောခမ်းမုံ၏ ရင်ထဲမှာလည်း မေမေနှင့်ပတ်သက်ပြီး ဘာတွေဘယ်လို ဖြစ်နေမည်ဆိုတာကို မေမေ ပို၍သိပါလိမ့်မည်။





"သမီးက ...ဘယ်ကိုသွားချင်တာလဲ"

"တောင်ကြီးကိုပါ"

"ဘယ်သူနဲ့သွားမှာလဲ၊ ကြီးကြီး ဒေါ်အဲရွှေနဲ့လား"

"ကြီးကြီး ခြေနာနေတာ၊ ဘယ်လိုက်နိုင်မှာလဲ မေမေ၊ ခမ်းမုံတစ်ယောက်တည်းပဲ သွားမှာပါ"

"သမီးတစ်ယောက်ထဲ"

"ဟုတ်ကဲ့"

မေမေ့ထံမှ အလန့်တကြားအော်လိုက်သံကို ခမ်းမုံ အရေးမကြီးသလို နေလိုက်ပါသည်။

"မဟုတ်တာကွယ် ...မေမေ့သမီးလေးကို မေမေ ဘယ်တုန်းကများ တစ်ယောက်တည်းခရီးသွားဖို့ ခွင့်ပြုခဲ့လို့လဲ"

"ဒါက ဟိုတုန်းကပါမေမေ၊ အခု မေမေ့မှာကလည်း အန်တီဒေါ်စံပယ်ညှို့ရှိနေပြီပဲ"

"သူနဲ့ဘာဆိုင်လဲ ...သမီးသွားချင်တဲ့နေရာကို မေမေ ကိုယ်တိုင်ပဲ လိုက်ပို့မယ်၊ စံပယ်ကိုလည်း မခေါ်ဘူး၊ မေမေတို့ သားအမချည်းသွားကြမယ် ဟုတ်လား"

စောခမ်းမုံ၏ လှပဝိုင်းစက်သော မျက်လုံးအစုံက ဖခင်ကြီး၏ မျက်နှာရှိရာကို ဖျတ်ခနဲရောက်သွားသည်။ မေမေ့ကို သူမ ဆိုင်ပဲဆိုင်ပါသည်။ မပိုင်တော့ပါ။

မေမေ့ကို ပိုင်ဆိုင်သူက ဒေါ်စံပယ်ညှို့ဆိုတာ စောခမ်းမုံ ကောင်းစွာ နားလည်သဘောပေါက်ပါသည်။ သမီးကိုချစ်သည့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖြင့် စိတ်မချနိုင်စွာ အတူလိုက်ပါဖို့ ကြိုးစားရှာသော ဖေဖေ့စေတနာ၊ မေတ္တာကို သူမ နားလည်ပါသည်။

သူမကြောင့် ဖေဖေနှင့် ဒေါ်စံပယ်ညိုတို့ အိမ်ထောင်ရေးမှာ ပြဿနာမဖြစ်စေလို။ ထို့အတူ သူမဘဝမှာ အားကိုးအားထားပြုစရာ ဖေဖေမပါဘဲ တစ်ယောက်တည်း လျှောက်လှမ်းရဦးမည့် ရှေ့ခရီးရှည်ကြီးအတွက် အခုထဲက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရပါဦးမည်။

"ဖေဖေ နေခဲ့ပါ၊ ဒီခရီးကို ခမ်းမုံတစ်ယောက်တည်း စိတ်ပြေလက်ပျောက်သွားပါရစေ"

"သမီး"

"ခမ်းမုံကို ခွင့်လွှတ်ပါဖေဖေ၊ ခမ်းမုံအနားမှာ ဖေဖေ အမြဲရပ်တည်ပေးဖို့ဆိုတာ မဖြစ်နိုင်သလို ခမ်းမုံလျှောက်လှမ်းရမယ့် ရှေ့ခရီးအတွက် အခုထဲက ရင်ဆိုင်အားမွေးဖို့ ကြိုတင်ပြင်ဆင်ထားချင်လို့ပါ"

တိုးလျသော စောခမ်းမုံစကားအဆုံးမှာ ဖေဖေ့မျက်နှာ သိသာစွာပျက်ပါသည်။ သူမရင်ထဲမှာ ရှိုက်နင့်နင့်ကြီး ဖြစ်သွားတာကို နှုတ်အတင်းမျိုသိပ်ပြီး မျက်ရည်မကျအောင် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ထားလိုက်ပါသည်။

ဒါ …ခမ်းမုံတို့သားအဖအတွက် အမှတ်တကယ် ရင်ဆိုင်ကြရမယ့် အခြေအနေတွေပါ ဖေဖေ။

ခမ်းမုံကို နားလည်ခွင့်လွှတ်ပေးပါ။





"ကောင်းပြီလေ …သမီးဘက်က သိပ်ပြီး ဆန္ဒပြင်းထန်နေမှတော့ သွားပါ၊ ဖေဖေ ခွင့်ပြုတယ်၊ဒါပေမယ့် ဟိုရောက်ရင် သမီးတည်းခိုရမယ့်အိမ်ကိုတော့ ဖေဖေ့မိတ်ဆွေတစ်ယောက်အိမ်မှာပဲ တည်းရမယ်"

"အဲဒါကို သမီးဘက်က သဘောတူရင် ဖေဖေ ခွင့်ပြုမယ်၊ ဖေဖေပြောသလို သမီးဘက်က လိုက်မလုပ်နိုင်ဘူးဆိုရင်တော့ သမီးသွားရာနောက်ကို ဖေဖေ အလုပ်တွေဖျက်ပြီး လိုက်ရလိမ့်မယ်"

စောခမ်းမုံနှင့် ဖေဖေ အကြည့်ချင်းဆုံသွားကြသည်။

ဆုံးဖြတ်ချက်ချပြီးလျှင် မပြင်တော့သော ဖေဖေ့စိတ်ကို သူမသာ နားအလည်ဆုံးမို့ ဖေဖေ့ဆန္ဒကို သဘောတူရုံမှတစ်ပါး သူမ မတတ်နိုင်ပါ။

အရေးကြီးသည်က သူမရင်ထဲက ဆန္ဒတွေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ဖို့သာ ဖြစ်ပါသည်။

"ဩော် …နေဦး သမီးနဲ့အတူ ဒေါ်အဲရွှေကိုလည်း ခေါ်သွားရလိမ့်မယ်၊ ဖေဖေ့မှာ သမီးလေးတစ်ယောက်တည်းရှိတာ၊ ဖေဖေ့သမီးလေးကို ဘာတစ်ခုမှ အဖြစ်မခံနိုင်ဘူး၊ အဲဒါကိုရော သမီးနားလည်ရဲ့လား"

"ခမ်းမုံ နားလည်ပါပြီ ဖေဖေ၊ ဖေဖေစီစဉ်တဲ့အတိုင်း နာခံပါ့မယ်"

"သမီး …သမီး …ဖေဖေ့သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



တိုးဖွအက်ကွဲစွာ ညည်းညူလိုက်သော ဖေဖေ့စကားသံက စောခမ်းမုံ့ရင်ကို နင့်ခနဲ ဖြစ်သွားစေသည်။

"ကဲ ...ကဲ သမီးတို့ သွားဖို့လာဖို့ ပြင်ဆင်ထားနှင့်ချေ။ ဖေဖေ စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးမယ်"

ဖေဖေ နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် ဒေါ်အဲရွှေက သူမနားရောက်လာပါသည်။

"ဖြစ်ပါ့မလား ခမ်းမုံ့ရယ်၊ တော်ကြာ ခမ်းမုံ့ကိစ္စကို ဆရာကြီးသိသွားရင် ဒေါ်အဲရွှေကို အပြစ်တင်ဆူပူလိမ့်မယ်ကွဲ့"

"ဖေဖေမသိအောင် သွားကြမှာပဲ ဒေါ်အဲရွှေ၊ ဘာမှစိတ်မပူပါနဲ့၊ ဒီကိစ္စကိုသိတာ ခမ်းမုံ့တို့နှစ်ယောက်ထဲပါ"

"အေးပါကွယ် ...ဒေါ်အဲရွှေ စိုးရိမ်လို့ပါ၊ ဒီကိစ္စကို သိတာက ကလေးမှမဟုတ်ဘဲ အမိကတရားခံက ဒေါ်အဲရွှေပဲ မဟုတ်လား"

"ခမ်းမုံ့တို့ကြားမှာ တရားခံတွေ၊ တရားလိုတွေ မရှိပါဘူး ဒေါ်အဲရွှေ၊ ဖေဖေသိသွားလို့ အပြစ်တင်ရင်လည်း ခမ်းမုံ့ပဲ ခံမှာပါ၊ ဒေါ်အဲရွှေကို လုံးဝ အပြစ်မတင်စေရပါဘူး၊ ခမ်းမုံ့ အာမခံပါတယ်"

"ကလေးရယ် ...ဒေါ်အဲရွှေကတော့ ဒီခရီးကို သွားရမှာ ဘာကိုမှန်းမသိ ကြောက်နေမိတယ်"

"ဘာမှကြောက်စရာမရှိဘူး ဒေါ်အဲရွှေ၊ ခမ်းမုံ့တို့ ဘာတစ်ခုမှ မဟုတ်တာမလုပ်ဘူး၊ ခမ်းမုံ့ဟာ ဦးလေးအရင်းခေါက်





ခေါက်တစ်ယောက်ကို တွေ့ချင်လို့သွားတာ၊ မေမေ့ဆွေမျိုး ခမ်းမုံ့ဆွေမျိုးတွေကို တွေ့ချင်ရှာတာ ဒါအပြစ်လား"

"အေးပါကွယ် ...အေးပါ၊ ဒေါ်အဲရွှေ ကလေးစိတ်ညစ်အောင် ဘာတစ်ခုမှ မပြောတော့ဘူး ဟုတ်လား"

ဒေါ်အဲရွှေ သူမအနားမှ ထွက်သွားတာကို ကြည့်ပြီး စောခမ်းမုံ့ ကိုယ်တိုင် ဟင်းခနဲ သက်ပြင်းချလိုက်မိပါသည်။

သေသောသူ ကြာရင်မေ့။

ပျောက်သောသူ ရှာလျှင်တွေ့ဆိုပေမယ့် နှစ်ပေါင်းများစွာ ပျောက်ဆုံးသွားသူကိုဖြင့် စောခမ်းမုံ့ကိုယ်တိုင် ဘယ်လိုပင် အစရှာရမှန်းမသိသော ခရီးဖြစ်ပါသည်။

ဓာတ်ပုံဟောင်းလေးတစ်ပုံ၊ တာလေးတစ်စောင်၊ လိပ်စာလေးတစ်ခုကလွဲပြီး စောခမ်းမုံ့မှာ နိုင်လုံသော အထောက်အထား ဘာတစ်ခုမှမရှိပါချေ။

ထိုထက်ပို၍ အရေးကြီးသည့်အချက်က ဦးလေးစဝ်မိုင်းနောင်တစ်ယောက် မေမေ့နောက်ဆုံးခရီးကို သိရှိသွားရဲ့လား။

လိုက်ပါပို့ဆောင်ခဲ့ရသလား။

မေမေနှင့် နောက်ဆုံးအချိန်အထိ အဆက်အသွယ်ရှိမရှိ။ ပြီးတော့ ဖေဖေ့ဘက်က ဦးလေးစဝ်မိုင်းနောင်အပေါ်မှာ ထားရှိသည့် စိတ်နေသဘောထားဖြစ်သည်။

စောခမ်းမုံ့ကိုယ်တိုင် ဖေဖေ့ကို သွယ်ဝိုက်သည့် မေးခွန်းတစ်ခုကို မေမေ့အကြောင်းများ ဆက်စပ်ပြောဆိုနေရာမှ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



စဝ်မိုင်းနောင်အကြောင်း ပြောဆိုကြည့်ရာ တင်းမာခက်ထန်လှသော မေးအမူအရာနှင့် သိသာစွာ စကားလမ်းကြောင်းကို ပြောင်းပြစ်လိုက်ခြင်းက ဦးလေးစဝ်မိုင်းနောင်နှင့် ဖေဖေတို့ကြားမှာ ကြီးမားသော ပြဿနာတစ်ခုရှိနေကြောင်း ရိပ်စားမိလိုက်ပါသည်။

"ဒေါ်အဲရွှေ"

"ဘာလဲ …ကလေး"

"ဖေဖေ့ကိုကြည့်ရတာ ဦးလေးစပ်မိုင်းနောင်အပေါ်မှာ ဒီလောက်နှစ်တွေကြာနေတာတောင် ခွင့်မလွှတ်နိုင်သလိုပဲနော်"

"ဖေဖေနဲ့ ဦးလေးတို့ကြားမှာ ဘယ်လိုပြဿနာတွေ ရှိခဲ့လို့လည်းဟင်"

"ရှိပါပြီကောကွယ် …စောခမ်းမုံမေမေသေရတာ အဲဒီစဝ်မိုင်းနောင်ကြောင့်လို့ ကလေးဖေဖေက တိတိကျကျကို စွပ်စွဲတာကွဲ့၊ တကယ်လည်း မမဟာ အဲဒီကအပြန်မှာ အဖျားရောဂါနဲ့ ဆုံးရရှာတာကိုး"

"အဲဒီလို တစ်ဖက်သတ်ပြောလို့တော့ ဘယ်ဖြစ်မှာလဲ ဒေါ်အဲရွှေရယ်၊ မေမေကိုယ်တိုင်ကလည်း ကံခေလို့ဖြစ်မှာပါ"

"အင်းပေါ့လေ …အခြေအနေတွေကိုကလည်း တိုက်ဆိုင်လွန်းမှကိုး၊ လူမတန်တော့လည်း ကံကိုပဲ ပုံချရမှာပေါ့"

ဒေါ်အဲရွှေ၏ သဘောထား၊ အတွေးအမြင်မှာ ဤမျှသာဖြစ်ပါသည်။ ထိုထက်နက်ရှိုင်းရှုပ်ထွေးသော အကြောင်းအရာများ ရှိနေလိမ့်ဦးမည်ဟု ထိုစဉ်က စောခမ်းမုံကိုယ်တိုင် မသိခဲ့ချေ။





မေမေ့သေတ္တာထဲမှာ ရရှိသည့် သဲလွန်စဖြစ်သော ဓာတ်ပုံနှင့် ဓာတ်ပုံ၊ လိပ်စာတစ်ခုကိုသာ အားကိုးရာအဖြစ် အတူဆောင်ယူလာခဲ့မိသောခရီးမှာ ဘာကိုမှာဝန်ထုပ်ဝန်ပိုးအဖြစ် တွေးတောနေမိခြင်းမရှိဘဲ သွားလိုရောက်လိုသည့် ခရီးအတွက် ပြင်းပြသောစိတ်ဓာတ်ဖြင့် အမြန်ဆုံးဖြင့် ရောက်ရန်သာ ဆန္ဒရှိနေမိပါတော့သည်။

အသက်တစ်ဆယ့်ကိုးနှစ်အရွယ် နုနယ်သော မိန်းမသားတစ်ယောက်၏ အတွေးအခေါ်များ ဦးဆောင်ရာသို့ အတူလိုက်ပါရသူက ထားရာနေ စေရာသွားရသော ဒေါ်အဲရွှေဆိုသည့် အသက်ကြီးကြီး အဖော်အမျိုးသမီးတစ်ယောက်တို့ ဖြစ်သည်။

ဦးသက်ထွန်းကိုယ်တိုင် သမီးဖြစ်သူ၏ ရည်ရွယ်ချက်အစစ်အမှန်ကို ကြိုတင်သိခွင့်မရခဲ့သဖြင့် ဖခင်ဖြစ်သူ နောက်အိမ်ထောင်ပြုလိုက်ခြင်းအပေါ်မှာ စိတ်ဆိုးစိတ်ကောက်ခြင်းမျှသာဟု သာမန် နားလည်ထားသည့်အတိုင်း သမီးဖြစ်သူကို ချော့မော့နှစ်သိမ့်လို၍ သမီးသွားလိုရာခရီးကို ခွင့်ပြုလိုက်လျှောခဲ့ခြင်းတည်း။

အန္တရာယ်ပြွမ်းသော ဆူးခင်းလမ်းသို့ လျှောက်လိမ့်မည်ဟု သူကိုယ်တိုင် မသိတတ်နိုင်ခဲ့ချေ။ ထို့ကြောင့် တစ်ဦးတည်းသော သမီးလေးအတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် စိတ်အချရဆုံး ဒရိုင်ဘာတစ်ယောက်ကို စောခမ်းမုံသွားရမည့် ခရီးအတွက် အတူထည့်ပေးလိုက်ပါသည်။

"အိမ်ကကားနဲ့ မသွားချင်ဘူးဖေဖေ၊ ဗဟုသုတရအောင် သူများတွေလိုပဲ သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ သွားတာပေါ့သမီး၊ အခုတော့ ဖေဖေ စီစဉ်ထားတဲ့အတိုင်းပဲ သွားပါ၊ ဒါမှ ဖေဖေစိတ်ချရမှာပေါ့"

ငြင်းပယ်၍မရသည့်အဆုံး ဒရိုင်ဘာဦးသောင်းမောင်းသော ဆေဖော့ကားကြီးနှင့်ပင် စောခမ်းမုံ သွားလိုသောခရီးကို စတင်ရပါသည်။

ရောက်သည့်နေရာမှ ဖုန်းဆက်ဖို့မကြာခဏ သတိပေးသလို ကျန်းမာရေးဂရုစိုက်ဖို့ နွေးနွေးထွေးထွေးနေဖို့ မှာမဆုံးရှိနေပါသည်။

အထူးသဖြင့် စောခမ်းမုံတို့ လွတ်လပ်စွာ တည်းခိုနိုင်ရန် ဖေဖေက သူ့မိတ်ဆွေတစ်ယောက်၏ အိမ်တစ်လုံးကို ထမင်းချက်မည့်သူများ၊ ခြံစောင့်များ အပါအဝင် အထူးစီစဉ်ပေးလိုက်ခြင်းဖြင့် စောခမ်းမုံအတွက် အစစအဆင်ပြေစေပါသည်။

"သမီးလေးက ငယ်သေးတော့ ဘာတစ်ခုမှ စိတ်မချနိုင်ဘူး ဖြစ်နေလို့ပါ ကိုမင်းဇော်၊ အားလုံးကလည်း ကျွန်တော့်အပြစ်ဆိုတော့ ..."

"စိတ်ချစမ်းပါ ကိုသက်ထွန်းရာ၊ ဘာမှတွေးပူမနေစမ်းပါနဲ့၊ ဒီအရွယ်ဆိုတာ ဒီလိုပါပဲ၊ သွေးပူတုန်းခဏပါ၊ နောက်တော့လည်း သူ့အလိုလိုပြေသွားပါလိမ့်မယ်"

"ခင်ဗျားဘက်က ဘာမှမပူနဲ့တော့ဟုတ်လား၊ ကျွန်တော်ကိုယ်တိုင် ခင်ဗျားသမီးလေးအတွက် အိမ်တစ်လုံး သီးသန့်ပြင်ပြီး စိတ်အချရဆုံး အလုပ်သမားတွေနဲ့ ထားပေးလိုက်မယ် ဟုတ်ပြီ





လား"

"ကျေးဇူးကမ္ဘာပါ ကိုမင်းဇော်ရာ"

"မလိုပါဘူးဗျာ ...ဒါ ကျုပ်တို့အတွက် ဘာမှပြောပလောက်တဲ့ အလုပ်မဟုတ်ပါဘူး"

"စိတ်ချစမ်းပါဗျာ"

အာမခံသူက ရဲရဲဝံ့ဝံ့အာမခံသလို စိတ်အချရဆုံးလူတစ်ယောက်မို့ သက်ပြင်းချနိုင်သူက ဦးသက်ထွန်း ဖြစ်ပါသည်။

ခရီးရှည်တစ်ခါမှ မထွက်ဖူးသော စောခမ်းမုံတစ်ယောက် အိမ်နှင့်ကျောင်း၊ ဈေးနှင့်ရုပ်ရှင်ရုံပင် များများစားစား မသွားဖူးသည့်အတိုင်း လမ်းခရီးတစ်ခုလုံးမှာ အတွေ့အကြုံသစ်၊ မြင်ကွင်းသစ်များကို ငေးမောရူးစမ်းရင်း လိုက်ပါလာပါသည်။

စိမ်းလန်းညို့မှိုင်းသော သစ်ပင်သစ်တောများ၊ ပြာမှိုင်းသော တောင်စဉ်တောင်တန်းများနှင့် အရာရာတိုင်းက စောခမ်းမုံစိတ်အစဉ်ကို ဆွဲဆောင်နိုင်ပါသော်လည်း ကြာရှည်စွာမခံစားနိုင်ခဲ့ပါ။

လမ်းခရီးတစ်ဝက်မှာပင် ကားမူးပါသည်။ ကားတစ်ခါမှ ထောက်ဖူးသဖြင့် သူမတွင် အရေးကြုံကသုံးရန် မည်သည့်ဆေးဝါး ပါမလာသော်လည်း ဒေါ်အဲရွှေမှာတော့ ပစ္စည်းဆေးစုံပါလာ၍ တော်ပါသေးသည်။

ဆေးသောက်ပြီး ကားနောက်ခန်းမှာ တစ်ချိန်လုံး အိပ်ပြီး လိုက်ပါလာခဲ့သော ခရီးရှည်ကြီးမှာ စောခမ်းမုံအတွက် အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



မက်နေရသလိုသာတည်း။

"ဘယ်နှယ့်လုပ်ကြမလဲ မောင်သောင်းရဲ့၊ ခမ်းမုံလေးကိုလည်း ကြည့်ပါဦး၊ တကယ့်ကို လူမှန်းသူမှန်းမသိဖြစ်နေပြီ"

"ဘာမှစိုးရိမ်မနေပါနဲ့ ခေါ်အဲရွှေ၊ စောခမ်းမုံ အခုလိုအိပ်နေတာက သူ့အတွက် ပိုကောင်းတယ်လို့မှတ်ပါ"

"ခရီးရှည် ခရီးကြမ်း တစ်ခါမှမထွက်ဘူးမှတော့ ဒီလောက်တော့ ဖြစ်တော့မှာပေါ့ဗျာ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် မောင်သောင်းရယ်၊ ကလေးက တကယ့်ကို နုနုနယ်နယ်လေးမဟုတ်လား"

"ဒါပေါ့ဗျာ ...ဒါတွေသိနေလို့ ဆရာက ကျုပ်တို့ထည့်လိုက်တာကြည့်ပါလား"

"ကိုယ့်ကားနဲ့ကိုယ်မို့ပဲကွယ်၊ နို့မို့ ခမ်းမုံလေး အခုလိုဖြစ်နေပုံနဲ့ အခက်ပဲ"

သူမကိုကြည့်ပြီး ဝေဖန်သံတွေ လျှံနေပေမယ့် စောခမ်းမုံဘာတစ်ခုမှ မသိပါ။ အိပ်ရာမှနိုးလာတိုင်း ပတ်ဝန်းကျင်ကို စိမ်းဝင်စားသော မျက်ဝန်းရွှဲကြီးများဖြင့် အကဲခတ်သလို ကြည့်တင်ပြီး ခေါင်းကိုပင် ကောင်းစွာမထောင်နိုင်ဘဲ ပြန်လည်အိပ်ပျော်သွားတတ်ပါသည်။

သူမတည်းခိုရမည့် အိမ်ကြီးကို ကားရောက်ပါပြီ။ အိမ်ရှေ့တည့်တည့်မှာ ကားရပ်သည့်တိုင် အိပ်ရာမှမနိုးပါ။

"ကလေး ...စောခမ်းမုံ၊ တောင်ကြီးကို ရောက်ပြီကွယ်"





ဆင်"

"မောင်သောင်းရေ ....လုပ်ပါဦးကွဲ့၊ မင်းညီမ ဖျားနေတာ ကိုယ်တွေခြစ်ခြစ်တောက်ပူလို့ပါလား"

"ဗျာ"

ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းခံလိုက်ကြရခြင်း ဖြစ်ပါလား။

"ရောက်လာကြပြီလား ...ကိုသက်ထွန်းသမီးလေးဆိုတာ ရော ဘယ်မှာလဲ"

"ကားနောက်ခန်းထဲမှာပါ ဆရာ၊ ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဖျားနေပါတယ်"

"ဟေ"

အိမ်ရှင်အဖြစ် ကြိုဆိုနေရာပေးမည့်သူကိုယ်တိုင် မျက်လုံးပြူး မျက်ဆန်ပြူးသွားကာ ကားနောက်ခန်းကို အပြေးရောက်လာကာ ခြေမကိုင်မိ လက်မကိုင်မိ အူယားဖားယား ပြာလောင်ခတ်ကုန်ကြပါသည်။

"နေကြဦးဗျို့ ...ကိုသက်ထွန်းဖုန်းဆက်လာရင် ဒီအကြောင်း သူ့ကို လုံးဝမပြောကြနဲ့ ဟုတ်လား၊ ဒီလူအကြောင်း ကျုပ်သိတယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့"

လူမမာကို သူမအတွက် သီးသန့်ပြင်ဆင်ထားသော အခန်းထဲ အရောက် ပွေ့ယူချီမကြသည်။ ဦးမင်းဇော်ကိုယ်တိုင် သူ့အခိ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကို အပြေးပင့်ပြီး စောခမ်းမုံကို ဆေးကုသမှု ချက်ချင်း ပြုပါသည်။

တိုက်ဆိုင်စွာပင် ဦးသက်ထွန်းဆီမှ ဖုန်းဝင်လာရာ အားလုံး မျက်လုံးပြူးကြရပါတော့သတည်း။





## အခန်း (၃)

မနက်ခင်း၏ နွေးထွေးသော နေခြည်နုနုက အေးမြသော ရာသီဥတုကို လွှမ်းခြုံစိုးမိုးသွားနိုင်လောက်အောင် မတာတ်နိုင်ခြင်းကြောင့် အားလုံး၏ကိုယ်ပေါ်မှာ ကိုယ်စီကိုယ်စီ အနွေးအင်္ကျီထူထူ ဖားဖား၊ သိုးမွှေးဦးထုပ်လည်စီးပဝါ အပြည့်အစုံ ဆင်ယင်ထားရသည့် မောမြေ၏ ဆောင်းရာသီက မြေပြန့်သူ၊ မြေပြန့်သားတို့အတွက် ခိုက်ခိုက်တုန်ချမ်းအေးလွန်းပါဘိ။

သားမွေးစောင်ထူထူ အပုံကြီးကြားမှာတော့ နာလန်ထစ လူမမာအဖြစ် စောခမ်းမုံ ရောက်ရှိနေရသည့်အဖြစ်ကတော့ တကယ့်ကို စိတ်ပျက်စရာဖြစ်ပါသည်။

ဆရာဝန်၏ ဆေးကုသမှုကို နေ့တိုင်းခံယူရသလို အိမ်ထဲက အိမ်ပြင်ကိုပင် မထွက်နိုင်သောအခြေအနေမှာ ဖေဖေက ဖုန်းဆက်လာတိုင်း ကြည်ကြည်သာသာ ရွှင်ရွှင်ပျပျ အနေအထားမျိုးဖြစ်အောင် ဟန်ဆောင်လိမ်ညာပြောဆိုရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံတစ်ယောက် အိပ်ရာထဲလဲနေပါသည်ဆိုသော သတင်းစကားကို ဖေဖေ ကြားသိမည်ဆိုလျှင် ဖြစ်ချင်ရာဖြစ် သမီး ဖြစ်သူထံ ချက်ချင်းရောက်ချလာမည့် ဖခင်ကြောင့် ဖေဖေ့သူငယ်ချင်း အပါအဝင် စောခမ်းမုံကိုယ်တိုင် လိမ်ညာဟန်ဆောင်ကြရခြင်းတည်း။

အေးစက်သောလေသည် ရေခဲရေမှုန်တို့ကို ကျုံးယူပြီး အားပါးတရ ပက်ဖြန်းလိုက်သကဲ့သို့ စောခမ်းမုံ၏ လှပသောမျက်နှာလေးကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလေး ဗိုးဇော့ကျီစယ်လိုက်ခြင်းက အဖျားသွေး ပျောက်ကာစ သူမကိုယ်လေးကို တစိမ့်စိမ့် တုန်သွားစေသည့်အထိဖြစ်သည်။

“အား …ချမ်းလိုက်တာ”

သိုးမွေးဦးထုပ်ဖြူဖြူလေးကို မျက်နှာလှလှလေး ဖုံးလုမတတ် ဆွဲချလိုက်သလို အဖြူဆွတ်ဆွတ် ယုန်မွေးအင်္ကျီနှင့် အပေါ်ဝတ်ကုတ်အင်္ကျီရှည်ကြီးကြားမှပင် လက်ကလေးနှစ်ဖက်ကို ပိုက်ထွေးလျက် ကိုယ်လေးကို သေးကြုံ့ထားလိုက်ပါသည်။

သူမရောက်လိုသော တောင်ပေါ်မြို့ကလေးသို့ ရောက်ခဲ့ပါပြီ။ ဘဲဥအစရှာမရသလို ပျောက်ဆုံးနေသော ဦးလေးသားချင်းနှင့် ဆွေမျိုးမောင်နှမတွေကို ဘယ်လိုဘယ်ပုံစတင်ရှာဖွေရမှန်း စောခမ်းမုံကိုယ်တိုင် မသိသေးပါ။

သူမကိုယ်တိုင်သည်ပင်လျှင် နေကောင်းခါစမျှသာရှိသေးရာ အပြင်ထွက်ရန် အတော့်ကို အားမွေးရမည်ဖြစ်သည်။





“ခမ်းမုံရေ …ကလေး”

“ခမ်းမုံ”

ဟိုးအဝေးမှပင် ဒေါ်အဲရွှေ၏အသံကို ကြားသော်လည်း သူမမထူးမိပါ။ ရှေ့တည့်တည့်ရှိ မဲနယ်ရောင်တောင်ပြာတန်းနှင့် ဆွတ်ပျံ့လွှမ်းမောဖွယ် စိမ်းစိမ်းညို့ညို့ တောတန်းဆီသို့သာ ရီဝေမှုံမှိုင်းသော မျက်ဝန်းအစုံဖြင့် တွေ်တွေဝေဝေလေး ငေးမောကြည့်နေမိပါ၏သည်။

“စောခမ်းမုံရေ …ကလေး”

“ခမ်းမုံ …ဒီမှာပါ ဒေါ်အဲရွှေ”

“အိုး …ဘယ်နှယ့် လူမမာက လေစိမ်းတွေထဲမှာ ရပ်နေရတာတုန်း၊ အိပ်ရာထဲ ပြန်လဲနေမှဖြင့်ကွယ်”

“လာ …လာ အိမ်ထဲပြန်ဝင်ကြမယ်”

သူမရှိရာသို့ စိုးရိမ်ပူပင်ခြင်းများဖြင့် အပြေးရောက်လာပြီး ဒေါ်အဲရွှေက စောခမ်းမုံကို သူနှင့်အတူ အိမ်ထဲဝင်ရန် တိုက်တွန်းသတိပေးနေခြင်းကို ကြားနေရသော်လည်း သူမ လှည့်မကြည့်ပါ။

“ခမ်းမုံ နေကောင်းပါပြီ ဒေါ်အဲရွှေ၊ ဟောဒီ တောတန်းကြီးရဲ့ တစ်နေနေရာမှာ ဒါမှမဟုတ် ဟောဒီ တောင်ပေါ်မြို့ကလေးရဲ့ နေရာတစ်ခုခုမှာ ဦးလေးဟာ သူ့မိသားစုတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်ရှိနေမယ်ထင်ပါရဲ့နော်”

“ရှိနေနိုင်တာပေါ့ ကလေးရယ်၊ သူတို့လည်း လူချမ်းသာတွေပဲ၊ အေးအေးငြိမ်းငြိမ်းရှိနေနိုင်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဲရွှေက စောခမ်းမုံမျက်နှာလေး၏ တည်ငြိမ်လေးနက်နေပုံကိုကြည့်ပြီး သူမရင်ထဲက ခံစားချက်များကိုပါ မျက်လုံးများမှတစ်ဆင့် ဖတ်ရှုလိုက်ပါသည်။

သူ့လက်ထဲ သူ့ရင်ခွင်ထဲမှာ ကြီးပြင်းလူလားမြောက်ခဲ့ရသည့် စောခမ်းမုံ၏ နှလုံးသားတစ်နေရာမှာ ကွယ်လွန်သွားရှာပြီဖြစ်သော မိခင်ဖြစ်သူကို ရော်ရမ်းမှန်းဆပြီး တမ်းတလွမ်းဆွတ်သတိရနေတာကို ဒေါ်အဲရွှေ စာနာစွာ နားလည်ပေးနိုင်ပါသည်။

သနားစရာကောင်းလှသော ဤကလေးကို ဒေါ်အဲရွှေကိုယ်တိုင် မိမိရင်မှဖြစ်သော သမီးလေးပမာ သံယောဇဉ်ငြိတွယ်လွန်းရပါသည်။

"မေမေကရော့ဟင် ....ဦးလေးစဝ်မိုင်းနောင်တို့ မိသားစုကို မြင်နေနိုင်မယ်မဟုတ်လား"

"မြင်နိုင်တာပေါ့ကွယ်၊ မမက စိတ်သဘောထားဖြူစင်နူးညံ့သိမ်မွေ့လွန်းတဲ့ သူတော်ကောင်းတစ်ယောက်ပဲ၊ ကောင်းကင်ဘုံကနေ စောခမ်းမုံနဲ့ ဒေါ်အဲရွှေတို့ကိုလည်း သူမြင်တွေ့နေမှာပါ"

နှစ်သိမ့်အားပေးခြင်းစကားကို သူဆိုမိသည်။ ရာသီဥတုက အေးချမ်းလွန်းရာ တောင်ကုန်းလေးထက်မှာ နလန်ထလူမမာတစ်ယောက်အနေဖြင့် ကြာရှည်နေရန် ဘယ်လိုမှ မသင့်တော်ပါ။

"အိမ်ထဲဝင်ကြပါစို့ ကလေးရယ်၊ ဒီတစ်ခါ ကလေး ထပ်ပြီး ဖျားနာဦးမယ်ဆိုရင်တော့ ဒေါ်အဲရွှေ ဆရာကြီးကို အကြောင်းကြားရလိမ့်မယ်"





"ခမ်းမုံ အခုပဲ အထဲကိုဝင်တော့မှာပါ၊ ဒီမှာ ခဏလေး နေချင်သေးလို့ နေပါရစေဦး"

"သိပ်ခက်တာပဲကွယ် ...ဒေါ်အဲရွှေလည်း ကလေးကို နေစေချင်ပါတယ်၊ ဒါပေမယ့် အမြန်ဆုံးနေကောင်းမှ ကလေးသိချင်တာတွေကို သိရမယ်မဟုတ်လားကွယ်၊ ဒါကြောင့်ပါ"

ဒေါ်အဲရွှေ ပြောသည့်စကားမှ အမှန်တရားဖြစ်နေ၍ စောခမ်းမုံ မငြင်းနိုင်တော့ပါ။ နေရာမှ လှည့်ထွက်မည်အပြု...

"အို"

"ခမ်းမုံ ပဝါလေး လွင့်သွားပြီ"

လည်ပင်းတွင် ချည်နှောင်ထားသော ပဝါဖြူလေးက လေပြင်းနှင့်အတူ တောင်ကုန်းမြင့်ကလေးအတိုင်း ပေါ့ပါးစွာ မျောလွင့်သွားရာသို့ အံ့သြမင်သက်စွာ လိုက်ကြည့်နေစဉ်မှာပင် အမိုးပွင့်ဂျစ်ကားဖြင့် လူတစ်ယောက် တစ်ဖက်ခြမ်မှထွက်အလာနှင့်ဆုံတွေ့ပြီး ထိုလူက သူ့ထံ လွင့်မျောလာသည့်ပဝါကို ဖမ်းယူထားလျက် တောင်ကုန်းမြင့်ပေါ်သို့ မျှော်ခနဲ လှမ်းကြည့်လိုက်သည်။

စူးရှတောက်ပသော မျက်ဝန်းအစုံက စောခမ်းမုံရှိရာသို့ တည့်မတ်စွာ ရောက်ရှိလာရာ အံ့သြမင်သက်သော မျက်လုံးဝိုင်းကြီးများဖြင့် အမှတ်မထင် ဆုံစည်းမိကြသည်။

မြင့်မားထွားကြိုင်းသော ခန္ဓာကိုယ်က အဆီပိုမရှိ။ ကျစ်ကျစ်လစ်လစ်၊ အသားလတ်လတ် မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ် စူးရှတောက်ပသောမျက်လုံးအစုံမှာ အရောင်လက်ပြီး အဓိအား



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပါဝင်နေသလို ထင်ရသည်။

တင်းတင်းစေ့ထားသည့် နှုတ်ခမ်းနှစ်လွှာက လေးကိုင်းသဏ္ဌာန် တိတိရိရိ။ သူ့လက်ထဲမှာ စောခမ်းမုံ၏ ပဝါဖြူလေးက လေနှင့်အတူ တဖျပ်ဖျပ် လူးလွန့်လှုပ်ရှားနေဆဲ။

သူက စောခမ်းမုံကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး သူ့လက်ထဲက ပဝါဖြူလေးကို ပြန်ငုံ့ကြည့်သည်။ ပဝါဖြူ၏ အရှင်သခင်မသည် အဖြူရောင်နှင်းလွှာသုထဲမှာ အဖြူရောင်ဝတ်စုံဖြင့် နှင်းမင်းသမီးလေးပမာ သူ့ကို လှပဝိုင်းစက်သော မျက်ဝန်းများဖြင့် တုံ့ပြန်ကြည့်ငေးနေသည် မဟုတ်ပါလား။

ခွန်ပမြိုင်အထက် တောင်ကုန်းမြင့်ပေါ်မှာ ပဝါဖြူ၏ အရှင်သခင်မရှိနေသည်။ ဖြစ်နိုင်လျှင် သူ့လက်ထဲက ပဝါဖြူကို ပိုင်ရှင်ဖြစ်သူလက်ထဲအရောက် သူကိုယ်တိုင်ပေးအပ်ချင်ပါသည်။

သို့ပါသော်လည်း သူ့တွင် အချိန်ပိုမရှိ။ အရေးတကြီး ချိန်းဆိုထားသည့် အလုပ်ကိစ္စတစ်ခုရှိနေသည်။ လှပလွန်းသော နှင်းမင်းသမီးလေးကို သူဘယ်တော့မှ မေ့မည်မဟုတ်ပါ။

တစ်နေ့တော့ သူ့လက်ထဲက ပဝါဖြူကို သခင်မထံ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သော်လည်း အခုချိန်မှာတော့ သူ့စိတ်ကူးကို လက်တွေ့အကောင်အထည် မဖော်နိုင်၍ ခွင့်လွှတ်ပေဦးတော့ ငွေနှင်းဖြူမလေးရေ ...။

"ဗူး"





"ဝရော"

"ဟင်"

"ခမ်းမုံ ပဝါလေးကို သူယူသွားပြီ ဒေါ်အဲရွှေ"

ကားလေးက လေညှိုးမှ ပစ်လွှတ်လိုက်သော မြားတစ်စင်းနှယ် စောခမ်းမုံတို့ကို ကျောခိုင်းပြီး မြွေလိမ်မြွေကောက်လမ်းအတိုင်း အပြေးနှင်ထွက်ခွာသွားသူ၏ လက်ထဲမှာ စောခမ်းမုံ၏ ပဝါလေးသည် လေမှာလွန့်လူးလျက် လိုက်ပါသွားခဲ့လေပြီ။

စောခမ်းမုံ၏ ထိတ်လန့်တကြား အော်သံလေးကို သူမကြားလိုက်နိုင်ခဲ့ပါချေ။

"ဘယ်တတ်နိုင်မလဲကွယ် ...ဒီပဝါပိုင်ရှင်ဟာ ကလေးမှန်းသိမှာပါပဲ၊ အရေးတကြီးကိစ္စရှိလို့ ထွက်သွားဟန်တူပါရဲ့"

"လာပါကလေးရယ် ...နောက်ထပ်ပဝါဖြူတစ်ထည် ဒေါ်အဲရွှေ ပြန်ဝယ်ပေးပါ့မယ်၊ လေအေးတွေနဲ့ ထပ်ဖျားမှာစိုးလို့ပါ"

"လာ ...လာ"

ကလေးငယ်တစ်ယောက်လို စောခမ်းမုံ လက်ကလေးတွေကို တယုတယ ကြင်နာစွာ ဆွဲယူပြီး လာလမ်းအတိုင်း ပြန်ရန်ကြိုးစားနေသော ဒေါ်အဲရွှေ လက်ထဲမှ စောခမ်းမုံလမ်းတစ်ဘက်ဆီသို့ နောက်ပြန် လှမ်းမျှော်ကြည့်လိုက်ရာ ...

"အို"

ခပ်ဝေးဝေးသို့ ရောက်ရှိသွားပြီဖြစ်သော ကားကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရခြင်းနှင့်အတူ သူမ၏ လည်စည်းပဝါဖြူလေးသည်လည်း ကားမောင်းသူ၏လည်တိုင်မှာ တလူလူလွင့်မျောနေတာကို တွေ့လိုက်ရခြင်းက စောခမ်းမုံအတွက် ဘာကိုမှန်းမသိ အနေရခက်သလို သဘောမကျနိုင်သလိုပါလား။

တကယ်ဆို ...စောခမ်းမုံရဲ့ ပဝါဖြူလေးဟာ သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့များ ဘာလို့ အခုလို ပိုင်စိုးပိုင်နင်း သူပိုင်ပစ္စည်းတစ်ခုလို သူလည်မှာ အခန့်သား ချည်နှောင်သွားရတာပါ လိမ့် ...

သူဘယ်သူလည်း စောခမ်းမုံမသိပါ။ သို့သော်လည်း တစ်ခါမြင်ရုံနှင့်ပင် မှတ်မိနိုင်လောက်စရာ သူ့ရုပ်သွင်ကြောင့် သူမ၏ပဝါဖြူလေးကို ပြန်မပေးဘဲ ယူဆောင်သွားရက်သူကို စိတ်မှာကြိတ်ပြီး မကျေမနပ်လေး ရန်ထောင်နေမိပါသတည်း။





## အခန်း (၄)

စိုင်ပြွန်ရိပ်သာ ...။

ခြံအမည်၊ လမ်းနံပါတ် အတိအကျရှိနေသည့် လိပ်စာပါ စာအိတ်ခွံမှာ ဝါကျင့်အိုဟောင်းလှပြီဖြစ်သလို စောခမ်းမုံရောက်ရှိသွားသည့် အိမ်နှင့်ခြံဝန်းကြီးမှာလည်း ဖြူဖြင်ထိန်းသိမ်းမည့်သူကင်းဝေးလျက် ဟောင်းနွမ်းကျိုးအက်ပဲ့ကြွေလျက်ရှိပါသည်။

စိုင်ပြွန်ရိပ်သာဆိုသည့် အမည်ကို မတွေ့ရသလို မည်သည့်ဆိုင်းဘုတ်တစ်ခုတလေမှ ချိတ်ဆွဲထားသည်ကိုလည်း မမြင်ရပါ။

ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာပေါက်နေသော ခြံပျက်ကြီးရှေ့မှာ ရပ်လျက် အိမ်ကြီးထဲမှ လူရိပ်လူရောင် တွေ့နိုးဖြင့် လည်ကလေးဆန့်ပြီး ရှာဖွေကြည့်နေမိသည်။

မည်သည့်လှုပ်ရှားမှုကိုမှ မတွေ့ရ။ လူနေချင့်စလောက်အောင် အိမ်ကြီး၏ အခြေအနေကမရှိ။ တွေ့မြင်ရသူတိုင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာဖြစ်သလို အထီးကျန်ဆန်စွာ သံဝေဂရစရာလည်း ဖြစ်သည်။

တစ်ချိန်တစ်ခါကတော့ ကြီးကျယ်ခမ်းနားမှုအပေါင်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဤအိမ်၊ ဤခြံ၊ ဤမြေမှာ ရယ်မောသံ ချီးကျူးအားကျသံတို့ဖြင့် သာယာစေခဲ့ပေလိမ့်မည်။

ထိုအိမ်ကြီးတွင် ဦးလေးစဝ်မိုင်းနောင်နှင့် သူ၏မွေးစားမိခင်ဖခင်တို့ ပျော်ရွှင်ကြည်နူးစွာ နေခဲ့ကြမည့်ရှုခင်းကို စိတ်ကူးဖြင့် မှန်းမျှော်ကြည့်မိသည့်အခိုက်မှာပင် စောခမ်းမုံနားသို့ လူတစ်ယောက်ရောက်လာသည်။

"ဒီမယ် …ကလေးမ"

"အမလေး"

"ဆောရီး …သိပ်လန့်သွားရင် တောင်းပန်ပါတယ်ကွယ်၊ ဒီခြံရှေ့မှာ ကလေးအကြာကြီးရပ်နေတာတွေ့လို့ ဦးက လာမေးတာပါ၊ ဦးလေးက ဟိုဘက်တစ်ခြံကျော်မှာ နေပါတယ်"

"ရှင် …ဟုတ်ကဲ့ …ဒါ ဟို စိုင်ပြွန်ရိပ်သာ ဟုတ်ပါတယ်နော်"

"စိုင်ပြွန်"

"ဟုတ်ကဲ့"

အံ့သြနားမလည်နိုင်သော မျက်နှာဖြင့် စောခမ်းမုံ၏ လှပနုနယ်သော မျက်နှာကို အကဲခတ်သလို ပြန်ကြည့်နေပုံက တခြားကမ္ဘာက ရောက်လာသော ဂြိုဟ်သားတစ်ကောင်ကို ကြည့်ပုံမျိုးနှင့် ဆင်ဆင်တူပါသည်။





"ကြာခဲ့ပြီပဲကွယ် …သိပ်ကိုကြာခဲ့ပြီထင်တယ်၊ ဒီအိမ်ကြီးရဲ့အမည်ကို ဘယ်သူမှ စိတ်မဝင်စားကြတော့ဘူးလေ၊ တစ်ခေတ်တစ်ခါကတော့ စိုင်ပြွန်ရိပ်သာဆိုတာ ဒီမြို့မှာ နာမည်ကြီးပေါ့"

"ဒါဖြင့် …ဒါ စိုင်ပြွန်ရိပ်သာပဲပေါ့နော်"

"မှန်ပါတယ်ကွယ် …ဒါ စိုင်ပြွန်ရိပ်သာပါပဲ"

စောခမ်းမုံရင်ထဲမှာ ဒိတ်ခနဲ လှိုက်ခုန်သွားရပါပြီ။

သူမရှာဖွေနေတဲ့ အိမ်ကြီးကို တွေ့ပြီပဲ။

"ကလေးမကိုကြည့်ရတာ ဒီကမဟုတ်ဘူးထင်တယ်"

"ကျွန်မ…ရန်ကုန်ကပါ"

"သြော်"

"ဟို …ကျွန်မ သိချင်တာလေးတစ်ခုလောက် ဦးလေး မေးလို့ရမလားရှင်"

"မေးပါ …မေးပါ၊ ဦးလေးသိတာဆို ဖြေဖို့အသင့်ပါ"

တည်ငြိမ်အေးချမ်းသော လူကြီး၏မျက်နှာမှာ သဘောကောင်းစိတ်ရှည်ခြင်းများကို တွေ့မြင်ရခြင်းက စောခမ်းမုံရင်ကို အားတက်သရော ရစေပါသည်။

"ဒီအိမ်ကလူတွေအကြောင်း ကျွန်မသိချင်လို့ပါ၊ အရင်တုန်းက ဒီအိမ်မှာ ဘယ်သူတွေနေခဲ့ကြတာလဲ၊ အခုရော သူတို့တွေ ဘယ်ကိုပြောင်းရွှေ့သွားတာလဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း …အရင်တုန်းကတော့ သူဌေးကြီး ဦးစိုင်ပြွန် နေတာပဲ၊ စိုင်ပြွန်ဆိုတာ သူ့နာမည်လေ"

"ဟင်"

စောခမ်းမုံ ထင်ထားသလိုလည်း မဟုတ်ပါလား။ သူမ ထင်ထားသည်က စိုင်ပြွန်ရိပ်သာပိုင်ရှင်၏ အမည်ကို ဦးစိုင်းနောင် ဖဟု ဖြေရန် မျှော်လင့်ခဲ့သလို သူဌေးကတော်ကြီး၏အမည်ကို လည်း ဒေါ်နန်းလောဝ်ပန်ဟု ဖြေလိမ့်မည်ဟု ထင်ခဲ့သည်။

"သူဌေးကတော်ကြီးရဲ့ နာမည်ကိုတော့ ဦးလေးလည်း မသိတော့ဘူးကွဲ့၊ သူတို့မှာ သားသမီးသုံးယောက်ရှိတာကိုတော့ ဦးလေးသိတယ်"

"သားသမီးသုံးယောက်"

"ဟုတ်တယ်လေ …သုံးယောက်၊ သားကြီးနှစ်ယောက် နဲ့ သမီးလေးတစ်ယောက်ပေါ့"

"အို"

တစ်ခုခုတော့မှားနေတာ သေချာနေပါပြီ။

စောခမ်းမုံ သိထားတာတွေနှင့် တခြားစီဖြစ်နေရုံမက သူဌေးမိသားစုမှာ သားသမီးသုံးယောက်တောင် ရှိသည်တဲ့။

ဦးစိုင်းနောင်ဖတို့ ဖနီးမောင်နှံမှာ သားသမီးမထွန်းကာလျှ ဦးလေးစဝ်မိုင်းနောင်ကို မွေးစားခဲ့ကြတာမဟုတ်လား။ အခြေအနေ အချိန်အခါတွေအရ နာမည်တွေဘာတွေ လဲပြောင်းသွားကြရမည် ဆိုလျှင်တောင်မှ သူတို့မှာ သားတစ်ယောက်ထဲသာ ရှိနေရမှာပါ။





ဦးလေး စဝ်မိုင်းနောင်နှင့် ဘယ်လိုမှ မပတ်သက်တဲ့ အမေ့မိတ်ဆွေများလား။

"အခု သူတို့သားသမီးတွေရော ဒီမြို့မှာ နေကြသေးရဲ့ လားရှင်"

"သားကြီးနှစ်ယောက်ကတော့ ဒီမြို့မှာ မနေကြတော့ဘူး ကွဲ့၊ သူတို့မိဘ ဆုံးပြီးထဲက ရေကြည်ရာမြက်နုရာ ထွက်သွားကြ တယ် ထင်ပါရဲ့၊ သမီးအငယ်ဆုံးတော့ ရှိနေသေးတယ်၊ ဝါးတန်း ရပ်က တိုက်စိမ်းကြီးလေ၊ အမှတ် (----) လေ တွေ့ချင်ရင် အဲဒီကို လိုက်သွားပေါ့"

"ဟုတ်ကဲ့ …ကျေးဇူးတင်ပါတယ်ဦးလေး"

"ဒါနဲ့ ကလေးမလေးက သူတို့လူစုနဲ့ ဘယ်လိုများပတ် သက်နေလို့လဲ"

"ရှင်"

"သြော် …ဦးလေးက သားသမီးချင်း ကိုယ်ချင်းစာမှာ မို့လို့ပါ၊ တတ်နိုင်ရင် သူတို့နဲ့ကင်းကင်းနေတာ အကောင်းဆုံးပဲ ကွယ်၊ အင်မတန် ပြဿနာရှုပ်တဲ့ မိသားစုမို့ သတိပေးတာပါ၊ ဦးလေးလည်း လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါရှင်"

"ဦးလေးကြီး …ခဏလေးနေပါဦးရှင်၊ ဦးစိုင်ပြွန်ရဲ့ သမီး အငယ်ဆုံးနာမည်ကို ကျွန်မသိချင်လို့ပါ"

စောခမ်းမုံသည် သူမနားက ထွက်ခွာသွားစပြုနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော ဦးလေးကြီးကို ကမန်းကတန်းလေး လှမ်းတားလိုက်ရင်း သူမသိချင်တာကို မေးလိုက်သည်။

"နန်းဆိုင်လောဝ် ...ဒေါ်နန်းဆိုင်လောဝ်ပေါ့ကွယ်"

ဒေါ်နန်းဆိုင်လောဝ်...။

ထိုအမည်ကို စောခမ်းမုံနှုတ်ဖျားက တိုးတိုးလေး ရွတ်ဆိုကြည့်မိသည်။ ဒေါ်နန်းဆိုင်လောဝ်နဲ့ ဒေါ်နန်းလောင်ဝ်ပန်။ အမည်နှစ်ခုက ဆင်သယောင်ယောင်။ ကိုယ်လိုရာကို ဆွဲတွေးရခြင်းဖြစ်ပေမယ့် ရှမ်းမြေမှာ ရှမ်းနာမည်တွေ ဆင်တူဖြစ်နေရုံမက နာမည်တူတာတွေလည်း အများကြီးရှိနေမှာကို တွေးလိုက်မိခြင်းကြောင့် ရင်မောပင့်သက်ဖြာရပါသည်။

စမီသည့်ခရီးကို ဆုံးအောင်လိုက်ရမည်က စောခမ်းမုံတာဝန်မို့ သူမသိချင်သည့် အဖြေနှင့် အနီးစပ်ဆုံး ရရှိချင်နေမိသည်။

ထို့ကြောင့် ဦးလေးကြီးပြောလိုက်သည့် လိပ်စာအတိုင်း ဒေါ်နန်းဆိုင်လောဝ်အိမ်ကို ရှာဖွေသွားရောက်ခဲ့ပါသည်။

စိုင်ပြွန်ရိပ်သာနှင့် ဆန့်ကျင်ဘက် ...။

ခမ်းနားကြီးကျယ်ခြင်း၊ လှပသပ်ရပ်ခြင်းတို့ဖြင့် စိတ်ရှိတိုင်း ပြင်ဆင်ခြယ်မှုန်းထားသည့် အစိမ်းရောင်နှစ်ထပ်တိုက်ကြီးနှင့် ခြံဝန်းကျယ်ကြီးထဲ ကားရောင်စုံသုံးစီး အစီအရီရပ်ထားသလို ဂျပန်မြက်ခင်းစိမ်းနှင့် ရောင်စုံဖူးပွင့်နေသော ပန်းပင်သစ်ပင်များကလည်း မျက်စိအေးစရာ ပသာဒတစ်ရပ်ကို ပေးစွမ်းလျက်ရှိသည်။

လူရိပ်လူယောင်ကို မမြင်ရသော်လည်း အထဲမှာ လူရှိနေ





မည်မှာ သေချာသဖြင့် လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါသည်။

သိပ်မကြာလိုက်ပါ ...။

အိမ်ဖော်နှင့်တူသော မိန်းမတစ်ယောက် ထွက်လာပြီး စောခမ်းမုံကို သူတို့ဘာသာစကားဖြင့် တစ်စုံတစ်ရာကို မေးမြန်းပါသည်။

စောခမ်းမုံထံမှ မည်သည့်တုံ့ပြန်ဖြေဆိုသံကိုမှ မကြားရသောအခါ မြန်မာလိုမေးပါသည်။

"ဘာကိစ္စရှိလို့လဲ"

"ဒေါ်နန်းဆိုင်လောဝ်နဲ့ တွေ့ချင်လို့"

"ဘယ်သူလို့ ပြောလိုက်ရမလဲ"

"ရန်ကုန်ကဧည့်သည်လို့ ပြောပေးပါ"

"ခဏစောင့်"

အိမ်ဖော်မိန်းမက လှပချောမောသော နုငယ်ရှင်းသန့်လွန်းသည့် စောခမ်းမုံကို ခြေဆုံးခေါင်းပြန် တစ်ချက်စူးစိုက်ကြည့်ပြီး အိမ်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

စောခမ်းမုံတွင် ကားမပါလာခဲ့ပါ။ ဒရိုင်ဘာဦးသောင်းနှင့် ဒေါ်အဲရွှေတို့ကို ဒီနားလမ်းလျှောက်ဟု အကြောင်းပြကာ သူမတစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

"တီ"

နောက်ပါးဆီမှ ကပ်လျက်ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် စောခမ်းမုံကိုယ်လေး ဆတ်ခနဲဖြစ်သွားကာ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ စိတ်အားထက်သန်စွာ စောင့်မျှော်ကြည့်နေသော သူမ ဦးခေါင်းလေးသည်လည်း ဖြည်းဖြည်းခြင်း ကားရှိရာဘက်သို့ လှည့်လိုက်ပါသည်။

ငွေမင်ရောင် ဖိတ်ဖိတ်တောက်နေသော ကားပေါ်မှာ လူတစ်ယောက် ရှိနေပါသည်။ ထိုသူကလည်း စောခမ်းမုံရှိရာသို့ အမှတ်မထင် လှမ်းအကြည့်မှာ မျက်လုံးချင်း ဆုံစည်းသွားကြသည်။

"ဟင်"

"အို"

စောခမ်းမုံရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသလို မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်။

ဓာတ်ပုံထဲက ဦးလေးစဝ်မိုင်းနောင်နှင့် ဆင်ဆင်တူသော လူတစ်ယောက်။ စောခမ်းမုံထက် အသက်နှစ်ဆယ်ခန့် ကြီးပုံရ သလို ဦးလေးစဝ်မိုင်းနောင်ထက်လည်း ပို၍တည်ကြည်ခန့်ညား ချောမောလွန်းပါဘိ။

သူ ...ဘယ်သူလဲ ...။

ဦးလေး စဝ်မိုင်းနောင်ရဲ့သားများလား။

စောခမ်းမုံများ မျက်စိအကြည့်မှားနေခြင်းလားဆိုသည့် အတွေးဖြင့် သူမမျက်စိရှေ့တည့်တည့်ရှိလူကို မျက်လုံးလေးအပြူး သား၊ ပါးစပ်ကလေး အဟောင်းသားဖြင့် သေသေချာချာကြီး အားမနာတမ်း စူးစိုက်ကြည့်လိုက်မိရပါပြီ။

သေချာကြည့်တော့ သိပ်ပြီးမတူလှပါ။ ဓာတ်ပုံထဲက





ရုပ်နှင့် အပြင်ဘက်က ရုပ်က ဆင်သယောင်နှင့် မတူကြ။ သူက ပို၍တည်ကြည်ခန့်ညားချောမွေ့နေလွန်းသူ ဖြစ်သည်။

ဝတ်စားပြင်ဆင်ပုံချင်း၊ ဆံပင်ထားပုံ ခေတ်နှင့်လျော်ညီ သလို ဖြူဝင်းသောအသားအရေမှာ ပါးအို့နှစ်ဖက်လုံးရဲနေပြီး နှုတ်ခမ်း မွေးပါးမြိုင်းမွေး နေရာက စိမ်းဖန့်လျက် နှုတ်ခမ်းအစုံက ရဲရဲနီနေ ပါသည်။

စောခမ်းမုံ ရှာနေသူကို တွေ့ရပြီလားဆိုသည့်အတွေး ကြောင့် သူမရင်တွေ တဒိတ်ဒိတ်မြည်လာသည်။ အဖေက ဒီလောက်မချောပေမယ့် သားက အဖေ့ထက် ပိုချောတာမျိုးလည်း ရှိတတ်ကြတာပဲ မဟုတ်လား။

"ရှင် ...ရှင့်အဖေနာမည်ဘယ်သူလဲ"

"ခင်ဗျာ"

ဒီတစ်ခါ စောခမ်းမုံလိုပဲ အံ့ဩမင်သက်ရသူက ရွှေမင်း သား ဆေးဗညားပါ။ သူတစ်ခါမှ မမြင်ဘူး မတွေ့ဘူးသည့် မိန်းမချောလေးတစ်ယောက်ကို သူ့အိမ်ရှေ့မှာ တွေ့လိုက်ရလို့ အံ့ဩ သင့်နေတုန်း သူမကလည်း သူ့မျက်နှာကိုမြင်တွေ့လိုက်သည်နှင့် မျက်လုံးအပြူးသား ပါးစပ်ကလေးဟပြီး အံ့ဩသင့်နေပုံလေးကိုက ဆေးဗညားထင် ရင်ထဲကို လျှပ်တစ်ပြက် ဝင်ရောက်သွားရပါသည်။

လှလိုက်တာ ....။

သိပ်လှတာပဲ ...။

ဒီလိုအလှပိုင်ရှင်မျိုး ဒီမြို့မှာ တစ်ခါမှမတွေ့ဘူးပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေတုန်း သူမခမျာလည်း ဆေးဗညားလို ရွှေမင်းသားကို မျက်လုံးကလေး ဝိုင်းဝိုင်းလည် သေချာစူးစူးစိုက်စိုက်ကြည့်နေပုံက ဆေးဗညားတောင် မနေတတ်မထိုင်တတ် ဖြစ်ရသည့်အထိပါ။

သူ ဘာများ အမှားအယွင်းလုပ်ထားမိသလဲဆိုသည့် အတွေးနဲ့ သူ့မျက်နှာကိုတောင် လက်နဲ့ မလုံမလဲ ပွတ်သပ်မိနေ တုန်း ဖြုန်းခနဲ မိန်းမလှလေး မေးလိုက်ပုံက အတော့်ကို ဝှကျကျ နိုင်လှပါကလား။

တကယ်ဆို သူမရဲ့ အိပ်လှတဲ့ တအံ့တသြဟန်အမူအရာ လေးနဲ့ ...

"ရှင် ...ရှင့် ရှင့်နာမည်ဘယ်သူလဲ"လို့ မေးရမှာပါ။

အခုတော့ သူမမေးခွန်းကလည်း အလွဲလွဲအမှားမှား ထူးထူးခြားခြား။

"ရှင် ...ရှင့်အဖေနာမည် ဘယ်သူလဲ"တဲ့။

"ရှင် ...ရှင့်အဖေနာမည် ဘယ်သူလဲလို့ မေးနေတာ ရှင့်"

"ဩော်"

ဒီတစ်ခါတော့ နားကြားမှားခြင်း မဟုတ်တာ သေချာ သွားပါပြီ။ မိန်းမချောသိချင်တာ သူ့နာမည်မဟုတ်။ ဆေးဗညား ရဲ့ အဖေနာမည်။

"မှတ်ပုံတင်ဌာနကလား"

"ရှင်"





"ကိုယ့်နာမည်မမေးဘဲ ကိုယ့်အဖေနာမည် မေးလို့ပါ၊ မင်းဘယ်သူလဲ"

"ဟင်"

"အထဲဝင်လို့ရပါပြီ၊ အထဲမှာ အန်တီကြီး စောင့်နေပါ တယ်"

အိမ်ဖော်မိန်းကလေးက ခြံဝင်းတံခါးကျယ်ကြီးကို ဖွင့်ပေး ရင်း တစ်ဆက်ထဲ စောခမ်းမုံကို ပြောလိုက်ခြင်းကြောင့် ဆေးဗညား အကြည့်က လှပသောမျက်နှာလေးရှိရာကို ရောက်သွားပါသည်။

"မင်းက ...မာမီ့ညှိသည်လား"

စောခမ်းမုံ မဖြေတော့ပါ။

သူ့ကားနားကဖြတ်ပြီး ခြံဝင်းထဲကို လျှောက်ဝင်ခဲ့လိုက် ပါသည်။ ဆေးဗညားပခုံးနှစ်ဖက်ကို လှပစွာ တွန့်လိုက်သည်၊

ဘယ်လိုလေးလဲ ...။

စောစောတုန်းကတော့ သူ့မျက်နှာကို မြင်မြင်ချင်း အံ့သြ ထိတ်လန့်တုန်လှုပ်နေသလောက် အခုတော့ မျက်နှာလှလှလေးက တကယ့်ကို ခပ်တည်တည်လေးပါလား။

ကားကို ဖြည်းဖြည်းချင်း ဘီးလိမ့်ရုံမောင်းပြီး မိန်းမလှ လေးကို စေ့စေ့ကြည့်လိုက်သည်။ သူ့မျက်နှာချောချောကလည်း ခပ်တည်တည်။

ဆေးဗညားလေ ...တခြားသူမှမဟုတ်ဘဲ။ သူလိုလူတစ် ယောက်ကို ဘယ်သူမှလာကျော့လို့မရ။ အထူးသဖြင့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သွေး။

မိန်းကလေးတွေဆို ဆေးဗညားက ဘယ်သူ့ကိုမှ အထင်မကြီး။ လက်ခုပ်ထဲကရေလို သွန်ချင်သည့်အချိန်မှာသွန်၍ မှောက်ချင်သည့်နေရာမှာ မှောက်ပစ်တတ်သူ။

ဒီလိုအခြေအနေမျိုးဖြစ်အောင်လည်း ဆေးဗညားမှာ ချောမောခန့်ညားသော ဥပဓိရုပ်၊ ချမ်းသာပြည့်စုံကြွယ်ဝရုံမက ကိုယ်တိုင်ကလည်း ဒေါက်တာဘွဲ့ကို ပူပူနွေးနွေး ရထားသော ဒေါက်တာဆေးဗညား။

သူ့အနားမှာ မခွတ်ခင်က ညွှတ်ချင်သူတွေဝိုင်းဝိုင်းလည်နေသူ။ ဖြူဖြူ၊ ညိုညို၊ ဝါဝါ၊ မဖြူမညိုမဝါလေးတွေအားလုံး ဆေးဗညားကသာ ဂရုမစိုက်ဘဲနေချင်နေမည်။

သူ့ကို အခုလို တခြားမိန်းကလေးတစ်ယောက်က ဂရုမစိုက်သလို၊ အရေးမထားသလို ဥပေက္ခာပြုတာမျိုး လုပ်လာမှာကို သူ့မာနက ခွင့်မပြု။

သဘောလည်း မကျနိုင်ဘဲနှင့် မိန်းမချောလေးက သူနှင့် ပတ်သက်ပြီး ဆန့်ကျင်ဘက်ပုံစံလေးတွေ အမျိုးမျိုးပြောင်းလဲနေတာကိုတော့ အသည်းတယားယားနှင့် သဘောကျနေမိသလိုပါလား။

''ကျွီး''

''အို''

စောခမ်းမုံ ရှေ့တည့်တည့်ကိုသွားပြီး ဆေးဗညားက သူ့ကားလေးကို ပိတ်ရပ်ပစ်လိုက်ခြင်းက လှမ်းလက်စ သူမခြေလှမ်း





လေးများကို ရပ်တန့်သွားစေရုံမက လှပဝိုင်းစက်သော မျက်ဝန်းအစုံကလည်း သူ့မျက်နှာချောချောရှိရာကို ဖျတ်ခနဲ ရောက်လာသည်။

ဆေးဗညား လိုချင်တာကလည်း ဒါပဲလေ။

သူ့ကို ဂရုမစိုက်သလိုလေး လုပ်သွားတာကို မခံချင်လို့ သူ့ကိုသူမ မကြည့်ကြည့်အောင် တမင်လုပ်ခြင်းပါ။

ပြီးမှ သူမကို အရေးမစိုက်ဟန်အပြည့်နှင့် ကားတံခါးကို ဖွင့်ပြီးဆင်းလိုက်သည့်အခါ ဖြူသောမြင့်သော သူ့အသွင်က ခန့်ညားစွာ မားခနဲပေါ်လာရပါသည်။

ကြည့်ပါဦး …။

သူ့အရပ်က အတော့်ကို မြင့်တာပါပဲလား။

စောခမ်းမုံအနားက ခပ်တည်တည်ဖြတ်အသွားမှာ သင်းပျံ့သော ကိုယ်သင်းရနံ့တစ်မျိုးနှင့်အတူ ဂျူတီကုတ်နှင့် ဆရာဝန်သုံးနားကြပ်ကို ကြီးမားသော ပိုက်ဆံအိတ်နက်နက်ဖြင့် တွဲလျက် မြင်လိုက်ရသည်။

သူ့ကို ဆရာဝန်တစ်ယောက်မှန်း စောခမ်းမုံ သိခွင့်ရလိုက်ပါသည်။

ကိုလူချောက စောခမ်းမုံကို မကြည့်ဘဲ တိုက်စိမ်းကြီးထဲ အရင်ဦးအောင်ဝင်သွားနှင့်ပါသည်။ ဗန်ဒါစေ့သဖွယ် မျက်ရစ်မပါဘဲ လှပဝိုင်းစက်သည့် မျက်ဝန်းအစုံနှင့် တင်းတင်းစေ့ပိတ်ထားသည့် မထူမပါး နှုတ်ခမ်းအစုံမှာ သူ့မာနတွေ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံလိုဘာမှမဟုတ်တဲ့ မိန်းကလေးတစ်ယောက်က သူလို ပညာတတ်သူဌေးသား ဆရာဝန်တစ်ယောက်ရဲ့ အမေးကို မဖြေဘဲနေခြင်းက သူ့မာနကို ထိခိုက်သွားစေသလားမပြောတတ်ပါ။

"သားလေး ပြန်လာပြီလား"

"ဟုတ်ကဲ့ မာမီ"

ဆေးဗညား အိမ်အပေါ်ထပ်ကို မတက်သေးဘဲ မာမီနှင့် ခပ်လှမ်းလှမ်းကခုံမှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည့်အချိန်မှာပင် စောခမ်းမုံ ရောက်လာသည်။

"ညှို့သည်ဆိုတာ မင်းလား"

"ဟုတ်ကဲ့"

တင်းမာသည်လည်းမဟုတ်၊ ပျော့ပျောင်းသည်လည်း မမည်သော မျက်နှာထား၊ စကားသံများကို ကြားရသလို ခန့်ညား အသရေရှိသော မျက်နှာကို မြင်ရသည်။

"အန်တီက ...ဒေါ်နန်းဆိုင်လောဝ်ပါနော်"

"ဟုတ်ပါတယ်၊ မင်းက အန်တီကိုတွေ့ချင်တယ်ဆိုတာ ကိစ္စရှိလို့လား"

စောခမ်းမုံကို အကဲခတ်ကြည့်ရှုနေသော မျက်ဝန်းနှစ်စုံရှေ့မှာ ရုတ်တရက် စောခမ်းမုံ ဘာကစပြောရမှန်းမသိ ဖြစ်သွားသည်။

"ထိုင်ပါဦးလေ ...အေးအေးဆေးဆေး ပြောကြတာပေါ့၊ မင်းက ရန်ကုန်ကနော်"





"ဟုတ်တဲ့"

"မင်းက အန်တီကိုသိလို့လား၊ အန်တီကတော့ မင်းကို လုံးဝမသိဘူးဆိုတာ သေချာပါတယ်"

သားအမိနှစ်ယောက်စလုံး၏ အကြည့်များက စောခမ်းမုံ၏ မျက်နှာလှလှလေးမှာ စူးစူးစိုက်စိုက် ရောက်ရှိနေကြပါသည်။

စောခမ်းမုံ နှုတ်ခမ်းဖျားက ထွက်ပေါ်လာမည့် စကားလုံးတိုင်းကို စိတ်ဝင်တစား စောင့်ကြည့်နေမှန်း သူမသိပါသည်။ အခုမှတော့ မထူးတော့ပါ။

ဒီနေရာကို ရောက်ချင်လွန်းလို့ ဟိုးအဝေးကြီးကတောင် စွန့်စားပြီး ရောက်အောင်လာခဲ့ပြီးပြီပဲ။ ရင်ထဲကရှိတာတွေကို မကွယ်မဝှက် ဝန်ခံပြောလိုက်ရုံပေါ့ဟု ကိုယ့်ဘာသာ အားတင်းလိုက်ပြီး မျက်နှာလှလှလေးကို ဖျတ်ခနဲပင့်မော့လိုက်ပါသည်။

"ကျွန်မလည်း အန်တီ့ကို လုံးဝမသိပါဘူးရှင်"

"ဟင်"

"ဘယ်လိုကြဲ့"

ကိုလူချော၏ မျက်ခုံးထူများ တွန့်သွားသလို ဒေါ်နန်းဆိုင်လောဝ်၏ မျက်နှာမှာလည်း အလိုမကျခြင်းတို့ ဖြစ်ထွန်းပါသည်။

"ကျွန်မနာမည် စောခမ်းမုံပါ"

"စောခမ်းမုံ"

ဒေါ်နန်းဆိုင်လောဝ်ထံမှ တီးတိုးရေရွတ်သံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ထဲမှာပင် လှပသော ဒေါ်နန်းဆိုင်လော်၏ မျက်နှာမှာ တင်းမာခြင်းတချို့ ဖြစ်ပေါ်လာလျက် စောခမ်းမုံ၏ မျက်နှာကို ခက်ထန်စွာ ကြည့်လာသည်။

"မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ ကလေးမ"

"ရှင်"

"ဦးစောမင်းကြိုင်ရဲ့အကြံ ဒါအကုန်ပဲလားလို့ မေးလိုက်စမ်းပါ"

"အို"

"မာမီ"

"စိတ်ကိုအေးအေးထားလေ မာမီ၊ သူပြောမယ့်စကားကိုလည်း ဆုံးအောင်နားထောင်ဦးမှပေါ့"

ဆေးဗညား မိခင်ဖြစ်သူ၏ လက်ကိုဆွဲပြီး ကမန်းကတန်း သတိပေးလိုက်ရသလို အံ့သြထိတ်လန့်သော မျက်ဝန်းအစုံဖြင့် သူတို့သားအမိကို ကြည့်နေသော စောခမ်းမုံဆိုသည့် မိန်းမလှလေး ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

စောခမ်းမုံတဲ့ …။

နှာမည်နှင့်လျှနှင့်လိုက်ဖက်အောင်ပင် လှပနုနယ်လွန်းသော မိန်းမလှလေးမှာ ဝင်းဝါဖြူနုသော အသားအရေက နှင်းနှစ်ရောင်စိမ်းလဲ့လဲ့သန်းနေသလို ပန်းချီဆရာစိတ်ကြိုက် ရေးဆွဲလက်စွမ်းပြသလို လှပသောမျက်နှာလေးပေါ်ရှိ အစိတ်အပိုင်းအားလုံးသည်လည်း တစ်ခါမြင်တွေ့ဖူးရုံနှင့် တစ်သက်မမေ့နိုင်စရာ လှတစ်မျက်နှာ





ယဉ်တစ်ကိုယ်လုံးဟု ဆိုရမည့် မိန်းမချောလေးဟာ ဦးစောမင်းကြိုင်က လွှတ်လိုက်တဲ့သူပဲလား။

"မင်းကို ဦးစောမင်းကြိုင် ဘာအတွက် ဒီကိုလွှတ်လိုက်တာလဲ စောခမ်းမုံ"

"ဘယ်က ဦးစောမင်းကြိုင်လဲ၊ ရှင်တို့ပြောနေတဲ့လူကို ကျွန်မမသိဘူး၊ နာမည်လည်း မကြားဖူးပါဘူး၊ရှင်တို့ လူမှားနေပြီရှင့်"

မာမီ့ကိုယ်စား ဆေးဗညား မေးလိုက်ခြင်းပါ။ စောခမ်းမုံမှာလည်း သူမပြောချင်သည်ကတခြား ဖြစ်နေပုံကတလွဲမို့ မျက်နှာလှလှလေး ညိုချင်ချင်ရယ်ပါ။

ဒါကြောင့်မို့ထင်ရဲ့ …။

စောစောက လှမ်းမှာတွေ့သည့် ဦးလေးကြီးက စောခမ်းမုံကို သတိပေးစကား ပြောလိုက်သေးသည်မဟုတ်လား။ ဘာတဲ့ သူတို့မိသားစုကလည်း ပြဿနာခပ်ရှုပ်ရှုပ်တဲ့။ ပုံစံတွေကြည့်ရတာတော့ အဆင့်အတန်းမြင့်မြင့် ချမ်းချမ်းသာသာ ချောချောလှလှတွေပါ။

သူတို့ကိုယ်တိုင် ရှုပ်ထွေးနေပုံရသော အိမ်တွင်းရေးပြဿနာတစ်ခုခုနှင့် ဘုမသိဘမသိ ရောက်လာသော လူစိမ်းဧည့်သည် စောခမ်းမုံအပေါ်မှာ တစ်မျိုးကောက်ချက်ချ အထင်အမြင်လွဲလျက် ရှိနေပါရော့လား။

ဆေးဗညားနှင့် ဒေါ်နန်းဆိုင်လော်က စောခမ်းမုံမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို စေ့စေ့ကြည့်နေသည်။ အတန်ကြာမှ ...

"ဒါဖြင့် မင်းက ဘယ်သူလဲ"

"ကျွန်မ စောခမ်းမုံပါလို့ ပြောပြီးပြီလေ"

"မင်းပြောတော့ မာမီ့ကိုလည်းမသိဘူးဆို"

"ဟုတ်တယ်၊ ကျွန်မ ဟောဒီက အန်တီကိုလည်း မသိဘူး၊ တခြား ဘယ်သူ့ကိုမှလည်း မသိပါဘူး၊ ဒါပေမယ့် ကျွန်မသိတဲ့လူတစ်ယောက်ကို ရှာချင်လို့ ရှင်တို့ဆီကို ရောက်လာရတာပါ"

"ကျွန်မကြောင့် အန်တီ့မှာ အနှောင့်အယှက်ဖြစ်သွားရတာကို ခွင့်လွှတ်ပါ၊ နောက်မှပဲ တစ်ခေါက်သတ်သတ် ကျွန်မ ပြန်လာခဲ့ပါဦးမယ်၊ ကျွန်မကို ခွင့်ပြုပါဦးရှင်"

နူးညံ့သိမ်မွေ့သော အမူအရာ။ ညင်သာတိုးသက်သော စကားများ။ ဒေါ်နန်းဆိုင်လောဝ်အပေါ်မှာ တနာကြင်နာစွာ ကြည့်လာသော မျက်ဝန်းအကြည့်လေးများဖြင့် တရိုတသေ ခပ်ယဉ်ယဉ်စွာ တုံ့ပြန်နှုတ်ဆက်စကားဆိုပြီးနေရာမှ သိမ်မွေ့နူးညံ့စွာ ပွက်ခွာသွားသော စောခမ်းမုံဆိုသည့် မိန်းမလှလေး၏ ထူးခြားလေးနက်သော အမူအရာက မာမီ ထင်မြင်ယူဆထားသလို သူတို့မိသားစုအပေါ်မှာ အန္တရာယ်ပေးလိုဟန်လည်း တစ်ခုမှမရှိပါလား။

ရောက်လာပုံကလည်း ထူးထူးခြားခြား။

ပြောလာသည့်စကားတွေကလည်း ဆန်းပြားလှချည်လား။ သူမက နောက်တစ်ခါလာဦးမည်ဆိုသော်လည်း ဆေးဗညားရင်ထဲ





မှာတော့ သူမဟာ ဘယ်တော့မှ သူတို့ဆီကို ပြန်လာတော့မှာမဟုတ်ဘူးလို့ ထင်နေမိတာကရော ဘာကြောင့်ပါနည်း။

"မာမီ"

"သူ့ကိုပြန်ခေါ်လိုက်စမ်း သားငယ်"

"ဟိုတ် ...နေဦး"

သူ့ကိုယ်သူ သတိမထားမိနိုင်ခင်မှာပဲ ဆေးဗညား၏ ခြေလှမ်းကျဲကြီးများက သူမရှေ့တည့်တည့်မှာ မားမားကြီး ရောက်ရှိလို့သွားရပါပြီ။

"ကိုယ်တို့နဲ့ အေးအေးဆေးဆေး စကားပြောကြရအောင်လား စောခမ်းမုံ၊ မင်းအပေါ်မှာ အထင်လွဲမိတာ မာမီကိုယ်စား ကိုယ်တောင်းပန်ပါတယ်"

"ကျွန်မကသာ တောင်းပန်ရမှာပါရှင်၊ ကျွန်မကြောင့် အန်တီ့မှာ စိတ်အနှောင့်အယှက်ဖြစ်ရတာမဟုတ်လား"

ဩော် ...စောခမ်းမုံဆိုတဲ့ မိန်းမလှလေးရယ်၊ မင်းလေးဟာ ကိုယ်တို့အတွက် စာစ်ခုခုထူးခြားနေပါတယ် ...

ဒါပေမယ့် ...ဒါဟာ ဘာလဲဆိုတာတော့ကိုယ်ကိုယ်တိုင်လည်း မသိဘူးကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဆေးဗညားတစ်ယောက် လူက အိပ်ရာထဲမှာ ငြိမ်သ
တိတ်ဆိတ်နေပေမယ့် မဆုံးနိုင်သော အတွေးများကြောင့် အိပ်ေ
ခြင်းသို့ ဘယ်လိုမှ မရောက်နိုင်အောင် ဖြစ်နေပါသည်။

စောခမ်းမုံဆိုသည့် မိန်းမလှလေးအကြောင်းများက ဆေ
ဗညားတစ်ကိုယ်လုံးကို စိုးမိုးချုပ်ကိုင်လွှမ်းမိုးထားသည့်အဖြ

သူ့နားထဲမှာ စောခမ်းမုံ၏ ချိုသာနူးညံ့သိမ်မွေ့သေ
စကားသံလေးများ အချိုးအစားကျနလှပသော ကိုယ်နေဟန်လှပ်
မှု စွဲမက်ဖွယ်မျက်ဝန်းအကြည့်၊ နှုတ်ခမ်းရဲရဲလေး အဖွင့်အပိ
အားလုံး အားလုံး သူဘယ်လိုမှ မေ့ဖျောက်လို့မရနိုင်ဘဲရှိနေသည်

တစ်ချက် …တစ်ချက် စကားပြောရင်းက တိုးတိမ်ခ
သွားသောကြောင့် ထစ်ငေါ့တုန့်ရီမှုလေးများကြောင့် မျက်လွှာခ
အတန်ကြာကြာ တိတ်ဆိတ်ငြိမ်သက်သွားရဟန်လေးကဖြင့် ဆေ
ဗညား၏ ရင်ကို တစ်မျိုးလေး ခံစားနာကျင်စေတတ်ပြန်သည်





ဆွတ်ပျံ့လွမ်းမောဖွယ် ပုံပြင်လေးတစ်ပုဒ်၏ အဆုံးသတ်မှာ မလှပသော်လည်း သူ့ရှေ့တည့်တည့်ရှိ စောခမ်းမုံကဖြင့် ဘယ်လိုပဲနေနေ ဘယ်လိုပဲကြည့်ကြည့် သိပ်ကိုလှရက်လွန်းနိုင်သူရယ်လေ။

ဥတစ်လုံး၊ တစ်ကောင်ကြွက်မလေး စောခမ်းမုံက သူမရဲ့ ဆွေမျိုးတွေကို စွန့်စားပြီး လိုက်ရှာဖို့ ကြိုးစားနေပုံလေးက သိပ်လှသည့် မိန်းမချောလေးအတွက် အန္တရာယ်ကို လက်ယပ်ခေါ်သလို ဖြစ်နေတာကိုရော သူမ တွေးမိစဉ်းစားမိရဲ့လားမသိပါ။

အတုအယောင် အလိမ်အညာတွေ ပေါများလှသည့် လူ့လောကကြီးထဲမှာ ရိုးသားအပြစ်ကင်းစင်လှသော သူမအသွင်သဏ္ဌာန်လေးကဖြင့် မြင်တွေ့ကြားသိရသော သူ့အတွက်ပင် ရင်မောပင့်သက်ဖြာချင်စရာ။

သူမပြောသော ဦးစဝ်မိုင်းနောင်ကို မာမီကိုယ်တိုင်မသိသလို သူလည်းမကြားဘူးပါ။ စောခမ်းမုံထုတ်ပြသည့် စာအိတ်ဟောင်းတစ်လုံးပေါ်က လိပ်စာကတော့ သူတို့ဘိုးဘွားပိုင် အမွေဆိုင် စိုင်ပြွန်ရိပ်သာ၏ လိပ်စာစစ်စစ် ဖြစ်နေရတာလည်း အမှန်ပါပင်။

သူမရဲ့ မေမေ ဒေါ်စပ်မြတ်ဆိုင်းထံမှတစ်ဆင့် စိုင်ပြွန်လိပ်စာကို ရရှိခဲ့ပါသည်ဟုဆိုတုန်းက မာမီကိုယ်တိုင် စောခမ်းမုံ၏ မျက်နှာလှလှလေးကို ရီဝေစွာငေးနေခဲ့တာကို သူမြင်ဖြစ်အောင် မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားချည်းသုံးယောက်တိတိ မွေးထားသော မာမီမှာ သမီး ရယ်လို့ ခေါ်စရာမရှိခဲ့သလို သူမပိုင် လက်ဝတ်လက်စား အသုံး အဆောင်ပစ္စည်းများကိုလည်း အမွေအဖြစ် လက်ဆင့်ကမ်းပေးစရာ မရှိခဲ့ရှာပါ။

သမီးရှား ရှားခဲ့သော်လည်း မာမီဆန္ဒတစ်ခုမှ မပြည့်ဘဲ မတစ်ထောင်တစ်ကောင်ဘွားတွေကိုသာ မာမီရရှိခဲ့သည်။ ထို့အတွက် မာမီက မငြီးငွေ့ခဲ့ရှာပါ။ အတွေးဆုံး အငယ်ဆုံးသား ဖြစ်သော ဆေးဗညားအပေါ်မှာ ရှိရှိသမျှသော ချစ်ခြင်းမေတ္တာတွေ ကို အနှိုင်းမဲ့မေတ္တာဖြင့် စုပုံချစ်မြတ်နိုးခဲ့ရှာပါသည်။

အစ်ကိုအကြီးဆုံးက အိမ်ထောင်ကျသွားပြီး နိုင်ငံခြားမှာ ရောက်နေသလို ဒုတိယအစ်ကိုကြပြန်တော့လည်း များပြားလှသော စီးပွားရေးလုပ်ငန်းတွေကြားမှာ မအားလပ်အောင် အလုပ်များနေ သူဖြစ်ရာ အိမ်မှာအမြဲနေရသူက ဆေးဗညားနှင့် မာမီသာဖြစ် သည်။

ဒက်ဒီက မကြာခဏ ခရီးထွက်၍ အိမ်မကပ်နိုင်သလို ဆေးဗညားကိုယ်တိုင်လည်း ယောကျ်ားလေးတို့ ထုံးစံအတိုင်း အိမ်ကပ် သည်မရှိခဲ့ပါ။ အထီးကျန်စွာ အိမ်တွင် တိတ်တဆိတ် ငြိမ်သက် ခြင်းများဖြင့် ကျန်ရစ်ခဲ့သူက မာမီဖြစ်သည်။

သည်ကြားမှာ ရှုပ်ထွေးနေသည့် အိမ်တွင်းရေးကိစ္စများ နှင့် စီးပွားရေးကိစ္စများကြောင့် အိမ်မှာ လူဝင်လူထွက် စည်ဆောင် ပြတ်သည့်အချိန်တော့ဖြင့် သိပ်မရှိပါ။





ဦးစောမင်းကြိုင်၏ ကိစ္စမှာတော့ မာမီကိုယ်တိုင် နားကြည်း မှုတွေနှင့်ဖြစ်သည်။သူတို့မိသားစုကို အမျိုးမျိုးသော သောက၊ ဒုက္ခ တွေကို ဦးစောမင်းကြိုင်တစ်ယောက်တည်း စုပုံပေးနေခဲ့သည့်အဖြစ် ဘ ကြာတော့ကြာပါပြီ။

ချစ်ခြင်း၊ မုန်းခြင်း၊ နာကြည်းခြင်း၊ ကြင်နာခြင်း၊ ရက် စက်ခြင်းပေါင်းများစွာ ဆေးဗညားတို့မိသားစုအပေါ်မှာ ဦးစောမင်း ကြိုင် ပေးအပ်နေသော ဒုက္ခသောကများဖြစ်သည်။ မထင်မှတ်သည့် အနေအထား၊ မမျှော်လင့်သော တိုက်ကွက်များဖြင့် သူတို့မိသားစု ကို အချိန်မရွေး၊ နေရာမရွေး လုပ်ကြံနေခဲ့သူတစ်ယောက်အဖြစ် ခါးသီးရွံ့မုန်းကြောက်လန့်စိုးထိတ် ပူလောင်နေရသည့်အဖြစ်။

စောခမ်းမုံဆိုသည့် အမည်ကို ကြားတာနှင့်ပင် နာမည် ဆင်တူဖြစ်ရခြင်းအပေါ်မှာ ဒေါ်ထ၍ သံသယပွားခဲ့ရခြင်းကို ကြည့် ခြင်းအားဖြင့် သူတို့မိသားစုကြားမှာ ဦးစောမင်းကြိုင်တစ်ယောက် ဘယ်မျှ ဒုက္ခပေးနိုင်သည်ကို စဉ်းစားကြည့်နိုင်ပေလိမ့်မည်။

စောခမ်းမုံ ...။

မင်းလေးဟာ ...တကယ်ပဲ ကိုယ့်ရဲ့ချစ်စရာညီမလေး များလားကွယ်။

သိပ်လှတဲ့ ညီမလှလှလေးလား။

ပျောက်ဆုံးနေသော ဦးလေးနှင့် မိသားစုထဲမှာ သူမ အတွက် အစ်ကိုတွေအစ်မတွေ ရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့် ခဲ့ရသော စောခမ်းမုံအတွက် သူမမျှော်လင့်သလို ဦးစဝ်မိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဆေးဗညားတို့ မိသားစုထဲမှာ အမှန်တကယ် ရှိနေခဲ့မည် ဆိုလျှင်တောင်မှ သူမတော်စပ်ပတ်သက်ရမည့် ဆွေမျိုးစုမှာ တစ်ယောက်တစ်မျိုးဆိုးကြသော အစ်ကိုသုံးယောက်ကြီးများတောင် ပါဝင်နေပေရော့မည်။

မာမီတို့မှာ မောင်နှမသုံးယောက်ရှိသည်။ အစ်ကိုအကြီးဆုံး ဆေးဗညားတို့ဦးကြီးက အိမ်ထောင်မရှိသော လူပျိုကြီးဖြစ်ပြီး တည်ငြိမ်အေးဆေးသလောက် ဒုတိယဦးကြီးမှာတော့ မိန်းမတွေမှိုလိုပေါက်နေသူဖြစ်သည်။

တစ်ရွာတစ်ကျီဆောက်မဟုတ်။ တစ်မြို့တစ်ရွာမှာ တစ်ယောက်ဟု ဆိုရမည့်သူ။ ဘယ်မိန်းမနှင့်မှ သားသမီးလည်း မရ။

ရောက်သည့်အရပ်မှာ ပျော်သလိုနေသူ။ သူ့ညီမတွေးလေးဖြစ်သော မာမီကိုရော တူသုံးယောက်ကိုပါ သိပ်ချစ်ပါသည်။ သူဘယ်နေရာရောက်ရောက် သတင်းပေးဆက်သွယ်မှု ပြုတတ်သော်လည်း ထိုဆက်သွယ်မှုက တစ်နှစ်နေမှ ဖြစ်နေတတ်သလို တစ်ခါတလေ နှစ်နှစ်နီးပါးခန့်ကြာမှလည်း ပြန်ပေါ်လာတတ်သူ ဖြစ်သည်။

ကလေးမရသူတို့၏ ထုံးစံအတိုင်း မွေးစားသားသမီးတွေကလည်း အရွယ်စုံဆိုက်စုံ။ ဒုက္ခမျိုးစုံ။ လူမျိုးပေါင်းစုံဖြစ်သည်။ ထိုကလေးများကို အများဆုံး တာဝန်ယူပေးရသူက မာမီ။ဒီလို အခြေအနေမျိုးမှာ ကျင်လည်နေသော ဆေးဗညားတို့မိသားစုထဲကို





စောခမ်းမုံဆိုသည့် မိန်းမလှတစ်ယောက် ထူးခြားစွာ ဝင်ရောက်လာခြင်းကလည်း ဆန်းပါသည်။

ဩော် …စောခမ်းမုံ …စောခမ်းမုံ …

မင်းလေးမျှော်လင့်တောင့်တနေသလို ကိုကိုတို့ရဲ့ ညီမလေး ဖြစ်လိုက်စေချင်ပါရဲ့ဗျာ …။

ဆေးဗညား စိတ်ထဲက တီးတိုးလေးဆိုညည်းလိုက်မိရပါပြီ။ သူမကို မြင်မြင်ခြင်း စိတ်ထဲမှာ တစ်မျိုးလေး ထူးခြားဆန်းကြယ်ခြင်းကလည်း သွေးကပဲ စကားပြောလို့ထင်ပါရဲ့။

မာမီက စောခမ်းမုံ ပြောပြသမျှကို စိတ်ပါဝင်စားစွာ နားထောင်ပြီး တတ်နိုင်သမျှ လက်လှမ်းမှီသလောက် စုံစမ်းပေးမည်ဟု ကတိပေးလိုက်ချိန်မှာ ဝင်းလက်သွားသည့် မျက်နှာလှလှလေးကို သူမမေ့ပါ။

ဆေးဗညားကိုယ်တိုင် စောခမ်းမုံ တည်းခိုသည့်အိမ်အရောက် လိုက်ပို့ပေးမည်ဆိုသော်လည်း သူမ လက်မခံပါ။ မာမီကိုယ်တိုင် ဝင်ရောက်တိုက်တွန်းပြောဆိုမှ လက်ခံခေါင်းညိတ်လိုက်ပြီး ဆေးဗညားကားပေါ်မှာ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

ကားပေါ်မှာ ဆန့်ကျင်ဘက်လူသားနှစ်ယောက် အတူလိုက်ပါလာသလို စဉ်းစားတွေးခေါ်ပုံခြင်းကလည်း မတူကြပါ။

စောခမ်းမုံရင်ထဲမှာ မတင်မကျ နောင်တလေးများ ရချင်နေမိသည့်စိတ်ကတစ်ဝက်၊ အဖြစ်အမှန်အတိုင်း မကွယ်မဝှက် ပြောလိုက်တာလည်း ကောင်းပါတယ်လေဆိုသည့် အတွေးက တစ်ဖက်

www.burmeseclassic.com



ဖြင့် အနားမှာအတူရှိနေသည့် ဆေးဗညားဆိုသူကိုသာ မျက်လုံးထောင့်ကပ်ပြီး မကြာခဏ ခိုးကြည့်မိ၏။

ဘယ်လိုပဲ ကြည့်ကြည့်ပါ …။ လုံးဝဥဿုံ တစ်ထပ်တည်း စွပ်ချွတ်တူနေတာမျိုး မဟုတ်ပေမယ့် ဒေါက်တာဆေးဗညားဆိုတာ ဦးလေးစဝ်မိုင်းနောင်ရဲ့ ဓာတ်ပုံနှင့် တူမှန်းမသိ တူနေတာကိုပဲ စောခမ်းမုံရင်ထဲမှာ မျှော်လင့်ချက်လေးတွေ လင်းလက်နေဆဲဖြစ်ပါသည်။

ဒေါ်နန်းဆိုင်လောဝ်ကတော့ စဝ်မိုင်းနောင်ဆိုသည့် အမည်ကို သူမတို့ ဆွေမျိုးထဲမှာမရှိကြောင်း ပြောဆိုခဲ့သလို စောခမ်းမုံ၏ မိခင် ဒေါ်စပ်မြတ်ဆိုင်း၏ အမည်ကိုလည်း မကြားဖူးပါဟု တိကျစွာ တုံ့ပြန်ခဲ့သူဖြစ်သည်။

မောင်နှမသုံးယောက် ရှိသည်ဆိုကတည်းက တစ်ဝက်မက စိတ်လျှော့ထားနှင့်ပြီး ဖြစ်ပါသော်လည်း ဒေါက်တာဆေးဗညားမျက်နှာကို မြင်တွေ့ပြီးနောက်မှာတော့ သူဟာ စောခမ်းမုံရဲ့ အစ်ကိုများလား၊ ဦးလေးစဝ်မိုင်းနောင် ဘာကြောင့်များ လာတူနေရတာလဲဆိုသည့် အတွေးများက စောခမ်းမုံ၏ နုနယ်သောနှလုံးသားမှာ တစ်ချိန်လုံး နေရာယူစိုးမိုးပါသည်။

စောခမ်းမုံအတွက် သက်သေထူစရာ ဒေါ်အဲရွှေကို ဖျတ်ခနဲမြင်ယောင်လိုက်ခြင်းကြောင့် တည်းခိုသည့်အိမ်အရောက် လိုက်ပို့ပေးခြင်းကို လက်ခံခဲ့ခြင်းဖြစ်သည်။

အိမ်ရောက်တော့ ဒေါ်အဲရွှေမရှိ။





ကားလည်းမတွေ့ရ။ စောခမ်းမုံ အိမ်ကိုပြန်အရောက် နောက်ကျသဖြင့် အပြင်ထွက်ပြီး လိုက်ရှာကြသည်ဟုဆိုရာ စောခမ်းမုံလည်း ဆေးဗညားကို ကျေးဇူးတင်စကားဆို၍ ပြန်လွှတ်လိုက်ရပါသည်။

ဒေါ်အဲရွှေ ပြန်ရောက်လာချိန်မှာတော့ စောခမ်းမုံရင်ထဲက မျိုသိပ်မထားနိုင်သော အကြောင်းအရာတွေကို အားလုံးချပြောလိုက်ရာ ဒေါ်အဲရွှေမှာ စောခမ်းမုံ လှပသောမျက်နှာလေးကိုကြည့်ပြီး ရင်ဖိနေရှာပါသည်။

"မိုက်လိုက်တာကလေးရယ်၊ ဘာလို့ ကိုယ့်အကြောင်း သူများတွေကို လျှောက်ပြောရတာတုန်းကွယ့်၊ သူတို့ဘယ်လို လူစားတွေဆိုတာ ကလေးသိလို့လားကွယ် ဒုက္ခ ဒုက္ခ အခုခေတ်မှာ လူလိမ်လူညာတွေ သိပ်ပေါပါဘိသနဲ့နော်"

"ခမ်းမုံသိပါတယ် ဒေါ်အဲရွှေရဲ့၊ သူတို့က လူကောင်းတွေပါ"

"အလို …မရွှေချောလေးက ဘာကိုများ ကြည့်ပြောတာတုန်း၊ လူဆိုးဆိုတာ ဆင်းရဲချမ်းသာရွေးတာ မဟုတ်ဘူးနော်၊ ဒီကြားထဲထွက်သွားပုံက တစ်ယောက်တည်းအဖော်လည်းမပါ"

တညည်းညည်း တညူညူ ပြောမဆုံးနိုင်သူက ဒေါ်အဲရွှေ။

"နောက်ဆို ကလေးတစ်ယောက်တည်း ဘယ်တော့မှ ပေးမလွှတ်တော့ဘူး၊ ဒေါ်အဲရွှေနဲ့မှသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံက သူမကိုမပြောသည့်အလား ပြတင်းတံခါးမှ လှမ်းမြင်နေရသည့် မှိုင်းမှိုင်းညို့ညို့တောင်ပြာတန်းကြီးရှိရာကိုသာ ကြည့်နေပါသည်။

"ဒေါ်အဲရွှေက ခမ်းမုံကိုသာ အပြစ်တင်နေတယ်၊ အဲဒီ အိမ်မှာ ခမ်းမုံ ဘယ်သူ့ကိုတွေ့ခဲ့တယ်ထင်လဲ"

"ဘယ်သူ့ကိုများ တွေ့ခဲ့လို့လဲကွယ်၊ ဒေါ်အဲရွှေကို ပြောပါဦး"

"ဦးလေးစဝ်မိုင်းနောင်နဲ့ တူတဲ့လူတစ်ယောက်ကို ခမ်းမုံ တွေ့ခဲ့တယ် ဒေါ်အဲရွှေ"

"ဟင်"

"သူ့နာမည်က ဆေးဗညားတဲ့၊ ဆရာဝန်တစ်ယောက်ပဲ ဒေါက်တာဆေးဗညားပေါ့၊ သူ့ကိုမြင်လိုက်ရတာ ဓါတ်ပုံထဲက ဦးလေးစပ်မိုင်းနောင်ကို သက်ရှိထင်ရှား မြင်လိုက်ရသလိုပဲ ခမ်းမုံ ရင်မှာ ခံစားရတယ်သိလား"

"လောကကြီးမှာ လူတူမရှား နာမည်တူမရှားဆိုတာ လည်း ရှိသားပဲကွယ်၊ လူချင်းတူနေတာတစ်ခုထဲနဲ့တော့ ခမ်းမုံလေး ထင်နေသလို မဖြစ်နိုင်ဘူးကွဲ့၊ အထူးသဖြင့် သူတို့မှာ မောင်နှမ သုံးယောက်ရှိနေတာ ပိုပြီးမဖြစ်နိုင်ဘူးလေ"

"ခမ်းမုံတော့ စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်မိပြီ ဒေါ်အဲ ရွှေ၊ သူတို့ကတော့ ခမ်းမုံကို အရူးမလေးလို့များ ထင်နေကြမလား ပဲနော်"





"မထင်ပါဘူးကလေးရယ် ...သူတို့အိမ်လိပ်စာက မမ ဆီက ရခဲ့တာဆိုတော့ တစ်စုံတစ်ခုတော့ ဆက်နွယ်ပတ်သက်မှု ရှိနေမှာပါ"

"ဟုတ်တယ်နော် ...မေမေနဲ့ သူတို့မိသားစု အကြောင်း တစ်ခုခုနဲ့ ပတ်သက်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ခမ်းမုံ ယူပြတဲ့ စာအိတ်ပေါ်က လက်ရေးကိုကြည့်ပြီး အန်တီနန်းဆိုင်လောဝ် အကြာ ကြီး ငြိမ်နေတာ ခမ်းမုံ သတိထားလိုက်မိလို့ပါ"

"ခမ်းမုံထင်ပါတယ် အဲဒီလက်ရေးပိုင်ရှင်ကို သူသိကို သိနေမှာပါ"

စောခမ်းမုံတစ်ယောက်တည်း တိုးတိတ်စွာမှတ်ချက်ချလိုက် သံထဲမှာ လေးနက်မှုတွေအပြည့်နဲ့ပါ။ ဒေါ်နန်းဆိုင်လောဝ်ကိုယ်တိုင် စောခမ်းမုံဟာ သူတို့နဲ့ လုံးဝမပတ်သက်ပါဘူး ပြတ်ပြတ်သားသား မငြင်းပယ်လိုက်ဘဲနှင့် လက်လှမ်းမှီသ၍ အတတ်နိုင်ဆုံး စုံစမ်းပေး မည့်အကြောင်း ဘာကြောင့် ဝန်ခံခဲ့ရပါသလဲ။

"မနက်ဖြန် ...အဲဒီအိမ်ကို ခမ်းမုံထပ်သွားဦးမယ် ဒေါ်အဲ ရွှေ"

"ဖြစ်ပါ့မလားကွယ် ...တော်ကြာ ခမ်းမုံလေးအပေါ်မှာ တစ်မျိုးတစ်မည် ထင်မြင်နေမှဖြင့်"

"ဖြစ်ပါတယ်၊ စောခမ်းမုံဆိုတာ သူတို့မိသားစုကို အန္တရာယ်ပေးမယ့်သူမှ မဟုတ်ပဲ"

"ကလေးသွားရင် ဒေါ်အဲရွှေပါ လိုက်ရလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်တည်း ဘယ်ကိုမှသွားခွင့်မပြုနိုင်ဘူး"

"ဒေါ်အဲရှေ့သဘောပါ"

သဘောတူ ခေါင်းညိတ်လက်ခံလိုက်ရပါပြီ။

စောခမ်းမုံဆိုတဲ့ မိန်းကလေးဟာ သာမန်အညာတရမိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာလောက်တော့ သူတို့ကို သိစေရဦးမည် မဟုတ်ပါလားလေ။





## အခန်း (၆)

ဖက်ဖူးစိမ်းရောင်ခပ်ဖျော့ဖျော့ ဝတ်စုံနှင့် ဖြူဝင်းစိမ်းဖန့်နေသော အသားအရေက နို့နှစ်ရောင်ထနေသလို ခန္ဓာကိုယ်လေး လှုပ်ရှားလိုက်တိုင်းမှာ ဖျတ်ဖျတ်လက်သွားသည့် စိန်ထည်ပစ္စည်းများက စောခမ်းမုံဆိုတာ ဘယ်လိုအခြေအနေ အတန်းအစားထဲက ဖြစ်ကြောင်း ထုတ်ဖော်ပြောပြစရာမလိုခဲ့ချေ။

နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကြီးကို တစ်ပတ်လျှို ထုံးဖွဲ့ထားပုံကြောင့် အလှမှာ အယဉ်ဆင့်ရပေမယ့် ဘယ်လိုပဲနေနေ ကြည့်လို့မဝနိုင်ချင်စရာ အလှဆုတောင်းကောင်းသူဖြစ်သည်။

စောခမ်းမုံ ဒေါ်နန်းဆိုင်လောဝ်အိမ်ကို ရောက်သွားချိန်မှာ ဒေါက်တာဆေးဗညား ရှိမနေခဲ့ပါချေ။ ယေဖေတို့အရွယ် အသက်ခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက်နှင့် အမျိုးသားကြီးတစ်ယောက်ကို ညှိခံစကားပြောနေသော ဒေါ်နန်းဆိုင်လောဝ်ကိုတစ်ယောက်တည်း တွေ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ ဦးသောင်း မောင်းလာသော အဖိုးတန်ကားကြီးပေါ်က နုနယ်ပို့မြစ်လှပလွန်းသော မိန်းမချောလေးတစ်ယောက်နှင့်အတူ သူမ၏အထိန်းတော်ဟု ထင်ရသူကိုယ်တိုင် ပျာယာခတ်လိုက်ပါလာခြင်းတို့က ဧည့်ခန်းအတွင်းရှိ ဒေါ်နန်းဆိုင်လောဝ်၏သူငယ်ချင်းလင်မယားအဖို့ မင်သက်သွားစေသော မြင်ကွင်းတစ်ရပ်ဆိုရင်လည်း မမှားပါချေ။

"ဒီမျက်နှာလေးမျိုးကို တစ်နေနေရာမှာ မြင်ဖူးလှချည်လားလောဝ်၊ သူ …ဘယ်သူလဲ"

"ဟင်"

ဒေါ်နန်းဆိုင်လောဝ်၏ အချစ်ဆုံးသူငယ်ချင်း နန်းစံဖူး၏တိုးတိတ်သောအမေးစကားအဆုံးမှာ ဒေါ်နန်းဆိုင်လောဝ်ကိုယ်ကြီးမှာ ဆတ်ခနဲတွန့်သွားရပါသည်။

သူမကိုယ်တိုင် စောခမ်းမုံဆိုသည့် ကလေးလေးကို မြင်လိုက်ရစဉ်က ထိုခံစားချက်မျိုး ခံစားဖူးပါသော်လည်း ခဏ္ဍအတွင်းမှာပင် ကိုယ့်အပူကိုယ့်သောကနှင့် ကွယ်ပျောက်သွားရသည့်အဖြစ်ကို ဖျတ်ခနဲ ပြန်အမှတ်ရလာပါသည်။

"ဘယ်လိုလဲ လောဝ်၊ မင်းအစ်ကိုအိုက်ရီရဲ့ မွေးစားသမီးတွေထဲက တစ်ယောက်ယောက်များ နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားတာလား"

"ဟင် …အင်း …အင်း"

"အဟင်း …ဟင်း …ဟင်း"





ဒေါ်နန်းဆိုင်လောဝ်ဆီက အဖြေမရတော့ ဒေါ်နန်းစံဖူးက သူမစိတ်ထင်တာကို ချပြောလိုက်ခြင်းအပေါ်မှာ ချော်လဲရောထိုင်လျက် ရယ်မောပစ်လိုက်မိသူက ဒေါ်နန်းဆိုင်လောဝ်။

"ကြည့်ပါဦးဟယ် …ရုပ်ကလေးကဖြင့် မှုံနေတာပဲ၊ ဝတ်ထားလိုက်တဲ့စိန်ထည်တွေ တန်ဖိုးကလည်း နည်းမှာမဟုတ်ဘူး၊ မင်းတော့ ကံကောင်းပြီထင်တယ်"

တီးတိုးဝေဖန်စကားကို ဒေါ်နန်းဆိုင်လောဝ် ဘာတစ်ခုမှ မပြန်ကြားနိုင်ပါ။ စောခမ်းမုံ၏ လက်ခလယ်နေရာမှာ ထူးခြားစွာဝတ်ဆင်လာသည့် ပတ္တမြားလက်စွပ်ကြီးကိုသာ ငေးနေမိပါသည်။

"ဧည့်သည်လာပြီဆိုတော့ တို့လည်းပြန်တော့မယ်လောဝ်၊ နောက်မှ အေးအေးဆေးဆေး လာခဲ့ဦးမယ်နော်ဟုတ်လား"

အပြုံးဖြင့် နှုတ်ဆက်ထွက်ခွာသွားသော သူငယ်ချင်းလင်မယားက အဝင်အထွက်မှာ နီးနီးကပ်ကပ်မြင်လိုက်ရသော စောခမ်းမုံမျက်နှာလေးကို စေ့စေ့ရှုရှု စိုက်ကြည့်လျက် လှပခြင်း နူးညံ့သိမ်မွေ့ခြင်းများအပေါ်မှာ သဘောအကျကြီးကျလျက် ပြုံးရယ်နေသောမျက်နှာမှာ ကွက်ခနဲပျက်သွားရုံမက တစ်စုံတစ်ရာကိုပင် ခပ်တိုးတိုးရေရွတ်လိုက်မိသံကိုဖြင့် မည်သူမှ သတိမထားလိုက်မိကြပါ။

သူ …သူနဲ့သိပ်တူတဲ့ မိန်းကလေးတစ်ယောက်ပါလား။

ဘုရား ..ဘုရား …!!

မဟုတ်ပါစေနဲ့ …မဟုတ်ပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ...ဟုတ် ...ဟုတ်ကဲ့"

ကြောင်အမ်းမင်သက်လျက် နေရာမှာ တောင့်တောင့်ကြီး ရပ်နေသော ဒေါ်နန်းစံဖူးတစ်ယောက် ခင်ပွန်းသည်၏ အသံကိုကြားမှ ကားပေါ်ကပျာကယာ တက်ရင်း သူ့ရင်အစုံကို လက်နှင့်ဖိလိုက်မိသည်။

"မင်းကြည့်ရတာ မျက်နှာဖြူဖျော့ဖျော့နဲ့ တစ်မျိုးကြီးပါလား နန်း၊ နေမှကောင်းရဲ့လား"

"ရှင်"

"ကျွန်မ နေကောင်းပါတယ်၊ ဟို ...ရင်ထဲက ကတုန်ကယင်ကြီးဖြစ်နေလို့ပါ"

"ဆေးခန်းသွားမလား"

"ဟင့်အင်း ...အိမ်ပြန်အနားယူလိုက်ရင် ရပါပြီ"

တုန်လှုပ်နေသော အမူအရာကို ချက်ချင်းဖုံးကွယ်ရန် ကြိုးစားရပါသည်။

ကြည့်စမ်း ..သူမယောက်ျားရှေ့မှာတောင် ဒေါ်နန်းစံဖူး တစ်ယောက် အတော်လေးကို အမူအရာပျက်သွားမိခြင်းပါလား။ ဒေါ်နန်းစံဖူးစိတ်ထဲမှာ လှပငြိမ်းချမ်းသော မျက်နှာလှလှလေးကို မြင်မြင်ချင်းပင် တစ်နေနေရာမှာ မြင်ဖူးလှချည်လားဟု ထင်မြင်လိုက်မိသလို တစ်ဆက်တည်းမှာပင် နန်းဆိုင်လောဝ်၏ ဒုတိယအစ်ကိုမှ မွေးစားသားသမီးများဖြင့် ရောထွေးသွားရခြင်းကြောင့် မြင်ဖူးသလိုလိုရှိသော အတွေးကို ထိုအကြောင်းအရာများဖြင့် ရော





ထွေးပြစ်လိုက်မိခြင်းဖြစ်သည်။

ထိုကလေးမလေးနှင့် သူ အနီးကပ်ဖြတ်သွားသည့် အချိန်မှာတော့ လှပသော မျက်နှာလေးကို သူ စေ့စေ့စူးစူး ကြည့်မိလိုက်သည့် အခိုက်မှာပင် တစ်စုံတစ်ခုသော အကြောင်းအရာတစ်ခု သူမဦးခေါင်းအတွင်းသို့ လျှပ်တစ်ပြက် ဝင်ရောက်လာခြင်းနှင့်အတူ ထိုကဲ့သို့ပင် လွန်စွာလှပချောမော၍ ကျက်သရေရှိလှသော မျက်နှာလေးတစ်ခုကို ဖျတ်ခနဲမြင်ယောင်လျက် တုန်လှုပ်ချောက်ချားသွားရခြင်းဖြစ်သည်။

အချိန်တွေဟာ ကြာတော့ကြာခဲ့ပါပြီ။ သို့ပါသော်လည်း အကြောင်းအရာတိုင်းကတော့ မနေ့တစ်နေ့ကလို လတ်ဆတ်သစ်လွင်နေဆဲဆိုတာကိုဖြင့် သူမ မငြင်းနိုင်ပါ။

ဒေါ်နန်းစံဖူးလို လူတစ်ယောက်တောင် ဒီအဖြစ်အပျက်တွေကို မှတ်မိနေသည်ဆိုလျှင် ကာယကံရှင်ဖြစ်သော လောဝ်တစ်ယောက်ရော ...။

ဒီကလေးမလေးကို မြင်မြင်ချင်း တစ်စုံတစ်ယောက်သော သူကို သတိမရဘဲ နေမည်တဲ့လား။

"နန်း"

"နန်း"

"ဟင် ... ရှင်"

"ဒီမိန်းမ ဘာဖြစ်နေတာလဲ၊ ခေါ်မကြားအော်မကြားနဲ့ အိမ်ရောက်ပြီဗျာ၊ ကားပေါ်မှာ ဒီအတိုင်းပဲထိုင်နေတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ...ဟုတ်ကဲ့ ...ဟုတ်ကဲ့"

"နန်း ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေပါလား"

"ကျွန်မ ဘာမှမဖြစ်ဘူးရှင့်၊ အလုပ်ကိစ္စတွေအကြောင်း အတွေးလွန်သွားလို့ပါ"

ယောကျ်ားမျက်နှာကို တစ်ချက်လှည့်မကြည့်တော့ဘဲ အပေါ်ထပ်ရှိ သူမအခန်းကို မပြေးရုံတမယ် ခြေလှမ်းများဖြင့် တက်ခဲ့လိုက်ပါသည်။ လက်ကိုင်အိတ်ကို ခုတင်ပေါ်ပြစ်တင်လိုက်ပြီး အခန်းတံခါးကို သော့ခတ်ပစ်လိုက်သည်။

အခန်းထဲမှာ ကြံရာမရသလို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အိပ်ရာဘေးက တယ်လီဖုန်းရှိရာသို့ ဒေါ်နန်းစံဖူး အကြည့်များက မကြာခဏ ရောက်ရောက်သွားသည်။

လောဝ်ဟာ တကယ်ပဲ အတိတ်ကအကြောင်းအရာတွေကို မေ့ပစ်လိုက်တာလား။ ဒါမှမဟုတ် မမေ့ချင်ဘဲ မေ့ချင်ယောင်ဆောင်နေတာလား။ လုံးဝသတိမရဘဲ မေ့နေတာလား။

အို ...စဉ်းစားရခက်လိုက်တာနော်။

ဒေါ်နန်းစံဖူး စိတ်ထဲမှာ သူငယ်ချင်းလောဝ်အတွက် တစ်ခုခုလုပ်ပေးချင်နေမိသည်။ သို့သော် ထိုတစ်ခုခုသည်ပင်လျှင် ဘယ်လိုအကြောင်းအရာမျိုး ဘယ်လိုစကားမျိုး ဖြစ်မည်လဲဆိုတာ သူမကိုယ်တိုင် ရုတ်တရက် ဆုံးဖြတ်နိုင်စွမ်းမရှိသေးချေ။

"ဟောဒါ ...စောခမ်းမုံရဲ့ မေမေနဲ့ ငယ်ငယ်ထဲက အတူနေလာတဲ့ ဒေါ်အဲရွှေပါ၊ စောခမ်းမုံကိုယ်တိုင် ဒီအဒေါ်ရဲ့





လက်ပေါ်မှာပဲ ကြီးခဲ့ရတာဆိုရင်လည်း မမှားပါဘူးရှင်"

"ဟုတ်ပါတယ်၊ ကျွန်မကိုယ်တိုင် စောခမ်းမုံလေးကို ငယ်စဉ်ကလေးဘဝထဲက ဒီအကြောင်းတွေ ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို ပြောပြခဲ့တဲ့သူပါ"

"ကြားရတာ ...စိတ်မကောင်းပါဘူးရှင်၊ ရှင်တို့ပြောနေတဲ့ အကြောင်းအရာတွေကို ကျွန်မ မသိလည်းမသိသလို ကြားလည်းမကြားဖူးပါဘူး၊ လိပ်စာအတိုင်းကတော့ ကျွန်မမိဘများရဲ့ အိမ်လိပ်စာပါ"

"မြို့မျက်နှာဖုံးဖြစ်တဲ့ ဒက်ဒီလိုလူတစ်ယောက်မှာ အသိမိတ်ဆွေတွေ အများကြီးရှိနိုင်တာပါပဲ၊ ဒါပေမဲ့ စောခမ်းမုံပြောသလို ဖြစ်နိုင်ဖို့ရာတော့ အတော့်ကိုပဲ ခက်ခဲပါတယ်"

"လုံးဝမဖြစ်နိုင်ဘူးဆိုတာ ဒေါ်အဲရွှေလည်းသိမှာပါပဲ၊ ကျွန်မတို့မှာ ဒက်ဒီက မွေးထားတဲ့ မောင်နှမသုံးယောက်တိတိ ရှိနေတာ အားလုံးသိနေကြလို့ပါ"

"မှန်ပါတယ်ရှင် ...မှန်ပါတယ်၊ ကျွန်မကလည်း စောခမ်းမုံလေးကို ဒီအတိုင်းပဲပြောခဲ့ပါတယ်"

တိကျစွာ ငြင်းပယ်ခံလိုက်ရပြီမို့ စောခမ်းမုံရင်ထဲမှာ ဘာကိုမှန်းမသိ မကျေမနပ်ကလေး ဖြစ်ရပါသည်။ သူတို့ပြောသလို မဖြစ်နိုင်ဘူးဆိုတာကို သူမကိုယ်တိုင် လက်ခံထားပေမယ့် စိတ်ထဲမှာ ဘာကိုမှန်းမသိ မတင်မကျဖြစ်နေမိသော စိတ်ခံစားချက်တစ်ပိုင်းလည်းဖြစ်နေရာ လှပချောမောသော ဒေါ်နန်းဆိုင်လောဝ်ကို ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်မိသည်။

"စောခမ်းမုံအနေနဲ့ အန်တီဆီက အကူအညီတစ်ခုလောက် တောင်းဆိုလို့ရနိုင်ပါသလားရှင်"

"ပြောကြည့်ပါ ...စောခမ်းမုံ၊ အန်တီတတ်နိုင်တာဆို ကူညီမှာပါ"

"အန်တီတို့ မိသားစု ဓာတ်ပုံတွေကို စောခမ်းမုံ ကြည့်ပါရစေ"

"ဟင်"

"အို"

ဒေါ်နန်းဆိုင်လောဝ်ထံမှ ရုတ်တရက် ဘာသံမှထွက်မလာဘဲ ငြိမ်သက်သွားပြီးမှ ...

"ကြည့်နိုင်ပါတယ် စောခမ်းမုံ၊ ဓာတ်ပုံစာအုပ်တွေကလည်း ဟိုဒီအပြောင်းအရွှေ့မှာ အထားမှားပြီး ပျောက်နေပေမယ့် အန်တီမှာရှိသလောက် ကြည့်သွားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ရပါတယ် ...အန်တီ တတ်နိုင်သလောက် စောခမ်းမုံကို ကူညီမှာပါ၊ ခဏလေးစောင့် ဟုတ်လား"

"ဟုတ်ကဲ့"

ညနေခင်းအလယ်မှာ စောခမ်းမုံနှင့် ဒေါ်အဲရွှေ ကျန်ရစ်ခဲ့သည်။ သိပ်ကြာကြာမစောင့်လိုက်ရပါ ဒေါ်နန်းဆိုင်လောဝ်လက်ထဲ ဓာတ်ပုံအယ်ဘမ်အဟောင်းတစ်ထပ် ပါလာပါသည်။





စောခမ်းမုံသည် ဘယ်လိုမှ ချုပ်တည်းမျိုသိပ်ထားနိုင်စွမ်းရှိသောစိတ်ဖြင့် နေရာမှ ပြုံးခနဲထရပ်လိုက်ပြီး ဒေါ်နန်းဆိုင်လောဝ် ကမ်းပေးလာသည့် ဓာတ်ပုံစာအုပ်များကို လှမ်းယူလိုက်သည်။

"ကျေးဇူးသိပ်တင်ပါတယ် အန်တီ ခမ်းမုံကြောင့် အလုပ်ရှုပ်သွားရတာခွင့်လွှတ်ပါ"

"တူ ...တူ"

ရုတ်တရက် ဖုန်းသံအော်မြည်လာသဖြင့် ဒေါ်နန်းဆိုင်လောဝ်သည် နေရာမှထွက်သွားပါသည်။

"မြန်းမြန်းကြည့်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

ချိုသောအပြုံးတစ်ခုက ခင်မင်နှစ်လိုဖွယ်ရာဖြစ်သလို တစ်ချိန်တစ်ခါဆီက ဆန့်ကျင်ဘက်ပုရိသများကို ဖွဲ့ဆောင်နိုင်သော အပြုံးဆိုလည်း မမှားပါချေ။

"လာနေပြီ ...ဟုတ်လား၊ စိတ်ချပါ၊ လောဝ်နားလည်ပါတယ်၊ အိမ်ရှင်ဝတ္တရားကျေစေရမှာပေါ့ရှင်"

"ဟုတ်ကဲ့ ...ဟုတ်ကဲ့"

ညှိသည်လာမည့် ဖုန်းသံတင်းဖြစ်နေ၍ ဓာတ်ပုံစာအုပ်တွေကို သူများအိမ်မှာ တစ်ပုံချင်း အသေးစိတ်ကြည့်နေရန် မသင့်တော်မှန်း စောခမ်းမုံ နားလည်ပါသည်။ အခုလို အနှောင့်အယှက်ပေးရသည်ကပင် လွန်လှပြီမို့ စိတ်ထဲမှာ ကျိတ်ပြီး အားနာနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီခွင့်ပြုမယ်ဆိုရင် ခမ်းမုံ ဒီစာတ်ပုံအယ်လ်ဘမ်တွေကို အိမ်ကိုယူသွားပြီး ကြည့်ပါရစေရှင်၊ ပြီးရင် ခမ်းမုံကိုယ်တိုင် ပြန်ပို့မှာပါ"

"ယူသွားလေ …အန်တီခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

အလွယ်တကူပင် လိုက်လျောခွင့်ပြုသဖြင့် စာအုပ်များကို ရင်မှာ တင်းကျပ်စွာ ပွေ့ပိုက်လျက် တစ်ခါတည်း နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

အခုချိန်ထိ အန်တီသား ဒေါက်တာဆေးဗညားဟာ ကျွန်မရဲ့ ဦးလေးနဲ့တူနေပါတယ်ဆိုတာ စောခမ်းမုံကိုယ်တိုင် ဒေါနန်းဆိုင်လောင်ကို ပြောမပြမိသေးသည့် အဖြစ်ကိုတော့ သူမကိုယ်တိုင်လည်း မသိချေ။





## အခန်း (၇)

"ဒိန်း"

"ကျွီး"

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ ကားလေးတစ်စီးလုံး ခါယမ်းသွားလျက် ဘရိတ်ဖမ်းသံဆူဆူညံညံနှင့်အတူ လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားခြင်းက စောခမ်းမုံအား စိတ်ကူးယဉ်ကမ္ဘာမှ အလန့်တကြား နိုးထစေခဲ့သည်။

"ကားဘီးပေါက်သွားပြီ စောခမ်းမုံလေးရေ၊ ဘီးအပိုပါလို့ တော်ပါသေးရဲ့၊ ဘီးလဲလိုက်မယ် ခဏစောင့် ဟုတ်လား"

"ဟုတ်ကဲ့"

"ကားကလည်းဟယ် …အရေးကြီးမှပဲ ဘီးထပေါက်နေရသေးတယ်"

"ဘာတွေများ အရေးကြီးနေလို့လဲ ဒေါ်အဲရွှေရ"

"ဘာဖြစ်ဖြစ်ပေါ့၊ နေရာတကာကို စပ်စုလွန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘီးအပိုမြန်မြန်လဲစမ်းပါ''

''အရေးကြီးတိုင်း ကောင်းတာမဟုတ်ဘူးဗျာ၊ အရင်လိုရင် အနေးလုပ်ဆိုတာ ဒေါ်အဲ့ရွှေ မကြားဖူးဘူးလား''

''အမလေးတော် ...အရေးထဲမှာ မိချောင်းသားနဲ့လာတွေ့နေပြန်ပါပြီ''

ဦးသောင်းဆီမှ တဟဲဟဲရယ်မောသံ ထွက်လာပါသည်။

ဒေါ်အဲ့ရွှေက စကားကို သူ့အစ်ပွါယ်နှင့်သူ ပြောလိုက်ခြင်းကို စောခမ်းမုံသိပါသည်။ ဦးလေးသောင်းက စောခမ်းမုံတို့အခြေအနေတွေကို ဘာတစ်ခုမှ သိတာမဟုတ်။

စောခမ်းမုံတစ်ယောက် စရောက်ကထဲက ဖျားနာနေပြီးနေပြန်ကောင်းတော့လည်း ဘယ်ကိုမှမသွားမလာဘဲနှင့်တစ်ယောက်ထဲကြိတ်ပြီး အလုပ်ရှုပ်နေတာဆိုတော့ အိပ်လိုက်စားလိုက်နှင့် တစ်ယောက်တည်း ပျင်းနေပုံရပါသည်။

ကားပေါ်ကဆင်းပြီး စောခမ်းမုံ ခြေဦးတည့်ရာ လျှောက်ခဲ့လိုက်သည်။ ထင်းရှူးပင်ကြီးတစ်ပင်အောက် ဝင်ထိုင်ပြီး တောင်ကုန်းမြေမြင့်လေးမှတစ်ဆင့် တောင်ပေါ်မြို့လေး၏ ရှုခင်းကို ငေးမောကြည့်ရင်း အတွေးများပွံ့လွင့်နေမိသည်။

သူမထင်သလို ဒေါ်နန်းဆိုင်လောဝ်တို့ မိသားစုနှင့် ဘာမှမပတ်သက်ခဲ့ဘူးဆိုလျှင်တော့ သူမ၏ဆွေမျိုးရှာပုံတော်က နည်းနည်းများ ရှက်စရာကောင်းနေမည်လား မပြောတတ်ပါ။

တချို့မိသားစုတွေဆို ဆွေမျိုးမောင်နှမ မိသားစုတွေ ပေါ





များကြလွန်းလို့ မလိုချင်မှအဆုံး ဖြစ်နေသလောက် ရှားပါးလှသောသူတွေအတွက် ကြပြန်တော့လည်း မြင်ချင်တွေ့ချင်လွန်း၍ လိုက်ရှာဖွေနေသည့်တိုင်အောင် ရှာဖွေ၍မတွေ့နိုင်ပါလား။

ဖေဖေသာ ဒေါ်စံပယ်ညိုနှင့် လက်မထပ်ဖြစ်ခဲ့ဘူးဆိုလျှင်ဒါမှမဟုတ် စောခမ်းမုံမှာသာ နှလုံးသားနှင့်ထပ်တူ ချစ်မြတ်နိုးရမည့် ချစ်သူတစ်ယောက်ယောက် ရှိနေခဲ့မည်ဆိုလျှင် အခုလို ကြေကွဲအထီးကျန်လှသည့် စိတ်ဖိစီးမှုဝေဒနာကို ခံစားချင်မှ ခံစားရပါလိမ့်မည်။

တစ်ဦးတည်းသော တွယ်တာမြတ်နိုးအားထားရသောဖခင်ကြီးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီးကတည်းက စောခမ်းမုံ၏အတွေးအာရုံတို့ နာကျင်ရခြင်းတို့ဖြင့် တမျိုးတစ်ဖုံ ပြောင်းလွဲလာခဲ့ရသည်။

ဖေဖေ နောက်အိမ်ထောင်ပြုခြင်းအပေါ်မှာ လိုက်လှဲဝမ်းသာစွာ အားပေးအားမြှောက်ပြုခဲ့ကြသော ဖေဖေ့အပေါင်းအသင်းများကို စိတ်နာခြင်းနှင့်အတူ မေမေ့ကိုပို၍ လွမ်းဆွတ်တမ်းတရသည်။

မေမေသာ စောခမ်းမုံနှင့်အတူ ရှိနေခဲ့မည်ဆိုလျှင် ဒါမှမဟုတ် မေမေ့ဘက်က ဆွေမျိုးရင်းချာတစ်ယောက် သူမနှင့်အတူရှိနေခဲ့မည်ဆိုလျှင် ဖေဖေ နောက်အိမ်ထောင်ပြုခြင်းအပေါ်မှာ တားဆီးပေးနိုင်ခြင်း မရှိလျှင်သော်မှ ဝမ်းနည်းကြေကွဲအားငယ်သွားသည့်စောခမ်းမုံ၏ စိတ်အစဉ်ကို တစ်နည်းနည်းဖြင့် အားပေးနှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးမှု တစ်စုံတစ်ရာ ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိသည်။

ထိုစိတ်ခံစားချက်အတွက် နောက်ဆုံးအဖြေ၏ ရလဒ်က ပျောက်ဆုံးလျက်ရှိသော မေမေ့မောင်အရင်း သူမ၏ဦးလေးမိသားစုကို စောခမ်းမုံကိုယ်တိုင် တွေ့မြင်လိုစိတ် ပြင်းပြထက်သန်လာခဲ့ခြင်းလည်းဖြစ်သည်။

ထင်းရှူးပင်၊ စိန်ပန်းပြာနှင့် ယူကလစ်ပင်တို့ စီရီပေါက်နေသော တောင်ပေါ်ရာသီဥတုက ချမ်းမြအေးစိမ့်နေသည့်တိုင် စောခမ်းမုံရင်ကို မငြိမ်းအေးနိုင်ခဲ့ပါ။

ဒေါ်အဲရွှေပြောသလို ဒေါက်တာဆေးဗညားဆိုသူက ဦးလေးစဝ်မိုင်းနောင်နှင့်တူသည်ဆိုသော အကြောင်းပြချက်က လက်တွေ့မှာ ဘာတစ်ခုမှမခိုင်မာ။ တခြားသက်သေအထောက်အထားလည်း မရှိ။

နာမည်တူ ...လူတူသူတွေအများကြီးထဲက တစ်ယောက်ယောက်ဖြစ်ခဲ့လျှင် သူမဘာဆက်လုပ်ရမည်နည်း။ အချိန်တန်တော့ အိမ်ကိုပြန်ရုံသာ။

အို ...ဘာပဲဖြစ်ဖြစ်ပါ၊ ဒီနေရာကို တစ်ခေါက်တစ်ခါ ရောက်ဖို့ဆိုတာ လွယ်ကူသောအရာမျိုးလည်း မဟုတ်သဖြင့် သူမ သိချင်တာမှန်သမျှ အခွင့်အရေးရတုန်းရခိုက် စုံစမ်းရန် တိကျနိုင်မာသော ဆုံးဖြတ်ချက် ချလိုက်သည်။

အပြောလွယ်သလောက် လက်တွေ့မှာ ခက်ခဲတာကို သူမ





သိပါသည်။ စောခမ်းမုံဆိုတာလည်း သူဖြစ်ချင်တာ လုပ်ချင်တာကို ဖွဲ့ခတ်ပြီး မဖြစ်မနေ လုပ်တတ်သူဖြစ်သဖြင့် တော်ရုံနှင့် စိတ်ပျက်လက်လျှော့မည့်သူလည်း မဟုတ်ပါ။

ဒေါ်နန်းဆိုင်လောဝ်ပေးလိုက်သော ဓာတ်ပုံတွေထဲမှာ သဲလွန်စတစ်ခုခုတော့ ရနိုင်ကောင်းပါရဲ့ဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်နေမိသည်။

"တီ ...တီ"

ကျယ်လောင်သော ကားဟွန်းသံကြောင့် စောခမ်းမုံ အတွေးလိုင်းများ ရပ်တန့်သွားရကာ ရှေ့တူရူမှ လာနေသော ကားတစ်စီးကို အမှတ်မထင် လှမ်းကြည့်လိုက်သည်။

"ဟင်"

ဟိုလူပါလား ...။

အရှိန်ပြင်းစွာ ဖြတ်သန်းသွားသော ကားပေါ်ကလူက ပတ်ဝန်းကျင်ကို ဘာတစ်ခုမှ အရေးမစိုက်သလို စိတ်ဝင်စားပုံမျိုးလည်းမရှိဘဲ သူ့ကားကိုသာ ခပ်ကြမ်းကြမ်းလေးဖြတ်သန်းမောင်းနှင်သွားရာ တစ်ခဏအတွင်းမှာပင် ခပ်ဝေးဝေးသို့ ရောက်ရှိသွားသည်။

ထိုသူကိုတော့ စောခမ်းမုံ ကောင်းကောင်းကြီး မှတ်မိနေပါသည်။ သူမ ပဝါဖြူလေးကို သူပိုင်ပစ္စည်းတစ်ခုလို ပိုင်စိုးပိုင်နင်း ယူသွားပြီး အခုချိန်ထိ ပြန်ပေးခြင်းမရှိသည့်လူ။

ဘာတွေများ ဒီလောက်အရေးကြီးနေသည်မသိပါ။ အား



www.burmeseclassic.com

www.burmeseclassic.com



မောင်းသွားပုံကိုက နောက်က ကျားလိုက်လာသလို ထင်ရသည်။

စောခမ်းမုံ ကြည့်နေဆဲမှာပင် နောက်ထပ်ကားနှစ်စီး အရှိန်ပြင်းစွာ ဖြတ်ကျော်မောင်းနှင်သွားတာကို မြင်လိုက်ရသည်။

ဘယ်လိုလူတွေလည်း မသိပါ။ လူရှင်းသည့်နေရာမို့ကား ကို စိတ်ထင်တိုင်း မှိုင်နှုန်းဖြင့် မောင်းနှင်နေကြသလားမပြောတတ် ပါ။ တစ်ခဏအတွင်းမှာပင် မြင်ကွင်းအတွင်းမှ ကားတွေအလျှို လျှို ပျောက်သွားကြသည်။

"တီ"

"ကားရပြီ စောခမ်းမုံလေးရေ"

ဦးသောင်း၏အသံ။

"လာပြီ ဦးသောင်းရေ"

တုံ့ပြန်အသံပြုရင်း စောခမ်းမုံ တောင်ကုန်းမြင့် ထင်းရှူးပင်အောက်မှာ ပြန်ဆင်းခဲ့သည်။ အတွေးထဲမှာ ဟိုလူ၏ ရုပ်ပုံက အတူကပ်ပါလာသေးသော်လည်း အိမ်ထဲကို ပြန်ရောက်သည်နှင့် အရာအားလုံးမေ့သွားကာ ဓါတ်ပုံအယ်လ်ဘမ်တွေကို စိတ်ပါဝင်စားစွာ တစ်ခုချင်းလိုက်ကြည့်နေမိသည်။

ဒေါ်နန်းဆိုင်လောဝ်တို့ မိဘညီအစ်ကိုမောင်နှမပုံများ သူမတစ်ယောက်ထဲ ငယ်ရွယ်နုပျိုစဉ်က ရိုက်ထားသည့်ပုံများစွာကို တွေ့ရသော်လည်း စောခမ်းမုံ တွေ့မြင်လိုသူ၏ပုံကိုက ရှာမတွေ့ပါချေ။

"သူဌေးကြီးနဲ့ သူဌေးမကြီးက ချောလိုက်ခန့်လိုက်တာကွယ်၊ သားသမီးတွေကလည်း မိဘနှစ်ပါးရဲ့ အမွေအနှစ် အပြည့်ရကြလို့ထင်ပါရဲ့ မှုံနေအောင်ကို လှကြပါပေ့ ခမ်းမုံလေးရယ်"

"ဒီပုံလေးကိုကြည့်ပါဦး …ဘယ်လောက် ကျက်သရေမင်္ဂလာရှိလိုက်သလဲ"

ဒေါ်အဲရွှေ ထောက်ပြသော ဓာတ်ပုံကို စောခမ်းမုံ လှမ်းကြည့်ပေးလိုက်ရပါသည်။ ဒေါ်အဲရွှေက သူမနှင့်အတူ ဓာတ်ပုံတွေလိုက်ကြည့်ပေးနေရာမှ မိသားစုဓာတ်ပုံတစ်ပုံကို လက်ဖြင့် ထောက်ပြလိုက်ခြင်းဖြစ်သည်။

သူဌေးကြီး ဦးစိုင်ပြွန်တို့ မိသားစုပုံ။

မောင်နှမသုံးယောက်စလုံး မိဘနှစ်ပါးနှင့်အတူ ရပ်နေသည့်ပုံ ထိုင်နေသည့်ပုံတွေအားလုံးကို စောခမ်းမုံ ကြည့်လိုက်ရာ ဘာတစ်ခုမှ ထူးခြားမှုကို ရှာမတွေ့။

စောခမ်းမုံရင်ထဲက မျှော်လင့်ချက်တို့ လက်လျော့ရမလိုဖြစ်လာသည်။ ဓာတ်ပုံအယ်ဘမ်အားလုံး သေချာရှာဖွေကြည့်ပြီးပါပြီ။ တွေ့လိုမြင်လိုသူကဖြင့် ပါမလာ။

သားအကြီးဆုံးဟု ထင်ရသော လူငယ်လေး၏ပုံကလည်း မိသားစုဝင်တွေထဲမှာတော့ ရုပ်အဆိုးဆုံး၊ အပိန်လှီအပျော့တော့ဆုံးဖြစ်ရုံမက ပါဝါမျက်မှန်ထူထူကြီးတစ်လက်ကိုလည်း တပ်ဆင်ထားပုံဖြင့် တကယ့်ကို ပုံမကျပန်းမကျ ရယ်မောစိတ်ပျက်ချင်စရာ။

စောခမ်းမုံလက်ထဲမှာ ရှိနေသည့် ဦးလေးစဝ်မိုင်းနောင်ဓာတ်ပုံနှင့် တခြားစီမှ လုံးဝတခြားစီ။







www.burmeseclassic.com

www.burmeseclassic.com



“ခမ်းမုံတို့တော့ တစ်ခုခုမှားနေပြီထင်တယ်၊ ဒီဓာတ်ပုံအယ်လ်ဘမ်ထဲမှာ မိသားစုဝင်အားလုံးရဲ့ ဓါတ်ပုံတွေရှိနေတာပဲ၊ ဦးလေးနဲ့တူတဲ့လူမပြောနဲ့ ဆင်ဆင်လေးတူတဲ့သူတောင် မပါဘူး”

“ဒါကြောင့်မို့ ဒေါ်အဲရွှေ ပြောတာပေါ့ကလေးရယ်၊ လောကကြီးမှာ လူတူမရှား နာမည်တူမရှားဆိုတာလေ”

“ဟင်း”

ဒေါ်အဲရွှေစကားက ဘယ်ကိုရည်ရွယ်ပြောမှန်း စောခမ်းမုံ သိလိုက်ရတာမို့ သက်ပြင်းမောကိုသာ ဟင်းခနဲချလိုက်မိသည်။

“ခမ်းမုံလေးပဲ သေချာစဉ်းစားကြည့်စမ်းပါဦးကွယ်၊ အဆင့်အတန်းမြင့်မြင့် ရုပ်ကလေးမှူနေအောင်ချောတဲ့ ကလေးလို မိန်းမလှလေးတစ်ယောက်ကို ဘယ်လိုလူတွေကများ ခွေမျိုးမတော်ချင်ဘဲ နေပါ့မလဲ မဟုတ်ဘူးလား”

စောခမ်းမုံ မဖြေနိုင်။

ဖြေလည်း မဖြေတတ်ပါ။

သူမလက်ထဲက ဓါတ်ပုံတစ်ပုံကိုသာ ကြည့်မိကြည့်ရာ ရူးရူးငေးငေးကြီး ကြည့်နေမိပါသည်။

ဒေါ်အဲရွှေ ပြောသလိုပါပဲ …။

စောခမ်းမုံလို မိန်းမလှလေးတစ်ယောက်က ဘယ်သူ့ကို ဒုက္ခပေးချင်လို့မဟုတ်ဘဲ သူမရဲ့ ဥတစ်လုံးတစ်ကောင်ကြွက်ဘဝကို မကျေနပ်နိုင်လို့ ခွေမျိုးရယ်လို့ လိုက်ပြီးရှာဖွေရုံသက်သက်နဲ့ သူမကို ခွေမျိုးမတော်ချင်သူရှိနိုင်မည် မထင်ပါ။





သူတို့နှင့် မသက်ဆိုင်၊ မပတ်သက်၍သာ သူမကိုခွေမျိုးအဖြစ် အသိအမှတ်မပြုနိုင်ကြခြင်းပဲ မဟုတ်လား။

“ဒေါ်အဲရွှေ ပြောတာမှန်ပါတယ်၊ ခမ်းမုံနဲ့သူတို့ ဘာမှမတော်စပ်ဘူးဆိုတာ ဓါတ်ပုံတွေကြည့်ရုံနဲ့ သိနိုင်တာပဲ၊ ဒေါက်တာဆေးဗညားနဲ့ ဦးလေးတို့ တူနေတာကလည်း တိုက်ဆိုင်မှုတစ်ခုပဲဖြစ်မှာပါ”

“ဒါပေါ့ကွယ် …အချိန်တွေလည်း ကြာပြီဆိုတော့ ပြီးတာတွေကို ပြီးပါစေလား၊ ဒီကိစ္စကြီးကို လက်လျှော့လိုက်ပါတော့ကွယ်။ ရောက်ထဲက ဒါနဲ့ပဲ အလုပ်ရှုပ်နေတာ ရောက်တုန်းရောက်ခိုက် ဒေါ်အဲရွှေတို့တူဝရီး နေရာအနှံ့ လည်ပတ်ကြရအောင်လားကွယ်”

“ဒေါ်အဲရွှေသဘောပါ၊ မနက်ဖြန်ပဲ ဒီဓာတ်ပုံတွေကို ခမ်းမုံကိုယ်တိုင် ပြန်ပေးလိုက်တော့မယ်”

ဆုံးဖြတ်ချက် ခိုင်မာတိကျစွာ ဆိုလိုက်ပေမယ့် စောခမ်းမုံ မျက်လုံးထဲမှာတော့ ဒေါက်တာဆေးဗညား၏ ရုပ်သွင်ကဖြင့် ပျောက်ပျက်မသွားပါချေ။

ဦးလေးဖြစ်သူနဲ့ သက်ရှိထင်ရှား သိပ်ပြီးဆင်တူတဲ့ လူတစ်ယောက်အဖြစ် စောခမ်းမုံ သူ့ကို နောက်ထပ်တစ်ကြိမ် ထပ်မံဆုံတွေ့လိုပါသေးသည်။

ဒါကိုတော့ ဒေါ်အဲရွှေ သိအောင် ထုတ်ပြောမနေဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲက တိုးတိတ်စွာ ဆုံးဖြတ်ထားခြင်း ဖြစ်ပါသည်။

ဒေါ်အဲ့ရွှေကတော့ စောခမ်းမုံ၏ အဆုံးအဖြတ်စကားမှာ ရှိသမျှ ဝန်ထုပ်ဝန်ပိုးတွေ လျော့ချသွားသလို မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်ကြီးမှာလည်း အပြုံးတို့ဝေနေပါသည်။

ညစာကို သူကိုယ်တိုင် အိမ်ရှိအလုပ်သမားတွေနှင့်အတူ အကောင်းဆုံးဖြစ်အောင် ဖန်တီးချက်ပြုတ်ကျွေးမွေးပါသည်။ ဦးမင်းဇော်၏ အလုပ်သမားတွေက သိပ်လှသည့် စောခမ်းမုံအတွက် အိမ်ရှင်ဝတ္တရားကျေပြွန်အောင် ဘာမဆိုလုပ်ပေးရန် အသင့်ရှိနေကြတာကို မြင်ရမှ လက်ရှိအခြေအနေကို သတိရလာသည်။

ဦးမင်းဇော်ကို စောခမ်းမုံအတွက် လိုအပ်တာမရှိစေရအောင် အသေးစိတ် ဂရုတစိုက် ဖြည့်ဆည်းပေးပြီး သူမရှိရာကို လူကိုယ်တိုင် နောက်ထပ်မလာတော့ဘဲ ဖုန်းဖြင့်သာ လိုအပ်တာမှန်သမျှ ချက်ချင်းပြောရန် ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်ရန် ပြောဆိုသတိပေးပါသည်။

ဖေဖေနှင့် ညဘက်မှာ ဖုန်းပြောပြီး အိပ်ရာဝင်ချိန်မှာ ဓာတ်ပုံတွေကို တစ်ပုံချင်း သူမပြန်ကြည့်မိသည်။ ဘာတစ်ခုမှ ထူးခြားခြင်းမရှိ။

စိတ်ပျက်လက်ပျက်ဖြင့် အယ်ဘမ်တစ်ထပ်ကို အိပ်ရာဘေးမှာ စုပုံထားရင်း နဖူးပေါ်လက်တင်ကာ သက်ပြင်းရှိုက်လိုက်သည်။





ဖေဖေက သမီးပျော်သလောက်နေပါဟု ခွင့်ပြုစကားဆို[...]သည့်တိုင် စောခမ်းမုံကိုယ်တိုင် မပျော်နိုင်တာ ပိုပြီးခက်ခဲပါသည်။

အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မဖြစ်[...]တော့ပြီထင်။ မမေ့ထံမှရရှိသော သဲလွန်စသည် ထိုနေရာပင်[...]ဆုံးသတ်သွားသည်မဟုတ်ပါလား။

"ဟင်း"

"ဘုတ်"

"အို"

သက်ပြင်းရှိုက်သံနှင့်အတူ လက်ကိုဆန့်အထုတ်မှာ အနား[...] တင်ထားသော ဓာတ်ပုံစာအုပ်တချို့ ခုတင်ပေါ်မှ ကြမ်းပြင်ပေါ်[...] ကျသွားသဖြင့် ကမန်းကတန်း ကောက်ယူရန်ပြင်လိုက်စဉ်မှာ[...]....

"ဟင်"

တစ်ပိုင်းတစ်စ ထွက်နေသော ဓာတ်ပုံတစ်ပုံ၏ အောက်[...]မြင်ကွင်းတစ်ခုရှိရာသို့ အမှတ်မထင် မျက်စိရောက်သွားခိုက်မှာ[...] စောခမ်းမုံရင်မှာ ဒိတ်ခနဲ ခုန်သွားရပါပြီ။

လက်စွပ် ...။

လူတစ်ယောက်၏လက်မှာ စွပ်ထားသည့် လက်စွပ်တစ်[...]င်းက စောခမ်းမုံကို ညို့ယူဖမ်းစားထားသည်။ ထိုဓာတ်ပုံကို [...]ခမ်းမုံ ဖြည်းဖြည်းချင်း ဆွဲယူလိုက်သည်။

ယောကျ်ားတစ်ယောက်၏ ပုံမှန်း သိလိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏မျက်နှာကိုက မမြင်ရသေး။ စောခမ်းမုံကိုယ်တိုင် ဓာတ်
တွေကို အပြန်ပြန်အလှန်လှန် ကြည့်နေစဉ်တုန်းကလည်း ထိုဓာတ်
ကို မတွေ့ခဲ့ရပါ။

အယ်ဘမ်ပြုတ်အကျမှာ တခြားဓာတ်ပုံအောက်မှ ထွက်လာ
ခြင်းဖြစ်သည်။ ထိုလက်စွပ်ပိုင်ရှင်မှာ စောခမ်းမုံ၏ ဦးလေး စဝ်မိုင်း
နောင်မှတစ်ပါး တခြားသူမဖြစ်နိုင်ဟု တပ်အပ်သိလိုက်ခြင်း
လည်း စောခမ်းမုံရင်အစုံကို တုန်ရီစေသည်။

ထိုသို့ယူဆရန် ခိုင်မာသည့် အကြောင်းကလည်း သူ
တွင် အသင့်ရှိနေသည်။ ထိုအရာက တခြားမဟုတ်။ စောခမ်းမုံ
တွင် ထိုလက်စွပ်နှင့် တစ်ထပ်တည်း တူညီနေသော လက်စွပ်
တစ်ကွင်း ရှိနေခဲ့ပြီး ထိုလက်စွပ်မှာ မေမေ့ပိုင်ပစ္စည်းဖြစ်နေခဲ့
တည်း။

မောင်နှမသုံးယောက်အတွက် တစ်ထပ်တည်းတူညီသော
လက်စွပ်သုံးကွင်းကို မဟာဒေဝီကိုယ်တိုင် ပေးအပ်ခဲ့သည်ဟု ဆို
သည် မဟုတ်ပါလား။

ဓာတ်ပုံကို ဆွဲယူလိုက်ပါပြီ။

အို ...။

နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများဖြင့် ပြည့်နေသည့် မျက်နှာ
တစ်ခု။ ဆံပင်ရှည်တွေကလည်း မသေသပ်ရသည့်အထဲ ဦးထုပ်
တစ်လုံးနှင့် မျက်မှန်နက်တစ်လက် တပ်ဆင်ထားပုံက သူ့မျက်နှာ
အစစ်အမှန်ကို သိရန်ခက်ခဲလှပါသည်။





တမင်ရုပ်ဖျက်ထားခြင်းလား။ တိုက်ဆိုင်ခြင်းလား မခွဲ
ခြားတတ်သော်လည်း လက်သူကြွယ်တွင် ဝတ်ဆင်ထားသော
ပတ္တမြားလက်စွပ်ကြီးကဖြင့် သူဘယ်သူဘယ်ဝါဆိုတာ လိမ်ညာ
လို့မရအောင် ဖော်ပြလို့နေသည်မဟုတ်ပါလား။

သူပဲနေမှာပါ။

ဦးလေးစဝ်မိုင်းနောင်ဆိုတာ ဒီလက်စွပ်ပိုင်ရှင်ပဲ ဖြစ်မှာ။
ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုရာကို ဆွဲတွေးမိသူက စောခမ်းမုံ။
ထိုဓာတ်ပုံလေးကို မီးရောင်အောက်မှ သေချာစူးစိုက်ကြည့်နေမိ
သည်။

ပြီးတော့ သူမလက်ထဲမှာရှိနေသည့် ဦးလေး၏ဓာတ်ပုံဖြင့်
ဆုတ်ယူတိုက်ဆိုင်စစ်ဆေးကြည့်ချိန်မှာ ကွာခြားနေသော အသက်
အရွယ်ကို သတိပြုမိလာသည်။ သူမလက်ထဲမှာရှိနေသည့် ဓာတ်ပုံ
က အသက်နှစ်ဆယ်ခန့်ဟု ခန့်မှန်းရသလောက် သူမ အယ်လ်ဘမ်
ထဲက ရှာဖွေလို့ရသည့် ဓာတ်ပုံကဖြင့် အသက်သုံးဆယ်ကျော်ဝန်း
ကျင်မှာ ရှိလျက်ရှိရာ ဆံပင်ပုံစံ၊ ဝတ်ဆင်ထားသော အင်္ကျီအဆင်
အပြင် နောက်ခံအနေအထားမှအစ ကွာချင်တိုင်းကွာရခြင်းဖြင့် ထိုသူ
မှာ ဦးလေးစဝ်မိုင်းနောင်ဟု အတိအကျ ပြောရန် ခက်နေသည်။

အိုလေ ...။

ဓာတ်ပုံတစ်ပုံလုံးတောင် စောခမ်းမုံလက်ထဲကို ရောက်
လာခဲ့ပြီပဲ။ ဒေါနန်းဆိုင်လောဝ်ကို သူမသိချင်တာ မေးလိုက်ရုံပေါ့။
ဓာတ်ပုံထဲကလူဟာ ဘယ်သူလဲဆိုတာကိုတော့ သူသိကိုသိနေ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။

ကျေနပ်အားရသော အတွေးလေးများဖြင့် ဓာတ်ပုံအယ်လ်ဘမ်များကို သိမ်းဆည်းလိုက်ပြီး သူမဦးလေးဟု ယူဆရသော ဓာတ်ပုံကိုတော့ ဆေးဗူးနှင့်ခွဲမရအောင်တူလှသော ဓာတ်ပုံနှင့် အတူ ယှဉ်တွဲလျက် သိမ်းလိုက်ပါသည်။

မနက်ဖြန်မနက်စောစောပင် ဒေါ်နှန်းဆိုင်လောဝ်အိမ်ကို သွားမည်ဆိုသော အတွေးဖြင့် ကျေနပ်နှစ်မြိုက်စွာ အိပ်ပျော်သွားရသူက စောခမ်းမုံတည်း။





အခန်း (၈)

"မောင်သောင်း ဖျားနေပြီ စောခမ်းမုံလေးရေ၊ ဘယ်သွားချင်လို့လဲကလေး၊ ဒေါ်အဲရွှေ လိုက်ပို့ပေးမယ်လေ"

"ဒီနားတင်ပါ၊ လမ်းလျှောက်ရုံပဲ၊ ဒေါ်အဲရွှေနေခဲ့ပြီး ဦးသောင်းကို ဆရာဝန်နဲ့ ပြပေးလိုက်ပါနော်၊ ခမ်းမုံ သိပ်မကြာပါဘူး အခုပဲပြန်လာမှာပါ"

"အဝေးကြီးလျှောက်မသွားနဲ့နော် ကလေး"

"ဟုတ်ကဲ့ပါ"

သူမကို စိတ်ချစေရန် လိမ်ညာပြောခဲ့ခြင်းဟု ဒေါ်အဲရွှေ မသိပါ။ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေစဉ်မှာပင် စောခမ်းမုံ အိမ်က ထွက်လာခဲ့လိုက်ပါသည်။

ကားယူသွားလျှင် ဒေါ်အဲရွှေ စိတ်ပူပြီး သူမနောက်ကို ခွတ်လိုက်လာမှာကိုသိနေ၍ ကားကိုထားခဲ့ရခြင်းပါ။ သူမတို့နေသည့်နေရာက လူသွားလူလာ ကင်းပြတ်ပြီး ချောင်ကျသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်အေးချမ်းပြီး သဘာဝတောတောင်ရေမြေအလှကို အမြင့်ပိုင်းမှ စီးမိုးငုံ့ကြည့်နိုင်ခြင်းကြောင့် နေရထိုင်ရသည်မှာ အဆင်ပြေသည်ဟု ဆိုရပါမည်။

ခြံဝင်းကျယ်ကြီးထဲမှာ နှင်းဆီ၊ သစ်ခွနှင့် တခြားပန်းရောင်စုံတွေရှိသလို စိမ်းလန်းစိုပြေသော သစ်ပင်ကြီးငယ်များဖြင့် အုံ့ဆိုင်းဝေဆာနေခြင်းက စိမ့်အေးသည့် ရာသီဥတုနှင့် ပဏာရလိုက်ဖက်လှသည်။

သူမတစ်ယောက်တည်း ကွေ့သောဝိုက်သော လမ်းကလေးအတိုင်း ဖြည်းဖြည်းချင်း ဆင်းခဲ့သည်။

ယုန်မွေးအင်္ကျီနီနီ၊ လည်စီးနီနီလေးနှင့် သူမအသွင်က ယုန်ဖြူမလေးမဟုတ်တော့ဘဲ အားမာန်အပြည့်ပါဝင်သော ဆူးများဝန်းရံထားသော နှင်းဆီနီမလေးနှင့် အပြိုင်လှပနေပါသည်။

လေနှင့်အတူ တစ်ဖျပ်ဖျပ် လွင့်မျောနေသော ပဝါလေးကြောင့် သူမ ပဝါဖြူလေးကို ယူဆောင်သွားသော လူတစ်ယောက်ကို အမှတ်တရရှိနေမိသည်။

သူနှင့်စောခမ်းမုံ နှစ်ကြိမ်တိတိ ခပ်လှမ်းလှမ်းမှ ဆုံခဲ့ကြဘူးတာကို မမေ့ပါ။ လက်ထဲက ဓာတ်ပုံအယ်လ်ဘမ်ထည့်ထားသည့် ကျွတ်ကျွတ်အိတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း သူဘယ်သူလဲ၊ ဒီမြို့ကပဲလား။ ဒါမှမဟုတ် တခြားမြို့ရွာက သူမလို အလည်လာသည့် ဧည့်သည်လားဆိုတာ သိချင်လာသည်။

အတွေးဖြင့် စိုက်စိုက်လျှောက်လာသော သူမအနားသို့





းတစ်စီး ညင်သာစွာ ရပ်တန့်လာသဖြင့် စောခမ်းမုံ လန့်သွားသည်။

“စောခမ်းမုံ”

“ဟင် …ဒေါက်တာ”

လှပသော မျက်နှာလေးပေါ်က အံ့ဩထိတ်လန့်မှုကို တွေ့လိုက်ရခြင်းအပေါ်မှာ သူ ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်မိသည်။

ဆေးဗညားလို ကိုယ့်လူချောတစ်ယောက်ကို တွေ့မြင်ရတိုင်းအတွက်မှန်းမသိ အခုလို အမြဲတမ်း ထိတ်လန့်အံ့ဩနေမည်ဆိုင် အဘယ်မျှကောင်းလိုက်ပါမည်နည်း။

သူ့ကိုတွေ့သည့် အပျိုမလှလှလေးတိုင်းက စောခမ်းမုံဆိုသည့် သူမလို ဘယ်သူမှ တအံ့တဩမဖြစ်ကြသည်မှာ သေချာပါသည်။

“တစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲဟင်၊ ကိုယ်တ်ပို့ပေးပါရစေ”

“ခမ်းမုံ …ဒေါက်တာတို့အိမ်ကို သွားမလို့ပါဒေါက်တာ”

“ဒေါက်တာတဲ့လား”

ပြုံးလျက်သူဆိုလိုက်တော့ လှပဝိုင်းစက်သည့် မျက်ဝန်းးတွေက သူ့မျက်ဝန်းအစုံရှိရာကို ဖျတ်ခနဲရောက်လာသည်။

“ကိုယ့်နာမည် ဆေးဗညား၊ ဒေါက်တာဆိုတာထက်စာနာမည်ခေါ်တာ ပိုကောင်းမယ်ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကားပေါ်တက်လေ …ကိုယ်လည်း အိမ်ပြန်မှာ"

အသင့်ဖွင့်ပေးသည့် ကားတံခါးအတွင်းသို့ စောခမ်း[...] ဝင်ထိုင်လိုက်ပြီး ကားတံခါးပိတ်သံအဆုံးမှာ ကားလေးက နေရာ[...] ငြိမ့်ခနဲပြေးထွက်သွားပါသည်။

"ဟိုနေ့က စောခမ်းမုံတို့ အိမ်ကိုလာတယ်လို့ မာမီပြော[...] တယ်၊ ကိုယ်နဲ့ မဆုံဖြစ်လိုက်ကြဘူးနော်"

"ဟုတ်ကဲ့ …အဲဒီနေ့ကပဲ အန်တီဆီက ဒီဓာတ်ပုံအယ်[...] ဘမ်တွေကို ယူခဲ့တာပါ"

"ဪ …ဪ"

"ဓာတ်ပုံတွေကြည့်တော့ စောခမ်းမုံ လိုချင်တဲ့ပုံ ရှာ[...] ရဲ့လား"

"ဟင့်အင်း …မတွေ့ပါဘူး၊ ဒါပေမယ့် အပြင်မှာ[...] ဦးလေးစဝ်မိုင်းနောင်နဲ့ သိပ်တူတဲ့လူတစ်ယောက်နဲ့တော့ တွေ့တ[...]"

"ဟုတ်လား …အဲဒီလူကဘယ်သူလဲ၊ ဘယ်မှာနေ[...] လဲ၊ ဒီမြို့ကပဲလား၊ သူ့ကိုရော စောခမ်းမုံ ဘာတွေပြောပြလို့[...] လဲ"

ဆေးဗညား သူမအတွက် စိုးရိမ်စွာမေးလိုက်ရပါပြီ။ [...] ချောမောလှန်းသော မိန်းမလှလေးတစ်ယောက် တစ်ခါမှ မမြင်[...] မတွေ့ဖူးသော ဆွေမျိုးကို လိုက်ရှာနေသည့်အဖြစ်က မမျှော်[...] သော အန္တရာယ်တို့ ကျရောက်နိုင်ကြောင်း သူမ စဉ်းစားမိ[...]





လား မသိပါ။

ချောချောလှလှ သမီးလေးတစ်ယောက်တည်း မွေးထားပြီး သူမတစ်ယောက်တည်း စိတ်ထင်ရာလျှောက်လုပ်ခွင့်ပြုလိုက်သော သူမ ဖခင်ကိုလည်း စိတ်ထဲကလှမ်းပြီး အပြစ်တင်လိုက်မိသည်။

မသူတော်တွေနဲ့တွေ့ပြီး ခြေချော်လက်ချော် တစ်ခုခုဖြစ်သွားလျှင် မခက်ပါလား။

"အခုချိန်ထိတော့ အဲဒီလူကို ခမ်းမုံ ဘာတစ်ခုမှ မပြောရသေးပါဘူး"

ကားမောင်းနေရာမှ ဆေးဗညား ဖျတ်ခနဲ စောခမ်းမုံကို လှမ်းကြည့်လိုက်သည်။ စောခမ်းမုံကလည်း သူ့ကို ခပ်တည်တည်လေး ပြန်ကြည့်နေတာကြောင့် မျက်လုံးချင်း အမှတ်မထင် ဆုံစည်းမိကြသည်။

သူမဦးလေးနှင့်တူသူ. တစ်ယောက်မှာ ဘယ်အသက်အရွယ် ဘယ်လိုလူစားမျိုးလည်းဆိုတာ ဆေးဗညားကိုယ်တိုင် မသိရပေမယ့် သိပ်လှသည့် သူမအတွက်ကတော့ဖြင့် တွေးကြည့်ရုံနှင့်ပင် တကယ့်ကို ရင်ပူစရာဖြစ်ပါသည်။

အခုချိန်ထိ အဲဒီလူကို သူမ ဘာတစ်ခုမှ မပြောရသေးဘူးဆိုတော့ နောက်ကျရင် သူမဟာ ဆေးဗညားတို့သားအမိကို ပြောသလို သူမရဲ့ဦးလေးပျောက် ရှာပုံတော်ကို အစအဆုံးပြောပြမှာ သေချာနေပါပြီ။

သူမပြောပြသည့် စကားပေါ်မှာ အခြေခံပြီး သ[...]နလုပ်



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင် လိမ်ညာသွားမည့် လူလိမ်လူညာတွေအကြောင်း သူမ သိရဲ့လားဟု မေးလိုက်ချင်သည့်တိုင် ဆေးဗညားနှုတ်က ရုတ်တရက် ပြောမထွက်ပါ။

"ဖြစ်နိုင်ရင် မင်းဟာ ကိုယ့်ညီမလေးဖြစ်ပါစေလို့ ဆုတောင်းနေရသလို မဟုတ်ပါစေနဲ့လို့လည်း ဆုတောင်းနေမိတယ် စောခမ်းမုံ"

"လူတိုင်းကို ကိုယ့်စိတ်နဲ့နှိုင်းပြီး ဘယ်လိုလူမျိုးကိုမှ စိတ်ချယုံကြည်ပစ်ဖို့ မကြိုးစားနဲ့သိလား၊ မင်းဟာ ယောကျ်ားလေး မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်၊ ပြီးတော့ သိပ်ပြီးလှလွန်းတယ်၊ အဲဒါကိုက မင်းအတွက် အန္တရာယ်ပဲ နားလည်လား"

"ကျေးဇူးတင်ပါတယ် ဦးဆေးဗညား၊ ခမ်းမုံ နားလည်ပါတယ်၊ သတိလည်းထားပါတယ်၊ ခမ်းမုံ တွေ့ချင်နေရတဲ့လူဟာ ခမ်းမုံကို ဘယ်လိုနည်းနဲ့မှ လိမ်ညာဟန်ဆောင်မဲ့လူစားမျိုး မဟုတ်ဘူးဆိုတာ ခမ်းမုံသိပါတယ်"

"ခမ်းမုံသိတယ် ဟုတ်လား၊ မင်းက တစ်ဖက်လူကို ဘာတွေကြည့်ပြီး ဒီလောက်တောင် စိတ်ချယုံကြည်ပစ်လိုက်ရတာလဲ"

ဘဝင်မကျနိုင်စွာ သူဆိုလိုက်သည်။ ဘယ်သူ့ကိုမှ မယုံပါနဲ့ဟု သတိပေးစကား ပြောနေပါသည်ဆိုမှ သူမကိုယ်တိုင် တွေ့ခဲ့ရသောလူက သူမအပေါ်မှာ ဘယ်လိုနည်းနဲ့မှ လိမ်ညာဟန်ဆောင်မည့်သူ မဟုတ်ပါဟု ရဲရဲဝံ့ဝံ့ အာမခံလို့ပါလား။





ဒီလိုပုံမျိုးနှင့်တော့ ခက်ခဲခက်ရချည်သေးရဲ့ဟု သူမအတွက် စိတ်မောပူပင်စွာ တွေးလိုက်ရင်း မျက်နှာချောချောပေါ်မှာ အလိုမကျခြင်းဖြင့် မျက်ခုံးထူထူများ တွန့်လိုက်ရပါသည်။

"ယုံကြည်သင့်တယ်ထင်လို့ ယုံကြည်မိတာပါ၊ ခမ်းမုံမှာ တခြားဘာအကြောင်းပြချက်မှ မရှိပါဘူး၊"

"ယုံကြည်သင့်လို့ဟုတ်လား၊ လူတွေအကြောင်း မင်းဘယ်လောက်များ သိလို့လဲ၊ အဲဒီလူနဲ့ရော မင်းက ဘယ်လောက် ခင်မင်ရင်းနှီးလို့လဲ"

"ဟင့်အင်း …မရင်းနှီးပါဘူး၊ ခင်လည်းမခင်ဘူး"

"တျှတ် …ဒါနဲ့များကွာ မင်းစိတ်ထင်ရာတွေ လျှောက်လုပ်မနေစမ်းပါနဲ့၊ မင်းကို မြင်မြင်ချင်း ကိုယ့်ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်မိလို့ သတိပေးတာ၊ ကိုယ့်စေတနာကိုရော မင်း နားလည်ရဲ့လား"

"နားလည်ပါတယ်"

စောခမ်းမုံအသံက တိုးတိတ်ညင်သာ သိမ်မွေ့သလောက် ဆေးဗညားအသံက မာကျွတ်ကျွတ် ခပ်ဆတ်ဆတ်ဖြစ်နေသည်။

"အေး …ကိုယ့်စေတနာကို နားလည်ရင် မင်းဦးလေးနဲ့ တူတဲ့လူဆီကို သွားရင် ကိုယ့်ကိုအရင်ခေါ်ပါ၊ ကိုယ်လိုက်ခဲ့မယ်"

"လိုက်စရာမလိုပါဘူး"

"ဘာကွ"

ဒေါသဖြင့် ဖြူသောမျက်နှာ ရဲရဲနီသွားသည်။ စေတနာကို



www.burmeseclassic.com

www.burmeseclassic.com



စေတနာမှန်းမသိဘဲ စော်ကားသူအဖြစ် စောခမ်းမုံမျက်နှာလေးကို ဖျတ်ခနဲကြည့်ပစ်လိုက်သည်။

သူမမျက်နှာလေးက ပကတိ တည်ငြိမ်သိမ်မွေ့စွာ လှပ လွန်းစွာ သူ့အကြည့်ကို နူးနူးညံ့ညံ့ ရင်ဆိုင်ပါသည်။

"သိပ်လည်း ဒေါသတွေစွတ်ကြီးမနေပါနဲ့ ဦးဆေးဗညား၊ စောခမ်းမုံ ပြောမယ့်စကားကိုလည်း ဆုံးအောင်နားထောင်ပါဦး"

"မင်းနောက်ကို ကိုယ်လိုက်ခရာမလို့မှတော့ မင်းပြောမယ့် စကားကို နားထောင်ဖို့ရော လိုအပ်သေးလို့လား"

"အရေးအကြီးဆုံး စကားတစ်ခွန်းပဲပြောမှာပါ၊ ခမ်းမုံ ဦးလေးနဲ့ သိပ်တူတယ်လို့ ခမ်းမုံပြောခဲ့တဲ့လူဟာ တခြားသူမဟုတ် ပါဘူး၊ ဟောဒီက ဦးဆေးဗညားကိုယ်တိုင် ဖြစ်နေလို့ပါ"

"ဘာ"

"ဟုတ်တယ် …ဦးလေးစဝ်မိုင်းနောင်နဲ့ ဦးဆေးဗညား တို့ ဘယ်လောက်တူသလဲဆိုတာ သိချင်ရင် ဒီဓာတ်ပုံကိုကြည့်ပါ"

"ကျွဲ"

"အို"

လမ်းတစ်နေရာမှာ ကားလေး တုံ့ခနဲရပ်တန့်သွားသလို သူမလက်ထဲက ဓာတ်ပုံမှာလည်း ဆေးဗညားလက်ထဲကို ရောက် လို့သွားပါသည်။

ချောမောခန့်ညားသော လူတစ်ယောက်က ဓာတ်ပုံထဲက နေပြီး ဆေးဗညားကို တုံ့ပြန်စူးစိုက်ကြည့်နေပါသည်။ ထိုသူက





တခြားသူမဟုတ်။

ရုတ်တရက်ကြည့်လျှင် ဆေးဗညားနှင့်တူသော်လည်း သေချာစွာကြည့်မိလျှင် ခပ်ဆင်ဆင်တူရုံမှတစ်ပါး သူနှင့်လုံးဝမတူ ပါဟု ငြင်းပယ်၍မရသော လူမှာ စောခမ်းမုံ၏ ဦးလေးဆိုသူကိုယ် တိုင် ဖြစ်ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ညီမလေး ...။

စောခမ်းမုံဆိုသည့် မိန်းမချောလေးမှာ အမှန်တကယ် သူ့ညီမလေးဖြစ်ခဲ့သည်ဆိုလျှင် ကျေကျေနပ်နပ်ကြီး လက်ခံပေးလိုက်ဖို့ အသင့်ဖြစ်ပါသော်လည်း သူနှင့်တူသော သူမ၏ဦးလေးဓာတ်ပုံမှလွဲ၍ တခြားမည်သည့် အထောက်အထားမှမရှိ။

ဒီကြားထဲ သူမတွေ့လိုသော မာမီက ေ...င်ပေါ်ကို ခရီးထွက်သွားရာ ပြန်လာမည့်ရက် အတိအကျကိုလည်း ပြောမသွား၍ အခက်တွေ့ဟန်ကလေးဖြင့် သက်ပြင်းတချချ။

သူမသိလိုသော အဖြေကိုလည်း ဆေးဗညားကိုယ်တိုင်မဖြေနိုင်တော့ ပို၍ရင်မောရပါသည်။ စောခမ်းမုံပြသည့် ဓာတ်ပုံထဲကလူကို ဆေးဗညားလည်းမသိပါ။

ထိုလူဝတ်ဆင်ထားသည့် လက်စွပ်အကြောင်းကိုကား ပို၍ပင်မသိ ...။





"အန်တီက ဒီလိုပဲ ခရီးထွက်ရင် ကြာတတ်သလား ဦးဗညား"

"သေချာတော့ ပြောလို့မရဘူး စောခမ်းမုံ၊ တောင်ပေါ်ခရီးက မြေပြန့်လို့မဟုတ်ဘူး၊ အမြန်ဆုံးပြန်လာမယ်ဆိုရင် ဆယ်ရက်ခရီးဟာ အနည်းဆုံးဖြစ်ပြီး တစ်ခါတလေ လမ်းခရီးမှာ အဆင်မပြေရင် တစ်လလောက် ကြာချင်ကြာတတ်တာမျိုးလေ"

"အိုး"

စောခမ်းမုံ မျက်နှာလုလုလေး ညိုရပါပြီ။

သူမမှာ အဲဒီလောက်အချိန်ပိုမရှိပါ။ ဖေဖေက စောခမ်းမုံကို ဒီလောက်အချိန်အကြာကြီး နေခွင့်ပြုမည်မထင်။ ရရှိထားသည့် သဲလွန်စလေးကို စွန့်လွှတ်ပြီး ပြန်သွားရမှာမျိုးကြတော့ သူမကိုယ်တိုင်က လက်မခံချင်။

ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် စမိပြီဆိုမှတော့ ရေမြေဆုံးသည်အထိ လိုချင်သည့်အဖြေကို မရမချင်း လိုက်ချင်သူ။

"ခမ်းမုံ ဘာဆက်လုပ်ရမလဲ ဦးဆေးဗညား၊ အန်တီနောက်ကို ခမ်းမုံ လိုက်သွားချင်တယ်"

"ဗျာ"

"ခမ်းမုံကို ဦးဆေးဗညား ကူညီပါ၊ ခမ်းမုံစိတ်ထဲမှာ အန်တီဆီက အဖြေတစ်ခုခုရလိမ့်မယ်လို့ ယုံနေတယ်၊ ခမ်းမုံကို ညီမလေးတစ်ယောက်လို သဘောထားရင် ခမ်းမုံ တောင်းတဲ့အကူအညီကို ပေးမယ်မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆေးဗညား ဘာစကားမှမပြောနိုင်ဘဲ စောခမ်းမုံဆိုသည့် မိန်းမချောလေးကို စူးစိုက်ကြည့်နေမိသည်။ အတွေးနုနုလေးတွေနှင့် သိပ်လှသည့် မိန်းမလှလေးရဲ့ ရင်ထဲအတွေးထဲက စိတ်ကူးလှလှလေးတွေနဲ့ အပြင်ဘက်က လက်တွေ့ရင်ဆိုင်ရမယ့် ကြမ်းတမ်းခက်ထန်မှုတွေနဲ့ အပြောင်းအလွဲ မြန်ဆန်လှတဲ့ လောကကြီးရဲ့ အလှည့်အပြောင်းတွေကို စောခမ်းမုံဆိုသည့် ကလေးမလေး ဘာတစ်ခုမှ နားမလည်ပါလား။

ကလေးငယ်လေးတစ်ယောက်လို သူဖြစ်ချင်တာကိုပဲ သိသူ။ သူ့အလိုရှိရာကို တောင်းဆိုနေသူ။

"ခမ်းမုံကို ကူညီမယ်မဟုတ်လားဟင် ဦးဆေးဗညား"

"စောခမ်းမုံကို ကိုယ်ကူညီချင်ပါတယ်ဗျာ၊ ဒါပေမယ့်"

"တီ"

"ညှိသည်ထင်တယ်"

ကားတစ်စီး ခြံထဲကို မောင်းဝင်လာခြင်းကြောင့် စကားစပြတ်သွားသည်။ အိမ်ရှေ့တည့်တည့်တွင် ရပ်သွားသော ကားပေါ်မှ ဆင်းလာသည့် လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် စောခမ်းမုံ မျက်လုံးလေးပြူးသွားသည်။

"ဟော ...စောခမ်းမုံလေးပါလား"

"အန်ကယ် ဦးမင်းဇော်"

"ဟုတ်ပ့ါဗျာ ...ဘယ်လိုတုန်း၊ မောင်ဗညားနဲ့ သမီးတို့က အရင်ထဲကသိနေကြတာလား"





"ရှင် ...ဟုတ် ...ဟုတ်ကဲ့"

ဆေးဗညားဘက်ကို တစ်ချက်လှမ်းကြည့်ရင်း သူမဦးခေါင်းလေးကို ညိတ်ပြလိုက်ပုံလေးက ပီဘိကလေးငယ်လေးပမာ အပြစ်ကင်းစင်လှပါဘိ။

"အေး ...အေး ဒီမှာ အသိမိတ်ဆွေရှိတော့ နေရထိုင်ရတာ မပျင်းတော့ဘူးပေါ့ကွယ်၊ သမီးဖေဖေကတော့ အန်ကယ့်ကို သမီးပျော်သလောက်နေပါစေလို့ ပြောထားတယ်ဗျာ"

"ဟုတ်ကဲ့"

"ဒါနဲ့ မောဓိဗညားရေ၊ မင်းမာမီရှိလား၊ အန်ကယ်မှာ ကိစ္စလေးတွေရှိလို့"

"မာမီ တောင်ပေါ်ကို လိုက်သွားတယ် အန်ကယ်၊ အရေးကြီးတဲ့ကိစ္စရှိလို့ ဆိုတာကလွဲပြီး ကျွန်တော်လည်း ဘာမှမသိလိုက်ရဘူး"

"ဟုတ်လား ...မင်းမာမီကတော့ ပြောမနေနဲ့ပေါ့၊ စိတ်သွားတိုင်းကိုယ်ပါနေတဲ့သူဆိုတော့ သွားချင်ပြီဆို ချက်ချင်း၊ လုပ်ချင်ပြီဆိုရင်လည်း ဘယ်သူမှ တားလို့ရတဲ့သူမျိုး မဟုတ်ဘူးကွ၊ စိတ်ကလည်း သိပ်ထက်တာကိုး"

ပြောရင်း စားပွဲပေါ်က ဓာတ်ပုံတွေကို လှမ်းယူပြီး ကြည့်နေရာမှ ဓာတ်ပုံတစ်ပုံက သူ့ပေါင်ပေါ် ပြုတ်ကျလာရာ အသာကောက်ယူကြည့်နေပါသည်။

ဦးမင်းဇော် ကြည့်နေသည့်ပုံက တခြားပုံမဟုတ်။ စောခမ်း



www.burmeseclassic.com

www.burmeseclassic.com



မုံနှင့် ဆေးဗညားတို့ ဘယ်သူဘယ်ဝါမှန်း မသိနိုင်သော လက်စွပ်နှင့်လူ၏ ဓာတ်ပုံမှ နှစ်ယောက်စလုံး စိတ်ဝင်စားသွားမိကြသည်။

"အန်ကယ်ဖော် ...အဲဒါဘယ်သူ့ပုံလဲဟင်၊ ကျွန်တော်တော့ မာမီ့အသိမိတ်ဆွေထဲမှာ ဒီလူ့ကို မတွေ့ဖူးပါဘူး"

"မတွေ့ဆို ...သူက မင်းမာမီမိတ်ဆွေမှ မဟုတ်ဘဲကိုးကိုမိုင်းနောင်က မင်းတို့ဦးကြီးမုန်းရဲ့ သူငယ်ချင်းလေ"

"ဗျာ"

"ဦးမိုင်းနောင်ဟုတ်လား အန်ကယ်"

"နာမည်အတိအကျတော့ အန်ကယ်လည်း မသိပါဘူးသူ့ကိုလည်း အန်ကယ်တို့ ခပ်ငယ်ငယ်လောက်က တစ်ခါလားနှစ်ခါလား မြင်ဖူးတာပါ၊ အဲဒီတုန်းက သူ့နာမည် စဝ်မိုင်းနောင်ဆိုလား"

"အို"

"ဒီပုံအတိုင်းဆို ...တောင်ပေါ်မှာ မင်းတို့မာမီကြာဦးမယ်ထင်တယ်၊ အန်ကယ်လည်း တောင်ပေါ်ခရီးမထွက်ရတာ ကြာပြီလိုက်သွားဦးမှထင်တယ်"

"ဟင်"

စောခမ်းမုံ့ရင်ထဲမှာ ဒိန်းခနဲ မြည်ဟီးသွားသည်။

နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုတာ ဒါပဲလားဆေးဗညားနှင့်သူမ အကြည့်ချင်းဆုံသွားသည်။

"အန်ကယ်သွားရင် ခမ်းမုံ့လည်း လိုက်ချင်တယ်



အန်ကယ်"

"ဟော ...ဖြစ်ပါ့မလားကွ၊ တော်ကြာ သူ့သမီးနုနုထွတ်ထွတ်ကလေး တောထဲတောင်ထဲ ခရီးကြမ်းကြမ်းထွက်နိုင်းလို့ သမီးဖေဖေက အန်ကယ်ကို အပြစ်တင်နေပါဦးမယ်ဗျာ"

"သမီးဖေဖေဆီမှာ အရင်ခွင့်တောင်းဦးမှာ၊ ခရီးကြမ်းပေမယ့် ကိုယ်မမြင်ဘူး မတွေ့ဘူးတာတွေ မြင်ရတွေ့ရမှာဆိုတော့ မြေပြန့်သူတွေအတွက်တော့ ဗဟုသုတလည်းရ၊ ပျော်စရာလည်းကောင်းမှာပါ"

"ခမ်းမုံ့ ...ဖေဖေ့ဆီမှာ ခွင့်တောင်းလိုက်ပါ့မယ်အန်ကယ်၊ အန်ကယ်နဲ့ဆို ဖေဖေက စိတ်ချမှာပါ"

ယုံကြည်စိတ်ချစွာ စောခမ်းမုံ့ ဆိုလိုက်သည်။

"ကျွန်တော်လည်း လိုက်ခဲ့မယ် အန်ကယ်၊ တစ်နေ့တစ်နေ့ အလုပ်တွေထဲမှာပဲ အာရုံနစ်မြုပ်ထားရတာဆိုတော့ တစ်ခါတလေ ခရီးထွက်ရတာကလည်း စိတ်တင်းကြပ်မှု ဖိစီးမှုတွေကိုလျော့ကျစေတယ်ဗျာ"

"ဘယ်လိုတုန်းကွ ...မင်းတို့ဟာ အတိုင်အဖောက်ညီလှချည်လား"

ပြုံးနေသော နှုတ်ခမ်းများနှင့် အကဲခတ်ဟန်အကြည့်တစ်မျိုးကြောင့် စောခမ်းမုံ့ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ သူမနှင့်ဆေးဗညားကို တစ်မျိုးတစ်မည်ထင်သွားမှာ စိုးရိမ်ရှက်လန့်စိတ်ကလေးဖြင့် မျက်နှာလှလှလေး ရဲရဲနီလျက် ခေါင်းကလေး ငုံ့သွားသည်။


ရိုးရိုး ◈ စာပေ
www.burmeseclassic.com

www.burmeseclassic.com



“တောင်ပေါ်တို့ မရောက်တာလည်း ကြာလို့ပါအန်ကယ် ရ”

“အေးပါ ...အေးပါ သွားရမယ့်ရက်ကို အန်ကယ် စီစဉ်လိုက်ပါ့မယ်၊ မင်းတို့သာ လိုအပ်တာတွေ အသင့်ပြင်ထား ဟုတ်လား၊ သမီးကတော့ သမီးဖေဖေဆီမှာ ခွင့်တောင်းဦးဟု လား”

“ဟုတ်ကဲ့ပါ အန်ကယ်”

“အန်ကယ်လည်း ဖုန်းဆက်ဦးမှာပါ၊ ကဲ ...အန်က ပြန်ဦးမယ် ဟုတ်လား”

ကားနားအထိ နှစ်ယောက်အတူလိုက်ပို့ပေးလိုက်ကြ ကားထွက်အသွားမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို မိကြသည်။

“စောခမ်းမုံ ဦးလေးကို အန်ကယ်ဖော်သိနေတာ အံ့ စရာပဲ”

“သူ့ကို စောခမ်းမုံ အမှန်အတိုင်းဖွင့်ပြောလိုက်ရမလ ဦးဆေးဗညား”

“အခြေအနေကြည့်ကြသေးတာပေါ့ စောခမ်းမုံ၊ တော ပေါ်ခရီးအတွက် လိုအပ်တာတွေကိုသာ အသင့်ပြင်ထား ကံကောင်းရင် စောခမ်းမုံရဲ့ ဦးလေးကိုပါ တွေ့ရမယ်ထင်တယ်”

ဆေးဗညား၏စကားကြောင့် စောခမ်းမုံကိုယ်မှာ ကြက် ကလေးများ ဖြန်းဖြန်းထသွားရပါသည်။ ပုံပြင်ဟောင်းလေးတစ် က အမှန်တကယ်ပဲ သက်ဝင်လှုပ်ရှားလာတော့မည်ဆိုသည့် အ





ခြင့် ဆေးဗညားကို ကျေးဇူးတင်စွာ မော့ကြည့်လိုက်သည်။

အိမ်အပြန်ခရီးကို ဆေးဗညားကိုယ်တိုင် လိုက်ပို့ပါသည်။ ဒေါ်အဲမွှေနှင့် ဆေးဗညားကို စောခမ်းမုံ မိတ်ဆက်ပေးလိုက်သည်။

“သူပဲလေ ဒေါ်အဲမွှေ၊ ဦးဆေးဗညားဆိုတာပေါ့”

“အို ...ကလေးပြောမယ်ဆိုလည်း ပြောစရာပဲ၊ တော်တော်လေးတို့ ဆင်တာပဲနော်”

“ဟုတ်ကဲ့ ...ကျွန်တော်လည်း စောခမ်းမုံပြလို့ ဦးစပ်ခိုင်းနောင်ရဲ့ ဓာတ်ပုံကိုကြည့်ပြီးပါပြီ၊ ကျွန်တော်နဲ့ဆင်တဲ့ လူတစ်ယောက်ပါပဲ”

“ဟုတ်ပါတယ်ကွယ် ...ဟုတ်ပါတယ်၊ စောခမ်းမုံလေး ပြောတုန်းကတော့ သိပ်မယုံပါဘူး၊ အခုတော့ တကယ်လက်တွေ့မို့ ယုံလိုက်ပါပြီ”

“တူ ...တူ”

“ဟော ...ဖုန်းလာနေပြီ”

“ကိုယ်လည်း ပြန်တော့မယ် စောခမ်းမုံ၊ ခွင့်ပြုပါဦး ဒေါ်ဒေါ်”

“ကောင်းပါပြီကွယ်”

ဆေးဗညား နှုတ်ဆက်ပြီး ပြန်သွားချိန်မှာ စောခမ်းမုံ ကောက်ယူနားထောင်လိုက်သည့်ဖုန်းက တိုက်ဆိုင်စွာပင် ဖေဖေ့ဖုန်းဖြစ်နေပါသည်။

“ဖေဖေ့ကို ခမ်းမုံ ပြောစရာရှိလို့ပါ ဖေဖေ၊ အန်ကယ် ဦးမင်းဖော်နဲ့ တောင်ပေါ်ကို အလည်လိုက်သွားချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါ်ကို ဟုတ်လား"

"ဟုတ်ကဲ့"

"သမီးတစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ မေမေနဲ့အတူ သွားပါ"

"ရှင်"

"မနက်ဖြန် သမီးဆီကို မေမေရောက်မယ်၊ အဲဒီကြတော့မှ သမီးဖြစ်ချင်တာ မေမေ့ကိုပြော ဟုတ်ပြီလား"

"မေမေ"

"စပယ်ကို ခေါ်မလာပါဘူးသမီး၊ စိတ်ချပါ၊ ဒါပဲနော် မေမေ ဖုန်းချလိုက်မယ်ဟုတ်လား"

"ဟုတ်ကဲ့"

စောခမ်းမှုံအတွက် စကားထပ်ဆိုခွင့်မရှိ။ မေမေ စောခမ်းမှုံတို့ဆီကို လိုက်လာမယ်ဆိုပါလား။ ဘာဖြစ်လို့ပါလိမ့်

မေမေ့ဘက်က ဆွေမျိုးတွေကို စောခမ်းမှုံ လိုက်ရှာနေတာ မေမေများ သိသွားလို့လား။

မဖြစ်နိုင်ပါဘူးလေ ...။

စောခမ်းမှုံကိစ္စတွေကို မေမေ ဘယ်လိုနည်းနဲ့မှ မသိနိုင်ပါဘူး။

"ဆရာကြီးက ဘာတဲ့လဲကလေး"

"မနက်ဖြန်ဘဲ မေမေက ခမ်းမှုံတို့ဆီကို ရောက်မယ်တဲ့ ဒေါ်အဲရွှေ"

"ဟင်"





"ဆရာကြီးမှာ ဒီလောက်အလုပ်ကိစ္စတွေများတာ အကြောင်းတစ်ခုခုတော့ ထူးပြီထင်တယ်ကလေး"

"ဘယ်လိုအကြောင်းမျိုးလည်း ဒေါ်အဲရွှေ"

"ဒေါ်အဲရွှေလည်း မပြောတတ်ပါဘူးကွယ်၊ ဆရာကြီး လိုက်လာမယ်ဆိုတာ စိတ်ထဲမှာ ထူးဆန်းနေသလို ထင်နေမိလို့ပါ"

စောခမ်းမှုံနှင့် ဒေါ်အဲရွှေ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ သူမစိတ်ထဲမှာလည်း ထိုသို့ ခံစားနေမိသော်လည်း ဘာရယ်ဟု သေချာမပြောတတ်ပါ။

"ကပါလေ ...တွေးပြီးပူနေလို့လည်း မထူးပါဘူး၊ မေမေရောက်လာတဲ့အခါကြရင် အဖြေသိမှာပါပဲ၊ စောစောအိပ်ရာ ဝင်လိုက်ကြတာပဲ ကောင်းပါတယ်"

တကယ်တမ်း အိပ်ရာထဲကိုရောက်တော့ အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်နေမိသူက စောခမ်းမှုံသာ ဖြစ်ပါသည်။

ဦးမင်းဇော်ထံမှ ဦးစဝ်မိုင်းနောင်ဆိုသည့် အမည်ကို ကြား လိုက်ရခြင်းက သူမရင်ခုန်သံတွေကို နွေးထွေးမြန်ဆန်စေသည့် အဖြစ်မို့ အခုထဲက ဦးလေးဖြစ်သူနှင့် တွေ့ရမည့်အရေး ကြိုတင် ပြီး ရင်ခုန်နေမိပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

''သမီး''

''ဖေဖေ''

မျက်ရည်ဝဲသော မျက်ဝန်းများဖြင့် ဖေဖေလက်မောင်းတစ်ဖက်မှာ စောခမ်းမုံ၏ မျက်နှာလှလှလေးကို မှောက်အပ်လိုက်သည်။ ဖေဖေက စောခမ်းမုံ၏ ဦးခေါင်းလေးကို ဖွဖွပုတ်ပါသည်။ ဒေါ်မံပယ်ညို သူမတို့သားအဖနှစ်ယောက်ကြားကို ရောက်ရှိလာကတည်းက ဖေဖေနှင့်စောခမ်းမုံတို့ သူ့အလိုလိုဝေးကွာသွားခဲ့ရခြင်းကို သူမ ဘယ်လိုမှမမေ့ပါ။

ဦးသောင်းက ဖေဖေ ခရီးဆောင်အိတ်ကို အိမ်ထဲသို့ ယူသွားသလို ဒေါ်အဲရွှေကလည်း ဖေဖေ့အတွက် ဘလက်ခ်ကော်ဖီ ပူပူတစ်ခွက်နှင့် အကြမ်းရည်လာချပေးပါသည်။

''ဘယ်နှယ့်လဲ ဒေါ်အဲရွှေ၊ ဒီမှာနေရတာ အဆင်ပြေရဲ့လား''





''ဟုတ်ကဲ့ ပြေပါတယ် ဆရာကြီး''

''ဖေဖေ့ကိုကြည့်ရတာ ပိန်သွားတယ်နော်၊ ဖေဖေ နေကောင်းရဲ့လားဟင်''

ဖခင်ကြီး၏ မျက်နှာကို စေ့စေ့ကြည့်လျက် စောခမ်းမုံဆိုလိုက်ခြင်းဖြစ်သည်။

''ဖေဖေ နေကောင်းပါတယ်ကွယ်၊ ခရီးပန်းလာလို့ပါ၊ သမီးရော ဘယ်နေရာတွေကို ရောက်ပြီးပြီလဲ''

''ဘယ်ကိုမှ သိပ်မသွားရသေးပါဘူး ဖေဖေ''

''ဟုတ်တယ်ဆရာကြီးရေ ...ခမ်းမုံလေးက နုနုနယ်နယ်ဆိုတော့ ခရီးရောက်မဆိုက်ကို ဖျားတော့တာပဲ၊ ကျွန်မတို့မှာ ဆရာကြီးစိတ်ပူမှာစိုးလို့ အကြောင်းမကြားရဲဘူး၊ ခမ်းမုံလေးကလည်း မပြောရဘူးဆိုတာနဲ့''

''ဟုတ်လားသမီး ...ဘာလို့ အဲဒီလိုလုပ်ရတာလဲကွယ်''

''ခမ်းမုံက ...ဖေဖေစိတ်ပူမှာစိုးလို့ပါ''

''သြော်ကွယ် ...ဖေဖေ့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ၊ သမီးလေးကိုမှ ဖေဖေစိတ်မပူရင် တခြားဘယ်သူ့ကိုများစိတ်ပူရဦးမှာလဲဟင်''

''ဖေဖေရယ်''

နူးညံ့ကြင်နာလှသော ဖေဖေ့စကားများက စောခမ်းမုံ ရင်အစုံကို ထိမိုက်နာကျင်သွားစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကို သမီးဘာလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေ သိချင်တယ်၊ ဖေဖေပြောတာကို သမီးနားလည်ရဲ့လား"

"ခမ်းမုံ နားလည်ပါပြီ ဖေဖေ"

လေးနက်တည်ငြိမ်လှသော ဖေဖေ့မျက်နှာမှာ တစ်စုံတစ်ခုသော အကြောင်းအရာ ရှိနေမည်လားဟု စိတ်မလုံခြုံစွာ အဖြေအလွှား ရှာဖွေကြည့်မိပေမယ့် တိကျသေချာသော အဖြေကိုတော့ စောခမ်းမုံ မရရှိခဲ့ပါ။

သေချာတာတစ်ခုကတော့ ဖေဖေ့မှာ စိတ်အနှောင့်အယှက်ကြုံစရာတစ်ခုခုဖြစ်နေကြောင်း ဖေဖေ့မျက်ခုံးအစုံကိုကြည့်၍ သဘောပေါက်နားလည်လိုက်ပါသည်။

"ဖေဖေ ခရီးပန်းလာတာဆိုတော့ အနားယူပါဦးနော်၊ ညနေမှပဲ ဖေဖေ့ကို ခမ်းမုံပြောစရာရှိတာတွေကို ပြောပါ့မယ်"

"အခုပြောလည်းရပါတယ် သမီးရယ်၊ ဖေဖေ့အတွက် ဒီခရီးလောက်က မပြောပလောက်ပါဘူး၊ ဒီထက်ကြမ်းတဲ့ တောင်ပေါ်ခရီးတွေကို သွားခဲ့ရတဲ့ဖေဖေပါကွယ်"

"တောင်ပေါ်ခရီး ဟုတ်လား ဖေဖေ"

"ဒါပေါ့"

"ဟင်"

ဖခင်ဖြစ်သူ၏ မျက်နှာကို အံ့သြသော မျက်ဝန်းအစုံဖြင့် စောခမ်းမုံ မော့ကြည့်လိုက်သည်။

"ဖေဖေက တောင်ပေါ်ခရီးကို သွားဖူးတယ် ဟုတ်လား





ဒါဆို ဖေဖေနဲ့အတူ မေမေလည်းပါမှာပေါ့နော် ဟုတ်လားဖေဖေ"

"ပါတဲ့အခါလည်း ပါတာပေါ့ကွယ်၊ ဖေဖေတစ်ယောက်တည်း သွားရတဲ့အခါလည်း သွားတာပေါ့"

"အို"

စောခမ်းမုံ့ရင်ထဲမှာ အသံတိုးတိုးလေး မြည်ဟီးသွားသည်။ သိပ်ဖြစ်နိုင်တာပေါ့။ မေမေနဲ့အတူ တောင်ပေါ်ခရီးကို သွားခဲ့ရတဲ့ ဖေဖေဟာ မေမေ့လိုပဲ ဦးလေးစဝ်မိုင်းနောင်ကို တွေ့ခဲ့ရလိမ့်မယ်လို့ သူမ ဘာလို့မတွေးမိခဲ့ရပါလိမ့်။

"ဒါဆို ...ဟို ဖေဖေနဲ့ ဦးလေးစဝ်မိုင်းနောင်တို့ တွေ့ခဲ့ကြမှာပေါ့နော်"

"စဝ်မိုင်းနောင် ...ဟုတ်လား၊ သမီးက သူ့ကိုသိလို့လား"

ဖေဖေ့အသံက စဝ်မိုင်းနောင်ဆိုသည့် အမည်ကို ကြားလိုက်ရတာနှင့်ပင် မျက်နှာအမူအရာပါ ပြောင်းလွဲသွားကာ မနှစ်မြို့ကြောင်း ဖော်ပြလျက်ရှိသဖြင့် စောခမ်းမုံမှာ ရှေ့စကားကိုမဆက်နိုင်ဘဲ အိုးတိုးအမ်းတမ်းကလေး ဖြစ်သွားရသလို ခေါင်းအဲရှေ့မှာလည်း ကွက်ခနဲ မျက်နှာပျက်သွားရှာပါသည်။

"ဖေဖေမေးတာကို ဖြေဦးလေ သမီး"

"ဒါက ဟို ...ဟို ခမ်းမုံ ငယ်ငယ်တုန်းက မေမေပြောပြထားတာကို ပြန်သတိရမိလို့ပါ"

"သမီးမေမေက သမီးငယ်ငယ်တုန်းက ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့လို့လဲ''

စောခမ်းမုံမှာ ဒေါ်အဲရွှေ မျက်နှာပျက် အနေရခက်နေတာကိုကြည့်ပြီး တတ်နိုင်သလောက် သူ့အပြစ်မှလွတ်ရန် ကြိုးစားကာကွယ်၍ ပြောလိုက်ခြင်းဖြစ်ပါသော်လည်း ဖေဖေကတော့ စောခမ်းမုံ နှုတ်ဖျားမှ ဆက်လက်ထွက်ပေါ်လာမည့် စကားကို အထူးစိတ်ဝင်စားလျက်ရှိနေတာကို တွေ့ရပါသည်။

''ဟို …မေမေ့မှာ မောင်လေးတစ်ယောက်ရှိတယ်လို့ ပြောပါတယ်ဖေဖေ၊ ဦးလေးနာမည် စဝ်မိုင်းနောင်လို့ ခမ်းမုံ မှတ်မိနေလို့ပါ''

''စဝ်မိုင်းနောင်နဲ့ ပတ်သက်ပြီးသမီးသိသမျှ ဒါပဲလား၊ သမီးမေမေက သမီးကို တခြားဘာတွေပြောပြခဲ့သေးလဲ''

''ဟင့်အင်း …ခမ်းမုံသိသမျှ ဒါအကုန်ပါပဲ ဖေဖေ၊ မေမေက ခမ်းမုံကို တခြားဘာအကြောင်းမှ ပြောပြမသွားခဲ့ပါဘူး''

''ဟင်း''

ကျယ်လောင်သော သက်ပြင်းရှိုက်သံက ဖေဖေ့ထံမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

''တချို့ကိစ္စတွေဟာ သမီးအတွက် သိသင့်သိထိုက်တာတွေရှိသလို တချို့ကိစ္စတွေကြတော့ သမီးအတွက်ရော တခြားသူအတွက်ရော အကျိုးမရှိတဲ့အတွက် ဒီအတိုင်းထားလိုက်တာ အကောင်းဆုံးပဲကွယ်''

''ဖေဖေ…ဘာကိုဆိုလိုတာလဲဟင်၊ ဖေဖေပြောတာကို





ခမ်းမုံ နားမလည်ဘူး''

စောခမ်းမုံ အမေးကို ဖေဖေက မဖြေဘဲ ထိုင်ရာမှထသွားပြီး ပြတင်းပေါက်မှာ သွားရပ်လိုက်ပါသည်။

ဖေဖေ့နောက်ကျောပြင်ကိုသာ မြင်ရ၍ ဖေဖေ့မျက်နှာပေါ်က အပြောင်းအလွဲကိုဖြင့် စောခမ်းမုံကိုယ်တိုင် မခန့်မှန်းနိုင်ခဲ့ပါ။

မှိုင်းမှုံပြာရီသော မဲနယ်ရောင် တောင်တန်းပြာများရှိရာသို့ ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်ငေးရပ်တန့်နေသော ဖေဖေ့မှာ စောခမ်းမုံ မသိမှိုလိုက်သော အကြောင်းအရာများ အဘယ်မျှရှိနေနိုင်သည်ကို သူမ တစ်ခါမှ မစဉ်းစားခဲ့ဘူးပါချေ။

စောခမ်းမုံအမြင်မှာ ဖေဖေဆိုတာ ရိုးသားအေးဆေးသူ။ တည်ငြိမ်ရင့်ကျက်စွာ ဘဝကို ရင်ဆိုင်ဖြတ်သန်းခဲ့ပြီး တစ်ဦးတည်းသော သမီးလေး စောခမ်းမုံနှင့် သူ့တွင်ရှိနေသော များပြားလှသည့် လုပ်ငန်းများမှလွဲ၍ တခြားဘာကိုမှ စိတ်မဝင်စားခဲ့သူဖြစ်သည်။

စောခမ်းမုံတို့ သားအဖနှစ်ယောက်ကြားကို ဒေါ်စံပယ်ညို ဝင်မလာခင်အချိန်အထိ ဖေဖေတစ်ယောက်ထဲ ဘဝကို စက်ရုပ်ဆန်ဆန် အိမ်နှင့်အလုပ်၊ အလုပ်နှင့်အိမ်တွင်သာ မြှုပ်နှံထားခဲ့သူဖြစ်သည်။

တောင်တန်းပြာတွေနှင့် ပတ်သက်ပြီး ဖေဖေ့မှာ ပြင်းထန်သော ခံစားချက်တစ်စုံတစ်ရာရှိမည်ဟု မထင်ခဲ့ပါ။ ရှိခဲ့မည်ဆိုလျှင်လည်း ဒေါ်အဲရွှေပြောသလို ဦးလေးသည် မေမေ့ကို သေစေသူ တစ်ယောက်အဖြစ် နာကြည်းနေနိုင်ကြောင်း စောခမ်းမုံ တွေးမိလာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဖေဖေ့အပေါ်မှာ ကြင်နာစာနာ သနားရပါသည်။

"ဖေဖေ"

စောခမ်းမုံ ဖခင်ကြီးရှိရာကို လျှောက်သွားပြီး တိုးတိတ်စွာ ခေါ်လိုက်ပါသည်။ မေမေ သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ဦးလေးစပ်မိုင်းနောင်အပေါ်မှာ ခါးသီးနာကြည်းနေမည့် ဖေဖေ့ရင်တွင်း တစ်နေရာမှ စိတ်ခံစားချက်များကို နှစ်သိမ့်ပြေပျောက်သွားနိုင် အောင် သူမတတ်နိုင်သည့်ဘက်မှ ဖေဖေ့ကို အားပေးချင်နေမိပါသည်။

"ဖေဖေ့ကို ခမ်းမုံ တစ်ခုလောက်ပြောပါရစေ"

"သမီးက ဘာပြောချင်လို့လဲ"

ဖေဖေက တောင်တန်းကြီးများထံမှ အကြည့်ကို မရွှေ့ဘဲ မေးလိုက်ခြင်းဖြစ်သည်။

"မေမေ့အကြောင်းပါ ဖေဖေ၊ခမ်းမုံရဲ့မေမေဟာ ခမ်းမုံ ငယ်စဉ်မှာပဲ ဖေဖေနဲ့ ခမ်းမုံကိုထားပြီး ထွက်သွားခဲ့ရတယ်မဟုတ်လား၊ အဲဒီအတွက် ဖေဖေ့ရင်ထဲမှာ တစ်စုံတစ်ယောက်ကြောင့် မေမေ အခုလိုဖြစ်ရတာဆိုတဲ့အတွေးနဲ့ မုန်းတီးနာကြည်းနေခဲ့သလား ဆိုတာ ခမ်းမုံ သိချင်လို့ပါ"

"သမီးက ဘာလို့ ဖေဖေ့ကို အဲဒီလိုမေးရတာလဲ"

နှုတ်ဆွံ့အစွာ စောခမ်းမုံ ဖေဖေကို ပြန်ကြည့်နေမိပါသည်။ အမြဲလို ကြည်လင်တောက်ပသော ဖေဖေ့မျက်ဝန်းအစုံက အုံ့ဩစရာကောင်းလောက်အောင် ရီမှိုင်းမှုံဝေလို့နေသည် မဟုတ်ပါလား။ ဖေဖေ့ထံမှ မဲ့ပြုံးတစ်ခုကို မြင်လိုက်ရခြင်းက သူမရင်ကို များစွာ





မသက်မသာဖြစ်သွားစေပါသည်။

"ခမ်းမုံကို ခွင့်လွှတ်ပါ ဖေဖေ၊ ခမ်းမုံ မှားသွားပါတယ်"

"သမီး မမှားပါဘူးကွယ်၊ ဖေဖေ့ရင်ထဲမှာ အခုချိန်ထိ နာကြည်းမှုတွေ ခံစားနေရတာဟာ သမီးခုနက မေးလိုက်တဲ့ သမီးရဲ့ဦးလေး စပ်မိုင်းနောင်ကြောင့်ဆိုတာ ဖေဖေ ဝန်ခံပါတယ်"

"သူဟာ ဖေဖေ့နှလုံးသားတွေကို အမြဲနာကျင်စေခဲ့တဲ့ သူပဲ၊ အခုလည်း သူ့ကြောင့် ဖေဖေ ဒီကိုရောက်လာရတာပဲ"

"ဟင်"

ဖေဖေ့ထံမှမမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားက စောခမ်းမုံကို များစွာအံ့ဩသင့်သွားစေပါသည်။

ဖေဖေနဲ့ ဦးလေးစပ်မိုင်းနောင်ဟာ ဘယ်သူမှမသိဘဲ အဆက်အသွယ်ရှိနေခဲ့ကြသည့်အဖြစ်ကို သူမ အခုမှသိရခြင်းဖြစ်သည်။

"ဖေဖေ့ကို သမီးအမှန်အတိုင်း ဝန်ခံစမ်းပါ၊ တောင်ပေါ်ကို သွားချင်တယ်ဆိုတာ သမီးဦးလေးကို သွားရှာချင်လို့မဟုတ်လား"

"အို"

ဖေဖေ့ထံမှ ပွင့်လင်းတိကျလှသော စကားကြောင့် စောခမ်းမုံ နှုတ်ခမ်းအစုံမှာ ပွင့်ဟလို့သွားရပါပြီ။

"ဖေဖေ ...ဒီအကြောင်းတွေ ဘယ်လိုလုပ်သိနေတာလဲ ဟင်"

"ပြောတဲ့လူရှိလို့ သိရတာပေါ့ကွယ်၊ သမီးရင်ထဲမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဆန္ဒတွေကို ဖေဖေ အရင်ဦးဆုံး ကြိုတင်ပြီး သိခွင့်မရတာကို တော့ အတော့်ကို စိတ်မကောင်းဖြစ်ရတယ်''

''ဖေဖေ''

''သေချာပြန်တွေးကြည့်တော့လည်း ဖေဖေ့သမီးလေးမှာ အပြစ်မရှိပါဘူး၊ ဖေဖေသာ စံပယ်နဲ့ လက်မထပ်ဖြစ်ခဲ့ရင် သမီး လည်း အခုလိုလုပ်မိလုပ်ရာ လုပ်ဖြစ်မယ်မထင်ဘူး''

''အားလုံးဟာ ဖေဖေ့အပြစ်ပဲ''

ဖခင်ကြီးစကားက စောခမ်းမုံ၏ နုနယ်သောနှလုံးသား အစုံကို ထိခိုက်နာကျင်သွားစေပါသည်။ ဖေဖေက ဒေါ်စံပယ်ညို ကို လက်ထပ်လိုက်ခြင်းအတွက် သူ့မှာ အပြစ်ကြီးတစ်ခုလို ခံစား နေရခြင်းကို စောခမ်းမုံ စိတ်မကောင်းပါ။

တကယ်တော့ ဖေဖေ့တွင် အပြစ်မရှိပါ။ ဖေဖေ့အပေါ်မှာ စာနာနားလည်မှု တစ်စုံတစ်ရာ မပေးနိုင်သော သူမတွင်သာ အပြစ် ရှိသူဖြစ်သည်။

နှမြောလှသော ဖေဖေ့အရွယ် တစ်စိတ်တစ်ပိုင်းမှာ တစ်ဦး တည်းသော သမီးလေး စောခမ်းမုံအတွက် ကုန်လွန်ခဲ့ရရှာသူ ဖြစ် သည်။

''ဖေဖေ့မှာ အပြစ်မရှိပါဘူးဖေဖေရယ်၊ တကယ်တန်း အပြစ်ရှိတဲ့သူက ခမ်းမုံပါ ဖေဖေနဲ့အန်တီစံပယ်ကို စာနာနားလည် မှု မပေးနိုင်ဘဲ ကိုယ်ဖြစ်ချင်တာကို ဇွတ်တိုးလုပ်ချင်ခဲ့တဲ့ ခမ်းမုံ မှာသာ အပြစ်ရှိတာ ဖေဖေ''





''အခုတော့ ခမ်းမုံ ဖေဖေတို့ကို ကိုယ်ချင်းစာနားလည် ပေးနိုင်လာပါပြီ''

''ကိုယ်ချင်းစာ နားလည်ပေးနိုင်လာပြီ ဟုတ်လား သမီး''

''ဟုတ်ပါတယ် ဖေဖေ''

''ဟင်''

သူမစကားအဆုံးမှာ ဖေဖေ့မျက်နှာ ပျက်သွားတာကိုမြင် မှ စောခမ်းမုံ သူမစကား မှားသွားပြီဖြစ်ကြောင်း ရိပ်မိလိုက်ပါသည်။

''ဟို ...ဒီလိုပါဖေဖေ၊ ခမ်းမုံ ဖေဖေ့ကို ကိုယ်ချင်းစာ မှာ နားလည်ပေးနိုင်တယ်ဆိုတာကို ဖေဖေတစ်မျိုးမထင်ပါနဲ့နော်၊ ခမ်းမုံအတွက် ဖေဖေရဲ့အချိန်တွေကို အများကြီး ပေးဆပ်ခဲ့ရတာကို ဆိုလိုတာပါ၊ ပြီးတော့လည်း တောင်ပေါ်ကို သွားချင်တယ်ဆိုတာ က ဖေဖေ့ကို အရွဲ့တိုက်ချင်လို့မဟုတ်ပါဘူး၊ ခမ်းမုံကိုယ်တိုင်ကို က ဦးလေးကို တွေ့ချင်နေမိလို့ပါ''

''သမီးက ...သမီးဦးလေးကိုတွေ့ချင်တယ် ဟုတ်လား''

''ဟုတ်ကဲ့''

အမှန်အတိုင်းပဲ သူမ ဝန်ခံလိုက်ပါသည်။ ဝန်မခံလို့လည်း မဖြစ်ပါ။ စောခမ်းမုံလျှို့ဝှက်စွာ လှုပ်ရှားနေသော အကြောင်းကိစ္စ များအားလုံး ရန်ကုန်တွင်ရှိနေသော ဖေဖေ့ကို အသိပေးနေသူက ရှိနေပြီမဟုတ်ပါလား။

စောခမ်းမုံ ဝန်ခံစကားအဆုံးမှာ ဖေဖေ အကြာကြီး ငြိမ် သက်သွားသည်။ ရိဝေသော မျက်ဝန်းအစုံ မှုံမှိုင်းသွားပြီး တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြောဖို့ ကြိုးစားနေသည်ဟု ထင်ရသည်။

''ဟင်း''

ကျယ်လောင်သော သက်ပြင်းရှိုက်သံအဆုံးမှာ ဖေဖေ့အကြည့်များက စောခမ်းမုံထံ ရောက်လာသည်။

''ဖေဖေက သမီးကို သမီးဦးလေးနဲ့ သွားမတွေ့ပါနဲ့လို့ပြောရင် သမီး လက်ခံနိုင်ပါ့မလား''

''ရှင်''

''ဖေဖေဆိုလိုတာက နှစ်ဦးနှစ်ဖက် အကျိုးမရှိတဲ့ကိစ္စတွေကို မလုပ်ဘဲနေကြတာဟာ ပိုပြီးကောင်းတယ်မဟုတ်လား''

စောခမ်းမုံ ဖေဖေ့မျက်နှာကိုသာ ငေးကြည့်နေမိပါသည်။ ဦးလေးဟာ ဘယ်လိုလူစားမျိုးပါလိမ့်ဟု စောခမ်းမုံ မတွေးတတ်တွေးတတ်ဖြင့် တွေးကြည့်နေမိသည်။

''ဖေဖေဆိုလိုတာက ...''

တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသော ဖခင်ကြီး၏စကားကို ဆက်လက်ပြီး နားစွင့်နေသော်လည်း နောက်ထပ်မည်သည့်စကားမှ ထွက်လာခြင်းမရှိဘဲ ငြိမ်သက်တိတ်ဆိတ်သွားခြင်းက စောခမ်းမုံရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားစေပါသည်။

''ထားပါလေ ...ဒီကိစ္စကို နောက်မှပြောကြတာပေါ့။ ဖေဖေ အနားယူချင်ပြီ''

''ဟုတ်ကဲ့ပါ ဖေဖေ''

ဖေဖေ့အတွက် သီးသန့်ပြင်ပေးထားသော အခန်းကို





စောခမ်းမုံကိုယ်တိုင် လိုက်ပို့ပေးလိုက်ပါသည်။ အခန်းတံခါးပိတ်၍ ငြိမ်သက်တိတ်ဆိတ်နေသော အခန်းထဲမှာ ဖေဖေ ဘာတွေများတွေးနေမည်နည်းဟု သူမ သိချင်နေမိသည်။

ဘာကြောင့်များ ဖေဖေဟာ ဦးလေးနဲ့ သူမကို မတွေ့ချင်ရတာလဲ။

• ဘယ်သူကများ စောခမ်းမုံတို့ရဲ့ ယခုဝှက်ကိစ္စကို ဖေဖေ့ကို သိစေပါသလဲဆိုတာ အဖြေရှာစဉ်းစားမရတိုင်း စိတ်ရှုပ်ထွေးစွာပင် အိပ်စက်ခြင်းသို့ ရောက်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"တီ"

အိမ်ရှေ့မှာ ကားရပ်သံကြား၍ စောခမ်းမုံ အပြေးလေး ထွက်ကြည့်လိုက်ရာ သူမ မျှော်လင့်ထားသလို ဆေးဗညား၏ ကားမဟုတ်ဘဲ သူမ တစ်ခါမှမမြင်ဘူးသော ကားတစ်စီးဖြစ်နေ သဖြင့် နေရာမှလှည့်ထွက်မည်အပြုမှာပင် ကားပေါ်မှဆင်းလာသူ ကြောင့် စောခမ်းမုံ နှုတ်ခမ်းလေး ပွင့်ဟသွားသည့်အထိ အံ့သြ မယုံကြည်နိုင်အောင် ဖြစ်သွားရပါသည်။

ဟင် ...ဟိုလူပါလား...။

တခြားသူမဟုတ် စောခမ်းမုံ၏ ပဝါလေးကိုယူသွားသည့် ကိုလူချော။သူကလည်း စောခမ်းမုံကို မှတ်မိနေဟန်ဖြင့် စူးရှတောက် ပသော မျက်ဝန်းအစုံဖြင့် သူမမျက်နှာလှလှလေးကို မရဲယမ်ပြုံး ခပ်တည်တည်ပင် စူးစိုက်ကြည့်လာပါသည်။

စောခမ်းမုံနှုတ်ဖျားမှ သူ့ကိုတစ်ခုခုပြောလိုက်မည် ပြုစဉ်





မှာပင် ...

"ဦးလေးဦးသက်ထွန်းရှိလား ချာတိတ်"

"အို"

စောခမ်းမုံကို ချာတိတ်ဟု ခေါ်လိုက်သူအား လှပသော မျက်ဝန်းပြာကြီးများဖြင့် မကျေမနပ်လေး လှမ်းကြည့်လိုက်မိပါ သည်။ သူမကိုယ်သူမ လူကြီးတစ်ယောက်ဟု ခံယူသတ်မှတ်ထား သော စောခမ်းမုံအတွက် ချာတိတ်ဆိုသည့် သူ့ထံမှ အခေါ်အဝေါ် က စောခမ်းမုံကို လူရာမသွင်းလိုဟန် အထင်းသား ပေါ်ပေါက် လျက်ရှိသည်။

"ကျွန်မနာမည် စောခမ်းမုံ"

"သြော်"

သူက သူမစကားကို စိတ်မဝင်စားသလို တစ်ချက်မျှဆို ပါသည်။

"ဦးလေးဦးသက်ထွန်း အထဲမှာရှိလား"

"ဟော ...ဟိုမှာဦးလေး"

"မောင်ခွန်ကြာ ...လာ ...လာ ဦးတို့စာကြည့်ခန်းမှာ ပဲ အေးအေးဆေးဆေး စကားပြောကြရအောင် ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

ဖေဖေသည် ခွန်ကြာဆိုသည့် သူ့ကို မြင်သည်နှင့်ပင် လိုက်လဲ့ဖျဖျာစွာ ကြိုဆိုပေးလျက် ခေါ်ယူနေစဉ်မှာပင် သူနားမှာ အတူရှိနေသည့် စောခမ်းမုံကို အမှတ်ရသွားသလို ...



www.burmeseclassic.com

www.burmeseclassic.com



"အေး …ခင်းနဲ့တစ်ခါထဲမိတ်ဆက်ပေးရဦးမယ်၊ ဒါဦးရဲ့ တစ်ဦးတည်းသောသမီးလေး စောခမ်းမုံ"

"ဟုတ်ကဲ့ …တွေ့ရတာဝမ်းသာပါတယ် စောခမ်းမုံ"

"ဟုတ်ကဲ့"

"သမီးလည်း မှတ်ထား၊ မောင်ခွန်ကြာတဲ့"

"ဦးလေးကျေးဇူးတွေ ကျွန်တော်တို့မိသားစုအပေါ်မှာ အများကြီးပဲဆိုပါတော့ဗျာ"

ပြုံးလျက်သူဆိုလိုက်တော့ ခန့်ညားတည်ကြည်သော သူ့ရုပ်သွင်က အများကြီး ပို၍နုပျိုသွားတာကို မြင်လိုက်ရပါသည်။

"အဲဒါတွေ မင်းစိတ်ထဲမှာ ဘယ်လိုမှ မထားပါနဲ့ မောင်ခွန်ကြာ၊ အခုကိစ္စကိုသာ ဦးလေးတို့ ဆွေးနွေးကြရအောင်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"သမီး …ကော်ဖီလုပ်ပါ၊ စာကြည့်ခန်းထဲလာပို့ ဟုတ်လား"

"ဟုတ်ကဲ့"

ခွန်ကြာဆိုသည့်လူက ဖေဖေနှင့်အတူ စာကြည့်ခန်းထဲ ဝင်သွားပါသည်။ စောခမ်းမုံ စိတ်ထဲမှာ ဖေဖေ့အပြုအမူတွေကို ထူးခြားသည်ဟု ထင်နေမိသည်။

ရိုးရိုးသာမန်ဧည့်သည်တစ်ယောက်ကို ဖေဖေ့လို လူတစ်ယောက်က ဘယ်တုန်းကမှ စာကြည့်ခန်းလိုနေရာမျိုးမှာ တသီးတသန့် နေရာပေးပြောကြားလေ့မရှိပါ။ အရေးကြီးသောကိစ္စရှိသူ လောက်သာ အခုလိုမျိုး ပြောကြားလေ့ရှိပါသည်။

"ဧည့်သည်ရောက်နေတာလား ကလေး"

"ဟုတ်တယ် ဒေါ်အဲရွှေ၊ ဧည့်သည်အတွက် ကော်ဖီကို စာကြည့်ခန်းထဲ ပို့ပေးလိုက်ပါ"

"ကောင်းပါပြီကွယ်"

ဒေါ်အဲရွှေကို ဧည့်သည်မှာ ဘယ်သူဘယ်ဝါဟု ပြောမပြလိုက်ပါ။ ပြောပြ၍လည်း မှတ်မိမည်မထင်။

စောခမ်းမုံစိတ်ထဲကသာ ဖေဖေနှင့် ဒီလူ ဘယ်လိုအရေးတကြီးကိစ္စတွေ တိုင်ပင်ဆွေးနွေးနေကြတာလဲဆိုတာကိုသာ သိချင်နေမိပါသည်။

"ကျွန်တော်စုံစမ်းရသလောက်ကတော့ ဒါအကုန်ပါပဲ ဦးလေး"

ဦးသက်ထွန်းက သူ့ရှေ့ရောက်လာသော ဓာတ်ပုံများနှင့် စာရွက်တချို့ကို စိတ်ဝင်တစား ကောက်ယူကြည့်ရှုနေပါသည်။ တည်ငြိမ်လေးနက်လွန်းသောကြောင့် ဦးသက်ထွန်းမျက်နှာပေါ်က အပြောင်းအလွဲများကို အကဲခတ်၍ မရနိုင်ဘဲရှိသည်။

ခွန်ကြာအနေဖြင့် လည်စည်းပဝါဖြူပိုင်ရှင် မိန်းမချောလေးနှင့် အခုလို ထပ်မံဆုံစည်းရလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ပါ။ ပဝါဖြူလေးကို မြင်တိုင်း သိပ်လှသည့် မိန်းမချောလေးကို သူ သတိရနေမိပေမယ့် ရှာဖွေရန်အချိန်မရခဲ့။







www.burmeseclassic.com

www.burmeseclassic.com



သူသွားရောက်ရာ နေရာတိုင်းမှာတော့ သူမကို တွေ့လို့ တွေ့ငြား ရှာဖွေကြည့်ဘူးပါသည်။ ပဝါဖြူလေးရရှိခဲ့သည့် နေရာကို သူအကြိမ်ကြိမ်ရောက်ခဲ့ပေမယ့် သူတွေ့လိုမြင်လိုသူကိုဖြင့် မတွေ့မမြင်ခဲ့ရပါ။

ဒီအရပ်ကပဲလား …။

တခြားတစ်နေရာက ဧည့်သည်လားဆိုတာ အဖြေရှာစဉ်းစားရင်း အချိန်လေးတွေ ကုန်ခဲ့ရပေမယ့် တွေ့မယ့်တွေ့တော့လည်း သူမက ဦးလေးဦးသက်ထွန်း၏ သမီးဖြစ်နေသည်။

ဦးသက်ထွန်းဆိုတာက တခြားသူမဟုတ်။ ခွန်ကြာတို့ မိသားစုအပေါ်မှာ ကျေးဇူးတွေ အများကြီးရှိခဲ့သူဖြစ်သည့်အတိုင်း ဦးသက်ထွန်းအတွက်ဆိုလျှင် ဘာမဆိုကူညီပေးရန် အသင့်ရှိနေကြသူများလည်း ဖြစ်ပါသည်။

သို့ပါသော်လည်း ဦးသက်ထွန်းကို ဘာတစ်ခုမှ ကူညီခွင့်မရခဲ့ပါ။ အခုချိန်ကြမှ တိုက်တိုက်ဆိုင်ဆိုင် ကူညီခွင့်ရခြင်းကြောင့် ပေးအပ်လာသည့် တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်အောင် ထမ်းဆောင်လိုခြင်းဖြစ်သည်။

"ဒီကိစ္စ တခြားဘယ်သူသိသေးလဲ မောင်ခွန်ကြာ"

"ဦးလေးပြောတဲ့အတိုင်း ကျွန်တော်ကလွဲပြီး တခြားဘယ်သူမှ မသိပါဘူးခင်ဗျာ"

"အေး …အဲဒါကောင်းတယ်"

"အခုကိစ္စကို မင်းပဲ အစအဆုံးကူညီပါ မောင်ခွန်ကြာ





သမီးလေးကို မင်းနဲ့ပဲစိတ်ချတယ်၊ ဦးလေးယုံကြည်စိတ်ချတဲ့အတိုင်း မင်းလုပ်နိုင်မယ်ဆိုတာ ဦးလေးသိတယ်"

ချည်ပြီးတုတ်ပြီးသား စကားဖြစ်သော်လည်း ခွန်ကြာရင်ထဲမှာထူးထူးခြားခြား မခံစားရပါ။ လှပသော သမီးရှင်ဖခင်တစ်ယောက်အနေနှင့် ဒီထက်မက ပြောသင့်သည်ဟု စိတ်မှာတွေးနေမိသည်မဟုတ်ပါလား။

"ကော်ဖီသောက်ဦးကွာ"

"ဟုတ်ကဲ့"

ကော်ဖီတစ်ကျိုက် သောက်လိုက်သည်။ ခါးစိမ့်စိမ့်အရသာက သူ့အကြိုက်မို့ တစ်ခွက်လုံးကုန်အောင် သောက်လိုက်သည်။

"ဒီရက်ပိုင်းအတွင်းပဲ ဦး စီစဉ်စရာရှိတာ စီစဉ်မယ်၊ မောင်ခွန်ကြာက သမီးနဲ့သူ့အဒေါ်ကို ဒီအနီးအနားလည်ပတ်ဖို့ လိုက်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ဦး …ကျွန်တော် မနက်ဖြန် ဘယ်အချိန်လာခဲ့ရမလဲဆိုတာ ပြောလိုက်ပါ"

"ရှစ်နာရီထက် နောက်မကျစေနဲ့ပေါ့ကွာ၊ အစားအသောက်ကို ဒီက တစ်ခါထဲ စီစဉ်သွားဖို့ ဦး ပြောထားလိုက်ပါ့မယ် ဟုတ်လား"

"ဟုတ်ကဲ့ …ကျွန်တော့်ကို ခွင့်ပြုပါဦး ဦးလေး"

"ကောင်းပြီ"

ဦးသက်ထွန်းကို နှုတ်ဆက်ပြီး သူထွက်ခဲ့သည်။ ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မည်သူ့ကိုမှ မတွေ့ရ။ လှပသည့် စောခမ်းမုံမျက်နှာလေးကို အခု မြင်ခွင့်မရသော်လည်း မနက်ဖြန် အတူလည်ပတ်ရမည်ဆို၍ ကြိုတင်ပြီး ရင်တွေခုန်နေသည့်အဖြစ်က သူလိုလူတစ်ယောက်အတွက် နည်းနည်းတော့ ရယ်စရာကောင်းသည်ဟု ထင်ပါသည်။

ကားတံခါးကိုဖွင့်ပြီး တက်တော့မည်အပြုမှာပင် လှပသော စောခမ်းမုံမျက်နှာလေးကို ဘွားခနဲ မြင်လိုက်ရခြင်းပဲဖြစ်သည်။

"ဒီမှာရှင့် …ကျွန်မ ရှင်နဲ့စကားနည်းနည်း ပြောလို့ရမလား"

"ရပါတယ် စောခမ်းမုံ၊ ကိုယ့်ကို ဘာပြောချင်လို့လဲ"

စောခမ်းမုံနှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။ စောခမ်းမုံထံမှ အကြည့်လေးများက အကဲခတ်ဟန်အကြည့်လေးများ ဖြစ်သော်လည်း ခွန်ကြာအကြည့်များကတော့ သူမနှင့်ဆန့်ကျင်ဘက် လှပသော စောခမ်းမုံမျက်နှာလေးကို အခုမှ အနီးကပ်ကြည့်မြင်ခွင့် ရခြင်းအတွက် စေ့စေ့လေးကြည့်မိခြင်းဖြစ်သည်။

"ရှင့်ကို …ဖေဖေက ဘာပြောလိုက်သလဲဆိုတာ သိခွင့်ရမလားဟင်"

လုံးဝထင်မှတ်မထားသည့် မေးခွန်းဖြစ်နေ၍ ခွန်ကြာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"ကိုယ်တို့ဘာပြောတယ်လို့ စောခမ်းမုံက ထင်လို့လဲ"

"အို …ကျွန်မ မထင်တတ်လို့ပေါ့ရှင်၊ ကျွန်မမေးတာကို ရှင်မဖြေချင်ရင်လည်း ရပါတယ်"





"သြော်"

ကလေးတစ်ယောက်လို စိတ်ကောက်သော အမူအရာလေးကို တွေ့လိုက်ရသဖြင့် စိတ်ထဲက ကျိတ်ပြုံးလိုက်ပါသည်။ သူမကို ချာတိတ်လို့ ခေါ်တာကိုမကြိုက်၍ သူမနာမည်ကို ချက်ချင်းပြောင်းခေါ်နိုင်းခဲ့မှန်း သူသိပါသည်။

သို့သော် သူမသည် ချာတိတ်အရွယ် ကလေးမလေးတစ်ယောက်၏ ပုံစံအနေအထားမှ နည်းနည်းလေးမှပင် မလျော့ခဲ့ကြောင်းကိုဖြင့် သူမ၏ စကားအပြောအဆို အပြုအမူလေးများက ဖော်ပြလျက်ရှိသည်။

"ကိုယ်တို့ပြောကြတဲ့ စကားတွေကို စောခမ်းမုံသိလည်း စိတ်ဝင်စားမှာ မဟုတ်ပါဘူးဗျာ၊ စီးပွားရေးကိစ္စဂဏန်းတွေအကြောင်းပါ"

ထိုစကားကို စောခမ်းမုံ ယုံကြည်၍မရပါ။

သူမစိတ်ထဲမှာ ဒီလူ လိမ်ညာပြောနေကြောင်း သူ့အလိုလို ခံစားသိရှိနေမိပါသည်။ သို့သော် သူမ ဘယ်လိုမေးမေး အမှန်ကို ဖြေဆိုလိမ့်မည်ဟု သူမ မထင်ပါ။

"ကျေးဇူးတင်ပါတယ် …ကျွန်မ အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ"

သူ့ဆီက စကားပြန်မရခင်မှာပင် စောခမ်းမုံ သူ့ရှေ့က လှည့်ထွက်ခဲ့လိုက်ပါသည်။

"စောခမ်းမုံ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးဆီမှ အောင်မြင်ကြည်လင်သော သူ့အသံကြောင့် လှမ်းလက်စခြေလှမ်းလေးများကို ရပ်တန့်ပြီး သူမ နောက်ကို လှည့်ကြည့်မိသည်။

"စောခမ်းမုံပဝါလေး ကိုယ့်ဆီမှာ အခုထိရှိနေပါတယ်၊ ပြန်ပေးဖို့အခွင့်မကြုံခဲ့လို့ ကိုယ့်ကိုခွင့်လွှတ်ပါ၊ မနက်ဖြန်ကိုယ်လာရင် ယူခဲ့မယ်၊ ကိုယ်သွားတော့မယ် စောခမ်းမုံ"

ကားပေါ်တက်ပြီး စောခမ်းမုံကို လက်တစ်ဖက်မြှောက်ပြလျက် သူမောင်းသွားပါသည်။ စောခမ်းမုံသည် သူ့ကို ပြန်လည်မနှုတ်ဆက်သလို လက်လည်းမပြမိပါ။ မနက်ဖြန် သူ ဒီကို ဘာလာလုပ်မှာလဲဆိုတာကိုသာ တွေးနေမိသည်။

သိပ်မကြာလိုက်ပါ။

သူမသိလိုသောအဖြေကို ဖေဖေ့ထံမှ စောခမ်းမုံ ရရှိခဲ့ပါသည်။ ထိုအဖြေက တခြားမဟုတ်။ ခွန်ကြာဆိုသည့်လူနှင့် စောခမ်းမုံ မရောက်ဖူးသော နေရာဒေသများအနှံ့ သွားရောက်လည်ပတ်ခွင့်ပြုသော ခရီးဖြစ်ပါသည်။

"ဘယ်နှယ့်လုပ်ကြမလဲ ဒေါ်အဲရွှေ၊ ခမ်းမုံတို့ကို ဦးဆေးဗညားက သူကိုယ်တိုင်လိုက်ပို့ပေးမယ်လို့ ပြောထားတာမဟုတ်လား"

"အခုမှတော့ ဆရာကြီးစီစဉ်ထားတဲ့အတိုင်း သွားကြရမှာပေါ့ကွယ်၊ မောင်ဗညားကိုစွကို အကြောင်းပြချက်တစ်ခုခုပြောပြီး ဖုန်းနဲ့လှမ်းဖျက်လိုက်ပါ"

"အင်း ...အခုမှတော့ ဒီနည်းပဲရှိတော့တာပေါ့လေ





ဖေဖေ့အမိန့်ကိုမှ ခမ်းမုံတို့က မလွန်ဆန်ရဲဘဲ"

"ဒါလည်းဒါပေါ့ကွယ် ...ဆရာကြီးစီစဉ်တဲ့လူဟာလည်း စိတ်ချယုံကြည်ရတဲ့လူပဲဖြစ်မှာပါ"

ဆေးရုံမှာ တာဝန်ကျနေသော ဆေးဗညားထံ ဖုန်းဆက်လိုက်သည့်အခါ တိုက်ဆိုင်စွာပင် ဖုန်းကိုင်လာသူက ဆေးဗညားကိုယ်တိုင် ဖြစ်နေသည်။

"ဟဲလို"

"ဒေါက်တာ ဦးဆေးဗညားနဲ့ တွေ့ချင်လို့ပါရှင်"

"ပြောနေပါတယ်"

"ဦးဆေးဗညား ခမ်းမုံပါ"

"ခမ်းမုံ"

ဝမ်းသာပျော်ရွှင်သွားသည့် သူ့အသံကို စောခမ်းမုံ ကြားလိုက်ရပါသည်။

"ကိုယ့်ဆီကို ဘာလို့ အခုမှဖုန်းဆက်တာလဲဗျာ၊ ကိုယ်တောင် ခမ်းမုံကိုယ့်ဆီ လာဦးမလားလို့ မျှော်နေမိသေးတယ်"

"လာချင်ပါတယ် ဦးဆေးဗညားရယ်၊ အခု အိမ်မှာ ဆေဖေရောက်နေလို့ပါ"

"ဟင် ...ဟုတ်လား၊ ခမ်းမုံကို လာခေါ်တာလားဟင်၊ ဒါဆို တောင်ပေါ်သွားမယ့်အစီအစဉ်ကို ဖျက်လိုက်ရပြီပေါ့ ဟုတ်လား"

စိုးရိမ်သွားသောအသံနှင့် သူသိချင်တာကို မေးလိုက်သော ဆေးဗညားအသံကို နားထောင်ပြီး စောခမ်းမုံ ပြုံးလိုက်မိရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

အင်း ...။

ဦးဆေးဗညားသာ ခမ်းမုံရဲ့အစ်ကိုဆိုရင်တော့ သူ့ညီမချောချောလေးကို အတော်လေး သဝန်တိုမှာပဲထင်ရဲ့။

"ဖြည်းဖြည်းမေးလည်း ရမါတယ် ဦးဗညားရဲ့၊ ခမ်းမုံကို ဖေဖေလာခေါ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် တောင်ပေါ်သွားဖို့အစီအစဉ်ကိုတော့ တိုင်ပင်တုန်းပဲ"

"ခမ်းမုံဖေဖေက ကိုယ်တို့နဲ့ အတူပေးသွားချင်ပါ့မလား"

ဟင့်အင်း ...ဖေဖေသာသိသွားလို့ကတော့ သူ့သမီးလှလှလေးကို သူစိမ်းယောကျ်ားပျိုတစ်ယောက်နှင့် ဘယ်လိုမှ ပေးလွှတ်မည်မဟုတ်ပါ။

မလွှတ်ချင်လို့ပဲ ရန်ကုန်ကတောင် လိုက်လာခဲ့တာမဟုတ်လား။

"အခုသွားရင် ဖေဖေက ခမ်းမုံနဲ့အတူငိုက်မှာတဲ့လေ"

"ဟုတ်တာပေါ့ ...ကိုယ့်သမီး ချောချောလှလှလေးကို ဘယ်အဖေက စိတ်ချထားပါ့မလဲ၊ ကိုယ်ဆိုရင်လည်း တစ်ယောက်ထဲ မလွှတ်ရက်ပါဘူးဗျာ"

"ခမ်းမုံ ကိုယ့်ကို ဖုန်းဆက်တာကိစ္စရှိလို့လား"

"အင်း"

"ဟိုဟာလေ ...ခမ်းမုံတို့ကို ဦးဆေးဗညား လိုက်ပို့ဖို့ ပြောထားတာ၊ အဲဒါ ဟို ဖေဖေနဲ့ပဲသွားလိုက်တော့မယ်လို့ ပြောမလို့ပါ"





ရုတ်တရက် တစ်ဖက်က ငြိမ်သက်သွားတာကို နားထောင်ပြီး စောခမ်းမုံစိတ်ထဲမှာ အားနာမှုလေးတွေ ဖြစ်ထွန်းရပါသည်။

"ဟိုလေ ...ခမ်းမုံက"

"ကိုယ်နားလည်ပါတယ် စောခမ်းမုံ၊ ဘာပဲဖြစ်ဖြစ် စောခမ်းမုံ ပျော်ရွှင်နေမယ်ဆိုရင် ကိုယ်ကျေနပ်ပါပြီ"

"ကိုယ့်ကို စောခမ်းမုံ ဘာပြောစရာရှိသေးလဲဟင်"

"တခြားထွေထွေထူးထူးရယ်လို့ မရှိပါဘူး"

"ဒါဆို အလုပ်ကိစ္စလေးတွေရှိသေးလို့ ကိုယ် ဖုန်းချလိုက်တော့မယ်နော်၊ စောခမ်းမုံကို ကိုယ်နေ့တိုင်း သတိရနေပါတယ်ဗျာ"

စောခမ်းမုံလည်း ဦးဆေးဗညားလိုပါပဲလို့ ပြောလိုက်ရမည်လား။ မသင့်တော်ဟုထင်၍ နှုတ်ပိတ်လိုက်ပါသည်။

"ဦးဆေးဗညားကို ကျေးဇူးတင်ပါတယ်"

အသင့်တော်ဆုံးစကားကို ရွေးပြီး ဆိုဖြစ်လိုက်ပါသည်။

"ဘာအတွက်လဲဆိုတာ ပြောပါဦး"

"အားလုံးအတွက်ပါ"

"အားလုံးအတွက် ဟုတ်လား၊ ကိုယ့်အနေနဲ့ပြောရရင် စောခမ်းမုံ ကျေးဇူးတင်ရလောက်အောင် ကိုယ် ဘာမှလုပ်မပေးရသေးပါဘူးဗျာ"

"ဒါပဲနော် စောခမ်းမုံ"

"ဟုတ်ကဲ့ပါ ဦးဆေးဗညား"



www.burmeseclassic.com

www.burmeseclassic.com



"Good Luck"

တစ်ဖက်က ဖုန်းချသွားပါပြီ။

စောခမ်းမုံကို ကံကောင်းပါစေဟု ဆုတောင်းသွားပေမယ့် စောခမ်းမုံ အမှန်တကယ် ကံကောင်းသူလေး ဖြစ်နိုင်ပါမည်လား ဆိုတာ သူမကိုယ်တိုင်လည်း မဝေခွဲတတ်ပါ။

ဖုန်းခွက်ကို ညင်သာစွာချလိုက်ပြီး အိပ်ပျော်အောင် ကြိုးစားပါသော်လည်း အိပ်မပျော်။

မဆုံးနိုင်သော အတွေးအာရုံတို့က စုစည်းလို့မရ ပျံ့လွင့်လျက်ရှိပါသည်။ မျက်ဝန်းထဲမှာ ခွန်ကြာဆိုသူ၏ မျက်နှာ ပေါ်လာသည်။

ဘာကြောင့်မှန်းမသိ။

သူ့ကို ဦးဆေးဗညားနှင့် နှိုင်းယှဉ်ကြည့်မိလျက်သား ဖြစ်နေပြီးမှ ထိုအတွေးကို ချက်ချင်းပင် ဖောင်းထုတ်ပစ်လိုက်ပါသည်။

ဘာဆိုင်လို့လဲလေ။

ဦးဆေးဗညားဆိုတာ ခမ်းမုံရဲ့အစ်ကိုပဲ။

သူလိုလူနဲ့ ဘာမှမဆိုင်ပါဘူးဟု အတွေးကို အဆုံးသတ်ကာ မျက်ဝန်းအစုံကို စေ့ပိတ်လို့ ဖွတ်အတင်း အိပ်ပျော်အောင် ကြိုးစားလိုက်ရပါတော့သည်။





## အခန်း (၁၂)

ပန်းနုရောင်ဝတ်စုံဖြင့် လှပနေသော စောခမ်းမုံ၏ မျက်နှာလှလှလေးကို စူးစိုက်ကြည့်ငေးနေရာမှ သက်ပြင်းရှိုက်ရင်း အကြည့်ကိုလွှဲလိုက်သူက ခွန်ကြာဖြစ်ပါသည်။

နွေးထွေးလှုပ်ခတ်သော ခံစားချက်တစ်မျိုး သူ့ရင်မှာ ထူးဆန်းစွာ ဖြစ်ပေါ်ခံစားနေရသည့်အဖြစ်က သူလိုလူတစ်ယောက်အတွက်တော့ ဖြစ်တောင့်ဖြစ်ခဲ အတွေ့အကြုံသစ်၊ ခံစားချက်အသစ်ဟု ဆိုရပါမည်။

ဦးသက်ထွန်း၏ စီစဉ်ညွှန်ကြားချက်အတိုင်း ဒေါ်အဲရွှေနှင့် စောခမ်းမုံကို အင်းလေးဖောင်တော်ဦးဘုရားကို လိုက်ပို့ပေးခြင်းဖြစ်သည်။

သူသိမ်းဆည်းထားခဲ့သော စောခမ်းမုံ၏ ပဝါလေးကို သူ၏သခင်မထံ ပြန်ပေးအပ်ပြီးဖြစ်သော်လည်း စောခမ်းမုံကိုယ်ပေါ်တွင် မတွေ့ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လက်ကိုတွဲ စောခမ်းမုံ"

လှေပေါ်လှမ်းအတက်မှာ ကမ်းပေးလာသည့် ခွန်ကြာ လက်ကို လှမ်းဆွဲမယူသေးဘဲ တည်ကြည်ခန့်ညားသော သူ့မျက်နှာ ကို တစ်ချက်မျှ လှမ်းကြည့်လိုက်မိပါသည်။

ထို့နောက် သူမလက်ကလေးကို ခွန်ကြာ ကမ်းပေးထား သည့် လက်ရှိရာသို့ လှမ်းပေးလိုက်ရာ သူက စောခမ်းမုံ၏ နူးညံ့ အိထွေးသော လက်ကလေးကို သူ့လက်များဖြင့် ပိုင်နိုင်စွာ ထွေး ယူဆုပ်ကိုင်အားပြုစေပြီး လှေပေါ်ကို တက်စေလိုက်သည်။

ယောက်ျားပီသခန့်ညားသော ခွန်ကြာနှင့် လှပနုနယ်သော စောခမ်းမုံတို့ကို လှပလိုက်ဖက်သော စုံတွဲလေးအဖြစ်လူတချို့က အားကျသလိုကြည့်သွားကြမှန်း သူသိပါသည်။

"အို"

"အမေ့"

"စောခမ်းမုံ"

ဖြည်းဖြည်းညင်သာစွာ ဆင်းလာသော စောခမ်းမုံ တစ်ယောက် လှေအလူးမှာ လဲပြိုမလိုဖြစ်သွားရာ အနားရှိ ခွန်ကြာ က ဆွဲယူဖမ်းထိန်းလိုက်ခြင်းဖြင့် သူ့ရင်ခွင်ထဲကို ထွေးခနဲရောက် လို့သွားရာ အိထွေးမွေးမြသော အတွေ့မှာ သူ့ရင်နွေးသွားရသလို စောခမ်းမုံ မျက်နှာလှလှလေးသည်လည်း ရှက်သွေးတို့ဖြင့် နီရဲ ထွေးပွသွားလိုက်ရရှာပါသည်။

"ဆောရီး …ကိုယ်က စောခမ်းမုံ ရေထဲကျသွားမှာစိုး





နိမ့်လို့ပါ"

စောခမ်းမုံကိုယ်လေးကို ညင်သာစွာ ဖြေလွှတ်ပေးရင်း သူဆိုလိုက်ချိန်မှာ လှပသေး မျက်နှာလေးကို ငုံ့ထားသဖြင့် သူ မမြင်တွေ့ရတော့ပါ။

"ကံကောင်းလို့ပါလား ကလေးရယ်၊ လှေအဆင်း မြင်း အတက်ဆိုတာ ဒါမျိုးကွဲ့၊ အနားမှာ မောင်ခွန်ကြာရှိလို့သာပေါ့၊ ဖြင့် ဒေါ်အဲရွှေရော ကလေးပါ ရေကူးတတ်တာမဟုတ်ဘူး"

ဒေါ်အဲရွှေက စောခမ်းမုံအတွက် စိတ်သက်ရာရသွားသလို ရင်ကိုဖိလျက် အပြန်ခရီးမှာ မည်သူမှ စကားမဆိုနိုင် ဖြစ်ကြရပါ သည်။

စောခမ်းမုံကတော့ သူမနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသော သူစိမ်းယောက်ျားပျိုတစ်ယောက်၏ ရင်ခွင်ထဲ ပိုင်စိုးပိုင်နင်း ထွေး ပက်ခံလိုက်ရခြင်းအပေါ်မှာ အနေရခက် ရှက်ရွံ့လျက် ရှိသည့် အတိုင်း သူ့မျက်နှာကို မကြည့်မိအောင် နေလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ဦးခွန်ကြာ"

ထိုစကားကို အိမ်ထဲဝင်ခါနီးမှာ ဆိုဖြစ်ပြီး နေရာမှ လှစ်ခနဲ ပြေးထွက်လာမိသူက စောခမ်းမုံ ဖြစ်သည်။

ခွန်ကြာကတော့ စောခမ်းမုံ၏ အပြုအမူတိုင်းကို စူးရှ တောက်ပသော မျက်ဝန်းအစုံဖြင့် ကြည့်ရှုစိုက်ငေးလျက် ရင်နွေး ငြိလှပ်စွာ ကျန်ရစ်ခဲ့ပါသည်။

စောခမ်းမုံဆိုတဲ့ မိန်းမချောလေးရယ်။ ကျေးဇူးရှင်၏



www.burmeseclassic.com

www.burmeseclassic.com



သမီးအဖြစ် သိရပြီးသည့်နောက်မှာ ခွန်ကြာရင်ထဲက စိတ်ခံစားချက်များကို အထူးပင် လျှို့ဝှက်သိပ်သည်းမှုရှိအောင် ကြိုးစားခဲ့ပါသည်။

ကျေးဇူးရှိမှ ကျေးဇူးဆပ်သည်ဆိုသော စကားကို သူမှန်းပါသည်။ ညအိပ်ရာဝင်ချိန်မှာ ခွန်ကြာ အတွေးတွေက အတားအဆီးမရှိ ပျံလွင့်နေပါသည်။

အထူးသဖြင့် သူ့အတွေးအာရုံကို စိုးမိုးနေရာယူထားသူက စောခမ်းမုံဆိုသည့် မိန်းမချောလေးဖြစ်နေခြင်းကိုက သူ မတတ်နိုင်ခဲ့ပါ။

ကြာတော့လည်း ထိုအဖြစ်ကို သူ သည်းမခံနိုင်သည် ဖြစ်လာပြီး အိပ်ရာမှ ဝုန်းခနဲ ခုန်ထလိုက်မိသည်။

ကျေးဇူးပြုပြီး ကိုယ့်ကို မနှောင့်ယှက်ချင်စမ်းပါနဲ့လား မိန်းမချောလေးရယ်။

ကိုယ့်ရဲ့လွတ်လပ်ခွင့်တွေကို ဘာအတွက်နဲ့မှ မဆုံးရှုံးပါစေနဲ့လားဗျာ။

ကိုယ်တစ်ယောက်တည်းပဲ နေစမ်းပါရစေ။ စိတ်ထဲကစောခမ်းမုံကို သူ တောင်းပန်စကားဆိုလိုက်ခြင်းပါ။

ဂစ်တာကိုဆွဲယူပြီး ခြံထဲကို သူဆင်းခဲ့သည်။ ကောင်းကင်မှာ လမင်းက ပျပျသာနေသည်။ လမင်းထဲမှာ ချစ်သူမျက်နှာရော ရှိနေမည်လား။

ခွန်ကြာရယ် …





မင်းတော့ ရူးနေပြီထင်တယ်။

ပြုံးလျက်ဆိုရင်း သူ့ဦးခေါင်းကို ဖြေးလေးညင်သာစွာ ခါယမ်းလိုက်မိသည်။

ထို့နောက် ရင်ထဲက ခံစားချက်တွေကို တေးသီချင်းစာသားထဲမှာ နှစ်မျှောစီးဆင်းခွင့်ပြုလိုက်သည်။ ဘယ်သူမှ မမြင်မသိနိုင်တဲ့နေရာမှာ ဒီလောက်တော့ ခံစားချက်တွေကို လွတ်လပ်ခွင့်ပေးမိတာ မလွန်ဘူးထင်ရဲ့။

ညဉ့်နက်သည့်အထိ ခြံထဲမှာ အကြာကြီး ဆင်းထိုင်နေမိသည်။

သူ့ဘဝမှာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ပထမဆုံးသော ခံစားမှုဝေဒနာဖြစ်ပါသည်။ ထူးခြားဆန်းကြယ်လှသော ခံစားချက်ကို အချစ်ဟုခေါ်ဆိုကြောင်း သူ ကောင်းစွာနားလည်သဘောပေါက်လိုက်ပါသည်။

သို့သော် ထိုအချစ်က လူမသိသူမသိ ပွင့်လန်း၍ လူမသိသူမသိပင် ကြွေနွမ်းသွားရမည့်အချစ်မျိုးဖြစ်ကြောင်း သူကောင်းစွာနားလည်သဘောပေါက်ခဲ့ရသည့် အချိန်မှာတော့ ခွန်ကြာ၏ နှလုံးသားမှာ ဘယ်နေရာဆီကမှန်းမသိဘဲ ကြေကွဲနာကျင်သွားခဲ့ရသည်။

ဝမ်းနည်းကြေကွဲစရာ ကောင်းတဲ့ရင်နာစရာ ဇာတ်သိမ်းနဲ့ အချစ်မျိုးနဲ့ မကြုံတွေ့ပါရစေနဲ့လို့ ကိုယ်ဆုတောင်းခဲ့ပေမယ့် ကိုယ့်ဆုတောင်းမပြည့်ခဲ့ပါဘူး စောခမ်းမုံရယ်။

ကိုယ်ဟာ ယောဒီကမ္ဘာပေါ်မှာ ကံအဆိုးဆုံး လူသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုတာ မင်းလေး သိနိုင်ပါမလား။ မြူနှင်းတွေ တဲ့ ဖွဲ့ကျဆင်းလာတာကို သူငေးကြည့်နေမိသည်။

"သားကြီး"

"အဖေ"

ခွန်ကြာ၏ ငိုက်စိုက်ကျနေသော ဦးခေါင်းမှာ ဖခင်ဖြစ်သူ အသံကြောင့် ဖျတ်ခနဲ မော့လာပါသည်။ အိုမင်းခြင်းတို့ ဝါးမြို ပြုနေပြီဖြစ်သော ဖခင်ကြီးထံမှ နူးညံ့ကြင်နာသော မျက်ဝန်း အကြည့်ကို မြင်လိုက်ရသည်။

"ညဉ့်နက်နေပြီ သား မအိပ်သေးဘူးလား"

"ကျွန်တော် အခုပဲ အိပ်တော့မှာပါအဖေ"

ပြောပြီးနေရာက သူထရပ်လိုက်သည်။ အကဲခတ်ဟန်ဖြင့် ကြည့်နေသော အဖေ့မျက်ဝန်းအကြည့်များကို သူမမြင်ဟန်ဆောင် နေလိုက်ပါသည်။

"သား"

"ဗျာ"

"သားမှာချစ်သူရှိနေပြီလား"

ရုတ်တရက် စောခမ်းမုံ၏ မျက်နှာလှလှလေးကို မြေ မြင်လိုက်မိသည်။ ထို့နောက် ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်း ပြလိုက်ပါသည်။

"မရှိပါဘူးအဖေရာ …ကျွန်တော်ကို သိပ်လည်းအထင် ကြီးမနေပါနဲ့"





ပြောပြီး သူ နာနာကျင်ကျင် တစ်ချက်ရယ်မောလိုက် သည်။ နုနုလှလှ သူဌေးသမီးလေးက သူလိုစိတ်ကြမ်းကိုယ်ကြမ်း လူတစ်ယောက်ကို မေတ္တာသက်ဝင်ချစ်ခင်နိုင်မှာတဲ့လား။

ချစ်ကြသည်ပဲထားဦး။

ဘယ်လိုမှ မဖြစ်နိုင်ကြသည့်ဘဝတွေမို့ မကျွမ်းခင်ကပဲ လွမ်းနေရမည့် အနေအထားက ကျော်လွှားနိုင်စရာလည်းမရှိပါ။ စောခမ်းမုံဖေဖေ၏ ကျေးဇူးတရားက သူတို့မိသားစုအပေါ်မှာ အရှိန် အဝါကြီးမားစွာ လွှမ်းမိုးနေရာယူထားသည် မဟုတ်ပါလားလေ။

"အင်း …အဖေ့သားလည်း အိမ်ထောင်ပြုရမယ့်အချိန် တောင် ရောက်နေပြီပဲ၊ သားမှာ ချစ်သူရည်းစားမရှိရင် အဖေ သဘောတူတဲ့ မိန်းကလေးတစ်ယောက်ယောက်နဲ့ လက်ထပ်ပေးမှ ထင်တယ်"

"မလုပ်ပါနဲ့ အဖေရယ်၊ ကိုယ့်ဘာသာ အေးအေးနေပါရ စေ၊ ကျွန်တော်သဘောမပါဘဲနဲ့ ဘာတစ်ခုမှ နှုတ်မလွန်လိုက်ပါ နဲ့ဗျာ"

"အေးပါလေ …သားအသက်အရွယ်နဲ့ ဘစ်နေ့ သား တကယ်ချစ်တဲ့သူနဲ့ တွေ့လာဦးမှာပါ၊ အဲဒီအခါကျမှ အဖေ့ကိုပြော ဟုတ်လား"

"အဖေက လိုက်တောင်းပေးမယ်ပေါ့ ဟုတ်လား"

ပြုံးလျက်သူဆိုသည့် စကားအဓိပ္ပာယ်ကို အဖေက နားမ လည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့သားရဲ့ ...အဖေအားအကိုးရဆုံး သားကြီးအတွက် အဖေရှိတာလေးတွေနဲ့ အခမ်းနားဆုံး လုပ်ပေးရမှာပေါ့"

"ဘယ်မှာလဲ သားချစ်သူ၊ အဖေ့ကိုသာပြော"

အားတက်သရော အမေးကို သူရယ်မောလျက် လျှော့ချလိုက်ပါသည်။

"ကျွန်တော့်ချစ်သူက အိပ်မက် ကမ္ဘာထဲမှာပဲ ရှိသေးတယ်အဖေရဲ့၊ အပြင်ကို ခေါ်ထုတ်လို့မရသေးဘူး"

သူ့စကားအဆုံးမှာ အဖေက ချမ်းမြေ့ကြည်သာစွာ ရယ်ပါသည်။ ပြီးတော့ သူ့ပခုံးကို တစ်ချက်ဆုပ်ညှစ်လိုက်သည်။

"ဘာမှအားငယ်စရာမလိုပါဘူးသားရယ်၊ ဖူးစာမှန်ရင်တော့ ဆုံကြရတာပါပဲကွာ၊ ဟုတ်လား"

"ကဲ ...ကဲ အိပ်တော့"

အဖေ သူ့နားကထွက်သွားတာကို ငေးငေးကြီး ကြည့်နေလိုက်မိပါသည်။ အဖေ ဘာကိုရည်ရွယ်ပြောဆိုသွားသည်ကို ရုတ်တရက် သူမစဉ်းစားတတ်ပါ။ ခေါင်းငိုက်စိုက်ဖြင့် အိမ်ပေါ်ကို လှမ်းတက်လာခဲ့လိုက်ပါသည်။

မျက်ဝန်းအစုံကို မှေးအမှိတ်လိုက်မှာ ချစ်သူမျက်နှာလှလှလေး ပေါ်လာသည်။ ပြီးတော့ အိတွေးမွှေးမြသည့် ကိုယ်သင်းရနံ့လေးတစ်ခု။

မဖြစ်နိုင်ဘူး ...မဖြစ်သင့်ဘူးဆိုသည့် အသိတရားဖြင့် သူ့အတွေးအာရုံကို စိုးမိုးထားသူလေးအား ဖွတ်အတင်း မောင်းထုတ်ဖို့ ကြိုးစားသော်လည်း မအောင်မြင်။





အိပ်မက်ကမ္ဘာထဲထိ အလည်ရောက်လာသူလေးကို သူ လက်မြှောက်အရှုံးပေးလိုက်ရပါပြီ။

မင်းလေးအလိုကျအတိုင်း ကိုယ့်ကို အနိုင်ယူစိုးမိုးပေတော့ စောခမ်းမုံလေးရယ်။

မင်းကိုချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"တစ်ပတ်အတွင်း ခရီးထွက်မယ်"

ဦးသက်ထွန်းကိုယ်တိုင် ဆုံးဖြတ်ပြီး ချမှတ်လိုက်သော အမိန့်စကားဖြစ်သည့်အတိုင်း လှုပ်ရှားဆောင်ရွက်ရသူက ခွန်ကြာ ဖြစ်ပါသည်။

တောင်ပေါ်ခရီးအတွက် လိုအပ်သော စစ်ဆေးစီစဉ်မှုများ ပြုရသည်။ မောသည်ပန်းသည်ဟု သဘောမထားနိုင်. ဦးသက်ထွန်း ကိုယ်တိုင် အဖေ့ဆီကို ရောက်လာသည့်အတွက် ခွန်ကြာတို့မိသားစု အားလုံး ပို၍အလေးထားဂရုစိုက်ကြရသည်။

"လမ်းခရီးမှာ သားကိုယ်တိုင် သူဌေးသားအဖကို အထူး ဂရုစိုက်ပါ၊ ဘာတစ်ခုမှ စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့"

"ဟုတ်ကဲ့ပါအဖေ"

ဖခင်ဖြစ်သူ၏ စကားက ခွန်ကြာစိတ်နှလုံးကို တစ်ခါထဲ ထိန်းချုပ်ပြီးသား ဖြစ်သွားခဲ့ရပါသည်။ စောခမ်းမုံအပေါ်မှာ ထားရှိ





မိသော သူ့ရင်ထဲကချစ်ခြင်းမေတ္တာ အတိမ်အနက်အားလုံး အခု ချိုန်မှစ၍ ဘာတစ်ခုမှ မပေါ်လွင်စေရဘဲ သာမန်မျှသော ဆက်ဆံ မှုထက်မပိုရန် သူ့ကိုယ်သူ ဆုံးဖြတ်ထားနှင့်ပြီးဖြစ်သည်။

ထို့ကြောင့်ပင် စောခမ်းမုံနှင့် ဆက်ဆံရာတွင် ခွန်ကြာထံ မှ အကြည့်အပြောများကို တစ်ပြေးညီဖြစ်အောင် အထူးသတိထား နေမိသည်။

စောခမ်းမုံအတွက် တောင်ပေါ်ခရီးတွင် ဝတ်စားဆင်ယင် ရမည့် အနွေးအကျီများ၊ ဘောင်းဘီရှည်၊ တောစီးဖိနပ်၊ လည်စီး ပဝါများနှင့် တခြားလိုအပ်မည်ဟုထင်ရသော အသုံးအဆောင်ပစ္စည်း များကို ခွန်ကြာကပဲ ဦးစီး၍ စောခမ်းမုံ စိတ်ကြိုက် ရှာဖွေဝယ် ယူစေခဲ့သည်။

"ဦးခွန်ကြာ"

"ပြောပါ စောခမ်းမုံ"

"ခမ်းမုံ ...မောနေပြီရှင့်၊ ဗိုက်လည်းဆာလှပြီ"

နှုတ်ခမ်းလေးမစူတစ်စူ၊ မျက်နှာလှလှလေးမှုံလျက် သူ့ မျက်နှာကို မကြည့်သလိုလေး တစ်ချက်မျှကြည့်ပြီး မျက်စောင်း ကလေးဝင့်လိုက်ပုံအဆုံး ခွန်ကြာယ် နှလုံးဘဝင်ကို ငြိတွယ်စွဲငြိ စေသည့်အဖြစ်ကို သူမ သိမည်မဟုတ်သော်လည်း ခွန်ကြာမှာတော့ ချစ်သူလှလှလေး၏ စိတ်ဆိုးဒေါသဖြစ်နေပုံလေးကို အသည်းပြင် မှာ မြတ်နိုးစွာ တိတ်တဆိတ်လေး သိမ်းဆည်းလိုက်မိပါသည်။

"ဆောရီး ...စောခမ်းမုံ၊ ကိုယ်လည်း အာရုံတွေများသွား

www.burmeseclassic.com



လို့ စောခမ်းမုံကို ဂရုမစိုက်မိသလိုဖြစ်သွားတယ်၊ စောခမ်းမုံ ဘာစားချင်လဲ၊ ရှမ်းခေါက်ဆွဲစားမလား၊ ထမင်းပဲစားချင်လား"

"ဒီအချိန်က ထမင်းစားရမယ့်အချိန်လားရှင့်၊ ခေါက်ဆွဲပဲ စားမှာပေါ့"

"ကောင်းပါပြီ ...ကိုယ်တို့မြို့လေးက နာမည်အကြီးဆုံး ခေါက်ဆွဲဆိုင်ကို သွားကြမယ်၊ တခြား စောခမ်းမုံ စားချင်တာ ဝယ်ချင်တာရှိရင်လည်း ပြောပါ"

စောခမ်းမုံ သူ့ကို မည်သို့မျှ မတုံ့ပြန်ဘဲ နှုတ်ဆိတ်နေလိုက်ပေမယ့် စိတ်ထဲကဖြင့် ခွန်ကြာယံဆိုသည့် လူကြီးကို သိပ်ပြီး ကျေနပ်လှခြင်းမရှိပါ။

ဘယ်နှယ့် ...လူတစ်ယောက်လုံး သူနဲ့အတူပါလာတာကို သတိမရနိုင်လောက်အောင် သူ့အတွေးအာရုံတွေက ဘယ်ကိုများ ရောက်နေသည်မသိ။ ဒေါ်အဲရွှေမလိုက်နိုင်သဖြင့် စောခမ်းမုံမှာ သူနှင့်နှစ်ယောက်တည်း ပထမဆုံးအကြိမ် အတူတွဲ၍ ဈေးဝယ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ဝယ်ရခြမ်းရသည်မှာလည်း ထူထူထဲထဲလေးလေးပင် အနွေးအင်္ကျီ၊ ဘောင်းဘီရှည်တွေဖြစ်ပြီး ရန်ကုန်သူ စောခမ်းမုံ အတွက် တစ်ခါမှ မဝတ်ဘူးသော သားမွေးအင်္ကျီထည်များလည်း ဖြစ်ပါသည်။

အားလုံးမှာ စောခမ်းမုံစိတ်ကြိုက်ပစ္စည်းများ မဟုတ်ဘဲ ခွန်ကြာဆိုသည့် သူ့အစီအစဉ်အောက်မှာ သူမအတွက် လိုအပ်သော





အသုံးအဆောင်ပစ္စည်းများကို အရောင်အသွေးတစ်ခုပဲ စောခမ်းမုံ စိတ်ကြိုက် ရွေးချယ်ရခြင်းဖြစ်သည်။

ခေါက်ဆွဲဆိုင်မှာ အထူးပင်လူစည်ကားလျက်ရှိရာ လူလွတ်သည့်ခုံမှာ နှစ်ယောက်အတူ ရွေးထိုင်မိကြသည်။

"ကိုယ်တော့ တို့ဟူးနွေးပဲစားမယ်၊ စောခမ်းမုံအတွက် ကြက်ပေါင်းခေါက်ဆွဲမှာလိုက်မယ် ဟုတ်လား"

"ဟုတ်ကဲ့"

ကလေးပေါက်စလေးတစ်ယောက်လို မျက်လုံးဝိုင်းလေးဖြင့် ခေါင်းညိတ်လိုက်သူလေး၏ အမူအရာကို ချစ်စနိုးပြုံးမိမလို ဖြစ်သွားရပြီးမှ နှုတ်ခမ်းအစုံကို တင်းတင်းပြန်စေ့ထားလိုက်ရပါသည်။

ပူနွေးမွှေးကြိုင်သော ခေါက်ဆွဲများ ရောက်လာသောအခါ ခွန်ကြာယံက စောခမ်းမုံ စားနိုင်ရန် တို့ဟူးကြော်၊ ဝက်ခေါက်ထုပ်လေးများကို ကိုယ်တိုင်အဆင်သင့်ဖြစ်အောင် ချပေးပါသည်။

သူပြောသလိုပင် ပဲလိပ်ပြာရွက်စိမ်းစိမ်းလေးများပါသော ကြက်ပေါင်းခေါက်ဆွဲမှာ အရသာရှိလှသဖြင့် ဘာကြောင့် နာမည်ကြီးရသလဲဆိုတာကို ချက်ချင်းနားလည်လိုက်သည်။

"ခွန်ကြာ"

"ဪ ...မြလေး"

ခွန်ကြာအရွယ် မိန်းကလေးတစ်ယောက်။ ညို၍စိုသော အသားအရေ၊ ဆံပင်ရှည်ကြီးနှင့် ရုပ်အလှကြီးမဟုတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတိုင်း သဘောကျနိုင်သော အချက်အလက်အားလုံးနှင့် ပြည့်စုံသူဟု ဆိုရမည့်သူတစ်ယောက်။

"မြ …ဒီမှာ ဝင်ထိုင်လို့ရမလားဟင်"

"ရပါတယ် …ထိုင်လေ"

မြလေးဆိုသည့် မိန်းကလေးက ခွန်ကြာနှင့် ဘေးချင်းကပ်နေသော ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း မျက်နှာချင်းဆိုင်မှာရှိနေသော စောခမ်းမုံကို စိတ်ဝင်စားသည့် မျက်လုံးများဖြင့် အကဲခတ်သလို တစ်ချက်စူးစိုက်ကြည့်လိုက်တာကို မြင်ရသည်။

"ခွန်ကြာနဲ့ မတွေ့ရတာ ကြာပြီဆိုတော့ မြဖြင့် နေ့တိုင်းကို သတိရနေတာပဲသိလား"

"မြလေး ဘာစားမလဲ၊ မှာလေ"

"ခွန်ကြာနဲ့အတူတူပဲပေါ့"

အသံလေးက ချိုချိုအီအီ၊ စကားပြောပုံလေးက မူနွဲ့နွဲ့။ တို့ဟူးပျော့စားမည့်အရေး ရိုးရိုးမှာတာမဟုတ်ဘဲ ခွန်ကြာယံနှင့် အတူတူဟုဆိုလာသူကြောင့် ထိုသူနှစ်ဦး၏ အခြေအနေကို ရိပ်မိသလိုလိုဖြစ်သွားရသူက စောခမ်းမုံ။

ချစ်သူတွေထင်ရဲ့ …။

ခွန်ကြာမျက်နှာက တည်ကြည်လျက် မြလေးဆိုသူအတွက် တို့ဟူးပျော့တစ်ပွဲ မှာယူပေးလိုက်သံကို ကြားရသည်။ စောခမ်းမုံကတော့ ကိုယ့်အလုပ်မဟုတ်သဖြင့် ထိုသူနှစ်ဦးကို စိတ်မဝင်စားတော့ဘဲ ကိုယ့်ခေါက်ဆွဲကိုယ်သာ ငုံ့စားနေလိုက်သည်။





"မတွေ့ရတာကြာပြီနော်၊ ဘယ်သွားနေလို့လဲဟင်"

"အလုပ်တွေများနေလို့ပါဗျာ"

"ဟုတ်လား"

"ဒါနဲ့ …သူလေးက ဘယ်သူလဲဟင်၊ မြလေးနဲ့ မိတ်ဆက်မပေးတော့ဘူးလား"

စကားမြွေးဦးက စောခမ်းမုံဘက် လှည့်လာသဖြင့် မျက်နှာချင်းဆိုင်က ခွန်ကြာယံ၏ မျက်နှာကို စောခမ်းမုံတစ်ချက်လှမ်းကြည့်လိုက်သည်။

"သူက စောခမ်းမုံတဲ့၊ ကိုယ်တို့အလုပ်ရှင်ရဲ့သမီးပေါ့၊ စောခမ်းမုံ သူက မြလေးတဲ့၊ ကျွန်တော့်သူငယ်ချင်းပါ"

"တွေ့ရတာဝမ်းသာပါတယ် စောခမ်းမုံ၊ မြလေးနဲ့ ခွန်ကြာက အချစ်ဆုံးသူငယ်ချင်းတွေပါ၊ ဒီက မဟုတ်ဘူးထင်တယ်နော်၊ အလည်လာတာလား"

"ဟုတ်ပါတယ်"

"လိုအပ်တဲ့အကူအညီရှိရင်လည်း ပြောပါနော်၊ မြလေး တတ်နိုင်တာဆို ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ် မမြလေး"

စောခမ်းမုံ ဒါပဲပြောလိုက်သည်။

မြလေးဆိုသည့် အမျိုးသမီးကတော့ ခွန်ကြာကို စကားအမျှင်မပြတ်အောင် ပြောလည်းပြောနိုင်သူဖြစ်ရာ စောခမ်းမုံ စားသောက်ပြီးသည်နှင့် ခွန်ကြာကပဲ မြလေးဆိုသူကို စတင်နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ကျော့နိုင်းပါသည်။

"စောခမ်းမုံ ဘယ်နေရာသွားချင်သေးလဲ၊ သွားချင်တဲ့ နေရာရှိရင် ကျွန်တော့်ကိုပြောပါ"

အပြန်ခရီးတွင် ခွန်ကြာက ထိုစကားကို မေးလာခြင်းဖြစ်ရာ ရုတ်တရက် စောခမ်းမုံအတွေးထဲမှာ ဒေါက်တာဆေးဗညားကို ဖျတ်ခနဲ သတိရလာသဖြင့် သူ့ဆီကိုသွားရန် ဆုံးဖြတ်လိုက်သည်။

"ခမ်းမုံကို ဆေးရုံဘက် ခဏပို့ပေးပါ ဦးခွန်ကြာ"

"ဗျာ"

"ဆေးရုံမှာ ခမ်းမုံ အသိတစ်ယောက်ကို ဝင်နှုတ်ဆက်ချင်လို့ပါ"

"သော်"

အခုမှ စောခမ်းမုံဆိုလိုသည့် စကား၏အဓိပ္ပာယ်ကို နားလည်ဟန်ဖြင့် ခွန်ကြာက သူ့ကားလေးကို ဆေးရုံကြီးရှိရာဘက်သို့ ဦးတည်ချိုးကွေ့လိုက်သည်။

ရာသီဥတုမှာ ကြည်လင်သာယာနေသလို စိမ်းပန်းပြာနှင့် ငှချယ်ရီများ အစီအရီပွင့်နေတာကိုလည်း ဘာရယ်မဟုတ် ငေးလာမိသည်။

ဖေဖေက စောခမ်းမုံကို ဦးလေးဖြစ်သူ စပ်မိုင်းနောင်နှင့် မတွေ့စေလိုကြောင်း ပြောပြအသိပေးပြီးဖြစ်ပါသော်လည်း ဘာကြောင့် ဦးလေးဖြစ်သူနှင့် စောခမ်းမုံကို မတွေ့စေလိုခြင်းဖြစ်ကြောင်း





ကိုမူ သူမ သဘောပေါက်နားလည်လက်ခံချင်လာအောင် ဘာတစ်ခုမှ ရှင်းလင်းပြောပြခြင်း မရှိခဲ့သေးပါ။

ထို့အတူ စောခမ်းမုံဘက်ကလည်း ဦးလေးဖြစ်သူနှင့် ခပ်ဆင်ဆင်တူလှသော ဒေါက်တာဆေးဗညားလိုလူတစ်ယောက်ကို သံလွင်စေတစ်ခုအဖြစ် တွေ့ရှိထားကြောင်းကို ဖခင်ကြီးအား အသိပေး ပြောကြားခြင်းမပြုမိ။

ပြောခဲ့သည့်တိုင် ဖေဖေလိုလူတစ်ယောက်က စိတ်ကူးယဉ်ဆန်လှသော သူမစကားတွေကို အလွယ်တကူ လက်ခံယုံကြည်ပေးမည်မထင်။

ဒေါ်အဲရွှေပြောသလို လောကကြီးမှာ နာမည်တူမရှား၊ လူတူမရှားဟုသာ ပြောပေလိမ့်မည်။ တောင်ပေါ်ရွာကို သွားတော့မည်ဟု ရုတ်တရက်ကြီး ဖေဖေ့ဘက်က ဆုံးဖြတ်လိုက်သောအခါ ဖေဖေ့သဘောထားကို စောခမ်းမုံ နားမလည်နိုင်ခဲ့ပါ။

ဖေဖေနှင့် စောခမ်းမုံကြားမှာ ပြောစရာစကားတွေ အများကြီးရှိနေသည်ဟု စိတ်က အလိုလိုသိနေနှင့်ပြီးဖြစ်သည့်အတိုင်း ထိုအကြောင်းအရာတွေကို ဖေဖေကပဲ အရင်စပြောမည်လား။ ဒါမှမဟုတ် စောခမ်းမုံအပြောကိုပဲ ဖေဖေက စောင့်နေခြင်းလားဟု စဉ်းစားရခက်နေ၏။

"စောခမ်းမုံ"

"ရှင်"

"ဆေးရုံကိုရောက်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် …ဟုတ်ကဲ့"

အတွေးအာရုံမှာ နစ်မျောသွားရာမှ လက်ရှိအခြေအနေကို ပြန်လည်ရောက်ရှိလာရပါသော စောခမ်းမုံမှာ ဦးခွန်ကြာရဲ့ကား လေး ဆေးရုံရှေ့မှာ ရောက်နေသည့်အဖြစ်ကို သိရလေမှ ကားပေါ်က ကမန်းကတန်းလေး ဆင်းလိုက်မိ၏။

"စောခမ်းမုံ"

လှမ်းလက်စ ခြေလှမ်းလေး ရှေ့ရောက်မသွားမီ သူမ အမည်ကို လှမ်းခေါ်လာသော ခွန်ကြာကြောင့် သူရှိရာကို သမင်လည်ပြန်လေး လှည့်ကြည့်လိုက်မိသည်။

"တစ်ယောက်တည်းသွားလို့ဖြစ်ရဲ့လား၊ ကျွန်တော် အဖော်လိုက်ပေးရဦးမလား သိချင်လို့ပါ"

"ကျေးဇူးတင်ပါတယ် ဦးခွန်ကြာ၊ ခမ်းမုံ တစ်ယောက်တည်း သွားလိုက်ပါ့မယ်"

"ကောင်းပါပြီ"

ခွန်ကြာကို ကျောခိုင်းလျက် ဆေးရုံကြီးထဲကို ရဲဝံ့စွာ လှမ်းဝင်လိုက်ပြီးမှ ဒေါက်တာဆေးဗညားဘယ်မှာရှိတယ်ဆိုတာ မသိရသောသူမအဖြစ်ကို တွေးမိလာ၏။

ဒေါက်တာဆေးဗညားရှိသော ဆေးရုံကိုလည်း ပထမဆုံး အကြိမ်အဖြစ် စောခမ်းမုံ ရောက်ဖူးရခြင်းဖြစ်ရသည့်အတွက် အနည်းငယ်တော့ ကြောင်တောင်တောင်လေး ဖြစ်နေပါသည်။

"စောခမ်းမုံ"





"ဦးဆေးဗညား"

တိုက်ဆိုင်စွာပင် အဖြူရောင်ဂျူတီကုတ် အင်္ကျီဖားဖားကြီးဖြင့် အခန်းတစ်ခုအတွင်းမှ ထွက်လာသော ဒေါက်တာဆေးဗညားကို တွေ့လိုက်ရခြင်းက လှပသော စောခမ်းမုံ၏ မျက်နှာလေးကို ပြုံးသွားစေသလို ချောမောခန့်ညားသည့် ဒေါက်တာဆေးဗညား၏ မျက်နှာကိုလည်း အံ့သြပျော်ရွှင်သွားစေပါသည်။

"ခမ်းမုံ …ကိုယ့်ဆီကို လာလည်တာလား၊ ဟုတ်လား"

"အဲဒီလိုပဲ ပြောရမယ်ထင်တယ်၊ ခမ်းမုံ သိချင်တာလေးတွေကိုလည်း ဦးဆေးဗညားကိုမေးချင်တာလည်း ပါပါတယ်ရှင်"

"ဘယ်လိုပဲဖြစ်ဖြစ်ပါဗျာ …ကိုယ်ကတော့ စောခမ်းမုံကို အခုလိုတွေ့ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီဗျာ"

"အခု စောခမ်းမုံတစ်ယောက်တည်းလား၊ ဘာနဲ့လာတာလဲ"

ဝမ်းသာလှိုက်လှဲစွာ ဆိုလိုက်ခြင်းဖြစ်မှန်း စောခမ်းမုံ သိပါသည်။ ပြုံးပျော်နေသည့် ဦးဆေးဗညား၏ မျက်နှာမှာ ဟန်ဆောင်မှုတစ်ခုမှ မရှိ။ သူလိုလူတစ်ယောက်က စောခမ်းမုံ၏အစ်ကိုသာဖြစ်လျှင် သူမအတွက် အတော်ပင် ပျော်စရာကောင်းမည်ပဲဟု တွေးလျက် လှပသောမျက်နှာလေး ပြုံးချိုကြည်မြသွား၏။

"ခမ်းမုံကို ဖေဖေ့သူငယ်ချင်းရဲ့သားက ကားနဲ့လိုက်ပို့တာပါ ဦးဆေးဗညား၊ ခမ်းမုံတို့ ဒီရက်ပိုင်းအတွင်းမှာပဲ တောင်ဆေါ်ရွာကို သွားဖြစ်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စောခမ်းမုံတို့ သားအဖနှစ်ယောက်ထဲလား၊ အန်ကယ် ဦးမင်းဇော်ရော မပါဘူးလား"

"ပါပါတယ် …အန်ကယ်ဦးမင်းဇော်အပြင် တခြား အဖော်တွေလည်း ပါဦးမယ်ထင်တယ်၊ ခမ်းမုံလည်း သေချာတော့ မသိသေးဘူး"

"ကိုယ်ပါလိုက်ခွင့်ရရင် ပိုကောင်းမယ်ထင်တယ် စောခမ်းမုံကို ကိုယ်- စိတ်မချဘူး"

လှပသောမျက်နှာလေးကို ရွှန်းမြသော မျက်လုံးအစုံဖြ စူးစိုက်ကြည့်လျက် အဓိပ္ပာယ်ပါပါပြောလိုက်သော စကားကို မ သလိုပင် စောခမ်းမုံ လှပစွာပြုံးရယ်လိုက်၏။

အဖြစ်မှန်ကို သေချာမသိသေးလို့ပါဟုလည်း တွေးလို မိပါသေးသည်။ တကယ်ဆို ဟောဒီက စောခမ်းမုံဆိုတဲ့ ကလေး လေးက ကိုကို့ညီမလေးဖြစ်ရမှာ မဟုတ်လား။

အဲဒီလို အဖြစ်မှန်တွေကိုသိဖို့ ဦးလေးစဝ်မိုင်းနောင်ကို စောခမ်းမုံ လိုက်ရှာချင်နေတာပါပဲလေ။

"ခမ်းမုံကလည်း ဦးဆေးဗညားကို အတူလိုက်စေချင်တာ ပါပဲလေ၊ဒီမှာက ဦးဆေးဗညားမရှိလို့ မဖြစ်ဘူးဆို"

"အဲဒါလည်းဟုတ်တယ်၊ ကိုယ် ခရီးသွားပါမယ်ဆို ဒီလူတွေကလည်း ကိုယ့်အရင်ခွင့်ယူပြီး လစ်သွားကြတယ်ဗျာ တကယ့်လူဆိုးတွေပဲ"

အပြစ်ဆိုသော စကားပေမယ့် ပြုံးနေသော ဒေါက်တာ





ဆေးဗညား၏ နှုတ်ခမ်းအစုံက သူ့သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် များအပေါ်မှာ တကယ်စိတ်ဆိုးခြင်းမဟုတ်ကြောင်း ဖော်ပြလျက် ရှိပါသည်။

"နေဦး …ကိုယ်တို့ ဒီလိုရပ်စကားပြောနေလို့ မဖြစ် သေးဘူး၊ တစ်နေရာမှာ အေးအေးဆေးဆေး တစ်ခုခုစားရင်း စကား ပြောရအောင်၊ ကိုယ်လည်း ဗိုက်ဆာနေပြီ"

"ဟင် …ဦးဆေးဗညားက အခုထိ ဘာမှမစားရသေး ဘူးလား"

"ဟုတ်တယ် …စောခမ်းမုံ၊ အခုချိန်ထိ ကော်ဖီတစ်ခွက် ပဲ သောက်ရသေးတယ်၊ အရေးပေါ်ကေ့စ်ရောက်လာလို့လေ"

"အို"

"စောခမ်းမုံကို လိုက်ပို့တဲ့ကားကို ပြန်လွှတ်လိုက်ပေါ့၊ အပြန် စောခမ်းမုံကို ကိုယ့်ကားနဲ့ လိုက်ပို့ပေးမယ် ဟုတ်လား"

ဒေါက်တာဆေးဗညားစကားကို စောခမ်းမုံ မည်သို့တုံ့ပြန် ရမှန်းမသိ။ မျက်လုံးထဲမှာ ဖေဖေ့မျက်နှာကို ဖျတ်ခနဲ ပြေးမြင်လိုက် မိပြီး နှုတ်ဆွံ့သွားသည်။

ဖေဖေ ကြိုက်ပါ့မလားဆိုသည့် အတွေးကတစ်ဖက်၊ ဆောင်ပေါ်ရှာသွားလျှင် ဒေါက်တာဆေးဗညားမှာမိကို တွေ့လိုခြင်း ကတစ်ဖက် တွေတွေဝေဝေလေး ရပ်နေမိပြီးမှ …

"ခမ်းမုံလည်း ဦးဆေးဗညားနဲ့ ပြောစရာရှိသေးတယ်၊ ကားကို ပြန်လွှတ်လိုက်ကြတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

ဆေးရုံထဲမှာ အတူယှဉ်တွဲဆင်းလာသူနှစ်ယောက်ကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေမိသူက ခွန်ကြာ။

လိုက်ဖက်ညီလှသော ချစ်စရာစုံတွဲလှလှလေး၏ မျက်နှာမှာ အပြုံးကိုယ်စီရှိနေတာကို ကြည့်ပြီး ဘာကြောင့် သူ့ကို အတူလိုက်ဖို့ မလိုအပ်တာလည်းဆိုတာကိုပါ ချက်ချင်း သဘောပေါက်လိုက်မိသလို ရင်ထဲမှာ စစ်ခနဲ နာကျင်သွားရသော သူ့အဖြစ်ကို ဘယ်သူသိနိုင်မှာလဲလေ။





## အခန်း (၁၄)

"ဖေဖေ"

"လာ ...သမီးလေး"

စောခမ်းမုံသည် လက်ထဲမှ ကော်ဖီလင်ဗန်းလေးကို ဖေဖေ့ရှေ့က စားပွဲပေါ် အသာချလိုက်ရင်း ဖေဖေ့အနားရှိ ခုံမှာ ညင်သာစွာ ဝင်ထိုင်လိုက်သည်။

"ဒေါ်အဲရွှေရော အိပ်ပြီလား သမီး"

"မအိပ်သေးပါဘူး ဖေဖေ၊ ခမ်းမုံအတွက် လိုအပ်မယ့် ပစ္စည်းတွေကို သိမ်းပေးတုန်းပါ"

"အင်း"

ဖေဖေ့ထံမှ အမျိုးအမည်ခွဲခြားရခက်သော သက်ပြင်းရှိုက်သံကို ကြားလိုက်ရပြီး စောခမ်းမုံ ယူလာသည့် ကော်ဖီခွက်ကို ကောက်ယူပြီး တစ်ငုံမျှ သောက်လိုက်တာကို မြင်ရသည်။

"သမီးစိတ်ထဲမှာ ဖေဖေ့ကို မေးစရာ၊ ပြောစရာတွေရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်မဟုတ်လား''

''ဟုတ်ပါတယ် ဖေဖေ''

''သမီးဦးလေး စပ်မိုင်းနောင်ကို သမီးဘာကြောင့် တွေ့ချင်ရတာလဲဆိုတာ ဖေဖေ့ကို အရင်ပြောပြနိုင်မလား''

ဖေဖေ့လက်ထဲက ကော်ဖီခွက်လေး စားပွဲပေါ် ပြန်ရောက်သွားတာကိုကြည့်ပြီး ရုတ်တရက် စောခမ်းမုံ ခေါင်းလေးငုံ့သွားသည်။

''သမီးစိတ်ထဲမှာ ...စပ်မိုင်းနောင်ဟာ ဖေဖေ့လိုလူစားမျိုး ဖြစ်လိမ့်မယ်လို့ ထင်ထားခဲ့သလားကွယ်''

''ဖေဖေရယ်''

အဖျားခတ်တုန်ရီသွားသော ဖေဖေ့အသံထဲမှာ ဝမ်းနည်းထိခိုက်ခြင်းကို တွေ့လိုက်ရခြင်းက စောခမ်းမုံ အသည်းနှလုံးတွေ နာကျင်သွားစေသည်။

''ခမ်းမုံကို ခွင့်လွှတ်ပါဖေဖေဦးလေးကို ခမ်းမုံတွေ့ချင်တာဟာ မေမေ့ရဲ့ တစ်ဦးတည်းသော သွေးသားအရင်းအချာတစ်ယောက်အဖြစ် မေမေ့ကိုယ်စား တွေ့မြင်ချင်ရုံကလွဲပြီး ဖေဖေပြောသလိုမျိုး မျှော်လင့်မထားခဲ့တာလည်း အမှန်ပါ''

''ခမ်းမုံ တစ်ယောက်ထဲ အခုလို ဖွယ်ရာမဲ့အထီးကျန်ဖြစ်နေတဲ့အချိန်မှာ မေမေနဲ့ပတ်သက်ပြီး ဒီလိုခံစားချက်အတွေးမျိုး ဝင်လာခဲ့မိတာပါ ဖေဖေ''

''ခမ်းမုံကြောင့် ...ဖေဖေ စိတ်ထိခိုက်ရတယ်ဆိုရင်





ခမ်းမုံကို ခွင့်လွှတ်ပါနော်''

ပြောရင်း စောခမ်းမုံ ရင်တစ်ခုလုံး လှိုက်လှဲဆို့နင့်လာကာ ပါးပြင်နပေါ် မျက်ရည်ဥတွေ ပိုးပိုးပေါက်ပေါက်စီးကျလာခြင်းကို မတားဆီးနိုင်ခဲ့ပါ။ အထူးသဖြင့် ဖေဖေ့အတွေးအာရုံထဲမှာ ဦးလေးစပ်မိုင်းနောင်နှင့် ပတ်သက်ပြီး စောခမ်းမုံ အခုလို တွေးထင်ယူဆထားလိမ့်မည်ဟု ထင်မြင်နေခြင်းအပေါ်မှာ ဝမ်းအနည်းရဆုံး စိတ်အထိခိုက်ရဆုံးဖြစ်ပါသည်။

''မငိုပါနဲ့ သမီးလေးရယ်၊ တကယ်တော့ ဖေဖေ့သမီးလေးမှာ ဘာအပြစ်မှမရှိပါဘူးကွယ်၊ ဖေဖေ့သမီးလေး အခုလို ဖြစ်ကျန်ရစ်ခဲ့အောင် ထားရစ်ခဲ့တဲ့ ဖေဖေ့မှာသာ အပြစ်ရှိတာပါ''

''ဟင့်အင်း ...ဟင့်အင်း ဖေဖေ့မှာ အပြစ်မရှိပါဘူး၊ ဖေဖေ့ကို မခွဲနိုင်တာကလွဲလို့ ဖေဖေ့မှာ အပြစ်မရှိပါဘူးရှင်''

''သမီးလေးရယ်''

ဖေဖေက စောခမ်းမုံ ဦးခေါင်းလေးကို ဖွဖွပုတ်ရင်း ကိုယ်တိုင်လည်း တစ်စုံတစ်ရာကို ခံစားကြေကွဲနေပုံရပါသည်။ ဖေဖေ့စိတ်ထဲမှာ အခုချိန် မေမေ့ကိုများ သတိရအောက်မေ့နေမည်လားဟု စောခမ်းမုံစိတ်မှာ တွေးထင်ရင်း ဝမ်းနည်းလာကာ တသိမ့်သိမ့် ရှိုက်ငင်လိုက်မိ၏။

''အေးပေါ့လေ ...အရာရာတိုင်းလည်း ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရကြတာမှ မဟုတ်ဘဲ၊ ကံတရားအတိုင်းပဲ ဖြစ်ကြရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သမီးကို အပြစ်တင်နေတာမဟုတ်ပါဘူး၊ အရာရာတိုင်းကို သိပ်ပြီး မျှော်လင့်မထားဖို့ ပြောချင်တာပါ"

"စဝ်မိုင်းနောင်ဟာ သမီးမေမေရဲ့ မောင်လေးဆိုပေမယ့် သမီးမေမေကိုယ်တိုင်က တစ်ယောက်နဲ့တစ်ယောက် ကြီးမှ မနည်း စုံစမ်းဆက်သွယ်မှုလုပ်ပြီး အကြိမ်ကြိမ်ကြိုးစားခဲ့လို့ ပြန်တွေ့ခွင့်ရခဲ့တဲ့ လူတစ်ယောက်ပဲ၊ ဒါတောင် အကြိမ်များများ မဆုံခဲ့ကြရပါဘူး၊ ဒီလိုလူတစ်ယောက်ရဲ့ ရင်ထဲမှာ ဘယ်လိုခံစားချက်မျိုး ရှိနိုင်သလဲ၊ ဘယ်လိုသံယောဇဉ်မျိုး ရှိနေနိုင်မလဲဆိုတာ အင်မတန် ပြောရခက်သလို ခန့်မှန်းရလည်း ခက်လိမ့်မယ်"

"မေမေပြောတာ သမီး နားလည်တယ်မဟုတ်လားဟင်"

"ခမ်းမုံ နားလည်ပါတယ် မေမေ"

မျက်ရည်များနှင့် စောခမ်းမုံ ဦးခေါင်းလေးကို တဆတ်ဆတ်ညိတ်ပြလိုက်မိသည်။

"သမီးမေမေဟာ အင်မတန် နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့မောင်တစ်ယောက်ဟာ သမီးမေမေလို စိတ်ထားမျိုး ရှိချင်မှရှိလိမ့်မယ်၊ အဲဒါကို သမီးနားလည်ရင် အခုတောင်ပေါ်ခရီးဟာ သမီးအတွက် စိတ်ပျော်ရွှင်ရုံသက်သက် ဗဟုသုတရစေရုံထွက်တဲ့ ခရီးလို့ မှတ်ထားရင်ရပါပြီ"

"မေမေပြောတဲ့အတိုင်း ခမ်းမုံ မှတ်ထားပါမယ် မေမေ"

"အေး …အေး သမီး အဲဒီလိုသဘောထားနိုင်ရင် မေမေ ကျေနပ်ပါပြီလေ၊ ကဲ …ကဲ သမီးသွားနားချင်နားတော့၊ ဒီမှာ





မေမေ နေခဲ့ဦးမယ်"

"ဟုတ်ကဲ့"

"မေမေ့ကို ခမ်းမုံ ကန်တော့ပါတယ်"

"သာဓုပါကွယ် …သာဓု …သာဓု၊ မေမေ့သမီးလေး အတွက် လိုတရပြည့်စုံပြီး ကျန်းမာချမ်းသာပါစေကွယ်"

"မေမေပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

စောခမ်းမုံ မေမေ့ကိုကန်တော့ပြီး သူမအခန်းရှိရာဘက်ကို လျှောက်ခဲ့ရင်း အတွေးအာရုံထဲမှာ ဦးလေးစဝ်မိုင်းနောင်၏ ဝိုးတဝါး ပုံရိပ်ကို စိတ်ကူးဖြင့် စမ်းတဝါးဝါး ပုံဖော်ကြည့်မိသည်။

ဘာတစ်ခုမှ ရေရာသည်းကွဲခြင်းမရှိသော ဦးလေးစဝ်မိုင်းနောင်၏ ပုံရိပ်မှာ ဘာတစ်ခုမှ ပုံဖော်၍မရသလို သူ့စိတ်ဓာတ်ကိုလည်း စိတ်ကူးနှင့်ပင် ဖမ်းဆုပ်ရန် ခက်ခဲပင်ပန်းလွန်းလှသည်။

"ခမ်းမုံလေး …အို …ဘယ်လိုဖြစ်တာလဲကလေးရယ်၊ ငိုလာတာလား၊ ဆရာကြီးက ကလေးကို ဆူလိုက်လို့လားကွယ်"

ခမ်းမုံ မျက်နှာလေးကိုကြည့်ပြီး ခြေမကိုင်မိလက်မကိုင်မိ ပျာယာခတ်သွားရသော ဒေါ်အဲရွှေကိုကြည့်ပြီး စောခမ်းမုံ ဦးခေါင်းလေးကို ညင်သာစွာ ခါယမ်းပြလျက် သူမခုတင်ပေါ် ညင်သာစွာ ဝင်ထိုင်ချလိုက်၏။

"မဟုတ်ပါဘူး ဒေါ်အဲရွှေရယ်၊ ခမ်းမုံ ဝမ်းနည်းမိလို့ပါ"

"ဘာတွေဝမ်းနည်းလာတာလဲ ကလေးရယ်၊ ဒေါ်အဲရွှေကိုလည်း သေချာပြောပြဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံက ဖေဖေပြောသည့်စကားကို ဒေါ်အဲရွှေကို ပြန်ပြောလိုက်တော့ ဒေါ်အဲရွှေကိုယ်တိုင်လည်း သက်ပြင်းတချချ နှင့် စောခမ်းမုံမျက်နှာလေးကို သနားကရုဏာကြီးစွာဖြင့် ကြည့်ငေး နေရှာပါသည်။

''အေးပေါ့ကွယ် ...ဆရာကြီးပြောတာလည်း မလွန်ပါ ဘူး၊ ကလေးစိတ်ထဲမှာ ဘာကိုမှ သိပ်မျှော်လင့်မထားတာ ကလေး အတွက် အကောင်းဆုံးပါ''

''ကဲ ...ကဲ ကလေးလည်း ခရီးထွက်ရဦးမှာဆိုတော့ စောစောအနားယူ၊ ဒေါ်အဲရွှေလည်း ဒီပစ္စည်းလေးတွေ သိမ်းပြီးရင် အိပ်တော့မယ်''

တော်ကြာ သွားခါနီးလာခါနီးမှ ဟိုတစ်ခါကလို မကျန်း မမာဖြစ်နေရင် ကလေးအတွက် ဒီလိုအခွင့်အရေးမျိုး နောက်ဘယ် တော့မှ ရလိမ့်မယ်မထင်ဘူး''

''အိပ် ...အိပ် တခြားဘာမှမတွေးဘဲ အိပ်ပျော်အောင် သာ အိပ်လိုက်တော့''

ဒေါ်အဲရွှေက စောခမ်းမုံကို သူကိုယ်တိုင် စောင်ခြုံပေးခြင်း၊ ခြင်တောင်ချပေးခြင်း အားလုံးကို ပီဘိကလေးပေါက်စလေး တစ်ယောက်လို ဂရုတစိုက် လုပ်ဆောင်ပေးပြီးမှ အခန်းမီးကို ငြိမ်း လျက် ညအိပ်မီးသီးပြာပြာလေးကို ထွန်းပေးလိုက်သည်။

ဒေါ်အဲရွှေရဲ့ စေတနာမေတ္တာတွေက စောခမ်းမုံအပေါ်မှာ အင်မတန် ကြီးမားလှကြောင်း သိရှိပြီးဖြစ်သလို ဒေါ်အဲရွှေအပေါ်





မှာလည်း စောခမ်းမုံဘက်က ဆွေမျိုးရင်းချာ ကြီးကြီးတစ်ယောက် ပမာ တွယ်တာသံယောဇဉ်ကြီးရသူ ဖြစ်သည့်အတိုင်း စိတ်ထဲက သူမနှင့်အတူ တောင်ပေါ်ခရီးကို လိုက်ပါလာရမည့် ဒေါ်အဲရွှေကို လည်း သနားကြင်နာနေမိပါသည်။

အိပ်ရာထဲမှ လှဲက ငြိမ်သက်နေသော စောခမ်းမုံ ဘယ်လိုမှ အိပ်လို့မပျော်ပါ။ ဦးလေး စပ်မိုင်းနောင်နှင့် ပတ်သက် ပြီး သူမကိုယ်တိုင် ဘယ်လိုမျှော်လင့်ချက်တွေများ ထားနေမိသလဲဟု ပထမဆုံး ကိုယ့်ကိုယ်ကို မေးကြည့်နေမိသည်။

ဖေဖေပြောသလိုမျိုး မျှော်လင့်ထားခြင်းမရှိသော်လည်း မေမေ့ကိုယ်စား မေမေ့ကိုယ်ပွားတစ်ယောက်၊ မေမေ့သွေးသားရင်း တစ်ဦးကို မြင်တွေ့ခွင့်ရခြင်းဖြင့် သူမရင်ထဲက ဆန္ဒများပြည့်စုံ လိမ့်မည်ဟု ယုံကြည်ပါသည်။

မေမေ ...။

စောခမ်းမုံချစ်တဲ့မေမေဟာ အခု စောခမ်းမုံရင်ထဲက ခံစား ချက်တွေကို သိရှိခဲ့မယ်ဆိုရင် သဘောတူမှာလား။ ကန့်ကွက်တား မြစ်မှာလားဆိုတာ သံချင်လာမိသည်။

''ကလေး ...အိပ်ပြီလား''

''မအိပ်သေးပါဘူး ဒေါ်အဲရွှေ၊ ခမ်းမုံကို ဘာပြောချင် လို့လဲဟင်''

တစ်ဖက်ခုတင်မှ ဒေါ်အဲရွှေထံမှ သက်ပြင်းရှိုက်သံကြောင့် ဒေါ်အဲရွှေလည်း စောခမ်းမုံကို ဘာမှမတွေးပါနှင့်ပြောပြီး သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်လည်း အတွေးသံသရာထဲ ဝဲလည်နေကြောင်း ရိပ်မိလိုက်ရပါပြီ။'

"ပြောချင်တာမဟုတ်ပါဘူးကွယ်၊ မေးချင်တာပါ၊ ဟိုသူငယ် မောင်ဗညားဆိုတာနဲ့ ကလေးမေမေကို တွေ့ပေးလိုက်သလားလို့ပါ၊ သူရော တောင်ပေါ်ရွာကို ဒေါ်အဲရွှေတို့နဲ့အတူ လိုက်မယ့်ထဲမှာ ပါလာဦးမှာလား"

ဒေါက်တာဆေးဗညားကို မေးခြင်းဖြစ်ကြောင်း သိလိုက်သည်။

"သူ့ကို မေမေနဲ့ ပေးမတွေ့ရသေးပါဘူး ဒေါ်အဲရွှေရယ်၊ တောင်ပေါ်ခရီးကိုလည်း ခမ်းမုံတို့နဲ့အတူ သူလည်း မလိုက်နိုင်တော့ပါဘူး၊ ဒီမှာလည်း သူ့အလုပ်တွေနဲ့ မအားဘူးဆိုပါတော့လေ"

"အေးပေါ့လေ …မောင်ဗညားနဲ့ ဆရာကြီး မတွေ့ရသေးဘူးဆိုတာလည်း တစ်မျိုးကောင်းပါတယ်"

ဒေါ်အဲရွှေ ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်သည်ကိုတော့ဖြင့် စောခမ်းမုံလည်း တွေးမနေတော့ပါ။ ဒေါက်တာဆေးဗညားဆီက သူမသိလိုသော မေးခွန်းများ၏အဖြေကို သိခွင့်ရခဲ့တာကိုပဲ စိတ်ထဲမှာ ကျိတ်ပြီး ကျေနပ်နေမိရပါသည်။

အထူးသဖြင့် ဒေါ်နန်းဆိုင်လော်၏ တည်းခိုရာနေရာ အတိအကျကို သိခွင့်ရခဲ့ခြင်းဖြင့် သူမသိလိုသော အကြောင်းအရာများကို မေးရဦးမည်မဟုတ်ပါလား။

အတွေးအာရုံထဲမှာ ဒေါက်တာဆေးဗညား၏ မျက်နှာကို





ဖျတ်ခနဲ မြင်ယောင်လိုက်မိသလို တစ်ပြိုင်နက်ထဲမှာပင် ခွန်ကြာ၏ မျက်နှာကို ပြေးမြင်လိုက်မိတော့ စောခမ်းမုံ ရင်ထဲမှာ ဘာမှန်းမသိသော စိတ်ခံစားချက်တစ်မျိုး ဖြစ်ထွန်းသွားမိ၏။

စောခမ်းမုံနှင့် ဒေါက်တာဆေးဗညားတို့ ဆေးရုံထဲက ထွက်လာတာကို မရယ်မပြုံးမျက်နှာထားဖြင့် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသော ခွန်ကြာ၏ မျက်လုံးများကို သူမမမေ့ပါ။

ပြီးမှ ဘာမှမဖြစ်သလို အကြည့်လွှဲသွားပေမယ့် ခွန်ကြာ၏ အကြည့်တွေက စောခမ်းမုံရင်ထဲမှာ သူ့အလိုလို စွဲထင်နေ၏။

သူ့မှာလည်း မြလေးဆိုသော ငယ်ကျွမ်းဆွေမလေးနဲ့ပါလားဟု တွေးမိချိန်မှာတော့ စောခမ်းမုံ နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

ကားနှစ်စီးစလုံး ပစ္စည်းများဖြင့် ပြည့်နေသလို သွားကြရမည့် ခရီးစဉ်အကြောင်း ဆွေးနွေးရန်အတွက် ရှေးဟောင်းနှောင်းဖြစ်အကြောင်းတွေကို ပြောဆိုရယ်မောနေကြသော ဖေဖေနှင့် အန်ကယ်မင်းဇော်တို့ ပုံစံက လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်ဖွယ်ရာ စိတ်အပန်းဖြေခရီးတစ်ခု ထွက်ရသည်ထက် ဘာတစ်ခုမှ မပိုချေ။

စောခမ်းမုံလို ရင်ခုန်စိတ်လှုပ်ရှားခြင်းမျိုးလည်း မရှိ။ သက်ပြင်းတစ်ရှိုက်ရှိုက်လည်း ဖြစ်မနေ။ ရှေ့ခရီးကိုလည်း ဘာတစ်ခုမှမတွေး။ အရာအားလုံး သက်တောင့်သက်သာရှိလှပါဘိ။

ဖြစ်နိုင်လျှင် စောခမ်းမုံကိုယ်တိုင်လည်း ဖေဖေ့လိုဖြစ်လိုက်ချင်စမ်းချင်ပါသည်။ သို့သော် ဖေဖေသည် ဖေဖေသာဖြစ်ပြီး စောခမ်းမုံမှာလည်း စောခမ်းမုံသာ ဖြစ်သည့်အတိုင်း သူမစိတ်လှုပ်ရှားနေမိသမျှကို အတတ်နိုင်ဆုံး ဟန်ဆောင်ဖုံးကွယ်ရင်း ဒေါ်အဲရွှေနှင့် ရောက်တတ်ရာရာ စကားပြောနေမိ၏။





ကားနှစ်စီးမှာ လိုက်ပါမည့်သူများက ဖေဖေ ဦးမင်းဇော်၊ ဒေါ်အဲရွှေ၊ စောခမ်းမုံ၊ ခွန်ကြာ၊ ဦးသောင်းနှင့် တခြားကားမောင်းမည့်သူတစ်ယောက်တို့ဖြစ်သည်။

"ကဲ ... အားလုံးအသင့်ဖြစ်ရင် သွားကြစို့ဟေ့၊ ကိုသက်ထွန်းက ကျုန်တော့်ကားနဲ့လိုက်ဗျာ၊ ဒီလိုပဲ သွားရင်းလာရင်း ရှေးဟောင်းနှောင်းဖြစ်လေးတွေပြောပြီး သူငယ်ပြန်ရအောင်"

"အဟား ...ဟား ခင်ဗျားဗျာ အခုချိန်ထိ ဒီအကျင့်တွေ မပျောက်သေးဘူး"

ဖေဖေ့ထံမှ နှစ်ခြိုက်စွာ ရယ်မောလိုက်သံကြောင့် စောခမ်းမုံ လှမ်းကြည့်လိုက်ရာ အရွယ်ထက် များစွာနုပျိုသွားသော ဖေဖေ့မျက်နှာကို စိတ်ချမ်းမြေ့ဖွယ်ရာ တွေ့လိုက်ရသည်။

"သမီးနဲ့ ဒေါ်အဲရွှေက မောင်ခွန်ကြာကားနဲ့ သွားကြ ဟုတ်လား၊ ဖေဖေနဲ့ မောင်သောင်းက သမီးအန်ကယ်ကားနဲ့ လိုက်ခဲ့မယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မောင်ခွန်ကြာရေ ...ကားကို အထူးဂရုစိုက်ကွေ့၊ သမီးတို့ကိုတော့ မင်းလက်ထဲအပ်လိုက်ပြီ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦး"

အလုပ်ကိစ္စမှလွဲပြီး တစ်ချိန်လုံး မည်သည့်စကားမှမဆိုတဲ့ နှုတ်ဆိတ်ငြိမ်သက်နေသူထံမှ ပထမဆုံး စောခမ်းမုံ ကြားရသော အသံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးရောင်ဝတ်စုံလေးဖြင့် နှင်းမင်းသမီးလေးတစ်ပါးလို လှပလွန်းသည့် စောခမ်းမုံကိုပင် သူ့ကားလောက်မှ စိတ်ဝင်စားဟန်မပြသော ခွန်ကြာကို စောခမ်းမုံ စိတ်ထဲက သဘောမတွေ့ရသော်လည်း သူလိုပင် မျက်နှာထားတည်တည်လေးနှင့် ခွန်ကြာကားပေါ်မှ အတူလိုက်ပါလာခဲ့ရသော်လည်း စောခမ်းမုံကလည်း သူလိုလူတစ်ယောက်ကို အရေးစိုက်ပြီး စကားမဆိုပါ။

ဒီခရီးမှာ စောခမ်းမုံ စိတ်အလှုပ်ရှားရဆုံးခရီးဖြစ်သည့်အတိုင်း ကားစထွက်ထဲက ပတ်ဝန်းကျင်ကို အထူးပင် စိတ်ဝင်တစား ဖြစ်နေမိ၏။

ခွန်ကြာ၏ ကားလေးက မည်းနက်ကွေ့ကောက်သောလမ်းအတိုင်း တရိပ်ရိပ်ဦးဆောင်ပြေးနေရာ အနီရောင်မြေသားလမ်းနှင့် ထင်းရှူးတော၊ စိန်ပန်းပြာ၊ တောင်ယာစိုက်ခင်း၊ တောင်တန်းပြာများကို မျက်စိတစ်ဆုံး ကြည့်ငေးရင်း လိုက်ပါလာခဲ့သူက စောခမ်းမုံ။

ဒီတစ်ခါတော့ သူမကိုယ်သူမ ကြိုတင်ကာကွယ်မှုတွေနှင့် ခေါ်အဲရှေ့တို[illegible] ဆေးများအားလုံး ကြို[illegible] စောခမ်းမုံ၏ လက်ကိုင်အိတ်လေးထဲမှာ[illegible] ဆီကအစ ခေါ်အဲရှေ့စိတ်ကူးရှိတိုင်း ဝယ်ယူထားသော ဆေးအမည်စုံပါရှိလာပါသည်။

ကားအရှိန်ပြင်းသလောက် စောခမ်းမုံတစ်ကိုယ်လုံးကို တိုးဝှေ့တိုက်ခတ်လာသော လေအေးများကလည်း ရေခဲလိုပင် အေးစက်





မှာ သူမကိုယ်လေးကို သိမ်းကျုံးပွေ့ယူသွားရာ ခွန်ကြာယံ ဝယ်ယူပေးသော သားမွေးအင်္ကျီများမှာ ဒီနေရာတွင် အဘယ်မျှ အသုံးတည့်ကြောင်း တွေးမိလျက် စိတ်ထဲက သူ့ကို ကြိတ်ပြီး ကျေးဇူးတင်လိုက်မိသည်။

စောခမ်းမုံတစ်ယောက်လုံး သူ့ကားပေါ်မှာ အတူလိုက်ပါလာမှန်းသိလျက်နှင့် ဘာစကားမှမဆိုဘဲ ငြိမ်သက်နေနိုင်သူကို တစ်ချက်ခိုးကြည့်ရင်း သူမမြင်မှန်းသိလျက်နှင့် မျက်စောင်းလေးဝင့်လိုက်မိသည်။

လူကသာ ကားပေါ်ကို တာဝန်အရ ရောက်နေပုံမျိုးဖြစ်ပြီး စိတ်တွေကတော့ ဟိုမြလေးဆိုသူထံမှာ ကျန်ရစ်သလားမဆိုနိုင်။

တကယ်ဆို စောခမ်းမုံလို မြေပြန့်သူလေးတစ်ယောက် တောင်ပေါ်မြေကို ခရီးထွက်လာခိုက်မှာ ဗဟုသုတရစရာ အကြောင်းအရာလေးတွေကို ဖွယ်ဖွယ်ရာရာမဟုတ်သည့်တိုင် သိသင့်သိထိုက်သမျှ သူ့ဘက်က ရှင်းလင်းပြော[illegible]ဖြင့် အပျင်းလည်းပြေ၊ ဗဟုသုတလည်းရ[illegible] ဘယ်လောက်အဆင်ပြေလိုက်မည်နည်း။

အခုတော့ [illegible]မိမင်းဝင်စားသလို ရှေ့နှုတ်တော်ပင် မဖွင့်နိုင်ဘဲ ဘာတွေဘဝင်မြ[illegible]နေမှန်းမသိသော ခွန်ကြာဆိုသည့် လူ[illegible] စိတ်ထဲက ကျိတ်ပြီး ဒေါသလေးဖြစ်မိ၏။

အစတုန်းကဖြင့် စောခမ်းမုံနှင့် သူ့ကြားမှာ ဒီလောက်ဆက်ဆံရေးမကျဲသေးဟု ထင်သည်။အခုတော့ သူ့ပုံစံက စောခမ်းမုံအပေါ်မှာ အချိုးတစ်မျိုးပြောင်းသ[illegible]ကို စဉ်းစားမရ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဆေးဗညားနဲ့ စောခမ်းမုံ အတူတွဲမြင်လိုက်
လို့ အချိုးပြောင်းခြင်းလား။

အို ...ဘယ်နှယ့် အဲဒီကိစ္စက သူနဲ့ဘာများဆိုင်လို့

စောခမ်းမုံဘာသာ ဘယ်သူနဲ့ပဲ တွဲလာလာ သူ့အပူလား

အိုလေ ...ဒီလိုလည်းမဟုတ်သေးပါဘူး။ စောခမ်း
အတွေးတွေက သိပ်ပြီး ဘေးကိုရော်ထွက်သွားပါရောလား။ ဖြ
ခြင်းဖြစ် သူ့ရည်းစားမြလေးကြောင့်ပဲ ဖြစ်ရမှာပါ။

ဟုတ်တယ် ...ဒါပဲနေမှာပါ။

ကြာတော့ တိတ်ဆိတ်သောကားပေါ်မှာ စောခမ်းမုံ ငြီး
စိတ်ပျက်လာသည်။ ဒေါ်အဲရွှေနှင့် ဦးသောင်းကို ကြည့်လိုက်
လည်း ကိုယ်စီအိပ်ငိုက်လို့။

"ဒီမှာရှင့် ...ကားကက်ဆက်ပါရင် ဖွင့်စမ်းပါ"

"မပါဘူးဗျာ ...ဘာဖြစ်လို့လဲ၊ စောခမ်းမုံ နားထော
ချင်မှန်းသိရင် စောစောထဲက အိမ်ကကက်ဆက် တပ်ခဲ့ပါတယ်"

"နားထောင်ချင်လို့မဟုတ်ဘူးရှင့်၊ ပျင်းလို့သိရဲ့လား
ပျင်းလို့"

စိတ်ထဲကလည်း ခွန်ကြာအပေါ်မှာ သိပ်ပြီး မကြည်
လှတာမို့ ဘာရယ်မဟုတ်ဘဲ ခပ်ဆတ်ဆတ်ကလေး တုံ့ပြန်လိုက်
တာကို သူက အံ့သြနားမလည်ဟန်ဖြင့် စောခမ်းမုံမျက်နှာလေး
တစ်ချက်လှမ်းကြည့်ပြီး ငြိမ်သွား၏။

စောခမ်းမုံ သူ့အပေါ်မှာ ဒေါသလေးတွေဖြစ်နေသ





င်နေမိပေမယ့် ဘာကြောင့် ဒေါသဖြစ်ရခြင်းကိုဖြင့် ခွန်ကြာယ
ယ်တိုင်လည်း မစဉ်းစားတတ်ဘဲရှိနေ၏။

"စောခမ်းမုံကို ကျွန်တော်တစ်ခုမေးလို့ရမလား"

"ဘာမေးမှာလဲ"

"သြော် ...ကျွန်တော့်အပေါ်မှာ တစ်စုံတစ်ခုအတွက်
ခမ်းမုံများ စိတ်ဆိုးနေသလားလို့ပါ"

"အင်"

ရုတ်တရက်ကြီး ပြောင်ဖွင့်မေးလာတော့ စောခမ်းမုံ ဘာ
ပြောမှန်းမသိ ဖြစ်သွားသည်။ တကယ်လည်း သူ့မအပေါ်မှာ မာန
တစ်ခွဲသားလုပ်ပြီး ဘာတစ်ခုမှ မပြောမဆို ရှောင့်နှုတ်ပိတ်နေတာ
ကို စိတ်ဆိုးနေရခြင်းပါ။

"ကျွန်တော်မေးတာ ဖြေပါဦးဗျာ"

"ဘာဖြေရမှာလဲရှင့် ... လူတစ်ယောက်လုံး ကားပေါ်
သာတာကိုတောင် စကားတစ်လုံးမှ မပြောနိုင်မဆိုနိုင်အောင်
နေသူကသာ စိတ်ဆိုးတဲ့သူပဲဖြစ်မှာပေါ့"

စောခမ်းမုံရယ် ...။

ခွန်ကြာ စိတ်ထဲက ချစ်ရသူအမည်လေးကို မြတ်နိုးစိတ်
ဆိုညည်းလိုက်မိခြင်းပါ။ သူ့အပေါ်မှာရော စောခမ်းမုံလေးက
ပဲထင်နေသည်လား။

"ကျွန်တော်က စေတနာနဲ့ပါဗျာ၊ စောခမ်းမုံရဲ့ အတွေး
ကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ တမင် စကားမပြောဘဲ နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ရှင့်စကားက ဘာစကားလဲရှင့်၊ ခမ်းမုံက ဘာတွေတွေနေလို့လဲ''

လူကိုများ ရှင့်လိုမှတ်နေလို့လားဆိုသည့် စကားကိုတော့ စောခမ်းမုံ စိတ်ထဲကပဲ ဘယ်သူမှမကြားအောင် ဆက်ပြောလိုက်မိခြင်းပါ။

''ဩော်ဗျာ ...ကျွန်တော်က သဘောပြောတာပါ။ စောခမ်းမုံ ပျင်းနေရင် ကျွန်တော် သီချင်းဆိုပြရမလား''

ခွန်ကြာ စေတနာဖြင့် ပြောလိုက်သောစကားကို စောခမ်းမုံ စိတ်ထဲက သူမကို တမင်အရွဲ့တိုက်ပြီး ပြောသည်ဟုထင်ပြီး မျက်နှာလှလှလေး ပို၍တင်းမာသွားရပါသည်။

''မလိုပါဘူး ...ဘာကိစ္စ ခမ်းမုံက ရှင့်သီချင်းကို နားထောင်ရမှာလဲ၊ စကားကို ဆင်ခြင်ပြောပါ''

''ဆောရီးပါဗျာ ...ကျွန်တော် စကားမပြောတတ်လို့ပါ။ စောခမ်းမုံ စိတ်ဆိုးစရာဖြစ်သွားရင် ခွင့်လွှတ်ပါ''

သူ့စကားကြောင့် ဒေါသဖြစ်သွားရသူလေးကို ခွန်ကြာ လျှင်မြန်စွာ တောင်းပန်စကား ဆိုလိုက်ရပါသည်။ ကိုယ်ဆိုလိုရင်းသည်ကတခြား၊ သူမ နားလည်သည်ကတလွဲမို့ ချစ်ရသူ၏ မျက်နှာလှလှလေးကို အသာခိုးကြည့်လိုက်မိသည်။

လှလိုက်တာ ...။

ခွန်ကြာ ရင်ထဲက တိုးတိုးလေး ဆိုညည်းလိုက်မိရခြင်းပါ။





စောခမ်းမုံ ကျေနပ်လာအောင် သူဘာလုပ်ပေးရမှာပါလိမ့်။ အမှန်အတိုင်း ဝန်ခံရလျှင်တော့ သူမ အခုလို စိတ်ဆိုးဒေါသဖြစ်နေပုံလေးကိုပဲ ချစ်မြတ်နိုးနေမိသည့်အဖြစ်လေ။

''ကျွန်တော်တို့ အခုသွားရမဲ့ ခရီးစဉ်အကြောင်း၊ ဒါမှမဟုတ် စောခမ်းမုံ စိတ်ဝင်စားမယ့် တောင်ပေါ်တိုင်းရင်းသားတွေအကြောင်း ပြောပြမှထင်တယ်''

''ကျွန်တော်ပြောမှာကို နားထောင်ချင်ရဲ့လား စောခမ်းမုံ''

''ရှင့်ဘာသာပဲ ပြောကြည့်ပေါ့၊ စိတ်ဝင်စားစရာဆိုရင် နားထောင်ရုံပဲ''

စိတ်ဝင်စားစရာမဟုတ်ရင်တော့ နားမထောင်ချင်ပါဘူးဟု အဓိပ္ပာယ်ရသော စကားအတွက် ခွန်ကြာ သူမမမြင်အောင် တစ်ချက်မျှ ပြုံးလိုက်ပြီး စောခမ်းမုံ စိတ်ဝင်စားလာအောင် ဘယ်လိုအကြောင်းအရာကစပြီး ပြောရပါ့ဟု အပြေးအလွှား စဉ်းစားလိုက်၏။

ဒီတစ်ခါ ခရီးသွားရတာ ခွန်ကြာအတွက် ပျော်ရွှင်စရာကောင်းသလို စိတ်လှုပ်ရှားစရာလည်း ဖြစ်သည်။ ဒီလမ်းခရီးကို အိမ်ဦးနှင့်ကြမ်းပြင်လို အကြိမ်ကြိမ်သွားခဲ့ပေမယ့် သူ အမြဲမြင်တွေ့နေရသော တောတောင်ရေမြေသဘာဝအလှတရားအားလုံး ဒီနေ့မှ သူ့စိတ်ထဲမှာ ထူးခြားဆန်းသစ်ပြောင်းလဲသွားသလို ထင်မိသည်။

ဒါဟာ...ဘာကြောင့်ပါလဲ။

'အချစ်'ဆိုတဲ့အရာကြောင့်များလား။



www.burmeseclassic.com

www.burmeseclassic.com



သချောတာကတော့ သူ့အနားမှာ သိပ်လှသော အချစ်နတ်သမီးလေး ရောက်ရှိနေလို့ပါဆိုလျှင်တော့ သူ ငြင်းဆန်နိုင်မည် မဟုတ်ပါ။

"ဒီမယ်"

"ရှင်နဲ့ ခမ်းမုံဖေဖေ ဘယ်တုန်းက သိကြတာလဲဟင်"

"ဗျာ"

"သြော်...ကျွန်တော်နဲ့ ဦး သိခဲ့ကြတာတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့၊ ဦးက ကျွန်တော်တို့မိသားစုရဲ့ အသက်သခင် ကျေးဇူးရှင်ပါ"

"ကျွန်တော့်ဖေဖေရဲ့ အသက်ကို ဦးကပဲ ကယ်ပေးခဲ့တယ်၊ ပြီးတော့ ကျွန်တော်တို့မိသားစုရဲ့ စားဝတ်နေရေး အဆင်ပြေအောင် ဦးကပဲ ကြည့်ရှုစောင့်ရှောက်ပေးခဲ့တာပါ စောခမ်းမုံ၊ ဒါကြောင့် ဦးတို့မိသားစုအတွက်ဆိုရင် ကျွန်တော်တို့ အသက်ကိုပဲ ပေးရပေးရ ဝန်လေးမယ်မဟုတ်ပါဘူး"

"သြော်"

စောခမ်းမုံ နှုတ်ဖျားမှ အသံတိုးတိုးလေး ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အခုမှ ဖေဖေ ဘာကြောင့် သူ့အပေါ်မှာ ယုံကြည်အားထားစိတ်ချရပါသလဲဆိုသည့် အဖြေကို စောခမ်းမုံ ရှာဖွေတွေ့ရှိခဲ့ရပါပြီ။

"ရှင်တို့မိသားစုတွေက အခုဘယ်မှာနေကြတာလဲ"

"အရင်တုန်းကတော့ ရွာမှာပဲနေကြတယ်၊ အခုတော့





ဦးရဲ့အစီအစဉ်ကြောင့် လှိုင်းခါးဘက်ကခြံမှာ နေကြတယ်၊ ကျွန်တော်ရယ်၊ အဖေရယ်ပေါ့၊ အမေကတော့ ရွာမှာရှိတဲ့ သူ့အမျိုးတွေကို မခွဲနိုင်လို့ သွားလိုက်ပြန်လိုက်ပဲ"

"မောင်နှမတွေ အများကြီးပဲလားဟင်"

အားကျသံလေးနှင့် မေးလိုက်ခြင်းဖြစ်သည်။

"လေးယောက်ရှိတယ်၊ ကျွန်တော့်အောက်မှာ ညီနှစ်ယောက်နဲ့ အငယ်ဆုံးက ညီမလေးပေါ့"

"ပျော်စရာကောင်းမှာပဲနော်၊ ခမ်းမုံက တစ်ယောက်တည်းဆိုတော့ ညီအစ်ကိုမောင်နှမရှိတဲ့သူတွေကို အမြဲအားကျမိတယ်"

ဝမ်းနည်းအားငယ်သံလေးနှင့် ဆိုလိုက်မိရင်း စောခမ်းမုံဆိုသည် သူမမှာ ဖေဖေ့အပြင် တခြားတွယ်တာစရာ ညီအစ်ကိုမောင်နှမ တစ်ယောက်ယောက်သာ ရှိခဲ့မည်ဆိုလျှင် အခုလိုအတွေးမျိုး တွေးမိပါဦးမည်လားဟု စဉ်းစားမိလာခြင်းဖြစ်သည်။

အခုတော့ စောခမ်းမုံကြောင့် ဖေဖေလည်း သူမနှင့်အတူ တောင်ပေါ်ခရီးကို သွားနေကြရပြီ။ ဖေဖေ့စိတ်ရင်းအမှန်ထဲမှာ ဒီခရီးကို မသွားချင်ဘူးရယ်လို့ သူမစိတ်ထဲမှာ သူ့အလိုလို ခံစားနားလည်နေမိတာကြောင့် ဖေဖေ့ကိုလည်း သနားနေမိပါသည်။

သက်ပြင်းရှိုက်သံသဲ့သဲ့လေးနှင့်အတူ ငြိမ်သက်တိတ်ဆိတ်သွားသော စောခမ်းမုံ၏ အသွင်က ရီဝေနွမ်းဖျော့သွားသလို မမြင်မတွေ့နိုင်သော အနာဂါတ်ကာလကို လှမ်းမျှော်ကြည့်နေဘိသကဲ့သို့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ကြာကို စိတ်ဆိုးဒေါသဖြစ်နေတာလေးတွေ ပျောက်ဆုံးသွားဟန်လေးက သနားစရာ။

"ရှေ့နားရောက်ရင် ကျွန်တော်တို့ ခဏနားကြမယ်"

"တောင်ပေါ်ခရီးက အဝေးကြီးပဲလား"

"ဆိုပါတော့လေ ...သွားနေကျလူတွေအတွက် မပြောလောက်ပေမယ့် စောခမ်းမုံတို့လို မြေပြန့်သူတွေအတွက်တော့ ဒီခရီးက ကြမ်းတမ်းတယ်ဆိုရင်လည်း မမှားဘူးပေါ့နော်"

"ကျိုး"

စောခမ်းမုံတို့ကားလေး သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပြီးနောက် သိပ်မကြာခင်မှာပင် ဖေဖေတို့ကားလေးကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရပ်တန့်သွားခဲ့ပါပြီ။

"ဘယ်နှယ့်လဲ သမီး၊ ကားစီးရတာ အဆင်ပြေရဲ့လား"

"အခုထိတော့ အဆင်ပြေနေတုန်းပဲ ဆရာကြီးရေ၊ ရှေ့ဆက်သွားရင်သာ ဘယ်နှယ့်ဖြစ်မယ်မသိဘူး၊ အလာတုန်းကတော့ တစ်လမ်းလုံး စောခမ်းမုံလေးခမျာ လူမှန်းသူမှန်းမသိရှာဘူး"

"ဟုတ်လား သမီး၊ အခု ဒီခရီးက ကြမ်းတယ်၊ သမီး ခံနိုင်ပါ့မလား"

ဖေဖေက စိုးရိမ်စွာမေးလာတော့ စောခမ်းမုံ ပြုံးလိုက်ရင်း

"အခုထိ သမီးဘာမှမဖြစ်ပါဘူးဖေဖေရဲ့၊ ဒီလိုပဲ ဆေးသောက်ပြီးလိုက်ရင် ရမှာပါ၊ အဲဒီတုန်းက အစ္စမို့ပါ၊ အခုတော့





ခမ်းမုံလည်း ခံနိုင်ရည်ရှိလာပါပြီ၊ နော် ဒေါ်အဲရွှေရယ်"

"ဟုတ်ပါတယ်ကွယ်...ဟုတ်ပါတယ်"

"တစ်ခုခုဖြစ်ရင် ဒေါ်အဲရွှေကိုပြောနော် သမီး၊ မောင်ခွန်ကြာလည်း အတူရှိနေတာပဲ၊ သမီးလုပ်ချင်တာမှန်သမျှ သူ့ကိုပြောလည်း ရတာပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ ...ကဲ စားစရာရှိတာစား၊ ဗိုက်ထဲမှာ အစာမရှိရင် ပိုဆိုးမယ်၊ ရှေ့ဆက်ရမယ့်ခရီးက အဝေးကြီးလိုသေးတယ်"

အရေးကြီးလှသော ခရီးမဟုတ်သည့်အတိုင်း အားလုံးကပင် နားနားနေနေ ခရီးသွားကြရန် သဘောတူကြသဖြင့် စောခမ်းမုံအတွက် အချိန်များစွာ အနားရသော်လည်း သက်တောင့်သက်သာ ခရီးကဖြင့် မဟုတ်လှပါ။

ဒုတိယအကြိမ် နားပြီးချိန်မှာတော့ စောခမ်းမုံ တစ်ယောက် မည်သည့်စကားမှ မဆိုချင်တော့လောက်အောင်ပင် ခေါင်းများ မူးဝေလျက်ရှိရာ မျက်စိမှိတ်လျက် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ရပြီ ဖြစ်ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

မြင်ကွင်းတွေအားလုံး စောခမ်းမုံမျက်စိရှေ့မှောက်မှာပင် ပြောင်းလွဲခြားနားသွားတာကို ငေးငေးလေးကြည့်နေမိ၏။

အခုဆိုလျှင် စောခမ်းမုံတို့ စီးလာသည့်ကားလေးမှာ အနီရောင် မြေသားလမ်းအတိုင်း မောင်းနှင်နေပြီဖြစ်သလို ဆားတစ်ဖက်တစ်ချက်မှာလည်း တစ်မျှော်တစ်ခေါ် လှမ်းမျှော်ကြည့်နိုင်သော တောင်စဉ်တောင်တန်းများနှင့် သစ်တောသစ်ပင်များကိုသာ လမ်းခရီးစဉ် အနိမ့်အမြင့်တွေ မြင်နေရ၏။

စောခမ်းမုံ ဦးခေါင်းလှလှလေးပေါ်မှာ လှပသော ပဝါလေးကို ချည်နှောင်ထားသလို ဒေါ်အဲရွှေ၏ ဦးခေါင်းပေါ်မှာလည်း ပဝါတစ်ထည်ရောက်နေခြင်းဖြင့်, အေးမြသောလေနှင့် ဖုံမှုန့်များဒဏ်မှ ကာကွယ်ပြီးဖြစ်လေသည်။

"အခေါ်တို့သွားရမယ့်ရွာကို မရောက်သေးဘူးလားကွဲ့ မောင်ခွန်ကြာ"





"လမ်းမှာ တစ်ညအိပ်ပြီးမှ ကျွန်တော်တို့သွားရမယ့်နေရာကို ရောက်မှာပါ အခေါ်"

"အလိုလေး ⋯နည်းတဲ့ခရီးမဟုတ်ပါလားကွယ်၊ ဒီခရီးတစ်လျှောက်လုံး မောင်ခွန်ကြာတစ်ယောက်တည်း ကားမောင်းမလို့လားကွဲ့၊ ဟောဒီက မောင်သောင်းကိုပဲ တစ်လှည့်မောင်းခိုင်းပါဦးလား"

တစ်လမ်းလုံး ဇိမ်နှင့်အိပ်ငိုက်လာသော ဒရိုင်ဘာဦးသောင်းမှာ ဒေါ်အဲရွှေစကားကြောင့် မျက်စိကျယ်လာဟန်ဖြင့် ဟိုဟိုဒီဒီကြည့်ရင်း ⋯

"ကျုပ်တစ်လှည့်မောင်းပေးရမလား မောင်ရင်၊ ကျုပ်လည်း ကားမောင်းကျွမ်းပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီခရီးလမ်းက တောင်ပေါ်လမ်းတွေဖြစ်နေတော့ မောင်းနေကျမဟုတ်ရင် ပြဿနာလေးတွေဖြစ်တတ်လို့ပါ"

"ကျွန်တော့်အတွက်တော့ ဒီခရီးလမ်းက ထမင်းစားရေသောက်သလောက်ဆိုတော့ မပင်ပန်းပါဘူး"

"ကားပေါ်ပါလာတဲ့သူတွေသာ အပင်ပန်းမခံနိုင်မှာပဲ စိုးရိမ်စိတ်ပူနေတာပါ"

ထိုစကားက စောခမ်းမုံကို ရည်ရွယ်ခြင်းဖြစ်ကြောင်း သိလိုက်ပါသော်လည်း သူ့ကို မည်သို့မျှ တုံ့ပြန်ပြောချင်စိတ်မရှိ၍ ငြိမ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အတွက်တော့ ပူစရာမလိုပါဘူးဗျာ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်ထဲကပါ၊ ဟောဒီက စောခမ်းမုံလေးအတွက်ပဲ စိုးရိမ်နေရတာပါ"

"ဟုတ်တယ်မဟုတ်လား ဒေါ်အဲရွှေ"

"ဟုတ်တယ် ...ဟုတ်တယ်၊ ကလေးက အခုလို ခရီးရှည်မျိုး တစ်ခါမှ ထွက်ဖူးတာမှမဟုတ်ဘဲ၊ အခုရော ဘယ်နှယ်နေသေးလဲ ခမ်းမုံလေး၊ ခေါင်းမူးနေတုန်းပဲလား"

"သက်သာသွားပါပြီ ဒေါ်အဲရွှေ"

အားလုံးက စောခမ်းမုံ၏ အဖြေကိုသာ စိတ်ဝင်စားနေကြသူများဖြစ်ရာ အခုမှ သက်ပြင်းကိုယ်စီ ချနိုင်ကြသည်။

အထူးသဖြင့် ခွန်ကြာက စောခမ်းမုံအတွက် စိုးရိမ်နေခြင်းဖြင့် သူ့အကြည့်လေးများက သူမရှိရာကို မကြာခဏ အကြည့်သူခိုးလေး လုပ်နေမိခြင်းကိုဖြင့် မည်သူမှ ရိပ်မိခြင်းမရှိ။

ရွှေမင်းသမီးလေးကိုသာ အာရုံစိုက်နေကြရခြင်းကြောင့် သူလိုလူကို ဘယ်သူမှ အရေးမလုပ်မိကြတာလည်း ပါသင့်ပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းမြသော သစ်ပင်ကြီးငယ်တို့ဖြင့် စိုပြည်စပြုလာသလို အမျိုးမျိုးသော အိမ်ပုံစံလေးများကိုလည်း ခြံဝင်းကျယ်များထဲမှာ အနေအထားအမျိုးမျိုး တွေ့မြင်နေရ၏။

"ဒီရွာမှာပဲ ကျွန်တော်တို့ ညအိပ်စခန်းချပြီး မနက်စောစောကြမှပဲ ခရီးဆက်ကြမယ်ဗျာ"

"သြော်...သြော်"





ကားလေးက ရွာလမ်းမကြီးအတိုင်း မောင်းနှင်နေရာမှ ညာဘက်သို့ ချိုးကွေ့သွားရာ သစ်ကြီးဝါးကြီးပင်များဖြင့် အုံ့ဆိုင်းနေသော ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်မှန်းမသိ ရောက်သွားတာကို တွေ့လိုက်ရသည်။

အဖြူရောင်အုတ်များဖြင့် ဆောက်လုပ်ထားသော အုတ်ကြွပ်မိုး နှစ်ထပ်တိုက်အိမ်ကျယ်ကြီးနှင့် မလှမ်းမကမ်းမှာ ရေနံချေးရောင်ဝပြီး မည်းနက်နေသော ခြေတံရှည်နှစ်ထပ်ရှေးဟောင်းအိမ်ကြီးကိုလည်း ထီးမားစွာ တွေ့လိုက်ရပါသည်။

စောခမ်းမုံတို့ကားလေးကို မြင်တာနှင့် အသက်ခြောက်ဆယ်အရွယ်ခန့်ရှိသော ခေါင်းပေါင်းနှင့် ရှမ်းဘောင်းဘီတိုက်ပုံအမည်းဝတ်ထားသော လူကြီးနှင့် တခြားအဖော်နှစ်ယောက်တို့ အိမ်ထဲမှ ပြေးထွက်လာကာ ကားရပ်သည့်နေရာကို ဝမ်းသာအားရလာရောက်ကြိုဆိုကြပါသည်။

"ဧည့်သည်တွေ ရောက်လာကြပြီလား မောင်ခွန်ကြာ၊ လာပါ ဆရာကြီးသမီးလေးထင်တယ်၊ လာပါ"

"ဟုတ်ကဲ့ ဦးကြီး"

"ဟော ...နောက်မှာ ဆရာကြီးတဲ့ပ၊ ကြွပါခင်ဗျာ... လမ်းခရီးမှာ အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ် ဦးအိုက်လီတို့လည်း နေကောင်းကြရဲ့မဟုတ်လား"

"ကောင်းပါတယ်ခင်ဗျာ ...မိသားစုအားလုံး ကျန်းကျန်း

www.burmeseclassic.com



မာမာပါပဲ''

ရှေ့ဆင့်နောက်ဆင့် ရပ်လာသောကားနှစ်စီးပေါ်က လူများကို ဦးအိုက်လီ ခေါင်းဆောင်သော အဖွဲ့က ဝမ်းသာအားရ ကြိုဆိုနေရာချပေးရင်း လိုက်လှဲဖော်ရွေစွာ ဧည့်ခံကြပါသည်။

ခရီးပန်းလာသဖြင့် ဖေဖေတို့လူကြီးဝိုင်းမှာ ကြာရှည်မထိုင်နိုင်ပါ။ အန်ကယ် ဦးမင်းဇော်နှင့် ဖေဖေတို့ လူကြီးဝိုင်းက ရယ်သံတသောသော စကားကောင်းနေချိန်မှာ နန်းလှုဆိုသည့် ကလေးမလေးက စောခမ်းမုံနှင့် ဒေါ်အဲရွှေကို အပေါ်ထပ်အိပ်ခန်းကျယ်ကြီးတစ်ခုမှာ သီးသန့်နေရာချပေးပြီး စောခမ်းမုံရေချိုးရန် ရေပူရေအေးစပ်ပေးပါသည်။

''အေးကအေးနဲ့ကွယ် ...ခပ်သွက်သွက်လေး ရေချိုးနော်ကလေး''

''ဟုတ်ကဲ့''

ဒေါ်အဲရွှေ ပြောသည့်အတိုင်း ခပ်မြန်မြန် ရေချိုးလိုက်ရ၏။တစ်ကိုယ်လုံး ပေါ့ပါး၍ နေရထိုင်ရသက်သာသွားသော်လည်း အေးစက်သော ရာသီဥတုကြောင့် လူတစ်ကိုယ်လုံး ချမ်းတုန်ပြီး ကျုန်ရစ်ခဲ့သဖြင့် အနွေးထည်အထပ်ထပ် ဝတ်ထားလိုက်ရသည်။

''ညစာထမင်းစားလို့ရပါပြီ ကြီးကြီး''

''အေး ...အေး လာခဲ့မယ်ကလေး၊ လာ ...ခမ်းမုံလေး ကြည့်စမ်း လက်လေးတွေကို အေးနေတာပဲကွယ်''

''ရပါတယ် ဒေါ်အဲရွှေရဲ့''





''ဘယ်နှယ့်ရပါတယ်လဲ၊ အခုချိန်မှာ ခမ်းမုံလေး ဘာမှ မဖြစ်ဖို့ အရေးအကြီးဆုံးပဲကွဲ့၊ နွေးနွေးထွေးထွေးနေပြီး ကျန်းမာရေးကို ဂရုစိုက်စမ်းပါ''

ဒေါ်အဲရွှေက စောခမ်းမုံ လက်ကလေးကို ဆုပ်နယ်ပေးရင်း စိုးရိမ်စွာဆိုလာခြင်းကို စောခမ်းမုံ အလိုက်သင့်ပြုံးနေလိုက်ရပါသည်။

''လာကြဟေ့ ...ဒီမှာပဲထိုင်ကြ၊ အားလုံး ပျော်ပျော်ပါးပါး ဒီမှာပဲ ဝိုင်းဖွဲ့စားကြတာပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ပါ အန်ကယ်''

''လာ ...ဒေါ်အဲရွှေ၊ ဒီမှာထိုင်''

''ဟုတ်ကဲ့...ဆရာကြီး''

စောခမ်းမုံတို့ကို အန်ကယ်ဦးမင်းဇော်က အသံကျယ်ကြီးဖြင့် အော်ဟစ်နှုတ်ဆက်လိုက်ပြီးနောက် အိမ်ရှင် ဦးအိုက်ပီဖြင့် ဆက်လက်စကားပြောနေရာ လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သော စောခမ်းမုံဘေးခုံမှာ ခွန်ကြာရှိနေကြောင်း နောက်မှ သတိပြုမိလိုက်ခြင်းဖြစ်သည်။

ဒေါ်အဲရွှေ ဝင်ထိုင်အပြီးမှာ ထမင်းပွဲကို စတင်ရာ ပူနွေးလတ်ဆတ်သော မွှေးကြိုင်သော ဟင်းအမယ်များစွာကြောင့် စားရသည်မှာ ထမင်းမြိန်စရာဖြစ်သော်လည်း ခမ်းမုံအတွက်တော့ ထမင်းထက် ဟင်းရွက်စိမ်းဟင်းချိုရေကို အထူးပို၍နှစ်ခြိုက်မိ၏။

''ထမင်းစားနည်းလှချည်လား ခမ်းမုံလေး၊ နေကောင်းရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါတယ် ဒေါ်အဲချွေ၊ ခမ်းမုံ ရင်ပြည့်နေလို့ပါ"

ခွန်ကြာယံ အပါအဝင် ဖေဖေတို့ ယောက်ျားလေးအုပ်စုက အားပါးတရစားသောက်နိုင်ကြသော်လည်း စောခမ်းမုံမှာဖြင့် စိတ်လှုပ်ရှားရခြင်း၊ ခရီးပင်ပန်းရခြင်းတို့ဖြင့် ကောင်းစွာစားမဝင်နိုင်ခဲ့ပါ။

အချိုပွဲဆက်ကြတော့ စောခမ်းမုံ ဘာတစ်ခုမှ ဟုတ်တိပတ်တိ မစားနိုင်။ စောစောပင် နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့ကြသည်။

အပြင်မှာ မှုံပျပျလရောင်က မြူနှင်းကြားမှာ ဝိုးတဝါးအလင်းဖျော့ဖျော့ကိုပေးလျက်ရှိသည်။ စောခမ်းမုံ စိတ်ထဲမှာ မိခင်ဖြစ်သူကို အထူးပင် သတိရတမ်းတ လွမ်းဆွတ်နေမိသည်။

မေမေရယ်…။

ခမ်းမုံ အခုလိုလုပ်နေမိတာတွေဟာ မှားများမှားနေပြီလား။

စိတ်ထဲက မိခင်ဖြစ်သူကို တီးတိုးတိုင်တည်စကားဆိုရင်း သက်ပြင်းရှိုက်လိုက်မိသည်။ ဖေဖေက ခမ်းမုံကို ဦးလေးဖြစ်သူနှင့် ပေးမတွေ့ချင်ကြောင်း သူမသိအောင် ဖွင့်ပြောခဲ့ပြီးဖြစ်သည်။

ဖေဖေနှင့် ဦးလေးကြားက စောခမ်းမုံ မသိနိုင်သော အကြောင်းတရားတွေဟာ ဘာတွေများဖြစ်နေမှာပါလိမ့်…။

ဖေဖေက စောခမ်းမုံကို ပွင့်လင်းစွာ ဘာတစ်ခုမှ မပြောခဲ့သလို သူမကလည်း နောက်ထပ် မေးမြန်းခြင်းမပြုဘဲ ရှိနေချိန်မှာ ဖေဖေက တောင်ပေါ်ခရီးကို စတင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဖေဖေတို့ အခုသွားမဲ့နေရာက သမီးဦးလေး အရင်က နေခဲ့တဲ့ ရှမ်းရွာလေးတစ်ခုပဲ၊ အခု အဲဒီနေရာမှာ သူရှိလား၊ မရှိ





တော့ဘူးလားဆိုတာ ဖေဖေကိုယ်တိုင်လည်းမသိဘူး၊ ဒါပေမယ့် အဲဒီရွာလေးက သမီးမေမေ နောက်ဆုံးခြေရာချသွားခဲ့တဲ့ နေရာလေးတစ်ခုအဖြစ် ဖေဖေကိုယ်တိုင်လည်း သွားကြည့်ချင်လို့ အခုလို ဆုံးဖြတ်လိုက်တာပဲလေ"

"ဖေဖေပြောတာကို သမီးနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် ဖေဖေ"

ခရီးထွက်မည့်ညက စောခမ်းမုံကို ဖေဖေပြောခဲ့သည့် စကားများ ဖြစ်ပါသည်။ ဘာတစ်ခုမှ သေချာရေရာမှုမရှိသော ခရီးပင်ဖြစ်သော်လည်း စောခမ်းမုံကိုယ်တိုင် ဖေဖေခံစားသလိုပင် ခံစားနေမိတာလည်း အမှန်ပါ။

အခုချိန်ဆို ဖေဖေလည်း စောခမ်းမုံလိုပဲ တွေးနေမည်ထင်ရဲ့။ ဒါက သူမအထင်ဖြစ်သော်လည်း လူကြီးပိုင်းကတော့ အခုချိန်မှ စကားကောင်းနေဆဲဖြစ်ပါသည်။

ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာများ အပြင် စီးပွားရေး၊ လူမှုရေးများ ကျယ်ကျယ်ပြန့်ပြန့် သူသဘောထား၊ ကိုယ့်သဘောထား လွတ်လပ်စွာ ပြောဆိုကြသံကို အားပါးတရ ရယ်မောသံတွေကလည်း အင်အားအပြည့်ဖြစ်သည်။

"ခင်ဗျားတို့ စိုက်ခင်းတွေအခြေအနေရော ကောင်းကြရဲ့လား"

"မနှစ်ကလောက် အားရစရာမကောင်းပေမယ့် မဆိုးဘူးလို့ပဲ ပြောရမှာပေါ့ဗျာ"

စကားလမ်းကြောင်း ပြောင်းသွားသလို အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ပြောင်းလွဲသွားသည်။ အစိကဦးသောင်ပြောသွားသူက ဦးမင်းဇော်ဖြစ်ပြီး ဦးသက်ထွန်းက စကားထောက်ပေးရုံ အင်းလိုက်ရုံမျှသာ။

လှကြီးဝိုင်းမှာ ခွန်ကြာနှင့် ဦးသောင်း၊ ဦးမင်းဇော်၊ ဒရိုင်ဘာတို့မပါဝင်။ ခွန်ကြာက လှကြီးဝိုင်းက ဖယ်ခွာပြီး သူရောက်လာသည့်အတွက် ဖိတ်ခေါ်ကြသော အသိမိတ်ဆွေအိမ်ကို အတူလိုက်ပါသွားရာ အတော်လေးမိုးချုပ်မှ အလည်ခေါ်သော မိတ်ဆွေက ပြန်လိုက်ပို့ပေးသဖြင့် ဦးအိုက်ခ်လီအိမ်ကို ပြန်ရောက်လာခြင်းဖြစ်သည်။ သူတို့ထက် လှကြီးဝိုင်းက စကားကောင်းနေတာကို တစ်ချက်မှ လှမ်းကြည့်လိုက်ပြီးနောက် သူ့အတွက် ရထားသည့် အခန်းလေးကို တက်လာခဲ့လိုက်သည်။

ဒီအချိန်ဆို စောခမ်းမုံတစ်ယောက် ခရီးပင်ပန်းသည့်ဒဏ်ရာသိဥတုချမ်းအေးလွန်းလှသည့် ဒဏ်တွေနှင့် ခြုံစောင်လွှာထွမ်းကပ်ထူတွေကြားမှာ နှစ်မြိုက်စွာ အိပ်ပျော်နေလောက်ပြီထင်ရဲ့။

စောခမ်းမုံဆိုတဲ့ ရှမ်းသမီးလေးရယ်။ ကျေးဇူးပြုပြီး ကိုယ့်ဘဝကြမ်းကြီးထဲကို ဝင်မလာခဲ့ပါနဲ့လားဗျာ။

နူးညံ့သိမ်မွေ့လွန်းတဲ့ အချစ်ဆိုတဲ့အရာနဲ့ ကိုယ့်ဘဝက မထိုက်တန်မှန်းသိလို့ပါ။





## အခန်း (၁၇)

မြူနှင်းမှုံများကြောင့် သည်းကွဲခြင်းမရှိသော ပတ်ဝန်းကျင်ကို ဝိုင်းစက်လှပသော မျက်ဝန်းအစုံဖြင့် စိတ်ဝင်စားစွာ တအံ့တသြလေး ငေးမောနေမိသည်။

ကြည့်လေရာ မြင်လေရာတိုင်းက နှင်းတို့တိုင်းပြည်ထဲမှာပဲ လှည့်လည်နေလို့ပါလား။

ချမ်းအေးသည့် ရာသီဥတုကို နှစ်သက်သော စောခမ်းမုံအတွက် ဒီလိုအခြေအနေ၊ ဒီလိုရာသီဥတုက နှစ်သက်စရာဖြစ်ပေမယ့် ဒီလိုနေရာမှာ အမြဲနေပါဟု ဆိုလာလျှင် ခက်လိမ့်မည်ထင်ရဲ့။

နံနက်စာ ခေါက်ဆွဲ၊ ကောက်ညှင်း၊ တို့ဟူးကြော်၊ မုန့်ညှင်းချဉ်၊ အကြမ်းရေ၊ ကော်ဖီ၊ ဆက်သားခြောက်၊ ကြက်ဥကြော်အစုံအလင်ပါသော်လည်း များများမစားနိုင်။

ဟိုနည်းနည်း ဒီနည်းနည်းနှင့်ပင် ဘာကိုမှ ဟုတ်တိပတ်



www.burmeseclassic.com

www.burmeseclassic.com



တိ မစားနိုင်တော့တာကိုပဲ ဒေါ်အဲရွှေက စိတ်ပူချင်နေသေးသည်။

ဒေါ်အဲရွှေ ပစ္စည်းတွေ သိမ်းဆည်းနေတုန်း ခြံထဲကို စောခမ်းမုံတစ်ယောက်ထဲ လမ်းလျှောက်ထွက်လာခြင်းဖြစ်သည်။ ကျေးငှက်အော်မြည်သံတချို့က ဟိုးအဝေးက ပျံလွင့်လာတာ ကြားရသည်။

ချစ်သူအဖော်ကွဲနေသည့် အလွမ်းငှက်ကလေးများလား ရယ်လို့ အတွေးဖြင့် လှမ်းမျှော်ငေးမိပေမယ့် ဘာကိုမှမမြင်ရ။

စောခမ်းမုံရဲ့ ချစ်ရသူကရော ဘယ်နေရာမှာများ ရှိနေနိုင်ပါမလဲ။ ကိုယ့်အတွေးကိုယ် သဘောကျစွာ ပြုံးလိုက်မိသည့် အချိန်မှာပင် သူမနားကို လူတစ်ယောက် ဖျတ်ခနဲ ရောက်လာသည်။

"စောခမ်းမုံ"

"ဦးခွန်ကြာ"

ရှည်လျားမြင့်မိုးသောအရပ်၊ ယုန်မွေးအင်္ကျီ သမင်ရောင်၊ အကြမ်းခံသည့် ဂျင်းဘောင်းဘီ၊ ရှူးဖိနပ်ဖြင့် ရှမ်းမင်းသား တစ်ယောက်လို၊ ကောင်းဘွိုင်မင်းသားတစ်ယောက်လို ကြည့်ကောင်းနေသူ၏ မျက်နှာကို မော့ကြည့်လိုက်မိသည်။

"ဘယ်ကိုသွားမလို့လဲဟင်၊ ရှေ့မှာ ချောက်ရှိလို့ သတိပေးချင်လို့ပါ"

"ဩော်"

"ဘာရယ်မဟုတ်ပါဘူး ...လျှောက်ကြည့်ချင်လို့ပါ၊





အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

အကြည့်ကိုလွှဲပြီး နေရာက အသာလှည့်ထွက်ခဲ့သည့်အခါ သူပါ စောခမ်းမုံနှင့်အတူ လိုက်ပါလာသည်။

"သွားကြတော့မှာလား ဦးခွန်ကြာ"

"မသွားသေးပါဘူး စောခမ်းမုံ၊ ဒီနေရာလေးမှာ နေချင်ရင် နေလို့ရပါသေးတယ်"

အနီရောင်နှင်းဆီပွင့်လေးနှင့်တူသော ချစ်ရသူကို အမြတ်တနိုးလေး ငုံ့ကြည့်ရင်း သူ့စိတ်တို့ လျှင်မြန်စွာ ချုပ်တည်းဖို့ ကြိုးစားလိုက်သည်။

မဖြစ်သင့်ဘူး ...မချစ်သင့်ဘူးဟု ကိုယ့်ကိုယ်ကို သတိပေးနေသည့်ကြားက နှလုံးသား၏ အလိုကို မထိန်းချုပ်နိုင်သည့် အဖြစ်ကိုပဲ နာကျင်ရမည်လား။ ဝမ်းသာရမည်လား ကိုယ့်ဘာသာလည်း မဝေခွဲနိုင်။

"မောင်ခွန်ကြာ"

အန်ကယ် ဦးမင်းဇော်၏အသံမှန်း သိလိုက်သည်။

"ခဏနော်...စောခမ်းမုံ"

"သွားပါ ဦးခွန်ကြာ"

စောခမ်းမုံအနားက ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသူကို ငေးခနဲကြည့်လိုက်မိသည်။ ဖြူဝင်းသော အသားအရည်ကြောင့် စိမ်းထနေသော ပါးပြင်နှင့် မေးရိုးတစ်လျှောက်ကို တွေ့မြင်ရသလို ယောကျ်ားဖြစ်ပြီး ပါးပြင်နှစ်ဘက် နီမြန်းပြီး သွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းပုံက ရှမ်းပျိုမလေးတစ်ယောက်ပမာ ထင်ရသည်။

ထူထဲနက်မှောင်သော ဆံပင်တွေက နဖူးပြင်မှာ ကပိုကရို ဝေ့ဝဲကျနေပြီး မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ရှုးရှုတောက်ပသော မျက်လုံးအစုံက တစ်ဖက်သားရင်ကို ထွင်းဖောက်ကြည့်တော့ မယောင်။

တင်းတင်းစေ့နေသော နှုတ်ခမ်းနှစ်လွှာက ဘယ်တုန်းက မှ ပြုံးချိုမနေပါ။ တည်ကြည်ခန့်ညားချောမောသူတစ်ယောက်အဖြစ် သူ့ကို မိန်းကလေးတော်တော်များများ သဘောကျလိမ့်မည်ဖြစ် ကြောင်း တွေးနေမိသည်။

“ခမ်းမုံလေးက ဒီရောက်နေတာကိုး၊ လာ …လာ ပစ္စည်းတွေသိမ်းပြီး ကားထွက်တော့မှာ”

ဒေါ်အဲရွှေမှာ အနွေးထည်ထူထူ၊ ခေါင်းစွပ်၊ ဦးထုပ်၊ ခြေအိတ်အပြည့်အစုံဝတ်ထားတာကို ကြည့်ပြီး သဘောကျသလို ပြုံးလိုက်သည်။

“ခဏလေးနေပါဦး ဒေါ်အဲရွှေရဲ့၊ ဟိုမှာ နှင်းဆီပွင့်ဝါဝါ ကြီးတစ်ပွင့်၊ အဲဒါ ခမ်းမုံ လိုချင်လို့ပါ”

“ဘယ်မှာလဲ …အို ဟုတ်ပါရဲ့၊ ကလေးလိုချင်မယ်ဆို လည်း လိုချင်စရာနေဦး၊ ဒေါ်အဲရွှေကလေးအတွက် ခူးပေးစမ်း မယ်”

“ခမ်းမုံလည်း လိုက်မယ် ဒေါ်အဲရွှေ”

နှစ်ယောက်အတူ ပန်းရှိရာကို ရောက်သွားပြီးမှ လက်ထဲ





မှာ ပန်းကို ခူးခြေစရာ ဘာလက်နက်မှ မပါတာကို သတိရကြ သည်။

“အခုမှခက်ပြီ ခမ်းမုံလေးရေ၊ အနီးအနားမှာလည်း ဘာ လက်နက်မှ မရှိဘူး၊ ဘယ့်နှယ်လုပ်ပြီး ပန်းခူးကြမတုန်း”

အနီးပတ်ဝန်းကျင်မှာ တစ်ခုခု တွေ့လိုတွေ့ငြား ကြည့် သော်လည်း မတွေ့ဘဲရှိနေကြစဉ်မှာပင် …

“ကျွန်တော်ပဲ ခူးပေးလိုက်ပါ့မယ် ဒေါ်အဲရွှေ”

“မောင်ခွန်ကြာ”

“ဦးခွန်ကြာ”

လက်ထဲမှာ ပန်းညှပ်သည့် ကပ်ကြေးတစ်လက်ဖြင့် ရောက်လာသူက စောခမ်းမုံလိုချင်လှသော ပန်းပွင့်ကို သူကိုယ် တိုင်ခူးယူပြီး လှပသော ပန်း၏သခင်မလက်တွင်းကို ညွှတ်ကျိုး စွာ ဆင်းသက်စေပါသည်။

“ကျေးဇူးတင်ပါတယ် ဦးခွန်ကြာ”

“ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါဗျာ”

“ရှင်”

သူ့စကား၏အဓိပ္ပာယ်ကို စောခမ်းမုံ သေချာနားမလည် နိုင်လိုက်ခင်မှာပင် ခွန်ကြာက သူမအပါးမှ လှစ်ခနဲ ပြန်လှည့် ထွက်ခွာသွားပါသည်။

“ကဲ …ကဲ ခမ်းမုံလေး ခေါင်းမှာပန်မှာလား၊ ဒေါ်အဲရွှေ ကိုယ်တိုင် ပန်ပေးမယ်၊ မှန်း”



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံလက်ထဲက ပန်းကို ဆွဲယူပြီး ဒေါ်အဲရွှေက သူ့ ဦးခေါင်းမှ ကလစ်တစ်ခုကို ဖြုတ်ယူကာ ဖြီးခနဲဖျပ်ခနဲ ပန်ဆင်ပေးလိုက်ပြီးဖြစ်ရာ စောခမ်းမုံလည်း ငြင်းဆန်မနေတော့ အသာငြိမ်နေလိုက်ရပါသည်။

"သမီးတို့ရေ သွားကြမယ်ဟေ့"

"ဟုတ်ကဲ့ …လာပါပြီ ဖေဖေ"

သူကိုယ်တိုင်ခူးပေးထားသော ပန်းကလေးကို လှပစွာ ဆင်ယင်ပန်ထားသော စောခမ်းမုံ၏ လှပသောမျက်နှာကို မည်သူမှ မမြင်မတွေ့နိုင်သောနေရာမှ ရူးစိုက်ကြည့်ရင်း ရင်ခုန်သံတွေ ပူနွေးမြန်ဆန်လာရသူက ခွန်ကြာသာဖြစ်ပါသည်။

စောခမ်းမုံ သူ့အနားရောက်မလာခင်မှာပင် ကားနောက်ခန်းရှိ ပစ္စည်းများကို အလုပ်မရှိ အလုပ်ရှာ အကြည့်လွှဲဖယ်လိုက်ပြီးမှ သူမတို့ကားပေါ်အရောက်ကို စောင့်နေခဲ့သည်။

ဦးအိုက်လီကို နှုတ်ဆက်ပြီး ခွန်ကြာတို့ ကားများ ထွက်ခဲ့ကြသည့်အချိန်အထိ မြူနှင်းများ မသည်းကွဲသေးပါ။ အေးမြသော လေပြေညှင်းများက ကားအတွင်းသို့ တိုးဝင်ဖြတ်သန်းသွားတိုင်း စောခမ်းမုံထံမှ မွှေးပျံ့သော ကိုလုံသင်းရနံ့နှင့်အတူ နှင်းဆီရနံ့က သင်းပျံ့စွာ သူ့ရင်ကို တိုးဝှေ့ကျီစယ်သွားပြန်သည်။

"တီ …တီ"

နောက်မှကားတစ်စီးက ဟွန်းတီး၍ ခွန်ကြာတို့ကားကို ကျော်တက်သွား၏။ လမ်း၏ဘယ်ဘက်မှာ တောင်တန်းများရှိနေ





ပြီး ညာဘက်တွင် အိမ်ခြေများကျဲပါးသွားပြီး တောဟန်းစုစုအုပ်အုပ်ကိုသာ တွေ့မြင်ရသည်။

လမ်းမှာ တောက်လျှောက် အတက်ခရီးဖြစ်နေပြီး ရာသီဥတုမှာလည်း ပို၍စိမ့်အေးလာ၏။ ကားအင်ဂျင်စက်သံများ ပိုပြီး ကျယ်လောင်လာသလို အကွေ့အကောက်များလာသဖြင့် ကားဟွန်းသံ အဆက်မပြတ်ပေးရသည့်နေရာမျိုးလည်း မကြာခဏကြုံရ၏။

ပတ်ဝန်းကျင်ကို စောခမ်းမုံ စိတ်ဝင်စားသော်လည်း ကြမ်းတမ်းသော အကွေ့အကောက်များကြောင့် ဦးခေါင်းတွေ မူးဝေနောက်ကျိလာကာ အေးစက်နေသည့် နှင်းငွေ့များကြားမှာပင် ချွေးပြန်လာ၏။

"ဒေါ်အဲရွှေ"

"ဟင် …ခမ်းမုံလေး ကြည့်စမ်း ချွေးတွေနဲ့ပါလား၊ အို …မူးနေပြီထင်တယ် ဟုတ်လား"

"အင်း"

စောခမ်းမုံသည် စကားများများ မဆိုနိုင်ဘဲ ခေါင်းလေးကို အသာညိတ်ပြလိုက်ပြီး မျက်ဝန်းအစုံကို မှိတ်ထားလိုက်ရာ ဒေါ်အဲရွှေက စောခမ်းမုံ၏ အေးစက်နေသော လက်ကလေးတစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် မျက်နှာပျက်နေရှာပါသည်။

"အိပ်လိုက်ကလေး …မျက်စိမှိတ်ပြီး ငြိမ်ငြိမ်လေး အိပ်ပျော်အောင်အိပ်လိုက်"

"ဆေးပါရင် တိုက်လိုက်ပါလား ဒေါ်အဲရွှေ"



www.burmeseclassic.com

www.burmeseclassic.com



"ခမ်းမုံ သောက်ပြီးပါပြီ ဦးခွန်ကြာ"

"ကျွန်တော် ကားရပ်ပေးရမလား စောခမ်းမုံ"

စိုးရိမ်သောစိတ်ကို မပေါ်လွင်စေဘဲ တည်ကြည်သော မျက်နှာထားဖြင့် တည်ငြိမ်စွာ မေးလိုက်ခြင်းဖြစ်သော်လည်း ချစ်ရသူအတွက် ခွန်ကြာယ် ရင်ထဲမှာပူနေပါသည်။

"ရပါတယ် …အိပ်လိုက်ရင် သက်သာသွားမှာပါ"

"ရော့ …ခမ်းမုံလေး ရှူဆေးဘူးရှူထား"

မျက်လုံးမဖွင့်တော့သော်လည်း ဒေါ်အဲရွှေ လှမ်းပေးသည့် ရှူဆေးဘူးကို လှမ်းယူပြီး ရှူရှိုက်လိုက်မိပေမယ့် ရင်ထဲမှာ ဖို့တက်လာတာကို ကြိုးစားထိန်းနေရသည်။

ဟိုတစ်ခါကလို လူမှန်းသူမှန်းမသိ ဖြစ်မှာကို ဖေဖေသိမှာ စိုးကြောက်သောစိတ်ကို မည်သူမှ နားလည်ကြမည်မထင်။ စောခမ်းမုံသာ တစ်ခုခုဖြစ်လျှင် ဖေဖေက အခုသွားနေသည့်ခရီးစဉ်ကို ရောက်သည့်နေရာမှာ ရပ်တန့်ဖြစ်လိုက်မှာကို သူမစိတ်က အလိုလိုသိနေသည်။

ကားက ရိပ်ခနဲရိပ်ခနဲ စက်သံပြင်းပြင်းဖြင့် ထိုးတက်သွားတာကို စိတ်ကသိနေပေမယ့် စောခမ်းမုံ မျက်လုံးဖွင့်မကြည့်နိုင်တော့ပါ။

ကိုယ့်ကိုယ်ကို သတိထားနေသည့်ကြားမှပင် မှေးခနဲ လေးခနဲ အိပ်ပျော်သွားသလိုဖြစ်သွားချိန်လေးမှာ သူမ ခံစားနေရသည့်ဝေဒနာတွေ သက်သာရှော့ပါးသွားသလို ထင်ရပြီး တရိပ်





ရိပ်ပြေးနေသော ကားတစ်ခုလုံး မည်သည့်အသံမှ မကြားရဘဲ ကားစက်သံမှတစ်ပါး တိတ်ဆိတ်နေ၏။

ဘယ်လိုနေရာတွေကိုရောက်ပြီး ဘာတွေကို ကျော်ဖြတ်ခဲ့မှန်းမသိတော့သော်လည်း သူမစီးလာသည့် ကားလေး ရုတ်တရက် ထိုးရပ်သွားချိန်မှာတော့ စောခမ်းမုံ၏ မှေးမှိတ်ထားသော မျက်လုံးအစုံ ပွင့်လာကာ ဦးခေါင်းကို မတ်မတ်ထားလျက် ပတ်ဝန်းကျင်ကို ကမန်းကတန်းလေး ကြည့်လိုက်မိသည်။

"အို"

မြင့်မားသော တောင်ကမ်းပါးယံအထက်မှာ စောခမ်းမုံတို့ ကားလေး ရောက်ရှိနေခြင်းပါလား။ တောင်ခြေလမ်းမှာ ဖုံဖုံရေးဖြစ်လျက် မြူနှင်းမှုံတို့ဖြင့် ရောရောထွေးထွေး။

စောခမ်းမုံထင်ထားသလို အနားယူရမည့် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့မြင်ရလိမ့်မည်ဟု မှတ်ထင်ထားသည့်အဖြစ်နှင့် တခြားစီဖြစ်နေတာကို အံ့ဩနေစဉ်မှာပင် …

"သက်သာရဲ့လား စောခမ်းမုံ"

"ရှင် …ဪ …ဟုတ်ကဲ့"

"တော်ပါသေးရဲ့ကွယ်၊ ကလေးသာ ဟိုတစ်ခါကလိုဖြစ်ရင် ဆရာကြီးသိပ်စိတ်ပူမှာကွဲ့ မောင်ခွန်ကြာရဲ့"

ဒေါ်အဲရွှေက စောခမ်းမုံကို ပြောရင်း တစ်ဆက်တည်း ခွန်ကြာဘက်လှည့်ပြီး ပြောလိုက်ခြင်းဖြစ်ရာ သူလည်း အလိုက်သင့် ခေါင်းညိတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခမ်းမုံလည်း အဲဒါကိုသိလို့ ဟိုတစ်ခါကလို မဖြစ်အောင် ကိုယ့်ကိုယ်ကို အားတင်းပြီး ဂရုစိုက်နေပါတယ် ဒေါ်အဲချွေ"

"ဒီခရီးက ခမ်းမုံ သိပ်သွားချင်ခဲ့တဲ့ခရီးပဲ မဟုတ်လား"

"ကလေးရယ် ...တခြားစိတ်မကောင်းစရာတွေ မတွေးစမ်းပါနဲ့၊ ရော့ ...ရော့ ဒီဆေးလေးသောက်လိုက်ဦး"

စောခမ်းမုံလက်ထဲကို ဆေးနှင့်ရေ ရောက်လာရာ တစ်ခုမှ ငြင်းဆန်ခြင်းမပြုဘဲ သောက်လိုက်ပုံလေးကိုကြည့်ပြီး ခွန်ကြာယံရင်ထဲမှာ စောခမ်းမုံနှင့် ဒေါ်အဲချွေပြောနေသော စကားများအပေါ်မှာ စိတ်ဝင်စားလာမိသည်။

အစတုန်းက ခွန်ကြာသိထားသည်က မရောက်ဖူးသည့်ခရီးတစ်ခုကို လေ့လာရုံသက်သက် လည်ပတ်ရန်လောက်အဖြစ်သာမန်သိထားခြင်းဖြစ်သော်လည်း ရီဝေဆွေးမြေ့စွာ ကြေကွဲနေသော စောခမ်းမုံ၏ မျက်နှာလှလှလေးနှင့် စကားလုံးများက ခွန်ကြာထင်သလို မဟုတ်ကြောင်း ဖော်ပြနေသည်ဟု ထင်မိသည်။

"သမီး"

"ဖေဖေ"

"လမ်းခရီးက သိပ်ကြမ်းတော့ ဖေဖေ့သမီးလေး ပင်ပန်းနေပြီထင်တယ်၊ ကားစီးရတာ အဆင်ပြေရဲ့လား၊ လမ်းမှာရောအန်သေးလား"

"မအန်တော့ပါဘူး ဖေဖေ၊ ဆေးတွေကြိုသောက်ထားတော့ ခေါင်းနည်းနည်းပါးပါး မူးတာကလွဲပြီး တခြားဘာမှမဖြစ်တော့ပါဘူး၊ အဆင်ပြေပါတယ် ဖေဖေ"

လှပသောမျက်နှာလေးကို တမင်လန်းရွှင်ပြီး ဖေဖေ စိတ်ကျေနပ်အောင် ပြောလိုက်ခြင်းဖြစ်ကြောင်း ဒေါ်အဲချွေ အပါအဝင်ကားပေါ်ပါလာသူအားလုံး ရိပ်မိကြပါသည်။

"အေးပါကွယ် ...သမီးအဆင်ပြေရင် ပြီးတာပါပဲ၊ ဖေဖေ့သဘောကတော့ ဖေဖေ့သမီးလေး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေမယ့်အရာမှန်သမျှ ဘာတစ်ခုမှ မလုပ်စေချင်ဘူး"

"ထားပါလေ ...ဖေဖေ့သမီးလေး စိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပါပဲ"

"ဖေဖေရယ်"

သားအဖချင်းသာ နားလည်နိုင်သော စကားဟုဆိုလျှင်လည်း မမှားပါ။ ဖေဖေက စောခမ်းမုံကို အဘယ်မျှ ချစ်မြတ်နိုးပါကြောင်း သူ လုံးဝမသွားစေချင်သည့်ခရီးကို ပေးသွားစေခြင်းဖြင့် စောခမ်းမုံကို သိစေခဲ့သည့်အဖြစ်ကို ဆိုလိုကြောင်း သူမသိပါသည်။

"ကိုစက်ထွန်းရေ ...ကျုပ်တို့တော့ ဒီနားမှာ ကြာဦးမယ်ထင်တယ်ဗျာ၊ ရှေ့မှာ ကားတစ်စီးပျက်နေတာ ဝိုင်းပြင်တုန်းပဲ"

"ဟုတ်လား ...ဒါဆို သမီးတို့လည်း ကားပေါ်က ဆင်းကြဦးမလား၊ တစ်လမ်းလုံးထိုင်လာရတော့ ညောင်းနေမှာပေါ့"

"မဆင်းတော့ပါဘူး ဖေဖေ"

"အေး ...အေး ဒါဆိုလည်း ဖေဖေတို့ ဟိုဘက်ကို







www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်လိုက်ဦးမယ်''

''ဟုတ်ကဲ့''

အန်ကယ် ဦးမင်းဇော်နှင့် ဖေဖေတို့ စကားတပြောပြောနှင့် စောခမ်းမုံတို့ကားနားက ထွက်သွားသည်နှင့် စောခမ်းမုံလည်း မျက်ဝန်းအစုံကို မေးမှိတ်လျက် တိတ်ဆိတ်ငြိမ်သက်နေလိုက်ပါသည်။

အချိန်များစွာ နှောင့်နှေးကြန့်ကြာသွားရခြင်းကြောင့် စောခမ်းမုံတို့ တည်းခိုရမည့်အိမ်သို့ ရောက်သွားချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု လွှမ်းခြုံထားပြီး ဖြစ်ပါတော့သည်။





## အခန်း (၁၈)

အေးလွန်းသဖြင့် အိပ်ရာမှာ လူးလိမ့်ရင်း အိပ်မပျော်တစ်ကိုယ်လုံး အနွေးထည်ထူထူဝတ်ထားသော်လည်း မလုံခြုံသလိုထင်ရ၏။ ဂွမ်းကတ်ခြုံစောင်ထူထူကြားမှာ အသာငြိမ်သက်တိတ်ဆိတ်နေမိသည်။

တစ်သက်လုံး နူနူနယ်နယ်နေလာခဲ့ရသော စောခမ်းမုံအတွက် ဤမျှကြမ်းတမ်းလှသော ခရီးရှည်ကြီးတစ်ခုကို သွားရခြင်းမှာ သူ့ဘဝမှာ ဒါ ပထမဆုံးအကြိမ်ဖြစ်သည့်အတိုင်း ကိုင်ရိုက်ထားသလို နာကျင်နေသည့် ခန္ဓာကိုယ်လေးကို ဖြူသွယ်သောလက်ကလေးများဖြင့် ဖွဖွစမ်းကိုင် တို့ထိရင်း ပါးပြင်ပေါ် မျက်ရည်ဥလေးများ စီးဆင်းလာ၏။

စောခမ်းမုံတစ်ကိုယ်လုံး နာကျင်နေတာကို နှုတ်က ထုတ်ဖော်၍ မညည်းညူရဲပါ။

ဒေါ်အဲရွှေ အပါအဝင် မည်သူ့မှ အသိပေးလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက စောခမ်းမုံဆိုသည့် သူမကို စိုးရိမ်တကြီး ပြစ်တင်ဝေဖန်လာလျှင် ဒီခရီးကို သွားရန်ခွင့်ပြုခဲ့သော ဖေဖေကိုယ်တိုင် စောခမ်းမုံအတွက် နောင်တတွေရနေမည့်အဖြစ်ကို မလိုချင်ပါ။

အခန်းတံခါးဖွင့်သံပိတ်သံနှင့်အတူ ဒေါ်အဲရွှေတစ်ယောက် ချိုးချိုးချွတ်ချွတ် အသံအုပ်အုပ်ဖြင့် လှုပ်ရှားနေသံကို ကြားနေရ၏။

ရာသီဥတုမှာ အရိုးကွဲမတတ် ချမ်းအေးလှခြင်းကြောင့် တစ်ညလုံး နှစ်မြိုက်စွာ အိပ်မပျော်နိုင်ဘဲ တစ်လူးလူး တလွန့်လွန့်ဖြင့် မကြာခဏ လန့်နိုးလာတတ်ပြီး တစ်ဝက်တစ်ပျက် အိပ်ပျော်သွားရပြန်သည်။

ဒေါ်အဲရွှေလည်း စောခမ်းမုံနည်းတူသာ ဖြစ်မည်ထင်သည်။ လူကြီးဆိုတော့ ပိုဆိုးပေလိမ့်မည်။ သိပ်မကြာလိုက် တီးတိုးစကားပြောသံနှင့်အတူ အခန်းထဲကို လူတစ်ယောက်နှင့်အတူ ဒေါ်အဲရွှေ ပြန်ရောက်လာသံကို ကြားရပေမယ့် စောခမ်းမုံ မျက်လုံးဖွင့်မကြည့်ပါ။

"ရပြီ …ကလေး၊ ရပြီ၊ ဒီနားမှာပဲ ထားခဲ့လိုက်"

တီးတိုးအမိန့်ပေးသံအဆုံးမှာ တစ်စုံတစ်ခုကို ချလိုက်သံကြားလိုက်ရသည်။ အခန်းထဲက ပြန်ထွက်သွားသော ခြေသံသဲ့သဲ့နှင့်အတူ မကြာလိုက်ပါ နွေးထွေးမှုကို ခံစားလာရသည့်အတွက် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ မီးသွေးမီးဖိုတစ်ခုကို တွေ့လိုက်ရ၏။

သိပ်မကြာလိုက်ပါ မျက်ခွံများ လေးလံလာပြီး နှစ်မြိုက်





စွာ အိပ်ပျော်သွားသည်။

ပထမဦးဆုံး နားထဲကို တိုးဝင်လာသည်က တီးတိုးစကားပြောသံဖြစ်သည်။ စောခမ်းမုံ ဘယ်အချိန်ထိ အိပ်ပျော်သွားသည်ဟု မသိလိုက်ရ။ နွေးထွေးနူးညံ့သော အိပ်ရာက ထလိုက်သည်နှင့် အေးစိမ့်မှုကို စတင်ခံစားလိုက်ရသဖြင့် ကိုယ်လေးတွန့်သွား၏။

"အား …အေးလိုက်တာ"

"ဟော …ကလေးနိုးပြီလား၊ လာ …လာ ဟောဒီမှာ ရေနွေးနဲ့ မျက်နှာသစ်လိုက်ဦး၊ ရေအိမ်ကတော့ ခြံထောင့်မှာ သီးသန့်ပေမယ့် သန့်ရှင်းပါတယ်"

"ခမ်းမုံ အိပ်ပျော်သွားတယ်ထင်တယ်၊ အခု ဘယ်အချိန်ရှိပြီလဲဟင်"

ဒေါ်အဲရွှေကိုယ်တိုင် ရေနွေးရောစပ်ပေးထားသည့်ရေကို လှမ်းယူရင်း မေးလိုက်မိသည်။

"ရှစ်နာရီလောက်တော့ ရှိပြီပေါ့ကွယ်၊ ကလေးမှာ ညက ကောင်းကောင်းအိပ်မပျော်ဘဲ ရာသီဥတုက သိပ်အေးတယ်မဟုတ်လား"

"ရှစ်နာရီတောင်ရှိပြီဟုတ်လား …ဖေဖေတို့ရော ဒေါ်အဲရွှေ"

"ခမ်းမုံလေး အိပ်နေတုန်းလို့ ပြောလိုက်လို့ ဆရာကြီးတို့ သူငယ်ချင်းနှစ်ယောက် စောစောကပဲ ကားနဲ့ထွက်သွားကြတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံ ဘာမှထပ်မေးမနေတော့ဘဲ တစ်ကိုယ်ရေသန့်ရှင်းမှုကို ခပ်သွက်သွက်လေး လုပ်လိုက်ရသည်။ နံနက်ရှစ်နာရီဆိုသော်လည်း အပြင်မှာ မြူနှင်းမကွဲသေး။

အဝတ်လဲပြီးနောက် ဒေါ်အဲရွှေကိုယ်တိုင် ပြင်ဆင်ပေးသည့် နံနက်စာ တို့ဟူးနွေးနှင့် မုန့်ညင်းချဉ်၊ ကော်ဖီကြမ်း၊ ခေါပုတ်ကင်အသားခြောက်တို့ကို သင့်တင့်ရုံစားသောက်လိုက်ပြီး သူမရောက်ရှိနေသည့် ပတ်ဝန်းကျင်ကို ပထမဆုံး လေ့လာကြည့်မိ၏။

ညက မိုးချုပ်မှပြန်ရောက်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှောင်နေ၍ ဘာတစ်ခုမှ သည်းကွဲစွာမမြင်ရသော်လည်း စောခမ်းမုံတို့ တည်းခိုနေသည့်အိမ်ကြီးမှာ ရှေးကျ၍ အိုမင်းလှပြီဖြစ်သော တိုက်ခံပျဉ်ထောင်သွပ်မိုး နှစ်ထပ်အိမ်ကြီးတစ်ခုအဖြစ် ဦးစွာတွေ့ရသည်။

နောက်ဘက်မှာ သီးသန့်အတက်အဆင်း ပြုနိုင်သော လှေကားတစ်ခုရှိနေပြီး ခြံထောင့်ဘက်မှာတော့ ပစ္စည်းများသိုလှောင်သော ဂိုဒေါင်အဟောင်းတစ်ခုကို ခိုင်မာစွာ တွေ့ရ၏။

ခြံဝင်းမှာ ကြီးမားကျယ်ပြန့်သလောက် စားပင်သီးပင်သစ်ကြီးဝါးကြီးများဖြင့် စိမ့်နေအောင် အေးလှပေသည်။ ညက ဖေဖေတို့လူမှာ အောက်ထပ်မှာအိပ်ပြီး အပေါ်ထပ်ကို စောခမ်းမုံတို့အတွက် သီးသန့်နေစေခြင်းဖြစ်သည်။

ထိုအိမ်ကြီးမှာ စောခမ်းမုံတို့ ဧည့်သည်များနေထိုင်ရန် ပေးထားခြင်းဖြစ်ပြီး အိမ်စေ ရှမ်းဖနီးမောင်နှံက စောခမ်းမုံတို့ဧည့်





သည်များအတွက် လိုအပ်တာမှန်သမျှ ဖြည့်ဆီးလုပ်ကိုင်ပေးကြခြင်းဖြစ်သည်။

"ဖေဖေတို့ ဘယ်သွားတာလဲ ဒေါ်အဲရွှေ"

"သူတို့မိတ်ဆွေဆီသွားတယ်လို့ ပြောတာပဲကွယ်၊ ဒေါ်အဲရွှေလည်း သေချာမသိပါဘူး"

"ဦးခွန်ကြာတို့ကရော"

"မောင်သောင်းကိုခေါ်ပြီး သူတို့လည်း ကားနဲ့ထွက်သွားကြတာပဲ၊ ဘယ်ကိုသွားမှာလဲလို့ ဒေါ်အဲရွှေလည်း မမေးလိုက်မိပါဘူးကွယ်"

"သူတို့တောင်သွားကြသေးတာပဲ၊ ခမ်းမုံတို့လည်း ဟိုနားဒီနား လမ်းလျှောက်ကြရအောင်လား ဒေါ်အဲရွှေ"

တစ်အိမ်လုံး ဘယ်သူမှမရှိသဖြင့် စောခမ်းမုံလည်း အိမ်ထဲမှာ ငြိမ်မနေလိုသောကြောင့် ဒေါ်အဲရွှေကို အဖော်ညှိလိုက်ခြင်းဖြစ်သည်။

"ဘယ်ကိုသွားမှာလဲကလေးရဲ့၊ ကိုယ်က ဒီနေရာမှာ ဧည့်သည်လူစိမ်းမဟုတ်လား၊ ဝေးဝေးလံလံ လျှောက်သွားလို့ဖြစ်ပါ့မလား"

"အဝေးကြီးမသွားပါဘူး ဒေါ်အဲရွှေရဲ့၊ အဲဒီလောက်တော့ ခမ်းမုံ နားလည်ပါတယ်"

"လာပါ ...ခမ်းမုံနဲ့အတူသာ လိုက်ခဲ့စမ်းပါ"

"အေးပါကွယ် ...အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရောင်မင်းသမီးလေးအပါးမှာ ဒေါ်အဲရွှေ အတူလိုက်ပါလာပါသည်။ အနီရောင် မြေသားလမ်းမှာ နင်းလျှောက်မိသောအခါ စောခမ်းမုံရင်မှာ ဆွတ်ပျံ့လွမ်းမောစရာ ကောင်းလှသော အတိတ်၏ဖြစ်ရပ်များကို ဖွေရှာကြည့်မိသည်။

မေမေဟာ ယောဒီမြေကို အင်မတန် နှဖတ်လှသော ခြေဖဝါးလေးတွေနဲ့ နောက်ဆုံးနင်းဖြစ်ခဲ့ရာ ဒေသတစ်ခုအဖြစ် သိမှတ်စွာ မိခင်ဖြစ်သူကို သတိရအောက်မေ့လာ၏။

ဦးလေးစဝ်မိုင်းနောင်နဲ့ ခွဲခဲ့ရသည့်အချိန်မှာ မေမေတို့ မောင်နှမနှစ်ယောက် ဘာတွေများ ပြောခဲ့ကြမှာပါလိမ့်။

တစ်နေ့ မောင်နှမ ပြန်ဆုံကြမယ်လို့ ကတိစကားတွေ ပေးခဲ့ကြမည်လား။

မေမေရဲ့ နောက်ဆုံးအချိန်မှာရော ဦးလေးကိုယ်တိုင် အိမ် ရောက်လာနိုင်ခဲ့သလား၊ နောက်ကျပြီးမှပဲ သိခွင့်ရခြင်းလား။

"ဒေါ်အဲရွှေ"

"ဘာလဲ ကလေး"

"မေမေ့နောက်ဆုံးခရီးကို ဦးလေး ရောက်လာခဲ့သလား"

"ဒေါ်အဲရွှေလည်း သေချာမပြောတတ်ပါဘူးကွယ်၊ အဲဒီအချိန်တုန်းက ဒေါ်အဲရွှေကိုယ်တိုင်လည်း မမအတွက် စိတ်ထိခိုက်ရလွန်းလို့ ခမ်းမုံလေးကို ဖက်ပြီး တစ်ချိန်လုံးငိုချည်းနေမိတာပဲ မှတ်မိတယ်"

ကိုယ်တိုင်သခင်မအတွက် ပူဆွေးသောကရောက်နေရှာ





သော ဒေါ်အဲရွှေအဖြစ်ကို စောခမ်းမုံ စာနာစိတ်ဖြင့် မမြင်တွေ့နိုင်သည့် ဟိုးအဝေးတစ်နေရာကိုသာ လှမ်းမျှော်ကြည့်လိုက်မိပါသည်။

"ဆရာကြီးက ခမ်းမုံလေးဦးလေးနဲ့ ခမ်းမုံကို ဘယ်တော့ တွေ့ပေးမယ်လို့ ပြောလဲ"

"ရှင်"

"ခမ်းမုံ ဦးလေးရှိတဲ့နေရာကို ခမ်းမုံ ဖေဖေသိတယ် မဟုတ်လား"

"ဟင့်အင်း ..ဖေဖေက ခမ်းမုံကို အဲဒီလို တစ်ခါမှ မပြောဖူးပါဘူး၊ ဖေဖေနဲ့ ဦးလေးက အရင်ထဲက အဆက်အသွယ် ရှိကြလို့လား"

စောခမ်းမုံ အံ့သြစွာ မေးမိသည်။

"ဒေါ်အဲရွှေလည်း သေချာမသိပါဘူး၊ ညတုန်းကတော့ လူတစ်ယောက်နဲ့ ခမ်းမုံဦးလေးအကြောင်း ပြောနေတာ ကြားလိုက်မိလို့ မေးကြည့်တာပါ"

"လူတစ်ယောက် ဟုတ်လား၊ ဘယ်သူလဲဟင် အန်ကယ် ဦးမင်းဇော်နဲ့လား"

"မဟုတ်ပါဘူး ...တခြားတစ်ယောက်နဲ့ပါ၊ ဒီတောင်ပေါ်ရွာကပဲ ထင်ပါရဲ့၊ အရပ်ထောင်ထောင်မောင်းမောင်းထဲကပဲ၊ ဆရာဦးမင်းဇော်လည်း ပါတယ်"

"ခမ်းမုံလည်း မတွေ့မိပါလား"

"ကလေးက စောစောအိပ်ရာဝင်သွားမှကိုး၊ ဒေါ်အဲရွှေ



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ ကလေးအတွက် ကော်ဖီအသင့်ဖျော်နိုင်အောင် အောက်ထပ်ကို ရေနွေးဆင်းယူရင်း တွေ့လာတာ"

"သြော် ...သြော်"

စောခမ်းမုံ၏ ခင်ရော်တောင်မျက်ခုံးလေး တွန့်ကွေးသွားပြီး ဖေဖေနှင့် လာတွေ့သွားသူအကြောင်း စဉ်းစားနေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူဟာ ဖေဖေ့ကိုရော ဦးလေးကိုပါ သိနေသူတစ်ယောက်ဖြစ်သည်မှာ သေချာပါသည်။

အခု ဦးလေးဘယ်မှာ ရှိနေသလဲဆိုတာ ခမ်းမုံမသိပေမယ့် ဖေဖေနှင့် အန်ကယ်ဦးမင်းခေါ်တို့တော့ သိနေကြမှာ သေချာပါသည်။

"ကျွီး"

"စောခမ်းမုံ"

"သြော် ...ဦးခွန်ကြာ"

သူမတို့နားသို့ ရပ်လာသော ကားတစ်စီးကြောင့် လှည့်ကြည့်လိုက်ရာ ခွန်ကြာယံနှင့်အတူ ဦးသောင်းကိုပါ တွေ့လိုက်ရ၏။

"စောစောစီးစီး ဒီတူဝရီး ဘယ်ကိုများ သွားကြမလို့တုန်းဗျာ၊ ကျုပ်တို့တော့ ဗဟုသုတရအောင် မောင်ခွန်ကြာကားနဲ့ အပြင်ကို လိုက်သွားတာပဲဗျို့"

ကွမ်းချေးတို့ဖြင့် မည်းနက်နေသော သွားများကို အစွမ်းကုန်ဖွင့်လျက် ဦးသောင်းက ပြောလိုက်ခြင်းဖြစ်သည်။





"ဘာဗဟုသုတလည်း ...အိမ်မှာတစ်ယောက်တည်း ကျန်ခဲ့ရမှာပျင်းလို့မဟုတ်လား မောင်သောင်းရဲ့၊ အကြောင်းမသိတာ ကျနေတာပဲ"

"ခင်ဗျားကလည်းဗျာ ...ဟဲ ...ဟဲ"

ဦးသောင်းက ဒေါ်အဲရွှေစကားကို သဘောကျစွာ ရယ်နေ၏။

"စောခမ်းမုံတို့ ဘယ်သွားကြမှာလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဘယ်မှမသွားပါဘူး ...သွားရအောင်လည်း ဒီနေရာမှာ ခမ်းမုံတို့က ညွှသည်ပဲဥစ္စာ၊ ဒီလိုပဲ လျှောက်ကြည့်တာပါ"

"သူက လမ်းလျှောက်ချင်တယ်ဆိုလို့ ဒေါ်အဲရွှေက စိတ်မချလို့ လိုက်လာရတာ မောင်ခွန်ကြာရေ၊ ခမ်းမုံလေးက စိတ်ရှိသလောက် သွားနိုင်ပေမယ့် ဒေါ်အဲရွှေက မလိုက်နိုင်ဘူးကွဲ့"

"ကလေးသွားချင်တဲ့နေရာကို ဒေါ်အဲရွှေကိုယ်စား မင်းပဲ တာဝန်ယူပြီး လိုက်ပို့လိုက်စမ်းပါ"

"အို ...ဒေါ်အဲရွှေကလည်း"

"ရပါတယ် ...စောခမ်းမုံ၊ ဒီနေရာတွေအားလုံး ကျွမ်းကျွမ်းကျင်ကျင်ကြီး မဟုတ်ပေမယ့် တော်တော်များများတော့ ကျွန်တော် သွားတတ်ပါတယ်ဗျာ"

စောခမ်းမုံသည် သူ့ကို တစ်ခုခုပြန်ပြောလိုက်မည်ပြုပြီးမှ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားကာ နှုတ်ဆိတ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျေးဇူးတင်ပါတယ် ဦးခွန်ကြာ၊ ခမ်းမုံကို ဒီဝန်းကျင်အနှံ့ လိုက်ပို့ပေးပါ"

"ခမ်းမုံကိုပဲ ခေါ်သွားတော့ မောင်ခွန်ကြာရေ၊ ကျုပ်တော့ ထပ်မလိုက်တော့ဘူး၊ ဒီမှာပဲ ဆင်းနေခဲ့မယ်"

ဦးသောင်းက ပြောပြောဆိုဆို ကားပေါ်ကဆင်းသွားရာ စောခမ်းမုံလည်း တားမနေတော့ဘဲ သူမအကြံနှင့်သူမ ခွန်ကြာ ကားပေါ် တက်လိုက်ပါသည်။

"ဒေါ်အဲရွှေ …ခမ်းမုံ သွားလိုက်ဦးမယ်နော်"

"အေး …အေး ဒေါ်အဲရွှေ အိမ်ကပဲ စောင့်နေမယ် ဟုတ်လား"

"ဟုတ်ကဲ့"

ကားလေး နေရာက ထွက်သွားသည်။ လမ်း၏ဦးတည်ရာကို စောခမ်းမုံ မသိသော်လည်း မကြာမီမှာပင် သူမတွေ့မြင်လိုသူနှင့် ဆုံတွေ့ရတော့မည်ဟူသော အတွေးကဖြင့် စောခမ်းမုံ၏ ရင်ကို နွေးထွေးတုန်ရီ လှုပ်ရှားသွားစေပါသည်။





## အခန်း (၃၉)

မီးဖိုအတွင်းရှိ ထင်းတုံးများကို မီးဆွသည့် သံတုတ်ရှည်ကြီးဖြင့် ထိုးဆွလိုက်သောအခါ မီးပန်းတွေ ဖွာခနဲတက်လာပြီးနောက် မီးတောက်များ ထိုးတက်လာ၏။

ပွက်ပွက်ဆူနေသော ရေနွေးအိုးကို ငေးစိုက်ကြည့်ရင်း အခုချိန်ထိ မည်သည့်စကားမှမဆိုဘဲ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ငြိမ်သက်တိတ်ဆိတ်နေသော အစ်ကိုဖြစ်သူ၏မျက်နှာကို ဒေါ်နန်းဆိုင်လောဝ် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"သူတို့ ဒီမှာရောက်နေကြပြီကိုကို၊ အခု လောဝ်တို့ ဘာဆက်လုပ်ကြမလဲ"

"ကိုကို ဘာလုပ်ရမှာလဲ"

"ဟင်"

အစ်ကိုဖြစ်သူစကားကြောင့် ဒေါ်နန်းဆိုင်လောဝ်မျက်လုံး ကွက်ခနဲပျက်သွားသော်လည်း ချက်ချင်းပင် ဘာမှမဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းလိုက်၏။

လက်ထဲက အရက်ခွက်ကို တစ်ခါထဲကုန်အောင် မော့ချလိုက်သူ၏ ရင်ထဲမှာ ဘာတွေဘယ်လို ရှိနေနိုင်သလဲဆိုတာ ဒေါ်နန်းဆိုင်လော်ကိုယ်တိုင် သေချာတတ်အပ် မပြောနိုင်သော်လည်း အစ်ကိုဖြစ်သူ၏ ရင်ထဲမှာလည်း စိတ်လှုပ်ရှားမည်ဟုထင်သည်။

ဒီကိစ္စကို သေချာသိခွင့်ရခဲ့သည့်နေ့တုန်းက ဒေါ်နန်းဆိုင်လော်ကိုယ်တိုင် တုန်လှုပ်ချောက်ချားခဲ့ရတာကို အခုချိန်ထိ မမေ့နိုင်သလို အစ်ကိုဖြစ်သူကို သူမ သိမြင်ကြားတွေ့သမျှ အကုန်အစင် ပြောပြခဲ့သည့်အချိန်တုန်းက အစ်ကိုဖြစ်သူ ဦးစိုင်းစောဟုန်ကိုယ်တိုင် မည်သည့်စကားမှမဆိုနိုင်ဘဲ အချိန်တွေအများကြီး တွေဝေငေးငိုင်သွားခဲ့ရသည့် အဖြစ်ကြောင့် ဒေါ်နန်းဆိုင်လော်ကိုယ်တိုင် အစ်ကိုဖြစ်သူ ဦးစိုင်းစောဟုန်၏ နောက်ကျောပြင်ကိုကြည့်လျက် မျက်ရည်မကျအောင် ကြိတ်မှိတ်မျိုသိပ်ခဲ့ရဘူးသည်မဟုတ်လား။

အခြေအနေတွေကို ရှောင်ပြေးဖို့လွယ်ကူပေမယ့် တကယ့်လက်တွေ့မှာတော့ အင်မတန်မှ ခက်ခဲပင်ပန်းမှုတွေနှင့် လေးလံဖိစီးနေခဲ့သည့်အဖြစ်တွေနဲ့ပါ။

"အခုချိန်ရောက်မှာတော့ ကိုကို့ဘက်က တစ်ခုခုဆုံးဖြတ်မှဖြစ်မယ်"

"ဆုံးဖြတ်ရမယ် ဟုတ်လား၊ အဟောင်းတွေ အသစ်ပြန်ဖြစ်လာမှာ ကိုကို မလိုချင်ဘူးဆိုတာ လော်သိပါတယ်လေ"





ဦးစိုင်းစောဟုန်အသံက နာကျင်မှုတွေနဲ့ ဆွေးမြည့်အက်ကွဲနေတာကို နားထောင်ပြီး ဒေါ်နန်းဆိုင်လော် သက်ပြင်းကျိတ်ရှိုက်လိုက်သည်။

"ကြာခဲ့ပြီ ...သိပ်ကိုကြာခဲ့ပြီပဲ လော်ရယ်၊ သူ့အတွက် ကိုကို ခံစားခဲ့ရတာတွေ ဘယ်လောက်တောင် ကြာခဲ့ပြီလဲဆိုတာ ညီမလေးအသိဆုံးပါ"

ကျောခိုင်းထားသော ဦးစိုင်းစောဟုန်၏မျက်နှာပေါ်က ကြေကွဲခံစားမှုကို ဒေါ်နန်းဆိုင်လော် မြင်တွေ့ခွင့်မရပေမယ့် အချစ်ကြောင့် နာကျင်ကြေကွဲနေသော နှလုံးသားအစုံကို လှမ်းမကြည့်ဘဲ မြင်တွေ့နေရခြင်းက ပို၍ဆိုးရွားလှသည်။

"ဒါပေမယ့် ...ကိုကို့အတွက် ဒါ နောက်ဆုံးအခွင့်အရေးတစ်ခုပဲ မဟုတ်လား၊ ကိုကို ပြီးတော့ သူ့အတွက် ,စောခမ်းမုံလေးအတွက်ရော ကိုကို ထည့်မစဉ်းစားတော့ဘူးလားဟင်"

ဒေါ်နန်းဆိုင်လော်အသံမှာ တိုးတိတ်ဆို့နင့်လျက်ရှိသလို အမြဲလို ကြည်လင်တောက်ပနေသော အားမာန်အပြည့်နှင့် မျက်ဝန်းအစုံမှာလည်း ရိုဝေစိုစွတ်မှုတွေနှင့် ဖြစ်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလိုအဖြစ်မျိုးတွေ ပေါ်ပေါက်လာလိမ့်မည်ဟု သူတို့အားလုံး မျှော်လင့်မထားခဲ့တာတော့ သေချာပါသည်။

အားလုံးကို ပြည်ဖုံးကားချဖို့ ကြိုးစားခဲ့သည်။ မမေ့နိုင်သော်လည်း မေ့ဖြစ်ချင်ယောင်ဆောင်ပြီး နေလာခဲ့ရာမှ အခုတော့



www.burmeseclassic.com

www.burmeseclassic.com


မမျှော်လင့်သော အကြောင်းအရာတွေက ဟောင်းမြေ့လှသော နှစ်ပေါင်းများစွာက အဖြစ်အပျက်များကို အသစ်တစ်ဖန် ပြန်လည် အသက်သွင်းခဲ့ပေပြီ။

"အားလုံးဟာ ကိုကို့အပြစ်တွေချည်းပါပဲ လောဝ်ရယ်၊ ကိုကို့အပြစ်တွေပါ၊ ကိုကို့ရဲ့ တစ်ဖက်သတ် မိုက်မဲမှုတွေကပဲ ကိုကို့ရဲ့ဘဝကို နောင်တတွေနဲ့ ထားရစ်ခဲ့ဖို့ ဖြစ်လာခဲ့ရတာပဲမဟုတ်လားကွယ်"

"ဟင့်အင်း …ကိုကို့မှာ အပြစ်မရှိဘူး၊ အဲဒီလိုပဲ သူ့မှာလည်း အပြစ်မရှိဘူး၊ အားလုံးဟာ ကံကြမ္မာရဲ့ သားကောင်တွေပဲမဟုတ်လား ကိုကို၊ ကံစီမံတဲ့အတိုင်း ဖြစ်ခဲ့ရတာပဲလို့ လောဝ် ယုံတယ်"

"ကိုကိုလည်း ကိုယ့်ကိုယ်ကို အပြစ်တင်မနေပါနဲ့တော့လားရှင်၊ ပြီးဆုံးကျန်ရစ်ခဲ့တဲ့ အတိတ်ရဲ့အရိပ်တွေကြားက ရုန်းထွက်ပြီး လက်ရှိဘဝကို သတ္တိရှိရှိ ရင်ဆိုင်လိုက်စမ်းပါ"

"ဒါ …ကိုကို့အတွက်ရော ဆောခမ်းမုံအတွက်ရော ဘုရားသခင်က ဖန်ဆင်းပေးတဲ့ အခွင့်အရေးတစ်ခုအဖြစ် ကိုကို လက်ခံလိုက်မယ်ဆိုရင်"

"ကိုကို ခွင့်မပြုနိုင်ဘူး လောဝ်၊ ကိုကို ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆိုတာ လောဝ်သိပါတယ်"

ခါးခါးသီးသီး ငြင်းဆန်လိုက်သံကို နားထောင်ပြီး ဒေါ်နန်းဆိုင်လောဝ် အကြာကြီး ငြိမ်သက်သွားသည်။ ကိုကို့အကြောင်းကို ဒေါ်နန်းဆိုင်လောဝ် သိပါသည်။

ဆုံးဖြတ်ချက်တစ်ခုချပြီးရင် ချပြီးသည့်အတိုင်းလုပ်ဆောင်တတ်သူ။ ပြန်လည်ပြုပြင်ရန် မစဉ်းစား။ လိုချင်သည့် ပစ္စည်းတစ်ခုကို နည်းအမျိုးမျိုးသုံးပြီး ရယူပိုင်ဆိုင်ခွင့်ရအောင် အစဉ်တစိုက်ကြိုးစားကာ မည်မျှပင် ခက်ခဲကြမ်းတမ်းပါစေ သူလိုချင်တာကို ရမှ ကျေနပ်သည့် လူစားတစ်ယောက်က သူ့အတွက် တိုက်တိုက်ဆိုင်ဆိုင်ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံတော့မည် ဆိုသည့်အဖြစ်က အံ့သြမယုံကြည်နိုင်စရာ။

"ကိုကို့ဆန္ဒကို လောဝ် ဓွတ်အတင်းမတိုက်တွန်းချင်ပါဘူးလေ၊ လောဝ်ကိုယ်တိုင်လည်း ဒီကိစ္စတွေကို မေ့ထားချင်တဲ့သူဆိုတာ ကိုကိုလည်း သိမှာပါ"

"အဟောင်းတွေကို အသစ်ပြန်မဖြစ်ချင်တဲ့ သူတွေထဲမှာ လောဝ်တစ်ယောက်လည်း အပါအဝင်ပါပဲ ကိုကိုရယ်"

"လောဝ် …ညီမလေးရယ်"

ပြောရင်း အသံလေးတွေ တုန်ရီလာကာ မျက်ဝန်းအစုံမှာ ပြည့်အိုင်လာသော မျက်ရည်စတွေကို ပါးပြင်တစ်လျှောက် စီးဆင်းခွင့်မရအောင် မျက်တောင်တစ်ဖျပ်ဖျပ် ခပ်လျက် သိမ်းဆည်းနေမိရသူကလည်း ဒေါ်နန်းဆိုင်လောဝ်ကိုယ်တိုင်ပါ။

"ဒီကျိန်စာဆိုးတွေနဲ့ နောင်ဘဝရှိရင်တောင် ဘယ်သူနဲ့မှ ပြန်မဆုံချင်တော့တဲ့ လောဝ်ပါ၊ နောက်ဆုံးအချိန်တုန်းက သူ လောဝ်ကို သိပ်ပြီး မုန်းတီးနာကြည်းသွားခဲ့မှာပဲဆိုတာ လောဝ်



www.burmeseclassic.com

www.burmeseclassic.com

သိတယ်''

''လော်''

''ဆောရီး ...ကိုကို၊ လော် တောင်းပန်ပါတယ်၊ အဲဒီစကားတွေကို တကယ်တော့ လော် မပြောသင့်တော့ပါဘူး။ လော်ကြောင့် ကိုကို စိတ်ထိခိုက်သွားရပြီ''

''လော်ကို ခွင့်လွှတ်ပါကိုကို၊ လော် သွားအိပ်တော့မယ်''

''ဂွတ်နိုက်''

''ဂွတ်နိုက် လော်''

ကိုကို ဦးစိုင်းစောဟုန်က ဒေါနန်းဆိုင်လော်ကို လုံးဝ လှည့်မကြည့်ဘဲ ကျောခိုင်းအနေအထားနှင့်ပင် နှုတ်ဆက်ခြင်းဖြစ်ပါသည်။

ဒေါနန်းဆိုင်လော်သည် အစ်ကိုဖြစ်သူ၏ နောက်ကျောပြင်ကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် ဘူမ အိပ်ခန်းရှိရာသို့ ညင်သာသိမ်မွေ့စွာ ထွက်ခွာသွား၏။

ဦးစိုင်းစောဟုန်တစ်ယောက်ထဲ နေရာမှာ မလှုပ်မယှက် အကြာကြီး ငြိမ်သက်လျက်ရှိရာ တိတ်ဆိတ်ငြိမ်သက်လွန်းသော အခန်းထဲမှာ မီးလင်းဖိုမှ ထွက်ပေါ်လာသော ထင်းမီးသံတစ်ဖျောက်ဖျောက်တို့သာ လွှမ်းမိုးလျက်ရှိ၏။

ရုတ်တရက် ဦးစိုင်းစောဟုန်၏ အတွေးများက ရောင်စုံမီးပန်း၊ မီးပုံးများ စည်ကားလှပစွာ ထွန်းညှိထားသည့် အင်မတန်





သာယာလှပသော သီတင်းကျွတ်ညလေးတစ်ညရှိရာသို့ လျှင်မြန်စွာ ရွေ့လျားရောက်ရှိသွားရာ ထိုအတွေးကို ဖွတ်အတင်း မောင်းထုတ်လိုက်ရပါသည်။ အဲဒီအကြောင်းအရာတွေကို မောင် မေ့ထားပါရစေတော့ မြတ်ရယ် ...။

မြတ် မောင့်ကို ခွင့်မလွှတ်ပါနဲ့လား။ မောင့်ရဲ့ မိုက်မဲမှုအတွက် မောင့်ဘဝ၊ မောင့်နှလုံးသားတွေကို ဒီအတိုင်းပဲ ဒဏ်ခတ်ထားပါရစေ။

မြတ် ...။

မောင့်ရဲ့ချစ်သူ...မောင့်အသက်ရယ်။

အချိန်တွေက စိတ်ဒဏ်ရာတွေကို ကုစားသွားနိုင်သည်ဆိုပေမယ့် စိုင်းစောဟုန် နှလုံးသားပြင်မှာ အနက်ရှိုင်းဆုံးရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များအတွက်တော့ ပျောက်ကင်းချမ်းသာရာရအောင် ကုစားပေးနိုင်စွမ်း မရှိခဲ့ပါ။

အရက်ခွက်ထဲကို လက်ကျန်အရက်များ လောင်းထည့်လိုက်ပြီး တစ်ခါထဲ မော့ချလိုက်တော့ ရင်ထဲပူဆင်းသွားသည်။ မူးမေ့သွားနိုင်လျှင် ရင်ထဲက ခံစားနေသော စိတ်ဝေဒနာတွေ လျော့ပါးသက်သာသွားလိမ့်မည်ဟု ထင်ခဲ့သည်။

အိပ်ပျော်နေတုန်းခဏမှာတောင် မြတ်ဆိုသော ချစ်ရသူက သူ့ရဲ့အိပ်မက်ကမ္ဘာထဲ အလည်ရောက်လာတတ်သည့်အဖြစ်ကို ဘယ်သူသိနိုင်မည်နည်း။

အချိန်တွေကြာ၍ လျော့ပါးသက်သာစပြုလာသော



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာဆိုးက အတိတ်က အိပ်မက်ဆိုးနှင့်အတူ တစ်ဖန်တစ်ရေးနိုး သက်ဝင်လာခဲ့သောအခါ ဦးစိုင်းစောဟုန်ဆိုသည့် သူ့အတွက် ရှောင်ပုန်းချင်သည့်တိုင် လွတ်နိုင်ပါဦးမည်လား။

မြတ်ရယ် ...။

မောင်နဲ့မြတ်တို့ရဲ့ ဆုံတွေ့မှုဟာ အရက်စက်ဆုံး ဆိုးရွားတဲ့ ကံကြမ္မာရဲ့ ကျီစယ်နောက်ပြောင်မှုပဲ မဟုတ်လား။

အိပ်မက်ကို ဖမ်းဆုပ်ပြီး ရင်မှာအပိုင် သိမ်းဆည်းထားချင်ပေမယ့် ဘယ်လိုမှ ထိကိုင်၍မရသောအဖြစ်။

အရာရာကို အစကပြန်စလို့ရရင် မောင့်ရဲ့မြတ်ကို အခုလို အဖြစ်မျိုးတွေနဲ့ ပြန်ဆုံမပေးဖို့ ပြောလိုက်ချင်ပါနဲ့ အသက်ရယ်။

"ခွမ်း"

လက်ထဲက အရက်ခွက် ကြမ်းပြင်ပေါ် လွတ်ကျသွားပြီးနောက် ဦးစိုင်းစောဟုန်တစ်ယောက် စားပွဲပေါ် ဦးခေါင်းငိုက်စိုက်ထိုးကျသွားရပါပြီ။

သိပ်မကြာလိုက်ပါ ...။

ဦးစိုင်းစောဟုန်၏ ကိုယ်ကြီးကို မနိုင်မနင်း ပွေ့ယူလျက် သူ့အိပ်ခန်းထဲအရောက် ပို့ပေးပြီး နွေးထွေးစွာ အိပ်စက်စေသူက ဦးစိုင်းစောဟုန်၏ သက်တော်စောင့် ဦးချမ်းမိုးဖြစ်သည်။

လဲကျနေသော ပုလင်းများ၊ ဖန်ခွက်ကွဲများကို စနစ်တကျ သိမ်းဆည်းလှည်းကျင်းပြီးနောက် တစ်အိမ်လုံး ငြိမ်သက်သွားရ ဒေါ်နန်းဆိုင်လောဝ် အိပ်ခန်းထဲက ညအိပ်မီးလုံး ငြိမ်းသွားတာ





မည်သူမျှမသိလိုက်ကြပါ။

အိပ်ရာထက်မှ လူက ငြိမ်သက်နေပေမယ့် ဒေါ်နန်းဆိုင်လောဝ်၏ အတွေးများကတော့ ဘယ်လိုမှ ငြိမ်သက်မနေနိုင်ခဲ့။

ဆိုးဝါးသည့်အတိတ်ကို မေ့ထားချင်သည့်တိုင် ဘယ်လိုမှ မေ့ပျောက်ကွယ်ဇ္ဖာက်၍ မရသောအခါ ဒေါ်နန်းဆိုင်လောဝ်၏ အတွေးစများသည်လည်း ဟိုးလွန်ခဲ့သည့် နှစ်ကာလများစွာဆီသို့ ရုပ်ရှင်တစ်ခု၏ အနေးပြကွက်များနှယ် တဖြည်းဖြည်း ပြေးထွက်ရောက်ရှိသွားရပြီ ဖြစ်ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၂)





## အခန်း (၂၀)

ရာသီဥတု ကြည်လင်သာယာလှသော ညနေခင်းဆည်းဆာတစ်ခုမှာ ဦးခွန်သာတို့မိသားစုအားလုံး စိတ်လှုပ်ရှားမှုတွေကိုယ်စီနှင့် တစ်စုံတစ်ယောက်သောသူအလာကို မျှော်လင့်စောင့်စားလျက်ရှိနေကြပါသည်။

အထူးသဖြင့် သူဌေးကြီး ဦးခွန်သာမှာ အဆိုးဆုံးဖြစ်သည်။ ဘယ်နေရာမှာမှ ကြာရှည်ရပ်တည်မနေနိုင်အောင် ဖြစ်လျက် နာရီကို တကြည့်ကြည့်နှင့် လမ်းရှိရာဘက်ကို မကြာခဏ မျှော်ကြည့်ရင်း ဆိုဖာမှာ ဝင်ထိုင်လိုက်၊ ထပြီး လမ်းလျှောက်လိုက်နှင့် ဖြစ်နေ၏။

ထို့အတူ သူဌေးကတော်ကြီး ဒေါ်နန်းတစ်ခမျာမှာလည်း သူမစိတ်ကြိုက် ပြင်ဆင်ခြယ်မှုန်းထားသည့် အိမ်ကြီးတစ်ဆောင်လုံးကို မကြာခဏ ဝေ့ဝဲကြည့်လျက် မြင်မြင်ခြင်း အမောပြေစေနိုင်ပါမည်လား။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြည်လင်စေနိုင်ပါမလားဟု တွေးပူနေမိရှာသလို ပူနွေးမွေးကြိုင်စွာ အထူးချက်ပြုတ်ထားသည့် ဟင်းလျာများ အပေါ်မှာလည်း ကြိုက်နှစ်သက်မှုရပါမည်လားဟု အမျိုးမျိုး တွေးပူနေမိသည်။

"မာမီ"

"ဘာလဲ ...သမီးလေး"

"သမီး ...ဘိုကီနဲ့ ခြံထဲဆင်းကစားချင်လို့ သွားမယ်နော်"

"သမီးလေးကလည်းကွယ်"

လက်ထဲမှာဘောလုံးဖြူဖြူလေး ကိုင်ထားသော သမီး ဖြစ်သူအားကြည့်ပြီး ဒေါ်နန်းတစ် မာန်သလိုလေး ဆိုလိုက်ချိန်မှာ ပင် ...

"သွားပါစေ နန်းရယ်၊ သမီးလေး ပျော်သလိုနေပါစေ ကွယ်၊ သွား ...သွား သမီးလေး ဘိုကီနဲ့ သွားဆော့ချည်၊ မလဲမပြုစေနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

လွတ်လပ်ခွင့်ရသွားသော နန်းဆိုင်လောဝ်တစ်ယောက် ပန်းနုရောင်ပိုးသားဂါဝန်ရှည်၊ ဘော့ဟဲယားဆံပင်လေး တစ်ခါခါ နှင့် ဘောလုံးလေးပိုက်ကာ ခြံထဲရှိ မြက်ခင်းစိမ်းစိမ်းများရှိရာ သို့ ပြေးလွှားသွားတာကိုကြည့်ပြီး ကျေနပ်ကြည်နူးနှစ်သိမ့်လှသော မျက်လုံးအစုံ၊ အပြုံးကိုယ်စီဖြင့် ကြည့်ငေးနေကြပြီးမှ လင်မယား





နှစ်ယောက် တိုင်ပင်ထားသလို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"ဒက်ဒီ သမီးလေးတာ မလှဘူးလားဟင်"

ခင်ပွန်းဖြစ်သူကို ဒေါ်နန်းတစ် အပြုံးနုနုဖြင့် မြတ်နိုး ချစ်ခင်စွာ မေးလိုက်ခြင်းဖြစ်သည်။

"သိပ်လှပါတယ်ဗျာ ...ဟောဒီက သမီးလေးရဲ့မာမီ ကို တူလို့ပါတဲ့ ဟုတ်လား"

"အဟင်း ...ဟင်း ...ဟင်း"

"သမီးက နန်းကိုချည်းတူတာ မဟုတ်ရပါဘူးရှင်၊ သမီးရဲ့ဒက်ဒီနဲ့လည်း သိပ်ကိုတူတဲ့ မိန်းကလေးပါနော်"

"ဟုတ်ပါသတဲ့ဗျာ...ဟုတ်ပါသတဲ့"

"အဟွန်း ...ဟွန်း ...ဟွန်း"

"ဒါနဲ့ သားလတ်တစ်ယောက်ရော နန်း"

ဦးခွန်သာမှာ သမီးငယ်အကြောင်း ကြည်နူးစွာ ပြော ဆိုနေရာမှ သားလတ် စိုင်းစောဟုန်ကို သတိရသွားကာ မေးလိုက် ခြင်းဖြစ်၏။

"ရှိပါတယ် ဒက်ဒီရယ်၊ အခုလေးတင်ပဲ အပေါ်ထပ် က သူ့အခန်းကို ရေးကြီးသုတ်ပြာတက်သွားလေရဲ့"

"အင်း ...ကိုယ်တို့ဘဝအတွက် ဒီသား ဒီသမီးလေး တွေဟာ တကယ့်ကို အဖိုးမဖြတ်နိုင်တဲ့ ရတနာလေးတွေပါ နန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နန်းအတွက်လည်း ဒက်ဒီကြီးနဲ့ ထပ်တူပါပဲရှင်ရယ်၊ ဒါတွေအားလုံးဟာ သားကြီးယူဆောင်လာတဲ့ ကောင်းမြတ်တဲ့ မင်္ဂလာတွေချည်းပါပဲလေ"

"နန်းရယ်"

ဇနီးဖြစ်သူ၏ စကားမှာ မှန်ကန်လွန်းသောကြောင့် ကျေနပ်ပီတိဖြစ်ရသော အပြုံးဖြင့် ဇနီးမျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေစဉ်မှာပင် ဦးခွန်သာတို့ ခြံဝင်းကျယ်ကြီးအတွင်းသို့ ကား လေးထစ်စီး မောင်းဝင်လာတာကို တွေ့လိုက်ရခြင်း၏ သူဌေး ကြီး ဦးခွန်သာတို့ ဇနီးမောင်နှံ စောင့်စားမျှော်လင့်နေသော အချိန် ကို ရောက်လာရခြင်းဖြစ်သည်။

"ဟော ...ဟိုမှာ သားကြီးကား မဟုတ်လား နန်း"

"ဟုတ်တယ် ဒက်ဒီကြီး၊ သားကြီး ပြန်လာပြီ၊ သား ပြန်လာပြီရှင့်"

ကားရပ်သည့်အချိန်ကို မစောင့်နိုင်ရှာ။ ကားရပ်မည့်နေရာ ကို လင်မယားနှစ်ယောက်စလုံး အပြေးကြိုရောက်နှင့်နေရာ ကားရပ် လိုက်သည်နှင့် ကားထဲမှ အသက်နှစ်ဆယ်နှစ်နှစ်အရွယ်ခန့် လူငယ် လေးတစ်ဦး ထွက်လာပြီး ပြုံးရွှင်သောမျက်နှာဖြင့် မိဘနှစ်ပါးစလုံး ကို ရှည်လျားသောလက်များဖြင့် ပွေ့ဖက်ရင်း ...

"ဒက်ဒီ ...မာမီ"

"သားကြီး"

"သား"





ဝမ်းသာအားရ နှုတ်ဆက်သံများ ဝေစီညံလွင်သွားချိန်မှာ ထိုအဖြစ်အပျက်များကို မြက်ခင်းစိမ်းတစ်နေရာမှ ကြည့်ငေးနေမိသူ က နန်းဆိုင်လောဝ်။

"အစ်ကိုကြီး"

"ညီလေး ...ကြည့်စမ်း မတွေ့ရတဲ့နှစ်နှစ်အတွင်းမှာ လူပျိုကြီးလုံးလုံး ဖြစ်သွားပြီပဲ၊ ကြည့်ပါဦး မာမီ၊ မာမ့်သားကို သေချာ ကြည့်ပါဦး၊ ရုပ်ရှင်မင်းသားလုပ်ဖို့ မကောင်းဘူးလားဗျာ"

ကိုစိုင်းနောင်မှာ ညီဖြစ်သူ၏ ပခုံးကို အားပါးတရ ပွေ့ဖက် ရင်း ချစ်ခင်မြတ်နိုးစွာ ညီဖြစ်သူ၏ ချောမောလှသော ရုပ်ရည်ကို ချီးကျူးပြောကြားလိုက်ခြင်းဖြစ်ရာ မိဘနှစ်ပါးစလုံး၏ မျက်နှာမှာ သားဖြစ်သူ၏ စကားကြောင့် ပီတိဖုံးလျက် နှလုံးစိတ်ဝမ်းငြိမ်းချမ်း သွားရသလို ညီဖြစ်သူ စိုင်းစောဟုန်ကိုယ်တိုင်သည်လည်း လူချော လူထွားကြီး အစ်ကိုဖြစ်သူ ကိုစိုင်းနောင်၏ မျက်နှာကို အားပါးတရ ကြည့်ရင်း...

"ကိုကိုကသာ ရုပ်ရှင်မင်းသားလုပ်ရမှာပါဗျာ၊ ညီက ကိုကို့ ခြေဖျားကို မှီအောင် မနည်းကြိုးစားရဦးမယ့်လူပါ၊ ဟုတ်တယ်မဟုတ် လား ဒက်ဒီ"

"ဒက်ဒီ့သားနှစ်ယောက်စလုံး ဟောဒီက ဒက်ဒီ့ကိုတူလို့ ချောကြလှကြတာချည်းပဲဆိုပေမယ့် ဒက်ဒီအထင်ပြောရရင် အားလုံး ထဲမှာ သားတို့ဒက်ဒီပဲ အချောဆုံးဖြစ်မယ်ထင်တယ်"

"ဟုတ်ရဲ့လား သားတို့မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကြီးနော် ...သားတွေရှေ့မှာ ကလေးကလား ဘာတွေလျှောက်ပြောနေတာလဲ"

"မာမီရှက်သွားပြီ ဒက်ဒီရေ"

"အဟား ...ဟား ...ဟား"

"အဟွန်း ...ဟွန်း ...ဟွန်း"

"အဟင်း ...ဟင်း ...ဟင်း"

ကြည်နူးရွှင်ပျသော ရယ်မောသံများက လေပြေနုလေးထဲမှာ ညင်သာစွာ စီးမျောပျံ့လွင့်သွားရာ လော်တစ်ယောက်မှာဖြင့် မိသားစုအားလုံး သူ့ကိုမေ့နေရကောင်းလားဟု နှုတ်ခမ်းရှုံ့ စိတ်ဆိုးလျက် ခြေဆောင့် မျက်ရည်ဝဲနေရပါပြီ။

ပြောတော့ဖြင့် လော်ကို တစ်ဦးတည်းသော သမီးလေး၊ တစ်ဦးတည်းသော ညီမလေးရယ်လို့ ဖူးဖူးမှုတ်အောင် ချစ်ကြသည်တဲ့။

အခုတော့ဖြင့် အစ်ကိုကြီးစိုင်းနောင် ပြန်ရောက်လာတာနှင့် ထိုသမီးလေးကိုပင် သတိမရနိုင်တော့သည့်အဖြစ်မို့ ဥပေက္ခာပြုခံထားရသည့် လော်ရင်မှ ခံစားချက်ကို စာနာတွေးကြည့်လျှင် သိနိုင်ပါသည်။

လော်ဆိုတာ မိသားစုထဲမှာ အငယ်ဆုံး၊ အထွေးဆုံးလေးမို့ အားလုံး၏ သည်းသည်းလှုပ်အချစ်ကို ခံယူရခဲ့သူလေး ဖြစ်ပါလျက် အခုတော့ဖြင့် အစ်ကိုကြီး ကိုစိုင်းနောင်လောက်မှ အရေးမပါတော့ပြီဟု သိလျက် လှပသောမျက်ဝန်းကြီးအစုံမှာ မျက်ရည်ကြည်





တို့ဖြင့် ပြည့်အိုင်လာလျက် နောက်ဆုံး မခံမရပ်နိုင်ဖြစ်လာကာ သူမလက်ထဲမှ ဘောလုံးဖြူဖြူလေးကို သူမကို မေ့နေအောင် အချစ်သည်းပိုနေကြ သူများရှေ့သို့ ပစ်ပေါက်လိုက်ခြင်းဖြင့် လော်ရင်ထဲက ဆန္ဒတစ်ရပ်ကို ဖော်ထုတ်ပြသပေါက်ကွဲလိုက်သည်။

"ဘုတ်"

"ဟော"

"သမီးလေး"

"ဟောဗျာ ...ညီမလေးက ဒီရောက်နေတာကိုးကွ"

အားလုံးရှေ့သို့ ဘုတ်ခနဲရောက်လာသည့် ဘောလုံးဖြူလေးကိုမြင်မှ ထိုဘောလုံးပိုင်ရှင်ကို သတိရသွားကြကာ ဘောလုံးထွက်လာရာသို့ ပြိုင်တူလိုလှမ်းအကြည့်မှာ နှုတ်ခမ်းနီနီထွေးထွေးလေးကို စူထော်လျက် မျက်ရည်ပြည့်အိုင်နေသော မျက်လုံးဝိုင်းကြီးများဖြင့် စိတ်ဆိုးစိတ်ကောက်နေသော မိသားစု၏ အသည်းနှလုံးလေး လော်ကို တွေ့လိုက်ရတာပဲဖြစ်သည်။

"သားကြီးပြန်ရောက်လာတာကို ဝမ်းသာလွန်းလို့ သမီးလေးကို မေ့သွားမိလို့ သားညီမလေး စိတ်ကောက်နေပြီကွယ်"

"သွားချော့လိုက်ပါဦး သားကြီးရယ်"

"သွား ...သွား ဟိုမှာ မင်းညီမလေး ငိုတော့မယ်"

"အီး ...အဟင့် ...ဟင့်"

"ဟောဗျာ ...ပြောရင်း ကလေးက ဝမ်းနည်းပြီးငိုနေပြီ၊ မငိုနဲ့ ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါဗျာ …တိတ် …တိတ် ညီမလေးအတွက် အရုပ်တွေရော၊ မုန့်တွေပါ အများကြီးဝယ်လာခဲ့တာဗျာ သိလား"

လောဝ်ရှိရာကို ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာပြီး နောက် ဝမ်းနည်းစွာငိုနေရှာသော ညီမဖြစ်သူ၏ ကိုယ်လေးကို အညင်သာဆုံး ထွေးပွေ့ချော့မော့နှစ်သိမ့်စကားဆိုရင်း လောဝ်ပါး ပြင်ပေါ်က မျက်ရည်ဥလေးများကို ကိုစိုင်းနောင် ကိုယ်တိုင် လက်က လေးများဖြင့် ဖယ်ရှားပေးနေမိ၏။

"သားကြီးရေ …မင်းညီမလေးကို ချော့ခေါ်ခဲ့ဟေ့"

"ဟုတ်ကဲ့ ဒက်ဒီ"

"လာ …လာ ညီမလေး ငိုတော့ အလှတွေပျက်ကုန် တော့မှာပေါ့ဗျာ၊ အစ်ကိုကြီးကို ချစ်တယ်ဆိုရင် မငိုနဲ့တော့၊ ဟုတ် လား"

မိသားစုအားလုံး တိုက်ထဲဝင်သွားကြပြီမို့ ခြံထဲမှာ ကိုစိုင်း နောင်နှင့် လောဝ်တို့ပဲ ကျန်ရစ်ကြသည်။ လောဝ်မှာဖြင့် ဝမ်းနည်း လို့မဆုံးသေး။ စိတ်ထဲမှာဖြင့် ဒက်ဒီနှင့် မာမီတို့ဟာ လောဝ်ကို အစ်ကိုကြီးကိုစိုင်းနောင်လောက် မချစ်ဟု တွေးနေမိသောကြောင့် ဖြစ်သည်။

အစ်ကိုကြီးလာတာနှင့် ရှုမငြီးသော ချစ်သမီးလေးလောဝ် ကိုပင် မေ့သွားကြသည်ဆိုတော့ ဝမ်းနည်းရသည်ပေါ့။ ဒါက စိတ်ထဲကအတွေးပါ။

အပြင်မှာတော့ အစ်ကိုဖြစ်သူက လောဝ်ကျေနပ်အောင်





အမျိုးမျိုး ချော့မော့ပြီး အတူခေါ်လာတာမို့ လောဝ်လည်း ကြာကြာ စိတ်မဆိုးနိုင်ဘဲ အားလုံးနည်းတူ အစ်ကိုကြီးကိုစိုင်းနောင် ရောက် လာတာကို ပျော်နေမိပါသည်။

"ကြည့်ပါဦး …လောဝ်လေးတောင် အပျိုမလှလှလေး ဖြစ်နေပြီပဲ၊ အခုချိန်ထိ ကလေးပေါက်စလေးလို ငိုတုန်း၊ စိတ် ကောက်တုန်းပေါ့ ဟုတ်လား"

"အိမ်မှာ လောဝ်က ကလေးပဲဥစ္စာ"

နှုတ်ခမ်းစူရှုကျ လောဝ်ပြောတော့ အစ်ကိုကြီးကိုစိုင်းနောင် က လိုက်လှဲစွာရယ်ပါသည်။

"ဟုတ်ပါသတဲ့ဗျာ …ဟုတ်ပါသတဲ့"

"ပြောတော့ဖြင့် လောဝ်ကို ချစ်တယ် ချစ်တယ်နဲ့၊ ပြီးတော့ ဘယ်သူကမှ လောဝ်ကို သတိရကြတာမဟုတ်ဘူး"

"ရုတ်တရက်ဆိုတော့ ဝမ်းသာလုံးဆို့ပြီး လောဝ်လေးကို မေ့သွားတာပါဗျာ၊ ဒါနဲ့ လောဝ်လေးကရော ဘာဖြစ်လို့ အစ်ကို ကြီးကို လာမကြိုဘဲနေရတာတုန်းဗျာ"

"ကြိုနေသားပဲလို့ …အစ်ကိုကြီးကမှ လောဝ်ကို မမြင် ဘဲ"

"အဟွန်း …ဟွန်း …ဟွန်း"

အငယ်ဆုံး၊ အထွေးဆုံး ညီမလေးကို ကိုစိုင်းနောင်ပဲ ချစ်ခင်စွာ အရှုံးပေးလိုက်ရပါသည်။

နိုင်ငံခြားမှာ ပညာသင်သွားနေရသော နှစ်နှစ်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတွင်းမှာပင် ကိုစိုင်းနောင်၏ ညီလေးနှင့် ညီမလေးတို့မှာ အရွယ်ရောက်ခဲ့ကြရပါပြီ။ လှပသော အပျိုမလေးနှင့် ချောမောသော ညီလေးတို့အတွက် ဂုဏ်ယူရသလို စာတော်၍ ရည်မွန်သော ရုပ်ချောသော ကိုစိုင်းနောင်လို နိုင်ငံခြားပြန် သားတစ်ယောက်အတွက် သားမက်ဖမ်းလိုသူတွေ ဝိုင်းဝိုင်းလည်ခဲ့သဖြင့် ဦးခွန်သာတို့ ဇနီးမောင်နှံမှာ ဘယ်နေရာကိုပဲသွားသွား အားလုံး၏ အရေးစိုက်အလေးပေးခြင်း ခံခဲ့ကြရသူများဖြစ်သည်။

မပူမပင် မတောင့်မတ လိုတရပြည့်စုံသော သူဌေးကြီး ဦးခွန်သာတို့ ဇနီးမောင်နှံမှာ သားသမီးများအတွက် ဂုဏ်ယူမဆုံးဖြစ်နေသည့်အချိန်။

မိသားစုထဲသို့ မျှော်လင့်မထားသော အဖြစ်အပျက်တစ်ခု ဝင်ရောက်လာခဲ့ခြင်းက ကိုစိုင်းနောင်တို့ မိသားစုကို တစ်မျိုးတစ်ဖုံ ပြောင်းလွှဲပစ်လိုက်ခြင်းဆိုလျှင်လည်း မမှားပါချေ။

ထိုနေ့က မိသားစုအားလုံး သိုက်သိုက်ဝန်းဝန်းဖြင့် အတူရှိနေကြသည့်အချိန်။ တစ်ခါမှမမြင်ဘူးသော လူစိမ်းတစ်ယောက် ရောက်လာပြီး ဦးခွန်သာလက်ထဲသို့ အဝါရောင်စာအိတ်တစ်လုံး လာပေးသွားခြင်းမှ အစပြုခဲ့ခြင်းဖြစ်သည်။

ညှိုသည်ပြန်သွားသည်နှင့် ဒက်ဒီက ထိုစာအိတ်ကိုယူကာ သူ့အခန်းထဲဝင်သွားသလို မာမီ့ပုံစံကလည်း သိသာစွာ မျက်နှာပျက်လျက် ဒက်ဒီနောက် အတူလိုက်ပါသွားခဲ့သည်။

"ဘာစာလဲမသိဘူးနော် အစ်ကိုကြီး"





"အလုပ်ကိစ္စတွေပဲနေမှာပါကွာ ...ဒက်ဒီတို့လူကြီးတွေ စိတ်ရှုပ်နေချိန်မှာ ညီနဲ့ညီမလေးက ကိုယ့်ဘာသာ လိမ်လိမ်မာမာ နေကြ ဟုတ်လား"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ကိုစိုင်းနောင်ပုံစံက ညီနဲ့ညီမလေးရှေ့မှာ ဘာမှမဖြစ်သလို တည်ကြည်ငြိမ်းအေးစွာ နေပြလိုက်ရပေမယ့် စိတ်ထဲကတော့ ထို အဝါရောင်စာအိတ်အကြောင်းကို သိပ်ပြီးသိချင်နေမိသည်။

ကိုစိုင်းနောင် သတိထားမိသလောက် ထိုအဝါရောင်စာ အိတ် ရောက်လာပြီးမကြာလိုက် ကိုစိုင်းနောင်တို့မိသားစု တစ်နေရာသို့ ပြောင်းရွှေ့ကြရခြင်းပဲဖြစ်သည်။

ဒါကလည်း ကိုစိုင်းနောင် သိတတ်စအရွယ်ထဲက ထိုစာအိတ်လေးနှင့် ပတ်သက်သည့် ရာဇဝင်ဟု ဆိုရပေမည်။ အစတုန်းကတော့ ကိုစိုင်းနောင်လည်း သေချာရေရာစွာ သတိထားခဲ့မိခြင်း မရှိသေးပါ။

နောက်မှ တဖြည်းဖြည်း ထိုစာအိတ်လေးနှင့် သူတို့မိသားစု ကံကြမ္မာအပြောင်းအလွဲကို ရိပ်မိသိရှိလာခြင်းဖြစ်သည်။

သူငယ်စဉ်မှစ၍ အခုအသက်အရွယ်အထိ ထိုစာအိတ်လေးက ရောက်လာနေတာကို သူ အံ့သြနေမိသည်။ အမြဲလာနေသော စာမျိုးမဟုတ်ပါ။

တစ်နေရာမှာ အခြေဟကျရှိနေသည့်အချိန်မျိုးမှာ ထိုစာအိတ်လေး ရောက်လာပြီးနောက် ကိုစိုင်းနောင်တို့ မိသားစု ထိုအရပ်



www.burmeseclassic.com

www.burmeseclassic.com



ဒေသမှ ပြောင်းရွှေ့ကြရခြင်းဖြစ်သည်။

ထိုစာကို ကိုစိုင်းနောင်ကိုယ်တိုင်၊အထူးပင် စိတ်ဝင်စားမိသည်။ မာမီကို မေးကြည့်တော့လည်း သူသိလိုသော အဖြေကို မရ။ ဒက်ဒီကြပြန်တော့လည်း ဘာမှမဟုတ်ပါဘူးသားကြီးရာ အလုပ်ကိစ္စပါဆိုတာနှင့်ပဲ ပြီးပြတ်သွားသည်။

လူကြီးမိဘတွေ မပြောချင်သည့် စကားကို ကိုစိုင်းနောင်လည်း ဖွတ်မေးမနေတော့ပါ။ လိမ္မာသော သားတစ်ယောက်ဖြစ်သည့်အတိုင်း မိဘတွေ စိတ်အနှောင့်အယှက်ဖြစ်မည့်စကားကို ထပ်မေးမနေတော့။

မိဘများ ပြောင်းရွှေ့ရာသို့ အတူလိုက်ပါလာခဲ့ရင်း တစ်ယောက်သောသူကို ခြေရာဖျောက်နေခြင်းဟု စိတ်မှာ သူ့အလိုလို ခံစားသိမြင်လာရခြင်းကြောင့် ကိုစိုင်းနောင် မသိနိုင်သည့် ထိုတစ်စုံတစ်ယောက်မှာ သူတို့မိသားစုကို စောင့်ကြည့်လျက် ရှာဖွေစုံစမ်းဆက်သွယ်မှု ပြုနေခြင်းဖြစ်ကြောင်း သိရှိလာခဲ့ရသည်။

ထိုတစ်စုံတစ်ယောက်မှာ ရန်သူလား၊မိတ်ဆွေလား ခွဲခြားမသိနိုင်သော်လည်း ကိုစိုင်းနောင် မိဘများက ထိုသူကို လုံးဝအတွေ့မခံနိုင်သဖြင့် ခြေရာဖျောက်နေခြင်းဟု တွေးမိလာ၏။

ဟိုးတုန်းကတော့ ထိုကိစ္စမှာ သူနှင့် ဘာတစ်ခုမှ မသက်ဆိုင်သော လူကြီးမိဘတွေကိစ္စတစ်ခုအဖြစ် သဘောထားနိုင်ခဲ့သော်လည်း အခု ကိုစိုင်းနောင်မှာ လူကြီးတစ်ယောက်ဖြစ်လာပြီမို့ ဘာမှမဟုတ်သည့်စာလေးတစ်စောင်ကြောင့် မိသားစု၏ အခြေကျ နိုင်





မာနေသော စီးပွားရေးလုပ်ငန်းများကို ပြစ်ပယ်ရှောင်ပုန်းနေရသော မှုမမှန်သည့် အပြုအမူများအတွက် တားမြစ်ကန့်ကွက်ချင်လာပါပြီ။

မိတ်ဆွေဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ် မိဘတွေကိုယ်စား ကိုစိုင်းနောင်ကပဲ အားလုံးရှေ့က မားမတ်စွာ ရပ်တည်ဖြေရှင်းရန် ဆုံးဖြတ်ထားသည့်အတိုင်း ထိုကိစ္စကို အဖြူအမည်း သည်းကွဲစွာ သိချင်လာ၏။

ထို့ကြောင့်ပင် အဓိပ္ပာယ်မဲ့လှသော အခုအဖြစ်ကို ပြောင်းလဲပြစ်ရန် ထိုစာပါအကြောင်းအရာကို ဒက်ဒီအား ပိုင်နိုင်စွာ မေးမြန်းတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်သည်။

♡ ◻ ♡



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"မငိုပါနဲ့ နန်းရယ် ...ဒီကိစ္စတွေဟာ ကျုပ်တို့မိသားစု အတွက် တစ်နေ့မှာ မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရမယ့် အဖြစ် အပျက်တွေဆိုတာ နန်းကိုယ်တိုင်လည်း သိခဲ့တာပဲမဟုတ်လား ကွယ်"

"ဒါပေမယ့် အဖြစ်မှန်တွေကို သားကြီးသိသွားရင် ကျွန်မ တို့ကို မုန်းသွားမှာ ကျွန်မကြောက်တယ် ကိုခွန်သာ"

"သားကြီးကို ကျွန်မချစ်တယ်၊ သားရဲ့အမုန်းနဲ့ ဥပေက္ခာ ပြုမှာကိုလည်း ကျွန်မ မခံနိုင်ဘူး"

"ဟင်း"

ပြောရင်း တသိမ့်သိမ့်ရှိုက်ငိုနေသော ဇနီးသည်ကိုကြည့် ပြီး ဦးခွန်သာ သက်ပြင်းရှိုက်လိုက်သည်။ မျက်ဝန်းအကြည့်ကို တောင်ပြာတန်းနှင့် မိုးကောင်းကင်ရှိရာကို လွှဲလိုက်ရပေမယ့် မျက်ဝန်း ထဲမှာ ဘာကိုမှမမြင်။





သားကြီး ခွန်စောနောင် (သို့) စိုင်းနောင်၏ ယောကျ်ား ပီသ၍ တည်ကြည်ခန့်ညားသော မျက်နှာချောချောကိုသာ မြင် ယောင်လျက်ရှိ၏။

သား ...

ဦးခွန်သာ၏ ချစ်လှစွာသော သားကြီး ကိုစိုင်းနောင်နှင့် သူတို့မိသားစုဘဝ။ သားကို သိပ်ချစ်လွန်းလို့ သားရဲ့အမုန်းကို မခံချင်လို့ သားကိုချစ်ရလွန်းသည့်စိတ်ဓာတ်ဖြင့် အမှားများစွာကို ထပ်ဆင့်ကျူးလွန်ခဲ့သည့်အချိန်များစွာကို လှမ်းမျှော်ကြည့်လိုက်မိ ပြန်တော့ ရင်မောပမ်းလျှမှယ်ရာအတိ ဖြစ်ပေမယ့် သားကိုချစ်သည့် စိတ်ဓာတ်အဟုတ်ကြောင့် တစ်ချက်ကလေးမှပင် နောင်တမရခဲ့သော သူတစ်ယောက်က အခုတစ်ကြိမ် နောက်ဆုံးရောက်ရှိလာသည့် စာလေးတစ်စောင်အောက်မှာ သားသမီးချင်းစာနာစိတ်ကလေးဖြင့် သားကိုချစ်လှသော ကိုယ့်အတ္တကိုဖယ်ခွာလျှော့ချဖို့ ဖြစ်လာခဲ့ရပါပြီ။

ကိုယ့်ရင်က ဖြစ်တည်လာသော သား မဟုတ်ပါဘဲနှင့် သားကြီး ကိုစိုင်းနောင်အပေါ်မှာ ဤမျှချစ်ခင်တွယ်တာမဆုံး ရှိနေ ခဲ့ပါလျှင် သား၏သွေးသားရင်းချာဖြစ်သော တစ်ဦးတည်းသာကျွန် ရစ်တော့သော ကိုစိုင်းနောင်၏ အစ်မဖြစ်သူ စပ်မြတ်ဆေးဆိုသည့် မိန်းကလေးအပေါ်မှာ သူတို့အနေဖြင့် ထိုထက်ပိုပြီး ရက်စက်ရန် မသင့်တော်တော့ဟု စဉ်းစားမိလာရပါပြီ။

စပ်မြတ်ဆေးဆိုသည့် ကလေးမလေးမှာလည်း တခြား သူမဟုတ်၊ သူတို့ဇနီးမောင်နှံ လက်ပေါ်မှာတင် ကြီးပြင်းလာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးမလေး။

ထိုကလေးမလေးက အခုတော့ သူ၏တစ်ဦးတည်းသာ ကျန်ရစ်တော့သော မောင်ငယ်လေးကို ပြန်လည်ဆုံတွေ့ခွင့်ရရှိရန် အံသည်းအသန် ကြိုးပမ်းအားထုတ်လျက် ရှိနေခဲ့ရုံမက သူမနှင့် သူမ၏ မောင်လေးကို တစ်ကြိမ်ပဲဖြစ်ဖြစ် လူချင်းဆုံတွေ့ခွင့်ပြုပေးပါရန် အနူးအညွတ် တောင်းဆိုအသနားခံထားသည့် စာလေးက ဦးခွန်သာတို့ ဖနီးမောင်နံ့ကို အထူးတုန်လှုပ်စေခဲ့ရပါပြီ။

ဦးခွန်သာ၏ အတွေးတွေက ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာကို လျင်မြန်စွာ ရောက်ရှိသွားသည်။ ထိုအချိန်တုန်းက သူ၏အမည်မှာ ဦးခွန်သာမဟုတ်သလို သူ့ဇနီး၏ အမည်မှာလည်း ဒေါ်နန်းတစ်မဟုတ်ခဲ့ပါ။

စိုင်းနောင်ဖနှင့် နန်းလောဝ်ယန့်တို့ ဖနီးမောင်နံ့၏ ငယ်ဘဝ။ မဟာဒေဝီက သားအဖြစ် မွေးစားရန် အပြီးအပိုင် ပေးအပ်လိုက်သော သားလေးကို ရရှိပြီးနောက် ပျော်လွန်းသဖြင့် ဇနီးဖြစ်သူက သူတို့သားအဖကိုဖက်ပြီး အားပါးတရငိုချလိုက်သည့်အဖြစ်ကို အခုချိန်ထိ မမေ့သေး။

သားကိုပိုက်၍ ရေကြည်ရာ မြက်နုရာကို ထွက်ခွာခဲ့ပေမယ့် ထိုအချိန်တုန်းက တစ်နေ့ကြရင် သားကို သူ့ဘဝအဖြစ်မှန်ကို ပြောပြမည်ဆိုသည့် စိတ်ကူးကိုယ်စီနှင့် ဖြစ်ပါသည်။

ထို့ကြောင့်လည်း မဟာဒေဝီနှင့် အဆက်အသွယ်မပြတ်ခဲ့သလို သမီးလေးနှစ်ယောက်နှင့် သူတို့မောင်လေး၏ သတင်းကို





လည်း အပြန်အလှန် ဆက်သွယ်ပေးပို့ခဲ့သည်။

နောက်ပိုင်း မဟာဒေဝီတို့ဘက်မှ ရုတ်တရက် အဆက်အသွယ် ပြတ်တောက်သွားပြီးနောက် စိုင်းနောင်ဖတို့ ဇနီးမောင်နံ့လည်း ရေကြည်ရာ မြက်နုရာ တခြားဒေသတစ်ခုကို ရွှေ့ပြောင်းခဲ့ကြရသည်။

ထိုအချိန်ထိ သူတို့ဘက်က မဟာဒေဝီတို့ရှိရာသို့ ကြိုးစားပြီး ရှာဖွေစုံစမ်းဆက်သွယ်နေဆဲ ဖြစ်ပါသော်လည်း တစ်ဖက်က ဘာတစ်ခုမှ တုံ့ပြန်ဆက်သွယ်ခြင်းမရှိဘဲ လုံးဝပြတ်တောက်သွားခဲ့ရာမှ အစပြု၍ ကိုယ်တိုင် မိဘအရင်းအချာများအဖြစ်ဖြင့်သာ သား၏ချစ်ခြင်းမေတ္တာကို လိုချင်ရယူလာခြင်းကြောင့် သူတို့ဘဝမှန် မွေးစားမိဘများဘဝကိုပါ တစ်ခါတည်း ပယ်ဖျောက်ပြစ်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။

အထူးသဖြင့် သားကြီး စပ်မိုင်းနောင်ကို သူတို့ဇနီးမောင်နံ့ အပိုင်ရရှိပြီးနောက် နှစ်နှစ်အကြာမှာ သူတို့၏ ရင်သွေး စိုင်းစောဟုန်ကို ကိုယ်ဝန်ရရှိလာခဲ့ရာ သားကြီးထံမှ ကံကောင်းခြင်းများကို ရရှိသဖြင့် သားကြီးအပေါ်မှာ ပို၍အချစ်တိုးကာ တမြတ်တနိုးချစ်ခဲ့ကြရသူများ ဖြစ်သည့်အတိုင်း ကိုယ့်ကိုယ်ကို မွေးစားမိဘများအဖြစ် ဝန်ခံလိုက်ရမှာကို ပို၍ဝန်လေးတုံ့နှေးလာခဲ့ရခြင်းဖြစ်သည်။

တစ်ဖက်ကလည်း လုံးဝအဆက်အသွယ် ပြတ်သွားပြီဖြစ်ရာ စိတ်ကို ဒုံးဒုံးချပြီး မိဘအရင်းတွေလိုပဲ နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာသည့်အထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ သားလူပျို့ပေါက်အရွယ် အရာရာသိတတ်လာသည့်အချိန်ကြမှ ရုတ်တရက်ကြီး မဟာဒေဝီတို့ဘက်မှ အဆက်အသွယ်ပြုလာခဲ့သည်။

မှတ်မှတ်ရရ သားခြောက်တန်းရောက်သည့်နှစ်မှာ ဖြစ်သည်။ ကိုစိုင်းနောင်ကိုယ်တိုင်က သူ့ကိုယ်သူ စိုင်းနောင်ဖတို့ကို မိဘအရင်းအချာများ အမှတ်ဖြင့် မြတ်နိုးချစ်ခင်တွယ်တာလျက်ရှိနေပြီးမှ အဖြစ်မှန်ကို ဖော်ထုတ်ဝန်ခံဖို့ လင်မယားနှစ်ယောက်စလုံး မအိပ်နိုင်မစားနိုင် ဖြစ်ခဲ့ကြရသည်။

နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်စေတော့ရယ်လို့ သဘောပိုက်ကာ ထိုနေရာက ပြောင်းရွေးခဲ့ကြသည်။

နောက်ထပ်ဆက်သွယ်ခွင့်မရအောင် ခြေရာဖျောက်ပစ်လိုက်ခြင်းဆိုရင်လည်း မမှားပါ။ ထိုနည်းဖြင့် နှစ်ကြိမ်၊ သုံးကြိမ်ပြောင်းရွှေ့နေရာဖျောက်ပြီးသည့်အချိန်မှာ မဟာဒေဝီနှင့် အကြီးမလေးတို့ ဆုံးပါးသွားသည့်သတင်းကို ကြားရခြင်းဖြစ်သည်။

အလတ်မလေး စပ်မြတ်ဆေး ကျန်ရစ်ခဲ့သော်လည်း သူတို့ထိုက်စွက်ကို ထည့်မစဉ်းစားတော့ပါ။ စပ်မြတ်ဆေးကိုယ်တိုင်လည်း ငယ်ရွယ်သူတစ်ယောက်ဖြစ်သည့်အတိုင်း ငယ်စဉ်ကလေးဘဝမှ ခွဲခွာခဲ့ရသော မောင်ဖြစ်သူအပေါ်မှာ သံယောဇဉ်တွယ်ငင်ပြီး အခုလို ရေမြေဆုံးအောင် လိုက်လံရှာဖွေ ဆက်သွယ်ခြင်း ပြုလိမ့်မည်ဟု မထင်ခဲ့တာလည်း ပါပါသည်။

သူလည်း သူ့ဘဝနဲ့သူ၊ ကိုယ်လည်း ကိုယ့်ဘဝနှင့်ကိုယ်





အားလုံး အေးငြိမ်းစွာ ပြီးဆုံးသွားလိမ့်မည်ဟု မှတ်ထင်ယုံကြည်ထားခဲ့သော်လည်း စပ်မြတ်ဆေးက သူတို့တွေးထင်ထားသလို သူ့ဌေးမလေး စပ်မြတ်ဆေးဘဝနှင့် ပြည့်စုံချမ်းသာ ကြွယ်ဝမှုကြားမှာ ဘဝတစ်ခုကို ပျော်ရွှင်စွာ တည်ဆောက်သွားခြင်းမပြုဘဲ ပျောက်ဆုံးသွားသော မောင်ဖြစ်သူကို ရှာဖွေဆက်သွယ်လာခဲ့ခြင်းမှ အစပြုပါသည်။

စပ်မြတ်ဆေးဘက်က ကြည့်တော့လည်း မလွန်ပါ။ လောကကြီးပေါ်မှာ သွေးသားရင်းချာအဖြစ် တစ်ဦးတည်းကျန်ရစ်ခဲ့သော မောင်ဖြစ်သူကို တွေ့ဆုံခွင့်ရရှိရန် ဦးစိုင်းနောင်ဖနှင့် ဒေါ်နန်းလောဝ်ပန်တို့၏ ရေကြည်လည်းနောက် ခြေရာဖျောက်ခဲ့ရာ လမ်းတစ်လျှောက် ခွဲကောင်းကောင်းဖြင့် ခြေရာခံပြီးမှ ခက်ခဲပင်ပန်းမှုတွေ အဆင့်ဆင့်ကြားက အမည်တွေပါပြောင်းလွဲထားသော ဦးခွန်သာနှင့် ဒေါ်နန်းတစ်တို့ကို ရှာဖွေတွေ့ရှိလာခဲ့ရှာသူလေး ဖြစ်သည်။

အသက်တွေရလာပြီဆိုတော့ ဟိုတုန်းကလို တစ်နေရာကို ရှောင်ပြေးတာလည်း မလုပ်ချင်တော့သလို အခုချိန်ကြမှ သားကြီးကို သူ့ဘဝမှန်ကို ပြောပြပြီး ကိုယ့်ကိုယ်ကို မွေးစားမိဘအဖြစ်သူစိမ်းတစ်ယောက်ဖြစ်ကြောင်းကို ဖော်ထုတ်ရမှာလည်းခက်နှင့်ကြီးစွာသော အခက်ကြုံကြရသည့် အဖြစ်ပါ။

"သူစိမ်းတစ်ယောက်ဆိုတဲ့အကြည့်နဲ့ ကြည့်လာမယ့်သားရဲ့ မျက်လုံးတွေကို ကျွန်မ ရင်မဆိုင်ရဲဘူး ကိုခွန်သာရယ်"

"တစ်ခုခုတော့ ကိုယ်တို့ ဆုံးဖြတ်ကြရမှာပဲလေ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com


အကြောင်းတွေကို နောက်ကျမှ သားကိုယ်တိုင် သိခွင့်ရသွားရင် ကိုယ်တို့အပေါ်မှာ သားရဲ့အမြင်က ပိုဆိုးသွားနိုင်တယ်ဆိုတာရော နန်း တွေးမိရဲ့လား"

ရှိုက်ငင်သံတစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားပြီး ဦးခွန်သာမျက်နှာကို အလန့်တကြားလေး မော့ကြည့်ပုံက သနားစရာ။

"ဒီလိုဆို ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင်၊ သားစောဟုန်နဲ့ သမီးလေး လောဝ်ကိုရော ဒီအဖြစ်တွေကို အမှန်အတိုင်း ကျွန်မတို့ ဖွင့်ပြောလိုက်ရမှာလား"

"အဲဒီလောက်အထိတော့ မလိုအပ်ဘူးထင်တယ်၊ ဒီအကြောင်းကို သားကြီးနဲ့ ကိုယ်တို့ပဲသိရင် ရပါပြီ"

"ဒီလိုဆို"

"ဒေါက် ...ဒေါက်"

"ဒက်ဒီ ...သမီးနဲ့ကိုကို အပြင်ခဏသွားမလို့ ကားယူသွားမယ်နော်"

တံခါးခေါက်သံနှင့် သမီးငယ်လောဝ်အသံကြောင့် တစ်ဝက်တစ်ပျက် စကားလေး ရပ်တန့်သွားရသလို ဒေါ်နန်းတစ်ကိုယ်တိုင်လည်း ပါးပြင်ပေါ်က မျက်ရည်တွေကို ကမန်းကတန်းလေး ဖယ်ရှားပစ်ရသည့်အဖြစ်ပါ။

"အေး ...အေး ကားကို ဖြည်းဖြည်းမောင်းကြနော် သမီးလေး"

"ဟုတ်ကဲ့ပါ ဒက်ဒီ၊ သမီးတို့သွားပြီနော်"





ခုန်ပေါက်ပြေးလွှားသွားသော ခြေသံလေးကို ကြားလိုက်ရမှ နှစ်ယောက်အတူ သက်ပြင်းချလိုက်မိကြသည်။ ကားစက်နှိုးသံကြောင့် ပြတင်းပေါက်လိုက်ကာခန်းဆီးတွေကို အသာမကြည့်လိုက်တော့ စိုင်းစောဟုန်နှင့် လောဝ်တို့ မောင်နှမနှစ်ယောက် ပြုံးပျော်နေသော မျက်နှာလေးတွေနှင့် ကားဖြင့်ထွက်သွားတာကို မြင်လိုက်ရ၍ ဒီအချိန်ဆို သားကြီးတစ်ယောက်ထဲ သူ့အခန်းထဲမှာ ရှိနေမည်လား။ ဒါမှမဟုတ် ခြံထဲမှာ ရောက်နေမည်လား သိချင်လာမိသည်။

"နန်း"

"ရှင်"

"ဒီအချိန် သားကြီးကို ခေါ်ပြောမှထင်တယ်"

ဒေါ်နန်းတစ် ရုတ်တရက် ဘာမှပြန်မပြောဘဲ ငြိမ်သက်သွားပြီးမှ ...

"ကျွန်မ ...သားနဲ့ ရင်မဆိုင်ချင်ဘူး ကိုခွန်သာ၊ကျွန်မ တောင်ပေါ်ရွာကိုသွားမှ ရှင်ကိုယ်တိုင် သားကိုဖွင့်ပြောပါ"

"နန်းရယ်"

မည်သည့်စကားမှ မဆိုတော့ဘဲ အခန်းထဲက ကျောခိုင်းထွက်ခွာသွားသော ဇနီးသည်၏ ကျောပြင်ကိုကြည့်ပြီး ချစ်ဇနီး၏ အမည်ကို ကြေကွဲထိခိုက်စွာ ဆိုညည်းလိုက်မိခြင်းဖြစ်ပါသည်။

"နန်း မသွားပါနဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကို ကိုယ်နဲ့သားကြီးပဲ သွားလိုက်ပါ့မယ်၊ အကြောင်းစုံကို သားကြီးသိသွားပြီး စိတ်အေးလက်အေးဖြစ်လာတဲ့အချိန့်အထိ ဟိုမှာပဲ သားကြီးနဲ့အတူနေဦးမယ်"

"ဖြစ်ပါ့မလား"

"နန်းက ဘာကိုဆိုလိုတာလဲ"

ဒေါ်နန်းတစ် ရုတ်တရက် ပြန်မဖြေတတ်။ ခင်ပွန်းသည်၏ မျက်နှာကိုသာ တွေတွေဝေဝေလေး ငေးကြည့်နေပြီးမှ မျက်လွှာချ ခေါင်းငုံ့လိုက်ပြီး ...

"ကျွန်မ သေချာမပြောတတ်ဘူး၊ ဒါပေမယ့် စိတ်ထဲမှာ ဘာကိုမှန်းမသိ စိုးရိမ်နေမိတယ်"

"သိပ်လည်း စိတ်မပူပါနဲ့လေ၊ သားကြီးလည်း စဉ်းစားဉာဏ်ရင့်သန်တဲ့ အရွယ်ရောက်နေပြီပဲ၊ အမှားအမှန် အဆိုးအကောင်း အားလုံး ခွဲခြားသိနိုင်မှာပါ"

"အဲဒီလိုဖြစ်ပါစေလို့ပဲ ကျွန်မ ဆုတောင်းရင်း မျှော်လင့်နေမှာပါရှင်"

"နန်းရဲ့ဆုတောင်း ပြည့်မှာပါကွယ်၊ ကိုယ်တို့ခရီးထွက်ဖို့ ကိစ္စ သားကြီးကို သွားပြောလိုက်ဦးမယ်"

ဦးခွန်သာ အခန်းထဲက ထွက်သွားသည်နှင့် ဒေါ်နန်းတစ်တစ်ယောက် ခုတင်ခြေရင်းမှာ ပြေလျော့စွာ ထိုင်ချလိုက်မိသည်။

သားကြီး ကိုစိုင်းနောင်ဟာ သူ့ကိုယ်သူ မွေးစားသားတစ်ယောက်ဆိုတာ သိသွားခဲ့ရင် ဒီမိသားစုအပေါ်မှာ အရင်လိုစိတ်





နဲ့ ချစ်ခင်နိုင်ပါဦးမလား။

ပြီးတော့ သူ့ကိုယ်သူ လူစိမ်းတစ်ယောက်အဖြစ် သတ်မှတ်ပြီး အားငယ်ဝမ်းနည်းထိခိုက်သွားရှာမည်လား။

သားကြီးကိုချစ်တဲ့စိတ်နဲ့ မဟာဒေဝီရဲ့ ဆက်သွယ်မှုကို ငြင်းဆန်လိုက်ခြင်းအပေါ်မှာ ရက်စက်လွန်းသူများရယ်လို့ ခံစားနာကြည်းနေဦးမည်လား။

သားရယ် ...။

အားလုံးဟာ မာမီ့အပြစ်တွေချည်းဖြစ်လို့ မာမီ့ကို ခွင့်လွှတ်ပါတော့ကွယ်။

ပါးပြင်ပေါ် စီးကျလာသော မျက်ရည်များကို မတားမြစ်မိတော့ဘဲ ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ရှိုက်ငင်ငိုကြွေးမိသည့်အဖြစ်ကို မည်သူသိနိုင်ပါမည်လည်းလေ။

တိတ်ဆိတ်သော အခန်းလေးထဲမှာ ကြေကွဲဖွယ် ငိုရှိုက်သံတို့ ပျံ့လွင့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

"ဒက်ဒီ"

"သားကြီး"

ကိုစိုင်းနောင် အိပ်ခန်းထဲအထွက် အခန်းဝမှာ သားအဖနှစ်ယောက် ဆုံမိကြခြင်းဖြစ်သည်။

"အခုပဲ ကျွန်တော်လည်း ဒက်ဒီဆီ လာမလို့"

"ကိစ္စရှိလို့လား သား"

"ဒက်ဒီကို ကိစ္စတစ်ခု မေးစရာရှိလို့ပါ၊ညီလေးတို့ လည်းမရှိဘူးဆိုတော့ ဒက်ဒီနဲ့ကျွန်တော်တို့ စာကြည့်ခန်းထဲမှာပဲ စကားပြောကြရအောင်လား ဒက်ဒီ"

"သားကြီးသဘောပါဗျာ"

"မာမီရော ဒက်ဒီ"

"အိပ်နေတယ်ထင်ပါရဲ့ကွာ"

ဦးခွန်သာ မရုတ်မလွှန်ဘဲ ဖြေလိုက်ပြီး သားဖြစ်သူ၏





မျက်နှာချောချောကို တစ်ချက်အကဲခတ်လိုက်သည်။

မေးစရာရှိလို့ဆိုပါလား ...။

သားကြီးက ဘာများမေးချင်လို့ပါလိမ့်ဟု တွေးပါသော်လည်း အဖြေကမရ။

လူပုံချောချော၊ မိန်းမလှလှလေးတွေ ဝိုင်းဝိုင်းလည်နေသော သားကြီးက ပြောစရာရှိလို့ဟုဆိုရုံ မိန်းမတောင်းခိုင်းတော့မှာလားဟု သားကို ရယ်မောပြီး ပြောလိုက်မိမှာဖြစ်ပေမယ့် တည်ငြိမ်သောမျက်နှာနှင့် လေးနက်သောအသွင်ကို ဆောင်ထားသည့် သားပုံစံကြောင့် ဦးခွန်သာ သက်ပြင်းကျိတ်ရှိုက်လိုက်သည်။

စာကြည့်ခန်းထဲမှာ သားအဖနှစ်ယောက် အတူထိုင်မိကြပြီးနောက် သား၏မျက်နှာကို ဦးခွန်သာ တစိမ့်စိမ့်ကြည့်နေမိသည်။

"ဒက်ဒီကို အခု ကျွန်တော်မေးမယ့် မေးခွန်းဟာ အိမ်ရဲ့မိသားစုအတွက် ဒက်ဒီနဲ့မာမီတို့အတွက်ဆိုတာ အရင်ဦးဆုံး ပြောပါရစေ ဒက်ဒီ"

"သားစကားက အထူးအဆန်းပါလား၊ ဒက်ဒီကို သား ဘာများ မေးချင်ပြောချင်လို့လဲ"

"ဒက်ဒီဆီကို ရောက်လာတဲ့ စာအကြောင်းပါ"

"ဟင်"

ဦးခွန်သာ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး သား၏မျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။ ဦးခွန်သာ ဘာမှမပြောရသေးဘဲနဲ့ သားက သူ့ကိစ္စကို ကြိုသိနေပြီလားဆိုသည့် အတွေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

"သားက အဲဒီစာနဲ့ပတ်သက်ပြီး ဘာတွေသိနေလို့လဲ"

"ဘာတစ်ခုမှ မသိပါဘူး ဒက်ဒီ၊ ဒါပေမယ့် အဲဒီစာကြောင့် ကျွန်တော်တို့မိသားစုမှာ တစ်စုံတစ်ခု အနှောင့်အယှက်ခံနေရတယ်ဆိုတာတော့ ကျွန်တော်သိတယ်၊ ကျွန်တော်ဟာ ဒက်ဒီသားပါ၊ ဒက်ဒီ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် အကြီးဆုံးသားတစ်ယောက်အနေနဲ့ မိသားစုကိစ္စကို ကျွန်တော်သိသင့်တယ်လို့ ထင်ပါတယ်"

"ဒက်ဒီ့ဆီကို အခုရောက်လာတဲ့စာဟာ ဘယ်လိုစာမျိုးလဲ ဒက်ဒီ၊ အဲဒီစာရောက်လာတိုင်း ကျွန်တော့်တို့မိသားစု တခြားနေရာတစ်ခုကို ဘာဖြစ်လို့ ပြောင်းရတာလဲ"

"သား"

ဦးခွန်သာ အလန့်တကြား သားကို တားမြစ်လိုက်မိသည်။ ဒီကိစ္စတွေကို သားကြီးမသိနိုင်ဘူးလို့ ထင်ထားခဲ့တာ ဦးခွန်သာရဲ့ အမှားမှန်း အခုမှသိလိုက်သည်။

"ရန်သူတစ်ယောက်က ကျွန်တော်တို့မိသားစုကို အမြဲခြေရာခံလိုက်နေတာလား ဒက်ဒီ၊ အဲဒီလူကို ဒက်ဒီကိုယ်စား ကျွန်တော် ရင်ဆိုင်ပါရစေ"

"သား ...ဒက်ဒီ့သားကြီးရယ်"

မိသားစုဘက်က ရဲရဲကြီး ရပ်တည်လာသော သားကြီး။

ဦးခွန်သာ သား၏မျက်နှာကိုကြည့်ရင်း ကြည်နူးပီတိတွေနှင့် ချမ်းမြေ့သွားရသလို ဒီအဖြေနှင့် ဒီသားအရင်းအချာတွေ မဟုတ်





ပါဘူးရယ်လို့ ကိုယ်တိုင် နှုတ်က ဖွင့်ပြောဖို့ရာ ခက်လှသည့် အဖြစ်တွေပါလားရယ်လို့ တွေးမိပေမယ့် အခြေအနေတွေက မပြောရင် မဖြစ်တော့သည့် အနေအထားကို ရောက်နှင့်နေခဲ့ပါပြီကောလေ။

"အဲဒီလူဟာ ဘယ်လိုလူစားမျိုးလဲ ဒက်ဒီ၊ ဘာဖြစ်လို့ သားတို့မိသားစုကို အခုချိန်ထိ အလွတ်မပေးဘဲ မရအရ စုံစမ်းပြီး လိုက်ရှာနေကြရတာလဲ၊ ဒက်ဒီနဲ့ အဲဒီလူကြားမှာ ဘယ်လောက်ကြီးမားတဲ့ ရန်ညှိုးတွေများ ရှိခဲ့လို့လဲ"

"ပြောပါ ဒက်ဒီ၊ ဒီကိစ္စကို ဒီနေ့ပဲ ကျွန်တော် သိခွင့်ရမှဖြစ်မယ်"

မေးသည့်လူက ဦးခွန်သာကို မေးခွန်းပေါင်းမြောက်မြားစွာ မေးနေပါပြီ။ ဦးခွန်သာအနေနှင့် သားဖြစ်သူ ကျေနပ်အောင် တစ်ခုခုဖြေရပေလိမ့်မည်။ ထိုအဖြေမှာ သားဘဝအတွက် ဦးခွန်သာတို့မိသားစုဘဝလေးအတွက် အပြောင်းအလဲတစ်ခု မလွဲဧကန် ဖြစ်လာရတော့မှာကိုလည်း စိတ်က အလိုလိုသိနေတော့ ပြောထွက်ဖို့ခက်နေ၏။

"ဒက်ဒီ"

"ပြောပါ သားကြီး"

"ကျွန်တော်မေးတာတွေ တစ်ခုမှ ဒက်ဒီမဖြေသေးဘူးနော်၊ ဘာဖြစ်လို့လဲ ဒက်ဒီ"

"အဲဒီလူဟာ သားတို့မိသားစုအတွက် သိပ်ပြီးတော့များ



www.burmeseclassic.com

www.burmeseclassic.com



ကြာက်စရာကောင်းနေလို့လားဗျာ''

စိတ်အားထက်သန်စွာ မေးလာသည့် သား၏မျက်နှာကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး သက်ပြင်းရှိုက်လိုက်သည်။

''သားကြီးထင်သလိုတော့လည်း မဟုတ်ပါဘူးလေ၊ ဒါပေမယ့် တစ်စုံတစ်ယောက်သောသူနဲ့ ဒက်ဒီတို့မိသားစု ပတ်သက်မှုရှိနေခဲ့တာလည်း အမှန်ပါပဲ''

''အဲဒီလူကဘယ်သူလဲ ဒက်ဒီ''

''အင်း ...ပြောရရင်တော့ အရှည်ကြီးပဲ၊ တစ်ခုတော့ သားကြီးကို ဒက်ဒီ ကြိုတောင်းပန်ထားချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ အခုဖြစ်ပျက်ခဲ့တဲ့ ကိစ္စမှန်သမျှဟာ ဟောဒီက ဒက်ဒီ သားကြီးကို အသက်မက သိပ်ချစ်ရလွန်းလို့၊ စွန့်လွှတ်ဆုံးရှုံးရမှာ စိုးလွန်းလို့ဆိုတာ ဒက်ဒီသားကြီး နားလည်ပေးထားပါကွယ်''

''အထူးသဖြင့် ဒက်ဒီနဲ့ မာမီဘဝမှာ သားကြီးမရှိတော့ရင် မဖြစ်သလို ဒက်ဒီတို့ သိပ်ချစ်တဲ့သားကြီးက ဒက်ဒီတို့အပေါ်မှာ အထင်အမြင်လွဲမှားပြီး မုန်းတီးစိမ်းကားသွားမှာကိုလည်း မမြင်ရဲ မကြားရဲတာလေး ပါတာပေါ့ သားရယ်''

''ကျွန်တော်က ဘာဖြစ်လို့ ဒက်ဒီတို့ကို မုန်းတီးစိမ်းကားရမှာလဲ ဒက်ဒီရယ်၊ မိဘနဲ့သားသမီးကြားမှာ ဒီလိုစကားတွေပြောနေတာ သူများတွေကြားလို့တောင် မသင့်တော်ပါဘူးဗျာ''

''ဒက်ဒီ ဘာအဓိပ္ပာယ်နဲ့ ဒီစကားတွေ ပြောနေတယ်ဆိုတာ ကျွန်တော်မသိပေမယ့် ဒက်ဒီစကားတွေကို ကြားရတာ



ကျွန်တော် သိပ်ဝမ်းနည်းမိတယ် ဒက်ဒီ''

သားနဲ့အဖေကြားမှာ အခုလို သူစိမ်းဆန်သောစကားကို ပထမဆုံးအကြိမ် ကြားဖူးခြင်းမို့ ကိုစိုင်းနောင်၏ နှလုံးသားမှာ အမှန်တကယ်ပင် ကြေကွဲစိတ်ဖြင့် ထိနိုက်နာကျင်သွားရပါသည်။

''ဒက်ဒီလည်း စိတ်မကောင်းဖြစ်ရပါတယ် သားရယ်၊ ဖြစ်နိုင်ရင် ဒီအကြောင်းအရာတွေကို ဒက်ဒီကိုယ်တိုင် သားကို ဖွင့်မပြောချင်ပါဘူး၊ အခုတော့ အခြေအနေ အကြောင်းတရားတွေက ဒက်ဒီတို့ကို ဟိုအရင်အချိန်တွေတုန်းကလို ရှောင်ပုန်းထွက်ပြေးခွင့် မပြုတော့ဘူးလေ၊ ကိုယ့်အတ္တကိုချည်း ကြည့်နေရမယ့် အသက်အရွယ်တွေလည်း မဟုတ်တော့ဘူးဆိုတော့ နှစ်ဦးနှစ်ဖက် မျှတတဲ့ အဖြေမျိုးရအောင် စဉ်းစားပေးလာရပြီပေါ့ကွယ်''

''ဖြစ်လာသမျှကို ဒက်ဒီတို့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ သားမာမီကိုလည်း ဒက်ဒီကိုယ်တိုင် နှစ်သိမ့်ဖျောင်းဖျပြီး သတ္တိရှိရှိ ရင်ဆိုင်လိုက်ကြဖို့ တိုက်တွန်းခဲ့ပြီးပါပြီ''

''ဒီကိစ္စတွေကို မာမီလည်းသိတယ်ပေါ့နော်''

''သိတာပေါ့ သားရယ်၊ ဒီကိစ္စက ဒက်ဒီအတွက်ရော၊ မာမီအတွက်ရော ဟောဒီက သားကြီးအတွက်ရော အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုပဲကွယ်''

''သားအတွက်လည်းပါတယ် ဟုတ်လား ဒက်ဒီ''

ကိုစိုင်းနောင် အံ့သြစွာ မေးလိုက်မိသည်။

ဒက်ဒီတို့ မိဘတွေကိစ္စမှာ သူကိုယ်တိုင် ပါဝင်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မည်ဟု သူတစ်ခါမှ မစဉ်းစားခဲ့ဘူးတာလည်း သေချာပါသည်။

"ဟုတ်တယ်သား…အခုကိစ္စက သားအတွက် ထိပ်ဆုံးက အရေးပါတဲ့ကိစ္စမျိုးပါ"

ဖခင်ကြီး၏မျက်နှာကို စေ့စေ့စူးစူးကြည့်ရင်း ကိုစိုင်းနောင် ဘာပြောရမှန်းမသိဘဲ တွေဝေငြိမ်သက်သွားသည်။

"ဒက်ဒီ …ဘာကိုဆိုလိုတာလဲဟင်၊ ကျွန်တော်နားလည်အောင် ရှင်းပြပါလား ဒက်ဒီ"

"ရှင်းပြမှာပါ သား၊ အခု ဒက်ဒီပြောမယ့်အဖြစ်အပျက်တွေကို သား နားထောင်ပြီးရင်သာ ဒက်ဒီနဲ့မာမီကို သား နားလည်ပေးနိုင်ပါစေလို့ ဒက်ဒီ ဆုတောင်းနေပါ့မယ်"

"ဒီလိုပါ သား…"

ဦးခွန်သာ ခေါ် ဦးစိုင်းခွန်ဖ၏ စကားများက ဟိုးလွန်ခဲ့သည့် အတိတ်ကာလများဆီသို့ တဖြည်းဖြည်း ခေးလျက် ရောက်ရှိနစ်မျောသွားရသလို သားကြီး ကိုစိုင်းနောင်ခေါ် စပ်မိုင်းနောင်လေးနှင့် စတင်ဆုံစည်းခဲ့ရသော ကာလများကို ဆွတ်ပျံ့လွမ်းမောဖွယ်ရာကောင်းလှသော ပုံပြင်တစ်ပုဒ်သဖွယ် အဖြစ်မှန်အတိုင်း ရင်ဖွင့်ပြောပြလိုက်ရပါပြီ။

ငြိမ်သက်တိတ်ဆိတ်နေသော ကိုစိုင်းနောင်၏ အတွေးပုံရိပ်တိုင်းမှာ သူ့ဒက်ဒီ ပြောကြားနေသော စကားလုံးတိုင်းကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အံ့သြမှင်သက်လျက် ဒီအဖြစ်အပျက်





တွေဟာ သူ့ဘဝမှာ တကယ်ဖြစ်ပျက်ခဲ့တာလေ။

အိပ်မက်တစ်ခု မက်နေရခြင်းများလားဟု တွေးထင်ထိတ်လန့်စိတ်ဖြင့် အံ့သြဝမ်းနည်းလာရာမှ တဖြည်းဖြည်း အသည်းနှလုံးတွေပါ နာကျင်ထိခိုက်လာရပါသည်။

သူ့မြတ်နိုးသော၊ သူချစ်ခင်တွယ်တာသော မိသားစု၊ မိဘညီအစ်ကိုမောင်နှမအားလုံး ကိုစိုင်းနောင်နှင့် မည်သို့မျှ သွေးသားမတော်စပ်သော သူစိမ်းပြင်ပြင်များ ဖြစ်နေလိမ့်မည်ဟု ကိုခွန်သာဘယ်တုန်းကမှ စိတ်ကူးပင်ယဉ်၍ မကြည့်ဘူးသော အဖြစ်အပျက်များ ဖြစ်ပါလျက် အခုတော့ သူက မိသားစုတစ်ခုလုံးနဲ့ ဘယ်လိုမှ သက်ဆိုင်ပတ်သက်ခြင်းမရှိသော လူစိမ်းတစ်ယောက် ဖြစ်ခဲ့ပါရော့လား။

ဒါ …ဘယ်လိုဖြစ်တာလဲ …။

သူ့အပေါ်မှာ ကံကြမ္မာက ဒီလောက်တောင် ဆိုးရွားရက်စက်ခဲ့တာလား။

"ဒက်ဒီနဲ့မာမီဟာလည်း သားကို မခွဲနိုင်စိတ်နဲ့ အခုလိုနာမည်တွေပြောင်း၊တခြားမြို့ရွာတွေကို ခြေရာဖျောက်ပြီး ပြေးခဲ့ပေမယ့်လည်း နောက်ဆုံးတော့ သားရဲ့အစ်မ စပ်မြတ်ဆေးလေးက ဒက်ဒီတို့ရှိတဲ့နေရာကို မရအရ ရှာဖွေစုံစမ်းဆက်သွယ်လာခဲ့တာပါပဲ သားကြီးရယ်"

"အခုချိန်မှာ ဒက်ဒီတို့အနေနဲ့ သားသမီးချင်း ကိုယ်ချင်းစာနာစိတ်နဲ့ ကိုယ့်အတ္တကိုချည်း ရှေ့တန်းတင်နေလို့ မဖြစ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တွေးမိလာကြပြီမို့ ဒီအဖြစ်အပျက်တွေအားလုံး သားကြီးသိအောင် ရင်နာနာနဲ့ပဲ ထုတ်ဖော်ပြောလိုက်ရပါတာကွယ်''

''ဒီလိုပြောလိုက်ရလို့ ဒက်ဒီတို့ မိဘတွေမှာ အင်မတန်ရင်နာရပါတယ်၊ သားမာမီဆို တငိုငို တရယ်ရယ်နဲ့ သား သူ့ကို မုန်းတီးနာကြည်းသွားမှာကို သိပ်ကြောက်နေရှာတဲ့သူပါ''

''ပြောပါဦး သားရယ်၊ အခုလို ဒက်ဒီတို့ဘက်က တစ်ကိုယ်ကောင်းဆန်မှုတွေ၊ အတ္တကြီးမှုတွေကို ကြားရတော့ ဒက်ဒီတို့ကို သား သိပ်မုန်းသွားပြီလား၊ နာကြည်းသွားပြီလားသားရယ်''

ပြောရင်း ဦးခွန်သာအသံမှာ တုန်ရီလာသလို မျက်နှာမှာလည်း စိတ်ထိခိုက်ရသဖြင့် လွှန်မင်းစွာ အိုစာသွားသလို ထင်ရပါသည်။

ကိုစိုင်းနောင်မှာ သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိနိုင်အောင် နေရာမှာ တွေဝေငေးကြောင်စွာပင် ငြိမ်သက်တိတ်ဆိတ်နေ၏။

သူ့ရင်ထဲမှာ စကားများစွာ ပြောချင်နေမိသလို မည်သည့်စကားကို စပြောရမှန်းလည်း မသိပေ။

ဒီအဖြစ်အပျက်တွေအားလုံး အမှန်တကယ်ပဲဆိုရင်တော့ သူ့တို့မိသားစုလေးဘဝက နာကြည်းကြေကွဲဖွယ်ရာအတိ ဖြစ်သလို သူ့ကိုချစ်လွန်းသည့် မေတ္တာစိတ်ဓာဖြင့် မွေးစားမိဘတွေပါလို့ ထုတ်ဖော်မပြောလိုကြသော မိဘနှစ်ပါးတို့ကိုလည်း အပြစ်တင်ဖို့ ခက်သလို သွေးသားအရင်းအချာတွေနဲ့ ဘာတစ်ခုမှ အဆက်အသွယ် မရအောင် ဖြတ်တောက်ထားခဲ့ခြင်းကိုလည်း ရက်စက်လွန်းသည်





ရယ်လို့ မဆိုရက်ပါ။

''သား''

''ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒက်ဒီ၊ ဒက်ဒီတို့ကို ကျွန်တော် မမုန်းပါဘူး၊ ဒါပေမယ့် အခု ဒက်ဒီပြောလိုက်တဲ့ အဖြစ်အပျက်တွေကို ကျွန်တော် ရုတ်တရက်ကြားလိုက်ရတော့ ကျွန်တော်ကိုယ်တိုင် ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ ပြောမပြနိုင်အောင်ပါပဲခင်ဗျာ''

''သားကြီးရယ်''

''ဒက်ဒီတို့စိတ်ထဲမှာ ဘယ်လိုမှသဘောမထားဘူးဆိုရင် အခုလောလောဆယ် ကျွန်တော်တစ်ယောက်တည်းပဲ ခဏနေပါရစေ''

''သားကြီး သဘောပါကွယ်''

''ကျေးဇူးတင်ပါတယ် ဒက်ဒီ၊ ကျွန်တော့်ကိုခွင့်ပြုပါ''

''ကောင်းပါပြီကွယ်''

ကိုစိုင်းနောင်ကို စာနာသနားစိတ်ဖြင့် ကြည့်နေဆဲမှာပင် စာကြည့်ခန်းထဲက သားဖြစ်သူက တုန့်နှေးလေးကန်လှသော ခြေလှမ်းများဖြင့် ထွက်ခွာသွားပြီဖြစ်ပါသည်။

အခုချိန်မှာ သားကို ဦးခွန်သာ ဘာတစ်ခုမှ နှစ်သိမ့်မှု မပေးနိုင်ခဲ့သလို ကိုယ်ကိုယ်တိုင်လည်း ဖြေသိမ့်မှုကို မရှာဖွေနိုင်ခဲ့ပါ။

တစ်ရက် ...။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက် ...။

မိသားစုထဲမှာ ဟန်မပျက်အတူရှိနေသော သားကြီးကို ကြည့်ပြီး ဦးခွန်သာတို့ ဇနီးမောင်နှံမှာ ကိုယ်စီသောကဝေဒနာတွေကို ဖုံးအုပ်ထားနေရပါသည်။

အခုချိန်ထိ သားကြီးထံမှ ဘာစကားမှ မကြားရသေး။ သူတို့ဇနီးမောင်နှံကို သားဖြစ်သူက ခွင့်မလွှတ်နိုင်တော့ပြီလား။

မှုန်းတီးနာကြည်းသွားပြီလားဆိုသည့် သံသယမေးခွန်းများကြားမှာ တရစ်ဝဲဝဲ လှည့်လည်နေစဉ်မှာပင် သားကြီး၏ ခွင့်ပန်ချက်ဖြင့် သူတစ်ယောက်တည်း တောင်ပေါ်ရွာလေးရှိရာကို သွားရောက်နေထိုင်ခွင့် ပြုလိုက်ရပါသည်။

ထို့အတွက် နောင်သောအခါတွင် အင်မတန်မှ ဆွတ်ပျံ့လွမ်းမောဖွယ်ရာကောင်းလှသော ကြေကွဲနာကြည်းစရာ အဖြစ်အပျက်များ ဖြစ်လာလိမ့်မည်ဟု ထိုစဉ်က မည်သူမှ ကြိုတင်ရိပ်မိခြင်း မရှိခဲ့ကြချေ။





## အခန်း (၂၃)

ကိုစိုင်းနောင်မသွားခင် ဒီအကြောင်းတွေကို ညီလေးနှင့်ညီမလေး မသိပါစေနှင့်ဟု မိဘနှစ်ပါးကို ကြိတ်မှာခဲ့သော်လည်း စိုင်းစောဟုန်တစ်ယောက် မမျှော်လင့်ဘဲ သိသွားသည့်အဖြစ်ကို မည်သူမှမသိလိုက်ကြပါချေ။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူငယ်ချင်းများဖြင့် အပြင်သွားရန် ချိန်းဆိုထားပြီးမှ အစီအစဉ်ပျက်ပြီး တစ်ယောက်တည်း အိမ်ပြန်ရောက်လာသော စိုင်းစောတုန်ကို မည်သူမှ သတိမထားမိလိုက်ဘဲရှိစဉ် ဘာရယ်မဟုတ် မိဘတွေကို စနောက်ခြောက်လှန့်မည့်စိတ်ကူးဖြင့် မိဘများအခန်းကို တိတ်တဆိတ်လေး စိုင်းစောဟုန်ရောက်အလာ မာမီထံမှ ငိုရှိုက်သံကြောင့် မျက်ခုံးတွန့်ပြီး အခန်းထဲက စကားသံတွေကို နားစွင့်မိရာမှာ ကိုစိုင်းနောင်မှာ သူ့အစ်ကိုကြီးမဟုတ်ဘဲ မွေးစားအစ်ကိုဖြစ်ကြောင်း သိခွင့်ရခဲ့ခြင်းတည်း။

ကြားကာစတုန်းက စိုင်းစောဟုန်ကိုယ်တိုင် ကိုယ့်နားကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်။ အစ်ကိုကြီးက ဒီအကြောင်းတွေကို သူတို့မောင်နှမကို လုံးဝအသိမပေးဖို့ တားမြစ်သတိပေးသွားတာကို ကြားပြီးနောက် ထိုကိစ္စကို စိုင်းစောဟုန်ကိုယ်တိုင် မသိဟန်ဆောင်ပြီး နေလိုက်ရပေမယ့် အစ်ကိုကြီး၏ မျက်နှာချော့ချော့ကို ကြည့်မိတိုင်း တိတ်တိတ်ကလေး ဝမ်းနည်းကြေကွဲစွာ သနားနေမိခဲ့သည်။

သိချင်တာကို သိရမှ ကျေနပ်သော စိုင်းစောဟုန် တစ်ယောက် ဘယ်သူ့မှမသိအောင် မာမီတို့ မီးခံသေတ္တာကိုဖွင့်ပြီး သူသိချင်တာကို ရှာဖွေကြည့်ရှုရာမှ အစ်ကိုကြီး စိုင်းနောင်၏ အစ်မ စပ်မြတ်ဆေးထံမှ စာလေးကို ဖတ်မိလာခြင်းဖြစ်သည်။

ဘယ်အသက်အရွယ်ဟူ၍ကား မသိရ။ မောင်နှမချင်း ပြန်လည်ဆုံတွေ့ရန် ခက်ခဲစွာ ကြိုးပမ်းထားသမျှကို ရည်လျားစွာ ရေးထားတာကိုဖတ်ပြီး စိုင်းစောဟုန်စိတ်ထဲမှာ တစ်ခါမှ မမြင် မတွေ့ဘူးရပါပဲနှင့် စပ်မြတ်ဆေးဆိုသည့် မမကို သနားသွား၏။

သူ့လိုလူတောင်မှ ဘာမှ သွေးမတော်သားမစပ်ဘဲနှင့် စပ်မြတ်ဆေးဆိုသည့် မမကို ဤမျှသနားမိလျှင် သွေးသားအရင်း အချာဖြစ်သော ကိုစိုင်းနောင့်ဆိုလျှင် ဆိုဖွယ်ရာမရှိဟု စာနာစိတ်ဖြင့် တွေးရင်း တကယ်လို့များ စပ်မြတ်ဆေးတစ်ယောက် အစ်ကိုစိုင်းနောင်ကို တွေ့ဆုံဖို့လိုက်လာခဲ့လျှင် မဖြစ်ဖြစ်သည့်နည်းဖြင့် သူတို့မောင်နှမကို ပြန်လည်ဆုံတွေ့စေရမည်ဟု ဆုံးဖြတ်လိုက်သည့် အဖြစ်ကို မည်သူမှမသိ။

အစ်ကိုစိုင်းနောင် တောင်ပေါ်ရွာကို တစ်ယောက်တည်း





ထွက်သွားချိန်မှာ စိုင်းစောဟုန် အလိုက်တသိ ငြိမ်သက်စွာ တည် နေရစ်ခဲ့ပေမယ့် လောဝကဖြင့် မျက်ရည်တွေနှင့် သူပါလိုက်ခွင့်မရသဖြင့် ငိုကျန်ရစ်၏။

ကိုကို့ရင်ထဲမှာ ဘာတွေဘယ်လိုဖြစ်နေသည်ဆိုတာ စိုင်းစောဟုန်ပဲ သိသည်။

ကိုစိုင်းနောင် တောင်ပေါ်ရွာကိုသွားပြီး တစ်ပတ်အကြာ လုပသည့်ညနေလေးတစ်ခုမှာ စိုင်းစောဟုန်အတွက် အင်မတန်လှပသော အချစ်နတ်သမီးတစ်ပါးကို လူသားအသွင်ဖြင့် တွေ့မြင်ခွင့်ရခြင်းဖြစ်သည်။

ထိုညက သူတစ်ယောက်တည်း သူငယ်ချင်းအိုက်စံအိမ်မှအပြန် သူစီးလာသည့် ဆိုင်ကယ်အား ကားတစ်စီးက လူတစ်ယောက်ရှောင်လိုက်ရာမှ ဝင်တိုးမိခြင်းဖြစ်သည်။

"တီ"

"ဝုန်း"

"ဒုန်း"

"အား"

ဆိုင်ကယ်ပေါ်မှာ လူက အရှိန်ဖြင့် လမ်းဘေးမြက်ခင်းပေါ်သို့ လွင့်စင်ကျသွားတာကို မြင်လိုက်ရပြီးနောက် စပ်မြတ်ဆေး မျက်ဝန်းအစုံမှာ ပြာခနဲဖြစ်သွားသည်။

"ကားတိုက်ပြီဟေ့"

အနားကို လူတွေဝိုင်းမလာခင် စပ်မြတ်ဆေး ကားပေါ်မှ

www.burmeseclassic.com



ကမန်းတကန်းလေး ပြေးဆင်းကာ သူမကားဖြင့် ဝင်တိုက်မိသူကို အပြေးပွေ့ယူလိုက်သောအခါ ဆိုင်ကယ်ပေါ်မှလူ သတိလစ်မေ့နေပါပြီ။

မှောက်နေသည့်ကိုယ်ကို လှန်ကြည့်လိုက်တော့ နုငယ်ချောမောသည့် လူငယ်လေးတစ်ယောက်ဖြစ်နေ၏။

သူမမောင်လေး အရွယ်ပါလား။

“ဒီမှာရှင့် …ဒီမှာ”

“ကျွန်မ ခေါ်နေတာကြားလား”

ခန္ဓာကိုယ်တစ်ပိုင်းကို သွေးရွှဲသွေးတန်း ပွေ့ယူရင်း နှုတ်များက အဆက်မပြတ် ခေါ်နေသော်လည်း သူမဝင်တိုက်မိသူကဖြင့် မလှုပ်ပါ။

“ဘာဖြစ်သွားလဲ ကလေးမ”

“ကျွန်မလည်းမသိဘူးရှင့်၊ လူတစ်ယောက်ကိုရှောင်ရင်း သူစီးလာတဲ့ဆိုင်ကယ်ကို ဝင်တိုးမိတာပါ”

“ကြည့်ပါဦးရှင် …သူ သေများသွားပြီလားဟင်”

အနားကို လူစုစုရောက်လာသဖြင့် ရင်ထိတ်စွာ သူမဆိုလိုက်မိသည်။

“ဘာမှတော့မဖြစ်ပါဘူး သတိမေ့နေတာပါ၊ ဘာလုပ်မလဲ၊ ဆေးရုံပို့မလား”

“ဟုတ်ကဲ့”

“ကျွန်မကားပေါ်ကို သူ့ကိုတင်ပေးပါ၊ ဆိုင်ကယ်ကို





တော့ ဒီနားက အိမ်တစ်အိမ်မှာပဲ အပ်ထားခဲ့ပါရစေရှင်”

“ရတယ်ကလေးမ …ဦးအိမ်မှာ ဆိုင်ကယ်ယူထားလိုက်မယ်၊ဒီသူငယ်ကိုသာ ဆေးရုံအရင်ပို့လိုက်ပါ”

“ဟုတ်ကဲ့ပါရှင် …ဦးကို ကျေးဇူးတင်ပါတယ်”

အားလုံး၏အကူအညီဖြင့် စိုင်းဆောဟုန်တစ်ယောက် စပ်မြတ်ဆေးကားပေါ် ရောက်သွားဝါသည်။

ကားလေး နေရာမှစထွက်သည်နှင့် ချတ်တရက် ဘယ်ကို သွားရမှန်းမသိ။ ကိုယ်ကျွမ်းကျင်သည့် နေရာဒေသလည်း မဟုတ်ပါဘဲနှင့် စိတ်မြန်လက်မြန် ခမ်းမိုတားနေသည့်ကြားမှ ဗွတ်ကားမောင်း ထွက်လာခဲ့မိတာကို အခုမှနောင်တတွေရနေမိသည်။

ရောက်ရောက်ခြင်း ပြဿနာရှာမိသလို ဖြစ်နေတာကိုလည်း ကိုယ့်ကိုယ်ကို သဘောမကျ။ ကားကို မည်သည့်ဆေးရုံဆေးခန်းမှမသွားတော့ပဲ သူငယ်ချင်း ခမ်းမိုရှိရာကိုသာ ဦးတည်လိုက်သည်။

“ကျွီး”

“ယော …မြတ် ပြန်လာတာ မြန်လှချည်လား၊ ဟင်ဒါက ဘယ်လိုဖြစ်တာလဲ မြတ်ရယ်၊ ပြောပါဦး”

သူငယ်ချင်းဖြစ်သူ ချက်ချင်းပြန်လာ၍ ဝမ်းသာစွာ သွားအကြို ကားထဲမှာ မြတ်နှင့်အတူ မေ့မျောနေသော လူငယ်လေးတစ်ယောက်ကို အတူတွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်အံ့သြစွာ



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ခြင်းဖြစ်သည်။

"သူ့ဆိုင်ကယ်ကို မြတ်ကားနဲ့ ဝင်တိုးမိလို့ ခမ်းမို၊ ဦးသိန်းကိုခေါ်ပြီး သူ့ကို မြတ်အခန်းထဲပို့လိုက်ပါ"

"ဦးသိန်း"

"လာပါပြီ"

"သူ့ကို မြတ်အခန်းထဲပို့ပေးပါ"

"ဟုတ်ကဲ့"

ဦးသိန်းကိုယ်တိုင် ထွားကြိုင်းသန်မာသူမို့ စိုင်းဓောဟုန်ကိုယ်ကြီးကို အလွယ်တကူ ပေါ့ပါးစွာပင် မြတ်အခန်းထဲအရောက်ပို့ပေးပြီး ချက်ချင်းပြန်ထွက်သွားသည်။

"ဆရာဝန်ခေါ်ဦးမလား မြတ်"

"ရပါတယ်၊ မြတ်ကိုသာ ရေခဲရေပေးပါ"

ခမ်းမိုယူပေးသော ရေခဲရေဖြင့် စိုင်းဓောဟုန် တစ်ယောက်သတိရလာ၏။

"ဟင် …ကျွန်တော်ဘယ်ရောက်နေတာလဲ၊ ကျွန်တော့်ဆိုင်ကယ်ရော"

"ဆိုင်ကယ်ကို အိမ်တစ်အိမ်မှာ အပ်ခဲ့တယ်၊ အခုရောက်နေတာ မြတ်သူငယ်ချင်းအိမ်ပါ၊ အခု ဘယ်နှယ့်နေလဲ၊ ခေါင်းမူးလား ဆရာဝန်ခေါ်ပေးရမလား"

ကြည်လင်သာယာသော အသံပိုင်ရှင်ကို စိုင်းဓောဟုန်အခုမှ စေ့စပ်သေချာစွာကြည့်လိုက်မိတော့ ရင်တစ်ခုလုံး တုန်လှုပ်





ချောက်ချားသွားမိသည်။

လှလိုက်တာ…။

ရင်ထဲက သူ့အလိုလို ဆိုမြည်လိုက်မိသည့် အသံ၏ရိုက်ခတ်သံက စိုင်းဓောဟုန်နှလုံးသားအစုံကို ပွဲတင်ထပ်သွားသည်။

"ခင်ဗျား …ဘယ်သူလဲ"

"တို့က မြတ်ပါ၊ သူ့ဆိုင်ကယ်ကို မြတ်ကားနဲ့ ဝင်တိုးမိတဲ့သူပါ"

"ဪ"

အခုမှ အခြေအနေကို စိုင်းဓောဟုန် သဘောပေါက်သွားသည်။ မြတ်ဆိုသည့် မိန်းမလှကိုယ်တိုင် မောင်းလာသည့်ကားနှင့်သူ့ဆိုင်ကယ်ကို ဝင်တိုးမိကြပြီးနောက် သူ မေ့ခနဲဖြစ်သွားခဲ့သည်။

ဒါကို သူမက ဆေးခန်းကိုခေါ်မသွားဘဲ ပြဿနာဖြစ်မည်စိုး၍ သူမသူငယ်ချင်းအိမ်ကို ခေါ်လာမှန်း သိလိုက်သည်။

"မြတ်ကြောင့် အခုလိုဖြစ်ရတာကို တောင်းပန်ပါတယ်ရှင်၊ ရှင်ခွင့်ပြုမယ်ဆိုရင် ဆိုင်ကယ်ပြင်ဆင်ဖို့စရိတ်နဲ့ ဆေးကုသဖို့တာဝန်ကို ကျွန်မယူပါရစေ"

"ရှင့်နာမည်က ဘယ်လိုခေါ်လဲ"

"စိုင်းဓောဟုန်"

သာမန်လောက်နှင့် ဒီလိုစကားမျိုး ပြောလာရင် ချက်ချင်းငြင်းပယ်မိမည်ဖြစ်သော်လည်း မြတ်ဆိုသည့် မိန်းမလှလေးကို အထူး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားနေမိပြီမို့ ဤမျှ လွယ်ကူစွာ လိုက်လျောဆက်ဆံလိုက်ခြင်း ဖြစ်ကြောင်းကိုတော့ စိုင်းစောဟုန်ပဲသိပါသည်။

သူကိုယ်တိုင် မြတ်ဆိုသည့် မိန်းမလှလေးနှင့် ဆက်ပြီး ပတ်သက်တွေ့မြင်ချင်နေသည် မဟုတ်ပါလား။

"ဆရာဝန်ခေါ်ဖို့ မလိုပါဘူးနော်"

"မလိုပါဘူး ...ကျွန်တော် အိမ်ပြန်မယ်"

"မြတ် လိုက်ပို့ပေးပါရစေ"

သူ ဘာမှမပြောဘဲ ရှေ့ကဦးဆောင်ထွက်ခဲ့သည်။ မြတ်က သူ့နောက်က အတူလိုက်ထွက်အလာမှာ ခမ်းမိုက သူတို့နောက်ကို အပြေးလိုက်လာ၏။

"မြတ် ...ခမ်းပါလိုက်ခဲ့ရမလား"

"နေခဲ့ပါ၊ မြတ် အခုပဲပြန်လာမှာပါ"

မြတ်ဆိုသည့် မိန်းမလှလေးက စိုင်းစောဟုန်ကားပေါ် တက်နိုင်ရန် အသင့်တံခါးဖွင့်ပေးထားပေမယ့် ကားပေါ်မတက်သေးဘဲ သူရောက်နေသည့်နေရာကို ငေးခနဲတစ်ချက်ကြည့်လိုက်သည်။

နီလာရောင် နှစ်ထပ်တိုက်ကြီးကြောင့် စိုင်းစောဟုန် မျက်ခုံးတွန့်သွားသည်။ ဒီတိုက်ကြီးကို သူမြင်တွေ့နေကျဖြစ်ပါသော်လည်း ဒီအိမ်ကြီးမှာ ဘယ်သူတွေနေကြမှန်းတော့ စိုင်းစောဟုန်လည်းမသိ။

အခု သူ့မျက်စိရှေ့ရောက်နေသော မြတ်ဆိုသည့် မိန်းမလှလေးကိုလည်း မမြင်ဘူးပါ။

"ကားပေါ်တက်တော့မလားဟင်"





"ဗျာ...ဟုတ်ကဲ့"

စိုင်းစောဟုန် ကားပေါ်တက်လိုက်ပြီးနောက် မြတ်ဆိုသည့် မိန်းမလှလေးလည်း သူ့နားရောက်လာသည်။ ကားလေးကို နေရာမှ ညင်သာစွာ မောင်းထွက်လိုက်သောအခါ ခမ်းဆိုသည့် အမျိုးသမီးလေးက သူတို့ကားလေးကိုကြည့်ရင်း နေရာမှာ ရပ်လျက် ကျန်ရစ်ခဲ့သည်။

"မြတ်ကိုယ်တိုင် စိုင်းစောဟုန်မိဘတွေကို ကျေနပ်တဲ့အထိ တောင်းပန်မှာပါ၊ အခု ဘယ်ကိုမောင်းရမလဲဟင်"

စိုင်းစောဟုန်က လမ်းနာမည်နှင့် အိမ်နံပါတ်ကို ရွတ်ပြလိုက်ရုံနှင့် မြတ်၏ကားလေး လမ်းဘေးတစ်နေရာမှာ ချက်ချင်းထိုးရပ်သွားရပါပြီ။

"ခြံနံပါတ် ငါးဆယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

အံ့သြထိတ်လန့်သွားဟန် ဖြူဖွေးသွားသည့် မျက်နှာလေးကိုကြည့်ပြီး စိုင်းစောဟုန် နားမလည်နိုင်အောင် ဖြစ်သွားသည်။

သူပြောတဲ့စကားထဲမှာ ဘယ်အရာကများ ဒီလောက်တောင် အံ့သြဖို့ ကောင်းနေတာပါလိမ့်။

"ဒါဆို ...ဟို မင်းက ဦးခွန်သာရဲ့သားလားဟင်"

"ဟုတ်ပါတယ်"

"အို"

စိုင်းစောဟုန်၏မျက်နှာကို စေ့စေ့စူးစိုက်ကြည့်ရင်း သူမ



www.burmeseclassic.com

www.burmeseclassic.com



သော မြတ်၏မျက်နှာလေးပေါ်မှာ အမျိုးမျိုးသောခံစားချက်များ ပြောင်းလျက်ရှိပါသည်။

ခက်ခဲပင်ပန်းစွာ ရှာဖွေဆက်သွယ်ခဲ့ရသော လမ်းခရီး အဆုံးမှာ သူမတွေ့မြင်လိုလှသော မောင်ဖြစ်သူကို တွေ့မြင်ရလိမ့်မည်ဟု ယုံကြည်စိတ်ပြင်းထန်ခဲ့လေသော စပ်မြတ်ဆေးခမျာ ဦးခွန်သာ၏သားဆိုတာနှင့်ပင် တခြားဘာကိုမှ စဉ်းစားခြင်းမပြုနိုင်ဘဲ အနှစ်နှစ်အလလက သူမရှာဖွေနေသော မောင်ဖြစ်သူကို တွေ့ရပြီဆိုသောအသိဖြင့် ဝမ်းသာဝမ်းနည်း စိုင်းစောဟုန်၏ ကိုယ်ကြီးကို သူမကပဲ ဖြုန်းခနဲဆွဲယူပွေ့ဖက်လျက် အားပါးတရ ငိုရှိုက်လိုက်မိရပါတော့သတည်း။

"မောင်လေး"

"ဟာ"

"အဟင့် …ဟင့် …ဟင့်"

အဖြစ်အပျက်တို့မှာ လျှင်မြန်လွန်းလှသဖြင့် စိုင်းစောဟုန် ဘာလုပ်ရမှန်းမသိဘဲ သူ့ရင်ခွင်ထဲကို ဖြုန်းစားကြီး တိုးဝင်ငိုရှိုက်လိုက်သော မိန်းမလှလေးကို ယောင်ရမ်းပွေ့ဖက်ထားရင်း ရင်တွေခုန်နေမိသည်။

"ဘာဖြစ်တာလဲဗျာ …ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

သူ တတ်နိုင်သလောက် မိန်းမလှလေးကို မေးမြန်းပြောဆိုရင်း အိတွေးမွှေးမြသော အထိအတွေ့မှာလည်း ရင်ခုန်စိတ်လှုပ်





ရှားနေပါသည်။

"ဟင့်အင်း …မောင်လေး ဘာမှအကူအညီပေးဖို့မလိုပါဘူး၊ တို့မောင်နှမ အခုလိုပြန်တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ"

"ဗျာ"

မျက်ဝန်းမှာ စိုစွတ်သော မျက်ရည်တွေနှင့် နီမြန်းနေထွေးလှသော ရင်ခွင်ထဲက မျက်နှာလှလှလေးကို ငုံ့ကြည့်ရင်း စိုင်းစောဟုန် ရင်ခုန်သံတွေ တဒိတ်ဒိတ်ဖြစ်လာ၏။

မြတ်ဆိုသည့် မိန်းမလှလေး သူ့ကို ဘာတွေလာပြောနေမှန်း ရုတ်တရက် စဉ်းစားလို့မရသလို စပ်မြတ်ဆေးကိုယ်တိုင်မှာလည်း ဦးခွန်သာ၏သားဆိုတာနှင့်ပင် သားကြီးလား၊ သားငယ်လား ဘယ်သူဘယ်ဝါရယ်လို့ မမေးမမြန်း မစူးမစမ်းဘဲ စိုင်းစောဟုန်ကို သူမလိုက်လံရှာဖွေနေသော မောင်လေးအမှတ်ဖြင့် ဝမ်းသာဝမ်းနည်း ဤမျှကြွေကွဲနေရခြင်းဖြစ်သည်။

"မမကို မသိဘူးလားဟင်၊ အန်ကယ်ဦးခွန်သာက မောင်လေးကို ဘာမှပြောပြမထားဘူးလား"

"ဟင့်အင်း"

ဒက်ဒီက စိုင်းစောဟုန်ကို ဘာပြောရမည်နည်း။ စပ်မြတ်ဆေးက သူမကိုယ်လေးကို စိုင်းစောဟုန်ရင်ခွင်ထဲက ဖယ်ခွာလိုက်ပြီး ပါးပြင်ပေါ်က မျက်ရည်လေးများကို ဖြူလွှသော လက်ချောင်းနုနုလေးများဖြင့် ညင်သာစွာ ဖယ်ခွာလိုက်သည်။

"ဒီမယ် …မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



“ဗျာ”

“မမနာမည် စပ်မြတ်ဆေး၊ မောင်လေးဟာ မမရဲ့ မောင်အရင်း၊ အခုလက်ရှိမိဘတွေဆိုတာ မောင်လေးရဲ့ မွေးစားမိဘတွေ သိလား”

“ဟင်”

“တို့မောင်နှမ ဘာကြောင့် အခုလိုတစ်ယောက်တစ်ကွဲ တစ်ပြားစီ ဖြစ်နေရတယ်ဆိုတာ မောင်လေးကို မမ သေချာရှင်းပြမှာပါ၊ အခုတော့ မမ မင်းကိုပြန်တွေ့ရတာ ဝမ်းသာလွန်းလို့ ဘာကိုဘယ်လို စပြောရမှန်းမသိတော့ဘူးကွယ်”

တုန်တုန်ရီရီ အပြောလေးများဖြင့် ဝမ်းသာလှိုက်လှဲခြင်းများစွာ ဖြစ်ပေါ်ခံစားနေရရှာသော စပ်မြတ်ဆေးဆိုသည့် မိန်းမလှလေး၏ မျက်နှာကို တစိမ့်စိမ့်စူးစိုက်ကြည့်ငေးပြီး အဖြစ်မှန်တွေကို တဖြည်းဖြည်း ရိပ်စားသဘောပေါက်လာမိသူက စိုင်းစောဟုန်ကိုယ်တိုင်ဖြစ်သည်။

အစ်ကိုကြီး ကိုစိုင်းနော်နှင့် သူ့ကို လူမှားနေသော မိန်းမလှလေးက အစ်ကိုခွန်နောင်ရဲ့အစ်မ စပ်မြတ်ဆေးဖြစ်ကြောင်း သူသိလိုက်ပါပြီ။

သိပ်ချောပြီး သိပ်လှသည့် စပ်မြတ်ဆေးဆိုသည့် မိန်းမချောလေးကို မြင်မြင်ခြင်း ရင်ခုန်နေရပြီ။

သူဘာလုပ်ရမည်နည်း။

အဖြစ်မှန်ကို ပြောပြလိုက်ရမည်လား …ဒါမှမဟုတ် သူမ





ထင်ထားသလို ချော်လဲရောထိုင်လုပ်ပြီး အစ်ကိုစိုင်းနော်နှင့် သူတို့မောင်နှမတွေ ဘာကြောင့်အခုလို တစ်ယောက်စီ ကွဲကွာနေရသလဲဆိုတာ သိအောင် စုံစမ်းရမည်လားဆိုတာ ဝေခွဲမရဘဲ လှပသောမျက်နှာလေးကိုကြည့်ရင်း -ရင်တသိမ့်သိမ့် လှုပ်ရှားနေမိပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာအားဖြင့်

မြပုလဲသွယ်



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၈၁၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၂၂၀၆၀၇


ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (ဗိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

မြတ်သည် လှပသော သူ့မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ရင်း ဘာစကားတစ်ခွန်းမှ မဆိုဘဲ ငြိမ်သက်နေသော စိုင်းစောဟုန်၏ မျက်နှာချောချောကိုကြည့်လျက် ဝမ်းသာဝမ်းနည်း စိတ်ဖြင့် လှိုက်လှဲတုန်ရီနေ၏။

သူ့မစိတ်ထဲမှာ စိုင်းစောဟုန်ကို နှစ်ပေါင်းများစွာ ကွဲကွာနေရသော မောင်ငယ်လေးဟု မှတ်ထင်နေသည့်အတိုင်း မြင့်မားထွားကြိုင်းသည့် အရပ်အမောင်း၊ ဖြူဝင်းနေသည့် အသားအရေ၊ မျက်ခုံးထူထူ၊ မျက်အိမ်လှလှ၊ နှာတံပေါ်ပေါ်နှင့်ရဲသော နှုတ်ခမ်းပါးလေးများ တင်းတင်းစေ့ထားပုံမှအဆုံး မည်းနက်သော ဆံပင်ထူထူဝဲဝဲလေး ကျယ်ပြန့်သော နဖူးပြင်ပေါ် ကပိုကရို ဝဲကျနေသည်မှအစ မောင်ငယ်လေးတစ်ယောက်ကို ချစ်မိသော မေတ္တာအဟုန်ဖြင့် တစိမ့်စိမ့်ကြည့်နေမိသည့် အဖြစ်ပါ။

ဒါက မြတ်ရင်ထဲက ခံစားချက်အပိုင်းလေးဖြစ်ပေမယ့် စိုင်းစောဟုန်ဆိုသည့် ကိုလူချောလေး၏ ရင်ထဲမှာလည်း သိပ်လှသည့် မိန်းမပျိုက သူ့ကို စေ့စေ့စပ်စပ်ကလေး တုံ့ပြန်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ခံနေရခြင်းကြောင့် မျက်ဝန်းချင်းအဆုံမှာ ရင်ခုန်စိတ်လှုပ်ရှားနေမိသည် မဟုတ်ပါလား။

မြတ်ဆိုသည့် မိန်းမချောလေးက စိုင်းစောဟုန်ကို မောင်လေးတစ်ယောက်လို ခံစားချက်ဖြင့် ကြည့်ငေးလာတာကို စာနာနားလည်ပေးနိုင်ပေမယ့် စိုင်းစောဟုန်အတွက်တော့ သူမက သူ့စိတ်ကို အကြီးမားဆုံးသော လှုပ်ရှားမှုတွေနှင့် အစွဲဆောင်နိုင်ဆုံးသော ချစ်စရာ မြတ်နိုးစရာ သူစိမ်းမိန်းမချောလှလှလေးတစ်ယောက်ဖြစ်နေရခြင်းကို မြတ် နားလည်ရှာမည်မဟုတ်ပါ။

"အခုဘယ့်နှယ် လုပ်ကြမလဲဟင်၊ မမက မောင်လေးကို မမတို့မိသားစုအကြောင်း သေချာပြောပြချင်ပေမယ့် အချိန်ကလည်း မရတော့ဘူး"

"အခု မောင်လေးကို အိမ်အရင်ပြန်ပို့ပြီးမှ မနက်ဖြန်တို့မောင်နှမ သီးသန့်ပြန်တွေ့ကြမလား၊ ဒါမှမဟုတ် အန်ကယ်ဦးခွန်သာတို့ရှေ့မှာပဲ မမဟာ မောင်လေးအစ်မ စပ်မြတ်ဆေးပါဆိုတဲ့အကြောင်း တစ်ခါတည်းပဲ ရှင်းပြလိုက်ရမလားဟင်"

လက်ကနာရီလေးကို ကြည့်ရင်း စိုင်းစောဟုန်ကို စပ်မြတ်ဆေး အကြံတောင်းစကားလေးဆိုလိုက်ခြင်းဖြစ်ရာ စိုင်းစောဟုန်ကိုယ်ကြီးမှာ တွန့်ခနဲ ဖြစ်သွားရပါသည်။

ကိုကြီးကိုစိုင်းနောင်က ဒီအကြောင်းတွေကို သူတို့မောင်နှမသိမှာစိုးလို့ ဒက်ဒီနှင့်မာမီကို လုံးဝအသိမပေးဖို့ တိုးတိုးတိတ်တိတ်မှာကြားခဲ့တာကို ပြန်ကြားလိုက်မိတော့ ညီအစ်ကိုမောင်နှမတွေကြားမှာ မွေးစားသား လူစိမ်းတစ်ယောက်အဖြစ် သွေးကွဲသွားစာမျိုးအဖြစ်မခံနိုင်သော အစ်ကိုတစ်ယောက်၏ လေးစားဖွယ်စိတ်ကို





သိခဲ့ရပြီးဖြစ်သည့်အတိုင်း အစ်ကိုစိုင်းနောင်အပေါ်မှာ သွေးသားရင်းချာစိတ်ကလွဲပြီး မွေးစားသားဖြစ်နေရခြင်းကို အံ့ဩဝမ်းနည်းမိသည်မှလွဲ၍ စိမ်းကားသောအတွေးမျိုး မဝင်ခဲ့ပါ။

မုန်းလည်း မမုန်းခဲ့။

စိုင်းစောဟုန်စိတ်ထဲမှာ အစ်ကိုစိုင်းနောင်ကိုပင် သနားနေမိသူ ဖြစ်သော်လည်း အခုလို အစ်ကိုစိုင်းနောင်၏ အစ်မဖြစ်သူနှင့် ပြန်းစားကြီး ရင်ဆိုင်တွေ့ပြီး သူနှင့် အစ်ကိုစိုင်းနောင်ကို လူချင်းမှားနေရခြင်းအပေါ်မှာ ရင်ခုန်စိတ်လှုပ်ရှားစွာ လှပသောမျက်နှာလေးကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်နေမိ၏။

"ဘယ်လိုလဲ မောင်လေး၊ မမ ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပါဦး"

"ကျွန်တော် ဘာပြောရမလဲ"

"ဟင်"

စိုင်းစောဟုန် စကားအဆုံးမှာ စဝ်မြတ်ဆေးဆိုသည့် မိန်းမလှလေးက နားမလည်နိုင်သလို မျက်ဝန်းပြာကြီးတွေနှင့် ခပ်မော့မော့လေး ကြည့်လာပါသည်။

သူမ မေးခွန်းအတွက် စိုင်းစောဟုန်ဆိုသည့် သူ့မှာအဖြေမရှိပါ။ ကိုယ်ကိုယ်တိုင်ကလည်း သူမ ထင်မြင်ယူဆထားသလို စဝ်မြတ်ဆေး၏မောင် မဟုတ်သလို သူမကလည်း စိုင်းစောဟုန်၏ အစ်မမဟုတ်တော့ ခက်သည်။ စိုင်းစောဟုန်ဆိုသည့် သူနှင့် သိပ်လှသည့် စဝ်မြတ်ဆေးဆိုတာ ဘာတစ်ခုမှ သွေးမတော် သားမစပ်ကြသည့် သူစိမ်းများမို့ လှပသောမျက်နှာလေးကို မြင်မြင်ခြင်း စိတ်ဝင်စား ရင်ခုန်လှုပ်ရှားနေမိခြင်းအဖြစ်ကို သူမနားလည်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

"မောင်လေးကိုကြည့်ရတာ တစ်မျိုးပဲ၊ မမနဲ့ ပြန်တွေ့ရတာကို ဝမ်းမသာသလိုပဲ"

"မမထင်သလို မဟုတ်ပါဘူးဗျာ"

ထိုစကားကိုတော့ စိုင်းစောဟုန် ခပ်မြန်မြန်လေးပြောလိုက်သည်။ မပြောလို့ကလည်း မဖြစ်။ စပ်မြတ်ဆွေး၏ လှပသောမျက်ဝန်းအစုံမှာ မျက်ရည်ကြည်တွေက ချက်ချင်းပင် ပြည့်လျှံတက်လာရုံမက အသံလေးကလည်း ဝမ်းနည်းထိခိုက်ဟန်ဖြင့် ငိုသံလေးနှင့် တုန်ရီနေပြီ မဟုတ်ပါလား။

သူတို့မောင်နှမချင်း ပြန်တွေ့ကြမည်ဆိုလျှင် ဘယ်လိုဘယ်ပုံ ဖြစ်နိုင်မှန်းမသိပါသော်လည်း ဘာမှ သွေးသားမတော်စပ်သောစိုင်းစောဟုန်အတွက်ကဖြင့် မိန်းမလှလေး၏ မျက်ရည်တစ်စက်ကမဆီမဆိုင်ပင် သူ့ကို တုန်လှုပ်ချောက်ချားစေတာကိုလည်း အံ့သြသည်။

"အေးပေါ့လေ…ရတ်တရက်ကြီးဆိုတော့ မောင်လေးလည်း မမရင်ထဲက ခံစားချက်ကို ဘယ်နားလည်နိုင်ပါ့မလဲ၊ ပြီးတော့ တို့မောင်နှမအကြောင်း မောင်လေးကိုယ်တိုင်လည်း ဘာတစ်ခုမှ မသိသေးဘူးမဟုတ်လား"

"မမ သိပ်ဆန္ဒစောသွားမိတာ ခွင့်လွှတ်ပါကွယ်၊ ရတ်တရက်ကြီး မောင်လေးကို အခုလိုအနေအထားနဲ့ မြန်းစားကြီး ပြန်တွေ့ရလိမ့်မယ်လို့လည်း ထင်မထားတော့ မမရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

မြတ်ဆိုသည့် မိန်းမလှလေးက ပါးပြင်ပေါ် စီးကျလာ





သည့် မျက်ရည်တွေကို အဖြူရောင်လက်ကိုင်ပဝါလေးနှင့် ဖယ်ရှားရင်း မျက်ရည်စက်တွေကို ထိန်းမနိုင်ဘဲ ဖြစ်နေပုံလေးကို စိုင်းစောဟုန် အသည်းပြင် ငြိတွယ်စွဲထင်နေရပါပြီ။

"မောင်လေး"

"ဗျာ"

"အခုမောင်လေးကို မမ အိမ်ပြန်ပို့ပေးမယ်၊ မနက်ဖြန် တို့မောင်နှမ ပြန်ဆုံမှ မမတို့မိသားစုအကြောင်း မောင်လေးကို အသေးစိတ်ပြောပြမယ်ဟုတ်လား"

"မောင်လေးသဘောကရော"

"မမသဘောအတိုင်းပါပဲ၊ ကျွန်တော် ဘာမှမပြောတတ်ဘူး"

အမှန်အတိုင်း ဝန်ခံလိုက်သည်။

တကယ်လည်း စပ်မြတ်ဆွေးဆိုသည့် ကိုကြီးမမလှလှလေးကို ပြောစရာစကားကမရှိ။ ဘာကြောင့် သူတို့မိသားစုထဲကို အစ်ကိုစိုင်းနောင်တစ်ယောက်ထဲ မွေးစားသားအဖြစ် ရောက်လာရတာလည်းဆိုတာကို သူကိုယ်တိုင်လည်း သိပ်ပြီးသိချင်နေသည်။

ဒက်ဒီနှင့် မာမီတို့ကို မမေးရက်သလို အစ်ကိုဖြစ်သူက မသိစေချင်၍ ဖုံးကွယ်ထားခိုင်းသည့် ကိစ္စကို မဖော်ထုတ်လိုသဖြင့် ရင်ထဲက သိချင်သည့် စိတ်ဆန္ဒကို မျိုသိပ်ချုပ်တည်းထားသမျှ အခု သူ့အတွက်ရရှိလာသည့် အခွင့်အရေးကို အသုံးချလျက် သူသိချင်တာ သိခွင့်ရပေတော့မည်။

နောက်မှ သူဟာ စပ်မြတ်ဆွေးဆိုသည့် မိန်းမချောလေးဟု ထင်မြင်ယူဆထားသလို သူမရဲ့မောင်မဟုတ်ဘဲ ငြီးခွန်သာဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒက်ဒီသားပါဆိုတာကို ရှင်းပြတော့မည်ဟု စိတ်ထဲမှာ ပိုင်းဖြတ်ထားနှင့်ပြီးဖြစ်ရာ စဝ်မြတ်ဆေးက သူမနှင့် မနက်ဖြန် တွေ့ဆုံဖို့ချိန်းဆိုသည့် ကိစ္စမှာ အလွယ်တကူပင် ကျေနပ်သဘောတူလိုက်ခြင်းဖြစ်သည်။

"ဒါဆို ဦးခွန်သာကို မမဟာ စဝ်မြတ်ဆေးပါဆိုတဲ့ အကြောင်း ဖွင့်မပြောတော့ဘူးနော်၊ ပြီးမှပဲ အားလုံးသိအောင် ဖွင့်ပြောအသိပေးလိုက်မယ်၊ အဲဒါ ပိုမကောင်းဘူးလား"

"ကောင်းပါတယ်"

စဝ်မြတ်ဆေး၏စကားကို သူ ထောက်ခံလိုက်သည်။ အခုချိန်မှာ အရေးအကြီးဆုံးက စဝ်မြတ်ဆေးတို့မိသားစုနဲ့ စိုင်းစောဟုန် ဆိုသည့် သူတို့မိသားစုနှစ်စု၏ ရှုပ်ထွေးနေသော ပြဿနာအရင်း အမြစ်ကို သူသိလိုခြင်းဖြစ်၏။

ကားလေးကို အိမ်အပြန်လမ်းအတိုင်း ကျွမ်းကျင်စွာ ဦးတည်လိုက်တာကိုကြည့်ပြီး နူးညံ့ရွှန်းလက်သော မျက်ဝန်းအစုံဖြင့် သိပ်လှသည့် စဝ်မြတ်ဆေး၏ မျက်နှာလှလှလေးကို ရူးစိုက်ကြည့်လိုက်မိသည်။

ငိုထားသဖြင့် မျက်နှာလေး နီမြန်းနေခြင်းကပင် တစ်မျိုးအလှတိုးနေသော မိန်းမလှလေးကို မြင်မြင်ခြင်း ရင်ခုန်စိတ်လှုပ်ရှားနေပြီဖြစ်ကြောင်း သူမသိအောင် ဘယ်လိုပြောရမည်မသိပါ။

အစ်ကိုစိုင်းနောင်ရဲ့ အစ်မဟု ဆိုသော်လည်း နုစိုဝင်းမွဲနေသော အလှပိုင်ရှင်မလေးမှာ အကြောင်းမသိလျှင် စိုင်းစောဟုန် ဆိုသည့် သူနှင့် သက်တူရွယ်တူလောက်သာ ထင်ရအောင်ပင် နုပျိုလှပလွန်းသူလေးဖြစ်ရာ စိုင်းစောဟုန် မဲ့ဘ်ထဲမှာ သူမကို





မမဟု မခေါ်ချင်ဘဲ ဖြစ်လာပါသည်။

ခြောက်ပေနီးပါး အရပ်အမောင်း၊ အားကစားလိုက်စားထားသူတို့၏ ထုံးစံအတိုင်း အဆီပိုမရှိသော ခန္ဓာကိုယ်က ထွားထွားကြိုင်းကြိုင်းမို့ စဝ်မြတ်ဆေးဆိုသည့် သူမနှင့် နှိုင်းယှဉ်လိုက်လျှင် သူက အစ်ကိုကြီးတစ်ယောက်လို သူမကိုယ်လေးကို စိုးမိုးနေသလို စဝ်မြတ်ဆေးကိုယ်တိုင်ကလည်း စကားပြောရတာကိုပင် သူ့ကို မျက်နှာလှလှလေး ပင့်မော့ပြီး ပြောရသူဖြစ်သည်။

သူကလည်း ဒါကိုပဲ စိတ်ထဲမှာ ကြိတ်ပြီး ကျေနပ်သဘောကျနေမိသည်။ သူလိုလူတစ်ယောက်အတွက် စပ်မြတ်ဆေးကို ကလေးမလေးတစ်ယောက်ပမာ အလွယ်တကူ ပွေ့ယူချီမသွားနိုင်အောင် ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်သည်။

"အရင်က ဒီမှာ မမြင်ဖူးပါဘူး၊ ဘယ်နေတာလဲဟင်"

"အခု ရန်ကုန်ကို ပြန်ရောက်တာကြာပြီ၊ အရင်က မယ်မယ်နဲ့အတူ အင်္ဂလန်မှာနေကြတာလေ၊ မမနဲ့ မယ်မယ် ဆုံးသွားပြီးမှ ဒီကိုအပြီးပြန်လာတာ"

"ဒါနဲ့တောင် ဒီမြို့ကလမ်းတွေကို ကျွမ်းကျွမ်းကျင်ကျင် ကားမောင်းနိုင်သားပဲ"

သူ အံ့သြသလိုလေး ဆိုလိုက်တော့ ကားမောင်းနေရာမှ စဝ်မြတ်ဆေးက တစ်ချက်မျှ ပြုံးလိုက်တာကို မြင်လိုက်ရသည်။

"ဒါ ဘာမှမခက်ပါဘူးလေ၊ မနေ့က မမ ဒီကိုရောက် ရောက်ခြင်း ခမ်းရဲ့ကားနဲ့ ဒီလမ်း၊ ဒီခြံကို လာကြည့်ထားပြီးသားမို့လို့ပါ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ နေလာသူဆိုတော့ ဒီလောက်ကိစ္စကို အသေးအဖွဲ့အဖြစ် ခံယူထားမှန်း သိလိုက်သည်။

''ဒီကကိစ္စတွေပြီးရင် မမတို့မောင်နှမ အတူပြန်နေကြမယ်သိလား''

စဝ်မြတ်ဆေးက အားတက်သရော ပြောနေသလောက် စိုင်းစောဟုန်က မလှုပ်။ အိပ်မက်တစ်ခုလို ဖြုန်းစားကြီး ရောက်လာပြီး သူ့ဘဝထဲက အိပ်မက်လို ချက်ချင်းပြန်လည်ပျောက်ကွယ်သွားမှာကို စိုးရိမ်ကြောက်လန့်နေမိသည်။

''ဒီမှာမနေချင်ဘူးဆိုရင်လည်း ဟိုမှာ သွားနေကြမယ်၊ အားလုံး မောင်လေးစိတ်တိုင်းကျ ဖြစ်ရမယ်သိလား၊ ကိုသက်ကိုလည်း မမကိုယ်တိုင် အားလုံးအသိပေးပြောပြထားပြီးသားပါ''

''သြော်…ကိုသက်ဆိုတာ တခြားသူမဟုတ်ဘူး၊ မမနဲ့မကြာခင်လက်ထပ်တော့မယ့် မမရဲ့ သတို့သားလောင်းပဲဆိုပါတော့''

''သတို့သားလောင်း''

''ဟုတ်တယ်…မယ်မယ်ရှိစဉ်ထဲက မမနဲ့ သဘောတူထားတဲ့လူပဲ''

''ဟင်''

စိုင်းစောဟုန်နားထဲမှာ စဝ်မြတ်ဆေး၏ စကားလုံးတိုင်းက ပူပြင်းသောမီးနှယ် စီးဆင်းဝင်ရောက်လာတာကို သူမ သိပုံမရ။

သူမနှင့် လက်ထပ်ရမည့် သတို့သားလောင်းအကြောင်းကို ဆက်လက်ပြောဆိုနေပါသည်။

''သူလည်း မမကို တစ်ယောက်တည်းလွှတ်ဖို့ စိတ်မချ





လို့ အတူလိုက်လာမလို့ပါပဲ၊ ကုမ္ပဏီမှာက အလုပ်တွေနဲ့ဆိုတော့ သူမရှိရင် မဖြစ်ဘူးလေ၊ဒါကြောင့် နေရစ်ခဲ့တာ''

''အကြောင်းထူးတာနဲ့ ချက်ချင်းဖုန်းဆက်ဖို့ အထပ်ထပ်မှာလိုက်တာဆိုတော့ ဒီကပြန်တာနဲ့ မမရှာနေတဲ့ မောင်လေးကို ပြန်တွေ့ပြီဆိုတဲ့အကြောင်း ဖုန်းဆက်အသိပေးလိုက်တော့မယ်၊ ဒါမှ ကိုသက်လည်း မမအတွက်စိတ်ချပြီး သူ့အလုပ်သူ ဖြောင့်ဖြောင့်လုပ်နိုင်မှာ''

စဝ်မြတ်ဆေး စကားများအားလုံး စိုင်းစောဟုန်နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်ပါ။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို မြင်မြင်ခြင်း ချစ်မြတ်နိုးပြီး စွဲလမ်းသွားလိမ့်မည်ဟု မတွေးဘူးပါဘဲနှင့် လက်တွေ့ကြုံလာရတော့ စဝ်မြတ်ဆေး စကားတွေက သူ့နှလုံးသားတွေကို နာကျင်စေဖို့ ဖြစ်လာရပါပြီ။

သိပ်လှသည့် သူမမှာ စိုင်းစောဟုန်အတွက် မဟုတ်ဘဲ တခြားသူတစ်ယောက်အတွက် ပွင့်လန်းနေရသော အချစ်ပန်းလေးမှန်း သဘောပေါက်နားလည်လာရပြီးနောက် ရင်တစ်ခုလုံး မွန်းကျပ်သွားသည်။

အရင်ဦးသူ ရှိနှင့်နေခဲ့ပါပြီကောလား အချစ်ပန်းလေးရယ်ဟု သူ့ စိတ်ထဲက ကြိတ်ကြိတ်ခဲခဲလေး ညည်းညူလိုက်မိသည်။

''ဆိုင်ကယ်ကို အရင်ဝင်ယူမလား မောင်လေး''

သူ ခေါင်းညိတ်လိုက်သည်။

''ကျွန်တော့်ကို ဆိုင်ကယ်အပ်ထားတဲ့ နေရာအထိပဲ လိုက်ပို့ပါ၊ အိမ်အထိ လိုက်မလာပါနဲ့''

''ဘာဖြစ်လို့လဲဟင်…မောင်လေးမိဘတွေကို မတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ ဖွင့်ပြောမှာစိုးလို့လား”

“မဟုတ်ပါဘူး…တွေ့ဖို့မလိုအပ်သေးဘူး ထင်လို့ပါ၊ မနက်ဖြန် ကျွန်တော်တို့ချင်း သီးသန့်တွေ့ပြီး စကားပြောရင် ရတယ် မဟုတ်လား”

ဇာည်ငြိမ်အေးစက်စွာ သူဆိုလိုက်တော့ လှပသောမျက်ဝန်း ရွှဲကြီးများက စိုင်းဇောဟုန်ရှိရာကို ဖျတ်ခနဲရောက်လာပြီး ချက်ချင်း အကြည့်လွှဲသွားမိသည်။

“မောင်လေးပြောတာလည်း ကောင်းပါတယ်လေ၊ မမတို့ မောင်နှမချင်း အရင်းနှီးဆုံး ပြေလည်ပြီးမှ မောင်လေးမိဘတွေကို အဖြစ်မှန်တွေ ပြောပြကြတာပေါ့”

“ရှုတ်တရက်ကြီးဆိုတော့လည်း သူတို့ဘက်က ဒီအခြေ အနေကြီးကို လက်ခံနိုင်ကြမယ်မထင်ဘူး၊ ဒါကြောင့်လည်း ဒီလောက်နှစ်တွေကြာအောင် အချိန်ဆွဲလာခဲ့ကြတာပဲ မဟုတ်လား”

“နှစ်တွေကြာအောင် …ဟုတ်လား”

“ဟုတ်တယ်၊ မမတို့မောင်နှမ အခုလို ပြန့်မဆုံစေချင်ကြ လို့ သူတို့ဘက်က အချိန်တွေအများကြီး မြုန်းတီးပစ်ခဲ့ကြတာ မောင်လေးမှမသိဘဲ”

စဝ်မြတ်ဆေးအသံလေးက ထိုစကားကို အပြောမှာ နာကြည်းသံလေးပါနေသလို မျက်နှာလှလှလေးမှာလည်း ခွင့်မလွှတ် နိုင်ခြင်းကို တွေ့လိုက်ရပါသည်။

ဒက်ဒီနဲ့မာမီဟာ တကယ်ပဲ သူမစွပ်စွဲသလို သူတို့မောင် နှမ ပြန်ဆုံမှာစိုးလို့ ခွဲခဲ့ကြသူတွေပဲလား။

မဖြစ်နိုင်ပါ။





ဒက်ဒီနှင့်မာမီတို့လောက် လူတစ်ဖက်သားအပေါ်မှာ သနားကြင်နာတတ်တာ၊ စာနာဖေးမတတ်သူမရှိဟု သူထင်ပါ သည်။

“ဟုတ်ရဲ့လားဗျာ…ဒက်ဒီတို့အပေါ်မှာ အထင်အမြင် လွဲနေတာများလား”

မိဘဖြစ်သူတွေဘက်က ကာကွယ်လိုစိတ်လေးနှင့် သူဆို လိုက်သည်။ စိုင်းဇောဟုန်ဆိုသည့် သူ့အတွက် စဝ်မြတ်ဆေးအထင် မှားပြီး စိတ်နာနေသူတွေက သူ့ရဲ့မိဘအရင်းအချာတွေလေ။

ဘာမှသွေးသားမတော်စပ်သည့် သူစိမ်းတစ်ယောက်က တစ်ဖက်သတ်အတွေးတွေနဲ့ နာကြည်းနေတာမျိုးတော့လည်း သူ့ နှလုံးသားက ရုတ်တရက် ဘယ်လိုမှ လက်မခံနိုင်။

“အေးလေ…မင်းက ငယ်သေးတော့ ဘယ်သိနိုင်မှာလဲ၊ မသိအောင်လည်း ပိပိရိရိ ဖုံးကွယ်ထားခဲ့ကြမှကိုး၊ ထားပါလေ ဒီအကြောင်းတွေက အခုချိန်မှာ မမတို့အတွက် အရေးမကြီးတော့ပါ ဘူး၊ သူတို့ဘယ်လောက်ပဲ ဖုံးကွယ်ပါစေ အမှန်တရားဆိုတဲ့ အရာက ဘယ်လိုမှ ရှောင်လွှဲလို့မှ မရတော့ပဲ၊ အခု မောင်လေးနဲ့ မမ ပြန်တွေ့နေပြီ၊ ဘယ်သူတွေ ဘာလုပ်နိုင်ဦးမှာလဲ”

စိန်ခေါ်သံလေးနှင့် ဆိုလာသူလေး၏ မျက်နှာကို သူစိုက် ကြည့်လိုက်သည်။ သိပ်လှသည့် သူမရင်ထဲမှာ သူတို့မိသားစုနဲ့ ပတ်သက်ပြီး ပြင်းထန်ခါးသီးတဲ့ အမုန်းတရားတွေ ရှိနေတာကို တွေးပြီး သူ့ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားမိသည်။

“မမစိတ်ထဲမှာ ဒက်ဒီတို့ကို သိပ်နာကြည်းနေလား”

“ဆောရီး …တကယ်ဆို ဒီစကားကို မောင်လေးရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com


မပြောသင့်ဘူးဆိုတာ မမမေ့သွားတယ်၊ မမကိုခွင့်လွှတ်ပါ”

စဝ်မြတ်ဆေးက သူ့ရှေ့မှာမို့ ဒီလိုစကားမျိုးပြောပြီး ကျေအေးနှစ်သိမ့်မှု ယူလိုက်တာဖြစ်ပေမယ့် သူမစိတ်ထဲမှာတော့ ထိုအမြင်အတိုင်း ဘာတစ်ခုမှ ပြောင်းလဲမည်မဟုတ်ဟု စောဟုန်စိတ်ထဲက အလိုလိုသိနေ၏။

သူမကားလေးကို ဆိုင်ကယ်အပ်ထားသည်ဆိုသောအိမ်ရှေ့မှာရပ်ပြီး အကျိုးအကြောင်းပြော၊ ကျေးဇူးတင်စကား အထပ်ထပ်ဆိုလျက် နောက်ရက်မှာတွေ့ဆုံရန် ချိန်းဆိုပြီး လူချင်းလမ်းခွဲခဲ့ကြပေမယ့် ထိုညတစ်ညလုံး စိုင်းစောဟုန်ကိုယ်တိုင် အိပ်မပျော်နိုင်သလို သူမလည်း အိပ်ပျော်မည်ဟု မထင်ပါ။

ဘာကြောင့်များ သူတို့နှစ်ယောက် တွေ့ဆုံစေခဲ့တာလဲ။ ဘယ်လိုကံကြမ္မာတွေကြောင့်လဲ။

ဘယ်လိုဆုတောင်းတွေ ရှိခဲ့ကြလို့ တိုက်တိုက်ဆိုင်ဆိုင်စိုင်းစောဟုန်ဆိုသည့် သူနှင့် သိပ်လှသည့် စဝ်မြတ်ဆေးဆိုသည့်မိန်းမချော[illegible]တို့ ဆုံစည်းဖို့ရာအကြောင်း ဖန်လာရသည်မသိသော်လည်း သိပ်လှသည့် သူမမျက်နှာကို မမြင်မတွေ့ရဘဲ မနေနိုင်သူက စိုင်းစောဟုန်ဆိုသည့် သူကိုယ်တိုင် ဖြစ်နေရပြီဆိုလျှင် လွန်သည်ဟုဆိုမည်လား…။

အစ်ကိုနောင်ရယ်…။

ညီကို ခွင့်လွှတ်ပါဗျာ။

ညီတို့မိသားစုနှစ်ခုကြားမှာ ဘယ်လိုအကြောင်းတရားတွေရှိနေခဲ့သလဲဆိုတာ ညီကိုယ်တိုင် သိခွင့်ရမှ ကျေနပ်နိုင်မှာမို့ပါ။

× × × ×





## အခန်း (၂)

အတိတ်ဆိုသည်မှာ အိပ်မက်ဆန်လှသော လွမ်းမောဖွယ်ဆွတ်ပျံ့စရာ ဇာတ်လမ်းတစ်ပုဒ် အဖြစ်အပျက်တစ်ခုဟု ဆိုရမည်ထင်သည်။

ပြာလွင်မြင့်မားသော ရှမ်းမြေမြင့်၏ တောင်ရိုင်း၊ တောလှိုင်း တောင်တံတိုင်းတို့၏ နောက်ကွယ်က ပြီးဆုံးကျန်ရစ်ခဲ့သောအဖြစ်အပျက်များက အခုတစ်ဖန် ထင်းရှူးနှင့် ချယ်ရီများရှိရာသို့ ညင်သာစွာ ပျံ့လွင့်စီးမျောလျက် အသစ်တစ်ဖန် မွေးဖွားရှင်သန်လာပြန်သည်။

ထိုအတွက် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားဟုတတ်အပ်သေချာစွာ မပြောနိုင်သော်လည်း ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ကောင်းလှသည်ကိုမူ သိ၏။

မျက်စိတစ်ဆုံး မြင်တွေ့နေရသော တောင်တန်းပြာများကို ရှုးစိုက်ကြည့်ရင်း စိုင်းစောဟုန်ကိုယ်တိုင် ဘာပြောရမှန်းမသိဘဲ နှုတ်ဆိတ်ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ မမတို့မောင်နှမ ပြန်ဆုံနိုင်သေးတာကိုပဲ ကျေနပ်ဝမ်းသာလှပါပြီလေ"

"ဟောဒီနေရာက လှမ်းမျှော်ကြည့်ရင် မေမေနဲ့ မေမေတို့ကို မြင်နိုင်မယ်ထင်တယ်၊ ကွဲကွာနေကြတဲ့ မောင်နှမနှစ်ယောက် နှစ်တွေအကြာကြီးနေပြီးမှ ပြန်တွေ့ကြရတာသိရင် မေမေတို့လည်း စိတ်ချမ်းသာကြမှာပါပဲ"

တောင်တန်းပြာလွင်များကို ဖြတ်သန်းတိုက်ခတ်လာသည့် အေးမြသောလေများက စိုင်းစောဟုန်ခန္ဓာကိုယ်ကို တိုးဝင်သွားပေမယ့် အေးမြလိုက်လှဲမှုကို သူနှလုံးသားအစုံမှာ မခံစားရ။

အဖြစ်မှန်ကို ဖွင့်ပြောရန် သင့်မသင့်ဆိုတာကိုသာ သူ့ဘက်က စဉ်းစားချင့်ချိန်နေမိသည်။ စဝ်မြတ်ဆေးပြောပြလို့ အစ်ကိုနောင်တို့မိသားစု၏ ကြေကွဲဖွယ် ရင်နာစရာ ဇာတ်လမ်းလေးကို သူသိခဲ့ရပြီးဖြစ်သလို သူမိဘတွေဘက်ကလည်း သားလေးကို စွန့်လွှတ်ဆုံးရှုံးရမှာ စိုးရိမ်စိတ်ဖြင့် မဟာဒေဝီတို့ဘက်က အဆက်အသွယ်တွေကို ဘာတစ်ခုမှ လက်မခံတော့ဘဲ တစ်ပြေးထဲ ရှောင်ပုန်းခဲ့ရသည့် ဇာတ်လမ်းက အခုတော့ ဒီနေရာမှာပဲ အဆုံးသတ်သွားခဲ့လေပြီ။

စိုင်းစောဟုန်တို့ မိသားစုရှိတဲ့နေရာကို ခြေရာခံမိရုံမက စိုင်းစောဟုန်ကိုပင် အစ်ကိုနောင်နှင့် မှားနေသော စဝ်မြတ်ဆေးဆိုသူက သူတို့မိသားစုအတွက် အရှင်သခင်မတစ်ပါးပင် ဖြစ်နေသေးတော့သည်။





မျိုးရိုးအရဆိုလျှင် စိုင်းစောဟုန်တို့က နိမ့်ကျသူဖြစ်ပြီး သူမတို့ဘက်က မြင့်မြတ်သူတွေဖြစ်နေခြင်းကလည်း ဝမ်းနည်းစရာလိုလို ဘာလိုလို။

အဲဒီခေတ် မရှိတော့ပါဘူး…လူတန်းစားခွဲခြားတာမျိုး မရှိတော့ပါဘူးဟု ဆိုသော်လည်း အတိတ်ကအရိပ်တွေက စိုင်းစောဟုန်တို့ မိသားစုအပေါ် ခြောက်လှန့်တတ်သော နွေအိပ်မက်တစ်ခုလို သူ့ရင်ကို ပူပြင်းစွာ လောင်မြိုက်စေသည့် အဖြစ်တွေနှင့်ပါ။

"မမကို ကစ်ခုခုပြောဦးလေး မောင်လေး"

"ကျွန်တော့်ကို စောလို့ပဲ ခေါ်ပါလားဗျာ"

"မောင်လေးလို့ခေါ်တာ မကြိုက်ဘူးပေါ့"

စဝ်မြတ်ဆေးအမေးကို သူမဖြေပါ။ ကျွန်တော်က ခင်ဗျားရဲ့ မောင်လေး စဝ်မိုင်းနောင်မှ မဟုတ်ဘဲဆိုသည့် စကားကိုတော့ သူ့စိတ်ထဲကပဲ ပြောနေမိသည်။

"အေးလေ…မောင်လေးမကြိုက်ရင်လည်း မခေါ်ပါဘူး၊ စော…မမရဲ့စောလေးပေါ့ ဟုတ်လား"

ကလေးတစ်ယောက်ကို အလိုလိုက်သလို လေသံမျိုးဖြင့် ပြောလိုက်သူက ပြုံးလိုက်သောအခါ ချက်ဝင်သွားသည့် ပါးချိုင့်ရှည်ရှည်ကြီးကို ငေးခနဲကြည့်လိုက်မိသည်။

လှလိုက်တာ…။

ရင်ထဲမှာ နွေးသွားသည်။ တော်ဝင်နန်းဆန်သည့်အလှဆိုတာ စဝ်မြတ်ဆေးရဲ့ အလှမျိုးကို ခေါ်တာပဲထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစောဟုန်နားမှာ မိန်းမချောလေးများစွာ ရှိပေမယ့် ဘယ်သူမှ စဝ်မြတ်ဆေးလို သူ့နှလုံးသားကို တုန်လှုပ်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ကြပါ။ သူမရဲ့အလှကတော့ လရောင်အောက်မှာ ကြည်လင်အေးမြစွာ ပွင့်ဖူးရသော ပဒုမ္မာကြာချပ်၏ လှပမှုမျိုးဖြင့် အဆင်းအရောင်အဝါ တင့်တယ်စွာ မြင်ရသူ အသည်းဘဝင်ကို ဆွဲငင်လှုပ်ရှားမှုတွေနှင့် ရူးလုလုဖြစ်ရပါသည်ဆိုသော စကားထဲကလိုပင်။

မြင်မြင်ခြင်း အရူးအမူးချစ်မိသူက စိုင်းစောဟုန်ကိုယ်တိုင်ဖြစ်နေသည်။

"စောရဲ့မိဘတွေနဲ့ ဘယ်အချိန် တွေ့ရမှာလဲဆိုတာ မမကို ပြောဦးလေ"

"တွေ့ပြီးရင် မမက ဘာပြောမှာလဲ"

"စိတ်မပူပါနဲ့လေ…စိတ်ရဲ့အတွင်းပိုင်းတစ်နေရာက စော မိဘတွေကို နာကြည်းနေမိပေမယ့် သူတို့ကြောင့်ပဲ စောနဲ့မမ ပြန်ဆုံခွင့်ရတာကိုပဲ ကျေးဇူးတင်နေပါတယ်"

"ပြောသင့်ပြောထိုက်တာတွေပဲ ပြောမှာပါ၊ စောရှေ့မှာ စောရဲ့မွေးစားမိဘတွေ မျက်နှာငယ်အရှက်ရစေမယ့် အပြစ်တင်တဲ့ စကားမျိုး မပြောဘူးဆိုတာ စောယုံပါ"

"ဟင်း"

ကျယ်လောင်စွာ သက်ပြင်းရှိုက်လိုက်သံက တိတ်ဆိတ်သော ဝန်းကျင်မှာ ပျံ့လွင့်သွားသည်။





"စောမှာ ညီမလေးရှိသေးတယ်ဆို"

"အင်း"

လေးပင်စွာပင် သူ ခေါင်းညိတ်လိုက်တော့ စဝ်မြတ်ဆေးက ကြည်လင်တောက်ပသော မျက်ဝန်းများဖြင့် စိုင်းစောဟုန်မျက်နှာကို လှမ်းကြည့်သည်။

"အဲဒါကရော…မွေးစားညီမပဲလား"

"မဟုတ်ပါဘူး…ဒက်ဒီသားသမီးအရင်းတွေပါ၊ လောဝ်က ကျွန်တော့်ညီမအရင်းပါ"

"အဟင်း…ဟင်း လောဝ်က စောညီမအရင်းဆိုတော့ မမကရော စောရဲ့ သွေးသားအရင်းအချာမဟုတ်ဘူးလား"

စိုင်းစောဟုန် မဖြေဘဲ လှပသော စဝ်မြတ်ဆေးမျက်နှာလေးကို ငေးစိုက်ကြည့်နေမိသည်။ သူတို့မိသားစုနှင့် ပတ်သက်ပြီး စဝ်မြတ်ဆေး စုံစမ်းမှုအားလုံး တိကျမှန်ကန်မှုရှိပေမယ့် အရေးအကြီးဆုံးအပိုင်းကိုတော့ မှားယွင်းလွဲချော်နေခဲ့သည်မှာ အလွန်ဆိုးဝါးသော အနေအထားဖြစ်သည်။

စဝ်မြတ်ဆေး သိထားသည်က ဒက်ဒီဦးခွန်သာတို့မိသားစုမှာ မောင်နှမ နှစ်ယောက်ထဲရှိသည်ဟု လွဲမှားစွာသိနေခြင်းဖြစ်ပြီး တစ်ယောက်မှာ သူမမောင်လေးဖြစ်ပြီး တခြားတစ်ယောက်ကို မွေးစားသမီးလေးအဖြစ် ယုံကြည်စိတ်ချနေခြင်းဖြစ်သည်။

အစ်ကိုနောင့်ကို မွေးစားပြီးမှ သားသမီးမရတော့ဟု ထင်ထားခဲ့သော မိဘများမှာ သူနှင့်ညီမလေး လောဝ်ကို မွေးဖွား

www.burmeseclassic.com



ခဲ့ခြင်းဖြစ်ကြောင်း စဝ်မြတ်ဆေးသိအောင် ပြောပြလိုက်ချင်ပေမယ့် သူတို့ ဒက်ဒီရဲ့သားအဖြစ် သိသွားပြီး မုန်းတီးနာကြည်းသွားမည့် အရေးကို စိုးရိမ်ကြောက်လန့်နေမိသဖြင့် အဖြစ်မှန်ကို ရုတ်တရက် ဖွင့်မပြောရဲဘဲ ဖြစ်နေသည်။

စဝ်မြတ်ဆေးရင်ထဲက နာကြည်းမှုနှင့် အမုန်းက ဒက်ဒီနှင့် မာမီတို့အပေါ်မှာ ပြင်းထန်စွာရှိနေမှတော့ သူတို့သားသမီးဖြစ်သော စိုင်းစောဟုန်အပေါ်မှာလည်း အဖြစ်မှန်ကို သိတာနှင့် အခုလို ရယ်မောကြည်ရွှင်စွာ ပြောဆိုဆက်ဆံတော့မည်မဟုတ်တာ သေချာပါသည်။

အထူးသဖြင့် စိုင်းစောဟုန်ကိုယ်တိုင် အစ်ကိုနေရာမှာ လူစားဝင်ထားပြီး သူမကို လိမ်ညာမိသလိုဖြစ်နေခြင်းက အဆိုးဆုံးအနေအထားဆိုတာ သူနားလည်သဘောပေါက်လိုက်ပေမယ့် ပြန်လည်ပြင်ဆင်ရန် အခွင့်က မရတော့။

အခုချိန်ကြမှ ကျွန်တော့်အဖြစ်မှန်တွေကို ရှင်းပြပါရစေဟု ဆိုလျှင်လည်း သူမက လွယ်ကူစွာ လိုက်လျောလက်ခံမည်မဟုတ်။

သူမကို လိမ်ညာရပါမည်လားဟု ဒေါသဖြစ်စွာ စိုင်းစောဟုန်ကို သူမနားက ရက်ရက်စက်စက် မောင်းထုတ်လျှင် ခံစားကြေကွဲရမည့်ဝေဒနာကို သူ မခံစားရဲပါ။

"စောစိတ်ထဲမှာ မမကို အခုချိန်ထိ စောရဲ့အစ်မရင်းဆိုတာ လက်မခံချင်သေးဘူးထင်တယ် ဟုတ်လား"





"မမကရော…ကျွန်တော့်ကို မမရဲ့မောင်လေးအရင်းလို့ တကယ်ပဲ လက်ခံနိုင်ပြီလား"

"ဘယ်လို…မင်း ဘယ်လိုပြောလိုက်တာလဲ စော"

ပြုံးနေသော မျက်နှာလေး တည်သွားသလို စိုင်းစောဟုန်၏ မျက်နှာကို စူးစိုက်ကြည့်လာသည့် မျက်ဝန်းအကြည့်များမှာလည်း နာကြည်းဝမ်းနည်းခြင်း၊ အံ့ဩမယုံနိုင်ခြင်းကို မြင်ရသည်။

"ဖြေပါစမ်း…မင်းကို မင်းရဲ့မွေးစားမိဘတွေက မမလိုက်လာတော့မယ်မှန်း သိထားလို့ မောင်နှမချင်း ပြန်ဆုံတွေ့ကြရင် ဒီလိုပဲပြောဖို့ သွန်သင်ထားခဲ့တာလား၊ ဟုတ်လား"

"မဟုတ်ပါဘူး…ဒက်ဒီနဲ့မာမီကို မမ အထင်မလွဲပါနဲ့၊ ကျွန်မယ်ဟိုးကို မြင်မြင်ခြင်း မမစိတ်ထဲမှာ တကယ်ပဲ မမရဲ့မောင်လေးကို တွေ့မြင်ရသလိုပဲ ခံစားရလားလို့ သိချင်တာပါ"

"ပြော်"

"သွေးက စကားပြောတယ်ဆိုတာ မမလည်း ကြားဖူးမှာပေါ့၊တကယ်ပဲ ကျွန်တော်ဟာ မမရဲ့မောင်လေး ဖြစ်နိုင်သလား"

"ကျွန်တော့်ကိုတွေ့တော့ မမရင်ထဲမှာ ဘယ်လိုခံစားရသဲ၊ ကျွန်တော်သိချင်တာ အဲဒါပဲ"

စိုင်းစောဟုန်က ကိုယ့်ခံစားချက်နဲ့ကိုယ် ဒီစကားကို မေးလိုက်ခြင်းပါ။ တကယ်တော့ စဝ်မြတ်ဆေးဆိုသည့် သူမနှင့် စိုင်းစောဟုန်ဆိုသည့် သူက ဘာတစ်ခုမှ သွေးမတော်သားမစပ်ကြသော သူစိမ်းတွေဆိုတာ စဝ်မြတ်ဆေးမသိပေမယ့် သူကသိနေတော့ ကိုယ့်ကို သူမမောင်အမှတ်နှင့် တယုတယပြောဆိုဆက်ဆံနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသူ မိန်းမလှလေးကို ချစ်မိပြီဖြစ်သော စိုင်းစောဟုန် ရင်ထဲက ခံစားချက်ကို ဘယ်သူနားလည်နိုင်ပါမည်နည်း။

ဒါက စိုင်းစောဟုန်ဘက်က ခံစားချက်နဲ့ အတွေးဖြစ်ပေမယ့် နှစ်ပေါင်းများစွာ ကွဲကွာနေရသော မောင်ဖြစ်သူကို ရှာဖွေတွေ့ရှိဖို့ ခက်ခဲပင်ပန်းစွာ ရှာဖွေဆက်သွယ်ခဲ့ရသော စဝ်မြတ်ဆေးအတွက် သူမထက် ငယ်ရွယ်သူ မောင်လေးအရွယ် လူငယ်လေးကို တွေ့မြင်မိရင်ကိုပဲ သူမရဲ့မောင်လေးသာ ဖြစ်နေရင်ဆိုသော အတွေးစိတ်ကူးလေးနဲ့ မောင်ရှူးရှူးနေခဲ့ရသူလေးပီပီ ဦးခွန်သာရဲ့သားဆိုတာနှင့် ပျောက်ဆုံးနေသော ရတနာတစ်ပါးကို ပြန်တွေ့ရသလို ဝမ်းသာပီတိ ဖြစ်ခဲ့ရပုံကို စိုင်းစောဟုန်တစ်ယောက် ဘယ်လိုလုပ် စာနာနားလည်နိုင်ပါမလည်းဟု တွေးနေမိသည်။

ဒါကြောင့်လည်း ဒီလို သူစိမ်းဆန်လှတဲ့ မေးခွန်းတွေမေးပြီး စဝ်မြတ်ဆေး အသည်းတွေကို နာကျင်အောင်လုပ်ခဲ့တာပဲဟု မောင်အဖြစ် သတ်မှတ်ယုံကြည်နေသော စိုင်းစောဟုန်၏ မျက်နှာကို စေ့စေ့စူးစူးလေး ကြည့်လိုက်သည်။

"မင်းစိတ်ထဲမှာရော…မမကိုတွေ့တော့ ဘယ်လိုခံစားရသလလဲ စော၊ သူစိမ်းတစ်ယောက်ကို တွေ့ရသလို ထင်လားကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူတစ်ယောက်ကို ပြန်တွေ့ရတယ်လို့ ထင်လား"

သူ့အမေးကိုမဖြေဘဲ စပ်မြတ်ဆေးက စိုင်းစောဟုန်ကို ပြန်မေးလိုက်ခြင်းဖြစ်ရာ ထင်မှတ်မထားသည့် တန်ပြန်မေးခွန်းကြောင့် တောင်တန်းပြာကြီးများရှိရာကို အကြည့်တို့ လွှဲပယ်လိုက်သ





သည်။

သူများကို မင်းမေးပြီးပြီ…။

အခု သူက မင်းကိုမေးနေပြီ၊ မင်းကိုယ်တိုင်ရော စဝ်မြတ်ဆေးကို တွေ့မြင်လိုက်ရတဲ့ အခိုက်မှာ ဘယ်လိုခံစားခဲ့ရလဲ။

မင်း အမှန်အတိုင်း ပြောလိုက်စမ်း စိုင်းစောဟုန်။ ဘာကိုမှ မလိမ်မညာဘဲ မင်းစိတ်ထဲ ရှိတဲ့အတိုင်း ဖြေစမ်း…။

သူနှင့်စဝ်မြတ်ဆေး ပထမဆုံး မြင်ဘူးသည့်အချိန်ကို ပြန်စဉ်းစားကြည့်သည်။ သူဆိုင်ကယ်နှင့် သူမကား ဝင်တိုးမိပြီး သတိလစ်မေ့မျောသွားရာက သတိပြန်ရလာချိန်မှာ ပထမဆုံး မြင်လိုက်ရသည့် စဝ်မြတ်ဆေးမျက်နှာလေးက သူ့အတွက် အခုမှမြင်တွေ့ရသော မျက်နှာလေးမဟုတ်ဘဲ သူ့စိတ်ထဲမှာ အလိုလို ကျွမ်းဝင်မှုမျိုး ရှိနေတာကို သူမမေ့ပါ။

နောက် သူမနဲ့စကားပြောရင်း သူမမျက်နှာလေးကို ကြည့်ရင်း နွေးထွေးသော စိတ်ခံစားချက်၊ လှိုက်လှဲသော ရင်ခုန်သံတို့ဖြစ်တည်လာရသည့်အဖြစ်ကို အခုချိန်မှာ အချစ်ဟု ကိုယ့်ဘာသာ ခွဲခြားတတ်ခဲ့ပါပြီ။

"မမမေးတာ ဖြေဦးလေ စော"

"ကျွန်တော့်အတွက် မမဟာ သူစိမ်းတစ်ယောက်မဟုတ်ဘူး၊ ကျွန်တော်နဲ့မမ အခုမှဆုံတွေ့ရပေမယ့် ဟိုးအရင်ထဲက ရင်းနှီးကျွမ်းဝင်နေသလိုပဲ ခံစားရတယ်"

"မမဘက်က ဘယ်လိုပဲစိမ်းစိမ်း ကျွန်တော့်ဘက်က မမကို ဘာတစ်ခုမှ စိမ်းနိုင်မှာမဟုတ်ဘူးဆိုတာလည်း ကျွန်တော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်''

''စော…မောင်လေး''

''မမကိုယ်တိုင်လည်း အခု စောခံစားရသလိုပဲ စောနဲ့ ထပ်တူ ခံစားခဲ့ရတဲ့သူပါကွယ်။ သတိမေ့နေတဲ့ စောမျက်နှာလေး ကိုကြည့်ရင်း စောသာ မမရဲ့မောင်လေးပဲ ဖြစ်လိုက်စမ်းပါတော့ လို့ ဆုတောင်းမိတဲ့ မမပါကွယ်''

''စောက ဦးခွန်သာရဲ့သားဆိုတာနဲ့ မမရင်တစ်ခုလုံး ဖြောင်းဆန်သွားအောင် ခံစားလိုက်ရတဲ့အထိ မမ ဝမ်းသာသွားခဲ့ တာ စောသိတယ်မဟုတ်လား''

''မမရယ်''

စိုင်းစောဟုန်ထံမှ တိုးသဲ့စွာ ညည်းညူလိုက်သံဖြစ်ပါ သည်။

စဝ်မြတ်ဆေးရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ဒီလိုစိတ်ခံစား ချက်တွေ ရှိတာကို သိရတော့ သူစိတ်ထဲမှာလည်း ကျေနပ်ပျော် ရွှင်သွားရပါသည်ဆိုရင် မမ ယုံပါမည်လား။

တကယ်တော့ ကျွန်တော်နဲ့မမဟာ ဘာမှမဆော်တဲ့ သူစိမ်း တွေပဲဗျာ။ ရင်ခုန်သံချင်း ဘယ်လိုလုပ် တူညီနိုင်ပါ့မလဲလို့ ဆိုပေမယ့် မမကိုယ်တိုင်လည်း ကျွန်တော့်အပေါ်မှာ စိတ်ဝင်စားမှုရှိတာ သိရ လို့ ကျွန်တော် ကျေနပ်တယ်။

× × × ×





အခန်း (၃)

''သေချာတွေးကြည့်ရင် မမတို့မိသားစုလေးရဲ့ အဖြစ်က ရင်နာကြေကွဲစရာ သနားစရာပါကွယ်၊ ရင့်နင့်စရာ အဖြစ်တွေကို ပြန်တွေးမိတိုင်း ဘယ်လိုဝဋ်ကြွေးတွေကြောင့် အခုလိုဖြစ်ရတာပါ လိမ့်ဆိုပြီး ကြိတ်ငိုမိတာလည်း အကြိမ်ကြိမ်ပဲ''

''အခုချိန်ကစပြီး ငိုဖို့မလိုတော့ပါဘူးဗျာ၊ မမ အဖြစ်ချင် ဆုံးဆန္ဒတွေ ပြည့်ခဲ့ရပြီပဲ''

''အင်းလေ…ဒါလည်းဟုတ်ပါတယ်၊ ဒါပေမယ့် စောက မမနဲ့အတူ လိုက်မနေနိုင်ဘူးဆိုတာက ဘာအတွက်လဲ၊ မမမှာ လက်ထပ်ရမယ့်ချစ်သူ ရှိနေလို့လား''

စိုင်းစောဟုန်ထံမှ ဘာသံမှထွက်မလာ။

စိုင်းစောဟုန်၏ ကြည်လင်ရွှင်ပျနေသော မျက်နှာချောချော မှာ တည်သွားသလို မျက်နှာကိုလည်း တစ်ဖက်သို့ လွှဲသွားသဖြင့် စဝ်မြတ်ဆေးမှာ ကြိတ်ပြီး သက်ပြင်းချလိုက်သည်။

စဝ်မြတ်ဆေးကို သူ့အစ်မအဖြစ် သတ်မှတ်လက်ခံပြီး နောက်မှာ စိုင်းစောဟုန်က သူမကို သူ့မွေးစားမိဘများနှင့် ဆေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ အခုလို မောင်နှမနှစ်ယောက် အပြင်မှာပဲ လက်ခံတွေ့ဆုံခြင်းဖြစ်ပါသည်။

စင်မြတ်ဆေးကိုယ်တိုင်ကလည်း ဦးခွန်သာတို့ ဖနီးမောင်နှံနှင့် တွေ့ဆုံရဖို့ထက် သူမမောင်ဖြစ်သူနှင့် တွေ့ဆုံပြီး စိုင်းစောဟုန်ကို သူမနှင့်အတူ ရန်ကုန်ကို ပြန်လိုက်ပါလာဖို့သာ အရေးကြီးလျက်ရှိရာ မောင်အဖြစ် သတ်မှတ်ယုံကြည်ထားသော စိုင်းစောဟုန်ကိုသာ သူမနှင့်အတူ တစ်ပါတည်း ရန်ကုန်ကို ပြန်လိုက်ဖို့ ပြောဆိုနားချ စည်းရုံးနေခြင်းဖြစ်သည်။

သို့ပါသော်လည်း သူမမှာက လက်ထပ်ရမည့် သတို့သားလောင်းက ရှိနှင့်နေပြီဖြစ်ရာ မောင်နှမနှစ်ယောက် အတူတကွနေထိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်တော့သော စိတ်ကူးဖြစ်ပြီး သူမပိုင်ခြံမြေနှင့် အိမ်နှင့် တခြားရသင့်ရထိုက်သည့် ပစ္စည်းဥစ္စာတွေကိုသာ စိုင်းစောဟုန်အတွက် လွှဲပြောင်းပေးအပ်ရန်သာ တတ်နိုင်သောအခြေအနေမို့ ဇွတ်တိုးပြောဖို့ရာလည်း ခက်နေပြန်သည်။

''အဲဒီလူကို လက်မထပ်လို့မဖြစ်ဘူးလား''

''အင်''

စိုင်းစောဟုန်ထံမှ ပထမဆုံး ထွက်ပေါ်လာသော အသံဖြစ်သည်။ စိုင်းစောဟုန်မျက်နှာကို လှမ်းကြည့်လိုက်တော့ သူက စင်မြတ်ဆေးကို မကြည့်၊ အဝေးကို မျှော်ငေးကြည့်နေ၏။

မောင်နှမချင်း ပြန်တွေ့ကြရသည်က ရက်ပိုင်းရှိသေးသည်။ အစ်မဖြစ်သူမှာ လက်ထပ်ရမည့် သတို့သားနှင့်ဆိုတော့ မောင်ဖြစ်သူ၏ ရင်ထဲမှာ ဘယ်ပုံရှိနေမည်ဆိုတာကို တွေးကြည့်လျက် ရင်မောစွာ ပင့်သက်ဖြာရသည်။





ကိုယ်ကတော့ မယ်မယ်တို့ရှိစဉ်ကတည်းက လူကြီးချင်းသဘောတူထားသည့် စင်မြတ်ဆေး၏ ချစ်သူ ကိုသက်ထွန်းနှင့် လက်ထပ်မည်။ မောင်လေးကိုတော့ သူမနှင့်အတူ တစ်ပါတည်းခေါ်ပြီး သူမနှင့်အတူ မနေရဘဲ တစ်ခြားသူစိမ်းနောက် လက်ထပ်ပြီး ကောက်ကောက်ပါအောင် လိုက်သွားမည်ဆိုလျှင် မောင်ဖြစ်သူအပေါ်မှာ သူမဘက်က တရားမျှတမှု ရှိမည်မထင်။

သိပ်ပြီး တစ်ကိုယ်ကောင်းဆန်ဆန် အတ္တကြီးသူဖြစ်ရပေမည်။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသော မောင်ဖြစ်သူကိုလည်း မျက်စိအောက်က အပျောက်မခံချင်သလို ချစ်ရသူနှင့် ကြပြန်တော့လည်း မခွဲချင်။

စင်မြတ်ဆေးကိုယ်တိုင်လည်း တစ်ယောက်ထဲကနေ နှစ်ယောက်ဝေခွဲလို့လည်း မရ။ အခုမှခက်ပြီးရင်း ခက်နေရသော သူမအဖြစ်ကို စောလေး နားလည်နိုင်ပါမည်လား။

''မဖြစ်နိုင်တော့ဘူးမဟုတ်လားဗျာ၊ ဒါနဲ့များ ကျွန်တော့်ကို ဘာဖြစ်လို့ အတူလိုက်ပြီးနေဖို့ ခေါ်ချင်ရတာလဲ''

''အို…မဟုတ်ဘူး၊ မမကို အထင်မလွဲပါနဲ့ စောရယ်၊ မမ စဉ်းစားနေလို့ပါ၊ သူ့ကိုလက်ထပ်ဖို့ ကတိပေးထားခဲ့ပြီးပြီမဟုတ်လားကွယ်၊ ပြီးတော့ နှစ်ဖက်အသိုင်းအဝိုင်းမှာ ရှိနေတဲ့လူကြီးမိဘတွေအားလုံးလည်း ဒီကိစ္စကို သိနေခဲ့ကြပြီးဆိုတော့ မမဘက်က ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ ကိုသက်ကို လက်မထပ်နိုင်ဘူးဆိုရင် သင့်တော်ပါ့မလားကလေးရယ်''

ကလေး…။

စိုင်းစောဟုန်မှာ စင်မြတ်ဆေးဆိုသည့် ချစ်ရသူက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အခုလိုခေါ်လိုက်တိုင်း ရင်ထဲမှာ မခံချင်စိတ်လေးတွေ မြောက်ကြွလာရကာ စိုင်းစောဟုန်ဆိုသည့် သူ့ကို ကလေးတစ်ယောက်လို ပြုမူပြောဆိုဆက်ဆံနေတာကို အော်ဟစ်တားမြစ်ကန့်ကွက်ချင်နေမိသော စိတ်ဆန္ဒရိုင်းကို မနည်းချုပ်တည်းထားရပါသည်။

သူမမျက်လုံးထဲမှာ စိုင်းစောဟုန်ဆိုသည့် သူ့အသွင်က တကယ်ပဲ အရွယ်မရောက်သေးသော ပီဘိကလေးငယ်လေးတစ်ယောက်လို့များ ထင်မြင်နေရှာသလား မဆိုနိုင်။

မောင်ငယ်ကိုချစ်သည့် အစ်မတစ်ယောက်အတွက် သူမမောင်လေးအမှတ်ဖြင့် ပြောဆိုဆက်ဆံနေသော သူကိုယ်တိုင် အရပ်မြင့်မြင့်၊ ဖုထစ်သော ကြွက်သားဖြင့် တောင့်တင်းသန်မာလှသော လူချောတစ်ယောက်ဖြစ်နေတာကို သူမမျက်လုံးမှာ မြင်မှမြင်ရသလား ထင်ရသည်။

"ကျွန်တော့်ကို ကလေးကိုမခေါ်ပါနဲ့ဗျာ၊ ကျွန်တော် ကလေးမဟုတ်ဘူး"

"ဟင်"

"ဪ...အေး...အေး နောက် စောမကြိုက်ရင် မခေါ်တော့ပါဘူးကွယ်၊ မမကို စိတ်မဆိုးပါနဲ့"

"စိတ်ဆိုးတယ်...စိတ်ကောက်တယ်ဆိုတာ မိန်းကလေးတွေအလုပ်ပါဗျာ"

"ယောကျ်ားလေးတွေအတွက်တော့ စိတ်မဆိုး စိတ်မကောက်ရဘူးပေါ့ ဟုတ်လား"

ပြုံးစစ မျက်နှာလှလှလေးနှင့် စိုင်းစောဟုန်ကို ကျီစယ်စနောက်လိုဟန် မျက်ဝန်းအကြည့်လေးများဖြင့် ရွှန်းလဲ့စွာ ဆုံစည်း





သွားရသည့်အခိုက်မှာ စိုင်းစောဟုန် နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

"ကျွန်တော်က ယောကျ်ားဗျာ၊ ဘယ်တော့မှ မိန်းမအလုပ်တွေမလုပ်ဘူး"

"ဟုတ်ကဲ့ပါရှင်...မမ စောလေးရဲ့စကားကို မှတ်ထားပါ့မယ်၊ ဟုတ်လား"

ပြောရင်းက သူမကို စိတ်ဆိုးစိတ်ကောက်လျက်ရှိသော မောင်ဖြစ်သူ၏ ကလေးဆန်မှုကို စိတ်ထဲက ကြိတ်ပြီး ရယ်လိုက်မိပေမယ့် အပြင်မှာတော့ စပ်မြွတ်ဆေး မရယ်ရဲပါ။

တော်ကြာ...သူမကို ထပ်စိတ်ဆိုးပြီး မခေါ်ဘဲနေမှာကို စိုးကြောက်၍ ဖြစ်ပါသည်။ သူကိုယ်သူ လူကြီးတစ်ယောက်ပါလို့ နှုတ်တိုးပြောချင်ပုံရပေမယ့် စိုင်းစောဟုန်၏ ပုံစံလေးကဖြင့် လူကောင်ကြီးသလောက် စိတ်ကလေးကဖြင့် တကယ့်ကို နုနုနယ်နယ်ဟု ဆိုရမည်။

ကြည့်လေ...သူ့ကိုက ကလေးလို့ခေါ်တော့လည်း မကြိုက်။ ကိုယ့်မောင်လေးမို့ မောင်လေးလို့ခေါ်မိပြန်တော့လည်း သဘောကမတွေ့။

သူ့အကြိုက် စောဟုခေါ်တော့ မျက်နှာမှုံမှုံလေး ကြည်သွားသလို ကလေးဟုခေါ်ပြန်တော့ ထိုမျက်နှာလေးသည်ပင် မှိုင်းမှုံသို့ညို။

လူဆိုးလေး စော။

စပ်မြွတ်ဆေးရဲ့ မောင်ငယ်လေး စိုင်းစောဟုန်လေးရယ်။

မမမောင်လေးမျက်နှာလေး မညှိုအောင် မမဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုလိုက်လျှောအရှုံးပေးလိုက်ချင်ပါရဲ့ကွယ်။

မမရင်ထဲက စေတနာမေတ္တာတွေကို မမမောင်လေး သိလိုက်စမ်းပါလား ကလေးရယ်။

"ကျွန်တော်မေးတာ မဖြေသေးဘူးနော်"

"ဟင်...ဘာများလဲစောရယ်"

"ဟိုလူကို လက်မထပ်လို့မရဘူးလားဆိုတာလေ"

"ဪ"

စိုင်းစောဟုန်လေး နားလည်သဘောပေါက်လာအောင် စပ်မြတ်ဆေးဘက်က ဘယ်လိုစကားတွေနဲ့ ပြောပြရမှာပါလိမ့်ဟု အပြေးအလွှား စဉ်းစားကြည့်ပေမယ့်မရ။

ကိုသက်လို သူ့မအချစ်ကို ခွဲကောင်းကောင်းဖြင့် အချိန် အကြာကြီး ကြိုးစားရယူပိုင်ဆိုင်ခွင့် ရခဲ့သူအပေါ်မှာ စပ်မြတ်ဆေး ဘက်က စကားအမျိုးမျိုး မပြောချင်သလို ပေးပြီးသားကတိကို လည်း မဖျက်ချင်။

ပြီးတော့ ကိုသက်နှင့် သူ့မကိစ္စဆိုတာက လူမသိသူမသိ တိုးတိုးကြိတ်ကြိတ် ကိစ္စမျိုးမဟုတ်တော့ ပိုခက်သည်။

"စောကို...မမမေးမယ်နော်၊ တကယ်လို့ မမဘက်က ကိုသက်ကို လက်မထပ်တော့ပါဘူးဆိုရင် စောက မမနဲ့အတူတူ လိုက်နေမလား"

"နေစေချင်ရင် နေမှာပေါ့ဗျာ"

"တကယ်"

"တကယ်ပေါ့...မမကသာ ကျွန်တော့်ကို မမုန်းဘူးဆို ရင်ပေါ့ဗျာ"





စိုင်းစောဟုန်က လှပသော စပ်မြတ်ဆေး၏မျက်နှာလေး ကို ကြည့်ပြီး ရင်ထဲကလာသော စိတ်ခံစားချက်အပြည့်ဖြင့် အဓိပ္ပာယ်ပါပါ ပြည့်ဝန်းစွာ ပြောလိုက်ပေမယ့် စပ်မြတ်ဆေးခမျာ သူ့ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်ရှာ။

မျက်ရည်ပြည့်အိုင်သော မျက်ဝန်းပြာကြီးများဖြင့် သူ့မျက် နှာကို မော့ကြည့်ရင်း စိုင်းစောဟုန်၏ စကားအပေါ်မှာ စိတ်ထိခိုက် သွားတာကို မြင်လိုက်ရသည်။

"စောရဲ့စကားတွေက မမအပေါ်မှာ သူ့စိမ်းဆန်လှချည် လားကွယ်၊ မမဟာ စောရဲ့အစ်မအရင်းပါ၊ မမမောင်လေးရဲ့ မျက်နှာ ကို အခုလိုမြင်ရတွေ့ရဖို့ မမ ဘယ်လောက်ကြိုးစားအားထုတ်ခဲ့ရ တယ်၊ ဘယ်လောက်အပင်ပန်းခံခဲ့ရတယ်ဆိုတာ စောလေးသိရဲ့ လားဟင်"

"မမကို စော မချစ်ပါဘူးလေ"

တုန်ရီစိုနင့်စွာ သူ့မဆိုလိုက်ပုံလေးက စိုင်းစောဟုန်ရင်ကို နင့်ခနဲ ထိခိုက်စွာ နာကျင်သွားစေသည့်အတွက် လှပသော သူ့မ မျက်နှာလေးကို ခံစားချက်ပြင်းပြင်းဖြင့် စူးစိုက်ကြည့်ပစ်လိုက်သည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို အခုလိုပြောရတာလည်းဗျာ၊ ကျွန်တော့်မျက်နှာကို သေချာကြည့်စမ်းပါ၊ တကယ်ပဲ ကျွန်တော့် ပုံစံက မမကို မချစ်တဲ့လူတစ်ယောက်ရဲ့ပုံစံမျိုး ဖြစ်နေလား"

"ဒါပေမယ့်"

"တော်ပါဗျာ...ကျွန်တော့်ရင်ထဲက ခံစားချက်ကို ကျွန်တော်ပဲသိပါတယ်၊ ကျွန်တော့်ထက် ဘယ်သူမှ ပိုနားလည်နိုင် မယ်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရင်နာသံကြီးဖြင့် သူဆိုလိုက်ခြင်းဖြစ်သည်။

စဝ်မြတ်ဆေးရင်ထဲမှာ ခက်ခက်ခဲခဲ ရှာဖွေတွေ့ဆုံခဲ့ရသော မောင်ဖြစ်သူက သူမချစ်သလိုမချစ်ဘူးဟု ထင်ပြီး စိတ်ထိခိုက်ကြေကွဲဝမ်းနည်းနေရှာသလို စိုင်းစောဟုန်ဆိုသည့် သူမှာလည်း သူစိမ်းသက်သက် မည်သည့်သွေးသားမှ မတော်စပ်သော ချစ်ရသူမိန်းမလှကြောင့် နှလုံးသားမှာ ဝေဒနာအမျိုးမျိုး ခံစားဖြစ်ပေါ်နေရလျက် သူ့အရင်ဦးနှင့်သူကြောင့် ရင်နာမဆုံး ရှိနေခြင်းကို ချစ်ရသူက စာနာနားလည်နိုင်မည်မဟုတ်။

သူမအတွေး၊ သူမအမြင်လေးတွေနှင့် စိတ်နာသလိုလေး ဆိုလိုက်ချိန်မှာ စိုင်းစောဟုန်ကိုယ်တိုင်သည်လည်း ရွှေအသည်းမှာ နာကျင်ခံရခက်သော အချစ်ဝေဒနာများနှင့်ရယ်ပါ။

"မမစကားကြောင့် စောလေး စိတ်ထိခိုက်သွားခဲ့ရင် ခွင့်လွှတ်ပါကွယ်၊ ရတ်တရက် မမစိတ်ထဲမှာလည်း ဝမ်းနည်းသွားမိလို့ပါ"

ကျွန်တော်လည်း ဝမ်းနည်းနေမိပါတယ် မိန်းမလှလေး မောင့်ချစ်သူရယ်...။

သိပ်လှတဲ့ မင်းလေးမှာ မောင့်အရင် ပိုင်ဆိုင်သူရှိနေခြင်းဟာ သိပ်ချစ်တတ်တဲ့ မောင့်နှလုံးသားကို ဆောက်တည်ရာမဲ့ ရူးလုလုဆိုရင် မောင့်ရဲ့မြတ် ယုံပါ့မလားဗျာ။

မောင်ဟာ...မြတ်ထင်နေသလို အစ်ကိုစိုင်းနော်ဒ် မဟုတ်ဘူး။ မြတ်နဲ့ ဘာသွေးသားမှ မတော်စပ်တဲ့ မြတ်ကိုချစ်နေတဲ့သူ။

မြတ်ကို စွဲလမ်းစိတ်နဲ့ ချစ်မြတ်နိုးပြီး ပိုင်ဆိုင်ရယူချင်နေသူပါ ဆိုရင် မြတ် အခုလို မောင့်အနားမှာ နေပါဦးမလား မောင့်





အသက်ရယ်။

မောင့်ကို မုန်းသွားမလား၊ နာကြည်းသွားမလားဆိုတာ မောင်မတွေးချင်ဘူး။ မောင် မတွေးရဲဘူး။

"မမကို စကားမပြောချင်တော့ဘူးလား စော"

"ကျွန်တော် ရင်နဲ့မဆန့်အောင် ကျွန်တော့်မှာ ပြောစရာစကားတွေ ပြည့်နေဝေမယ့် မမကို ဘယ်ကစပြောရမှန်းမသိဘူးဗျာ၊ ကျွန်တော့်ခံစားချက်ကို မမနားလည်ပါ့မလား"

"စောရယ်"

"မမ ဘယ်လိုပြောရမလဲကွယ်၊ စောဖြစ်ချင်တဲ့ ဆန္ဒကိုမမ သိရပြီမို့ မမကို့ မောင်နှမအတွက် အကောင်းဆုံးဖြစ်မယ့်နည်းလမ်းကို မမ စဉ်းစားပါဦးမယ်"

မောင်ဖြစ်သူ၏ စိတ်ဆန္ဒကို သိရပြီမို့ စိတ်ကျေနပ်အောင် ထမဦးစွာ နှစ်သိမ့်စကားဆိုလိုက်သည်။ စောကဖြင့် စဝ်မြတ်ဆေးကို မကြည့်ဘဲ ကျောခိုင်းအနေအထားဖြင့် အဝေးကို မျှော်ငေးနေသော သူမရင်ထဲမှာ တိတ်တိတ်လေး ကြိတ်ပြီး ဝမ်းနည်းနေမိသည်။

စောရော သူမလို ခံစားနေရမည်လားဟု တွေးနေမိသည်။ သောလိုငယ်ရွယ်သူ မဆိုထားနှင့် စဝ်မြတ်ဆေးလို စောထက်ကြီးသူတစ်ယောက်သည်ပင်လျှင် လက်ရှိအနေအထားမှာ ဘယ်ဟာက အမှန်၊ ဘယ်ဟာက အမှားဆိုတာ ခွဲခြားရခက်လျက်ရှိရာ အတွက်ဆို ဆိုဖွယ်ရာရှိမည်မထင်။

"ဒီနေရာမှာ စောလေးကို မမ တစ်ခုတော့ပြောချင်တယ်" ပြောမယ့်စကားက မမအတွက် အယူခံစင်တာမျိုးတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ စော သိသင့်သိထိုက်တဲ့ စကားမျိုးပဲဆိုပါတော့လေ"

စောကဖြင့် မလှုပ်ပါ။ သူမစကားကို စိတ်ဝင်စားပုံလည်း မပြသလို တားမြစ်ကန့်ကွက်ခြင်းလည်း မပြု။ စဝ်မြတ်ဆေးကသာ သူမပြောရမည့်စကားအကြောင်းအရာကို တိုးတိတ်ညင်သာစွာ ဆက်လက်ပြောကြားနေမိသည်။

"တခြားအကြောင်းမဟုတ်ပါဘူး၊ ကိုသက်အကြောင်းပါ"

"သူ့နာမည်က ကိုသက်ထွန်းတဲ့"

မပြောနဲ့...။

အဲဒီလူအကြောင်း ကျွန်တော် ဘာတစ်ခုမှ မကြားချင်ဘူး။

ကျေးဇူးပြုပြီး ခင်ဗျားရဲ့ချစ်ရသူအကြောင်း ကျွန်တော့်ရှေ့မှာ မပြောပါနဲ့လား အချစ်ရယ်။

"သူဟာ စိတ်ရင်းစေတနာကောင်းမွန်ပြီး အင်မတန်သဘောထားပြည့်ဝတဲ့ ယောက်ျားကောင်းတစ်ယောက်ဆိုတာ စော သိထားစေချင်လို့ပါ၊ လူကြီးမိဘတွေ သဘောတူကြတယ်ဆိုပေမယ့် သူကိုယ်တိုင်ကလည်း မမအပေါ်မှာ တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့မြတ်နိုးခဲ့တဲ့သူပါ စော"

"အဲဒါ...ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

မာကျောကျွတ်ဆတ်စွာ တုံ့ပြန်လိုက်သူ့ရဲ့ရင်မှာ ဘယ်လို ခံစားချက်တွေ ရှိနေသည်ဆိုတာ တစ်ကမ္ဘာလုံးကြားအောင် အော်ပြောရမည်လားဟု တွေးနေမိ၏။

"ဟင့်အင်း...စော ဘာမှလုပ်ပေးစရာ မလိုပါဘူးကွယ်၊ ကိုသက် ဘယ်လိုလူလည်းဆိုတာ စော သိစေရုံသက်သက်ပါ"





"ဝမ်းနည်းစရာပဲဗျာ...ကျွန်တော့်အနေနဲ့ အဲဒီလူအကြောင်းကို အခုလည်းမသိချင်ဘူး၊ နောင်ကိုလည်း သိချင်မှာ မဟုတ်ဘူးဆိုတာ အခုထဲက ကြိုပြောထားချင်တယ်"

စောရယ်...။

စဝ်မြတ်ဆေးရင်ထဲက ချစ်စရာမောင်ဆိုးလေး၏ အမည်ကို လှိုက်လှဲသောခံစားချက်ဖြင့် ခေါ်ငင်လိုက်မိခြင်းဖြစ်သည်။

သူမအနေဖြင့် စိုင်းစောဟုန်ကို မောင်တစ်ယောက်အနေဖြင့် အစ်မတစ်ယောက်၏ လက်ထပ်ဖို့အရေးမှာ ဤမျှပြတ်သားစွာ ကန့်ကွက်လာလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ။

ကိုသက်ထွန်းနှင့် သူမကိစ္စကို အသိပေးခြင်းဖြင့် အလွယ်တကူပင် လက်ခံနားလည်ပေးနိုင်မည်ဟု ထင်မြင်ယူဆထားခဲ့သမျှ အခုတော့ အားလုံး ဆန့်ကျင်ဘက်ဖြစ်၍နေသည် မဟုတ်ပါလား။

ဒီတော့...စော ကျေနပ်လက်ခံလာအောင် ကိုသက်နှင့်သူမ လက်ထပ်ဖို့အရေး ဘယ်လိုဘယ်ပုံ ဆက်ရှင်းပြရမှန်း မသိတော့သည့်အဆုံး သက်ပြင်းကြိတ်ချရုံသာ တတ်နိုင်ပါတော့သတည်း။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

စိုင်းစောဟုန်သည် အိပ်ရာထဲမှာ လူက ငြိမ်သက်နေသော်လည်း ဘယ်လိုမှ အိပ်မပျော်ချေ။ စစ်မြတ်ဆေး ပြန်တော့မည်ဆို၍ လူက ထိုင်ရမလို ထရမလို အိမ်မြောင်အမြီးပြတ်သလို ဖြစ်နေ၏။

ဒီကြားထဲ သူမမှာ လက်ထပ်ရမည့်ချစ်သူ ကိုသက်ထွန်းဆိုသူ အသင့်ရှိနေသည်ဆိုသော အတွေးက စိုင်းစောဟုန်၏ ချစ်တတ်သော နှလုံးသားကို မီးတင်ရှို့နေသလို ထင်ရသည်။

မချစ်ရဘူးဗျာ…။

ကိုသက်ထွန်းဆိုတဲ့လူကို မြတ် မချစ်ရဘူး…လက်မထပ်ရဘူး။

ခေါင့်ကိုပဲ မြတ်ချစ်ရမယ်။ မောင့်ကိုပဲ လက်ထပ်ရမယ်။ မြတ်ကို ပိုင်ဆိုင်ခွင့်ရတဲ့သူဟာ စိုင်းစောဟုန်ဆိုတဲ့ မောင်ကိုယ်တိုင်ကလွဲပြီး တခြားဘယ်သူမှ မဖြစ်ရဘူး။

စိုင်းစောဟုန် ရင်ထဲက ကြိတ်မနိုင်ခဲမရ ဆိုလိုက်သည်။





စပ်မြတ်ဆေးကို သူ့အဘယ်မျှ ချစ်မြတ်နိုးမိနေပြီကို ချစ်ရသူကဖြင့် သိမည်မဟုတ်ပါ။

သူမှာသာ ဒီအဖြစ်တွေကို ဟုတ်မှန်သည့်အတိုင်း ဘယ်လိုဘယ်ပုံ ဖွင့်ပြောရမှန်း မသိသလို သူမ သူ့နားက ခွဲသွားမှာကိုလည်း စိုးကြောက်နေမိသည့်အဖြစ်။

မြတ်ရယ်…မောင်ဘာလုပ်ရမလဲ အသက်ရယ်။

မတွေးနိုင်၊ မအန်နိုင် သူ့အဖြစ်ကို ဘယ်သူ့ထံမှာ ရင်ဖွင့်တိုင်ပင်ရမှန်းလည်း မသိပါ။ အစထဲက အဖြစ်မှန်အတိုင်း မြတ်သိအောင် ဖွင့်ပြောခဲ့ရင် ကောင်းမှာပဲဟု တွေးပြီး နောင်တရနေမိပေမယ့် မြတ်ကသာ သူ့ကို ဒက်ဒီဦးခွန်သာ၏ သားဖြစ်ကြောင်း သိလျှင် အခုလို သူ့အပေါ်မှာ ရင်းနှီးချစ်ခင်ဖွယ်ရာ အမူအရာလေးတွေနှင့် ချစ်မြတ်နိုးစွာ ရှိနေမည်မဟုတ်တာလည်း သေချာပါသည်။

စပ်မြတ်ဆေးက သူမနှင့်အတူ သူ့ကို တစ်ပါတည်းအတူလိုက်စေချင်မှန်း သိပေမယ့် သူမလိုက်ဘဲနေခြင်းမှာ အခြားကြောင့်မဟုတ်ပါ။

ချစ်သူနှင့် မခွဲနိုင်၍ အတူလိုက်ပါသွားလျှင် မြတ်လက်ထပ်ရမည့် သတို့သားလောင်း ကိုသက်ထွန်းဆိုသူကို မကြည့်ချင်မြင်လျက်သား ဖြစ်နေရမည့်အရေးကြောင့် ချစ်ရသူနှင့် မခွဲအတူလိုက်ပါလိုလှသော်လည်း သက်ပြင်းတစ်ရှိုက်ရှိုက်နှင့် ရင်နှင့်ကြေကွဲနေရခြင်းဖြစ်သည်။

စပ်မြတ်ဆေးက စိုင်းစောဟုန်ကို တွေ့ပြီးနောက် သူမမှာမွေ့နေသော မောင်စပ်မိုင်းနောင်ဟု ထင်မြင်ယုံကြည်လျက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစောဟုန်၏ မျက်နှာကို ဟစ်ချက်အညီမခံဘဲ သူပြောသလိုနေ၍ သူခိုင်းသည့်အတိုင်း လုပ်နေရှာပါသည်။

ဟင်း…အခုမှ သိပ်ခက်တာပဲ။

အတွေးရကြပ်၊ အကြံရကြပ်စွာ သူဆိုလိုက်မိသည်။ ဒက်ဒီတို့နှင့် နောက်မှပဲဆုံတွေ့ပါဟု ဆိုတာကိုလည်း စပ်မြတ်ဆေးက မောင်ကိုချစ်သည့်စိတ်ဖြင့် မည်သည့်သံသယမှ မဝင်ဘဲ လက်ခံခဲ့သူ။

အကြံသမား၏ စနက်ဟု မသိရှာ။

အိပ်ရာမှ ဝုန်းခနဲ ခုန်ထလိုက်ပြီး အမှောင်ထဲမှာ သူ့မျက်နှာချောချောကို လက်ချွားဖြင့် ပွတ်သပ်အုပ်ဆိုင်းလျက် အတန်ကြာငြိမ်သက်နေမိသည်။

စပ်မြတ်ဆေးက ပြန်တော့မည်လို့သာဆိုသည်။ ပြန်မည့်ရက်ကို အတိအကျ မသတ်မှတ်ရသေး။ သူမတာကယ်ပြန်သွားလျှင် သူဘယ်လိုပုံစံနှင့် နေရစ်ခဲ့ရမည်ဆိုတာကို တွေးမရ။

မနက်ဖြန် သူတို့နှစ်ယောက် အနီးပတ်ဝန်းကျင်အနှံ့လျှောက်လည်ကြရဦးမည်။ ထိုအခါ အချစ်ဝေဒနာကို ပိုခံစားရဦးမည့်သူက စိုင်းစောဟုန်ကိုယ်တိုင် ဖြစ်နေသည်။

ရွှေအဆင်းလို ဝင်းဝါနုထွတ်သော အလှပိုင်ရှင်က လူတွင်မကာ နတ်တမျှနှယ် အပြစ်ဆိုရက်စရာမရှိအောင် လှပလွန်းလှသည့်အတွက် မြင်ရသူဘဝင်မှာ ရူးလုလု ချစ်မိသည်ဆိုလျှင် စိုင်းစောဟုန်ကို ပိုလွန်းသည်ဟု ဆိုကြမည်ထင်သည်။

စပ်မြတ်ဆေး၏အလှကို မြင်မြင်ခြင်း တုန်လှုပ်သွားရသည်





ကိုဖြင့် ဝန်မခံလို့မရ။ စိမ်းမှောင်သော ဇင်ရော်တောင်မျက်ခုံး၊ ရွှန်းစက်လှပသော မျက်ဝန်းပြာကြီးများ အလယ်မှာ စင်းဖြောင့်သောနှာတံ၊ ထိုအောက်မှာ မည်သည့်ဆေးမှမကူဘဲ သွေးရော်င်လွှမ်းနေသော နှင်းဆီဖူးငုံ နှုတ်ခမ်းအစုံ။

အရပ်မနိမ့်မမြင့် တင့်တယ်သောကိုယ်ဟန်က ခါးသေးရင်ချီ ပဒုမ္မာနီသို့ မြင်ရသူဘဝင်ကို အသက်ရှူမှားစေသော အလှမျိုးဖြစ်သော်လည်း သူမအသွင်ကဖြင့် ပကတိအေးငြိမ်းလှပါဘိ။

မောင်ရင်းနှမအချစ်ဖြင့် သူ့မျက်နှာကို မျက်တောင်ရှည်များ ပင့်ကော့လျက် ရွှန်းလဲ့စွာ ကြည့်ငေးရင်း နှင်းဆီငုံထွေး နှုတ်ခမ်းအစုံလေး ပြုံးမိန့်သွားပုံတို့မှာ အစိမ်းသက်သက်ဖြစ်သော စိုင်းစောဟုန်၏ နှလုံးဘဝင်ကို လှိုက်ဖိုတုန်ရင်စွာ စွဲလမ်းစေဖို့ချည်းဖြစ်နေ၏။

မြတ်…။

မောင့်ရဲ့မြတ်ရယ်…။

ဘယ်နှကြိမ်မြောက်မှန်း မသိသော သက်ပြင်းရှိုက်လျက် အိပ်ရာထက်မှာ ငြိမ်သက်စွာ ပြန်၍လဲလျောင်းရင်း မျက်ဝန်းအစုံကို မှေးမှိတ်လျက် ဖွတ်နှစ်ကာ အိပ်ဖို့ကြိုးစားသော်လည်း စပ်မြတ်ဆေးဆိုသည့် ချစ်ရသူ၏ မျက်နှာလေးသည်သာ တရစ်ဝဲဝဲ စိုးမိုးနေရာယူလျက်ရှိ၏။

အချစ်အကြောင်းကို စိုင်းစောဟုန် ကြားဘူးသည်။ ချစ်တတ်သူတွေကို မြင်တွေ့ဘူးသည်။ ထိုစဉ်တုန်းကတော့ အချစ်မရှိသော သူ့အတွက် ထိုလူစားတွေက ရယ်မောလှောင်ပြောင်စရာ၊



www.burmeseclassic.com

www.burmeseclassic.com



အထင်မြင်သေးရွံ့ချစရာမှုဟု ထင်ခဲ့သည်။

အခု ကိုယ်တိုင်ခံစားလာရမှ အချစ်ဝေဒနာကို စာနာနားလည်လာ၏။ ကိုသက်ထွန်းဆိုသည့်လူကို မြတ်က လူကြီးချင်းသဘောတူရာမှ လူငယ်ချင်း မေတ္တာမျှကြခြင်းဆိုလျှင် မြတ်ရင်ထဲမှာရော ကိုသက်ထွန်းဆိုသည့် လူအကြောင်း တွေးပြီး စိုင်းစောဟုန်အကြိုက် လိုက်ပြီးခွဲရမည်ဆိုလျှင် နှလုံးသားတွေ နာကျင်နေမည်လား။

အတွေးဖြင့် ရင်မှာ လောင်ကျွမ်းသွား၏။ ဟိုလူကတော့ မြတ်ကို ချစ်မြတ်နိုးပါကြောင်း မြတ်ကိုယ်တိုင်ပင် သူသိအောင်ဖွင့်ဟပြောဆိုသွားခဲ့တာကို ပြန်အမှတ်ရလာ၏။

မြတ်ကိုရော...ကိုသက်ထွန်းဆိုသည့်လူကို အဘယ်မျှချစ်ခင်မြတ်နိုးနေပါသလဲဆိုသည့် အမေးတို့က စိုင်းစောဟုန်ကိုယ်တိုင် မမေးလိုက်မိချေ။

အပြင်မှာ လူချင်းတွေ့လျှင် စဝ်မြတ်ဆေးကို မမဟုခေါ်ပါသော်လည်း သူ့ရင်တွင်းမှ ချစ်ရသူကို မမလို့မခေါ်ချင်။ မခေါ်လို၍ မြတ်ဟု ကိုယ့်ဘာသာ ခေါ်သလို သူ့ကိုယ်သူလည်း မောင်ကဟု မြတ်နိုးစုံမက်စွာ သုံးစွဲပြောဆိုနေမိသည်။

မမဆိုလျှင် စိုင်းစောဟုန်နှင့်သူမကြားမှာ ကြီးမားသော တံတိုင်းကြီးတစ်ခု ခြားသွားသလို ထင်ရသည့်အပြင် မောင်နှမဆန်သော အသုံးအနှုန်းကို ချစ်သူတွေဖြစ်လာလျှင် မသုံးလိုတော့တာလည်း ပါဝင်နေ၏။

ညဥ့်နက်မှ အတွေးများဖြင့် တွေးရှုန်းရင်း အိပ်ပျော်သွား





သော်လည်း ခါတိုင်းလိုအချိန်ဆွဲပြီး အိပ်ရာထဲမှာ ဇိမ်ဖြင့်နှပ်မနေနိုင်။

စားပွဲပေါ်က နာရီကိုကြည့်ပြီး အိပ်ရာပေါ်မှ ကမန်းကတန်း ခုန်ဆင်းကာ ရေချိုးခန်းထဲ အပြေးဝင်ခဲ့သည်။ စဝ်မြတ်ဆေးနှင့် ချိန်းဆိုထားသည့် အချိန်မီအရောက် သူသွားရမည်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်အတူ ရေပူရေနွေးစပ်လျှက် တစ်ခါတည်း ရေချိုးခေါင်းလျှော်ပစ်လိုက်ရာ လူတစ်ကိုယ်လုံး လန်းဆန်းသွား၏။

သက္ကလပ်ဘောင်းဘီ၊ ကုတ်အင်္ကျီနှင့် မှန်ထဲမှ မိမိပုံရိပ်ကို စေ့စေ့ကြည့်မိသည်။ ဖြူဝင်းသော အသား၊ မြင့်မားထွားကြိုင်းသော ကိုယ်နေဟန်ထားနှင့် စိုင်းစောဟုန်ဆိုသည့် သူ့အသွင်က ဘယ်လိုပဲကြည့်ကြည့် ခန့်ညားချောမောသော လုလင်ပျိုတစ်ယောက်အဖြစ် မည်သူမျှ အသိအမှတ်မပြုဘဲ မနေနိုင်ချေ။

စဝ်မြတ်ဆေး စိတ်ထဲမှာရော သူ့ကို လူချောလေးတစ်ယောက်အဖြစ် အသိအမှတ်ပြုရဲ့လား သိချင်နေ၏။ နှစ်ယောက်အတူ ယှဉ်တွဲသွားလျှင် အလှချင်းညီ အရွယ်ချင်းညီတာကိုဖြင့် မငြင်းနိုင်။

"ဟိတ်...ကိုကို"

"လောဝ်...ညီမလေး"

"ကြည့်စမ်း...ရှိုးတွေမိုးတွေ အပြတ်ထုတ်ပြီး ဒါက ဘယ်သွားမလို့လဲ ပြောပါဦး"

ညီမဖြစ်သူက စိုင်းစောဟုန်တစ်ကိုယ်လုံးကို စေ့စေ့ကြည့်ပြီး ပြုံးစိစိလေး ပြောလာတာမို့ စိုင်းစောဟုန်ကိုယ်ကြီး တွန့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"ဘယ်မှမဟုတ်ပါဘူးကွာ...ဟိုနားဒီနားပါ"

"ဟာ...ဟ လောဝ် သိပါတယ်နော်၊ ကိုကို မမလှလှလေးတစ်ယောက်၊ ခစ်...ခစ်..."

"ဟင်...လောဝ် ဘယ်လိုသိလဲ"

"ဒီလိုပဲသိတာပေါ့လို့၊ နန်းစံဖူးပြောတာ"

"စံဖူးက ဘယ်လိုပြောလဲ"

လောဝ် အချစ်ဆုံးသူငယ်ချင်း နန်းစံဖူးမှန်းသိလိုက်သဖြင့် စိုင်းစောဟုန် သေချာစွာမေးလိုက်ခြင်းဖြစ်ရာ လောဝ်က တစ်ချက်ရယ်မော‌လိုက်ရင်း...

"ဖြည်းဖြည်းမေးပါ ကိုကိုရဲ့၊ စံဖူးက ကိုကိုနဲ့ မမလှလှလေးတစ်ယောက် တွဲနေတာ တွေ့တယ်တဲ့၊ ဘယ်သူလဲကိုကို ကိုကို့ချစ်သူလား"

"အင်"

လောဝ်အမေးကို ရုတ်တရက် သူဘယ်လိုဖြေရမှန်းမသိဖြစ်သွားသည်။

"သိပါတယ်...ကိုကို့ချစ်သူမဟုတ်လား၊ လောဝ် မာမီကို ပြန်မပြောပါဘူးကိုကိုရဲ့၊ စိတ်ချပါ၊ လောဝ်ကိုသာ အဲဒီမမနဲ့ တွေ့ပေးစမ်းပါ"

"လောဝ်က ဘာလုပ်မလို့လဲ"

"ယောင်းမက သိပ်လှတယ်ဆိုလို့ ကြည့်မလို့ပါ"

ယောင်းမဟု စဝ်မြတ်ဆေးကို လောဝ်က ခေါ်လိုက်တာ





မို့ စိုင်းစောဟုန်ရင်ထဲမှာ သိမ့်ခနဲနွေးထွေးသွားရပေမယ့် သူနှင့် မြတ်အကြောင်းကို ဘယ်နေရာကစပြောရမှန်း မသိ။

"ကိုကို အခု အဲဒီမမဆီကို သွားမှာဆိုရင် လောဝ်လည်း လိုက်မယ်နော်"

"လောဝ်လိုက်လို့ မဖြစ်သေးပါဘူးကွာ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့ ယောင်းမက မာနကြီးလို့လား"

"မဟုတ်ပါဘူး လောဝ်ရယ်၊ ကိုကိုတို့မှာ တခြားကိစ္စရှိသေးလို့ပါ၊ နောက်မှ မြတ်နဲ့ တွေ့ပေးပါ့မယ်"

လောဝ်ပါလာလျှင် ဇာတ်လမ်းတွေ ရှုပ်ထွေးကုန်မှာစိုးသဖြင့် ညီမငယ်ကျေနပ်အောင် နှစ်သိမ့်စကားဆိုလိုက်သည့် အဖြစ်ကို လောဝ်က မရိပ်မိပါ။

"မမနာမည်က မြတ်တဲ့လားဟင်"

"အင်း"

"နာမည်လေးက တစ်လုံးထဲ ချစ်စရာလေးနော်"

မြတ်နာမည်အပြည့်အစုံကို မပြောချင်သဖြင့် စိုင်းစောဟုန် ခေါင်းညိတ်ပြလိုက်သည်။ စဝ်မြတ်ဆေးဆိုသည့် နာမည်အပြည့်အစုံကို ပြောလိုက်လျှင် လောဝ်ကတစ်ဆင့် မိဘတွေ သိသွားပြီးလျှင် စိုင်းစောဟုန်တစ်ယောက် မြတ်အနားက လွင့်ပြေးရမည့်အရေးကို ကြိုသိနေ၍ဖြစ်သည်။

"ကိုကို သွားလိုက်ဦးမယ် လောဝ်၊ ဒီကိစ္စကို ဒက်ဒီနဲ့ မာမီကို လုံးဝမပြောနဲ့သိလား"

"ဟုတ်ကဲ့ပါ...လောဝ် သိပါတယ် ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး ကိုကိုညီမလေး သိပ်လိမ္မာတယ်၊ အပြန်ကျ မုန့်ဝယ်လာခဲ့မယ်သိလား"

ညီမဖြစ်သူ ဦးခေါင်းလေးကို ချစ်စနိုး အသာပုတ်ပြီး စိုင်းစောဟုန် နေရာမှ ထွက်ခဲ့လိုက်သည်။

"ဟော…သားလေး၊ ဒါက ဘယ်ကိုလဲကွယ်"

"မာမီ"

"အပြင်သွားမှာဆိုးလည်း မနက်စာ စားပြီးမှ သွားလေ သားရဲ့"

"ဟို…သားသူငယ်ချင်းတွေနဲ့ ချိန်းထားလို့ အပြင်မှာပဲ စားတော့မယ်မာမီ"

"ပိုက်ဆံရော အလုံအလောက်ပါရဲ့လားကွယ်"

"ပါပါတယ် မာမီ၊ သား သွားတော့မယ်နော် မာမီ"

"ကားကို ဖြည်းဖြည်းမောင်းနော် သား"

"ဟုတ်ကဲ့ပါမာမီ"

စိုင်းစောဟုန်သည် မိခင်နှင့် ညီမဖြစ်သူကို လက်တစ်ဖက်မြှောက်ပြပြီးနောက် ကားလေးကို ကိုယ်တိုင်မောင်းကာ ချစ်သူနှင့် ချိန်းဆိုထားရာသို့ ကားလေးကို ဦးတည်လိုက်သည့်အချိန်မှာပင် သားဖြစ်သူ၏ ကားလေး မြင်ကွင်းမှ ပျောက်သွားသည့်အထိ နေရာမှာ ငေးငေးကြီး ငေးကြည့်နေရှာသော ဒေါ်နန်းတစ်ထံမှ သက်ပြင်းရှိုက်သံကြီးမှာလည်း ဟင်းခနဲ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

ဩော်…သား…သား…။





ဘာမှမသိရှာလေဘူးဟု ဒေါ်နန်းတစ် စိတ်ထဲက ဆိုညည်းရင်း သားကြီးဖြစ်သူ ကိုစိုင်းနောင်ကို စိတ်မှာ တမ်းတစွာ သတိရလျက် စိတ်ထိခိုက်သွား၏။

"မာမီ နေမကောင်းဘူးလားဟင်"

မိခင်ဖြစ်သူ၏ ညှိုးငယ်သွားသော အသွင်ကို ကြည့်ကာ လောဝ်က စိုးရိမ်စွာ မေးလိုက်ခြင်းဖြစ်ပါသည်။

"ကောင်းပါတယ် သမီးလေးရယ်၊ မာမီ ဘာမှမဖြစ်ပါဘူး၊ ညက ကောင်းကောင်းအိပ်မပျော်လို့ ခေါင်းနည်းနည်းနောက်နေလို့ပါ"

"လောဝ် ဘာလုပ်ပေးရဦးမလဲ မာမီ၊ ဆရာဝန်ခေါ်ပေးရမလား"

"မလိုပါဘူးကွယ်…ခဏတဖြုတ် အနားယူလိုက်ရင် ပျောက်သွားမှာပါ၊ မာမီ ဘုရားခန်းဝင်လိုက်ဦးမယ် ဟုတ်လား"

"ဟုတ်ကဲ့ မာမီ"

သိမ်မွေ့ညင်သာသော ခြေလှမ်းများဖြင့် ထွက်ခွာသွားသော မာမီ့နောက်ကျောပြင်ကို ကြည့်ရင်း လောဝ်တစ်ယောက် ဘာကိုမှ နားမလည်နိုင်ဘဲ ဖြစ်နေ၏။

အခုရက်ပိုင်းအတွင်း မာမီနှင့်ဒက်ဒီ မျက်နှာတွေကို ကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်ဟု ထင်နေမိသည်။

အထူးသဖြင့် မာမီပုံစံလေးက ခါတိုင်းနှင့်မတူ။ အစ်ကိုကြီး ကိုစိုင်းနောဝ် နန်မွှလုံကိုသွားကတည်းက မာမီ့မျက်နှာလေးက ညှိုးငယ်နေသလို ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကိုယ်တိုင်လည်း မာမီနှင့်အတူ ရှိနေချိန်မှာ သက်ပြင်းတချချနှင့် မျက်စိမျက်နှာ သိပ်ကောင်းလှတာကို မမြင်ရပါ။

အစ်ကိုကြီး ကိုစိုင်းနောင်ကြပြန်တော့လည်း အရင်လို မဟုတ်။ မိသားစုတွေကို ထားပြီး သူတစ်ယောက်တည်း တောင်ပေါ်ရွာကို သွားနေသည်။

လောဝ်က လိုက်ချင် ငိုယိုကျန်ရစ်ခဲ့တာကိုပင်မခေါ်။ စိတ်ထဲမှာ အခုပြန်တွေးမိရင်တောင်မှာ အစ်ကိုကြီးက လောဝ်ကို မချစ်ဘူးဟုဆိုကာ ရင်မှာ စို့နင့်ငိုချင်လာ၏။

ကိုကိုစိုင်းစောဟုန်ပဲ ကောင်းသည်။ အိမ်မိသားစုတွေ ဘာဖြစ်နေသည်မသိ။ သူချစ်သူလှလှလေးနှင့်သာ အချိန်ကုန်နေသည်။

မာမီတို့လူကြီးတွေက ဘာမှမဖြစ်ဘူးဟု တွင်တွင်ပြောနေသော်လည်း လောဝ်စိတ်ထဲမှာ တစ်ခုခုဖြစ်နေသည်ဟု ထင်မြင်နေမိ၏။

"လောဝ်ရေ"

"ဟေး...စံဖူး၊ လာ...လာ"

သူငယ်ချင်းဖြစ်သူ နန်းစံဖူး ရောက်လာ၍ လောဝ်အတွေးစလေးများ ပြတ်တောက်သွားပြီး သူငယ်ချင်းဖြစ်သူနှင့် ရောက်တတ်ရာရာ စကားတွေပြောရင်း ဆောဆောကအကြောင်းတွေ မေ့သွားသည်။

× × × ×





## အခန်း (၅)

"စော"

"ဗျာ"

"ကိုသက်...ဒီကိုလိုက်လာလိမ့်မယ်ကွယ့်၊ အဲဒါ စောသိအောင် ပြောပြတာပါ"

ကိုသက်ထွန်း လိုက်လာတော့မည်ဆိုသဖြင့် လှပသော မြတ်မျက်နှာလေးကို စိုင်းစောဟုန် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

စဝ်မြတ်ဆေးက သူ့ကိုမကြည့်။ ပြာလွင်သော မဲနယ်ရောင် တောင်တန်းများကိုသာ ကြည်လင်ဝိုင်းစက်သော မျက်ဝန်းပြာကြီးများနှင့် ငေးလျက်ရှိ၏။

မြတ်အတွေးတွေထဲမှာ ကိုသက်ထွန်းဆိုသည့်လူကသာ ဆိုလျှင် အချိန်ပြည့် စိုးမိုးထားတာလားဟု တွေးမိသောအခါ စိုင်းစောဟုန်ရင်ထဲမှာ နင့်နဲ့စွာ နာကျင်ကွဲကြေသွားသည်။

"မမ...ပျော်နေလား"

ချုပ်တည်းထားသည့်ကြားမှပင် ထိုစကားကို သူမေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"ပျော်တယ်မပျော်ဘူးဆိုတာထက် ကိုယ့်ခင်ပွန်းလောင်
တစ်ယောက်အပေါ်မှာ တာဝန်ကျေပြွန်နိုင်အောင် ကြိုးစားရမှာ
မမတာဝန်ပါ စော"

"ကိုသက်ထွန်းဆိုတဲ့ လူကို မမ သိပ်ချစ်လား"

"အချစ်ဆိုတဲ့အရာကို အခုချိန် မမ မသိဘူးစော၊ လူ
မိဘတွေ ဆန္ဒသဘောကိုပဲ လိုက်လျောခဲ့တာပါ၊ မမကြောင့်
မယ်ကို စိတ်မဆင်းရဲစေချင်တာ အဓိကပဲလေ"

"ကိုသက်ကို မမမချစ်ဘူး၊ အဲဒီလိုပဲ မုန်းလည်းမ
ဘူး"

"ဒါနဲ့များဗျာ…ကိုယ့်ချစ်သူမဟုတ်တဲ့ လူတစ်ယော
ကို လက်ထပ်ဖို့ သဘောတူလိုက်တာပဲလား"

"ပြောပြီးပြီလေ…မယ်မယ် စိတ်ချမ်းသာမယ်ဆိုရင်
ဘက်က ဘာမဆိုလိုက်လျောဖို့အသင့်ပဲ၊ သူ့ကျေးဇူးတွေက
အတွက် ဆပ်လို့မကုန်နိုင်ဘဲ စောရယ်"

မြတ်အယူအဆကို စိုင်းစောဟုန် သဘောမတွေ့နိုင်
မျက်ခုံးထူကြီးတွေ တွန့်ကွေးလျက် ချစ်ရသူမျက်နှာကို စူး
ကြည့်လိုက်မိသည်။

"မမနေရာမှာ ကျွန်တော်သာဆို ကိုယ့်ချစ်သူမဟုတ်
လူတစ်ယောက်ကို ဘာအတွက်နဲ့မှ လက်ထပ်ဖို့ သဘောတူနိုင်
မဟုတ်ဘူး"

"စောမှာ ချစ်သူရှိနေပြီလား"





သူ့စကားအဆုံးမှာ လှပသော စဝ်မြတ်ဆေးမျက်နှာလေး
က သူ့ဘက်ကို ညင်သာစွာ လှည့်ကြည့်လာရင်း မေးလာခြင်းဖြစ်
ရာ လှပသော မျက်ဝန်းအကြည့်များဖြင့် ဆုံစည်းမိကြသည်။

"သဘောပြောတာပါ…တစ်နေ့မှာ ကိုယ်တကယ်ချစ်တဲ့
လူ တွေ့လာရင် ဘယ်လိုလုပ်မလဲ"

"တွေ့စရာအကြောင်းမရှိပါဘူးလေ၊ မမ လက်ထပ်ရမယ့်
လူတစ်ယောက်လုံး ရှိနေမှပဲ"

ယုံကြည်စိတ်ချစွာ ဆိုလိုက်သူ၏ လှပသောမျက်နှာလေး
က ပကတိတည်ငြိမ်အေးချမ်းမှုလေးတွေနှင့် ဖြစ်သည်။

သူမမျက်စိရှေ့တည့်တည့်က စိုင်းစောဟုန်ဆိုသည့် လူ
တစ်ယောက်ရဲ့ ဖောက်ပြန်နေသော အတွင်းစိတ်ကို မရိပ်မိရှာ။
ဆောင်နှမဟုသာ မှတ်ထင်ယုံကြည်နေဟန်လေးကဖြင့် မြင်ရသူဘဝင်
ကို အသည်းယားစရာ ဖြစ်နေ၏။

စောမှာ ချစ်သူရှိနေပြီလားဆိုတော့လည်း သူမဖြေရဲ။
အဖြေရခက်နေသည့် အဖြစ်တွေနှင့်လေ။ ကျွန်တော့်ချစ်သူဟာ မြတ်
ကိုယ်တိုင်ပဲလို့ စိတ်ထဲက ရေရွတ်နေမိပေမယ့် အပြင်မှာတော့
နှုတ်ခမ်းလွှာကို တင်းတင်းစေ့ပိတ် ထားမိသည်။

ကိုသက်ထွန်း လိုက်လာတော့မည်ဆိုမှ မြတ်ကို မပြန်ရန်
တားမြစ်မိသည့်စကားကို နောင်တရရတော့မလို ဖြစ်နေ၏။

သို့သော် အချိန်က နှောင်းခဲ့ပြီ။

ကိုသက်ထွန်းဆိုသူ လိုက်လာခဲ့လျှင် သူနှင့်မြတ်ကြားမှာ
ဘယ်လိုအပြောင်းအလွဲတွေ ဖြစ်လာမည်ဟု မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့…မြတ် လက်ထပ်ရန် ရည်စူးထားသူနှင့်လည်း မဆုံတွေ့လို။

''မမ''

''အင်''

''ကျွန်တော် တောင်ပေါ်ခရီးကို သွားစရာရှိတယ်''

''ဟင်…အဲဒါကဘယ်တော့လဲ''

''ဒီနေ့နဲ့ မနက်ဖြန့်တစ်ရက် ရက်ပဲ''

ရုတ်တရက် စိတ်ထဲဖြစ်ပေါ်လာသည့် အကြံဉာဏ်ဖြင့် ဆိုလိုက်ခြင်းဖြစ်သည်။ စဝ်မြတ်ဆေးက အကြံသမား စိုင်းစောဟန် အဖြစ်ကိုမသိ။

လှပသောမျက်နှာလေး နွမ်းသွားကာ စိုင်းစောဟန် မျက်နှာချောချောကို မော့မော့လေးငေးလျက် ကြည့်နေ၏။

''မမက ကိုသက်နဲ့ စောကို တွေ့ပေးမလို့ စီစဉ်ထား တာ အခုဘယ်လိုလုပ်မလဲဟင်၊ ဟိုမှာ ဘယ်လောက်ကြာမှာလဲ''

''ရက်အတိအကျပြောလို့မရဘူး မမ၊ ဟိုမှာ အလုပ်ကိစ္စ တွေ ရှိသေးတယ်''

စိုင်းစောဟန် တမင်ညာပြောလိုက်သည်။ တကယ်တမ်း သူမှာ ဘာအလုပ်မှရှိတာမဟုတ်။ ရှိသည့်တိုင်လည်း သူလုပ်စရာ မလို။ သူ့အလုပ်သမားတွေနှင့်သူ ရှိပြီးသားဖြစ်ရုံမက အစ်ကို စိုင်းနောင်ပါ အတူရှိနေတော့ ဘာမှလှည့်ကြည့်နေစရာပင်မရှိ။

''မမရော…စောနဲ့အတူ လိုက်လို့မရဘူးလားကွာ စောမရှိဘဲ ဒီမှာ မမ မနေချင်ဘူး''

ကျွန်တော်လည်း မမမပါဘဲ ဘယ်ကိုမှမသွားချင်ပါ





ဆောင့်ချစ်သူရယ်ဆိုသည့် စကားကို ရင်ထဲကပဲ တိုးတိတ်စွာ ဆိုလိုက်မိ၏။

''ဟိုလူ့ကိစ္စကို မမ ဘယ်လိုလုပ်မလဲ''

''ကိုသက်ကို လိုက်မလာခဲ့ဖို့ ကြေးနန်းရိုက်လိုက်မယ်၊ လာခဲ့ရင်လည်း တွေ့ရမှာမဟုတ်ဘူး၊ ရုတ်တရက် အရေးကြီးတဲ့ ခရီးတစ်ခုထွက်ရမယ်လို့ ရေးလိုက်ရင် သူနားလည်မှာပါ''

လွယ်ကူပေါ့ပါးစွာ ဆိုလာသူလေး၏ ချစ်စရာမျက်နှာ လှလှလေးကို မြတ်နိုးစုံမက်စွာ တစ်ချက်စူးစိုက်ကြည့်ပြီး အကြည့် လွှဲလိုက်သည်။

အချစ်စိတ်ကို မျိုသိပ်ချုပ်တည်းရသည့်အဖြစ်မှာ ထင်သလောက်မလွယ်။ ကိုယ်စိတ်နှလုံး ပင်ပန်းဆင်းရဲလွန်းလှသည့် အဖြစ်က ကိုယ်တိုင်ခံစားကြည့်မှ ကိုယ်ချင်းစာနာနိုင်ကြပေလိမ့် မည်။

''မမက ဟိုမှာ ကျွန်တော်နဲ့အတူ အကြာကြီးနေနိုင်လို့ လား''

''အဲဒီလိုကြီးတော့လည်း ဘယ်နေနိုင်မလဲ စောရယ်၊ တစ်ပတ် ဆယ်ရက်တော့ ဖြစ်ပါတယ်''

''မမပြန်ရင် စောပဲပြန်လိုက်ပို့ပေါ့၊ ဟုတ်လား''

''မမသူငယ်ချင်းကို ဘယ်လိုပြောမလဲ''

''သူသိပါတယ်၊ ခမ်းကိုယ်တိုင်ကိုက မမရှာနေတဲ့ မောင်လေး ပြန်တွေ့ပြီဆိုလို့ သိပ်ဝမ်းသာနေရှာတာ၊ ခမ်းကိုလည်း မမနဲ့အတူ ခေါ်ခဲ့မှာပေါ့''

''ကောင်းပါတယ်…မမအဖော်ရတာပေါ့၊ ဒါဖြင့် ခရီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့ အသင့်ပြင်ဆင်ထားပါ၊ မနက်ဖြန် ကျွန်တော်လာခေါ်မယ်''

အစီအစဉ်က ရုတ်တရက်ကြီး ပြောင်းလဲသွားသည့်အတိုင်း ကိုသက်ထွန်းကို ချက်ချင်းပဲ ကြေးနန်းဖြင့် အကြောင်းပြန်လိုက်ပြီး ခရီးထွက်ဖို့ အသင့်ပြင်ဆင်ရန် စောစောပဲ လမ်းခွဲလိုက်ကြသည်။

အစတုန်းကတော့ ဘာရယ်မဟုတ်။ ကိုသက်ထွန်းဆိုသည့် လူကို မတွေ့ချင်၍ ပြောလိုက်သောစကားမှာ အတည်လိုဖြစ်သွားရပြီးနောက် စဝ်မြတ်ဆေးတို့မောင်နှမကို တောင်ပေါ်ရွာလေးမှာပဲ ပြန်ပေါင်းဆုံစေတော့မည်ဟု ဆုံးဖြတ်လိုက်သူက စိုင်းစောဟုန်ဖြစ်သည်။

အိမ်ကိုပြန်ရောက်ချိန်မှာ မိခင်ကြီးကို နှမ်းဖျော့စွာ တွေ့လိုက်ရသဖြင့် စိုင်းစောဟုန်မှာ ဟင်းခနဲ သက်ပြင်းကြိတ်ချလိုက်ပါသည်။

မိခင်ကြီး၏ ရင်တွင်းမှ သောကဝေဒနာကို သူကိုယ်တိုင်သိရှိနားလည်ထားသဖြင့် အစ်ကိုဖြစ်သူအတွက်ရော မိဘနှစ်ပါးအတွက်ပါ သူ စိတ်မကောင်းဖြစ်မိပါသည်။

ထိုအတွက်လည်း အစ်ကိုစိုင်းနော်နှင့် သူ့အစ်မ စဝ်မြတ်ဆေးကို တွေ့ဆုံခွင့်ပေးရန် ဆုံးဖြတ်ချက်က ပိုလို့နိုင်မာလာရခြင်းဆိုလည်း မမှားပါ။

''မာမီ''

''ဘာလဲ သား၊ မုန့်ဖိုးကုန်ပြန်ပြီလား''

''မဟုတ်ပါဘူး မာမီ၊ သား မာမီ့ဆီမှာ ခွင့်တောင်းစရာရှိလို့ပါ''





''ဘာများလဲသားရယ်''

''သား …အစ်ကိုစိုင်းနော်ဆီကို သွားမလို့ပါ''

ဒေါ်နန်းတစ်ထံမှ အသံတိတ်သွားပြီး ခပ်ငေးငေးလေးထိုင်နေရာမှ စိုင်းစောဟုန်ကို လှည့်ကြည့်သည်။

''ဘာဖြစ်လို့သွားမှာလည်း သားရယ်၊ သူ့ဘာသာ လွတ်လွတ်လပ်လပ် ခေါင်းအေးအေးနေပါစေလား''

''အစ်ကိုစိုင်းနော်ကို စိတ်ညစ်အောင်မလုပ်ပါဘူး မာမီရဲ့၊ သားသိပါတယ်''

မိခင်ကြီးဆိုလိုရင်းကို သဘောပေါက်ပြီးဖြစ်၍ စိုင်းစောဟုန်မှ လွယ်ကူလျင်မြန်စွာပင် ကတိပေးစကားကို ဆိုလိုက်ခြင်းဖြစ်ရာ ဒေါ်နန်းတစ်မှာ ဘာပြန်ပြောရမှန်းမသိချေ။

မိသားစုအတွင်းရေးကို စိုင်းစောဟုန် သိထားပြီဟု မသိသဖြင့် ဖွင့်ပြောရမှာလည်း ခက်နေ၏။ တစ်ယောက်ထဲနေပါရစေဟု သားကြီးက ခွင့်တောင်းထားရာ သားငယ်ကို ခွင့်ပြုလိုက်ခြင်းဖြင့် သားကြီးကိုစိုင်းနော် စိတ်အနှောင့်အယှက်ဖြစ်မည့်အရေးကိုလည်း တွေးလျက် စိတ်ပူစိုးရိမ်မိသလို ခွင့်တောင်းလာသည့်သားငယ်ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မင်းအစ်ကိုကြီးတစ်ယောက်ထဲနေပါစေ၊ မသွားပါနဲ့သားရယ်ဟူ၍လည်း မိခင်ပီပီ ပြောမထွက်ရက်ဘဲ ဖြစ်နေမိသလို သူတို့ညီအစ်ကိုချင်း ပြန်တွေ့လျှင် ဘယ်လိုနည်းနှင့်မှ သွေးက စိမ်းနိုင်မည်မဟုတ်။

တစ်မိထဲဖွား ညီအစ်ကိုအရင်းအချာများပမာ ချစ်ခင်တွယ်တာကြလိမ့်မည်ဟု ယုံကြည်စိတ်ကလည်း ရှိနေရာ သားငယ်ကိုကြည့်လျက် သက်ပြင်းတစ်ချက်ရှိုက်ရင်း သား၏သဘော



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လျှောခွင့်ပြုရန် ဆုံးဖြတ်လိုက်၏။

"ဟိုရောက်ရင်...လိမ်လိမ်မာမာနေနော် သားလေး၊ သားအစ်ကိုကြီး စိတ်ဆိုးစိတ်အနှောင့်အယှက်ဖြစ်အောင် ဘာတစ်ခုမှ မလုပ်ပါဘူးလို့ မာမီ့ကို ကတိပေးစမ်း"

"ပေးပါတယ် မာမီရဲ့၊ မာမီ့စကားက သားကို လူဆိုးကျနေတာပဲ"

"မာမီ့ကို ခွင့်လွှတ်ပါကွယ်၊ မာမီ့ရင်ထဲမှာ သားကြီးအတွက် သိပ်ပြီး ပူပင်သောကရောက်နေမိလို့ သားကြီး စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်လို့ပါ"

"အစ်ကိုစိုင်းနောင် ဘာဖြစ်နေလို့လဲ မာမီ"

သူမသိဟန်ဆောင်ပြီး တမင်မေးလိုက်တော့ မာမီကိုယ်လေး ဆတ်ခနဲတုန်သွားတာကို သတိပြုမိလိုက်သည်။ အဖြစ်မှန်တွေကို သားသိပါတယ်ဟု မာမီကို ဖွင့်ပြောလိုက်ရမလားဟု သူစဉ်းစားကြည့်လိုက်မိပါသေးသည်။

သို့သော် မာမီ့ထံမှ ထွက်ပေါ်လာသော စကားက စိုင်းဇောဟုန်စိတ်ထဲက စကားများကို ရပ်တန့်သွားစေသည်။

"ဘာမှမဖြစ်ပါဘူးသားရယ်၊ သူ့မှာ စိတ်ညစ်စရာလေးနည်းနည်းရှိနေလို့ပါ၊ ဟိုရောက်ရင် သားအစ်ကိုကြီးကို ချစ်ချစ်ခင်ခင်နေနော် သား၊ ဘာတစ်ခုမှ ပြန်မပြောရဘူး၊ အားလုံး သားကြီးစိတ်တိုင်းကျဖြစ်ပါစေကွယ်"

"မာမီပြောတာ နားလည်တယ်နော်"

"ဟုတ်ကဲ့ပါ မာမီ"

မာမီက သူ့ကိုပေးမသိချင်သော ကိစ္စမို့ သူကလည်း





နှုတ်အတင်းမမေးတော့ပါ။ စိတ်တွင်းတစ်နေရာကတော့ စိုင်းဇောဟုန်၏ မိဘတွေနှင့် အစ်ကိုစိုင်းနောင်၏ အစ်မ စဝ်မြတ်ဆေးကို ပေးတွေ့ရန် သင့်မသင့်ဆိုတာကို စဉ်းစားနေမိ၏။

မာမီတို့နှင့် စဝ်မြတ်ဆေးကို ပေးတွေ့လိုက်သည်နှင့် စိုင်းဇောဟုန်မှာ သူမရှာဖွေနေသော မောင်မဟုတ်မှန်း သိရှိသွားမည်ဖြစ်သလို သူမကို လိမ်ညာဟန်ဆောင်သူအဖြစ်ရော ဒက်ဒီသားအဖြစ်ရော မုန်းတီးနာကျင်သွားမှာကိုလည်း တွေးထင်ထိတ်လန့်နေမိသည့်အတွက် ထိုအကြံအစည်ကို ပယ်ချလိုက်၏။

"ဟော...ဒက်ဒီကြီးလာတာနဲ့ အတော်ပဲ၊ ဒီမှာ ရှင့်သားငယ်က သူ့အစ်ကိုကြီးရှိနေရာကို လိုက်သွားချင်လို့တဲ့"

"သွားပါစေလေ...သားကြီးတစ်ယောက်ထဲ ရှိနေတာထက်စာရင် သူ့နားမှာ သားငယ်ရှိနေတာက ပိုကောင်းပါတယ်"

"လောဝ်ရော မလိုက်ရဘူးလား ဒက်ဒီ၊ လောဝ်လည်း ကိုကိုနဲ့အတူ လိုက်သွားချင်တယ်"

"သမီးလေးက မာမီရဲ့အဖော်ဖြစ်အောင် အတူနေပါဦးကွယ်၊ သမီးကိုကိုပဲ သွားပါစေ ဟုတ်လား"

ဒက်ဒီက ကြားထဲက ဝင်ဆုံးဖြတ်လိုက်သဖြင့် လောဝ်မှာ နှုတ်ခမ်းလေး စူချင်လျက်နှင့် သူမမာမီ ရင်ခွင်နားမှာ ကလေးငယ်တစ်ယောက်လို တိုးဝှေ့ရင်း ကျန်ရစ်ခဲ့ပါသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ခမ်း…နေမကောင်းလို့ မမနဲ့အတူ မလိုက်နိုင်တော့ဘူး စော"

ကားပေါ် အထုပ်အပိုးလေးတွေတင်ရင်း သူမကိုယ်တိုင် စိုင်းစောဟုန်၏ကားပေါ် ရောက်လာသူလေးကို ကြည့်ကာ စိုင်းစောဟုန် ဘာပြောရမှန်းမသိဘဲ ရင်တွေတဒိတ်ဒိတ်ခုန်နေမိပါသည်။

မိန်းမချော မိန်းမလှများစွာကို မြင်တွေ့ဖူးပါသည်။ အခု သူ့မျက်စိရှေ့မှာ ရှိနေသူ စဝ်မြတ်ဆေးလို စိုင်းစောဟုန်၏ စိတ်ကို တုန်လှုပ်ချောက်ချားစေသူမျိုး သူ့ဘဝမှာ ဤတစ်ကြိမ်သာ ဆုံဘူးပါသည်။

ချစ်လိုက်ရတာ မြတ်ရယ်…။

မြတ်ဘာပဲလုပ်လုပ်…ဘယ်လိုပဲနေနေ မောင့်အတွက် မြတ်နိုးစရာအတိ ဖြစ်နေတာကိုက မောင့်ဘဝမှာ မကြုံဖူးတဲ့ ထူးဆန်းမှုပါဆိုရင် မောင်ချစ်တဲ့ မြတ် ယုံပါ့မလားဗျာ။

"စော"

"ဗျာ"





"ဘာတွေတွေးနေတာလဲကွယ်၊ မမပြောတာ မကြားဘူးလား"

"ဗျာ…မမ ကျွန်တော့်ကို ဘာပြောလိုက်တာလဲဟင်"

"အဟင်း…ဟင်း စောရယ်"

အိပ်မက်မှ လန့်နိုးသူတစ်ယောက်လို ယောင်မှားစွာဆို လာသော သူ့အသွင်ကိုကြည့်ပြီး မြတ် ရယ်မောလိုက်ရာ ခွက်ဝင်သွားသည့် ပါးချိုင့်ရှည်ကြီးမှအစ လှပညီညာသွယ်တန်းသော ဝလဲဖြူသွားလေးများအဆုံး အားလုံးကို ချစ်မြတ်နိုးသော နှလုံးသားအစုံဖြင့် ခြုံငုံကြည့်နေမိရာမှ ကိုယ့်ကိုယ်ကို အမြန်ဣန္ဒြေဆယ် လိုက်ရပါသည်။

"စောကို နှမ်ဖူလုံရွာဆိုတာ အဝေးကြီးလားလို့ မေးတာပါ၊ စော မကြားလိုက်ဘူးမဟုတ်လား"

"ဟုတ်တယ် မမ၊ ကျွန်တော် အတွေးလွန်သွားလို့ပါ၊ တစ်ညအိပ်ခရီးဆိုတော့ ဝေးတယ်ပြောရမလား၊ မဝေးဘူးပြောရမလား မသိဘူးဗျာ"

မှန်ရာကို ဝန်ခံလျက် သူဆိုလိုက်ခြင်းဖြစ်ရာ စဝ်မြတ်ဆေး၏ ပြုံးနေသောနှုတ်ခမ်းစုစုလေး တည်သွားသလို မျက်ခုံးလေးပါ တွန့်လျက် စဉ်းစားသလိုလေးလုပ်ကာ…

"အင်း…မမတို့ မြေပြန့်မှာနေတဲ့သူတွေအတွက် ဒီခရီးက ဝေးတယ်လို့ဆိုရပေမယ့် စောတို့လို တောင်ပေါ်သူ တောင်ပေါ်သားတွေအတွက်ကတော့ မဝေးဘူးဆိုရမှာပေါ့လေ"

"ဒါနဲ့ စောရဲ့မာမီနဲ့ ဒက်ဒီကို မမအကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီလား''

''ဟင့်အင်း…ကျွန်တော် မပြောရသေးဘူး''

''အေးပါလေ…မပြောဖြစ်တာလည်း ကောင်းပါတယ်၊ တော်ကြာ မမလိုက်လာမှန်းသိပြီး စောကို မမနဲ့မတွေ့အောင် နောက်ထပ် တခြားတစ်နေရာကို ပို့ပစ်မှာလည်း ကြောက်ပါတယ်''

ထိုစကားကို လေးနက်တည်ကြည်သော မျက်နှာလေးဖြင့် ဆိုလာသူကြောင့် စိုင်းစောဟုန်ရင်မှာ နည်းနည်းတော့ ခံရခက်သလို ဖြစ်မိသည်။

ထိုစကား၏ အတိမ်အနက်ထဲမှာ စိုင်းစောဟုန်မိဘနှစ်ပါး စလုံး ပါဝင်နေသည့်အဖြစ်ကိုက ငြင်းပယ်ရခက်လှသည်မဟုတ်ပါ လား။

ကားကို ဂရုစိုက်မောင်းရင်း သူတို့မိသားစုအပေါ် တင်းမာခက်ထန်သော သဘောထားရှိနေသည့် စဝ်မြတ်ဆေးကို မာမီ၊ ဒက်ဒီတို့အပေါ်မှာ တစ်စုံတစ်ရာ နားလည်မှုရအောင် ကြိုးစားကြည့်လိုပါသော်လည်း ဘယ်နေရာကစပြီး ဘယ်လိုပြောရမှန်းမသိ ဖြစ်နေသည့်အတိုင်း ရေငုံနှုတ်ဆိတ်နေမိသည်။

''တကယ်ဆို…မမတို့ မောင်နှမနှစ်ယောက် အခုထက် ပိုစောပြီး တွေ့ခဲ့ကြရမှာနော်၊ သူတို့ရဲ့အတ္တကြောင့် မမတို့မောင်နှမ အချိန်တွေ ဒီလောက်ကြာမှ ပြန်တွေ့ကြရတယ်''

''စောမကြိုက်မှန်းသိပေမယ့် မမရင်ထဲက ခံစားချက်တွေကို ပြောပါရစေ စော၊ စောရဲ့မိဘတွေကို မမစိတ်နာတယ်''

မြတ်ရယ်…။





စိုင်းစောဟုန်ရင်ထဲက ချစ်ရသူအမည်လေးကိုသာ ညည်းတွားခေါ်ငင်လိုက်မိပါသည်။ သူ့မိဘများအပေါ်မှာ တင်ရှိနေသော မြတ်ရင်ထဲက နာကြည်းစိတ်လေးကို ပယ်ဖျက်ရန် ကြိုးစားနေသော စိတ်လေးက သူမစကားအဆုံးမှာ တစ်စစီ ကျိုးပြတ်သွားသည်။

''သူတို့ကို မမမုန်းနေလား''

စဝ်မြတ်ဆေးထံမှ မည်သည့်အသံမှ ထွက်မလာသဖြင့် စိုင်းစောဟုန်ရင်မှာ နင့်ခနဲဖြစ်သွားသည်။ သူတို့မိသားစုအပေါ်မှာ မြတ်ရင်ထဲက အမုန်းတွေရှိနေတာကို သိရသဖြင့် သူမအပေါ် ထားရှိမိသည့် ချစ်ခြင်းမေတ္တာကို ရင်ဖွင့်ရန် တွန့်နေးဝန်လေးသွားခဲ့ရသည့်အဖြစ်ကို သူမသိမည်မဟုတ်ပါ။

''မမ''

''ဟင်''

''တကယ်တော့ မာမီတို့ ဒက်ဒီတို့ဟာ မမ နာကြည်းမုန်းတီးနေသလို ကျွန်တော်တို့မောင်နှမကို တမင်ခွဲချင်လို့ ခွဲထားတာ မဟုတ်ဘူးဆိုတာ ယုံပါဗျာ''

''ဒါဖြင့် ဘာအတွက် ခွဲထားတာလို့ စောထင်လဲ''

''ချစ်လို့…သူတို့မွေးစားသားကြီးအပေါ်မှာ တကယ့်ရင်သွေးတစ်ယောက်လို သိပ်ချစ်လွန်းလို့၊ သူတို့ကိုယ်သူတို့ မွေးစားမိဘတွေပါလို့ မပြောရက်နိုင်အောင် ဖြစ်လာကြရတဲ့အတွက် အခုလို''

''တော်ပါစောရယ်၊ သူတို့မှာချည်းပဲ ခံစားတတ်တဲ့ နှလုံးသား ရှိနေတယ်ထင်နေလား၊ သွေးသားမတော်စပ်တဲ့ သူစိမ်းတွေရင်ထဲမှာတောင် အဲဒီလောက် ခံစားနေရမယ်ဆိုရင် တစ်အူတုံဆင်း



www.burmeseclassic.com

မောင်နှမအရင်းခေါက်ခေါက်ဖြစ်တဲ့ မမရင်ထဲမှာ ဘယ်လောက် ခံစားကြေကွဲရမယ်ဆိုတာ နည်းနည်းလေးမှ ကိုယ်ချင်းမစာနာခဲ့ကြ ဘူး မဟုတ်လား''

ပြောရင်း စပ်မြတ်ဆေးအသံလေးမှာ ငိုသံစွက်၍ တုန်ရီလာ၏။

''မမဟာ…စောကို အခုလိုပြန်ဆုံနိုင်ဖို့ ဘယ်လောက် စိတ်ဆင်းရဲခံခဲ့ရတယ်၊ ဘယ်လောက် ပင်ပန်းနာကျင်ခဲ့ရတယ်ဆိုတာ စော သိရဲ့လားဟင်''

''တစ်နေရာပြီးတစ်နေရာ ခြေရာဖျောက် ပုန်းရှောင်သွားကြတာဟာ သစ္စာရှိလူယုံတစ်ယောက်ရဲ့ လုပ်ရပ်တဲ့လား၊ ပြောစမ်းပါ စော၊ မယ်မယ်ဟာ ဦးစိုင်းနောင်ဖကို သစ္စာရှိ လူယုံတစ်ယောက် အဖြစ် ယုံကြည်ကိုးစားလို့ စောကို သူတို့လက်ထဲအပ်ပြီး မွေးစား မခဲ့တာမဟုတ်လား၊ဒါကိုသိရက်နဲ့ ကာယကံရှင်တွေအပေါ်မှာ ဘယ်လောက်တောင် ရက်စက်ခဲ့လဲ''

''နာမည်တွေပြောင်းပြီး ခြေရာဖျောက်ပြေးခဲ့တာဟာ အင်မကန်သစ္စာမဲ့တဲ့ လုပ်ရပ်ပဲမဟုတ်ဘူးလား၊ သားသမီးချင်း ကိုယ်ချင်းမစာနာလို့ပဲ မဟုတ်လား''

စပ်မြတ်ဆေးသည် မပြောတော့ဘူးဟု မျိုသိပ်ချုပ်တည်းဖို့ ကြိုးစားခဲ့သော်လည်း ရင်မှာ ခံစားချက်အပြည့်ဖြစ်သည့်အတိုင်း စိတ်ရှိသလောက် ဖွင့်အန်ဖော်ထုတ်လိုက်မိလျက်သား ဖြစ်သွားပြီးမှ ငြိမ်သက်တိတ်ဆိတ်စွာ ကားမောင်းနေသူရှိရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။





နုနယ်ချောမောသော စော၏မျက်နှာလေးမှာ သူမစကားကြောင့် စိတ်မချမ်းမြေ့မှုကို မြင်လိုက်ရသောအခါ စပ်မြတ်ဆေးရင်ယဲမှာ အနည်းငယ်မဟုတ် စိတ်မကောင်းဖြစ်သွားရပါသည်။

ကိုယ်က ကိုယ့်ခံစားချက်နှင့်ကိုယ် ရင်ထဲရှိတာတွေကို မကွယ်မဝှက် နာကြည်းမှုလေးတွေနဲ့ ရင်ဖွင့်ပြောလိုက်သည် မှန်သော်လည်း စောအတွက်တော့ သူ၏မိဘများအဖြစ် ချစ်ခင်ယုံကြည် အားကိုးနေသော မွေးစားမိဘများကို အပြောခံရခြင်းဖြစ်သည့်အတွက် စိတ်ထိခိုက်ရှာမှာပဲဟု စာနာစိတ်ဖြင့် တွေးရင်း စောမသိအောင် သက်ပြင်းကြိတ်ရှိုက်လိုက်မိသည်။

''အေးပေါ့လေ…မမစကားတွေဟာ စောရင်ကို ထိခိုက်နာကျင်စေမယ်ဆိုရင် ခွင့်လွှတ်ပါ၊ မမကိုယ်တိုင်လည်း အခုပြောနေတာထက် အဆပေါင်းအများကြီး စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲခဲ့ရတယ်၊ အဲဒါကို စောသိရင် စောရဲ့မွေးစားမိဘတွေအပေါ်မှာ မမ ဘာကြောင့် နာကြည်းရတယ်ဆိုတာ နားလည်နိုင်မှာပါ''

''မမခံစားချက်ကို ကျွန်တော်နားလည်ပါပြီဗျာ၊ ဒါပေမယ့် သူတို့ကလည်း မွေးစားသားဆိုပေမယ့် သူတို့ရင်ကဖြစ်တဲ့ သားသမီးအရင်းအချာတွေထက် ကျွန်တော့်အပေါ်မှာ အစစအရာရာ သည်းခံအလိုလိုက် ချစ်ခင်ကြင်နာယုယခဲ့ကြသူတွေပါ၊ ဒါကြောင့်လည်း မမှားသင့်တဲ့အမှားကို ကျူးလွန်မိကြတဲ့အထိ ဖြစ်ခဲ့ရတာလို့ ကျွန်တော်ထင်ပါတယ်''

စိုင်းစောဟုန်ဘက်က မိဘနှစ်ပါးအတွက် အယူခံလိုက်နေမိပါသည်။ အမှန်တကယ်လည်း အစ်ကိုစိုင်းနောင်အပေါ်မှာ မာမိ

www.burmeseclassic.com



ရော ဒက်ဒီပါ ပြာနေအောင် ချစ်ခင်မြတ်နိုးကြတာ သူ့အသိဆုံး ဆိုလျှင်လည်း မမှားပါ။

သားကြီးဖြစ်သူ၏ မျက်နှာကိုပင်၊ မျက်နှာပေးကို အမြဲမပြတ် တစိမ့်စိမ့်ကြည့်ကာ နူးညံ့ကြင်နာမှုတွေနှင့် အစ်ကိုစိုင်းနောင် လိုအပ်သမျှကို မညည်းမညူ လိုက်လျောဖြည့်ဆည်းပေးခဲ့ကြသူများ ဖြစ်ပြီး စိုင်းစောဟုန် သိတတ်စအရွယ်မှစ၍ အခုချိန်ထိ အစ်ကို စိုင်းနောင်နှင့် ပတ်သက်လာလျှင် အပြစ်ဆိုတာမျိုး မရှိခဲ့ဘူးသလို လေသံမာမာဖြင့် ပြောဆိုတာမျိုးပင် မကြုံဘူးခဲ့ပါ။

သူတို့မောင်နှမနှစ်ယောက်ကိုလည်း အစ်ကိုဖြစ်သူ၏ စကားကို မိဘနှစ်ပါး၏ စကားကဲ့သို့ပင် မြေဝယ်မကျ နားထောင်စေပြီး အစ်ကိုစိုင်းနောင် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အမှုအရာမျိုးကိုပင် မဖြစ်စေရအောင် အထူးဂရုစိုက်ခဲ့ကြသော မိဘနှစ်ပါး အကြောင်းကို အခုလို အကြောင်းတိုက်ဆိုင်လာမှပင် တရိပ်ရိပ် တွေးလာမိရခြင်းဖြစ်သည်။

"စောက…စောရဲ့ မွေးစားမိဘတွေကို ကိုယ့်မိဘအရင်း ထင်ပြီး သိပ်ချစ်ခဲ့မယ်၊ မြတ်နိုးတွယ်တာခဲ့မယ်ဆိုတာ မမသိပါ တယ်၊ သူတို့ကလည်း စော အခုတင်ပြောသလို စောကို သိပ်ချစ် ကြတယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်၊ စောနဲ့ စောရဲ့ မွေးစားမိဘ တွေအကြောင်းက ဘာမှပြောစရာမရှိပါဘူးလေ၊ မမမှာသာ ပျောက် ဆုံးသွားတဲ့ ကိုယ့်မောင်လေးနဲ့ တွေ့ရဖို့အရေး ဘယ်လောက်တောင် ခက်ခက်ခဲခဲ ကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတာပဲ ပြောချင်ပါတယ်"

"မမရယ်"





စိုင်းစောဟုန်၏ မိဘများအကြောင်းကို ထပ်မပြောလိုတော့ ဟန်ဖြင့် စဝ်မြတ်ဆေးက သူမစကားကို ထိုအတိုင်း အဆုံးသတ် လိုက်မှန်း သူ နားလည်လိုက်ပါသည်။

သူ့အနေနှင့်လည်း လောလောဆယ်အနေအထားမှာ စပ်မြတ်ဆေး၏ သဘောထားကို သိထားရပြီဖြစ်ခြင်းကြောင့် သူမကို အခုထက်ပိုပြီး သူ့မိဘများအကြောင်း ရှေ့ဆက်ပြောရန် မသင့်မှန်းသိသဖြင့် တခြားအကြောင်းအရာတစ်ခုကိုသာ ရွေးချယ် ပြောရန် စဉ်းစားနေမိသည်။

"စော…ရှေ့မှာလူတစ်ယောက် ကားတားနေပါလား၊ သူ့ကားပျက်နေတာ အကူအညီတောင်းမလို့ထင်တယ်"

စဝ်မြတ်ဆေးထံမှ ထွက်ပေါ်လာသောအသံလေးနှင့်အတူ ပျက်နေသော ကားတစ်စင်းနှင့် သူ့ကားကို တားနေသော လူ တစ်ယောက်ကို အမြင်မှာ စိုင်းစောဟုန်ကိုယ်ကြီး တွန့်ခနဲဖြစ်သွား သည်။

ဦးအိုက်လိုင်းပါလား…။

ဒက်ဒီ့မိတ်ဆွေ ဦးအိုက်လိုင်းမှာ သူတို့မိသားစုနှင့် ခင်မင် ရင်းနှီးသူဖြစ်သဖြင့် သူ့ကားပေါ်မှာ စဝ်မြတ်ဆေးပါလာခိုက် အစ်ကို စိုင်းနောင်အကြောင်း ပြောမှာကို စိုးရိမ်သွားရခြင်းဖြင့် စပ်မြတ်ဆေး ကို အစ်ကိုစိုင်းနောင်အဖြစ် ဟန်ဆောင်လိမ်ညာထားသမျှ ဦးအိုက် လိုင်းကြောင့် ပေါ်သွားလျှင် စဝ်မြတ်ဆေးထံမှ သူ့ကို ဦးခွန်သာ ၏ သားအဖြစ် ထပ်ဆင့်အမုန်းပွားသွားမည့်အဖြစ်ကို တွေးမိသော် လည်း ကားတားနေသူကို ကျော်ပြီး မောင်းပြေးဖို့ရာမှာမူလည်း



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ရာ ရင်လေးစွာနှင့်ပင် သူ့ကားလေးကို ဦးအိုက်လိုင်းရှေ့မှာ ညင်သာစွာ ထိုးရပ်ပေးလိုက်ရပါသည်။

"ကားဘာဖြစ်လို့လဲ ဦးကြီး"

"မောင်စောဟုန်ပါလား…အေး…အေး အတော်ဦးကြီးကား လမ်းမှာ ဆီပြတ်သွားလို့ကွာ၊ အဲဒါ ကူညီခဲ့စမ်းပါဦးအိမ်ကကောင်တွေ အသုံးမကျသမျှ လမ်းကြမှ ဒုက္ခတွေ့ရတာဟ"

"ရပါတယ်ဦးကြီးရဲ့၊ လိုသလောက်ယူထားလိုက်ပါ ရှေ့မှာ ကျွန်တော် ဆီထပ်ဖြည့်လိုက်ပါ့မယ်"

ဦးအိုက်လိုင်းမှာ စိုင်းစောဟုန်ကို ခင်မင်ရင်းနှီးစွာ ပြောရင်း ကားပေါ် အတူပါလာသူ စဝ်မြတ်ဆေးဆိုသည့် မိန်းမချော လေးရှိရာကို တစ်ချက်လှမ်းကြည့်လျက် ဆိုလိုက်ခြင်းဖြစ်သည်။

ဦးအိုက်လိုင်းမှာ သူ့အသက်အရွယ် ပအို့အမျိုးသားကြီး တစ်ယောက်သာပါပြီး တခြားကားမောင်းသူ ဒရိုင်ဘာကို မတွေ့ရချေ။ စိုင်းစောဟုန်ကပဲ လူငယ်ပီပီ ဦးအိုက်လိုင်းအတွက် လိုအပ်သမျှ ဦးဆောင်လုပ်ပေးလိုက်သဖြင့် ဦးအိုက်လိုင်းမှာ သူ့ကို တပြုံးပြုံးဖြင့် ကျေးဇူးတင်လျက်ရှိသည်။

"ဘယ်နှယ့်လည်းဟေ့ မောင်စောဟုန်၊ မင်းက အငယ် ဖြစ်ပြီး အကြီးထက်တောင် ပိုပြီးဟန့်ကျနေပါလားကွ"

"အာ…ဦးကြီးကလည်း ကျွန်တော်တို့က ရိုးရိုးသားသား ပါဗျာ"

"အေးပေါ့…အစကတော့ရိုးရိုးပေါ့ကွ၊ နောက်မှသာ





ဟား…ဟား…ဟား"

"အဟွန်း…ဟွန်း…ဟွန်း"

ဦးအိုက်လိုင်းက သူ့စကားသူ သဘောကျစွာ ရယ်လိုက်ရာ စိုင်းစောဟုန်လည်း သူနှင့်အတူ ရောနှောရယ်မောလိုက်ပါသည်။ စဝ်မြတ်ဆေးမှာ သူမကားပေါ်မှာသာရှိနေ၍ သူတို့ပြောနေသည့် စကားကို မကြားရသဖြင့် တော်ပါသေးသည်။

"ကဲ…သွားပြီဟေ့၊ မင်းတို့မင်္ဂလာဆောင်မှ လာခဲ့မယ် ဟုတ်လား"

ဦးအိုက်လိုင်းက လက်ပြနှုတ်ဆက်ပြီး ကားကို နေရာမှ မောင်းထွက်သွားရာ စိုင်းစောဟုန်လည်း သူ့ကားလေးကို နေရာမှ မောင်းထွက်ခဲ့သည်။

"စောနဲ့ခင်တဲ့သူလား"

"ဒက်ဒီ့မိတ်ဆွေပါ မမ"

"ဪ"

စဝ်မြတ်ဆေးနှင့် သူ စကားပြတ်သွားသည်။ စိုင်းစောဟုန် က ကားကို ဂရုစိုက်မောင်းနေသလို စဝ်မြတ်ဆေးကလည်း ပတ်ဝန်း ကျင်ရှုမျှော်ခင်းသစ်များကို စိတ်ပါဝင်စားစွာ ကြည့်ငေးစူးစမ်းရင်း ငြိမ်သက်စွာ လိုက်ပါလာ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကြည်လင်သော ကောင်းကင်မှာ မိုးသားတိမ်လိပ်တို့ကို တွေ့မြင်ရပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ချည်းမှိုင်းပြာညို မှောင်လျက် မိုးရနံ့ကဲသော လေထုက ကြီးစိုးလာ၏။

"မိုးရွာတော့မယ်ထင်တယ်နော် စော"

"ဟုတ်တယ်...အချိန်အခါမဟုတ်လည်း ဒီမှာက ပြော လို့မရဘူး၊ ဆောင်းတွင်းပေမယ့်လည်း မိုးရွာချင်ရွာတတ်တယ်"

"ဟုတ်လား...မိုးမရွာဘဲနဲ့တောင် ဒီလောက်အေးတာ မိုးရွာမယ်ဆိုရင် မလွယ်ဘူးထင်တယ်"

စဝ်မြတ်ဆေးက သူမအနွေးအင်္ကျီလေးကို ဆွဲစေ့ရင်း ညိုမှောင်နေသော မိုးကောင်းကင်ကိုကြည့်လျက် ဆိုလိုက်ခြင်းဖြစ် သည်။

သိပ်မကြာလိုက်ပါ၊ တအုန်းအုန်းအော်မြည်လာသော မိုးသံများနှင့်အတူ လေပြင်းပါရောမွှေလျက် သွန်ချလိုက်သကဲ့သို့ မိုးပြင်းထန်စွာ ရွာချလိုက်ရာ မိုးမှောင်ကျသွားသော ပတ်ဝန်းကျင်





မှာ အမှောင်ထုက လွှမ်းခြုံသွား၏။

"မမတို့သွားရမဲ့နေရာကို ရောက်ခါနီးပြီလားဟေ့"

မိုးရေစက်တို့ ထိမှန်စိုရွှဲခြင်းခံနေရသော စပ်မြတ်ဆေးထံ မှ အသံလေး ထွက်လာခြင်းဖြစ်သည်။

"လိုသေးတယ်မမ၊ သိပ်ချမ်းနေပြီလားဟင်"

"ရပါတယ်"

မိုးသံလေသံထဲမှာ စဝ်မြတ်ဆေးအသံလေးက ခပ်တိုး တိုးဖြစ်နေ၍ ကားကို မီးဖွင့်ပြီး ဂရုစိုက်မောင်းနှင်နေရာမှ စိုင်းစော ဟုန်က ချစ်သူမျက်နှာလှလှလေးကို ဖျတ်ခနဲ လှမ်းကြည့်မိလျက် သား ဖြစ်သွားသည်။

လှပသော မျက်နှာလေးမှာ တည်ငြိမ်နေသော မိုးရေတို့ စိုရွှဲစပြုနေသော သူမကိုယ်လေးကိုကြည့်ပြီး ချစ်ရသူအတွက် စိုင်းစောဟုန်ရင်မှာ စိုးရိမ်သွားသည်။

"မမ မိုးရေတွေစိုကုန်ပြီဗျာ၊ ခဏသည်းခံနေလိုက်ဦးနော်၊ ရှေ့နားမှာ နားစရာတစ်ခုခု တွေ့မှာပါ"

အမိုးပွင့်ဂျစ်ကားဖြစ်၍ တံခါးမပါသဖြင့် မိုးရေတို့ ထိမှန် စိုရွှဲရခြင်းဖြစ်ရာ အေးစက်လှသော မိုးနှင့် ရာသီဥတုကြောင့် စပ်မြတ် ဆေး တစ်ခုခုဖြစ်မှာကို အထူးစိတ်ပူလာ၏။

"မိုးရွာထဲမှာ ခရီးသွားဖူးလားဟင်"

"သွားတော့သွားဘူးပါတယ်၊ ဒါပေမယ့် အခုလို ရေစို နေတာမျိုးတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေးသမီး နုနုရွရွလှလှပပလေးမို့ သူမ့အနေဖြင့် အခုလို ခရီးကြမ်းကြီးကို မည်သည့်အဖော်မှမပါဘဲ တစ်ယောက်တည်း စွန့်စားထွက်လာရခြင်းကပင် စဝ်မြတ်ဆေးအတွက် မဟာစွန့်စားခန်းကြီး ဖြစ်လိမ့်မည်ဟု စိုင်းစောဟုန် တွေးကြည့်နေမိသည်။

"မိုးရာသီကို မမကြိုက်လား"

"စောရော"

"ကျွန်တော်က အရင်မေးတာလေ၊ မမက အရင်ဖြေမှပေါ့"

သူ့စကားကြောင့် စဝ်မြတ်ဆေး၏ နီမြန်းသော နှုတ်ခမ်းအစုံ ပြုံးသွားတာကို မြင်လိုက်ရသည်။

"သြော်…မမတို့မောင်နှမဆိုတော့ အကြိုက်ချင်းများတူမလားလို့ပါ၊ မိုးရွာတာကို သဘောကျပါတယ်၊ ဒါပေမယ့် မမအကြိုက်ဆုံးက ဆောင်းရာသီလေ"

"ကျွန်တော်လည်း ဆောင်းရာသီကိုပဲ ကြိုက်တယ်"

"အဟင်း…ဟင်း…ဟင်း တွေ့တယ်မဟုတ်လား၊ မမတို့က တစ်သွေးထဲ တစ်သားတည်း မောင်နှမအရင်းအချာတွေဆိုတာ အဲဒီနေရာမှာ ပေါ်လာတာပဲလေ"

စဝ်မြတ်ဆေးက သူမလိုရာအဖြေကို ဆွဲတွေးပြီး ကျေနပ်သဘောကျစွာ ကြည်နူးချမ်းမြေ့စွာ ရယ်မောလိုက်ချိန်မှာ စိုင်းစောဟုန်ကတော့ သူမနဲ့ ဆန့်ကျင်ဘက်အတွေးများဖြင့် ရှိနေတာကို စဝ်မြတ်ဆေး မသိရှာပါ။





မောင်နှမချင်းမှ အကြိုက်ချင်းတူကြတာ မဟုတ်ပါဘူး မမရယ်။

တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူချင်းတွေလည်း ဒီလိုပဲ အကြိုက်ချင်းတူနေကြတတ်တာမျိုး ရှိနေတတ်ပါသေးတယ်ဗျာ။

မောင်နဲ့မြတ် အခုလို အကြိုက်ချင်းတူနေတဲ့အတွက် မောင်လည်း မြတ်နဲ့ထပ်တူ ဝမ်းသာနေပါတယ် မောင်ချစ်မြတ်နိုးတဲ့ မမရယ်။

စိုင်းစောဟုန် ရင်ထဲက မြတ်နိုးလှိုက်လှဲခြင်းတို့နှင့် ဆိုညည်းလိုက်မိခြင်းဖြစ်ပါသည်။

မိုးမှာ သည်းထန်စွာ ရွာနေဆဲဖြစ်သဖြင့် ကားကို ဂရုစိုက်မောင်းရင်း အနီးဆုံးရွာတစ်ခုမှာ ဝင်ရောက်နားခိုရန် ဆုံးဖြတ်လိုက်သည်။

သူလိုယောကျာ်းလေးတစ်ယောက်အတွက် မိုးရေထဲမှာ သွားလာရတာ မဆန်းပေမယ့် စဝ်မြတ်ဆေးလို နုနုနယ်နယ် မိန်းမသားတစ်ယောက်အတွက် အခုလို မိုးထဲလေထဲ ခရီးသွားရခြင်းမှာ သွယ်ကူသည့် အနေအထားမဟုတ်မှန်း သူနားလည်ပါသည်။ သူတည်စမ်မည်စိုး၍ စဝ်မြတ်ဆေးနှုတ်က ဘာကိုမှ ထုတ်ဖော်မညည်းသော်လည်း သူမမျက်နှာလေးမှာ အငိုးတကြီးရွာနေသော မိုးရေစက်များ သူမကိုယ်လေးကို လာရောက်ထိမှန်စိုရွှဲသည့် အဖြစ်ကို နှစ်မြို့ကြောင်း ဖော်ပြလျက်ရှိနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



“မမ”

“ဟင်”

“စိတ်ညစ်နေပြီလားဟင်…ရှေ့နားဆိုရင် ရောက်တော့မှာပါ”

“စောပြောတဲ့ ရွာကိုလားဟင်”

“မဟုတ်ပါဘူး…မိုးရွာတုန်း တစ်ထောက်နားဖို့နေရာကို ပြောတာပါ”

“သြော်”

ကားကို ဝိုပြီးအရှိန်မြှင့်တင်လိုက်သည့်အတွက် စပ်မြတ်ဆေးထံမှ မသည်းကွဲသော ညည်းညူသံလေး ထွက်လာ၏။

“ကားကို ဖြည်းဖြည်းမောင်းလေ စော၊ လမ်းက အကွေ့အကောက်တွေများတယ် မဟုတ်လား၊ ပြီးတော့ မိုးရေတွေကလည်း ရှိသေးတယ်စောရဲ့၊ သတိထားမှပေါ့”

“မမ ချမ်းနေမှာစိုးလို့ပါ”

“အခုမှတော့ မထူးတော့ပါဘူးလေ၊ ကားကို ဖြည်းဖြည်း ပုံမှန်ပဲ မောင်းပါ၊ ဒီလမ်းတွေက စောတို့အတွက် ရိုးအီနေပေမယ့် မိုးထဲလေထဲမှာ အန္တရာယ်ဆိုတာ ကြိုပြောလို့ရတာမဟုတ်ဘူး”

“သတိထားနိုင်မှ တော်ကာကြလိမ့်မယ်”

စပ်မြတ်ဆေးထံမှ စိုးရိမ်ကြောင့်ကြသံလေးကြောင့် ကားအရှိန်ကို သူ ပြန်လျှော့လိုက်သည်။ သူမပြောသည်မှာလည်း လွန်တော့မလွန်ပါ။ မိုးထဲလေထဲမှာ အရှိန်ပြင်းပြင်း မောင်းလျှင် အချိန်





မရွေး အန္တရာယ်ကျရောက်လာနိုင်တာ သူလည်းသိပါသည်။

ချစ်သူကို စိုးရိမ်ပိုနေမိသည့် စိတ်ဆန္ဒဇောက သူ့ကို အမှားကျူးလွန်ဖို့ တိုက်တွန်းသလို ဖြစ်သွားရာမှ စပ်မြတ်ဆေး စကားနှင့် သတိပေးသံလေးက သူ့စိတ်ကို ပြန်လည်တည်ငြိမ်လာစေသည်။

အချိန် တစ်နာရီကျော်မောင်းပြီးနောက် မိုးရေထဲမှာ ငြိမ်သက်တိတ်ဆိတ်နေသော ရွာလေးတစ်ရွာကို ရောက်လာ၏။ ထိုရွာလေးကို ခရီးသွားတိုင်း မြင်တွေ့နေကျဖြစ်သော်လည်း ကိုယ်နှင့် မဆိုင်၍ အကြောင်းကိစ္စလည်း မရှိသောကြောင့် တစ်ခါမှ ဝင်ရောက်နားခိုဘူးခြင်း မရှိသော်လည်း စပ်မြတ်ဆေးဆိုသည့် ချစ်သူလှလှလေး၏ အချမ်းပိုနေသော မျက်နှာဖွေးဖွေးလေးကြောင့် ဝင်ရောက်နားခိုရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။

ကားကို လမ်းအတိုင်း ဖြည်းဖြည်းခြင်း မောင်းနှင်လာပြီးနောက် အိမ်တစ်အိမ်ရှေ့မှာ ညင်သာစွာ ထိုးရပ်လိုက်ရာ အိမ်တွင်းမှ လူများကလည်း စိုင်းစောဟုန်တို့ ကားရှိရာကို စိတ်ဝင်စားသလို စူးစမ်းသော မျက်လုံးများ လှမ်းကြည့်အကဲခတ်တာကို မြင်ရသည်။

“ခဏလေးနော် မမ”

“စော”

“ဗျာ”

“မိုးရေထဲ ဒီအတိုင်းဆင်းသွားမလို့လားကွယ်၊ စောတစ်ကိုယ်လုံး မိုးရေတွေ စိုကုန်မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



စဝ်မြတ်ဆေးထံမှ စိုးရိမ်ပူပင်သံလေး ထွက်လာသဖြင့် သူ့ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာကြည်နူးလျက် နှုတ်ခမ်းအစုံလည်း ပြုံးသွားရပါသည်။

သူ့အပေါ်မှာ အခုလိုပဲ အမြဲတမ်းစိုးရိမ်မှုတွေနဲ့ စိတ်မချနိုင်ဘဲ ဖြစ်နေလိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု စိတ်ထဲက တွေးလိုက်သည်။

"ရပါတယ် မမရဲ့၊ အခုလည်း စိုနေပြီပဲဥစ္စာ၊ မထူးတော့ပါဘူး၊ မမ ဒီမှာပဲ ခဏစောင့်ဟုတ်လား"

မိုးရေထဲ မည်သည့်အဆောင်းမှမပါဘဲ တည်ငြိမ်အေးဆေးစွာ ဆင်းသွားသော စိုင်းစောဟုန်ကို ငေးငေးလေးကြည့်ရင်း စဝ်မြတ်ဆေးစိတ်ထဲမှာ အတွေးလေးများစွာ ဝင်ရောက်လာသည်။

ပျောက်ဆုံးသွားသော မောင်လေးကို တွေ့ဖို့ ခြေရာဖျောက်၊ အမည်တွေပြောင်းလွဲပြီး တိမ်းရှောင်နေသော မောင်ဖြစ်သူ၏ မွေးစားမိဘများရှိရာကို နည်းမျိုးစုံသုံးပြီး ခြေရာခံလိုက်ခဲ့ရာမှ အခုလို မမျှော်လင့်ဘဲ မောင်နှမနှစ်ယောက် ပြန်တွေ့ကြရခြင်းဖြစ်ရာ စဝ်မြတ်ဆေးကိုယ်တိုင် နှစ်ပေါင်းများစွာ ကွဲကွာနေရသော မောင်ဖြစ်သူကို သူမမျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေရာ အခုလို မောင်ဖြစ်သူက တောင်ပေါ်ရွာကလေး သွားမည်ဟု ပြောသောအခါ သူမမောင်လေး ပျောက်ဆုံးသွားဦးမှာလားဆိုသည့် အစိုးရိမ်လွန်ကဲနေသော အတွေးလေးဖြင့် ဘာမှစဉ်းစားမနေဘဲ အတူလိုက်ပါဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။





သူမအပေါ်မှာ ပျောက်ဆုံးနေသော အစ်မတစ်ယောက်အနေဖြင့် သိပ်ပြီးလှိုက်လှဲရင်းနှီးမှု မထားသော မောင်လေးအပေါ်မှာ အားမလိုအားမရဖြစ်နေရာ အခုလို မောင်နှမနှစ်ယောက် အတူခရီးထွက်မှ ပိုမိုရင်းနှီးမှုရလိမ့်မည်ဟု စိတ်မှာ ယုံကြည်နေတာလည်း ပါဝင်ပါသည်။

အကြောင်းမသိလျှင် တကယ့်လူကြီးတစ်ယောက်လို အရပ်မြင့်မြင့်မားမားနှင့် ထွားကြိုင်းသန်မာသော စိုင်းစောဟုန်မှာ အနီးကပ်ကြည့်မှ နုနယ်သော မျက်နှာလေးကြောင့် သူ့အသက်ကို ခန့်မှန်းနိုင်ကြမည်ဖြစ်သည်။

စဝ်မြတ်ဆေးရင်ထဲမှာ ကိုသက်ထွန်းနှင့် မောင်ဖြစ်သူစိုင်းစောဟုန်တို့ တစ်ဖက်စီ လွန်ဆွဲလျက်ရှိ၏။ မောင်ဖြစ်သူကိုခွဲချင်သလို လူကြီးမိဘများစုံရာမှာ လက်ထပ်ပါမည်ဟု ကတိပေးထားသော ကိုသက်ထွန်းလို သူမအပေါ်မှာ အစစအရာရာ မြတ်နိုးသည်းခံရှာသူတစ်ယောက်ကို မည်သည့်အကြောင်းပြချက်မှ မပါဘဲ ခါးခါးသီးသီး ပြတ်တောက်ရက်စက်ရမှာ စိတ်ဝယ်လေးလံခိုစီးလျက်ရှိရာ ကြိတ်သက်ပြင်းချရုံသာ တတ်နိုင်ပေသည်။

စိုင်းစောဟုန်သဘောက အစ်မဖြစ်သူလက်ထပ်ရမည့်ခင်ပွန်းလောင်း အသင့်ရှိနေသည့်အတွက် သူ့မနှင့်အတူ လိုက်နေနိုခါရာမှာ စိတ်အနှောင့်အယှက်ဖြစ်နေပုံကို သူ့မျက်နှာချောချောမှာ အထင်အရှား တွေ့မြင်နေရရုံမက ကိုသက်ထွန်းနှင့် လက်ထပ်မှုကို သဘောမတူကြောင်း ပွင့်လင်းစွာပြောဆိုခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် ငယ်ရွယ်သူ စောကိုချည်း အပြစ်တင်လို့မရ မှန်း စဝ်မြတ်ဆေး နားလည်သဘောပေါက်ပါသည်။

ငယ်စဉ်ကလေးဘဝ လူမှန်းသိတတ်စ အရွယ်ထဲက မွေးစားမိဘတွေကိုသာ သူ့မိဘအရင်းဟု ထင်မှတ်ခဲ့ရှာသော စော အတွက် စဝ်မြတ်ဆေးမှာ သူ၏ သွေးသားအရင်းအချာ တစ်အူတုံ ဆင်း မောင်နှမအရင်းပင်ဖြစ်သော်လည်း သူမမှာ နောက်မှပွင့် သော ရွှေကြာပင်သာဖြစ်ရာ ရှိနှင့်ပြီးသား ခိုင်မြဲသော ထုထည် ကြီးမားသော မိသားစုနှောင်ကြိုးကို စောလို ငယ်ရွယ်သူ တစ်ယောက်အနေဖြင့် လွယ်ကူစွာ ဖြတ်တောက်ဖို့ရာမှာ လုံးဝ မဖြစ်နိုင်မှန်း သူမသိပါသည်။

စဝ်မြတ်ဆေး ရင်ထဲက နာကြည်းချက်ကလေးများကို ပြောမိတိုင်းလည်း စောခမျာ သူ့မိဘများကို အပြောခံရခြင်းမို့ မျက်စိ မျက်နှာပျက်နေရှာလျက် အနေရခက်နေတာ သူမတွေ့မြင်ရပြန်တော့ လည်း စောအတွက် စိတ်မှာမကောင်းမိပါ။

စဝ်မြတ်ဆေးဆိုသည့် သူမသာ ဓားဘဝထဲ ရောက်မလာ ခဲ့ပါလျှင် စောမှာ သူ့ကိုယ်သူ မွေးစားသားဟုပင် သိရှာမှာမဟုတ် ဘဲ ဦးခွန်သာတို့မိသားစုထဲမှာ ပျော်ရွှင်ကျေနပ်စွာ သားကြီးဩရသ တစ်ယောက်အဖြစ် ငြိမ်းချမ်းစွာ ကျော်ဖြတ်သွားမည်မှာလည်း သေချာပါသည်။

သူမငေးနေဆဲမှာပင် ခြေတံရှည်နှစ်ထပ်အိမ်ကြီးထဲ ဝင် ရောက်သွားသော စောတစ်ယောက် လက်ထဲမှာ အိုမင်းဟောင်းနွမ်း





လှုပြီဖြစ်သော ထီးဂေါက်ရှည်ကြီးဖြင့် ပြန်ထွက်လာတာကို မြင် လိုက်ရ၏။

"လာ…မမ ကျွန်တော်တို့ ဒီမှာ ခဏနားကြမယ်"

ကားပေါ်ကအဆင်းမှာ ရေစိုအဝတ်များက ထုတ်ဆွဲထား သလို ဖြစ်နေရာ စဝ်မြတ်ဆေးကို စောက ကူတွဲရင်း ကိုယ်တိုင် ထီးမိုးလျက် အိမ်ရှိရာကို လိုက်ပို့ပေးပါသည်။

အိမ်တွင်းကို အပြင်မိုးရေထဲက လှမ်းကြည့်လိုက်ခိုက်မှာ မည်းမှောင်လျက် ဘာကိုမှ သည်းကွဲစွာ မမြင်ရသော်လည်း အခု လို အထဲကို ရောက်သွားသည့်အချိန်မှာတော့ အိမ်အလယ်တွင် မီးဖိုတစ်ခုဖြင့် နွေးထွေးရှင်းလင်းမှုကို တွေ့မြင်ရလေသည်။

"ဒီမှာခဏတိုင်ဦးနော် မမ၊ ကျွန်တော်. အခုပဲပြန်လာ မယ်"

ပြောပြောဆိုဆို နေရာမှ လှစ်ခနဲထွက်သွားရာ အိမ်ရှင်ဟု ထင်ရသော အသက်ခြောက်ဆယ်အရွယ်ခန့် အဘိုးအိုလင်မယား နှင့် စဝ်မြတ်ဆေးတို့သာ အတူကျန်ရစ်ပါသည်။

ကားစက်သံသဲ့သဲ့နှင့်အတူ စော၏ကားလေးမှာ အိမ်ခြေ ရင်းတွင် ရပ်တန့်သွားပြီး အဝတ်အစားအိတ်ကိုဆွဲလျက် မိုးရေထဲ မှ ဖြတ်လျှောက်ကာ စဝ်မြတ်ဆေးတို့နား ရောက်လာသည်။

"ရော့…မမ ရေစိုအဝတ်တွေကို အပေါ်ထပ်မှာသွားလဲ လိုက်၊ ဒီကအဘွား လိုက်ပို့ပေးလိမ့်မယ်၊ အပေါ်မှာ ဘယ်သူမှမရှိ ဘူး၊ လိုက်သွားနော် မမ"



www.burmeseclassic.com

www.burmeseclassic.com



"စောကရော"

"ကျွန်တော်က ဒီမှာပဲ အဝတ်လဲလိုက်မယ်လေ၊ စိတ်ချသွားပါ၊ ကျွန်တော့်အတွက် ဘာမှမစိုးရိမ်နဲ့၊ အဝတ်လဲပြီးရင် ဒီကို ပြန်ဆင်းလာခဲ့၊ ကျွန်တော်စောင့်နေမယ်"

စိုင်းစောဟုန်က စဝ်မြတ်ဆေးကို ပြောပြီးနောက် အဘွားအိုဘက်သို့လှည့်ကာ သူတို့ချည်းသာ နားလည်သော ဘာသာစကားဖြင့် အပြန်အလှန်ပြောဆိုကြပြီးနောက် အဘွားအိုက မီးခွက်ငယ်တစ်ခုကို ကိုင်မြှောက်ကာ ရှေ့မှဦးဆောင်ထွက်သွားသဖြင့် စဝ်မြတ်ဆေးလည်း သူမအဝတ်အိတ်ကို ဆွဲကိုင်လျက် အဘွားအိုခေါ်ဆောင်ရာသို့ အတူလိုက်ပါခဲ့သည်။

အပေါ်ထပ်မှာ တံခါးများအားလုံး ပိတ်ထား၍ မည်းမှောင်နေသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ မိုးရောလေကြောင့် စိမ့်နေအောင် အေးလျက်ရှိသည့်အတိုင်း ရေစိုအဝတ်များကို အမြန်လဲလှယ်ရင်း ဆံပင်တွင် စိုရွှဲစပြုနေသော ရေများကို သဘက်တစ်ထည်ဖြင့် ဆွဲသုတ်နေမိသည်။

အဘွားကြီးက စဝ်မြတ်ဆေးဘက်သို့ လှည့်၍ တစ်စုံတစ်ရာ ပြောဆိုလာပါသော်လည်း သူမမှာ ဘာတစ်ခုမှ နားမလည်သည့်အတိုင်း၊ ငေးကြည့်နေရာ အဘွားအိုက မီးခွက်ကိုချထားပြီး သူမကိုထားကာ အောက်ကို လှေကားအတိုင်း ပြန်ဆင်းသွားသည့်အတွက် အိမ်အပေါ်ထပ်မှာ စဝ်မြတ်ဆေးတစ်ယောက်ထဲ ကျန်ရစ်ခဲ့သည်။





မီးအလင်းရောင်ဖြင့် အိမ်တွင်းရှိပစ္စည်းများကို မြင်တွေ့နေရရာ ခြင်းပလိုင်းများ၊ ပြောင်းဖူးခြောက်များနှင့် အိမ်ထောင့်တစ်နေရာမှာ ဖြန့်ကျဲထားသော ပိန်းဥများ၊ တခြားအမျိုးအမည် မခွဲခြားတတ်သော အရွက်ခြောက်များကိုပါ တွေ့ရသည်။

အနွေးအကျႌဝတ်ထားသော်လည်း စိမ့်နေအောင်အေးသဖြင့် ဆံပင်မှ ရေများကို စင်အောင်သုတ်နေရင်းမှပင် အဆက်မပြတ်လေး နှာချေလာသဖြင့် စဝ်မြတ်ဆေးမှာ မျက်လုံးလေးပြူးရပါသည်။

ဒုက္ခပါပဲ…။

ဒီပုံအတိုင်းဆို သူမ ဖျားတော့မည်ထင်သည်။ မိုးရေနှင့်မတည့်။ မိုးရေထိတိုင်း စဝ်မြတ်ဆေးမှာ ဖျားနေကြဖြစ်ရာ အိတ်ထဲမှာ အသင့်ဆောင်ထားသည့် ဆေးဗူးလေးကို ထုတ်ယူလိုက်သည်။

"မမ"

"စော"

"လာလေမမ၊ အောက်မှာ မီးဖိုရှိတော့ နွေးနွေးထွေးထွေးနေလို့ရတာပေါ့၊ ခေါင်းကရေတွေစင်ရဲ့လားဟင်"

"ဒီလိုပဲခြောက်သွားမှာပေါ့၊ မမကိုသာ ပြောနေတယ်၊ စောခေါင်းမှာ ရေတွေစင်အောင်သုတ်စမ်းပါဦး"

"ရော့…ရော့ သဘက်"

"နေပါစေ မမ၊ ကျွန်တော့်မှာ သဘက်ပါလာပါတယ်၊ မမပဲ ကိုယ့်ဘာသာယူထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စင်မြတ်ဆေးက သူမလက်ထဲက သဘက်ဝါဝါကြီးကို ကမ်းပေးနေတာမို့ စိုင်းစောဟုန် ငြင်းလိုက်ရင်း သူမကို အောက်ထပ်မီးဖိုရှိရာကို ဦးဆောင်ခေါ်ခဲ့၏။

မီးဖိုနားမှာ စားပွဲဟောင်းတစ်လုံး ရောက်နေပြီး အငွေ့တစ်ထောင်းထောင်းထနေသော ရေနွေးကြမ်း ပန်းကန်လုံးတစ်ခု သူမလက်ထဲ ရောက်လာ၏။

"သောက်လိုက်ဦး မမ၊ ရင်ထဲနွေးသွားလိမ့်မယ်"

စိုင်းစောဟုန်က သူမကိုပြောရင်း သူကိုယ်တိုင်လည်း အကြမ်းပန်းကန်လုံးထဲမှာ ရေနွေးများကို ဖြည်းဖြည်းချင်း သောက်နေတာကို မြင်ရသည့်အတွက် စင်မြတ်ဆေးလည်း သူမလက်ထဲက အကြမ်းပန်းကန်လေးကို အသာအယာ မော့သောက်လိုက်ပါသည်။

စိုင်းစောဟုန်ပြောသလို အဖန်ရေခါးခါးလေးက ရင်ထဲမှာ နွေးထွေးသွား၏။

"ဗိုက်ဆာပြီလား မမ၊ အိမ်ရှင်တွေကို အကူအညီတောင်းပြီး ဒီမှာ ထမင်းစားဖို့ စီစဉ်ထားတယ်သိလား"

"ဒုက္ခရှာလို့စောရယ်...မမတို့မှာ ပါလာတဲ့မုန့်နဲ့ ကော်ဖီ ဖျော်သောက်လိုက်ရင်လည်း ဖြစ်ပါတယ်၊ မမတို့ကြောင့် သူတို့မှာ ဒုက္ခများနေတော့မယ်"

အားတုံ့အားနာစကားလေးဆိုရင်း အခုမှ မီးဖိုနားမှာ အိမ်ရှင်အဘိုးအိုနေမီးမောင်နှံနှစ်ယောက်ကို မတွေ့ရသည့်အဖြစ်ကို သတိ





ထားလိုက်မိခြင်းဖြစ်သည်။

"အားမနာပါနဲ့ မမရဲ့၊ သူတို့ကို ကျွန်တော် ငွေအလုံအလောက် ပေးထားပါတယ်၊ မိုးထဲလေထဲ ဘယ်မှမသွားပါနဲ့ အိမ်မှာရှိတာလေးနဲ့ပဲ ဖြစ်အောင်စီစဉ်ပါလို့ ပြောထားပါတယ်ဗျာ"

မိုးထဲလေထဲ ဘယ်မှမသွားရဘူးဆိုသဖြင့် စင်မြတ်ဆေးရင်ထဲမှာ အနည်းငယ် ပေါ့ပါးသက်သာရ ရသွားပါသည်။

"စိတ်ညစ်နေလား မမ"

"မမအတွက် တစ်ခါမှမကြုံဘူးတဲ့ အတွေ့အကြုံသစ်ဖြစ်လို့ စိတ်မှာထူးဆန်းနေတယ်၊ ပြီးတော့ စောနဲ့အတူသွားရတာမို့ စိတ်မညစ်ပါဘူး၊ ပျော်တောင်ပျော်နေမိပါသေးတယ်ကွယ်"

"မမရယ်"

"မမတို့မောင်နှမအတွက် အမှတ်တရပေါ့ မဟုတ်ဘူးလား၊ မမမောင်လေးနဲ့ ပထမဆုံးသွားရတဲ့ခရီးကို မမ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ အမြဲသတိရနေမှာပါ စော"

"ကျွန်တော်လည်း မမလိုပါပဲလေ၊ ဒီခရီးကို ဘယ်တော့မှ မမေ့ပါဘူး"

နှစ်ယောက်အတူထိုင်ပြီး ကိုယ်စီ စကားတွေဆိုနေကြပေမယ့် အကြောင်းအရာခြင်းသာ တူညီကြပြီး ပြောဆိုနေကြသော စကားအဓိပ္ပာယ်တွေကဖြင့် ဆန့်ကျင်ဘက်အတွေးကိုယ်စီနှင့် ကိုယ့်ဘို့ရာဆွဲတွေးပြီး ပြောနေသည့် အဖြစ်ကိုဖြင့် စင်မြတ်ဆေး နားလည်မည်မဟုတ်ပါ။



www.burmeseclassic.com

သူမက မောင်နှမနှစ်ယောက်အနေဖြင့် ဖြူစင်ရိုးသားသော စကားဆိုတာ ဖြစ်ပေမယ့် သူလို ဘာမှသွေးမတော်သားမစပ် မြင်မြင်ချင်း ချစ်မြတ်နိုးရသူ စိုင်းစောဟုန်အတွက်ကဖြင့် ချစ်ရသူနှင့် အခုလို ခရီးသွားရခြင်းမှာ သူလိုလူတစ်ယောက်အတွက် မဟာအခွင့်အရေးကြီးတစ်ခုဟု ဆိုရပါမည်။

သိပ်မကြာလိုက်ပါ။ အိမ်ရှင်ဖနီးမောင်နှံမှ ဗန်းတစ်ချပ်ကို ကိုင်လျက် ပွေ့နေးစွာ ချက်ပြုတ်ထားသော ထမင်းဟင်းများကို သူတို့နှားရှိ စားပွဲပေါ်ကို လာရောက်တင်ပေးပါသည်။ ပူနွေးစေးထန်းသော တောင်ယာဆန်၊ ငြုပ်သီးတောင့်ဆားပုံ၊ တို့ဟူးကြော်၊ မုန့်ညှင်းချဉ်၊ ပူနွေးသော မုံ့ညှင်းရွက်ဟင်းချို၊ ဆိတ်သားခြောက်မီးဖုတ်များကို ချမ်းချမ်းအေးအေးထဲမှာ နှုတ်မြိန်စွာ စားသောက်မိကြသည်။

မိုးရောလေပါ မစဲသဖြင့် ထိုအိမ်လေးမှာပင် တစ်ညတာ အိပ်စက်မှားခိုဖို့ ဖြစ်ခဲ့ရသည့်အဖြစ်ကတော့ စိုင်းစောဟုန်အတွက် တစ်သက်မမေ့ရက်နိုင်စရာ အမှတ်တရသာဖြစ်ပါတော့သည်။

× × × ×





## အခန်း (၈)

"အဟင်း...ဟင်း...ဟင်း"

နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ စဝ်မြတ်ဆေးထံမှ ညည်းညူသံလေးကြောင့် အိပ်နေရာမှ လန့်နိုးလာရသူက စိုင်းစောဟုန်ဖြစ်သည်။

အမှောင်ထဲမှာမို့ ချစ်ရသူ၏ မျက်နှာလေးကို မမြင်ရပါ။ ထို့ကြောင့်ပင် သူ့တွင် အသင့်ဆောင်ထားသည့် မီးခြစ်ဖြင့် အနားအသင့်ရှိနေသော မှန်အိမ်ကို ထွန်းညှိလိုက်သည်။

"အင်း...ဟင်း"

"မမ"

ခြုံစောင်အောက်မှာ ကွေးကွေးလေး အိပ်ပျော်နေသော သူမျက်နှာလေးကို မီးအလင်းရောင်ဖြင့် စူးစိုက်ကြည့်လျက် လိုက်ပေမယ့် သူမထံမှ တုံ့ပြန်ထူးသံလေးကို မကြားရဘဲ ညည်းညူသံလေးသာ ဆက်လက်ထွက်ပေါ်လျက်ရှိရာ စိုင်းစောဟုန် ထူထဲသောမျက်ခုံးမှာ တွန့်ကုတ်သွားရပြီး စဝ်မြတ်ဆေးနားကို

www.burmeseclassic.com



လူကလည်း ဖျတ်ခနဲရောက်သွားသည်။

"မမ"

"မမ"

"အင်း…ဟင်း…ဟင်း"

"ဟာ…ကိုယ်တွေပူနေပါလား၊ မမ ဖျားနေပြီပဲ"

ဖြူနုဝင်းဝါသော နဖူးပြေပြေလေးပေါ် လက်တင်လို သည်နှင့် ပူခြစ်နေသော အရေပြားကို စမ်းမိသဖြင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သူ့စိတ်မှာ ထင်သည့်အတိုင်း စပ်မြ ဆေးမှာ ဖျားလျက်ရှိနေပြီ မဟုတ်ပါလား။

လက်ကနာရီကို ငုံ့ကြည့်လိုက်တော့ ညနှစ်နာရီခွဲတိတ် ညွှန်ပြနေသဖြင့် သူ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားသည်။

ဒီအချိန်ကြီး အိမ်ရှင်တွေကို နှိုးလို့မဖြစ်သလို အ ဆောင်ထားသည့် မည်သည့်ဆေးဝါးမှ မရှိတော့ ခက်သည် စပ်မြတ်ဆေးမှာ အဖျားရှိန်ဖြင့် သဲ့သဲ့မျှ ညည်းညူလျက်ရှိရာ သော ချစ်သူ၏မျက်နှာလေးကိုကြည့်ပြီး စိုင်းစောဟုန်ရင်မှာ နိ ခြင်းများဖြင့် ပူလောင်လာသည်။

"မမ…မမ"

"အင်…ဟင်၊ စော…မအိပ်သေးဘူးလားဟင်"

လှပသောမျက်ဝန်းများ ဖျတ်ခနဲပွင့်လာပြီးနောက် စိုင်း ဟုန်၏ မျက်နှာချောချောကို နီးကပ်စွာ တွေ့မြင်လိုက်ရသ စပ်မြတ်ဆေးက မေးလိုက်ခြင်းဖြစ်သည်။





"မမ ဖျားနေတာ သိလား"

စိုင်းစောဟုန်က သူ့မမေးတာကို မဖြေဘဲ သူပြောချင်တာ ပဲ ပြောလိုက်သည်။

"အင်း…ဟုတ်တယ်၊ မမက မိုးရေနဲ့မတည့်ဘူး၊ မိုးရေ ရင် ဖျားနေကျပဲ၊ စော စိတ်မပူပါနဲ့၊ ဆေးသောက်လိုက်ရင် က်သွားမှာပါ"

"မမမှာ ဆေးပါလို့လား"

"အင်း…မမအိတ်ထဲမှာ ပါမယ်ထင်တယ်၊ မမအိတ်ကို ပေးပါ စော"

အိပ်ရာမှ လူးလဲထဖို့ ကြိုးစားနေသော စပ်မြတ်ဆေးကိုယ် းကို အရင်ဦးဆုံး ပွေ့ယူဆွဲမပေးလိုက်ပြီးမှ သူ့မအိတ်လေးကို ပေးလိုက်ရာ မီးအလင်းဖြင့် စပ်မြတ်ဆေးက သူ့မအိတ်လေးကို နှောက်ရှာဖွေနေသော သူမလိုချင်သောအရာကို မတွေ့ဘဲရှိလေ သည်။

"ဘယ်လိုဖြစ်တာလဲ မသိဘူး စောရေ၊ မမအိတ်ထဲမှာ ဆေးမှ ပါမလာတော့ဘူး၊ အိမ်မှာကျန်ရစ်ခဲ့ပြီထင်တယ်"

အခုမှပြဿနာပါလား…။

ပြောသည့်လူက စကားကို အေးအေးသက်သာ အလွယ် ကူ ပြောလိုက်ပေမယ့် စိုင်းစောဟုန်ရင်မှာဖြင့် သူမတွေးသလို အလွယ်မတွေးနိုင်ဘဲ ဖြစ်နေပါသည်။

သွားရမည့်ခရီးက လိုသေးသည်။ သူ့မှာ အဖျားရောဂါ



www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းနှင့်ဆိုတော့ အဖျားမပျောက်ဘဲ ရှေ့ခရီးကို ဘယ်လိုဆ ရမှန်းမသိ။ လမ်းခရီးက ညီညာပြေချောသော မြေပြန့်လမ်း တူသည်မဟုတ်။ နုနုနယ်နယ်လေး တစ်သက်လုံး နေလာခဲ့ရ လမ်းခရီးမှာ သူမအတွက် ခက်ခဲပင်ပန်းကြမ်းတမ်းမှာ သေ သည်။

"ခဏနေဦးနော် မမ၊ အိမ်ရှင်တွေဆီမှာ ကျွန်တော် တောင်းကြည့်ဦးမယ်"

"ညကြီးအချိန်မတော် စောရယ်၊ တစ်ဖက်သား အားနာစရာကောင်းပါတယ်"

စပ်မြတ်ဆေးက ပူနွေးသော လက်ကလေးမျာ စိုင်းစောဟုန်၏ လက်တစ်ဖက်ကို ဆွဲကိုင်တားမြစ်စကားဆိုလိုက် ရာ စိုင်းစောဟုန်မှာ ချစ်ရသူ၏ အဖျားရှိန်ဖြင့် ပူနွေးသောလက် လေးကို နွေးထွေးသန်မာသော လက်များဖြင့် အသာအယာ အု ဆုပ်ကိုင်လျက် တစ်ချက်မျှ ဖျစ်ညှစ်လိုက်မိသည်။

"မမဖျားနေတာက ကျွန်တော့်အတွက် ပိုအရေးကြီး တယ်လေ၊ အိမ်ရှင်တွေကို အကျိုးအကြောင်းပြောပြရင် သူတို့လ နားလည်မှာပါ၊ သူတို့က သဘောကောင်းပါတယ်၊ ဒီမှာ ခဏပဲစောင့် ဟုတ်လား"

ချစ်ရသူ၏ မျက်နှာလှလှလေးကို နူးညံ့သိမ်မွေ့စွာ ကြ လျက် ညင်သာစွာ သူဆိုလိုက်ပြီးနောက် အောက်ထပ်ကို ဆင် သည်။

အိမ်ရှင်ဖနီးမောင်နှံကို အဖြစ်အပျက်အကြောင်းစုံကို ရှင်





သောအခါ သဘောမနောကောင်းကြသူများ ဖြစ်သည့်အတိုင်း ချက် ချင်းလိုပင် သူတို့တွင် အသင့်ဆောင်ထားသည့် တိုင်းရင်းဆေးဝါး တစ်ချို့ကို ထုတ်ပေးကြပြီး ရေနွေးပူပူဖြင့်သောက်ရန် စေတနာဖြင့် ညွှန်ကြားပြောဆိုပေးပါသည်။

"ရော့…မမ ဒီဆေးကို ရေနွေးပူပူလေးနဲ့ သောက်လိုက်၊ မမရဲ့အဖျားရောဂါ မကြာခင်မှာ သက်သာသွားလိမ့်မယ်"

စိုင်းစောဟုန် ယူလာပေးသည့် ဆေးရည်မည်းမည်း တစ်ခွက်နှင့် ရေနွေးပန်းကန်ကိုကြည့်ကာ စပ်မြတ်ဆေးမျက်နှာလေး တစ်ချက်မျှ ပျက်သွားသော်လည်း ချက်ချင်းပင် ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်ကာ စိုင်းစောဟုန်လက်ထဲက ဆေးခွက်လေးကို လှမ်းယူလိုက်သည်။

ထို့နောက်မှာတော့ နှာခံလွယ်သော ကလေးငယ် တစ်ယောက်လို သူမလက်ထဲက ဆေးခွက်ကို ကုန်စင်အောင် မော့ချ လိုက်ရာ…

"အား…ခါးလိုက်တာစောရယ်"

"ရော့…မမ၊ ဒီမှာ ရေနွေးမြန်မြန်သောက်လိုက်"

လှပသောမျက်နှာလေး ရှုံ့မဲ့သွားရလျက် စိုင်းစောဟုန် ယူလာပေးသည့် ရေနွေးခွက်ကို ဆွဲယူပြီး မြန်မြန်သောက်လိုက် သည့် အဖြစ်က တကယ်ဆိုတော့ စပ်မြတ်ဆေးအတွက် သိပ်ပြီး မလွယ်ကူလှပါ။

ဤမျှခါးသောဆေးကို မနည်းကြိတ်မှိတ်မျိုချသည်မှာ မောင်ဖြစ်သူ စိတ်မကောင်းဖြစ်မှာ စိုးရိမ်၍ ဖြစ်ပါသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



အလိုသာဆိုလျှင်တော့ ဖြစ်ချင်ရာဖြစ် ကိုယ်သောက်နေကျ ဆေး မဟုတ်သဖြင့် အိပ်ရာထဲမှာ သည်အတိုင်း လဲခွေနေမည်ထင်သည်။

"အိပ်ရာထဲမှာ ပြန်လှဲပြီး အိပ်ပျော်အောင်အိပ်လိုက်နော် မမ၊ အိပ်ရာကနိုးရင် အဖျားက သူ့အလိုလို ပျောက်သွားလိမ့်မယ် သိလား"

"အင်း…အင်း"

ခေါင်းလေးကို ညိတ်ပြပြီး အိပ်ရာထက်သို့ ညင်သာစွာ လှဲချလိုက်သည်။ စိုင်းစောဟုန်က စောင်အောက်မှာ မျက်လုံးလေး မှေးမိတ်ပြီး ငြိမ်သက်သွားသူလေးကို တစ်ချက်မျှ စူးစိုက်ကြည့် လိုက်ပြီးနောက် ရင်မောစွာ ပင့်သက်ဖြာမိသည်။

သူမကို ဘယ်အချိန်အထိ အခုလို အခြေအနေနဲ့ လိမ်ညာ ထားရမလဲ စဉ်းစားနေမိသည်။ အစ်ကိုနောင်ထံ ရောက်လျှင်တော့ အဖြစ်မှန်ကို ပြောကိုပြောရမည်။

လူလိမ်လူညာအဖြစ် သူ့ကို သူမ မုန်းလည်းမုန်းစေ။ အဖြစ်မှန်ကိုသိမှ သူ့ရင်ထဲက အချစ်တွေကို သူမသိအောင် ဖွင့်ပြော ပြခွင့်ရမည့်အဖြစ်မို့ ထိုအခြေအနေကိုသာ အမြန်ဆုံး ရောက်ချင်နေ မိသည်။

အိပ်ရာထက်မှ သူ ညင်သာစွာ လှဲလိုက်သည်။ မကြာမီ နှစ်ခြိုက်စွာ အိပ်ပျော်သွားသော ချစ်ရသူလေး၏မျက်နှာကို တစိမ့် စိမ့်ကြည့်ရင်း သူကိုယ်တိုင်လည်း ဘယ်အချိန်မှာ အိပ်ပျော်သွား မှန်း မသိလိုက်ရပါ။

သူ အိပ်ရာက နိုးလာသည့်အချိန်မှာတော့ အိမ်အောက်





ထပ်ဆီမှ ကားစက်သံနှင့်အတူ လူတချို့၏ စကားပြောသံများကို ကြားနေရ၏။

စပ်မြတ်ဆေးကို လှမ်းကြည့်လိုက်တော့ သူမ အိပ်ရာမှာ မရှိတော့။ သူ အိပ်ရာမှ ဝုန်းခနဲခုန်ထလိုက်မိသည်။ ထို့နောက် ခြေလှမ်းကျဲကြီးများဖြင့် အိမ်အောက်ထပ်ရှိရာကို အပြေးဆင်းခဲ့ သည်။

အောက်ထပ်ရောက်တော့ မီးပုံဘေးမှာ လူနှစ်ယောက်ရပ် လျက် အိမ်ရှင်နှင့် စကားပြောနေတာကို မြင်ရသည်။ ထိုအထဲက တစ်ယောက်နှင့် သူ အကြည့်ချင်း ဆုံသွားကြချိန်မှာတော့…

"စောဟုန်ပါလား…ဒီမှာညအိပ်သလား"

"အစ်ကိုအိုက်ပီး"

"အေး…မင်းကားကို တွေ့သွားပဲ၊ ကားဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးအစ်ကို၊ လမ်းမှာမိုးမိလို့ ဒီမှာ တစ်ည နားတာပါ"

အစ်ကိုနောင့်သူငယ်ချင်း အစ်ကိုအိုက်ပီးကို တွေ့လိုက်ရ သဖြင့် စိုင်းစောဟုန် မျက်နှာပျက်သွားသည်။

အနီးအနားမှာ စပ်မြတ်ဆေး ရှိမရှိကိုလည်း အပြေးရှာဖွေ ကြည့်လိုက်မိသည်။ အစ်ကိုနောင်အဖြစ် သူဟန်ဆောင်နေသည့် ကိစ္စကို သူကိုယ်တိုင်ဖွင့်ပြောမှာ ဖြစ်ပေမယ့် အချိန်မကျသေးခင် သူမသိသွားမှာကို မလိုချင်သေးပါ။

ဒါက သူ့ရင်ထဲကဆန္ဒ ဖြစ်ပေမယ့် အစ်ကိုအိုက်ပီးက သူ့အကြောင်းသိတာမဟုတ်တော့ သူဖြေချင်တာကို ဆက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မင်းအစ်ကို ပြန်ရောက်ပြီဆို"

"ဟုတ်တယ်အစ်ကို"

"အခုဘယ်မှာလဲ…မင်းတို့အိမ်မှာလား၊ ဒီကောင်နဲ့ မတွေ့တာကြာပြီကွ၊ တွေ့မှ ကောင်းကောင်းနှိပ်စက်ရဦးမယ်"

ပြုံးလျက်ဆိုလိုက်သော မျက်နှာမှာ အစ်ကိုနောင့်အပေါ် ချစ်ခင်ဟန်အပြည့်မို့ စောဟုန်ကိုယ်တိုင်လည်း အစ်ကိုအိုက်ပီးလို ပင် ပြုံးလိုက်မိသည်။

"အစ်ကိုက နန်းဖူလုံမှာပါ၊ အစ်ကိုအိုက်ပီးနဲ့ မတွေ့ဘူးလား"

"ဘယ်တွေ့မလဲ…ငါတို့က လောင်ချိုင့်ကလာတာ၊ အခု မင်းက စိုင်းနောင်ဆီသွားတာလား"

"ဟုတ်တယ်ဗျာ"

"အေး…ဒါဆို မင်းအစ်ကိုကို ပြောလိုက်၊ ငါက တွေ့ချင်တယ်လို့၊ ပြန်ရောက်တာနဲ့ ငါ့ဆီကို လွှတ်လိုက်ကြားလား"

"မင်းတို့ညီအစ်ကိုနှစ်ယောက်ကတော့ တစ်ယောက် တစ်မျိုးစီ ချောကြတာဆိုတော့ မင်းရော ရည်းစားဘယ်နှစ်ယောက် ထားပြီးပြီလဲ စောဟုန်"

"အာ…အစ်ကိုကလည်းဗျာ လုပ်ပြီ"

"ဘာလဲ…နည်းနည်းပါးပါး တစ်ရွာလုံးပဲလား"

"ဟား…ဟား…ဟား"

"အဟွန်း…ဟွန်း…ဟွန်း"





အစ်ကိုအိုက်ပီးက သူ့ဟာသကို သူ့ဘာသာသဘောကျ ပြီး အသံဝါကြီးဖြင့် အော်ဟစ်ရယ်မောလိုက်ရာ စောဟုန်ကိုယ်တိုင် လည်း အစ်ကိုအိုက်ပီးနှင့်အတူ ရောနှောရယ်မောလိုက်မိပါသည်။

"ကဲ…သွားပြီဟေ့၊ နောက်မှပဲ မင်းတို့ညီအစ်ကိုနဲ့ ပြန်ဆုံ မယ်၊ ဟုတ်လား"

အစ်ကိုအိုက်ပီးတို့လူစု ကားဖြင့်ထွက်သွားကြတာကို ငေး ကြည့်ပြီး နေရာမှ လှည့်အထွက်တွင်မတော့…

"ဟင်…မမ၊ နေကောင်းသွားပြီလားဟင်"

စိမ်းမြစူးရှသော အကြည့်တစ်မျိုးဖြင့် အေးစက်ထန်မာစွာ စောဟုန်၏ မျက်နှာကို စူးစိုက်ကြည့်နေသော စဝ်မြတ်ဆေး၏ အကြည့်တစ်မျိုးကြောင့် သူ့ရင်မှာ ဒိတ်ခနဲ ဖြစ်သွားသည်။

သူနဲ့ အစ်ကိုအိုက်ပီးတို့ ပြောနေတဲ့စကားတွေကို စဝ်မြတ် ဆေး ကြားသွားပြီဟု လုပသော သူ့မမျက်နှာပေါ်က အပြောင်း အလွဲကို ကြည့်ပြီး သူသိလိုက်ပါပြီ။

"မမ"

"မင်းဘယ်သူလဲ"

"ဟင်"

"ဦးခွန်သာရဲ့သားပီပီ ငါ့ကို လိမ်ညာဟန်ဆောင်တာ ဘာသဘောလဲ၊ မင်းမှာ ဘယ်လိုအကြံအစည်တွေ ရှိနေလို့လဲ၊ ပြောစမ်း စိုင်းစောဟုန်"

"ကျွန်တော် ရှင်းပြပါရစေဦး မြတ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ငါ့ကိုဘယ်လိုခေါ်လိုက်တယ်"

"မြတ်လို့ခေါ်တာပါ"

စဝ်မြတ်ဆေးသည် သူမမျက်စိရှေ့တည့်တည့်ရှိ စိုင်းစောဟုန်၏ မျက်နှာချောချောကို နာကြည်းခံပြင်းဒေါသဖြင့် စူးစိုက်ကြည့်ရင်း သူမကို ဒုက္ခအမျိုးမျိုးပေးခဲ့သော ဦးခွန်သာ၏သားပါလားဟု တွေးမိသောအခါ အသည်းနှလုံးမှာ ဆတ်ဆတ်ခါနာသွားသည်။

ဒီကြားထဲမှာ မမလို့ခေါ်နေရာမှ မြတ်ဟု ပြောင်းလွဲအခေါ်ခံလိုက်ရခြင်းက သူမစိတ်ကို ပိုပြီး ဒေါသဖြစ်စေပြန်သည်။ သို့သော်လည်း အခုချိန်မှာ ဒီအခေါ်အဝေါ်တွေက အရေးမကြီးတော့ပါ။ ထိုထက်ပိုပြီး အရေးကြီးသည့်ကိစ္စတွေက သူမနှင့် စိုင်းစောဟုန်ကြားမှာ ဖြစ်တည်၍လာခဲ့ရပြီမို့ သူ့မျက်နှာကို စိမ်းလဲ့စွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

"စပ်မိုင်းနောင် ဘယ်မှာလဲ"

"နန်းဖူလုံမှာ"

"ဒါကိုသိရက်နဲ့ မင်းက ငါ့ကို"

"မြတ်ကို ကျွန်တော် ဘာတစ်ခုမှ မလိမ်ညာခဲ့ဘူး၊ မြတ်ကသာ ကျွန်တော့်ကို လူစမှားတာပါ"

"လူမှားတော့ ဘာဖြစ်လဲ၊ အစထဲက မဟုတ်ရင်မဟုတ်ဘူးလို့ ပြောပါလား၊ ဘာဖြစ်လို့ ဟန်ဆောင်လိမ်ညာနေသေးလဲ"

"ကျွန်တော့်မိဘတွေက ဒီအဖြစ်အပျက်တွေကို ကျွန်တော်တို့မောင်နှမသုံးယောက်လုံး မသိအောင် အစ်ကိုနောင်တစ်သက်





ဖုံးကွယ်လာခဲ့ပြီးမှ ဒီအဖြစ်အပျက်တွေ ရုတ်တရက်ကြီး ပေါ်ပေါက်လာတော့ ကျွန်တော်တို့ မြတ်လူမှားလာတဲ့အချိန်မှာ ဒီအကြောင်းတွေ သိချင်တာနဲ့ တမင်ငြိမ်နေလိုက်တာပဲ"

"အဲဒီအတွက် ကျွန်တော့်မှာ တခြားဘာမှမရှိုးသားတဲ့စိတ် မရှိဘူးဆိုတာ မြတ်ယုံပါ၊ အစ်ကိုနောင်ကို မွေးစားသားလို့ သိရတာတောင်မှ ရက်ပိုင်းပဲရှိသေးပါသေးတယ်"

"မြတ်တို့မောင်နှမနှစ်ယောက် ဘာဖြစ်လို့ ဒီလိုအဖြစ်မျိုးကြုံရတာလဲဆိုတာ ကျွန်တော်ကိုယ်တိုင်သိချင်လို့ မြတ်ပြောသမျှနားထောင်ပြီး ကျွန်တော်ဟာ မြတ်ရှာနေတဲ့ မြတ်ရဲ့မောင် မဟုတ်ဘူး၊ ဦးခွန်သာရဲ့သားဆိုတာ နောက်မှအကျိုးအကြောင်း ရှင်းပြဖို့ပဲ"

"အခုလိုမမျှော်လင့်ဘဲ မြတ် ကြိုသိခွင့်ရသွားတာလည်းပိုကောင်းပါတယ်၊ တကူးတကကြီး ကျွန်တော်ဘက်က ရှင်းပြမနေရတော့ဘူးပေါ့"

"အခု ကျွန်တော်ဟာ မြတ်မုန်းတဲ့ ဦးခွန်သာရဲ့သားပဲ၊ အဲဒီအတွက် မြတ် ဘယ်လိုဖြစ်စေချင်လဲ"

မင်းမျက်နှာကို ငါမမြင်ချင်ဘူး…။

ဦးခွန်သာရဲ့သားမုန်းသိလို့ မုန်းတယ်ဆိုသည့် စကားကိုတော့ စဝ်မြတ်ဆေး ရင်ထဲကပဲ ဆိုမြည်နေမိပါသည်။

အပြင်မှာတော့ စိုင်းစောဟုန်မျက်နှာကို စေ့စေ့ကြည့်ရင်း နှုတ်ခမ်းအစုံ တင်းတင်းစေ့ကာ နေရာမှ ချာခနဲလှည့်ထွက်ခဲ့သည်။

"မြတ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှ စိုင်းဇောဟုန်အသံကို ကြားရသော်လည်း မြတ် လှည့်မကြည့်တော့ပါ။

လုံးဝထင်မှတ်မထားသော အပြောင်းအလဲများကြောင့် မြတ်ဦးခေါင်းထဲမှာ ပြာဝေမှုံမိုက်လျက် ထူထူပူပူကြီး ဖြစ်ကာ ခံပြင်းနာကြည်းခြင်းတွေနှင့် မခံမရပ်နိုင်အောင် ပေါက်ကွဲချင်နေမိပါသည်။

ကြည့်စမ်းပါဦး…။

မြတ်ရဲ့အဖြစ်က သူများတွေနဲ့မတူ…။ ထူးခြားသော အပြောင်းအလဲတွေနဲ့ အသည်းနှလုံးတွေ နာကျင်ပူလောင်ခဲ့ရသမျှ အခုချိန်ထိ မငြိမ်းအေးနိုင်တဲ့ အဖြစ်ပါလား။

စိုင်းဇောဟုန်ကို တွေ့စတုန်းက သူမ အနှစ်နှစ်အလလက မမောတမ်း တမ်းတရှာဖွေခဲ့ရသော ပျောက်ဆုံးနေသော မောင် အမှတ်ဖြင့် သူမမှာ ဝမ်းသာဝမ်းနည်း ခံစားကြေကွဲလိုက်ရသည်မှာ ဆိုဖွယ်ရာမရှိပါ။

စိုင်းဇောဟုန်မျက်နှာချောချောကို တစိမ့်စိမ့်ကြည့်ကာ ကျေနပ်ပီတိတွေ ရင်မှာပြည့်သိပ်နေခဲ့ရသည့်အဖြစ်။

ဦးခွန်သာ၏ သားဆိုတာနှင့်ပင် ဘာတစ်ခုမှ ထပ်မစုံစမ်း မမေးမြန်းနိုင်အောင် ဖြစ်ခဲ့ရသည်ကိုက မြတ်၏အမှားဟု ဆိုရတော့မည်ထင်သည်။

သူမ နောက်ဆုံးစုံစမ်းသိရှိခဲ့ရသည့် သတင်းမှာလည်း ဦးခွန်သာမှာ သားသမီးနှစ်ယောက်ရှိသည်ဟု ပြောဆိုကြတာမို့ စိုင်းဇောဟုန်ကို ဦးခွန်သာ၏သားဆိုတာနှင့်ပင် သူမပျောက်ဆုံးနေ





သောမောင်အဖြစ် လွယ်ကူစွာ စိတ်ချယုံကြည်ပစ်လိုက်မိတာလည်း ပါပါသည်။

အိုလေ…ဒါက သူမဘက်က အမှားချည်းပဲလို့ မဆိုသာပါဘူး။ ဦးခွန်သာရဲ့သားကိုယ်တိုင်ကရော ဘာဖြစ်လို့ သူ့ကိုယ်သူ မြတ်ရဲ့ပျောက်ဆုံးနေတဲ့ မောင်နေရာကို လိမ်ညာဟန်ဆောင်မှုတွေနဲ့ အစားထိုးဝင်လာရတာလဲ။

ဘယ်လိုပဲ အကြောင်းပြပြ ဒါဟာ မရိုးသားမှုပဲဆိုတာလည်း တဆိတ်တော့ ငြင်းလို့မရပါ။ မြတ်ကို လိမ်ညာတာက တော့ လိမ်ညာတာပဲဖြစ်သည်။

ရိုးသားပြီး အယုံလွယ်လိုက်မိသော မြတ်အပေါ်မှာ အခွင့်အရေးတစ်ခုလို အသုံးချခံလိုက်ရတာကို မြတ် ခံပြင်းဒေါသလေးများ ဖြစ်မဆုံးပါ။

နန်းဖူလုံကို လိုက်လာမိသည့်ခရီးမှာလည်း မြတ်က ကိုယ့်မောင်လေးအရင်းရယ်လို့ စိတ်ချယုံကြည်ပြီး လိုက်ပါလာခဲ့မိသမျှ အခုမှ မှားနေမှန်း တွေးမိလာရသည့်အဖြစ်မို့ တွေးမိကာ မကျေချမ်းဖြစ်ကာ သူမကို အယုံသွင်းလိမ်ညာသူကိုသာ ဒေါသမုန်းတီးမဆုံး ဖြစ်လာပါသည်။

"မြတ်"

"မင်း ငါ့ကိုမခေါ်နဲ့"

ဒေါသဖြင့် တင်းမာခက်ထန်စွာ မြတ် ဆိုလိုက်တော့ သူက မြတ်၏ ဒေါသဖြစ်နေသည့် မျက်နှာလေးကို ငြိမ်သက်ငြိတ်ဆိတ်စွာ ရှုံးစိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ…လူလိမ်လူညာပဲ စိုင်းစောဟုန်"

"မြတ်ကို ကျွန်တော် ရှင်းပြပြီးပြီပဲ"

"ဒါတွေဟာ အကြောင်းပြချက်တွေပဲ၊ အဆုံးမှာ မင်းဟာ ငါ့မောင်မဟုတ်ဘဲနဲ့ ငါ့ကိုလိမ်ညာခဲ့ရုံတင်မကဘူး ငါ့ရင်ထဲက ခံစားချက်ဝေဒနာတွေပါ ငါ့ကွယ်ရာ လှောင်ပြောင်သရော်နေခဲ့တဲ့ လူပဲ"

နာကြည်းစွာ သူမဆိုရင်း ခံစားချက်ကြောင့် အသံလေးများပါ တုန်ရီလာ၏။

"မြတ်…ကျွန်တော့်ကို တော်ရုံပဲအထင်သေးပါဗျာ၊ ငယ်ငယ်လေးထဲက ပျောက်ဆုံးသွားတဲ့ မောင်ကို ဒုက္ခအမျိုးမျိုးခံပြီး လိုက်ရှာနေတဲ့မြတ်ကို ကျွန်တော်က ဘယ်လိုနှလုံးသားနဲ့ လှောင်ပြောင်သရော်ရက်မှာလည်း"

"ကျွန်တော့်မှာ မြတ်လိုအစ်မမျိုးရှိရင် သိပ်ကံကောင်းမှာပဲလို့ အမြဲတွေးနေမိတဲ့ စိုင်းစောဟုန်ပါဗျာ၊မြတ်ကို ကျွန်တော် လိမ်ညာမိသလိုဖြစ်ခဲ့ရတာက လွဲပြီး ကျွန်တော်ဟာ မြတ်ထင်သလို အောက်တန်းကျတဲ့လူစားမျိုး မဟုတ်ဘူး"

မြတ်ရင်မှာ ခံစားချက်လေးတွေ ပြင်းထန်နေသလို စိုင်းစောဟုန်ရင်မှာကလည်း ကိုယ်စီခံစားချက်နှင့်မို့ လှပသော မြတ်မျက်နှာလေးကို စူးစိုက်ကြည့်ရင်း သူ့ရင်ထဲက ခံစားရသမျှကို တုံ့ပြန်ရင်ဖွင့်ပြောဆိုလိုက်ခြင်းဖြစ်သည်။

နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် စူးစိုက်ကြည့်လျက် ငြိမ်သက်သွားကြသည်။ ရင်ထဲမှာ ကိုယ်စီ





ပြောစရာစကားတွေ ရှိပေမယ့် နှစ်ယောက်စလုံး မျိုသိပ်ချုပ်တည်းတိုယ်စီနှင့် ဖြစ်သည်။

"တို့မောင်လေးကို တွေ့ချင်တယ်"

လောလောဆယ်အနေအထားမှာ အဖြစ်သင့်ဆုံးစကားကို ဆိုလိုက်သည်။ တစ်ယောက်ကိုတစ်ယောက် အပြစ်တွေ အပြန်အလှန်ပြောနေလို့ ပြီးသွားမှာမဟုတ်။

မြတ်ကို လိမ်ညာဟန်ဆောင်ထားသည့်ကိစ္စ အခုလိုဆောစီးစွာ သိခွင့်ရတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေသည်။

ထိုသို့သာ သိခွင့်မရခဲ့သေးရင် စိုင်းစောဟုန်ကို ကိုယ့်မောင်လေးအမှတ်ဖြင့် ဘယ်အထိ ရင်းနှီးစွာနေမိမည်မသိပါ။

"မြတ် တွေ့ချင်တဲ့သူဆီကို ကျွန်တော် အခုပဲလိုက်ပို့မှာပါ"

သူစိမ်းဆိုသောအသိဖြင့် စိုင်းစောဟုန်မျက်နှာကို အေးစက်စွာ တစ်ချက်လှမ်းကြည့်လိုက်ပြီး နေရာက မြတ် ထွက်ခဲ့သည်။

ပစ္စည်းတွေကို တိတ်ဆိတ်စွာ သိမ်းဆည်းလိုက်သည်။ မြတ်က စကားမဆိုသလို သူကလည်း နှုတ်ဆိတ်နေ၏။

အိမ်ရှင်ဖနီးမောင်နံ့အတွက် ငွေစက္ကူတချို့ကို ကျေးဇူးတုံ့ပြန်ပေးခဲ့ပြီး နှုတ်ဆက်လမ်းခွဲလိုက်သည့်ခရီးမှာ နှစ်ယောက်လုံး ပြောင်းလဲသွားသော အခြေအနေကြောင့် ကိုယ်စီခံစားချက်တွေနှင့် ငြိမ်သက်တိတ်ဆိတ်လျက်ရှိရာ သူတို့နှစ်ဦးကြားမှာ ကားခက်သံသည်သာ လွှမ်းမိုးလျက်ရှိ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

''ကျွီး''

''ရောက်ပြီ…ဒီနေရာပဲ''

စိုင်းဓောဟုန်အသံနှင့်အတူ တိတ်ဆိတ်ငြိမ်သက်လှသော နှစ်ထပ်အုတ်တိုက်အိုကြီးကို ကြည့်ပြီး မြတ်စိတ်ထဲမှာ တစ်မျိုးလေးဖြစ်သွားသည်။

တစ်လမ်းလုံး မဖြစ်မနေ ပြောဆိုသည့်စကားမှလွဲ၍ တခြားမည်သည့်စကားမှ မဆိုဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်လာကြရာမှ အခု ပထမဆုံး စိုင်းဓောဟုန်မှ စတင်စကားဆိုလာခြင်းဖြစ်သည်။

သူ ကားပေါ်က ဆင်းသွားပေမယ့် မြတ်ကတော့ ကားပေါ်ကမဆင်းသေးဘဲ သစ်ပင်ကြီးငယ်တို့ အုပ်စိုးစွာ ပေါက်ရောက်နေသော အိမ်ပတ်ဝန်းကျင်ကို စူးစမ်းအကဲခတ်သော မျက်လုံးများဖြင့် ကြည့်နေမိသည်။

အခုချိန်ထိ လူရိပ်လူယောင်မျှ မတွေ့ရဘဲ စေ့ပိတ်ထား





သော အိမ်ကြီး၏ တံခါးချပ်များကို ကြည့်ကာ မြတ်စိတ်ထဲမှာ စိုင်းဓောဟုန်အပေါ်မှာ သင်္ကာမကင်းဖြစ်နေမိ၏။

မောင်လေး ဒီနေရာမှာ တကယ်ရှိနေတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား။

မြတ်ကိုများ လိမ်ညာဟန်ဆောင်ပြီး ခေါ်လာလေသလားဟု စိုင်းဓောဟုန်ရှိရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဦးခွန်သာရဲ့သားကို မြတ်စိတ်ထဲမှာ အယုံအကြည်မရှိပါ။

မြတ်တို့မောင်နှမကို အကြောင်းအမျိုးမျိုးပြပြီး ရက်ရက်စက်စက် ခွဲထားရက်ခြင်းအပေါ်မှာ စိတ်အနာကြီးနာနေမိသလို သူမအပေါ်မှာ မောင်အတုအဖြစ် ဟန်ဆောင်လိမ်ညာလှည့်စားသော စိုင်းဓောဟုန်ကိုလည်း ကတိသစ္စာမတည်ကြည်သော ဖခင်နှင့်တူသူတစ်ယောက်အဖြစ် ခံပြင်းဒေါသလေးဖြစ်ကာ မုန်းနေမိသည်။

ပထမတစ်ကြိမ်တစ်ခါ လှည့်စားခဲ့ပြီးပြီမို့ ဒုတိယအကြိမ်လိမ်မညာပါဟု မပြောနိုင်သည့်အတိုင်း စိုင်းဓောဟုန်၏ လှုပ်ရှားမှုတိုင်းကို သံသယဝင်နေသူ ဖြစ်သည့်အတိုင်း သတိမပြတ်ထားစောင့်ကြည့်နေမိ၏။

''ကားပေါ်ကဆင်းလေ မြတ်''

''စပ်မိုင်းနောင် ဘယ်မှာလဲ''

ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသော စကားနှစ်ခွန်းနှင့်အတူ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။

မြတ်ထံမှအကြည့်မှာ မယုံသင်္ကာဟန်၊ တင်းမာခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



မှုဖြင့် ဒေါသလေးများ ပါဝင်နေသလောက် စိုင်းစောဟုန်၏ အကြည့်များကတော့ မြတ်နှင့်ဆန့်ကျင်ဘက် နူးညံ့သိမ်မွေ့မှု အကြင်နာ စာနာနွေးထွေးမှုတွေနှင့် ဖြစ်ပါသည်။

မြတ် သူ့အပေါ်မှာ သံသယဖြစ်နေတာကို စိုင်းစောဟုန် သိနေပါသည်။ ထိုအတွက် သူမကို အပြစ်တင်၍လည်း မဖြစ်ပါ။ သူက မြတ်အပေါ်မှာ ဟန်ဆောင်လိမ်ညာသောအပြစ်ကို ကျူးလွန်ခဲ့မိမှကိုး။

မြတ်ရင်ထဲက ခံစားချက်ကို သူ စာနာနားလည်ပေးနိုင်ပါသည်။

"အစ်ကိုနောင် ရှိပါတယ် မြတ်၊ ကျွန်တော်မလိမ်ပါဘူး အခုလောလောဆယ် ဘယ်ကိုသွားနေမှန်းသာ မသိတာပါ"

"မင်းပြောတိုင်း တို့ကယုံရမှာလား"

"မြတ်ရယ်"

မယုံသင်္ကာဟန် အကြည့်လေးကြောင့် စိုင်းစောဟုန်ရင်မှာ ထိခိုက်နာကျင်သွားမိပေမယ့် အပေါ်ယံမှာတော့ ဘာမှမဖြစ်သလို ဟန်ဆောင်နေလိုက်ရပါသည်။

"မြတ်စိတ်ထဲမှာ ကျွန်တော်က မြတ်ကို လိမ်ညာပြီး ဒီနေရာကို ခေါ်လာတယ်ထင်လို့လား"

"ဘယ်ပြောနိုင်မလဲ၊ မင်းစိတ်ထဲကအကြောင်း မင်းပဲ သိမှာပေါ့"

"အလို…မောင်စောဟုန်ပါလား၊ မိန်းမခိုးလာသလား





ကွဲ"

"အို"

"ဦးကြီး ဖန်နွတ်"

"မိန်းမခိုးလာတာ မဟုတ်ပါဘူးဗျာ၊ ဧည့်သည်ပါ"

"အေးလေ…ငါကမသိဘူးကိုးကွဲ၊ လာကြ…လာကြ"

စိုင်းစောဟုန်မှာ သူ့ဖခင်ကြီး၏ လူယုံ ဦးဖန်နွတ်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသလို လှပသည့် မြတ်ကိုတွေ့ပြီး မေးလိုက်သည့် မေးခွန်းအပေါ်မှာ ရင်တသိမ့်သိမ့်ဖြာရသလောက် မြတ်၏လှပသော မျက်နှာလေးကတော့ ဦးကြီးစကားကြောင့် နှင်းဆီခင်းဖြစ်လျက် မျက်နှာပျက်သွားတာကိုပါ မြင်တွေ့လိုက်ရသဖြင့် စိုင်းစောဟုန်ရင်မှာ နင့်ခနဲဖြစ်သွားသည်။

မြတ်က သူ့ကို ဦးခွန်သာရဲ့သားတစ်ယောက်အဖြစ်ရော သူမကို ဟန်ဆောင်လိမ်ညာမိတဲ့အတွက်ရော အားလုံးရောနှောပေါင်းစပ်ပြီး ခွင့်မလွှတ်နိုင်အောင် မုန်းတီးနာကြည်းနေမည်ဖြစ်ကြောင်း သူတွေးမိ၍ ဖြစ်ပါသည်။

"အစ်ကိုနောင်ရော ဦးကြီး"

"မောင်စိုင်းနောင် မရှိဘူးကွ၊ စောဟုန်ရ ဘမ်ကာကို သွားတယ်"

"ဘယ်အချိန်ပြန်လာမယ်လို့ ဦးကြီးကို ပြောသွားလဲ"

"ရက်အတိအကျတော့ ပြောမသွားဘူး၊ ဒီနေ့မှသွားတာဆိုတော့ အနည်းဆုံးနှစ်ရက်သုံးရက်တော့ ကြာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနောင်မရှိဘူးဆိုတော့ သူလည်း မတတ်နိုင်ပါ။ မြတ်ရှိရာကို တစ်ချက်လှမ်းကြည့်လိုက်တော့ လှပသည့် မျက်နှာလေး ညှိုးနေတာကို တွေ့လိုက်ရသဖြင့် သက်ပြင်းကြိတ်ရှိုက်လိုက်မိ၏။

''ဘယ်လိုလုပ်ချင်သလဲ မြတ်၊ ဒီမှာပဲ စောင့်ကြမလား ဒါမှမဟုတ် ပြန်ကြမလား''

မြတ်ဆန္ဒ၊ မြတ်သဘောထားကို သူမေးလိုက်သည်။ ဦးကြီးဇန်နှက်နှင့် စောဟုန်တို့ ပြောနေသည့်စကားတွေအားလုံး မြတ်လည်း ကြားနေရတာမို့ သူမအဆုံးအဖြတ်အတိုင်း လုပ်ပေးရမည်က စောဟုန်၏ တာဝန်ဖြစ်သည်။

ဒါက စိုင်းစောဟုန်ဘက်က အပိုင်းဖြစ်ပေမယ့် မြတ်အတွက်ကြပြန်တော့ သူမရင်ဆိုင်ကြုံတွေ့နေရသည့် အဖြစ်က ရှေ့တိုးရခက် နောက်ဆုတ်ရခက်မို့ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ပျောက်ဆုံးနေသော မောင်ငယ်ကို ရှာဖွေတွေ့ဆုံခွင့်ရရန် အခက်အခဲအမျိုးမျိုးကြားက မလျှော့တမ်းဇွဲဖြင့် ကြိုးစားလာခဲ့ရပြီးမှ ရရှိလာသော အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံရမည်ဆိုလျှင် ထိုအခွင့်အရေးမှာ မြတ်အတွက် နောက်ထပ်ရချင်မှရနိုင်ပေတော့မည်။

''မြတ်''

''နောက်ထပ်နှစ်ရက်နဲ့ ပြန်ရောက်မယ်ဆိုတာ သေချာရင်





တို့ ဒီမှာပဲစောင့်မယ်''

''ကောင်းပြီလေ…မြတ်ဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ်၊ ဦးကြီးပစ္စည်းတွေ ကားပေါ်ကချဖျာ၊ ခေါ်စေးလားရော''

''သူ့အမေနေမကောင်းလို့ သူ့ရွာပြန်သွားပါရောလားကွယ်၊ စိတ်ချပါ ဦးကြီးတစ်ယောက်လုံးရှိပါသေးတယ်၊ ညည့်သည်ကိုသာ ဂရုစိုက်ပါ၊ လိုအပ်တာအားလုံး ဦးကြီးလုပ်ပေးပါ့မယ်''

ပစ္စည်းတွေကို သွက်လက်ပေါ့ပါးစွာ သယ်ယူပြီး အိမ်ကြီးအပေါ်ထပ်ကို တက်သွားသော ဦးကြီးဇန်နှတ်စကားမှာ မှန်နေသဖြင့် ကားပေါ်မှဆင်းလာသော မြတ်ကို သူနှင့်အတူ စောင့်ခေါ်မိသည်။

''ဗိုက်ဆာနေပြီလား မြတ်''

''ရပါတယ်''

မြတ်၏စကားက တိုပြတ်သလို အေးစက်မာကျောပါသည်။ စောဟု ခေါ်ခဲ့သော မြတ်၏ အသံချိုချိုလေးကို ပြန်လည်တမ်းတမိသလို သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ပြုံးပျော်ကြည်နူးနေသော ရယ်သံလွှင်လွှင်နှင့် လှိုက်လှဲနွေးထွေးမှုကို သတိရမိပြန်တော့ စိုင်းစောဟုန်ရင်မှာ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပြန်သည်။

''ခဏလေးစောင့်နော် မြတ်၊ ဦးကြီးကို ဂျွန်တော် အခုပဲ တစ်ခုခုစီစဉ်ခိုင်းလိုက်မယ်၊ မြတ်အတွက် အပေါ်ထပ်အခန်းကို ဂျွန်တော်လိုက်ပို့ပေးမယ်နော်''

မပို့ပါနဲ့…ဟု စိတ်ထဲက မြတ်ဆိုလိုက်မိပေမယ့် အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မြတ် နှုတ်ဆိတ်နေလိုက်ပါသည်။ ဒီနေရာက သူ့နေရ[ာ] လေ။ ရင်ထဲမှာ သူ့ကို ဘယ်လောက်ပဲ စိတ်ဆိုးဒေါသဖြစ်နေ[ပေ] မယ့် အခြေအနေနဲ့ အချိန်အခါက မြတ်စိတ်ထဲမှာရှိသည့်အတိုင်း လိုက်လုပ်၍ မဖြစ်တာကို မြတ် နားလည်ပါသည်။

"လာ...မြတ်"

သူမရှေ့က ဦးဆောင်သွားနေသော စိုင်းစောဟုန်ရှေ့က တိတ်ဆိတ်စွာလိုက်ပါလာရင်း အိမ်ကြီး၏ အနေအထားကိုပါ စိတ်[ထဲ] မှတ်သားနေမိသည်။

"မြတ်နေရမဲ့အခန်းက ဒီအခန်းပဲ၊ ဟိုဘက်အစွန်း[ဆုံး] အခန်းမှာ ကျွန်တော်ရှိနေမယ်၊ အခု မြတ် အနားယူလိုက်ပါဦး ရေချိုးဖို့ ကျွန်တော်စီစဉ်လိုက်မယ်"

ပြောပြီးမှ တစ်စုံတစ်ခုကို သတိရသကဲ့သို့ မြတ်မျက်[နှာ] လေးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"မြတ် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ်"

"ဒါဖြင့် ရေပူရေနွေးစပ်ပြီး ရေချိုးဖို့ ကျွန်တော်စီစဉ် လိုက်မယ်နော် ဟုတ်လား"

"အင်း"

မြတ် ခေါင်းညိတ်ပြလိုက်သည်နှင့် စိုင်းစောဟုန်က မြ[တ်] ကို နှုတ်ဆက်ပြီး အပေါ်ထပ်လှေကားအတိုင်း ပြန်ဆင်းသွား[ပါ] မြတ်လည်း သူမအခန်းတံခါးကို စိတ်ချလက်ချပိတ်လိုက်ပြီး ပြ[န်]





သန့်ပြန့်သော ခုတင်ထက်မှာ သူမကိုယ်လေးကို လှဲလျောင်းအိပ် စက် အနားယူလိုက်သည်။

မတွေးဘူးဟုဆိုသော်လည်း မြတ် ဦးခေါင်းထဲကို အတွေး များဝင်ရောက်လာရာ သူမတို့မိသားစု၏ ထူးခြားသောအဖြစ်များ ကို ပြန်ပြောင်းစဉ်းစားရင်း ရင်ထဲမှာ စို့ကျပ်လျက် ပါးပြင်နှပေါ် မျက်ရည်ဥလေးများ တစ်ပေါက်ချင်း စီးကျလာသည်။

ဖေဖေနဲ့ မေမေရယ်...။

မြတ်ရဲ့အဖြစ်ကို မြင်လှည့်ပါဦးရှင်။ သူစိမ်းတစ်ရံများ ကြား အားကိုးရာမဲ့လှသည့်ဘဝနှင့် လိမ်ညာလှည့်ဖျားနေသူများ ကြားမှာ ဘာမှမဖြစ်သလို ကြိတ်မှိတ်ဟန်ဆောင်ရင်း စပ်မိုင်းနောင် ဆိုသည့် ပျောက်ဆုံးလျက်ရှိသော မောင်ဖြစ်သူကို အရူးအမူး အသည်းအသန်တွေ့ဖို့ ကြိုးစားနေရသည့်အဖြစ်ကို ဘယ်သူသိနိုင် မှာလည်းကွယ်။

စဝ်မြတ်ဆေးဆိုသည့် အစ်မအရင်းခေါက်ခေါက် တစ်ယောက်လုံး နန်းဖုလုံမှာ ရောက်နေသည့်အဖြစ်ကို မောင်ဖြစ်သူ သိနိုင်မှာတဲ့လား။

လမ်းခရီးမှာ တိုက်ဆိုင်ပြီး လူလိမ်လူညာ စိုင်းစောဟုန် အကြောင်း သိခဲ့ရလို့သာပဲ မဟုတ်လျှင် ဘယ်အထိအောင်များ သူမဟာ အလိမ်အညာခံနေရမည်မသိပါ။

"အဟင့်....ဟင့်...ဟင့်"

တွေးရင်း ဝမ်းနည်းအားငယ်လာကာ ကိုယ်လေးသိမ့်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



တုန့်သည့်အထိ ရှိုက်ငင်ငိုကြွေးမိရသည့်အခါ ဖြူလွှသော ခေါင်းအုံးလေးထက်မှာ စဝ်မြတ်ဆေး၏ မျက်ရည်များဖြင့် တစ်ခဏအတွင်း ရွှဲပေနစ်စိုသွားသည်။

စိုင်းစောဟုန်၏ အခန်းတံခါးကို ခေါက်မည့်လက်မှာ အခန်းတွင်းမှ ကြေကွဲစွာ ဝမ်းပမ်းတနည်း ငိုရှိုက်သံလေးကြောင့် လေထဲမှာ ရပ်တန့်သွားရသဖြင့် မျက်နှာချောချောမှာလည်း သိသာစွာ ဖျက်ယွင်းညှိုးငယ်သွားပါသည်။

ချစ်ရသူလေး မြတ်တစ်ယောက်တည်း အားကိုးရာမဲ့လှသော သူမအဖြစ်ကိုပဲ ဝမ်းနည်း၍ ငိုသည်လား။ သို့တည်းမဟုတ် မြတ်ရဲ့ မောင်မဟုတ်ဘဲ လိမ်ညာဟန်ဆောင်ခဲ့မိသော စိုင်းစောဟုန်ဆိုသည့် သူ့ကိုပဲ မကျေနပ်၍ နာကြည်းစွာ ပေါက်ပေါက်ကွဲကွဲ ငိုကြွေးခြင်းပဲလားဆိုတာ သူကိုယ်တိုင် သေချာရေရာစွာ မသိပါသော်လည်း ချစ်ရသူ၏ ငိုရှိုက်သံလေးကတော့ အသည်းနှလုံးကို ပူလောင်စွာ နာကျင်စေသည်ကတော့ အမှန်ဖြစ်ပါသည်။

အခန်းအပြင်မှာ တွေဝေငေးငိုင်စွာ ရှိနေပြီးမှ ထိုနေရာလေးကို ညင်သာသော ခြေလှမ်းများဖြင့် ကျောခိုင်းထွက်ခွာလာခဲ့ပါသည်။

ငိုပါစေလေ။

ဒါမှ မြတ်ရင်ထဲ ခံစားချက်တွေ ပေါ့ပါးသက်သာရာရသွားပေလိမ့်မည်။ တင်းကြပ်မှုတွေအားလုံး မြတ်ရဲ့မျက်ရည်စတွေနဲ့အတူ ပြေလျော့သက်သာသွားမည်ဟု သူယုံကြည်မျှော်လင့်





ရင်း အပေါ်ထပ် လေသာဆောင်မှာ လှမ်းမြင်တွေ့နေရသော တောင်တန်းပြာများရှိရာကို လှမ်းမျှော်ကြည့်မိသည်။

တကယ်တမ်း သေချာပြန်တွေးကြည့်မိတော့လည်း အစ်ကိုနောင်အဖြစ်က သနားစရာကောင်းလှသလို မြတ်ရဲ့အဖြစ်က ခံစားနာကျင်စရာ၊ ကြေကွဲစရာတွေ ပြည့်နေကြောင်း သူခံစားနားလည်စိတ်ဖြင့်ပင် သက်ပြင်းကြိတ်ချလိုက်သည်။

ခွင့်လွှတ်ပါ မြတ်ရယ်…။

တကယ်တော့ ဒက်ဒီနဲ့ မာမီမှာ မြတ်တို့မောင်နှမ နှစ်ယောက်ကို တမင်ယုတ်ညံ့တဲ့ စိတ်နဲ့ ကွဲကွာအောင် မရည်ရွယ်ခဲ့ရှာပါဘူးဗျာ…။

အစ်ကိုနောင်အပေါ်မှာ သိပ်ချစ်လွန်းလို့ တစ်ကိုယ်ကောင်းဆန်ဆန် ကျင့်သုံးမိတဲ့အတွက် အခုလိုမြတ်ရဲ့ အသည်းနှလုံးကို ခံစားနာကျင်ကြေကွဲစေဖို့ ဖြစ်လာခဲ့ရတာ။

မြတ် ကြေကွဲရသလို မောင့်ရင်မှာလည်း နာကျင်ကြေကွဲရပါတယ် ချစ်ဆုံးရယ်။

မြတ်ကိုမှ သိပ်ချစ်သွားခဲ့မိတဲ့ မောင့်ရင်ထဲ နှလုံးသားထဲက မောင့်ရဲ့ခံစားချက်တွေကို မြတ်တစ်ယောက် စာနာနားလည်ပေးနိုင်ပါ့မလား မြတ်ဆိုတဲ့ မောင့်ချစ်ရသူရယ်…

နာကျင်ထိခိုက်စွာ သူ့ရင်ထဲက ခံစားချက်တွေ အသံမဲ့စွာ စိတ်ထဲကပဲ ဆိုညည်းလိုက်မိသည့်အဖြစ်ကို မြတ်ကဖြင့် သိရှာပေမည်မဟုတ်ပါ။

ဦးခွန်သာရဲ့သား၊ သူမကို မောင်အတုအဖြစ် ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာရက်သူအဖြစ်သာ ခံစားနာကျင်ကြေကွဲနေရှာပေလိမ့်မည်။

ဟား…မောင့်ရဲ့မြတ်ရယ်…။

မြတ်ကို မောင်သိပ်ချစ်တယ်။

မဆုံးရှုံးရဲဘူး။

ထာဝရပိုင်ဆိုင်ပါရစေ အချစ်ရယ်

မြတ်ကို သိပ်ချစ်နေမိတာ မောင်ချစ်တဲ့မြတ် သိလိုက်စမ်းပါလား အချစ်ရယ်။

မြတ်ကို မောင်ချစ်တယ်၊ သိပ်ချစ်တယ်မြတ်ရယ်။

အရူးတစ်ယောက်လို သူဆိုမိသည်။ မြတ်နှင့်သူ့ကြားက လွဲမှားခြားနားမှုကို ဘယ်လိုဘယ်ပုံ ပြေလည်စေရမှန်း စိုင်းစောဟုန် ကိုယ်တိုင် အတတ်မသိနိုင်ဘဲ ဖြစ်နေသည်။

မြတ်၏ အတွင်းစိတ်ထဲမှာ သူတို့မိသားစုအပေါ်မှာ နာကြည်းမှုခံစားချက်ကလေးတွေ ရှိနေတော့ ပိုဆိုးသည်။ သူ့အပေါ် မြတ်ရဲ့အမြင် အတွေးတွေက ဘယ်လိုမှ အခြေအနေ ကောင်းမွန်လာနိုင်စရာ မရှိမှန်း သူကြိုသိနေတော့ ခက်ပါသည်။

အချိန်လေးတွေ အတော်ကြာမှ မြတ်အခန်းရှေ့ကို သူ ပြန်ရောက်ခဲ့သည်။

"ဒေါက်…ဒေါက်"

"မြတ်"

အထဲက ထူးသံလေးကို မကြားရပါ။

သူဆက်ပြောလိုက်ရပါသည်။

"မြတ် ရေချိုးလို့ရပြီလို့ ကျွန်တော်လာပြောတာပါ





ရေချိုးပြီး ထမင်းစားဖို့လည်း စီစဉ်ပြီးပါပြီ"

"ကျေးဇူးတင်ပါတယ်"

ငိုရှိုက်ထားသည့်အရှိန်ဖြင့် မြတ်အသံလေးက ခပ်အစ်အစ်ဖြစ်နေသော်လည်း ပြတ်သားသောအသံလေးနှင့်ဖြစ်ရာ မြတ်နှင့် သူ့ကြားမှ အခြေအနေကို ရင်မောသွားသည်။

"မြတ်ကို ကျွန်တော် ထမင်းစားခန်းက စောင့်နေမယ်၊ ကျွန်တော်သွားပြီ မြတ်"

တိတ်ဆိတ်နေသော အခန်းထဲက မည်သည့်အသံမှ ထပ်ထွက်မလာတော့ပါ။ မြတ် ရေချိုးပြီးချိန်ကို စောင့်ပြီးမှ သူ ရေချိုးလိုက်သည်။

ဦးကြီးဖန်နွတ်၏ ပူနွေးမွှေးကြိုင်သော ဟင်းလက်ရာ အစုံအလင် ပြင်ဆင်ပြီးချိန်မှာ မြတ်တစ်ယောက် အပေါ်ထပ်လှေကားအတိုင်း ဆင်းလာတာကို မြင်လိုက်ရသည်။

"လာ…မြတ် ဒီမှာထိုင်ပါ"

မြတ်အတွက် ခုံကို ကိုယ်တိုင်ဆွဲယူပေးလိုက်သလို သူ ကိုယ်တိုင်လည်း မြတ်နှင့် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်ပါသည်။

"စားနော် တူမကြီး၊ စေးလားမရှိပေမယ့် ဦးကြီးလက်ရာတွေရဲ့ အစွမ်းကို မြည်းကြည့်စမ်းပါဦးကွယ်"

"ဟုတ်ကဲ့ပါ ဦးကြီး"

"မောင်စောဟုန်…ဒြေသည်ကို ထည့်ပေးလေကွာ"

"တောဝက်သားဟင်း မြတ်၊ ဒါက ဆတ်သားခြောက်



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''တော်ပြီ…စိုင်းစောဟုန် ကျန်တာ တို့ဘာသာ ထည့်စားပါ့မယ်''

လှပသည့် မျက်နှာလေးကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် စိုင်းစောဟုန် ကိုယ့်ဘာသာ ထမင်းငုံ့စားနေလိုက်ပါသည်။

မြတ်က သူ့ကိုမကြည့်ပါ။

ထမင်းဟင်းကို အနည်းငယ်မျှသာ စားပြီး ထမင်းပွဲကို အဆုံးသတ်လိုက်သည်။

''တော်ပြီလား မြတ်''

''အင်း''

''ဦးကြီးလက်ရာ မကောင်းလို့လားကွယ်''

''မဟုတ်ပါဘူးရှင်…မြတ် ရင်ခံနေလို့ပါ၊ ဦးကြီးလက်ရာတွေ အားလုံးကောင်းပါတယ်''

''မြတ်ကိုခွင့်ပြုပါ''

''ကောင်းပါပြီကွယ်''

မြတ်က သူ့ကိုမကြည့်ဘဲ ဦးကြီးကို နှုတ်ဆက်ကာ အပေါ်ထပ်ကို ပြန်တက်သွားရာ စိုင်းစောဟုန်တစ်ယောက်ထဲ ရင်မှာ ခံစားချက်မျိုးစုံဖြင့် ရင်နာစွာ ကျန်ရစ်ခဲ့ပါသည်။

× × × ×





## အခန်း (၁၁)

အချိန်တွေကို လက်ချိုးရေတွက် စောင့်စားရင်း တစ်ပတ်ဆိုသည့် အချိန်က လျင်မြန်စွာ ကုန်ဆုံးသွားသည်။ နာရီစက္ကန့်လေပ် အချိန်တိုင်း စပ်မိုင်းနောင်ဆိုသည့် မောင်ဖြစ်သူ ပြန်လာလိမ့်နိုးဖြင့် စောင့်စားမျှော်လင့်ခဲ့သော်လည်း မြတ် မြင်လိုတွေ့လိုသူကဖြင့် သူမစောင့်မျှော်နေရာသို့ ပြန်လည်ရောက်ရှိလာခြင်း မရှိခဲ့ပါ။

မြတ်ရင်ထဲမှာ စောင့်စားရခြင်းကြောင့် စိတ်နှလုံးတွေနွမ်းလျနာကျင်ရသလို စိုင်းစောဟုန်အပေါ်မှာလည်း ပိုပြီး သဘောကောင်းဖြစ်လာသည်။

ဒီနေရာမှာ မြတ်ရဲ့မောင်ဖြစ်သူရှိနေသည်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား။ သူမကိုများ တစ်ဖက်သတ်လှည့်စားပြီး ခေါ်ငင်ထားခြင်းလားဆိုသည့် အတွေးသံသယများကို ပိုပြီးအားဖြည့်ပေးနေသည့်အရာက တခြားမဟုတ်။

သူ့ကိုယ်သူ မြတ်ရဲ့မောင်အဖြစ် ဟန်ဆောင်လိမ်ညာစဉ်က ကိုသက်ထွန်းနှင့် ပတ်သက်ပြီး လက်ထပ်ဖို့ကိစ္စကို ခါးခါး



www.burmeseclassic.com

www.burmeseclassic.com



သီးသီး ငြင်းဆန်ကန့်ကွက်ခဲ့သော စိုင်းစောဟုန်၏ အမူအရာစကားသံများကို အစအဆုံး ပြန်လည်တွေးမိလာခြင်းမှ အစပြုခဲ့ခြင်းဖြစ်သည်။

စိုင်းစောဟုန်ဆိုတာ မြတ်ရဲ့မောင် မဟုတ်ဘဲ ဦးခွန်သာ့ရဲ့သား ဖြစ်နေလျက်နှင့် ဘာကြောင့် မြတ်ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေအထိ ပိုင်စိုးပိုင်နင်း ဝင်ရောက်စွက်ဖက်ရသလည်းဆိုတာ သေချာစဉ်းစားလျှင် အဖြေကိုတွေ့ရမည် ဖြစ်သည့်အတိုင်း အခုမှ စိုင်းစောဟုန်တစ်ယောက် သူမအပေါ် ပြုမူပြောဆိုဆက်ဆံခဲ့ရာမှာ ရိုးသားမှုမရှိကြောင်း အဖြေရရှိလာပါသည်။

ကိုသက်ထွန်းနှင့်ကိစ္စကို မောင်တစ်ယောက်အနေဖြင့် ခံစားကန့်ကွက်သည်ဟု ထင်ခဲ့ခြင်းမှာ အခုမှ မှုမှန်ခြင်းမဟုတ်ကြောင်း ရှင်းလင်းစွာ ပေါ်ပေါက်လာရာ အိပ်ရာထက်မှာ ငြိမ်သက်စွာ လဲလျောင်းနေရာမှ ဝုန်းခနဲ ထလိုက်မိသူက မြတ်ဖြစ်သည်။

ထို့နောက် ခုတင်ပေါ်မှဆင်းကာ သူမပစ္စည်းများကို လျှင်မြန်စွာ သိမ်းဆည်းလိုက်သည်။ ဒီမှာဆက်နေပြန်လည်း ဘာအကြောင်းမှ ထူးတော့မည်မဟုတ်။

မောင်ဖြစ်သူ စပ်မိုင်းနောင်အကြောင်းမေးတိုင်း ဟိုနေလာနီး ဒီနေလာနီးနှင့် အကြောင်းပြချက်တွေက အမျိုးမျိုးနှင့် ရက်တွေကြာလာသည်၊ မြင်တွေ့လိုသူကို အရိပ်အယောင်မျှပင် မမြင်မတွေ့ရသည့်အဖြစ်။

စိုင်းစောဟုန်၏ စကားက မြတ်အတွက် အဘယ်မျှ ယုံကြည်ရမည်မသိ။ နောက်ကျပြီးမှ လိမ်ညာတာတွေ ဗူးပေါ်သလို





ပေါ်လာရင်လည်း မြတ်မှာ သူ့ကို စိတ်ဆိုးဒေါသဖြစ်စွာ နာကြည်းမုန်းတီးရုံသာ တတ်နိုင်သူ။

ထိုထက်လည်း ပိုရှုံမစွမ်းနိုင်မှန်း မြတ် သိသလို သူလည်း သိနေမည်ထင်သည်။

မောင်ဖြစ်သူကို အခုမတွေ့ရလည်းရှိစေ...။ နောက်မှပဲ ကိုသက်နှင့်အတူ လက်ထပ်ပြီးမှ ထပ်လာတော့မည်။ အခုတော့ ဒီနေရာက မြတ် အမြန်ဆုံးပြန်ရန် ဆုံးဖြတ်လိုက်သည်။

"ဟင်...မြတ် ဒါကဘယ်လိုဖြစ်တာလဲဗျာ"

ခရီးသွားရန် အသင့်ပြင်ဆင်ပြီးပုံစံဖြင့် အဝတ်အိတ်ဆွဲပြီး သူ့ရှေ့မှောက်ကို ဘွားခနဲရောက်လာသော ချစ်ရသူကို ကြည့်ကာ စိုင်းစောဟုန် အံ့ဩစွာ ဆိုလိုက်ခြင်းဖြစ်သည်။

"တို့ပြန်တော့မယ် အခုပဲလိုက်ပို့ပါ"

"ဗျာ"

"ရုတ်တရက်ကြီးမြတ်ရယ်...ကျွန်တော့်ဘက်က ဘာမှ မစီစဉ်ရသေးဘူး၊ ဘယ်လိုလုပ် အသင့်ဖြစ်မလဲဗျာ"

"အို...မလိုချင်ဘူး၊ အဲဒါတွေ ပြောမနေနဲ့၊ မြတ် ဒီနေ့ပဲပြန်မယ်၊ အခုချက်ချင်း မြတ်ကို မြတ်သူငယ်ချင်းအိမ် ပြန်ပို့ပါ"

"ခက်လိုက်တာ မြတ်ရယ်"

ကလေးငယ်တစ်ယောက်လို သူမဖြစ်ချင်တာကိုပဲ ဇွတ်အိုးတောင်းဆိုလိုက်သော မြတ်အသွင်လှလှလေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် သူဆိုညည်းလိုက်မိခြင်းပါ။

"ဘာမှခက်စရာမလိုဘူး...တို့ ဒီမှာ အချိန်တွေ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းမနေနိုင်ဘူး၊ အခုပြန်မယ်၊ မင်းလိုက်မပို့ချင်လည်းနေခဲ့၊ တို့ဘ
သာ ကားစုံစမ်းပြီးပြန်မယ်"

"မြတ်"

"စွတ်တရွတ်မလုပ်ပါနဲ့ဗျာ...မြတ် အခုပြန်ချင်တယ်
ရင် ကျွန်တော်လိုက်ပို့ပါ့မယ်၊ အချိန်နည်းနည်းစောင့် ဟုတ်လား"

မြတ် သူ့ကို မည်သို့မှ နှုတ်တုံ့မပြန်တော့ပါ။ ကား
လိုအပ်သော စစ်ဆေးမှုများ လုပ်နေချိန်မှာ သူမ ငြိမ်သက်နေလို
သည်။

ထိုအချိန်မှာပင် ဦးဖန်နွတ်တစ်ယောက် မျက်စိမျက်
ပျက်စွာ စိုင်းစောဟုန်ရှိရာကို အပြေးရောက်လာတာကို မြင်လို
ရသည်။

"စောဟုန်...စောဟုန်"

"ဘာလဲ ဦးကြီးဖန်နွတ်ရ၊ ဦးကြီးပုံစံကြည့်ရတာ အ
တကြားရှိလိုက်တာ"

"အေး...လန့်ဆို မောင်နောင်တစ်ယောက် အမဲလို
သွားရင်း ဒဏ်ရာရခဲ့တယ်ပြောတယ်၊ ဦးကြီးတို့ ဟိုကိုလိုက်
မှဖြစ်မယ်"

"ဗျာ...အစ်ကိုနောင် ဒဏ်ရာရတယ် ဟုတ်လား"

"အေး"

စိုင်းစောဟုန်အသံကြောင့် မြတ်ကိုယ်လေး တွန့်ခ
သွားပြီး ထိုင်ရာမှ ထရပ်လိုက်မိသလို မတွေ့ရသေးသည့်
ဖြစ်သူအတွက် ရင်ထဲမှာ စိုးရိမ်ခြင်းများဖြင့် ပြာဝေထူပူသွ





သည်။

"အစ်ကိုနောင် ဒဏ်ရာရလို့တဲ့ မြတ်၊ ကျွန်တော်တို့
ဘယ်လိုလုပ်ကြမလဲ"

"မြတ် ဒီမှာပဲနေခဲ့မလား၊ ကျွန်တော်ပြန်လာမှ မြတ်ကို
အိမ်ရောက်ပြန်ပို့ပေးပါ့မယ်"

"တို့ပါလိုက်မယ်"

"ဟင်"

"အခု အစ်ကိုနောင် ရောက်နေတဲ့နေရာက ကြမ်းလည်း
ကြမ်းတယ်၊ ခရီးလည်းဝေးတယ်၊ မြတ်လိုက်လို့မဖြစ်ဘူးထင်
တယ်"

"မင်းတောင်သွားနိုင်သေးတာပဲ တို့က ဘာလို့လိုက်လို့
မဖြစ်ရမှာလဲ၊ ရအောင်လိုက်မယ်"

"မြတ်ရယ်...ကျွန်တော် မြတ်ကိုမခေါ်ချင်လို့ ပြောနေ
တာမဟုတ်ပါဘူးဗျာ၊ အင်မတန်နုနယ်တဲ့ မြတ်နဲ့ ဒီခရီးက မဖြစ်ဘူး
ထင်လို့ပါ"

"ဒီမယ်...စိုင်းစောဟုန် မင်းကိုမပြောချင်လို့ ကြည့်နေ
တာသိလား၊ နောင်ရှိတဲ့နေရာကို လိုက်သွားပြီး တွေ့ပါရစေဆိုတော့
လည်း မင်းက ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ အဲဒီရွာမှာမရှိဘူး၊
တခြားတစ်နေရာရောက်နေလို့ ဆက်သွယ်လို့မရသေးလို့ တောထဲ
ရောက်နေလို့ အကြောင်းပြချက်အမျိုးမျိုးပေးပြီး တို့ကို မလွှပ်နိုင်
အောင် ချုပ်ကိုင်ထားတာ တို့မသိဘူးထင်လို့လား"

"မြတ် ဘာကိုဆိုလိုတာလဲ၊ မြတ်မေးတိုင်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖြေနေတာ ဦးကြီးဖန်နှတ်ပြောတဲ့အတိုင်းပဲ၊ ပြီးတော့ အဲဒါ
အားလုံး အမှန်တွေချည်းပဲ''

''အဟင်း...ဟင်း...ဟင်း''

''မင်းပြောတဲ့စကားတိုင်းကို တို့ယုံမယ်များ ထင်နေ
တစ်ခါလိမ်ညာဘူးတဲ့ လူဟာ နောက်ထပ်လည်း အကြိမ်
အယုံသွင်းပြီး လိမ်ညာနိုင်သေးတာပဲ''

''မြတ်''

သူ မြတ်နှာမည်ကို နာကျင်သောနှလုံးသားဖြင့်
ကြေကွဲစွာ ဟစ်အော်ခေါ်လိုက်မိသည်။

ကြည့်စမ်း။

မြတ်က သူ့အပေါ်မှာ လူလိမ်လူညာတစ်ယောက်
ကောင်းကောင်းအထင်မြင်လွဲပြီး မုန်းတီးအထင်သေးနေမှ

''ဒီလိုရှိပါတယ် မိန်းကလေးရယ်၊ စောဟုန်ကို အ
မလွဲပါနဲ့၊ မောင်နောင် အမဲလိုက်ရင်း ဒဏ်ရာရတယ်ဆိုတာ
ပါ၊ ဦးကြီး မလိမ်ညာပါဘူးကွယ်၊ ယုံပါ''

ဦးကြီးဖန်နှတ် စကားကို မြတ်က မည်သို့မျှ မ
စိုင်းစောဟုန်၏မျက်နှာကိုသာ တင်းမာခက်ထန်သော မျက်
ဖြင့် စူးစိုက်ကြည့်နေ၊ ငြိမ်သက်နေရာ စိုင်းစောဟုန်လည်း
အပေါ်မှာ အထင်မြင်လွဲနေသူအတွက် ဆုံးဖြတ်ချက်ချလိုက်

''ကောင်းပြီလေ...မြတ်သဘောပါ၊ ကျွန်တော်
သလား၊ ညာသလားဆိုတာ မကြာခင် အဖြေသိရမှာပါ''

''ဦးကြီး''





''ပြောပါ စောဟုန်''

''အခုပဲ ကျွန်တော်တို့ အစ်ကိုနောင်ဆီကို သွားကြမယ်၊
ပ်တဲ့ပစ္စည်းတွေတင်ပါ''

''ကောင်းပါပြီ ကလေးရယ်''

ကားလေးက ကွေ့ကောက်သောလမ်းအတိုင်း အတက်
င်းတွေ ပြေချောညီညာခြင်းမရှိသော လမ်းများကို ဖြတ်သန်း
က်ရှိ၏။ ကားပေါ်တွင် လိုက်ပါလာသူအားလုံး ကိုယ့်အတွေး
ကိုယ် မည်သူမှ စကားမဆိုဘဲ ငြိမ်သက်စွာ လိုက်ပါလာကြ
သည်။

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး ညို့မှောင်လာရာ
စောဟုန်မှာ မြတ်ရှိရာသို့ စိုးရိမ်ပူပင်စွာ တစ်ချက်လှမ်းကြည့်
က်မိ၏။

မိုးရေနှင့်မတည့်ပါဟု ဆိုထားလေသူ မြတ်ကတော့ သူ့ကို
ကြည့်ပါ။ သူမမြင်တွေ့နေရသော မိုးသားတိမ်လိပ်တွေကိုသာ
မော်လျှက် လိုက်ပါလာရာ ချစ်ရသူအတွက် သက်ပြင်းကြိတ်
လိုက်သည်။

မကြာမီ မိုးရွာလာရာ စိုင်းစောဟုန်အပါအဝင် မြတ်ကိုယ်
ဘာလည်း မိုးစက်တို့ ထိမှန်စိုရွှဲပါသည်။

''ဘယ်လိုလုပ်ကြမလဲ စောဟုန်၊ ရှေ့တစ်နေရာမှာ ဦးကြီး
းမှ ဖြစ်မယ်၊ ဦးကြီးတို့အတွက် ဘာမှမဖြစ်လောက်ပေမယ့်
လေးအတွက် စိုးရိမ်ရတယ်ကွဲ့''

''ရှေ့ရွာမှာနားပါ...ဦးကြီးမိတ်ဆွေအိမ်ရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဦးကြီး"

ရှေ့နားကရွာဟု ဆိုသော်လည်း အပြောလွယ်သလောက် ခရီးလမ်းက မနီးပါ။ မိုးရွာနေတော့ ပိုဆိုးပါသည်။ ကားကို စိတ်ထင်သလောက် မမောင်းရဲ။ ထိန်းမောင်းနေရသည်။

မြတ်အတွက် တစ်ချိန်လုံး စိုးရိမ်နေရတာမို့ သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်းနှင့် မိုးရေထဲ ငြိမ်သက်နေသော အိမ်ခြေစုစုနှင့် ရွာလေးကို တွေ့လိုက်ရမှ ရင်ထဲမှာ ပေါ့ပါးသက်သာသွားသည်။

ဦးကြီးဖန်နှုတ် မိတ်ဆွေအိမ်မှာ တည်းခိုရင်း ရေစိုအဝတ် တွေကိုလဲကာ မိုးအတိတ်ကို စောင့်ကြသည်။ မိုးကမစဲဘဲ ပို၍ သည်းလာရာ အားလုံး၏ အဆုံးအဖြတ်နှင့် ထိုရွာလေးမှာ ခရီး တစ်ထောက်နားခိုဖို့ ဖြစ်လာ၏။

"ဒီမှာ...မြတ်အတွက် ဆေးသောက်လိုက်ပါ"

"ရတယ်...တို့ဘာမှမဖြစ်ဘူး"

သူပေးသည့်ဆေးကို မသောက်ဘဲ လှပတင်းမာသော မျက်နှာလေး တစ်ဖက်သို့ လှည့်သွားပုံကြောင့် စိုင်းစောဟုန်ရင်မှာ နင့်ခနဲဖြစ်သွားသည်။

သူ့အပေါ်မှာ မြတ်ဆိုတဲ့ ချစ်ရသူက အဲဒီလောက်တောင် မုန်းနေပြီလား။ မတတ်သာလို့ ခေါ်ပြောနေရတာကလွဲရင် မြတ်... စံလေးက သူ့မျက်နှာကို မမြင်မတွေ့လိုသည်မှာလည်း အထင် အရှားပါ။

ကျွန်တော့်ကို မြတ် ဒီလိုမဆက်ဆံပါနဲ့။ မြတ် စိမ်းကား တဲ့ဒဏ်ကို မောင်မခံနိုင်ဘူးဟု သူမကို ရင်ထဲရှိသည့်အတိုင်း





...အော်ဟစ်ပေါက်ကွဲချင်နေသည့် စိတ်ကို မနည်းချုပ်တည်းမျိုသိပ် ...ရသည်။

ထိုညက မြတ် ဖျားပါသည်။

သူပေးသည့်ဆေးကို မသောက်ဘဲ တင်းခံနေရာ စိုင်းစော ...န် ရင်တစ်ခုလုံး မီးစနှင့်ပင် အထိုးခံရသလို ပူလောင်နာကျင် ...သည်။ အဖျားရောဂါဝေဒနာ ခံစားနေရသူကို မျက်ရည်ဝေသော ...ကတ်ဝန်းအစုံဖြင့် အံကြိတ်ကြည့်ငေးနေခဲ့ရသည့်အဖြစ်။

ဦးကြီးကတော့ သူတို့နှစ်ယောက်၏ အခြေအနေတွေကို ...သိပါ။ မနက်ခင်းအထိ အဖျားမကျတော့ မြတ်နှင့်သူ့ကို ထိုအိမ် ...သားမှာပဲ အပ်ထားခဲ့ကာ အစ်ကိုနောင်ရှိရာကို သူတစ်ယောက် ...သည်း တခြားသူများနှင့် ခရီးကြုံလိုက်ပါသွားပါသည်။

"မြတ်"

"ဒီဆေးကိုသောက်ပါဗျာ...မြတ်အခုလို ခံစားနေရတာ ...နော်တော် မကြည့်ရက်ဘူး၊ ဆေးသောက်လိုက်နော် မြတ်"

"မသောက်ဘူး...ဖယ်စမ်း"

"မြတ်"

သူ မြတ်အမည်ကို ရင်နာစွာ ခေါ်လိုက်သော်လည်း ...များရှိန်တက်နေသော မြတ်ခမျာ မျက်နှာလှလှလေး နီရဲလျက် ...ကတ်ဝန်းအစုံမှာ မေးမှိတ်လျက် တအင်းအင်းညည်းညူနေရှာပါ ...သည်။

သူ့ကိုမုန်းသည့်စိတ်ဖြင့် သူတိုက်သည့် ဆေးကိုမသောက် ...ဘဲ တမင်တင်းခံနေမှန်း သိနေခြင်းကြောင့် ချစ်ရသူ၏ မျက်နှာကို ...ကြည့်ရင်း စိုင်းစောဟုန်နှလုံးသားတွေ တဆစ်ဆစ်နာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရဲ့အလိုအတိုင်း သူမကို သူ့မျက်စိရှေ့အောက်မှာ ဖြစ်ချင်ရာဖြစ် ပြစ်ထား၍မဖြစ်တော့ပါ။

''မြတ်ကို ကျွန်တော် တစ်ခုပဲမေးမယ်၊ မြတ်ဘာသာ ဆေးသောက်မလား၊ ကျွန်တော်ကိုယ်တိုင် တိုက်ရမလား''

''မင်း…မင်း ငါ့ကိုလာပြီး ခြိမ်းခြောက်နေတာလား၊ မင်းဟာ အခွင့်အရေးသမားပဲ စိုင်းစောဟုန်''

''မြတ်…ကြိုက်သလိုထင်ပါ၊ ကျွန်တော်ဂရုမစိုက်ဘူး၊ ကျွန်တော်တစ်ယောက်လုံး မြတ်နဲ့အတူ ရှိနေရက်သားနဲ့ မြတ် တစ်ခုခုဖြစ်မှာ ကျွန်တော်က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာ လား''

''မင်းနဲ့ငါ ဘာစကားမှမပြောချင်ဘူး စိုင်းစောဟုန်၊ မင်း ငါ့ကိုမနှောင့်ယှက်ပါနဲ့''

''ဒါ…မြတ်ရဲ့နောက်ဆုံးအဖြေပေါ့ ဟုတ်လား''

မြတ်ထံမှ မည်သည့်အဖြေမှ ထွက်မလာပါ။ မျက်စိမှိတ် ပြီး ငြိမ်သက်သွားသော မြတ်ကိုကြည့်ပြီး သူ ရင်နာလာ၏။

ဖြစ်ချင်ရာဖြစ်စမ်း…။

သူ့ပေါ်မှာထားတဲ့ မြတ်ရဲ့အမုန်းဟာ ဒီထက်မပိုနိုင်တော့ ဘူးဟု သဘောပိုက်လာမိသောအခါ သူဘာမှစဉ်းစားမနေတော့ဘဲ မြတ်ကိုယ်လေးကို နွေးထွေးကြံ့ခိုင်သော လက်များဖြင့် သူ ပွေ့ယူ လိုက်၏။

''မြတ်''

''ကြည့်စမ်း…မင်း ဘာလုပ်တာလဲ''

''ဖယ်…လွှတ်စမ်း''





မြတ်က သူ့ရင်ခွင်ထဲ ရောက်ရှိနေသော သူ့မကိုယ်လေးကို ရုန်းဖယ်ဖို့ ကြိုးစားသော်လည်း မအောင်မြင်။

''ဒီဆေးလေးကို သောက်လိုက်ပါ မြတ်၊ မြတ်ကို ကျွန်တော်တောင်းပန်နေတာပါ၊ သောက်ပါနော် မြတ်''

''ဩော်…မင်းက ပါးစပ်က တောင်းပန်စကားဆိုပြီး လက်က ငါ့ကို တမင်အကျပ်ကိုင်နေရုံနဲ့ မင်းဖြစ်စေချင်တိုင်း ဖြစ်ပေး မယ်ထင်နေလား''

''ကဲဟယ်''

''ဝုန်း''

''ခွမ်း''

''ဟာ…မြတ်''

သူ့လက်ထဲမှာ အသင့်ရှိနေသော ဆေးများအားလုံး မြတ် က အရှိန်ဖြင့် ပုတ်ထုတ်ပစ်လိုက်သည့်အတွက် လွင့်စင်ပြန့်ကျဲသွား သလို စိုင်းစောဟုန်လက်တစ်ဖက်တွင် ရှိနေသော ရေနွေးခွက်ကို လည်း မြတ်က ဆွဲယူလွှင့်ပေါက်ပစ်လိုက်ရာ မြတ်၏ခေါင်းမာပုံ ကို သူ လက်လျှော့လိုက်ရ၏။

''မြတ်ရယ်''

သူ ဒါပဲဆိုညည်းလိုက်ပါသည်။

မြတ်ကိုယ်လေးကို အိပ်ရာထက်မှာ ညင်သာစွာ ချသိပ် ပေးလိုက်ရပါပြီ။

တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ စိုင်းစောဟုန်၏ သက်ပြင်းရှိုက်သံမှာ ကျယ်လောင်သွားသည်ဟု ထင်ရသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မြတ်"

"မောင့်ရဲ့မြတ်ရယ်"

"မြတ်ကို မောင်ချစ်တယ်၊ သိပ်ချစ်တယ် မြတ်ရယ်"

မြတ်၏နားထဲမှာ လှိုက်မောတုန်ရီစွာ အဆက်မပြတ်ဆို ညည်းနေသော စိုင်းစောဟုန်၏အသံကို ကြားနေရသလိုရှိသော် လည်း သေချာရေရာစွာ သည်းကွဲခြင်းမရှိလှချေ။

ခိုက်ခိုက်တုန်နေသော မြတ်ကိုယ်လေးကို တစ်စုံတစ် ယောက်သောသူက တင်းကျပ်စွာ ပွေ့ဖက်တုတ်နှောင်ထားသလို ထင်မိသည်။

မြတ်ကိုယ်တိုင် ထိုသူ၏ကိုယ်ကြီးကို သူမလက်ကလေး များဖြင့် တင်းကျပ်စွာ ပြန်လည်ဖက်တွယ်ထားမိသည်ဟု ထင် သော်လည်း မသေချာ။ ပူခြစ်နေသော သူမမျက်နှာလေးထက်သို့ မျက်ရည်ဖြင့် စိုစွတ်သော အနမ်းတွေ သိပ်သည်းလှိုက်လှဲစွာ အဆက် မပြတ် တိုးတိုးဖွေ့ဖွေ့ ကြွေဆင်းလာနေကြောင်းကို ဖျတ်ခနဲ သိမှတ်





လိုက်မိ၏။

မြတ်သည် တစ်စုံတစ်ခုသော အကြောင်းအရာကို သူမ နှုတ်မှ ဖွင့်ဟပြောကြားချင်နေမိစဉ်မှာပင် အသိတရားက သူမကိုယ် မှ ဖျတ်ခနဲ ဝေးလွင့်သွားပြန်သည်။

မြတ်သည် အိပ်မက်တစ်ခု မက်နေခဲ့သည်။

ထိုအိပ်မက်မှာ ရင်ခုန်လှိုက်မောဖွယ်ရာ ဖြစ်သလို နှစ်သက်ကြည်နူးစရာ ပီတိကိုလည်း ဖြစ်ပေါ်စေသည်။ အဆုံးအစ မရှိသော ညလေပြေထဲမှာ မြတ်သည် အသည်းတအေးအေးနှင့် ဖိုလှိုက်စွာ ပြေးခုန်ကူးသန်းနေ၏။

ကြယ်ကလေးများသည် အောက်ခြေမှာ တစ်ရိပ်ရိပ်ပြေး ထွက်ကုန်လျက် ရင်ထဲတွင် တဟားဟားနှင့် မျက်လုံးမှိတ်လျက် ညည်းသံနှင့် သဲ့သဲ့ရှိုက်ငင်နေရသည်။

ဖြူလွှသော တိမ်တိုက်ကြီးများကို အားပါးတရ ပွေ့ဖက် ဖျစ်ညှစ်ရင်း မောဟိုက်မိန်းမောနေချိန်တွင် ပြာမှိုင်းသော ကောင်း ကင်ပြင်ကြီးဝယ် စိန်ပွင့်ကလေးများ ဆုပ်ကျဲထားဟန်ရှိသော ကြယ် ပြောင်ကလေးများကို ပြတ်ထင်စွာ မြင်တွေ့လာချိန် လူတစ်ယောက် ၏ မျက်နှာကို အမှတ်မထင် ပီပြင်စွာ တွေ့မြင်ခွင့်ရလိုက်သောအခါ လျှပ်စစ်အမိခံလိုက်ရသူကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားသွားလျက် အသက်ရှူရပ်သွား၏။

ထိုသူမှာ တခြားသူမဟုတ်။ သူမ မုန်းတီးဒေါသဖြစ်စေ သော နာကျင်ခံပြင်းစိတ်ဖြင့် ပေါက်ကွဲစေသော သူမ၏မောင် အဖြစ် ဟန်ဆောင်လိမ်ညာခဲ့သော စိုင်းစောဟုန်၏ ချောမောသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတည်း။

စိုင်းစောဟုန်၏ မျက်နှာချောချောက သူမမျက်နှာလေး ထက်မှာ စီးမိုးလျက် နီးကပ်စွာရှိနေသည့်အဖြစ်ကြောင့် အိပ်မက် မှ ရုတ်တရက် လန့်နိုးလာ၏။

“မြတ်”

“ဟင်...မင်း”

“မောင့်ကိုခွင့်လွှတ်ပါအချစ်ရယ်၊ မြတ်ကို မောင် သိပ် ချစ်ရလွန်းလို့ပါ”

“ဘာ”

အိပ်မက်မဟုတ်။

ပြောင်းလွဲနေသော အခြေအနေကြားမှာ မြတ်ခမျှာ သွေး ပျက်မတတ် ထူပူထိတ်လန့်လျက် ရှက်ရွံ့တုန်လှုပ်စွာ နှာကြည်း ကြေကွဲရာမှာ တလှိုက်လှိုက် ဆို့နင့်ဝမ်းနည်းလာ၏။

“မင်းကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူး”

“မုန်းတယ်...မုန်းတယ်”

“မြတ်”

“ဖယ်စမ်း”

“ဟင့်အင်း...မြတ် မောင့်ကို ကြိုက်သလိုအပြစ်ပေး၊ ကြိုက်သလောက်ရိုက်ပါ၊ ဒါပေမယ့် မြတ်ကိုချစ်တဲ့ မောင့်အချစ် က ဘယ်တော့မှ ပြောင်းလွဲမှာမဟုတ်ဘူး”

“မြတ်ကို မောင်လက်ထပ်မယ်”





“ကဲဟယ်”

“ထပ်ရိုက်ပါဦး မြတ်၊ မောင့်အတွက် မြတ်အနေနဲ့ ဒီထက်မက အပြစ်ပေးသင့်တဲ့သူပါ”

“မြတ် အပြစ်ပေးသမျှကို မောင် ကျေကျေနပ်နပ်ကြီး ခံယူချင်ပေမယ့် မောင့်ရဲ့အချစ်လက်ကလေးတွေ နာကျင်မှာကိုပဲ စိုးရိမ်နေမိတဲ့သူပါ အချစ်ရှယ်”

“ချစ်တယ်မြတ်ရယ်”

“မင်းနော်”

“အို”

ပြိုဆင်းလာသော အချစ်များကို တားမြစ်ရန် မြတ်တွင် အင်အားမရှိပါ။ ပြင်းပြလှိုက်လှဲထက်သန်ခြင်းအောက်မှာ မြတ် အရှုံးပေးလိုက်ရပါသည်။

စိုင်းစောဟုန့်ထံမှ နူးညံ့သိမ်မွေ့သောစကားများစွာက မြတ် နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်။ သူခေါ်ဆောင်ရာ ကမ္ဘာ့သစ်ဆီမှာ မြတ်တစ်ကိုယ်လုံး ဆုံးဆုံးနစ်မြုပ်သွားခဲ့ရပါပြီ။

ပါးပြင်နုပေါ်သို့ မျက်ရည်ဥလေးများ တစ်ပေါက်ချင်း စီးကျလာ၏။

‘ကိုသက်’ဆိုသည့် အမည်ကို မြတ်ရင်ထဲက ဟစ်အော် ခေါ်လိုက်သည်။ တစ်သက်လုံး ထိန်းသိမ်းစောင့်ရှောက်လာခဲ့ သော အချစ်ပန်းပွင့်လေးမှာ မြတ်ဆန္ဒတစ်စက်ကလေးမှ မပါဝင် ဘဲ အခွင့်အရေးယူရက်သူ လက်ထဲမှာ အကြိမ်ကြိမ် ကြွေနွမ်းခဲ့ရ ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ရယ်…

မြတ်ကို ခွင့်မလွှတ်ပါနဲ့ရှင်ရယ်…။

လက်ထပ်ခါနီး အချိန်အထိ ချစ်သူအပေါ်မှာပင် စောင့်စည်းထိန်းချုပ်မှု၊ တားမြစ်ကန့်သတ်မှုတွေနှင့် တင်းကျပ်စွာ နေလာခဲ့သမျှ အခုတော့ မြတ်ဘဝက အချိန်မတန်ခင် ကြွေနွမ်းခဲ့ရသည့်အဖြစ်။

ဒီခရီးလမ်းကို မသွားဖို့ အကြိမ်ကြိမ် တိုက်တွန်းသတိပေးခဲ့ပါလျက် အရဲကိုးစွန့်စားခဲ့မိသမျှ ခုတော့ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ခဲ့ရပါပြီကောလေ။

"မြတ်"

"မင်းအသံကို ငါမကြားချင်ဘူး၊ မင်းမျက်နှာကိုလည်း မမြင်ချင်ဘူး၊ ငါ့ရှေ့က မင်း အခုထွက်သွားစမ်း"

"မောင်မသွားနိုင်ဘူး မြတ်၊ မောင် မြတ်ကိုချစ်တယ်"

"အခွင့်အရေးသမား လူယုတ်မာ ပါးစပ်က ဒီလိုစကားမျိုး ပြောထွက်နိုင်သေးတာ အံ့သြတယ်သိလား"

"မြတ် ကြိုက်သလိုပြောပါ၊ မြတ်ကို မောင်မခွဲနိုင်ဘူး၊ လက်ထပ်မယ်"

"အပေါစားစကားတွေ လာပြောမနေနဲ့ နားခါးတယ် သိလား"

"ငါ့မှာ လက်ထပ်ရမယ့်သူရှိမှန်းသိရက်နဲ့ တမင်ယုတ်မာတာ၊ မင်းဟာ လူယုတ်မာပဲ စိုင်းစောဟုန်၊ ငါ့ဘဝ ဘယ်လိုဖြစ်ဖြစ် မင်းလိုလူကို ဘယ်တော့မှ လက်မထပ်ဘူးသိရဲ့လား"





"မြတ်"

"ငါ့ရှေ့က ဖယ်စမ်း စိုင်းစောဟုန်၊ မင်းလိုအကြံသမားလူလိမ်လူညာစကားကို ယုံကြည်မိတာကိုက ငါ့ရဲ့အမှားပဲ"

"မင်းမျက်နှာကို ငါမကြည့်ချင်ဘူး၊ မင်းနဲ့လည်း တစ်စက္ကန့်တောင် အတူမနေနိုင်ဘူး"

ရင်ထဲကစကားတွေကို တရစပ်ချပြောပစ်လိုက်သည့်တိုင် မြတ်ရင်ထဲက ခံစားချက်တွေက ပေါ့ပါးသွားခြင်းမရှိဘဲ ပို၍ပင် မွန်းကျပ်ရှုပ်ထွေးလာကာ နှလုံးသားတစ်ခုလုံး နာကျင်မှုက ဖော်ပြရခက်အောင်ပင် သည်းသည်းနင့်နင့် ရှိလှသည်။

ကိုယ့်ကိုယ်ကို မှားသွားပြီဟု သိလိုက်ရချိန်မှာ ထိုအမှားက နောက်ထပ်တစ်ကြိမ် ပြန်လည်ပြင်ဆင်ခွင့် မရသောအမှားဖြစ်နေ၏။

"မြတ်ပြောပြီးရင် မောင်ပြောမယ်၊ မြတ် ဘယ်ကိုမှ မသွားရဘူး၊ မြတ်ကို မောင်ပိုင်တယ်၊ မြတ်နဲ့ လုံးဝမခွဲနိုင်ဘူး"

"မြတ်ကို ပိုင်ဆိုင်တဲ့သူဟာ မောင်ပဲဖြစ်ရမယ်"

လှိုက်လှဲသော နှလုံးသားခံစားချက်တွေနှင့် တင်းမာပြတ်သားစွာ ဆိုလာသော စိုင်းစောဟုန်မှာလည်း အချစ်ကိုပိုင်ဆိုင်ခွင့်ရဖို့အတွက်ဆိုရင် အခုချိန်မှာ ဘာပဲလုပ်ရလုပ်ရဆိုသည့် အနေအထားမျိုး ဖြစ်သည့်အတိုင်း ဆန့်ကျင်ဘက် အကြည့်နှစ်ခု လမ်းခုလတ်မှာ ပြင်းထန်စွာ ဆုံစည်းမိကြသည်။

မည်သူကမှ မည်သူကို အလျှော့ပေးခြင်းမရှိ။ မြတ်ကတော့ အကြံသမား၏လက်ထဲမှာ သက်ဆင်းခဲ့ရသော သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စိတ်ချမှုအပေါင်းကိုသာ နောင်တအထပ်ထပ်နှင့် တစိမ့်စိမ့်နာကြည်း ကြေကွဲလျက်ရှိရာ သူမအပေါ်မှာ တစ်ဖက်သတ်ပိုင်စိုးရန် ကြိုးစားနေသူကိုသာ ပို၍မုန်းတီးခါးသက်လာ၏။

"မင်းအကြံ ဒါအကုန်ပဲလား စိုင်းစောဟုန်၊ မင်းလိုလူတစ်ယောက်ကို ယုံကြည်လိုက်မိတာကိုက ငါ့အမှားပဲ၊ မင်းဟာ မင်းအဖေလိုလူစားမျိုးပါပဲလား"

"မြတ် ကြိုက်သလိုပြောပါ"

"ပြောမယ်...ပြောမယ် မင်းတို့သားအဖဟာ အချစ်ကိုအကြောင်းပြပြီး တို့မောင်နှမနှစ်ယောက်ကိုလည်း ရှင်ကွဲကွဲစေတယ်၊ အဲဒီအချစ်ဆိုတဲ့အကြောင်းပြချက်နဲ့ပဲ မင်းက ငါ့ဘဝကိုဖျက်ဆီးတယ်"

"မောင့်ကို အဲဒီလိုမပြောပါနဲ့ မြတ်၊ မြတ်ကို မောင်တကယ်ချစ်တာပါ၊ တကယ်မြတ်နိုးတာပါဗျာ"

"မပြောနဲ့၊ မကြားချင်ဘူး၊ ဒီကမ္ဘာမှာ ငါအမုန်းဆုံးက မင်းပဲသိလား"

"အို...မူးလိုက်တာ"

"မြတ်...မြတ်"

"ဖယ်...ငါ့ကိုမထိနဲ့"

မိုက်ခနဲ မူးဝေသွားခိုက်မှာ လဲပြိုမလိုဖြစ်သွားသော မြတ်ကိုယ်လေးကို စိုင်းစောဟုန် အချိန်မီဆွဲယူထိန်းပွေ့လိုက်ပါသော်လည်း မြတ်က သူ့လက်များကို ဖွတ်အတင်းဖယ်ရှားဖို့ ကြိုးစားရာသူက ဖယ်မပေးဘဲ နေလိုက်သည်။





မြတ်သည် အင်အားရှိသလောက် ရုန်းကန်ဖို့ ကြိုးစားရင်းနောက်ဆုံး သူ့ရင်ခွင်မှာ ပျော့ခွေသွားရရှာပါသည်။

"မြတ်"

သူ မြတ်အမည်ကို အကျယ်ကြီးခေါ်လိုက်မိ၏။ မြတ်ကဖြင့် သူ့ခေါ်သံကို မကြားနိုင်တော့ဘဲ သူ့ရင်ခွင်မှာ သတိလစ်မေ့မျောနေခဲ့သည်။ ထိုညမှာ အဖျားရှိန်ဖြင့် ခြစ်ခြစ်တောက်ပူနွေးနေသော မြတ်ကိုယ်လေးကို သူ့ရင်ခွင်မှာ မျက်ရည်တွေနှင့် ထွေးသိပ်ခဲ့ရပြန်သည်။

မျက်ရည်ကျလျှင် ယောကျ်ားမဟုတ်ဘူးဟု ဆိုကြသည်။ တကယ်တမ်း သိပ်ချစ်လာခဲ့မိသည့်အခါမှာတော့ မင်းခယောကျ်ားမှာလည်း အသည်းနှင့်မို့ မျက်ရည်ကျမိသည့်အဖြစ်ကို သူမရှက်နိုင်ပါ။

အချစ်အတွက် သူငိုမိသည်။

မြတ်၏အမုန်းအတွက် သူ မျက်ရည်ကျမိသည်။ မျှော်လင့်မထားသည့် ကံကြမ္မာရိုင်းအတွက် ဝမ်းနည်းနာကျင်မှုတွေနှင့် ရင်တစ်ခုလုံး မွမွကြေမတတ် ခံစားရသည်။

မြတ်ရယ်...။

မောင်တို့နှစ်ယောက် အစထဲက မတွေ့ခဲ့ကြရင် ကောင်းမှာပဲ အချစ်ရယ်။

အခုတော့ မောင့်အချစ်တွေက မြတ်ဆိုတဲ့ မိန်းမချောလေးကိုမှ မချစ်ရရင် မနေနိုင်အောင် ဖြစ်ရပြီကော မောင့်အချစ်ဆုံးရယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

ကိုစိုင်းနောင်သည် မည်းနယ်ရောင် တောင်တန်းပြာများကို ငေးနေရာမှ ဟင်းခနဲ သက်ပြင်းရှိုက်လိုက်၏။ ဘယ်နှစ်ကြိမ် မြောက်ရယ်ဟု သူမမှတ်မိတော့။ ရင်ထဲမှာတော့ မှုန်းကြုပ်မှုတွေ နှင့် သူတို့မိသားစုလေး၏ ကံကြမ္မာကို တွေးနေမိသည်။

"ဘယ်လိုလဲနောင်…မမနဲ့ ပြန်လိုက်မယ်မဟုတ်လား ဟင်၊ နောင်သာ ပြန်လိုက်လာမယ်ဆိုရင် အားလုံး နောင့်သဘော အတိုင်း ဖြစ်ရပါစေမယ်လို့ မမကတိပေးပါတယ်ကွယ်"

"မမတို့မောင်နှမ ဘဲယ်တော့မှမခွဲဘဲ သေတဲ့အထိ အတူ နေကြမယ်နော်"

စဝ်မြတ်ဆေးအသံလေးက ပြောရင်း တုန်ရီလာသလို လှပ ဝိုင်းစက်သော မျက်ဝန်းအိမ်မှာလည်း မျက်ရည်ကြည်တွေ ပြည့်လျှံ လျှက်ရှိရာ အစ်မဖြစ်သူ၏ မျက်နှာလေးကိုကြည့်ရင်း ကိုစိုင်းနောင် ကိုယ်တိုင် တွေဝေငေးငိုင်နေပါသည်။

နောက်ဆုံးတော့ ဒက်ဒီတို့ ဘယ်လိုပင် ရှောင်တိမ်းပုန်း





ယ်ဖို့ရာ ကြိုးစားသော်လည်း သွေးက စကားပြောသည့်အတိုင်း ိုင်းနောင်တို့ မောင်နှမ ပြန်လည်ဆုံစည်းကြရသည့်ပွဲမှာ လက်ရှိ ခြေအနေကြောင့် မထွေးနိုင်မအန်နိုင်ဖြစ်ရသူက ကိုစိုင်းနောင်သာ ဖြစ်ပါသည်။

"မမနဲ့ပြန်လိုက်မယ်လို့ ပြောပါနောင်ရယ်၊ လိုက်မယ် ဟုတ်လားဟင်"

ကိုစိုင်းနောင်၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လှုပ် မ်းရင်း အားတက်သရောမေးဟန်လေးကြောင့် အစ်မဖြစ်သူကို ကြည့်ရင်း ကိုစိုင်းနောင်ရင်မှာ စိတ်မကောင်းနိုင်ပါ။

"ကျွန်တော်လိုက်ခဲ့မှာပါလေ၊ ဒါပေမယ့် မမပြောသလို နဲ့ပဲ အမြဲအတူနေဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး၊ ဒီမှာက မိသားစု လည်း ရှိသေးတယ်မဟုတ်လား"

"မိသားစု"

မြတ်သည် ယောင်ရမ်း၍ လိုက်ပြီး ရေရွတ်ကြည့်မိပြီး ရင်မှာနင့်ခနဲဖြစ်သွား၏။

"မမကရော…မမက နောင်ရဲ့မိသားစု၊ နောင့်ရဲ့ သွေး အရင်းအချာပဲ မဟုတ်ဘူးလား"

ရင်နာသံလေးနှင့် သူမဆိုလိုက်ခြင်းဖြစ်သလို မောင်ဖြစ် ၏ တည်ကြည်ခန့်ညားသော မျက်နှာချောချောကိုလည်း ရည်ဝေသော မျက်ဝန်းများကြားမှ ဝေဝေဝါးဝါး ကြည့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ မမ၊ ကျွန်တော်ပြော
တာက အဲဒီလိုမဟုတ်ပါဘူး၊ မမသဘောအတိုင်း မမနဲ့အ
ကျွန်တော်လိုက်ခဲ့မှာပါ၊ ဟိုတစ်လှည့်ဒီတစ်လှည့် နေကြတာ
လေ၊ ကျွန်တော်ဆိုလိုတာက အဲဒါပါ"

ကိုစိုင်းနောင်အပြောစကားမှာ သမာသမတ်ကြသ
စပ်မြတ်ဆေးအနေနှင့် ထိုထက်ပို၍ တောင်းဆိုရန် မသင့်တော
သဖြင့် နှုတ်ဆိတ်နေလိုက်ပါသည်။

"မောင်စိုင်းနောင်"

"ဪ…ဦးဂန်ဆိုင်း၊ ကျွန်တော်အခုပဲ လာတော့မ
ပါ၊ မမ ကျွန်တော် ကိစ္စရှိသေးလို့ အပြင်ခဏသွားဦးမယ်"

"ညီလေးစောဟုန်"

"ဗျာ…အစ်ကိုနောင်"

"မမကို လိုအပ်တာတွေ ဂရုစိုက်လုပ်ပေးလိုက်ပါ၊ အ
သွားမယ်ဟုတ်လား"

"ဟုတ်ကဲ့"

"လာ…ဦးဂန်ဆိုင်း၊ ကျွန်တော်တို့သွားကြမယ်"

"နောင်"

စိုင်းနောင်၏အမည်ကို မြတ်ရင်ထဲက တီးတိုးခေါ်လို
မိခြင်းပါ။ လက်တစ်ဖက်ကို ဖြင့် စလွယ်သိုင်းထားရသည
နောင့်ပုံစံကဖြင့် ယောကျ်ားပီသစွာပင် တည်ကြည်ခန့်ညားမှု
နှင့် သူ့ကိုလာရောက်ခေါ်ငင်သော ဧည့်သည်ဖြင့် အတူလိုက်





အရာ နှစ်ထပ်အိမ်ကျယ်ကြီးထဲမှာ မြတ်နှင့် စောဟုန်တို့
ယောက်ထဲ ကျန်ရစ်ခဲ့ပါသည်။

"မြတ်"

စိုင်းစောဟုန်ထံမှ မြတ်အမည်ကို လှိုက်လှဲသောရင်ဖြင့်
အမဦးဆုံး ခေါ်ငင်လိုက်သောအသံ ဖြစ်ပါသည်။

နောင်ကတော့ ရိုးသားလေးသူပီသစွာ အကြွသမား
ိုင်းစောဟုန်တစ်ယောက် အစ်မဖြစ်သူ မြတ်အပေါ်မှာ မရိုးမသား
ဦစည်းအားထုတ်မှုပြုနေတာကို မသိရှာလေဘူး။

မြတ်မှာသာ လှပသောမျက်နှာလေးကို အစွမ်းကုန်တင်းမာ
ထားလိုက်သည်။

"ကျေးဇူးပြုပြီး တို့ကိုမနှောင့်ယှက်ပါနဲ့၊ တို့တစ်ယောက်
ည်းနေချင်တယ်"

"အဲဒါက မြတ်အပိုင်းပဲ၊ မောင့်ဘက်ကတော့ မြတ်နဲ့
ာနဲ့ကျင်ဘက် ကိုယ့်ချစ်သူနဲ့ပဲ အတူတူနေချင်တာ မြတ် သိရဲ့
ား"

"မင်းက တို့ချစ်သူမှမဟုတ်ဘဲ၊ တို့ချစ်သူ…တို့နဲ့လက်
ထပ်ရမယ့်သူက တစ်ယောက်ပဲရှိတယ်၊ အဲဒီလူက ကိုသက်ကိုယ်
တိုင်ပဲသိလား"

စိုင်းစောဟုန်မျက်နှာကို စေ့စေ့ကြည့်ရင်း စိမ်းကားရက်
က်စွာ အပြတ်ပြောပစ်လိုက်သည်။ မြတ်နာကျင်သလို သူလည်း
ာကျင်လိုက်စမ်းဟု သူမစိတ်ထဲက ကြိမ်းဝါးလိုက်သံကိုတော့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစောဟုန်တစ်ယောက် ကြားနိုင်မည်မဟုတ်ပါ။

ဒါတောင်မှ ဆတ်ဆတ်ခါသွားသည့် သူ့အသွင်ကို မြင်ပြ အောင် မြင်နေရပါသည်။

“မသိဘူးဗျာ…မသိဘူး၊ အဲဒီလူအကြောင်းလည်း မောင် မကြားချင်ဘူး၊ မြတ် လက်ထပ်ရမယ့်လူဟာလည်း မောင်ကပဲ ပြီး တခြားဘယ်သူဖြစ်ရဦးမှာလဲ”

မြတ်သည် စိုင်းစောဟုန်မျက်နှာကို စူးရှအေးစက်သော မျက်လုံးများဖြင့် တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် နေရာ မှ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

စိုင်းစောဟုန်နှင့် စကားအခြေအတင် ဆက်ပြောနေရ လည်း အဓိပ္ပာယ်မရှိ။ သူဖြစ်ချင်တာကလွဲပြီး တခြားဘာကို ထည့်တွက်စဉ်းစားခြင်းမရှိသော စိုင်းစောဟုန်ပုံစံက မိဘက အလို လိုက်ထားသော သူဌေးသားတစ်ယောက်ပုံစံအပြည့်ပါ။

“မြတ်”

သူ့မရှေ့ကို စိုင်းစောဟုန် ရောက်လာ၏။

“ဖယ်စမ်း…မင်းနဲ့စကားမပြောချင်ဘူး”

“မြတ် မပြောချင်လည်းရတယ်၊ မောင်ကတော့ ရင်ထဲ ရှိတဲ့အတိုင်း ပြောရဦးမှာပဲ၊ မောင်ပြောတာပဲ မြတ်နားထောင်ပါ”

“မင်းက လူကို အမိန့်ပေးနေတာလား”

“တောင်းဆိုနေတာပါ၊ အသနားခံနေတာပါ မြတ်ရယ် မြတ်ကို မောင်သိပ်ချစ်တယ်ဆိုတာ ယုံပါမြတ်ရယ်”





“မောင့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ မြတ်ချစ်သလို မချစ်ခဲ့ဘူး၊ စိတ်လည်းမဝင်စားခဲ့ဘူး မြတ်နဲ့ကြမှ မောင့်ကိုယ်မောင် အံ့ဩတုန်လှုပ်ရတဲ့အထိ မြတ်ကို သိပ်ချစ်ခဲ့ သိပ်မြတ်နိုးခဲ့ရတဲ့သူ ပါ မောင့်ရဲ့မြတ်ရယ်”

ပြောရင်း စိုင်းစောဟုန်အသံတွေ တုန်ရီလာကာ ချောမော သော မျက်နှာမှာလည်း ပြုံတော့မည့်မိုးနှယ် ညှိုမှောင်ကြေကွဲလာ ပါသည်။ မြတ်ကို စူးစိုက်ငုံ့မိုးကြည့်လာသည့် နူးညံ့သည့် မျက်ဝန်း အစုံမှာ မျက်ရည်စများကို မြင်တွေ့လိုက်ရသည့်အခိုက်မှာတော့ မြတ်ရင်ထဲ ဘယ်နေရာဆီကမှန်းမသိ နာကျင်လှိုက်သွားရတာကိုဖြင့် မြတ်ကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်မိသည်။

“မြတ်”

“အိုး”

စိုင်းစောဟုန်မှာ မြတ်၏ ဥပေက္ခာဆန်လှသည့် အပြုအမူ လေးကို ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး နီးကပ်လွန်းသော အနေအထားမှာရှိနေသည့် မြတ်ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ တင်းကျပ်သိပ်သည်းစွာ ချစ်မြတ်နိုးခြင်းများစွာဖြင့် ဆွဲယူပွေ့ဖက် ရင်ချင်းအပ်ပြစ်လိုက်မိရပါပြီ။

“မြတ်…မောင့်ရဲ့မြတ်ရယ်”

“မင်းနော်”

“ဖယ်ဆို”

“အို”



www.burmeseclassic.com

www.burmeseclassic.com



စကားသံလေးများ ပျောက်ဆုံးရသလို နွေးထွေးကျယ်ပြန့်သော ဝိုင်းစောဟုန်ရင်ခွင်မှာ မြတ်တစ်ကိုယ်လုံး နစ်မြုပ်လို့သွားသည်။

တစ်ချိန်လုံး အေးစက်စိမ်းကားမှုတွေနှင့် ရက်စက်နိုင်လွန်းသော ဥပေက္ခာပြုရက်သည့် မြတ်အပေါ်မှာ နာကျင်ရသော နှလုံးသားအစုံဖြင့် အတိုးချအလွမ်းတွေကို စိတ်ရှိသလောက် ဖြေသိမ့်ရန် ကြိုးစားမိသည်။

"ချစ်တယ်မြတ်ရယ်…မြတ်ကို မောင်သိပ်ချစ်တယ်"

လှိုက်လှဲစွာ သူဆိုမိသည်။

တားမြစ်ကန့်ကွက်စကားဆိုနေသူ၏ စကားသံများကို သူဂရုမစိုက်နိုင်။ ဂရုလည်းမစိုက်ချင်။ အချစ်မုန်တိုင်းထဲမှာ အချစ်မိုးတွေ သည်းမည်းစွာ ရွာသွန်းမိသည်။

တိုးတိတ်ကြေကွဲစွာ ရှိုက်ငင်ဇာသော ငိုသံလေးနှင့်အတူ ပါးပြင်နုပေါ် စီးကျလာသော မျက်ရည်စီးကြောင်းလေးကို အနမ်းဖြင့် ဖယ်ရှားလိုက်သည်။

"မြတ်"

"ကဲဟယ်"

"မြတ်လက်ကလေးတွေ နာသွားပြီမဟုတ်လား"

ဖယောင်းသွယ်လို လှပသော လက်ကလေးကို ဆွဲယူပြီး ညင်သာစွာ ရှိုက်နမ်းလိုက်တော့ မြတ်က သူ့မလက်ကလေးကို ဆတ်ခနဲ ဆွဲယူဆောင့်ရုန်းလိုက်ပုံကြောင့် သူနှင့်ပတ်သက်ပြီး ကဲကဲ





ဆတ်လှသော မြတ်ကို ချစ်မြတ်နိုးစွာ သူပြုံးလိုက်မိသည်။

သြော်…မောင့်ရဲ့မြတ်ရယ်။

ထိုနေ့က အပြင်ခဏသွားဦးမည်ဟုဆိုသော ကိုစိုင်းနောင်တစ်ယောက် ထိုညက ပြန်ရောက်မလာခဲ့ပါ။

"အိမ်ထဲဝင်တော့လေ မြတ်၊ အပြင်မှာ သိပ်အေးနေပြီ"

အစ်ကိုနောင်ပြန်အလာကို တစ်ချိန်လုံး မျှော်လင့်စောင့်စားနေရှာသော မြတ်ကို သနားကရုဏာများစွာဖြင့် ချစ်မြတ်နိုးစွာ သူဆိုလိုက်ခြင်း ဖြစ်ပါသော်လည်း မြတ်ကဖြင့် သူ့စကားကို မကြားသလို ပုံစံလေးနှင့် ကျောခိုင်းအနေအထားအတိုင်း မည်သို့မျှ မတုံ့ပြန်သလို လှည့်လည်းမကြည့်ပါ။

"အစ်ကိုနောင်တို့ ဒီညပြန်မလာတော့ဘူးထင်တယ်၊ တော်ကြာ မြတ်ထပ်ဖျားမှာစိုးလို့ အိမ်ထဲကဝင်စောင့်ပါလားဗျာ"

"အပြင်မှာ သိပ်အေးလို့ပါ"

မြတ်က မလှုပ်။

ရင်မောစွာ ပင့်သက်ဖြာလျက် ချစ်ရသူမျက်နှာလေးကို နူးညံ့သိမ်မွေ့စွာ ငေးနေမိသည်။ အချိန်လေးတွေ တရွေ့ရွေ့ပြောင်းလာသလို ရာသီဥတုကလည်း ပို၍စိမ့်အေးလာသည်။သူဘယ်လိုမှ ငြိမ်နေလို့မရတော့။ မြတ်ရှေ့မှာရပ်ပြီး မြတ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"မြတ်"

"အိမ်ထဲဝင်ကြပါစို့ဗျာ…အစ်ကိုနောင်ပြန်လာရင် မြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့ပါ့မယ်၊ မောင်ပြောတာကို နားထောင်ပါအချစ်ရယ်နော်”

မြတ်သည် ကိုယ်တိုင်ချမ်းအေးလှပြီ ဖြစ်သော်လည်း စိုင်းဇောဟုန်စကားကို နားခံလိုစိတ်မရှိသောကြောင့် နေရာမှာ ပေရပ်နေမိခြင်းဖြစ်သည့်အတိုင်း သူ့စကားကို မကြားသလိုပင် နေလိုက်သည်။

““မြတ်””

““မင်းဘာသာ အိမ်ထဲဝင်ပါ””

““မြတ်မပါဘဲ မောင်မသွားဘူး””

မြတ်အကြည့်လေးများက သူ့ထံကို ဖျတ်ခနဲရောက်လာ၏။

““မင်းဘယ်လိုလူလဲ၊ ကိုယ့်ဘာသာသွားဆိုတာ နားမလည်ဘူးလား””

““မြတ်တစ်ယောက်တည်း ဒီအတိုင်းထားခဲ့ရမှာ မောင်စိတ်မချဘူး၊ မောင်ပြောတာကိုပဲ မြတ် နားထောင်ပါ””

““မင်းသာ…တို့ပြောတဲ့စကားကို နားထောင်””

““မြတ်””

““အို…ဒါဘာလုပ်တာလဲ၊ လွှတ်…ဖယ်စမ်း တို့ကို အောက်ချပေးလို့ ပြောနေတယ်၊ မင်းနော်””

““ကဲဟာယ်””

““ကဲ…ကဲ””

ကလေးငယ်တစ်ယောက်လို သူမကိုယ်လေးကို လွယ်ထူပေ့ပါးစွာ ပွေ့ယူချီမသွားသူကြောင့် မြတ်မှာ အလန့်တကြားလေး ဆိုလျက် ဖွတ်အတင်းရုန်းဖယ်ရန် ကြိုးစား၍ မရသည့်အဆုံး သူ့ကိုယ်ကြီးကို လက်လှမ်းမီသလောက် ထုရိုက်ရင်း မနာကျင်သူ တစ်ယောက်လို ထုံပေလှသူ့ လက်မှာ အားမတန်မာန်လျှော့ရင်း လိုက်ပါလာခဲ့ရပါသည်။





မြတ်ကိုယ်လေးကို၊ အိပ်ရာထက်သို့ ညင်သာစွာချပေး လိုက်သည်နှင့် နေရာမှ ပြေးထွက်ရန် ပြင်လိုက်စဉ်မှာပင် သူက မြတ်အကြံကို ကြိုသိနေသည့်အလား မြတ်ကိုယ်လေးကို မလှုပ်နိုင်အောင် ချုပ်နှောင်တားမြစ်လိုက်သည်။

““မြတ်””

““အို…ဖယ်စမ်း””

““ဟင့်အင်း””

““မြတ်ကိုချစ်တယ်””

““အို””

အေးစက်သော ညသည် နွေးထွေးသိပ်သည်းမှုများဖြင့် လွှမ်းခြုံသွားသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၁)





## အခန်း (၁၅)

"ဦးခွန်ကြာ"

"ပြောပါ စောခမ်းမုံ"

ကားမောင်းနေရာမှ လှည့်မကြည့်ဘဲ ထူးလာသူ၏ သားတိုက်အနေအထားအတိုင်း တွေ့မြင်နေရသော ဦးခွန်ကြာကို တစ်ချက်ကြည့်ရင်း စောခမ်းမုံ ပြောရမည့်စကားကို တွေတွေဝေဝေလေး စဉ်းစားနေမိပါသည်။

"စောခမ်းမုံ…ကိုယ့်ကို ဘာပြောချင်လို့လဲဟင်"

သူ့အမည်ကိုခေါ်ပြီး ဘာစကားမှမဆိုတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားသူလေးကြောင့် ခွန်ကြာထံမှ စူးစမ်းအကြည့်လေး တစ်ချက် ချစ်ရသူရှိရာကို ရောက်ရှိသွားပါသည်။

စောခမ်းမုံကလည်း သူ့ကို ပြန်အကြည့် မျက်ဝန်းချင်း အဆုံမှာ ရီဝေဝေအကြည့်လေးများကြောင့် ခွန်ကြာရင်မှာ မောသွားသည်။

"ဘာမှမဟုတ်တော့ပါဘူး၊ ဦးခွန်ကြာ မေမေတို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားသလဲဆိုတာ ဦးခွန်ကြာများ သိမလားလို့ပါ''

စကားလမ်းကြောင်းကို လွှဲပစ်လိုက်သည်။

''ကိုယ်မသိဘူး စောခမ်းမုံ၊ ကားတစ်စီးလာခေါ်သွားတာပဲ သိလိုက်တယ်၊ ဒေါ်အဲချွေကို ပြောသွားတာ သူတို့မိတ်ဆွေဆီသွားမယ်လို့ ပြောသွားတယ်တဲ့''

''သြော်''

စောခမ်းမုံအသံလေးက တိုးတိတ်လှသလို လှပသောမျက်နှာလေးမှာလည်း လန်းရွှင်ခြင်းမရှိတာကို တွေ့မြင်နေရသည့်အတွက် ချစ်သူမပျော်သောအခါ သူပါလိုက်ပြီး ဝမ်းနည်းချင်နေမိသည့်အဖြစ်ကို သူမကဖြင့် သိမည်မဟုတ်ပါ။

''အခု စောခမ်းမုံ ဘယ်ကိုသွားချင်လဲဟင်''

''ရှင်''

''သောင်း…စောခမ်းမုံကို ဒီရွာလေးရဲ့ အလှဆုံးနေရာကို ကိုယ်လိုက်ပို့မယ်''

ခွန်ကြာသည် သူမမေးလိုက်သည့် မေးခွန်းအမှားအတွက် တောင်းပန်စကားဆိုရင်း ကားလေးကို သူသွားမည့်နေရာသို့ ဦးတည်လိုက်ပါသည်။ နေရာတစ်ခုတွင် ကားကိုရပ်လိုက်သည်။ စောခမ်းမုံသည် အစွန်အဖျားကျလှသော တောင်ကမ်းပါးမှာရပ်လျက် မျက်စိတစ်ဆုံး မျှော်ငေးမဆုံးနိုင်သော မြူခြေဆိုင်းသည့် မှိုင်းဝေပြာမှောင်သော တောင်တန်းပြာအဆင့်ဆင့်ကို ငေးရီစွာကြည့်ငေးလျက် ငြိမ်သက်နေ၏။





အေးစက်သောလေများက စောခမ်းမုံ၏ ဆံနွယ်နှင့် အင်္ကျီလုံချည်စများကို တစ်ဖျပ်ဖျပ်လွင့်မျော လှုပ်ခတ်လျက်ရှိ၏။ တိမ်ဆိုင်တိမ်လိပ်များမှာ ကောင်းကင်ပေါ်မှ နိမ့်ဆင်းလာသလိုထင်ရသည်။

သစ်ပင်များအား မြူနှိုးမှုင်တို့ ရစ်ပွဲသိုင်းခြုံထားပုံကအလွန်လှပ၍ ညွတ်နူးဆွတ်ပျံ့ဖွယ်ရာ ကောင်းလှသလို ပန်းချီဆရာစိတ်ကြိုက် ခြယ်မှုန်းထားသည့် သဘာဝပန်းချီကားချပ်ပမာ သက်ဝင်လှုပ်ရှားနေ၏။

စောခမ်းမုံစိတ်တွင် မိခင်ဖြစ်သူကို အထူးပင် သတိရလွမ်းဆွတ်အောက်မေ့တသလျက် ရှိရာ လှပသော မျက်ဝန်းအစုံမှာ ဆွေးမြေ့ရီဝေလျက်ရှိ၏။

အခုချိန်မှာသာ မေမေရှိနေခဲ့ဦးမည်ဆိုလျှင် မိသားစုတစ်တွေ ရယ်မောပျော်ရွှင်စွာ အဘယ်မျှ ကြည်နူးနှစ်သိမ့်ကျေနပ်စမည်နည်းဟု တွေးကြည့်နေမိသည့် အတွေးမှာ စိတ်ကူးမျှသာ ရင်မှာ ဆွတ်ကျင်စွာ နင့်ခနဲဖြစ်သွားသည်။

လက်တွေ့ဘဝမှာ စောခမ်းမုံဆိုတာ ဖခင်ကြီးရဲ့ မေတ္တာအရိပ်ကိုတောင် စွန့်လွှတ်အရှုံးပေးလိုက်ရသူ။ အဖော်မဲ့သင်းကွဲဆိတ်ကလေးမျှသာ။

ဒေါ်အဲချွေသာ စောခမ်းမုံအပါးမှာ မရှိဘူးဆိုလျှင် သူမဘဝ၏ အသက်ရှင်နေထိုင်ခြင်းမှာ ဘာမှအဓိပ္ပာယ်ရှိတော့မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဲရွှေသာလျှင် စောခမ်းမုံအား မိခင်ကြီးကိုယ်စား ကြင်နာယုယမှုတွေနှင့် ဂရုတစိုက်ရှိနေတတ်သူမို့ တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီတွယ်အားကိုးရသော သံယောဇဉ်အခိုင်အမာတွေနှင့် ဖြစ်လာခဲ့ရခြင်းဖြစ်သည်။

အထီးကျန်မလေးတစ်ယောက်ရဲ့ အတွေးအခေါ်တွေက ပုံမှန်ဟုတ်ချင်မှလည်း ဟုတ်ပေလိမ့်မည်။ ဖခင်ကြီးကို တခြားသူစိမ်းလက်ထဲ ထိုးအပ်ပေးလိုက်ရပြီးနောက်မှာတော့ သူမအတွက် တခြားတစ်ပါးသော တွယ်မှီရာကို ရှာဖွေမိခြင်းမှာ အပြစ်ဟု ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ထိုအပြစ်ကို စောခမ်းမုံကိုယ်တိုင် ကျေနပ်စွာ ခံယူနေမိသည်ကလည်း ထူးခြားလှသည်ဟု မဆိုနိုင်။

"ပြန်ကြတော့မလား စောခမ်းမုံ၊ ဒီနေရာက သိပ်အေးတယ်"

"ခမ်းမုံ ဒီနေရာမှာ ခဏလောက်နေချင်သေးလို့ပါ ဦးခွန်ကြာ"

"စောခမ်းမုံသဘောပါ"

ကိုယ်က ခမ်းမုံအတွက် စိတ်ပူလို့ပါဆိုသည့်စကားကိုတော့ ခွန်ကြာ ရင်ထဲကပဲ ဆိုမြည်လိုက်ပါသည်။ ငြိမ်သက်တိတ်ဆိတ်နေသော စောခမ်းမုံ၏ စိတ်ကူးယဉ် အတွေးကမ္ဘာထဲမှာ ဘယ်သူတွေရှိနေမည်နည်းဟု ခွန်ကြာ သိချင်နေမိပါသည်။

ရုတ်တရက် ခွန်ကြာ မျက်ဝန်းထဲမှာ တည်ကြည်ခန့်ညား ချောမောသော ဆရာဝန်ကိုလူချော၏ မျက်နှာကို ဖျတ်ခနဲ





မြင်ယောင်မိတော့ ရင်မှာ စစ်ခနဲ နာကျင်သွားသည်။

လှပသော စောခမ်းမုံလို ချမ်းသာပြည့်စုံသူလေးတစ်ယောက်မှာ သူမနှင့် အဆင့်အတန်းတူ ဂုဏ်ရည်တူသူ ချစ်ရသူတွေ ဝိုင်းဝိုင်းလည်နေရှာပေလိမ့်မည်။

ထိုသူတွေအားလုံးထဲမှာ စောခမ်းမုံ၏ အချစ်တို့ ရရှိသော သူမချစ်သူက ကံအကောင်းဆုံးဖြစ်သည်။ စောခမ်းမုံ၏ စိတ်အစဉ်ကို လွှမ်းမိုးထားနိုင်သူမှာ သူမချစ်သူပဲလား။

"ခမ်းမုံတို့ ပြန်ကြရအောင် ဦးခွန်ကြာ"

"ကောင်းပါပြီ စောခမ်းမုံ"

အတွေးမျှင်စကို ဖြတ်တောက်ပြီး ချစ်ရသူအလိုကျ စားလေးကို တည်းခိုအိမ်ရှိရာ အပြန်လမ်းသို့ ဦးတည်လိုက်သည်။

လမ်းတစ်လျှောက် အတွေးကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် မည်သည့်စကားမျှ မဆိုဖြစ်ကြပါ။ အထူးသဖြင့် ခွန်ကြာက ချစ်ရသူ စောခမ်းမုံအတွက် အလိုက်တသိ နှုတ်ဆိတ်ငြိမ်သက်လျက် ချစ်ရသူ၏ လှပလေးနက်တည်ငြိမ်သော မျက်နှာလေးကို အရိပ်တကြည့်ကြည့် ရှိနေသူဖြစ်သည့်အတိုင်း သူ့ကြောင့် စောခမ်းမုံ စိတ်အနှောင့်အယှက် မဖြစ်အောင် သတိထားနေသူဖြစ်သည်။

"ဟော…သမီးတို့ ပြန်လာကြပြီလား"

"ဟုတ်ကဲ့…ဖေဖေ"

စောခမ်းမုံတို့အရင် ကြိုရောက်နှင့်နေပြီဖြစ်သော ဖခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှ စောခမ်းမုံကို အပြုံးဖြင့် နူးညံ့သိမ်မွေ့စွာ နှုတ်ဆက်စကား ဆိုလိုက်ခြင်းဖြစ်ပါသည်။

"ဘယ်တွေရောက်ခဲ့လဲ မောင်ခွန်ကြာ၊ သမီးကို ဆောင်ချန်းလိမ်ကမ်းပါးကို လိုက်ပို့တာလား"

"ဟုတ်ပါတယ် ဦး"

"အေး…အေး ညနေကြရင် သမီးတို့ကို ထင်းရှူးခြံနဲ့ မက်မွန်ခြံတွေဘက် လိုက်ပို့ပေးလိုက်ပါဦးကွာ"

"ဟုတ်ကဲ့ပါဦး"

"သမီးလည်း မနက်စာစားပြီး အနားယူလိုက်ဦး၊ ဖေဖေ သမီးအန်ကယ်နဲ့ အပြင်ခဏသွားဦးမယ်"

"ဟော…ဟိုမှာ ကားလာပြီ၊ ဖေဖေသွားဦးမယ်နော် သမီး"

"ဖေဖေ"

"ဘာလဲသမီး"

စောခမ်းမုံသည် ဖခင်ကြီးကို တစ်စုံတစ်ရာ မေးမြန်းမည်ပြုပြီးမှ ခြံထဲသို့ မောင်းဝင်လာနေပြီဖြစ်သော ကားတစ်စီးကြောင့် သူမရင်ထဲက စကားကို မျိုသိပ်ချုပ်တည်းလိုက်သည်။

"ဟို…နေ့လယ်စာ ဒီမှာပြန်စားမှာလားလို့ မေးမလို့ပါ"

"မစားတော့ဘူးသမီး၊ ဟိုကြမှပဲ စားဖြစ်လိမ့်မယ်၊ ကဲ ဖေဖေသွားပြီနော် သမီးလေး"

"ဟုတ်ကဲ့ပါ ဖေဖေ"





လာရောက်ကြိုဆိုသောကားဖြင့် လိုက်ပါသွားသော ဖခင်ကြီးကို မျက်စိတစ်ဆုံးငေးကြည့်ရင်း စောခမ်းမုံရင်ထဲသို့ အတွေးတစ်စ ဝင်ရောက်လာသည်။

ဖေဖေ ဘယ်ကိုသွားမှန်း စောခမ်းမုံ မသိရသလို အန်ကယ်ဦးမင်းဇော်ကိုလည်း မတွေ့ရပါ။ ဦးခွန်ကြာ၏ကားကို အသုံးမပြုသည်မှာလည်း သူမစိတ်မှာ ထူးခြားနေသဖြင့် ဦးလေးဖြစ်သူ စဝ်မိုင်းနောင်ရှိရာကိုများ သွားကြခြင်းများလားဟု တွေးမိလာခြင်းဖြစ်သည့်အတိုင်း စောခမ်းမုံ စိတ်အစဉ်မှာ လှုပ်ခတ်သွားရ၏။

"ခမ်းမုံလေးအတွက် ရေနွေးအဆင်သင့်ပဲ၊ ရေချိုးလိုက်မှာလား"

"ဒေါ်အဲရွှေ"

"ပြောလေ ကလေး"

"ဖေဖေတို့ ဦးလေးဆီကို သွားတာလားမသိဘူးနော်"

စောခမ်းမုံထံမှ တွေးတွေးဆဆ မေးလိုက်ဟန်လေးကြောင့် ဒေါ်အဲရွှေခမျာ ငြိမ်သက်သွားသည်။

"ဒေါ်အဲရွှေလည်း မပြောတတ်ဘူး ခမ်းမုံလေးရယ်၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွယ်၊ သိပ်မကြာခင် ခမ်းမုံတွေ့ချင်တဲ့သူကို တွေ့ရတော့မှာပါ"

"လာ…လာ အခုလောလောဆယ် ရေအရင်ချိုးထားနှင့် ဟုတ်လား၊ ဒေါ်အဲရွှေ ရေနွေးစပ်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဲရွှေ အစီအစဉ်အတိုင်း ရေချိုးလိုက်ရပြီးနောက် နေ့လယ်စာထမင်းကို ရှမ်းဆန်ပူပူနွေးနွေး၊ ပဲပုတ်ကြော်၊ မုန့်ညှင်းချဉ်ဟင်းရေပူပူ၊ အသီးအရွက်ကြော်၊ ဂျီသားဟင်း၊ ဝက်ပေါင်ခြောက်၊ ငါးပုတ်ခြောက်နှင့် ရှမ်းပြေပ်သီးစိမ်းအစပ်ကြော်တစ်ခွက်ဖြင့် ပူနွေးစွာ စားသောက်ကြရပါသည်။

ဦးခွန်ကြာနှင့် ဦးသောင်းတို့မှာ ဒေါ်အဲရွှေ၏ လက်ရာကို မြိန်ရှက်စွာ အားပါးတရ စားကြတာကိုကြည့်ပြီး စောခမ်းမုံမှာ သူတို့ကို အားကျနေမိသည်။

"မောင်ခွန်ကြာ ထည့်စားနော်၊ စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် ဒေါ်အဲရွှေ"

"ဒေါ်အဲရွှေလက်ရာ ကောင်းလွန်းလို့ ကျုပ်တော့ ခေါင်းမဖော်နိုင်တာသာ ကြည့်တော့ဗျို့"

"မင်းကိုမမေးပါဘူး မောင်သောင်းရဲ့"

"မမေးလည်း ကျုပ်က ဖြေချင်နေမှကိုးဗျာ၊ ဒေါ်အဲရွှေလက်ရာ တကယ်ကောင်းလို့ပြောတာ မဟုတ်ဘူးလား မောင်ခွန်ကြာ"

"ဟုတ်ပါတယ်ဗျာ...ဒေါ်အဲရွှေက တကယ်ဟင်းချက်ကောင်းတဲ့သူပါ၊ စားလို့လည်း သိပ်မြိန်ပါတယ်"

ဦးသောင်းနှင့် ဦးခွန်ကြာတို့ ချီးမွမ်းစကားအဆုံးမှာ ပြုံးမိန့်သွားသော ဒေါ်အဲရွှေမျက်နှာကြီးကို ကြည့်ပြီး စောခမ်းမုံ နှုတ်ခမ်းအစုံ ပြုံးသွားပါသည်။





"အေးကွယ်...စားကောင်းတယ်ဆိုလို့ ဝမ်းသာပါတယ်၊ နောက်ရက်တွေလည်း ဒီထက်ပိုကောင်းအောင် ချက်ပေးဦးမယ်ကွဲ့ သိလား"

ဘယ်သူမှမတောင်းဘဲ သူ့ဘာသာ ကတိပေးစကားတွေဆိုနေသော ဒေါ်အဲရွှေက သူချက်ပြုတ်သည့် ထမင်းဟင်းလျာများကို နှစ်သက်ချီးမွမ်းခံရလျှင် ကျေနပ်ပီတိဖြင့် ပို၍ကောင်းအောင် စိတ်စေတနာအပြည့်ဖြင့် အထူးဟင်းလက်ရာများ ပြုလုပ်ဖန်တီးပေးတတ်သူ ဖြစ်ရာ အခုလည်း ထိုထက်ပို၍ အဆင်ပြေမည့် ဟင်းကောင်းများကို မဓောတမ်း ချက်ပြုတ်ပေဦးတော့မည်ဟု စောခမ်းမုံက သိနေသောကြောင့် ဖြစ်ပါသည်။

အချိုပွဲအဖြစ် စောခမ်းမုံအတွက် လက်ဖက်သုပ်၊ အခါးရေကျကျနှင့် တခြားအသီးအနှံ အချိုမုန့်များကို မည်သူမျှ ဟုတ်တိပတ်တိ မစားနိုင်ကြတော့ပါ။

စားသောက်ပြီး ဦးခွန်ကြာအပါအဝင် အားလုံး အနားယူတိတ်ဆိတ်နေချိန်မှာ စောခမ်းမုံတစ်ယောက်တည်း အတွေးကမ္ဘာထဲမှာ ချာချာလည်နေ၏။

ထို့နောက် မေ့ခနဲ အိပ်ပျော်သွားရာ လန့်နိုးလာသည်နှင့် လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက် သက်ပြင်းလေးကို ကြိတ်ရှိုက်လိုက်မိသည်။

အခုချိန်ထိ ဖေဖေတို့ ပြန်မလာကြသေးပါလား။ အိပ်ရာမှထပြီး ကိုယ်လက်သန့်စင်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှဆင်းခဲ့ရာ ဒေါ်အဲရွှေနှင့် တခြားအဖော် အမျိုးသမီးကြီးတစ်ယောက်တို့ ညစာအတွက် ပြင်ဆင်ချက်ပြုတ်နေတာ မြင်လိုက်ရသည်။

“ဟော…ခမ်းမုံလေး နိုးပြီလား၊ လာ…လာ ဟော်မှာ ကော်ဖီနဲ့ ခေါက်ပုတ်ကင်ရှိတယ်၊ စားဦး”

“ခမ်းမုံ မစားတော့ပါဘူး ဒေါ်အဲရွှေ၊ ညစာမစားနိုင်မှာ စိုးလို့ပါ”

“မဟုတ်တာကွယ်…ကော်ဖီပူပူလေးလောက်တော့ သောက်လို့ဖြစ်ပါသေးတယ်၊ ဒီမှာ ခမ်းမုံအကြိုက် နို့များများနဲ့ ဖျော်ထားတယ် သောက်ကြည့်စမ်းပါကွဲ့”

ငြင်းမရသည်နှင့် စောခမ်းမုံလည်း စားပွဲရှိ ခုံတစ်လုံးကို ဆွဲထိုင်လိုက်ပြီးနောက် ဒေါ်အဲရွှေလက်ရာ ကော်ဖီကို သောက်ပါသည်။

ရာသီဥတုက အေးသဖြင့် ကော်ဖီပူပူလေးက ရင်မှာနွေးဆင်းသွားသည်။

“ကောင်းတယ်မဟုတ်လား ခမ်းမုံ၊ ဒီက ခြံထွက်နွားနို့အစစ်နဲ့ ဖျော်ထားတာကွဲ့”

“ကောင်းပါတယ် ဒေါ်အဲရွှေ၊ ဘာတွေချက်နေတာလဲဟင်”

“ဂေါ်ရခါးညွန့်တွေရလို့ ကြော်နေတာ ခမ်းမုံရေ၊ ခမ်းမုံ ဘာစားချင်လို့လည်း ပြောလေ၊ ဒေါ်အဲရွှေ လုပ်ပေးမယ်”





“အထူးအထွေမရှိပါဘူး ဒေါ်အဲရွှေချက်တာအားလုံး ခမ်းမုံအကြိုက်တွေချည်းပါပဲ၊ စားလို့လည်းမြိန်ပါတယ်”

“ဟော…အိမ်ရှေ့က ကားသံကြားတယ်၊ ဖေဖေတို့ ပြန်လာပြီလားမသိဘူး၊ ခမ်းမုံ သွားကြည့်လိုက်ဦးမယ်နော်”

“သွား…သွား ဒေါ်အဲရွှေလည်း ချက်ပြုတ်နေရင်းတန်းလန်းနဲ့ ပြီးမှထွက်လာခဲ့မယ်”

စောခမ်းမုံ အိမ်ရှေ့ခန်းကို ထွက်ခဲ့တော့ ထင်သည့်အတိုင်း ဖေဖေ့ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

“ဖေဖေ”

“သမီးလေးတစ်ယောက်တည်း ပျင်းနေပြီလား”

ဖခင်ကြီးမှာ စောခမ်းမုံကို မြင်သည်နှင့် ကရုဏာသက်စွာ ပြုံးလျက်ဆိုလိုက်ခြင်း ဖြစ်သည်။

“မပျင်းပါဘူး ဖေဖေ၊ အိမ်မှာ ဒေါ်အဲရွှေလည်း ရှိနေတာပဲ၊ ခမ်းမုံအတွက် ဒီလိုနေရတာ နေသားကျနေပါပြီ”

“သမီးလေးရယ်”

သူမစကားကြောင့် မျက်နှာပျက်သွားရှာသော ဖခင်ဖြစ်သူကြောင့် စောခမ်းမုံမှာ သူမစကားအမှားအတွက် နောင်တလေးများ ရသွားမိသည်။

အပြင်မှ မောမောပန်းပန်းဖြင့် ပြန်လာသော ဖေဖေ့ကို သူမစကားက နာကျင်စေခဲ့သည့်အဖြစ်ကြောင့် ဘာရယ်မဟုတ် ပြောလိုက်မိသော စကားမှာ သားအဖနှစ်ယောက်အကြား စိတ်ထိ



www.burmeseclassic.com

www.burmeseclassic.com



နိုက်စရာအဖြစ်သို့ ပြောင်းလွဲသွားစေခဲ့သည့် မဟုတ်ပါလား။

''ခမ်းမုံ စကားများသွားရင် ခွင့်လွှတ်ပါဖေဖေ''

တိုးတိတ်စွာ တောင်းပန်စကားဆိုလိုက်မိ၏။

''သမီးမမှားပါဘူးကွယ်''

ဖေဖေသာမှားတာပါဆိုသည့် စကားကို ဦးသက်ထွန်းရင်ထဲကပဲ ဆက်လက်ပြောကြားလိုက်တာကိုဖြင့် သမီးခမျာကြားလိုက်မည်မဟုတ်ပါ။

''သားအဖနှစ်ယောက် ဘာတွေများ ပြောနေကြတာလဲဗျာ''

''အန်ကယ်ဦးမင်းဇော်''

''ဟုတ်ပါဗျာ…ဘယ်နှယ်တုန်း ဒီမှာနေရတာ စိတ်ညစ်လို့ အိမ်ပြန်ပြေးချင်ပြီလား တူမကြီး''

ဦးမင်းဇော်က စောခမ်းမုံတို့သားအဖနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လျက် ဆိုလိုက်ခြင်းဖြစ်သည်။ အမြဲလို ပြုံးနေတတ်သော အန်ကယ်မှာ စိတ်မညစ်တတ်ပါလေစဟု ထင်စရာဖြစ်သည့်အတိုင်း အခုလည်း ပြုံးမျက်နှာက တွေ့မြင်ရသူအပေါင်းအတွက် ခင်မင်နှစ်လိုဖွယ်ရာ ဖြစ်လေသည်။

''ခမ်းမုံ စိတ်မညစ်ပါဘူး အန်ကယ်၊ ပျော်တောင်ပျော်ပါသေးတယ်ရှင်''

''ဟုတ်လားဗျာ…စောခမ်းမုံပျော်တယ်ဆိုရင် အန်ကယ်တို့လည်း စိတ်ချမ်းသာရတာပေါ့လေ၊ မဟုတ်ဘူးလား ကိုသက်





ထွန်း''

''ဟုတ်ပါတယ်ဗျာ…သမီးစိတ်ချမ်းသာဖို့က ကျုပ်အတွက် အဓိကပါ''

ဖေဖေရယ်…။

ဖခင်ကြီး၏မျက်နှာကို ချစ်ခင်မြတ်နိုးစွာ ကြည့်ရင်း စောခမ်းမုံရင်မှာ ဖေဖေ့ကို အသနားပိုမိသည်။ မေမေ ကွယ်လွန်အနိစ္စရောက်ပြီးနောက် အိမ်ထောင်သစ် လုံးဝမရှာခဲ့သော ဖေဖေ့ခမျာ အန်တီဒေါ်စံပယ်ညိုနှင့်ကြမှ အချစ်သစ်ကို မွေးဖွားစေသူ။

ဒါကို အပြစ်ဟုဆိုလျှင် စောခမ်းမုံဘက်က တရားနိုင်ပါမည်လား။ စောခမ်းမုံအတွက် နှစ်ပေါင်းများစွာသော အချိန်တွေကို တစ်ယောက်တည်း အထီးကျန်ဆန်စွာ ဖြတ်သန်းခဲ့ရသော ဖေဖေ။

ခမ်းမုံကို ခွင့်လွှတ်ပါ ဖေဖေရယ်။

အိမ်ထောင်သစ်ထူထောင်လိုက်သည့်အတွက် ဖနိုးနှင့်သမီးတို့၏ မပြေလည်သော ပြဿနာကြားမှာ အဘယ်မျှ စိတ်ဆင်းရဲရှာမည်မှန်းမသိ။

ရှိရင်းအသက်ထက် နှမ်းလျော့အိုစာသွားသော ဖခင်ကြီး၏ မျက်နှာကိုကြည့်လျက် ခမ်းမုံရင်မှာ နင့်ခနဲ ထိနိုက်ကြေကွဲသွားသည်။

''သမီးဆန္ဒ မကြာခင် ပြည့်ရတော့မှာပါကွယ်၊ ဖေဖေ အနားယူလိုက်ဦးမယ် ဟုတ်လား''

''ဟုတ်ကဲ့ပါ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံစိတ်ကို သိနေသည့်အလား သူမမေးမည့် မေးခွန်းကို အရင်ဦးဆုံး ဖြေကြားပြီး နှုတ်ဆက်စကားဆိုကာ အခန်း ထဲဝင်သွားသော ဖခင်ကြီး၏ နောက်ကျောပြင်ကို ငေးငေးလေး ကြည့်ရင်း စောခမ်းမုံ သက်ပြင်းကြိတ်ရှိုက်လိုက်သည်။

သူမထင်ထားသည့်အတိုင်း ဦးလေးဖြစ်သူနှင့် စောခမ်းမုံ တို့ တွေ့ဆုံခွင့်ရရှိစေရန် ဖေဖေ့ဘက်က ကြိုးစားစီစဉ်နေမှန်း သိလိုက် ရခြင်းက သူမအပေါ်မှာ ထားရှိသည့် ဖေဖေ့ထံမှာ ကြီးမားလှသော မေတ္တာစေတနာကို သိလိုက်ရခြင်းပင် မဟုတ်ပါလား။

စောခမ်းမုံအပေါ်မှာ ဖေဖေက ချစ်ခင်မြတ်နိုးသလောက် ဖေဖေ့အပေါ်မှာ စောခမ်းမုံဆိုသည့် သူမက ဘာကြောင့်များ စာနာ နားလည်မှု မပေးနိုင်ရတာပါလိမ့်မလည်းကွယ်။

ဖေဖေ့အပေါ်မှာ စောခမ်းမုံ ရက်စက်နေမိခြင်းများလား။

ဟင့်အင်း…။

စောခမ်းမုံ ဖေဖေ့ကို သိပ်ချစ်လွန်းလို့ပါ။

မေမေ့ကိုယ်စား ဖေဖေတစ်ယောက်တည်းကိုပဲ အားကိုး မြတ်နိုးတွယ်တာခဲ့ရတဲ့သူမို့ ဒေါ်စံပယ်ညိုနဲ့ ကိစ္စအပေါ်မှာ စောခမ်းမုံ ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရတာ ခမ်းမုံကို ခွင့်လွှတ်ပါဖေဖေရယ်။

ခမ်းမုံ ဖေဖေ့ကိုပဲ ချစ်တယ်။

× × × ×





# အခန်း (၁၄)

ရာသီဥတုက အေးစက်စက် လွှမ်းခြုံစိုးမိုးနေရာယူထား သော်လည်း ပင်ပန်းနွမ်းနယ်သမျှ ဘယ်လိုမှ နှစ်ခြိုက်စွာ အိပ်မပျော် နိုင်သူက ဦးသက်ထွန်းကိုယ်တိုင် ဖြစ်သည်။

လူက အိပ်ရာထက်မှာ ငြိမ်သက်နေပေမယ့် အတွေးအာရုံ တွေကဖြင့် သူ့ခန္ဓာကိုယ်မှာ မရှိ။ လွင့်ချင်ရာ လွင့်နေ၏။ ဦးတည် ရာမဲ့ ပျံသန်းနေ၏။ ဖြစ်နိုင်လျှင် ထိုအတွေးရေယာဉ်ကြောကို ရ[illegible]ပစ်လိုက်ချင်သည်။

တားဆီးကန့်ကွက်ချင်သည်။ သို့သော် ဦးသက်ထွန်း၏ အလိုဆန္ဒကို လိုက်လျောမည့်သူက မရှိ။ အရာရာသည် သူ့သဘော သူ ဆောင်လျက် သူစေနှင်းသည့်အတိုင်း ဘာတစ်ခုမှ မလိုက်နာ နိုင်သည့်အဆုံး ယောင်းမြေလှသော အကြောင်းတရားများမှာ အသစ် တစ်ဖန် ရှင်သန်ပေါက်ဖွားလာကြပြန်တော့သည်။

မြတ်…။

ကိုယ့်ရဲ့ချစ်ရသူရယ်…။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဇနီး၏အမည်ကို တမ်းတလိုက်လေ့စွာ ခေါ်ဆိုညည်းတွားမိသည်။

အခုအဖြစ်အပျက်တွေ မြတ်သိရင် သူ့ကိုပဲ အပြစ်ဆိုမြည်ဦးတော့မည်လား။ ကိုယ့်ကို ခွင့်လွှတ်ပါ မြတ်ရယ်။

ကိုယ့်ကိုခွင့်လွှတ်ပါကွယ်...။

ဦးသက်ထွန်းသာ ခေါ်စံပယ်ညိုနှင့် လက်မထပ်ဖြစ်ခဲ့ဘူးဆိုလျှင် သမီးလေးစောခမ်းမုံသည်လည်း အခုလို အတွေးအကြံမျိုး တွေးမိကြံစည်မိမည်မဟုတ်တာ သေချာပါသည်။

ခေါ်စံပယ်ညိုကို လက်ထပ်လိုက်မိခြင်းက သမီးနှင့်ဦးသက်ထွန်းကြား ကြီးမားသော ပြဿနာအစုအဝေးကြီးကို ပေါ်ပေါက်လာစေရန် အကြောင်းမျှသာ ဖြစ်မှန်း သူသိလိုက်ရချိန်မှာ အရာရာ ပြန်လည်ပြင်ဆင်ခွင့်မရအောင် နောက်ကျခဲ့လေပြီ။

သမီးစောခမ်းမုံက သူ့ဦးလေးကိုမှ တွေ့ချင်ပါတယ်တဲ့ မြတ်ရယ်။

ကိုယ်ဘာလုပ်ရမလဲ။

ဘာလုပ်သင့်သလဲကွယ်။

ဦးသက်ထွန်း မျက်ဝန်းထဲမှာ ချောမောလှပလွန်းသောဇနီးဖြစ်သူ၏ မျက်နှာကို မြင်ယောင်ရင်း သက်ပြင်း ဟင်းခနဲချလိုက်သည်။

ထို့နောက် ဘယ်လိုမှ အိပ်မပျော်နိုင်သည့်အဆုံး အိပ်ရာမှထပြီး ခြံထဲကိုဆင်းခဲ့သည်။ အေးစိမ့်သော ရာသီဥတုက ဦးသက်ထွန်း၏ ခန္ဓာကိုယ်မှာ ပြေးတွယ်ခိုမှီပါသော်လည်း နွမ်းနယ်လွမ်း





မောသော နှလုံးသားခံစားမှုကို ဖယ်ခွာထွက်ပြေးအောင်ဖြင့် မစွမ်းဆောင်နိုင်ရှာပါလေပြီ။

မြတ်၏မောင် စဝ်မိုင်းနောင်ဆိုသူကို အစပြုရှာဖွေခဲ့ရာမှ ချစ်သောမြတ်ကို အသက်ဆုံးသည့်အထိဖြစ်စေခဲ့ရသော ရင်နာဖွယ်ရာ အကြောင်းတရားများကို ပြန်လည်သတိရမိသောအခါ ဦးသက်ထွန်း၏ နှလုံးသားဆီမှ နာကျင်ကြေကွဲမှုဖြင့် ဆွေးမြေ့သွားရပါသည်။

မြတ် ရှာဖွေခဲ့သော စဝ်မိုင်းနောင်။ သမီးလေးတွေ့ချင်ပါသည်ဟု ဆိုရှာသော စောခမ်းမုံ၏ဦးလေး စဝ်မိုင်းနောင်က ဦးသက်ထွန်းကို ဘယ်အထိအောင်များ ဒုက္ခသောက ဝေဒနာတွေ ပေး၍နှိပ်စက်ကလူပြုဦးမည်မသိ။

စဝ်မိုင်းနောင်...စဝ်မိုင်းနောင်။

ကျုပ်ဘဝ၊ ကျုပ်နှလုံးသားကို ဘယ်အထိအောင်များနင်းခြေဖျက်ဆီးဦးမှာလည်း စဝ်မိုင်းနောင်ရယ်။

အချစ်ဆုံးဇနီးသည်ကို စဝ်မိုင်းနောင်ကို အကြောင်းပြု၍ ထာဝရလက်လွှတ်ဆုံးရှုံးခဲ့ရပြီးပါပြီ။

အခုတစ်ခါ...တစ်ဦးတည်းသော သမီးလေး စောခမ်းမုံကိုများ စဝ်မိုင်းနောင်ဆိုသည့်လူကြောင့်ပဲ စွန့်လွှတ်ဆုံးရှုံးရဦးတော့မည်လား။

အတွေးနှင့်ပင် ဦးသက်ထွန်းရင်မှာ မချိအောင် နာကျင်လွန်းလှသည့်အဖြစ်ကို မည်သူသိနိုင်ပါမည်နည်း။ ဒီတစ်ခါတော့ဖြင့် စဝ်မိုင်းနောင်ဆိုသည့်လူကို ဦးသက်ထွန်းကိုယ်တိုင် လက်တုံ့



www.burmeseclassic.com

www.burmeseclassic.com



ပြန် အနိုင်ယူလိုက်စမ်းချင်သည့်တိုင် သူ့နှလုံးသားက ခွင့်မပြု။

ဦးသက်ထွန်းဘဝမှာ သမီးလေးရှိနေသည်။ မြတ်အတွက်၊ သမီးအတွက် ဦးသက်ထွန်းရင်ထဲ ရှိသည့်အတိုင်း လုပ်၍မဖြစ်ပါ။

သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်သည်။ စဝ်မိုင်းနောင်ကို မြတ်အား သေစေသူတစ်ယောက်အဖြစ် မုန်းတီးမိသည်မှန်သော်လည်း ထိုသူသည်ကား မြတ်အသက်ပေး၍ ချစ်ရသော မြတ်၏မောင်ငယ် ဖြစ်နေသည်။

သမီးစောခမ်းမုံ နန်ဖူလုံကို သွားချင်သည်ဟု ဦးမင်းဇော်လှမ်းဖုန်းဆက်ကတည်းက သမီးအကြံအစည်ကို ဦးသက်ထွန်းရိပ်မိလိုက်သည့်အတိုင်း ချက်ချင်းထလိုက်လာခဲ့ရာ ထင်သည့်အတိုင်း စောခမ်းမုံက သူမေ့ထားခဲ့သော လူတစ်ယောက်ကို ရှာဖွေရန် ဆုံးဖြတ်ထားနှင့်ခဲ့လေပြီ။

သမီးကို ဦးသက်ထွန်း ပြတ်သားစွာ တားမြစ်ကန့်ကွက်ချင်သည့်တိုင် သူ့အပေါ်မှာ စံပယ်ကြောင့် အမြင်မကြည်လင်ရှာသော သမီး၏ စိတ်သဘောကို နားလည်သဖြင့် စိတ်ဖြေရှိသမျှ ဖွင့်အံထုတ်ဖော်ရန် ခက်စွာ မြိုသိပ်နေလိုက်ရခြင်းဖြစ်သည်။

အခုချိန်မှာ ဦးသက်ထွန်း ပြောဆိုသမျှကို သမီးက သူ့စိမ်းဖက်၍ ဖခင်ဖြစ်ပြီး ညှာမှုရက်စက်သည်ဟု တစ်လွဲတစ်မည် အထင်လွဲမှားလျှင် သမီးလေးပဲ စိတ်ဆင်းရဲမည်။ ငရဲကြီးရာမည်။

ထိုအဖြစ်မျိုးကို ဦးသက်ထွန်း အလိုမရှိ။ ငယ်စဉ်ကလေးဘဝထဲက အခုချိန်ထိ မိတစ်ဆိုးသမီးလေးရယ်ဟု စကားသံမာမာပ ဆိုဖူးသူမဟုတ်သည့်အတိုင်း အခုအခြေအနေမှာလည်း သမီးနှင့် အခြေအတင်ပြောရန် ဆန္ဒမရှိပါချေ။

စဝ်မိုင်းနောင် ရှိမည့်နေရာကို ရှာဖွေစုံစမ်းမှုပြုပေမယ့် ဦးသက်ထွန်း မျှော်လင့်သလို အရင်နေရာမှာ စဝ်မိုင်းနောင်က ရှိမနေတော့ပါ။ အချိန်တွေကလည်း ကြာမြင့်ခဲ့ပြီ။ တခြားရကြည်ရာ မြက်နုရာကို ပြောင်းရွှေ့သွားပြီဟု သိရသဖြင့် ဦးသက်ထွန်းလက်လှမ်းမှီသမျှ စုံစမ်းခဲ့ရာ စဝ်မိုင်းနောင်ရှိနေမည်ဟု ထင်ရသောနေရာကို ဦးသက်ထွန်း သိခွင့်ရခဲ့သည်။

သမီးကို ထိုအကြောင်း အသိမပေးချင်သေးပါ။ စဝ်မိုင်းနောင်နှင့် သမီးလေးစောခမ်းမုံတို့ မတွေ့ဆုံခင်မှာ အရင်ဦးဆုံးဦးသက်ထွန်းနှင့် စဝ်မိုင်းနောင်တို့ တွေ့ဆုံဖို့က ပိုအရေးကြီးနေသည်။

ချစ်ရသူ မြတ် နောက်ဆုံးခြေရာချသွားသည့် မြေမှာဦးသက်ထွန်း စို့နင့်နာကျင်နေမိသလို ခရီးလည်းပန်းသဖြင့် ညစာကိုလည်း ဟုတ်တိပတ်တိမစားဖြစ်ခဲ့ပါချေ။

သမီးစောခမ်းမုံထံမှ ဖခင်ကြီး၏ မျက်နှာကို စိုးရိမ်စိတ်ဒုပန်အကြည့်လေးများကို ပြန်လည်မြင်ယောင်မိတော့ ဦးသက်ထွန်းရင်မှာ သမီးကို သနားကရုဏာပိုမိရပြန်သည်။

ဩော်…ဖေဖေ့သမီးလေး စောခမ်းမုံရယ်။ ဖေဖေ့ဘဝမှာ သမီးလေး အမြဲရှိနေမှဖြစ်မယ်ဆိုတာ သမီးသိရဲ့လားကွယ်။

သမီးလေးကို ဖေဖေ သိပ်ချစ်ရပါတယ် သမီးရယ်၊ ဖေဖေ့မေတ္တာစေတနာတွေကို သမီးနားလည်ရင် ဖေဖေ ကျေနပ်ပါပြီကွယ်။







www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါပြီ။

ပတ်ဝန်းကျင်မှာ နှင်းငွေ့တို့ဖြင့် စိုစွတ်အေးမြနေ၏။ အတွေးကမ္ဘာမှာ နစ်မျောနေရာမှ နိုးထလာချိန်မှာ ဦးသက်ထွန်း တစ်ကိုယ်လုံး အေးစက်လျက်ရှိနေပြီဖြစ်သည်။

ညဥ့်နက်မှ အိပ်ရာဝင်ဖြစ်သည်။

အိပ်မက်ထဲမှာ မြတ်၏ လှပသောမျက်နှာလေးကို မြင်တွေ့လိုက်ရသလို ထင်မိသည်။ အိပ်ရာမှလန့်နိုးလာချိန်မှာ မိုးစင်စင်လင်းလျက် ရှိ၏။

"နေကောင်းရဲ့လား ဖေဖေ"

"ကောင်းပါတယ် သမီးရဲ့၊ ညက ညဥ့်နက်မှ အိပ်ပျော်လို့ပါ"

သမီးဖြစ်သူ၏ ရင်ထဲမှ စိုးရိမ်စိတ်ကို လှမ်းမြင်တွေ့လိုက်သည့်အတိုင်း စိတ်မပူရန် အလိုက်သင့်ပြောဆိုလိုက်မှ စောခမ်းမုံ၏ မျက်နှာလေး ကြည်သွားတာကို မြင်လိုက်ရသည်။

"မသိပါဘူး…ခမ်းမုံက ဖေဖေ ခရီးပန်းပြီး ဖျားများဖျားပြီလားလို့ပါ"

သမီးစကားကြောင့် ဦးသက်ထွန်း ပြုံးလိုက်သည်။

"ဒီခရီးလမ်းတွေက ဖေဖေသွားနေကျပါဗျာ၊ ခရီးပန်းတယ်ဆိုတာ မရှိပါဘူး၊ ဖေဖေ့သမီးလေးသာ လမ်းခရီးကြမ်းလို့ စိတ်ပူနေရတာပါ"

"ခမ်းမုံအတွက် စိတ်မပူပါနဲ့ ဖေဖေ၊ အခုလို ခရီးထွက်ရတာကိုက ခမ်းမုံအတွက် အပြောင်းအလဲတစ်ခုလည်းဖြစ်၊ ဗဟုသုတ





လည်း ရပါတယ်"

"အေးလေ…သမီးစိတ်ချမ်းသာတယ်ဆိုရင် ဖေဖေ ကျေနပ်ဝမ်းသာပါတယ်"

မနက်စာကို အတူဝိုင်းဖွဲ့စားသောက်ကြပြီးနောက် ဖေဖေနှင့် အန်ကယ်ဦးမင်းဇော်တို့ကို အကြိုထောက်လာသော ကားက အချိန်သင့်ပင် ရောက်လာပါသည်။

"ဖေဖေ"

"ဘာလဲသမီး"

စောခမ်းမုံ ခေါ်သံကြောင့် ကားပေါ်တက်ခါနီးဆဲဆဲ ဖခင်ကြီးက လှည့်ကြည့်လာသည်။

"ဟို…အခု ဖေဖေတို့ ဘယ်ကိုသွားမှာလဲဟင်၊ ဦးလေးဆီသွားမှာဆိုရင် ခမ်းမုံရော ဖေဖေတို့နဲ့အတူ လိုက်လို့မရဘူးလား ဖေဖေ"

အားတက်သရော မေးဟန်လေးမှာ မျှော်လင့်ချက်လေးများ ပါဝင်နေမှန်း သိလိုက်သည့်တိုင် သမီး၏ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခြင်းကို ဦးသက်ထွန်းလည်း မတတ်နိုင်ပါ။

"အခုလောလောဆယ် သမီးလိုက်လို့ မဖြစ်သေးဘူးကွဲ့၊ သမီးဦးလေးက အရင်နေခဲ့တဲ့ နေရာမှာ မရှိတော့ဘူးဆိုတော့ သူရှိနိုင်မယ့်နေရာတွေကို အခုမှ လိုက်စုံစမ်းတုန်းပဲ"

"စိတ်ချပါ…သမီးဦးလေးကို တွေ့တာနဲ့ သမီးဦးလေးကို သမီးဆီ အမြန်ဆုံးခေါ်လာခဲ့မှာပါ၊ ကဲ…ဖေဖေတို့သွားမယ်နော်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

www.burmeseclassic.com



ကားလေး နေရာမှထွက်သွားတာကို မျက်စိတစ်ဆုံးငေးကြည့်ရင်း ကျန်ရစ်ခဲ့သော သမီး၏ပုံရိပ်လေးကို မြင်ယောင်လျက် သက်ပြင်းရှိုက်မိသူက ဦးသက်ထွန်း။

''သိပ်လည်း စိတ်ပူမနေပါနဲ့လေ၊ ခင်ဗျားရှာနေတဲ့လူရှိမရှိဆိုတာ မကြာခင် ကျုပ်တို့ သိကြရတော့မှာပဲ''

''ဟုတ်ကောင်းရင် ကျုပ်တို့ရှာနေတဲ့လူနဲ့ တိုက်ရိုက်တွေ့ချင် တွေ့နေမှာပါဗျာ''

''အဲဒီလိုဆို ပိုကောင်းတာပေါ့ဗျာ၊ နောက်ထပ် တခြားတစ်နေရာမှာ ရှာဖို့မလိုတော့ဘူးပေါ့''

မှန်သောစကားကို ဆိုလိုက်မိခြင်း ဖြစ်ပါသည်။ ကိစ္စတစ်ခုဖြစ်လာလျှင် တအံ့နွေးနွေးဖြစ်နေရခြင်းကို သဘောမတွေ့လှသလို စောင့်စားရခြင်းအပေါ်မှာလည်း စိတ်ရှည်သည်းခံနိုင်ခြင်းမရှိပါ။

လောကကြီးကို လက်တွေ့ကျကျ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသော ဦးသက်ထွန်း၏ ဘဝအတွေ့အကြုံအရ ကိစ္စတိုင်းကိုရှောင်ပုန်းရန် ဘယ်တုန်းကမှ မစဉ်းစားခဲ့သူ ဖြစ်သည့်အတိုင်းအခုကိစ္စကိုလည်း လိုရင်းတိုရှင်း အမြန်ပြီးပြတ်လိုလှပြီဖြစ်သည်။

ထင်းရှူးတောတန်းမှ ယူကလစ်ရနံ့ သင်းမွှေးသော လေကိုရှူရှိုက်ရင်း သဘာဝအလှအပ ရှုမျှော်ခင်းများကို ကြည့်ငေးနေသော်လည်း ဘာကိုမှမမြင်။

ဆွတ်ကျင်သောရင်အစုံမှာ လှပသော မြတ်မျက်နှာကိုသာမြင်ယောင်လေသည်။ အချိုးအကွေ့များလှသော ကားသွားရာ လမ်းတစ်လျှောက်ကဲ့သို့ပင် လူတစ်ယောက် တွေ့ကြုံရင်ဆိုင်ရသော





ဘဝအချိုးအကွေ့တွေက ခန့်မှန်း၍ မရနိုင်အောင် ဆန်းကြယ်များပြားလွန်းလှသည်။

''ကျွိုး''

''ရောက်ပြီ ဦးသက်ထွန်း၊ ဒီနေရာပဲ''

ခြံဝင်းကျယ်တစ်ခုရှေ့မှာ ဦးသက်ထွန်း လိုက်ပါစီးနင်းလာသည့်ကားလေး ထိုးရပ်သွားသလို ဦးမင်းဇော်ထံမှ အသိပေးစကားကလည်း ဦးသက်ထွန်းအား အတွေးကမ္ဘာမှ အလန့်တကြားနိုးထစေခဲ့ပါသည်။

ကားပေါ်က မဆင်းနိုင်သေးဘဲ သူ့မျက်စိရှေ့မှာ မြင်တွေ့နေရသော သစ်လုံးအိမ်လေးရှိရာကို ရီဝေသော မျက်ဝန်းအစုံဖြင့် လှမ်းမျှော်ကြည့်လိုက်မိသည်။

မီးခိုးခေါင်းတိုင်မှ မြူပြာပြာ မီးခိုးငွေ့များကြောင့် အိမ်တွင်းတစ်နေရာမှာ လူရှိမည်ဟု ခန့်မှန်းမိသော်လည်း မြူဆိုင်းသော ထင်းရှူးပင်များကြားမှ မည်သည့်အသံဗလံမှမရှိ ပကတိတိတ်ဆိတ်ငြိမ်သက်နေပုံက အထီးကျန်ဆွတ်ပျံ့ဖွယ်ရာ လွမ်းမောစရာ ပန်းချီကားချပ်ပမာ ရှိနေ၏။

လေးလံသော ခြေလှမ်းများဖြင့် မြေပြင်ကို ခြေချနင်းလိုက်မိသည်။ ထို့နောက် ငြိမ်သက်တိတ်ဆိတ်နေသော အိမ်ကလေးရှိရာသို့ ခြေလှမ်းများကို ဦးတည်လိုက်သည်။

စေ့ပိတ်ထားသော တံခါးရှေ့မှာ ရပ်လိုက်တော့ တံခါးလက်ကိုင်မှာ လှပစွာချိတ်ဆွဲထားသော ခေါင်းလောင်းလေးကိုမြင်ရသည်။

ဦးသက်ထွန်း ရပ်နေဆဲမှာပင် အိမ်တွင်းတစ်နေရာဆီမှ



www.burmeseclassic.com

www.burmeseclassic.com



ချိုးချိုးချွတ်ချွတ် အသံဗလံတချို့ကြောင့် အိမ်ထဲမှာ လူရှိနေကြောင်း ပို၍သေချာသွားသည်။

တံခါးရွက်ကို ဆွဲအဖွင့်မှာ ချိုအေးသာယာသော ခေါင်းလောင်းသံက တိတ်ဆိတ်သောဝန်းကျင်အနှံ့ ညင်သာစွာ ပြန့်လွင့်၏။

''ပြန်လာပြီလား ကိုကို''

ညှို့ခန်းအလယ်ရှိ မီးလင်းဖိုတွင် ထင်းတုံးများဖြည့်နေသော အမျိုးသမီးတစ်ဦးက လှည့်မကြည့်ဘဲ ညင်သာစွာ မေးလာသောအသံချိုချိုဝဲဝဲကြောင့် ဦးသက်ထွန်း၏ ခြေအစုံ ရပ်တန့်သွားသည်။

နှုတ်က ဘာတစ်ခုမှ ပြန်မဖြေနိုင်သေးခင်မှာပင် ကျော ခိုင်းအနေအထားမှ အမျိုးသမီးက သူရှိရာဘက်ကို ကိုယ်ကို လှည့်လိုက်၏။

''ဟင်''

နှစ်ယောက်သား အကြည့်ချင်း ဆုံသွားခိုက်မှာ အမျိုးသမီးထံမှ အံ့ဩထိတ်လန့်ဟန် အမူအရာနှင့်တကွ ပျက်ယွင်းသွားသည့် မျက်နှာကို မြင်လိုက်ရ၏။

''ရှင်...ရှင်''

''ကျုပ်...သက်ထွန်းပါ၊ နန်း မှတ်မိဦးမယ်ထင်ပါတယ်''

''အို''

ဒေါ်နန်းဆိုင်လော့တွင် ပြောစရာစကား မရှိတော့သည့် ဦးသက်ထွန်း၏ မျက်နှာကို တွေတွေကြီး စိုက်ကြည့်လျက် ငြိမ်





သက်နေ၏။

''ကျုပ် ဒီမှာထိုင်မယ်နော်''

''ရှင်...ထိုင်ပါ...ထိုင်ပါ၊ ရုတ်တရက်ဆိုတော့ ကျွန်မ အံ့ဩသွားလို့ပါ၊ အခါးရေသောက်ပါဦးရှင်''

ဦးသက်ထွန်း စကားကြားမှ ဒေါ်နန်းဆိုင်လော့ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ညှို့သည်ကို နေရာပေးညှို့ခံရင်း ရေနွေးပန်းကန်ကို သူမကိုယ်တိုင် ဦးသက်ထွန်းရှေ့မှာ ချပေးလိုက်၏။

''မိသားစုတွေအားလုံး နေကောင်းကြရဲ့နော်''

''ဟုတ်ကဲ့...နေကောင်းကြပါတယ်ရှင်၊ ဒါနဲ့ ဦးသက်ထွန်း ဒီကိုလာတဲ့ကိစ္စက''

''သမီးက သူ့ဦးလေးနဲ့ တွေ့ချင်တယ်ဆိုလို့ပါ''

''ရှင်''

''စဝ်မိုင်းနောင်ကို ပြောတာပါ နန်း၊ သမီးက သူ့အမေလိုပဲ စပ်မိုင်းနောင်ဆိုတဲ့ သူ့ဦးလေးကို တွေ့ချင်နေပါတယ်''

''အို''

''အဲဒီကိစ္စကို နန်းပဲ ကျုပ်တို့သားအဖကို ကူညီပေးပါ၊ အခု သူဘယ်မှာရှိနေလဲ၊ ဒီမှာပဲလား ဒါမှမဟုတ် တခြားတစ်နေနေရာမှာများ သူ့မိသားစုနဲ့အတူ ရှိနေလား''

သူသိလိုသမျှ မေးခွန်းတွေကို ဆက်တိုက်ကြီး ဦးသက်ထွန်း မေးပစ်လိုက်သည်။

''ဦးသက်ထွန်းကို ကျွန်မ ဘယ်လိုပြောရမလဲရှင်၊ ကိုကြီးက ကျွန်မတို့ကို အဆက်အသွယ်မလုပ်တာ ကြာပါပြီရှင်၊ သူ ဘယ်မှာရှိနေတယ်ဆိုတာလည်း ပြောရခက်လှပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးဆက်သွယ်ခဲ့တဲ့ တစ်နေရာတော့ သိဦးမှာပေါ့"

"နောက်ဆုံးဆက်သွယ်ခဲ့တာက လွန်ခဲ့တဲ့ တစ်နှစ်ကျော်နှစ်နှစ်နီးပါး ရှိပြီဆိုတော့ အဲဒီနေရာမှာ သူရှိတော့မှာ မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ ကြားရသလောက်ကတော့ တစ်ဖက်နိုင်ငံမှာလို့ ပြောတာပဲ၊ ဒါလည်း အတိအကျတော့ မဆိုနိုင်ဘူးလေ"

"နေရာတစ်ခုမှာ အခြေတကျ မနေတာ သူ့အကျင့်ပဲ"

"ဒီပုံအတိုင်းဆို လမ်းကဆုံးပြီပဲ"

ဦးသက်ထွန်းထံမှ တိုးတိတ်စွာ မှတ်ချက်ချသံဖြစ်သည်။ ဒေါ်နန်းဆိုင်လောဝ်ထံမှ ဘာသံမှ ထွက်မလာခြင်းကြောင့် သူ့ကို ထိုထက်ပို၍ မကူညီနိုင်ကြောင်း ဖော်ပြနေ၏။

"အေးပေါ့လေ…ဘယ်တတ်နိုင်ပါ့မလဲ၊ သမီးနားလည်အောင် ရှင်းပြရမှာပေါ့၊ ဒါနဲ့ ဒီအိမ်မှာက ဘယ်သူနေတာလဲ"

"ကျူပ်နေတာပါ ဦးသက်ထွန်း"

"စိုင်းစောဟုန်"

"ကိုကို"

အသံလာရာဆီသို့ ပြိုင်တူလို လှမ်းကြည့်လိုက်ရာ အိမ်ပေါက်ဝတွင် မားမားကြီးရပ်နေသော ဦးစိုင်းစောဟုန်၏ တည်ကြည်ခန့်ညားချောမောသော မျက်နှာကို အရယ်အပြုံးကင်းမဲ့စွာ တွေ့လိုက်ကြရပါတော့သတည်း။

× × × ×





## အခန်း (၁၅)

"ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲ"

ဦးစိုင်းစောဟုန်မှ အေးစက်စွာ ဆိုလိုက်ခြင်းဖြစ်ပါသည်။

"ကိုယ်ကလည်း မင်းကိုတွေ့ချင်နေတာပါပဲလေ၊ မင်းနဲ့ကိုယ့်ကြားမှာ ပြောစရာစကားတွေ ရှိနေတာ ကိုယ်သိသလို မင်းလည်းသိနေတာပဲ မဟုတ်လား"

စူးရှသောအကြည့်တစ်မျိုးက ဦးသက်ထွန်းမျက်နှာကို ရောက်လာသည်။ ဦးသက်ထွန်းကလည်း ထိုအကြည့်ကို လွှဲဖယ်ဖို့ မကြိုးစားဘဲ တည်ငြိမ်စွာပင် တုံ့ပြန်ရင်ဆိုင်လိုက်ရာ အငြင်းအားတစ်မျိုးစီ ပါဝင်သော အကြည့်နှစ်ခု လမ်းခုလတ်မှာ အားပြင်းစွာ ဆုံစည်းမိကြသည်။

ဒီအကြည့်ပဲ…ဒီလိုအကြည့်မျိုးကိုပဲ လွန်ခဲ့သည့်နှစ်များစွာတုန်းက ဦးသက်ထွန်း ရင်ဆိုင်ခဲ့ရတာကို ဘယ်တော့မှ မေ့မည်မဟုတ်ပါ။

"ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ ရှင်းရှင်းပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းစောဟုန်၏ အသံက တိုဆတ်သည်။

စိတ်မရှည်သံ။ တည်ကြည်ခန့်ညားသော မျက်နှာချော ချောကလည်း တင်းမာခက်ထန်မှုတွေနှင့်။ ဦးသက်ထွန်းအပေါ်မှာ ပြောဆိုဆက်ဆံပုံတွေက ဟိုယခင် မြတ်ရှိစဉ်တုန်းကအတိုင်း ဘာ တစ်ခုမှလည်း ပြောင်းလွဲမသွားပါလား။

အခြေအနေ အချိန်အခါ အသက်အရွယ်တွေသာ ပြောင်း လွဲသွားသည်။ စိုင်းစောဟုန်ဆိုသည့် လူတစ်ယောက်ရဲ့ ရင်ထဲ နှလုံးသားထဲက အကြောင်းအရာတွေက ဘာတစ်ခုမှ ပြောင်းလွဲ သွားဟန်မတူ။

ဦးသက်ထွန်း သက်ပြင်းမောတစ်ခုကို လေးပင်စွာ ချလိုက်သည်။ ပြီးတော့ အကြည့်ကို ဟိုးအဝေးတစ်နေရာမှာ လှမ်း မြင်တွေ့နေရသည့် မည်းနယ်ရောင်တောင်ပြာတန်းများဆီ ပို့လွှင့် လိုက်သည်။

တကယ်ဆို စိုင်းစောဟုန်ဆိုသည့် လူတစ်ယောက်က ဒီလို အနေအထားမျိုး မဖြစ်သင့်ပါ။ ဖြစ်ခြင်းဖြစ်ရမည်ဆိုလျှင်တောင် စိုင်းစောဟုန်က ဖြစ်ရမည်မဟုတ်။

ဦးသက်ထွန်းဆိုသည့် သူကသာလျှင် အခုလိုကဲ့ကဲ့ဆော အမူအရာတွေ၊ ခါးသီးအေးစက်တဲ့ နာကြည်းမှုတွေနဲ့ ရှိရမည့်သူ ဖြစ်ပါလျက် သူ့အဖြစ်က အခုတော့ ပြောင်းပြန်ဖြစ်နေသည်။

"ကိုယ့်အပေါ်မှာ ထားတဲ့ မင်းရဲ့သဘောထားတွေက အခုချိန်ထိ ဘာတစ်ခုမှ မပြောင်းလွဲသေးပါလား စိုင်းစောဟုန်"

"ကျုပ်နေရာမှာ ခင်ဗျားဆိုရင် အခုလိုမေးမှာမဟုတ်ပါ





ဘူးလေ၊ ဒါကို ခင်ဗျားအသိဆုံးပါ"

"အဲဒီလိုပဲ မင်းကထင်လား"

"အဟွန်း"

မရယ်ချင်ရယ်ချင် တစ်ချက်ရယ်မောလိုက်သံကို ကြား လိုက်ရခြင်းက ပြီးဆုံးကျန်ရစ်ခဲ့သော အတိတ်က အကြောင်းအရာ တွေကို အသစ်တစ်ဖန် သက်ဝင်ခံစားမွေးဖွားစေရခြင်း အကြောင်း သာပင်။

"အဲဒိုတွေ ပြောမနေစမ်းပါနဲ့ဗျာ၊ အခုချိန်မှာ ခင်ဗျားဆီက လိုရင်းစကားလောက်ကိုပဲ ကျုပ်ကြားချင်တယ်"

"ဘာလို့ ဒီလောက်တောင် ဒေါသတွေ ကြီးနေရတာလဲ စိုင်းစောဟုန်၊ တကယ်တမ်း အနိုင်ရခဲ့တဲ့သူက မင်းကိုယ်တိုင်ပါ"

"အနိုင်ရခဲ့တယ် ဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

"သိပ်ရယ်စရာကောင်းတဲ့ ပြက်လုံးပဲဗျာ၊ အဲဒီစကားနဲ့ ကျုပ်အဖြစ်ကို လှောင်တာတော့ မဟုတ်လောက်ပါဘူးနော်"

နာကြည်းစွာ ရယ်မောလိုက်သော ဦးစိုင်းစောဟုန်၏ မျက်နှာကို ဦးသက်ထွန်း စိတ်မသက်သာစွာ ကြည့်ငေးရင်း နှုတ်ခမ်း ကို တွန့်လျက် ပြုံးလိုက်သည်။

ကိုယ့်အလှည့်ကြတော့ သိတတ်လှချည်လား စိုင်းစောဟုန် ရယ်။

ငါ့ရင်မှာ မင်းကြောင့် ဘယ်လောက်နာကျင်ထိခိုက်ရ တယ်ဆိုတာရော မင်း စဉ်းစားမိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဟာ…ငါ့ချစ်သူ၊ ငါ့နှမလေး ။ ဒါကိုသိရက်နဲ့ မင်းက ငါ့ရင်ခွင်ထဲက မြတ်ကို ရွတ်အတင်း ဆွဲထုတ်ဖို့ ကြိုးစားခဲ့တဲ့ လူတစ်ယောက်က သူခိုးက လူပြန်ဟစ်လို့ မင်းလိုလူကပဲ နာကြည်းခါးသီးနေရသေးသတဲ့လား စိုင်းစောဟုန်ရယ်။

ငါ ရင်နာလို့ ထားစမ်းပါဦးဗျာ။

“ထားပါလေ…အခုချိန်မှာ ဟိုတုန်းက အကြောင်းတွေ ပြန်ပြောပြီး နောက်ထပ်နာကြည်းစရာတွေ၊ ကြေကွဲစရာတွေ အသစ်ပြန်မဖြစ်လိုတော့ပါဘူး၊ အခုလောလောဆယ် အနေအထားကိုပဲ ကိုယ်တို့ပြောကြရအောင်”

“အေးပေါ့လေ…အခုချိန်မှာ ခင်ဗျားက နောက်ထပ် အချစ်သစ်နဲ့ ပျော်ရွှင်ကျေနပ်နေတဲ့လူပဲ၊ ဟိုတုန်းကအကြောင်းတွေကို ခင်ဗျားဘာယ်ကြားချင်ပါတော့မလဲ”

စိုင်းစောဟုန်၏ စကားကြောင့် ဦးသက်ထွန်း၏ ကိုယ်ကြီးဆတ်ခနဲတုန်သွားပါသည်။

ဦးစိုင်းစောဟုန်၏ မျက်နှာကို လှမ်းကြည့်လိုက်တော့ နာကျင်ဆွေးမြည့်မှုများနှင့်အတူ ဦးသက်ထွန်း၏ မျက်နှာကို ခပ်လှောင်လှောင် သရော်မော်ကားအပြုံးဖြင့် ခနဲ့ခနဲ့ ကြည့်လိုက်သဖြင့် ကြောင့် ဦးသက်ထွန်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

“ကျုပ်ကတော့ ခင်ဗျားလိုမဟုတ်ဘူး ဦးသက်ထွန်း ဟိုတုန်းကလည်း ဒီအတိုင်းပဲ၊ အခုလည်း မပြောင်းလဲဘူး၊ နောင်ကိုလည်း ဒီပုံစံအတိုင်းပဲ ရှိနေမယ့်သူဆိုတော့ ဟိုတုန်းကအကြောင်းတွေကို အမြဲပြောချင်နေတယ်ဗျာ”





“မြတ်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့လည်း ဆုံးဖြတ်ထားတယ်”

“မင်းက ကျုပ်ကို သစ္စာမဲ့တဲ့လူလို့ ဆိုလိုတာလား”

“ဒါက ခင်ဗျားအပိုင်းပါလေ၊ သူများ ကိုယ်ရေးကိုယ်တာကို ကျုပ် စိတ်မဝင်စားဘူး”

တစ်ဖက်ကစကားကို အပြတ်ပိတ်ပြောလိုက်သဖြင့် ဦးသက်ထွန်း အနေရခက်စွာ မျက်နှာကြီး နီရဲလာပါသည်။

ဒီလူစကားပြောတာ ဘယ်လိုလဲ။ ဒီကမ္ဘာပေါ်မှာ မြတ်ကို သူသာ သစ္စာအရှိဆုံးလို့ ဆိုလိုသည်လား။

မြတ်ကို သူသာအချစ်ဆုံးဆိုလျှင်တော့ ထိုစကားကို ဦးသက်ထွန်း လက်မခံနိုင်ပါ။

“စံပယ်ကို လက်ထပ်လိုက်တဲ့အတွက် မင်းက ကိုယ့်ကို မြတ်အပေါ်မှာ သစ္စာဖောက်သွားပြီလို့ ထင်တာလား”

“အဖြေက အရှင်းကြီးပါဗျာ၊ အဲဒီအကြောင်း ကျုပ်မကြားချင်ဘူးဗျာ၊ ကျုပ်နဲ့နှစ်ယောက်ထဲ ပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ ဒါပဲပြောပါ”

ဦးစိုင်းစောဟုန်၏ သဘောထားက ခက်ထန်တင်းမာလှသလို စကားကလည်း ရှင်းပြတ်လှပါသည်။ ဦးသက်ထွန်းသည် မြတ်နှင့်ပတ်သက်ပြီး သူ့ရှေ့မှာ လာပြီး အယူခံဝင် ဖြေရှင်းနေခြင်း မဟုတ်သလို စံပယ်ကြောင့် တစ်ဖက်သတ်အတွေးဖြင့် ပြောဆိုစွပ်စွဲခြင်းအပေါ်မှာလည်း သူ့ဘက်က ဂရုစိုက်ရန်မလိုအပ်ပါချေ။

သူကလည်း သူ့အကြောင်းနှင့်သူ ကိုယ်ကလည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှင့်ကိုယ်။ ခံစားချက်တွေ မတူသလို အတွေးအမြင်တွေကလည်း ကွာခြားနေသည့်အဖြစ်ကြောင့် စကားဆက်ပြောလေ အမှားတွေများလေ၊ သဘောထားတွေ ကွဲလွဲလေ ဖြစ်တော့မည့်အရေးကို သိမြင်ပြီးဖြစ်ရာ သူပြောလိုသော အကြောင်းအရာကိုသာ ရွေးချယ်ပြောဆိုရန် ဆုံးဖြတ်လိုက်သည်။

''လိုရင်းပြောရရင် အခုလာတာ ကိုယ့်သမီးလေး စောခမ်းမုံကိစ္စပဲ''

''သမီးကိစ္စ ဟုတ်လား''

စိုင်းစောဟုန်၏ မျက်နှာ အရောင်တစ်မျိုး ပြောင်းသွားသည်။ ဦးသက်ထွန်းမှာ စိုင်းစောဟုန်၏ မျက်နှာကိုကြည့်ရင်း သူ ဆက်ပြောရမည့်စကားများကို စဉ်းစားနေမိသည်။

''ဟုတ်တယ်…သမီးကိစ္စပဲ၊ သမီးက အခု သူ့ဦးလေးကို တွေ့ချင်နေတယ်၊ အဲဒါ မင်း ကူညီနိုင်မယ်ဆိုရင် ကူညီပေးစေချင်တယ်''

ဦးသက်ထွန်းစကားအဆုံးမှာ ဦးစိုင်းစောဟုန်ထံမှ မည်သည့်စကားသံမှ ထွက်မလာဘဲ ငြိမ်ကျသွားသည်။

''သူနဲ့ဆက်သွယ်နိုင်မယ့် နည်းလမ်းတစ်ခု မင်းမှာရှိနိုင်မယ်လို့ ကိုယ်ထင်တယ်''

''ဟင်း''

ကျယ်လောင်သော သက်ပြင်းရှိုက်သံနှင့်အတူ ရီဝေချွေးမြေ့သွားသော မျက်ဝန်းအစုံကိုမြင်လိုက်ရသည်။

''သူ့ကို ဘာကိစ္စတွေ့ချင်ရတာလဲ''





''အရှင်းဆုံးဝန်ခံရရင် စံပယ်ကို လက်ထပ်လိုက်မိတဲ့ ကိုယ့်ကြောင့် သမီးက သူ့ကိုယ်သူ အစွန့်ပယ်ခံရတယ်လို့ ထင်နေတယ်''

''ဒါကြောင့် သူတစ်ယောက်တည်း အဖော်မဲ့ ကျန်ရစ်ခဲ့ရတဲ့ အတိတ်ကျန်ဘဝကို တွေးမိလာရာက အခုလို သူ့အမေရဲ့ မောင် သူ့ဦးလေးဆိုတဲ့လူကို မတွေ့တွေ့အောင် လိုက်ရှာဖို့ ဆုံးဖြတ်ခဲ့တာပဲ''

''အဖြစ်ကိုပြောရရင် သူ့အမေနဲ့သိပ်တူတဲ့ သမီးဆိုပါတော့လေ''

ဦးစိုင်းစောဟုန်၏ အကြည့်များက ဦးသက်ထွန်းရှိရာကို ဖျတ်ခနဲ ရောက်လာသည်။

''ခင်ဗျား ဘာကိုပြောချင်တာလဲ''

''သူ့အမေလိုပဲ ကိုယ့်အသည်းကိုခွဲပြီး ကိုယ့်ဘဝထဲက ခွဲထွက်သွားမှာမျိုး လုံးဝအဖြစ်မခံနိုင်ဘူးလို့ ပြောချင်တာပါ''

''ခင်ဗျား''

''နေဦး…ကိုယ်ပြောတာ ဆုံးအောင်နားထောင်ပါဦးလေ၊ သမီးရဲ့အမေကို သိပ်ချစ်လွန်းလို့ သူ့စိတ်ဆင်းရဲစေမယ့် အလုပ်မျိုး ဘာတစ်ခုမှ ကိုယ်မလုပ်ရက်ခဲ့ဘူး၊ အမြဲပဲ သူ့အလိုလိုက်ခဲ့တယ်၊ ဒါကြောင့်လည်း သမီးရဲ့အမေကို ကိုယ်ဆုံးရှုံးခဲ့တာပဲ''

''သမီးကိုတော့ သူ့အမေလို လုံးဝအဖြစ်မခံနိုင်ဘူး စိုင်းစောဟုန်၊ ကိုယ် ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိမှာပါ''

ဦးစိုင်းစောဟုန်နှင့် ဦးသက်ထွန်းတို့မှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို တစ်ယောက် အေးစက်တင်းမာမှု ကိုယ်စီဖြင့် စူးစိုက်ကြည့်လိုက်သည်။

မည်သူကမှ အကြည့်ကို လွှဲဖယ်ခြင်းမပြု။ ဦးစိုင်းဆောဟုန်၏ ရင်ထဲမှာ နာကျင်ဆို့နင့်ခြင်းဖြင့် တစ်ခုခုကို ပြတ်သားစွာ ပြောချင်နေသည့်တိုင် သူ့နှုတ်က ပြောမထွက်ရက်နိုင်သဖြင့် နှုတ်ခမ်းအစုံကို တင်းတင်းစေ့၍ ငြိမ်သက်နေရာမှ သူကပဲ စတင်၍ အကြည့်ကို လွှဲဖယ်လိုက်သည်။

ဟိုးအဝေးမှာ တိမ်မျှင်စတို့ လွင့်ချင်တိုင်း မျောလွင့်နေ၏။ ဦးတည်ရာမဲ့သွားနေသော လမ်းခရီးမှာ တားဆီးပိတ်ပင်ထားနိုင်သည့်အရာ ဘာတစ်ခုမှ မရှိပါလား။

ဦးစိုင်းဆောဟုန်ဆိုတာ မည်သူတစ်ဦးတစ်ယောက်၏ ချုပ်ချယ်ဖိနှိပ်တားမြစ်မှုအောက်မှာ အလွယ်တကူ ဝပ်ဆင်းငြိမ်သက်နေမည့် လူစားမျိုးမဟုတ်တာကို ဦးသက်ထွန်း အသက်အရွယ်ကြီးရင့်၍ မေ့လျော့နေပြီလားဟု မေးချင်ပါသည်။

"ခင်ဗျားက ကျုပ်ကို အမိန့်ပေးနေတာလား ဦးသက်ထွန်း။ ကျုပ်ဟာ ဘယ်လိုလူလဲဆိုတာ ခင်ဗျားသိပါတယ်"

"ဆောရီး…သမီးအတွက် ကိုယ့်ရင်ထဲမှာ ဘယ်လောက်နိုးရိမ်သောကဖြစ်နေရတယ်ဆိုတာ ဘယ်သူမှ သိနိုင်မယ်မထင်ဘူး"

"ထင်လို့ပါလေ"

"ဘယ်လို"

"မိဘတိုင်း ကိုယ့်သားသမီးအပေါ်မှာ ဘယ်လောက်ချစ်မြတ်နိုးကြတယ်၊ ဘယ်လိုမေတ္တာစေတနာ ထားကြတယ်ဆိုတာ





ကျုပ်လည်း မိဘတစ်ယောက်အနေနဲ့ သိနေတာပဲ"

"ဟင်"

ဦးသက်ထွန်း ဦးခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ ဦးစိုင်းဆောဟုန်၏ စကားက ဦးသက်ထွန်း၏ နှလုံးသားကို စူးရှပြင်းထန်စွာ ဝင်ရောက်သွားရာ သူ့မျက်နှာကို အံ့သြထိတ်လန့်စွာ ကြည့်လိုက်မိသည်။

"မင်း…မင်း ဒီစကားကို ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောတာလဲ"

တုန်ရီထစ်ငေါ့စွာ သူ မေးလိုက်သည်။

ဦးသက်ထွန်း စိတ်တွေလှုပ်ရှားနေသလောက် ဦးစိုင်းဆောဟုန်ပုံစံကဖြင့် ပကတိတည်ငြိမ်အေးစက်မှုတွေနှင့် ဖြစ်ပါသည်။

"အဓိပ္ပာယ်က အရှင်းလေးပါ၊ မိဘတစ်ယောက်ရဲ့ ခံစားချက်ပဲ"

"အို"

ဦးသက်ထွန်းကိုယ်ကြီး တွန့်ခနဲဖြစ်သွားသည်။ ထိန်းမရအောင် ဖျက်သွားသော မျက်နှာပြင်မှာ ရှိုရင်းအသက်ထက် များစွာ အိုစာသွားသလို ထင်ရသည်။

"ခင်ဗျားသမီးကို ခင်ဗျား သိပ်ချစ်သလို၊ ကျုပ်ကလည်း ကျုပ်ရဲ့ရင်သွေးလေးကို ရင်အကွဲခံဘဝအပျက်ခံပြီး ချစ်ခဲ့ရတဲ့ လူတစ်ယောက်ပါ ဦးသက်ထွန်း"

"ဒါပေမယ့် ကိုယ်ဆိုလိုတာက"

"စိတ်ချပါ ဦးသက်ထွန်း၊ အခုချိန်အထိတော့ ကျုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တွေကို ဘာတစ်ခုမှ မပြောင်းလဲသေးပါဘူး''

ဦးစိုင်းစောဟုန်စကားက ရှင်းသည်။ အခုချိန်ထိ သူ့ဆုံးဖြတ်ချက်တွေကို မပြောင်းလဲသေးဘူးဆိုတော့ နောင်မှာ ပြောင်းလဲချင် ပြောင်းလဲနိုင်သည်ဆိုသည့် သဘော။

သူတစ်ဖက်သားအားနည်းချက်ကို ပြောရတုန်းက ဘာခံစားချက်မှမရှိပေမယ့် ကိုယ့်အလှည့်ကြတော့ တုန်လှုပ်ချောက်ချားနေခဲ့ရပါပြီ။ ဒီကိစ္စတွေကို အစပြန်ဖော်လိမ့်မည်လို့ မထင်ခဲ့ခြင်းကပင် ဦးသက်ထွန်း၏ မဟာအမှားဟု ဆိုရမည်ထင်သည်။

''စဝ်မိုင်းနောင်ကိစ္စ ဘယ်လိုလုပ်မလဲ''

''ဘယ်လိုမှ လုပ်စရာမရှိတော့ဘူး၊ အမှန်အတိုင်းဝန်ခံရရင် အစ်ကိုနောင်ဆုံးသွားပြီဆိုတာ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ ကျုပ်ကိုယ်တိုင် သိခွင့်ရခဲ့တာပဲ''

''လောဝ်ကိုယ်တိုင်တောင် ဒီကိစ္စတွေမသိသေးဘူး''

''ဟင်…ဒါဆို သမီးကို ဘယ်လိုပြောမလဲ၊ ဒီကိစ္စကို သမီးက ယုံပါ့မလား''

စိတ်လှုပ်ရှားစွာ ဦးသက်ထွန်း မေးလိုက်သည်။ သူတို့မျှော်လင့်ထားတာက တခြား၊ ဖြစ်လာတာက တစ်လွဲပါလား။

ဒီကိစ္စတွေ မသိတော့ သူက သမီးကို ဦးလေးဖြစ်သူနှင့် မကြာခင်ဆုံတွေ့ရလိမ့်မည်ဟု ဆိုခဲ့မိသည်။ အခုတော့ ကိစ္စတွေက ဦးသက်ထွန်းထင်သလို ဖြစ်မလာတော့ သမီးကို ပြောခဲ့မိသော စကားအတွက် ပြန်ဖြေရှင်းရခက်နေသည်။

''ကလေးနားလည်အောင် ရှင်းပြရမှာပေါ့၊ ခင်ဗျားပြော





လို့ အဆင်မပြေဘူးဆိုရင် ကျုပ်ကိုယ်တိုင် သမီးကို ရှင်းပြပေးမယ်''

''မင်းကိုယ်တိုင်''

''ဟုတ်တယ်လေ''

''မဖြစ်ဘူး…လုံးဝမဖြစ်ဘူး၊ မင်းနဲ့သမီး တွေ့လို့မဖြစ်ဘူး''

''ဘာဖြစ်လို့လဲ''

ဦးစိုင်းစောဟုန်၏ မျက်ခုံးတွန့်လျက် နားမလည်သလို မေးလိုက်တော့ ဦးသက်ထွန်းမှာ ရင်ထဲရှိသည့်အတိုင်း အဖြေရခက်သွားသည်။

''ဘာမှမဖြစ်ပါဘူး…သမီးကို ကိုယ်ပဲ သေချာရှင်းပြလိုက်ပါ့မယ်''

ဦးသက်ထွန်း၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် ဘာစကားတစ်ခွန်းမှ မဆိုတော့ဘဲ နှုတ်ဆက်ကျောခိုင်းသမ်းခွဲလိုက်သည်။

ဦးစိုင်းစောဟုန် နေရာက ထွက်သွားပေမယ့် ဦးသက်ထွန်းနေရာကမရွှေ့ဘဲ အရုပ်ကြိုးပြတ် ထင်းရှုးပင်ခြေရင်းမှာ ထိုင်ချလိုက်သည်။

ထို့နောက် မျက်နှာကို လက်ဖဝါးဖြင့်အုပ်လျက် အကြာကြီး ငြိမ်သက်နေ၏။ အပြင်မှာ လေနုအေးတို့က ပြင်းထန်စွာ တိုးဝှေ့တိုက်ခတ်နေဆဲဖြစ်သလို ဦးသက်ထွန်း၏ မမြင်ရသည့် စိတ်ခံစားချက်သည်လည်း လှိုင်းထန်နေဆဲဖြစ်၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်ကာ မော့… လိုက်သော်လည်း သူမေ့လိုသော အကြောင်းအရာတွေက မျော… ပျောက်မသွားချေ။

ဖန်ခွက်ကို ဒုန်းခနဲမြည်အောင် စားပွဲပေါ်ကို ဆောင့်… ပစ်လိုက်သံက တိတ်ဆိတ်သောဝန်းကျင်မှာ ကျယ်လောင်စွာ … လွင့်သွား၏။

မြတ်…

ဦးစိုင်းစောဟုန် နှုတ်ဖျားမှ ချစ်ရသူ၏အမည်ကို လွ… ဆွတ်တမ်းတခြင်းများစွာ လှိုက်လှဲဆို့နင့်စွာ ဆိုမြည်လိုက်မိပြီးနော… နေရာမှ ဒရီးဒယိုင်ဖြင့် ထလိုက်၏။

လဲပြိုတော့မယောင် ကိုယ်ဟန်ချက်ကို ထိန်းရင်း အိပ်… ဆီသို့ ကြိုးစားသွားရင်း ခုတင်နားအရောက်မှာ ဘယ်လိုမှ ဟန်ချ… မညီနိုင်ဘဲ ဝုန်းခနဲ လဲပြိုသွားသည့်အတွက် ဦးစိုင်းစောဟု… နဖူးပြင်နှင့် ခုတင်စောင်း ရိုက်မိကာ ပူနွေးစေးထန်းသော သွေး…



…းကျလာ၍ လက်ဖြင့် ညင်သာစွာ တို့ထိစမ်းကိုင်ရင်း သူ့ရင်မှာ …င့်ခနဲ ကွဲကြေသွား၏။

မြတ်ရယ်…။

မျက်ဝန်းထဲမှာ လှပသောမြတ်၏ မျက်နှာလေး ပေါ်လာသည်။ သူ့ကို အလွန်အမင်း စိတ်ဆိုးဒေါသဖြစ်နေရှာသော မြတ်က အချစ်လူဆိုး စိုင်းစောဟုန်ဆိုသည့် လူငယ်လေး၏ နဖူးပြင်ကို …တ်ချိန်သောအခါက အခုလိုဒဏ်ရာမျိုး ရရှိစေခဲ့ဘူးသည့်အဖြစ်ကို …ပြန်ပြောင်းသတိရမိရင်း ကြေကြေကွဲကွဲ ပြုံးလိုက်မိသည်။

မီးအလင်းရောင်အောက်မှာ မြင်တွေ့နေရသော သူ့လက် …ပေါ်ရှိ သွေးစများကိုကြည့်ရင်း ဦးစိုင်းစောဟုန် အတွေးတွေက …ီးအတိတ်ကို လွင့်ခနဲ ပျံဝဲရောက်ရှိသွားသည်။

တသိမ့်သိမ့်ရှိုက်ငိုသံလေးက ဝေးရာမှ တစ်ဖြည်းဖြည်း …လာသည်။ နောက်ဆုံး သူ့မျက်ဝန်းအစုံကို ဖြည်းညှင်းစွာ ဖွင့်ကြည့်လိုက်သောအခါ မြတ်၏ မျက်ရည်ဝေသော မျက်နှာလှလှ …လေးကို နှစ်သက်မြတ်နိုးစွာ တွေ့မြင်လိုက်ရတာပဲဖြစ်သည်။

"မငိုပါနဲ့ မြတ်ရယ်၊ မောင် ဘာမှမဖြစ်ပါဘူးဗျာ"

"ဟင့်အင်း…ဟင့်အင်း"

ထိကိုင်လာသော သူ့လက်များကို မြတ်က အလန့်တကြား … ဖယ်ချရင်း အင့်ခနဲ သည်းထန်စွာ ရှိုက်ငိုပြန်ရာ စိုင်းစောဟုန် … အသည်းငယ်လှသော ချစ်ရသူအဖြစ်ကို ကြည့်ပြီး မြတ်နိုးစွာ …လိုက်မိသည့်အဖြစ်ပါ။

အချစ်လူဆိုးလေး စိုင်းစောဟုန်အတွက် မြတ်ပေးသည့်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်က နည်းသေးသည်ဟု ဆိုရပါဦးမည်။ မြတ် မကြည့် မှန်းသိရက်နှင့် မြတ်ထံမှ အချစ်ပန်းကို သူသဘော သူဆန္ဒ အကြိမ်ကြိမ် ခြွေနမ်းမိသူမှာသာလျှင် အပြစ်ပိုကြီးပေလိမ့်မည်

ဒါကိုသိရက်နှင့် ချစ်သူအလိုကျ တစ်ကွဲတစ်ပြားစီ ဆန္ဒမရှိသော သူ့အဖြစ်က ချစ်သူလေးနှင့် ကြားလေသွေးရင် ရမည့်အဖြစ်ကို ကြောက်ရွံ့သောကြောင့်ပါဆိုလျှင် မြတ် လ နိုင်ပါမည်လား။

''သိပ်ချစ်တယ် မြတ်ရယ်၊ မောင့်အပေါ်မှာ မရက် ပါနဲ့လားဗျာ၊ မောင့်ကို ပြန်ချစ်ပါနော်''

''ချစ်မယ်မဟုတ်လားဟင် မြတ်''

နူးညံ့သိမ်မွေ့စွာ သူမေးမိသည်။

''အပိုတွေပြောမနေပါနဲ့...အခုထွက်နေတဲ့ သွေး အရင်တိတ်အောင်လုပ်ပါဦး''

''အဟွန်း...ဟွန်း...ဟွန်း''

မြတ်ထံမှ အဖြေနှင့် သူ့ထံမှအမေး တခြားစီဖြစ် ချစ်စနိုးပြုံးရယ်လိုက်မိတော့ မြတ်ထံမှ မကျေမချမ်းအကြည့် က သူ့ထံရောက်လာပါသည်။

''သွေးထွက်တာ အရေးမကြီးပါဘူးဗျာ၊ မြတ် ချစ်ပါတယ်ဆိုတဲ့ အဖြေကပဲ မောင့်အတွက် အရေးကြီးတာ

''မောင့်ကိုချစ်တယ်မဟုတ်လားဟင်''

''ချစ်တယ်နော် မြတ်''



နူးညံ့သောလက်ကလေးကို မြတ်နိုးစွာ ငုံ့မွေးရှိုက်နမ်းရင်း ခုဆိုလိုက်တော့ မြတ်က သူမလက်ကလေးကို သူ့လက်အတွင်းမှ ခင်သာစွာ ရုန်းဖယ်ရန်ကြိုးစားရာ သူဘယ်လိုမှ သည်းမခံနိုင် တော့ဘဲ မြတ်ကိုယ်လေးကို ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက် ်လိုက်ပါသည်။

''မြတ်ရယ်''

''အို''

လှပသော အချစ်ညများကို မြတ်နိုးလိုက်လှဲခြင်းတွေ စ်မဝနိုင်စွာ ကြင်နာယုယစွာ ဖြတ်သန်းခဲ့သည့် အချိန်လေးတွေက အင်မှာ ဘယ်လိုမှ မေ့လို့မရအောင် တမ်းတစရာနေ့များ ဖြစ်၍လာ ရသည့်အဖြစ်ပါ။

အစ်ကိုနောင်...ပြန်လာသည့် အချိန်မှာ မြတ်ကိုပေးထား ည့် ကတိစကားအတိုင်း မြတ်နှင့်အတူ ရန်ကုန်မြေကို အလည် သောမျိုး လိုက်ပါခဲ့ရာ စိုင်းဇောဟန်သည်လည်း အစ်ကိုနောင် ်အတူ တစ်ပါတည်း လိုက်ပါခွင့်ရအောင် နည်းမျိုးစုံကြိုးစားပြီး ်ခဲ့သည်။

မြတ်ကိုမခွဲနိုင်လို့၊ မြတ်ကိုသိပ်ချစ်လို့ဆိုတာ မြတ်သိ အောင် နေပြခဲ့ပေမယ့် အစ်ကိုနောင့်ရှေ့မှာတော့ ဟန်ဆောင်ထိန်း ်မှုလေးတွေနှင့် ဣန္ဒြေမပျက်နေခဲ့ပါသည်။

အစ်ကိုနောင့်အလစ်မှာတော့ မြတ်ဆိုတာ သူ့ရဲ့အချစ် ာ၊ မေတ္တာအိုအေစစ်လေးကို အခက်အခဲတွေကြားက မရအရ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားဖန်တီးတည်ဆောက်ခဲ့သူ။

မြတ်ကို သူ့ရင်ခွင်ထဲ ထွေးသိပ်ရင်း လက်ထပ်ဖို့ အမျိုးမျိုး ခွင့်တောင်းပေမယ့် မြတ်၏ ပုံစံလေးက မတုန်မလှုပ်၊မချွင်းမချ အသည်းယားစိတ်ဖြင့် မြတ်တစ်ကိုယ်လုံးကို သူ့အချစ်များဖြင့် နွေးထွေးပစ်လိုက်မိသည်က အကြိမ်ကြိမ်။

မြတ်ထံမှ အဖြေကိုက မရခဲ့။

သည်ကြားထဲ ကိုသက်ထွန်းကို မြတ်၏ ချစ်သူခင်ပွန်းလောင်းအဖြစ် အစ်ကိုနောင်နှင့် မိတ်ဆက်ပေးသည့် မြတ်ကြောင့် စိုင်းစောဟုန်ရင်မှာ နာကျင်စွာ အခံရခက်ခဲ့ရသည့်အဖြစ်။

နောက်ဆုံး အစ်ကိုနောင်ပြန်တော့ သူပါ အတူလိုက်ပြန်ခဲ့ရသည်။မတတ်သာလွန်း၍ ခွဲခွာလိုက်ရပေမယ့် သူ့နှလုံးသားသူ့စိတ်ဝိညာဉ်က မြတ်ထံပါးမှ ရစ်ဝဲကျန်ရစ်ခဲ့သည်။

အစ်ကိုနောင်ကတော့ အိမ်မြှောင်အမြီးပြတ်သလို ဖြစ်နေသော သူ့အဖြစ်ကို မရိပ်မိတာလား၊မသိဟန်ဆောင်နေတာလားမသိ။ မြတ်နှင့်ပတ်သက်ပြီး ညီဖြစ်သောသူ့ကို ဘာတစ်ခုမှ မပြောဆိုခြင်းမပြုဘဲ နန်ဖူလုံကို ပြန်သွားရာမှ အစပြု၍ ကြေကွဲစရာတွေ ဖြစ်လာခဲ့ရခြင်း ဖြစ်သည်။

သူတို့ပြန်လာပြီး သိပ်မကြာလိုက်ပါ။ မြတ်က သူ့အချစ်ကို ဂရုမစိုက်သလိုပုံစံနှင့် ကိုသက်ထွန်းနှင့် တရားရုံးမှာ လက်ထပ်လိုက်တော့ စိုင်းစောဟုန် အရူးကြီးလို ဖြစ်ကျန်ရစ်သည်။

ရက်စက်တဲ့ မြတ်…။





နှလုံးသားမရှိတဲ့ မြတ်ကို တမ်းတရင်း ဆောက်တည်ရာမဲ့ဖြစ်နေချိန်မှာ အစ်ကိုနောင် အပြင်းဖျားသဖြင့် မြတ်ကို သံကြိုးရိုက်ပြီး လှမ်းအကြောင်းကြားလိုက်သည်။ ထင်သည့်အတိုင်း မြတ်ရောက်လာပါသည်။

တစ်ယောက်တည်းတော့မဟုတ်၊ မြတ်အပေါ်မှာ ကိုသက်ထွန်းဆိုသည့် ခင်ပွန်းသည် အသစ်စက်စက်လေးနှင့် ဖြစ်သည်။ ပြုံးရွှန်းမပျက် မြတ်တို့ကို လှိုက်လှဲစွာ ကြိုဆိုပြီး အစ်ကိုနောင်ရှိရာကို စိုင်းစောဟုန်ကိုယ်တိုင် လိုက်ပို့ပေးရင်း ဟိုတုန်းက ချစ်ခဲ့ရသည့်ရက်တွေကို မပြတ်သတိရနေ၏။

မြတ်၏ခင်ပွန်းက သူတို့အဖြစ်ကိုမသိ။ မြတ်အပေါ်မှာ ဂရုယုယကြင်နာမှုတွေနှင့် အပျော်ကြီးပျော်နေပုံက ချစ်တတ်သူ၏နှလုံးသားကို ဓားနှင့်မွှန်းနေသကဲ့သို့ မှတ်ထင်ရသည်။

သို့သော် ကိုသက်ထွန်း၏ အပျော်မှာ ကြာရှည်မခံလိုက်ပါ။ နောက်ပိုင်းရှိ သူ့ကုမ္ပဏီမှာ ပြဿနာဖြစ်၍ မြတ်ကို လူမမာအစ်ကိုနားမှာ စိတ်မချနိုင်စွာ၊ မခွဲနိုင်စွာ ထားရစ်ပြီး ရန်ကုန်ကို ပြန်သွားသည်။

ကိုသက်ထွန်းက ခေါ်၍ မြတ်ပြန်လိုက်သွားသည့်အချိန်မှာ ရင်နာစွာ လက်ပိုက်ကြည့်နေရစ်ခဲ့ရသည်။ ဖြစ်နိုင်လျှင် မြတ်လက်ကိုဆွဲပြီး အားလုံးနှင့် ဝေးရာကို ထွက်ပြေးသွားလိုပါသော်လည်း လက်တွေ့မှာ သူ့စိတ်ကူးတွေက ဘာတစ်ခုမှ ဖြစ်မလာ။

အစ်ကိုနောင် ကျန်းမာသွားသလို မြတ်လည်း သူတို့ဆီကို



www.burmeseclassic.com

www.burmeseclassic.com

မလာတော့။ မနေနိုင်သူက မြတ်ချက်နှာလေးကို တွေ့မြင်ချင်သည့် စိတ်ဆန္ဒကို ဘယ်လိုမှမထိန်းချုပ်နိုင်သည့်အဆုံး မြတ်ရှေ့မှောက်ကို ရောက်ခဲ့ရသည်။

မြတ်မသိအောင်၊ မြတ်မတွေ့အောင် မြတ်၏ မျက်ကွယ် တစ်နေရာမှ မြတ်၏လှုပ်ရှားမှုများကို တိတ်တခိုး စောင့်ကြည့်ရင်း မြတ်နှင့်ကိုသက်ထွန်း၏ ပြဿနာတစ်စွန်းတစ်စကို အိမ်ဖော်လုပ်သူ ထံမှ သိခွင့်ရခဲ့သည်။

မြတ်မှာ ကိုယ်ဝန်ရှိနေခြင်းကြောင့် ကိုသက်ထွန်းနှင့် ပြဿနာတက်ရသည့် သတင်းဆန်းက စိုင်းစောဟုန်အတွက် အထူး အဆန်းလိုဖြစ်နေ၏။ နောက်မှ စဉ်းစားအဖြေရှာရင်း တစ်စုံတစ်ခု ကို သဘောပေါက်လာသလို ထင်မိသည်။

သူ့ရင်တွေ တဒိတ်ဒိတ်ခုန်သွားသလို အသက်ရှုပင် ရပ်လု မတတ်ဖြစ်သွားသည်။မြတ်မှာရှိနေတဲ့ ရင်သွေးလေးက သူ့ရင်သွေး များလား။

ဟုတ်နေခဲ့ရင်···ဆိုသည့် အတွေးဖြင့် ကိုသက်ထွန်းအလစ် ကိုစောင့်ပြီး မြတ်နှင့်တွေ့သည်။

"မြတ်"

"ဟင်"

"မင်း···မင်း ဒီကိုဘာလာ သုပ်တာလဲ"

သူ့ကိုမြင်သည်နှင့် မြတ်ပျက်နှာလေး ထိန်းမရအောင် ပျက်သွားတာကို မြင်လိုက်ရတော့ စိုင်းစောဟုန်ရင်မှာ ထိခိုက်





ကြေကွဲသွားသည်။

"မြတ်အတွက် မောင်က အဲဒီလောက်တောင် ကြောက်စရာကောင်းနေပြီလား မြတ်ရယ်"

"ပြောပါဦးဗျာ"

"အို···မဟုတ်ဘူး၊ ရုတ်တရက်ဆိုတော့ အံ့သြသွားလို့ပါ၊ မောင်လေးက လွှတ်လိုက်တာလားဟင်"

"အစ်ကိုနောင်လွှတ်တာ မဟုတ်ဘူး မြတ်၊ မောင့်ဘာ သာ မြတ်နဲ့တွေ့ဖို့ လာတာပါ"

"အို"

လှပသော မြတ်မျက်နှာလေး ပျက်သွားတာကို ကြည့်ပြီး သူမပျော်နိုင်ပါ။ တဒိတ်ဒိတ်ခုန်သောရင်ဖြင့် သူသိချင်သောအဖြေကို မြတ်ကိုမေးသည်။မြတ်က ဘယ်လိုမှဝန်မခံ။

ရင်နာစွာ သူပြန်ခဲ့ရသည်။

အချိန်တွေကြာခဲ့ပြီဆိုပေမယ့် အဖြစ်အပျက်တွေက မနေ့ တစ်နေ့ကလို့ ထင်ရသည်။သမီးလေး စောခမ်းမုံ လေးနှစ်သမီး အရွယ်မှာ အစ်ကိုနောင်ဆီကိုလာရင်း အပြင်းဖျားသည့်ရောဂါနှင့် ပင် ခင်ပွန်းသည်လက်ထဲမှာ မြတ် ဆုံးပါးသွားခဲ့သည်။

သူ့အတွက် စောခမ်းမုံပေးခဲ့သော စာတစ်စောင်ကို ဦးသက်ထွန်းမှတစ်ဆင့် သူလက်ခံရရှိခဲ့သည်။ ထိုစာထဲမှာ သူသိ ချင်သော အဖြေကို စိုင်းစောဟုန် သိခွင့်ရခဲ့ပေမယ့် အချိန်တွေက နှောင်းခဲ့ပြီ။

*စော···*


www.burmeseclassic.com

www.burmeseclassic.com

တလေးကို ဖွင့်အဖတ်မှာ သူ့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပြီး ကြားနာခွင့်မရခဲ့သည့် မြတ်ထံမှာ လိုက်လှဲနွေးထွေးသော ခေါ်သံလေးကို သူမကိုယ်တိုင် ခေါ်လိုက်သလို သူ့နားမှာ ကြားယောင်လာမိသောအခါ ရင်မှာနင့်ခနဲ ကွဲကြေသွား၏။

*မစိမ်းကားမကြီး…အသည်းနှလုံးမရှိတဲ့ မိန်းမလို့ စောဘယ်လိုပဲ ခေါ်ခေါ် ရင်မနာသလို နေပြခဲ့ပေမယ့် အသည်းနှလုံးမှာတော့ မခံမရပ်နိုင်အောင် ခံစားကြေကွဲခဲ့ရတဲ့ မြတ်ပါကွယ်။*

*ဆိုခဲ့စေ မြဲစေဆိုသလို ကျွံပြီးသားကတိတစ်လုံး ထားရှိခဲ့ပြီးမှ ဘာအပြစ်မှမရှိတဲ့ လက်ထပ်ရမယ့် ချစ်သူကို ပြစ်ပယ်ပြီး သစ္စာမဲ့ရက်တဲ့ မုဆိုးတစ်ပိုင်း မိန်းမရှိုင်းတစ်ယောက်ဘဝကို မခံယူလိုတဲ့ မြတ်ဟာ စောအတွက် ခါးခါးသီးသီး မုန်းတီးပစ်ရမယ့်သူပါ။*

*မြတ်ကို စော မုန်းတီးပါစေလို့ ဆုတောင်းခဲ့ပေမယ့် ဆုတောင်းက မပြည့်လေဘူး စောရယ်။*

*စောကို မြတ် မမုန်းပါဘူး။ ဒါပေမယ့် စောဆန္ဒကိုလည်း မလိုက်လျောနိုင်ခဲ့ဘူး။*

*ထားရှိပြီးသားကတိစကားအတွက် သစ္စာတည်ခဲ့တဲ့ မြတ်ဟာ ကံဆိုးကံကောင်း မခွဲခြားနိုင်အောင် သူလေးက မြတ်နဲ့အတူ လိုက်ပါလာခဲ့လေတော့…*

"မြတ်"

ချစ်ရသူအမည်ကို အရူးတစ်ယောက်လို အကျယ်ကြီး သူ အော်ဟစ်ခေါ်လိုက်သည်။ ရင်ကွဲမတတ်၊ အသည်းမွမွကြေမတတ်နေရာမှာ ခြေစုံရပ်တည်နိုင်စွမ်း မရှိဘဲ လဲပြိုကျသွားသော





သူ့အဖြစ်ကို မြတ် မမြင်တွေ့နိုင်သလို ရင်ကွဲနာကျနေသည့် သူ့အသံကိုလည်း မြတ် မကြားနိုင်တော့ပါ။

မျက်ရည်တွေကြားက မြတ်ရဲ့စာကိုဆုံးအောင် သူ ကြိုးစားပြီး ဖတ်မိသည်။

*စောရယ်…။*

*မြတ်တို့မှာ ဘယ်လိုဆုတောင်းက ပါလာလေတယ်မဆိုနိုင်ဘူးကွယ်။*

*စောနဲ့မြတ်မှာ ဆုံစည်းပေါင်းဖက်ဖို့ ကံကြမ္မာက ပါမလာခဲ့တဲ့အဖြစ်ကတော့ မြတ်တို့နှစ်ယောက်စလုံးအတွက် မြတ်တို့မိသားစုလေးအတွက် ဝမ်းနည်းကြေကွဲစရာ အကောင်းဆုံးအဖြစ်အပျက်ပဲ…။*

*ကိုသက်က မြတ်ကို ခွင့်လွှတ်တယ်တဲ့။ မြတ်ကို ဘာတစ်ခုမှ အပြစ်မဆိုဘူး။*

*အဖြစ်မှန်ကို မြတ် ဖွင့်ဟဝန်ခံခဲ့ပြီးမှ လက်ထပ်ခဲ့တာကိုး။*

*သူ မြတ်ကို သိပ်ချစ်ခဲ့သလို မြတ်ကလည်း သူ့အတွက် သစ္စာတည်ရမယ် မဟုတ်လားကွယ်။*

*အများရဲ့အမြင်မှာ… မြတ်ဟာ ဣန္ဒြေသိက္ခာရှိတဲ့ မိသားစုလေးနဲ့ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရမယ်။*

*သမီးလေးရဲ့ နှလုံးသားမှာ ဘာဒဏ်ရာမှ မရှိစေရဘူး၊ ရှိလည်းမရှိသင့်ဘူး။*

*စော နားလည်လားဟင်။ မြတ်ကို တကယ်ချစ်ရင် အောကတိပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com



*သမီးကို သူ့ဘဝလေးထဲမှာပဲ ဂုဏ်သိက္ခာရှိစွာ ရှင်သန်နေထိုင်ပါစေ။*

*သမီးရဲ့ မေမေကိုလည်း ဂုဏ်သိက္ခာရှိရှိ ဘဝကူးခွင့်ပေးပါ။*

*ဘယ်လိုဆုတောင်းတွေပါလာခဲ့မှန်း မသိရလေတဲ့ . . .*

*မြတ်*

မျက်ဝန်းအစုံကို သူ မှိတ်ချလိုက်တော့ မျက်ရည်ပေါက်ကြီးတွေ တားမရဆီးမရ ပြိုဆင်းကြသည်။

ဘယ်လိုဆုတောင်းတွေ ပါလာခဲ့မှန်း မသိရလေတဲ့ မြတ်ရယ်။ ဒီစာကို မြတ် ဘယ်လိုနှလုံးသားခံစားချက်နဲ့ ရေးခဲ့သလဲဆိုတာ စော သိရပါပြီဗျာ။

မြတ် တောင်းဆိုတဲ့ ကတိကိုလည်း မြတ်ကိုသိပ်ချစ်လို့စော အသက်ရှင်နေသ၍ ကာလပတ်လုံး မြတ်ရော သမီးလေးကိုရော ဂုဏ်သိက္ခာရှိရှိ ရပ်တည်သွားနိုင်ဖို့ မောင့်ရင်ထဲက စိတ်ဆန္ဒတွေကို မျိုသိပ်ချုပ်တည်းပြီး နေပါတော့မယ်လို့ မြတ်ကို မောင်ကတိပေးပါတယ် အချစ်ရယ်။

ကတိပေးပါတယ်ဗျာ . . .။

ကတိစကားအတိုင်း မြတ် ဖြစ်စေချင်သည့်အတိုင်း သူ့ဘဝကို ရှင်သန်ရပ်တည်စေခဲ့သော ဦးစိုင်းစောဟုန်။ ဦးသက်ထွန်းကိုယ်တိုင် သမီးလေးအပေါ်မှာ ကိုယ့်ရင်မှဖြစ်သော သားသမီးပမာ ချစ်မြတ်နိုးမှုအစစ်ကို စိတ်ကျေနပ်လောက်အောင် စုံစမ်းပြီးမှ သမီးလေးကို သူ့မာမိ ဖြစ်စေချင်သည့်အတိုင်း အေးငြိမ်းချမ်း





မြသော ဘဝကို တည်ဆောက်စေခဲ့သောအဖြစ်။

သံယောဇဉ်နှယ်၊ တွယ်တာမိလျှင် ဖြတ်မရတော့သံယောဇဉ်နွံထဲ နစ်ကျွံမဝင်မိစေရန် သူ့ကိုယ်သူ တင်းကြပ်မှုတွေပေးပြီး အဝေးဆုံးအရပ်မှာ တစ်ယောက်တည်း အထီးကျန်ဆန်စွာနေခဲ့ပေမယ့် ကံကြမ္မာတစ်မျိုး ဖန်လာကြပြန်တော့လည်း သူမေ့ထားသော အကြောင်းအရာတွေက အသစ်တစ်ဖန် ပြန်လည်ရှင်သန်လို့လာရသည့်အဖြစ်လေ။

မြတ်ရယ် . . .

သမီးလေးက မောင့်မျက်စိရှေ့ကို ရောက်လာခဲ့ပြီ အသက်ရယ်။

မောင် ဘာလုပ်ရမလဲ။

မောင် ဘာလုပ်ရမလဲ မောင့်အချစ်ဆုံးရယ်။

ဒယီးဒယိုင် ကိုယ်ကိုမတ်နိုင်ပြီး ခုတင်ပေါ်သို့ သူ့ကိုယ်ကြီးကို ပစ်လှဲချလိုက်သည်။

ပွင့်နေသော မျက်ဝန်းအစုံမှာ ဘာမှမမြင်။ ရင်တစ်ခုလုံးဟင်းလင်းပြင်ကြီးလို ဖြစ်နေ၏။

သို့သော်လည်း မျက်ဝန်းထောင့်စွန်းမှ တစ်ပေါက်ချင်းစီးကျလာသည့် မျက်ရည်များကိုတော့ဖြင့် တားဆီးရန် မစွမ်းနိုင်သော ခံစားချက်များနှင့် ဖြစ်ပါတော့သတည်း။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

စောခမ်းမုံသည် ဖခင်ကြီး၏မျက်နှာကို တစိမ့်စိမ့်စူးစိုက်ကြည့်ရင်း စိတ်ထဲမှာ မတင်မကျနှင့် ကြိတ်သက်ပြင်းချလိုက်မိပါသည်။

"အဲဒါပဲသမီး၊ သမီးဦးလေးကိုယ်တိုင် လာတွေ့ဖို့ဆိုတာ အလာကောင်းပေမယ့် အခါနှောင်းပြီဆိုရတော့မှာပဲ"

ဟင့်အင်း…။

စောခမ်းမုံ စိတ်ထဲက ပထမဆုံးအကြိမ် ငြင်းဆန်လိုက်ခြင်းဖြစ်ပြီး ဘာကိုငြင်းဆန်လိုက်မိမှန်း သူမဘာသာသူမလည်း ရုတ်တရက် မပြောနိုင်ချေ။

"ဖေဖေ အပြင်ခဏသွားဦးမယ် ဟုတ်လား"

"ဟုတ်ကဲ့"

အလျှင်စလို နှုတ်ဆက်ထွက်ခွာသွားသော ဖခင်ကြီး၏ နောက်ကျောပြင်ကို ငေးကြည့်ရင်း စောခမ်းမုံစိတ်မှာ ဦးလေးစဝ်မိုင်းနောင် တစ်ဖက်နိုင်ငံမှာ ကွယ်လွန်အနိစ္စရောက်သွားပြီဆိုသော





အဖြေကို လက်မခံနိုင်ဘဲဖြစ်နေ၏။

"ခမ်းမုံလေး"

"ဒေါ်အဲရွှေ"

"ဆရာကြီးက ဘာတဲ့လဲ၊ ခမ်းမုံ ဦးလေးနဲ့ တွေ့ရတော့မယ်တဲ့လား"

အားတက်သရော မေးလာသည့် ဒေါ်အဲရွှေမျက်နှာကို စောခမ်းမုံ မော့ကြည့်လိုက်ပြီး ဖြေးလေးစွာ ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

"ဦးလေးနဲ့ခမ်းမုံ ဘယ်တော့မှ မတွေ့ရတော့ပါဘူး ဒေါ်အဲရွှေရယ်"

"ဘယ်လို ခမ်းမုံပြောတာ ဒေါ်အဲရွှေ နားမလည်ဘူးကွဲ့၊ ဆရာကြီးက ဘယ်လိုများပြောလို့လဲ"

"ဦးလေးဆုံးသွားပြီတဲ့"

"ဟင်"

ဖေဖေပြောပြသည့်အတိုင်း ဒေါ်အဲရွှေကို စောခမ်းမုံကပဲ ပြန်ပြောပြလိုက်ရာ ဒေါ်အဲရွှေက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးမှ…

"အေးပေါ့လေ…ခမ်းမုံလေးနဲ့သူက တွေ့ဖို့မှ ကံပါမလာပဲ၊ ဘယ်တတ်နိုင်မှာလဲ ကလေးရယ်၊ ကံစီမံရာအတိုင်းပဲ ဖြစ်ရမှာပေါ့"

"ခမ်းမုံစိတ်ထဲမှာ ဓါတ်ပုံထဲကဦးလေးဟာ တင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ သက်ရှိထင်ရှားရှိနေတယ်လို့ ထင်နေတာ မထူးဆန်းဘူးလား ဒေါ်အဲရွှေ"

"အင်း…ဒါကတော့ ကလေးစိတ်မှာ သူ့ကို သိပ်ပြီး မြင်ချင်တွေ့ချင်လို့ စိတ်စွဲနေတာမျိုး ဖြစ်မှာပေါ့ကွယ်၊ ခမ်းမုံလေး ဖေဖေကိုယ်တိုင် ဒီကိစ္စကို သေချာစုံစမ်းပြီးမှ ပြောသွားတာဆိုတော့ သေချာလို့ပဲဖြစ်မှာပေါ့ ကလေးရယ်၊ ဖြစ်လာမှတော့ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ကွယ်၊ လူ့လောကကြီးက အင်မတန်ရှုပ်ထွေးပါတယ်၊ ကိုယ်ကဖြစ်ချင်တိုင်းလည်း ဖြစ်ရတာမရှိဘူး၊ ဟော…ကိုယ်ကမဖြစ်ချင်ပေမယ့်လည်း ဖြစ်ချင်ဖြစ်နေတတ်တာမျိုး မဟုတ်လား"

"ဖြစ်ချင်တာတွေ ဖြစ်မလာတော့လည်း ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ လုပ်ကြရမှာပေါ့၊ ရောက်တုန်းရောက်ခိုက် ဗဟုသုတလည်းရ အာရုံလည်း အပြောင်းအလဲလေးဖြစ်အောင် မောင်ခွန်ကြာနဲ့ ဒီအနီးပတ်ဝန်းကျင်ကို လျှောက်လည်ပါလား ကွယ်"

"ဒေါ်အဲရွှေ မောင်ခွန်ကြာကို ခေါ်လိုက်မယ် ဟုတ်လား"

"ဒေါ်အဲရွှေ"

စောခမ်းမုံ လှမ်းခေါ်လိုက်သံကို ကြားသော်လည်း ဒေါ်အဲရွှေက စောခမ်းမုံကို လှည့်မကြည့်ဘဲ ထွက်သွားရာ စောခမ်းမုံလည်း နေရာမှာ တွေဝေငြိမ်သက်စွာ ကျန်ရစ်ခဲ့ပါသည်။

ဒေါ်အဲရွှေမှာ စောခမ်းမုံ စိတ်မကောင်းဖြစ်ရရှာသည့်





အဖြစ်အတွက် သူတတ်စွမ်းသော အားပေးနှစ်သိမ့်စကား ဆိုပြီးနောက် စောခမ်းမုံ အာရုံအပြောင်းအလဲလေးမှ ဖြစ်ပါစေတော့ရယ်လို့ အခုလို စီစဉ်လိုက်ခြင်းဖြစ်ကြောင်း စောခမ်းမုံ နားလည်နေပါသည်။

သူမကိုယ်တိုင်လည်း စိတ်မှာ ထိခိုက်ခံစားနေသည့်အတွက် အပြောင်းအလဲတစ်ခုကို လိုချင်နေမိသည်ကလည်းအမှန်ဖြစ်ပါသည်။

"စောခမ်းမုံ"

"ဩော်…ဦးခွန်ကြာ"

"ကိုယ့်ကိုခေါ်တယ်ဆို"

"ရှင်"

စောခမ်းမုံ ဦးခွန်ကြာ၏ မျက်နှာကို မော့ကြည့်လိုက်စဉ်မှာပင် ဒေါ်အဲရွှေ သူမတို့နား ရောက်လာသည်။

"သူ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် နေရာကောင်းကောင်းလေးတွေကိုသာ ခေါ်သွားပါကွယ်၊ ကလေး စိတ်ထိခိုက်နေရှာလို့ပါ"

"ဒေါ်အဲရွှေ"

စောခမ်းမုံက သူမအကြောင်း ဦးခွန်ကြာကို ဘာတစ်ခုမှ မပြောစေလိုပါသော်လည်း ဒေါ်အဲရွှေကဖြင့် သူမ၏ အရိပ်အခြေကို တစ်ချက်မကြည့်ဘဲ သူပြောချင်ရာကို ပြောနေပါသည်။

"ကလေးလိုက်ရှာနေတဲ့ ဦးလေးက ဆုံးရှာပြီတဲ့ကွယ်၊ ခမ်းမုံလေးခမျာ သိပ်ပြီးမျှော်လင့်ထားတာ ဘယ်တတ်နိုင်မလဲကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ဖန်လာမှကိုး မောင်ခွန်ကြာရဲ့"

ခွန်ကြာမှာ အခုမှ ချစ်ရသူလေး၏ ညှိုးဖျော့နေသော်လည်း အလှမပျက်သော မျက်နှာလေးကို စာနာမြတ်နိုးခြင်းများစွာ တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ရာ စောခမ်းမုံက မျက်လွှာချထားသဖြင့် လှပဝိုင်းစက်သော မျက်ဝန်းပြာအစုံကို မမြင်လိုက်ရချေ။

"ကျွန်တော် နားလည်ပါပြီ ဒေါ်အဲရှေ၊ ကျွန်တော်တို့ အခုပဲ သွားကြတော့မလားဟင်"

"ဦးခွန်ကြာ သဘောပါ"

တိုးတိတ်ညင်သာသော အသံလေးက နားစည်ကို ကျော်ဖြတ်ပြီး ခွန်ကြာ့နှလုံးသားမှာ နင့်နဲ့စွာ စူးစိုက်ဝင်ရောက်သွားသည်။

ဦးခွန်ကြာ သဘောတဲ့လား စောခမ်းမုံလေးရယ်။ ကိုယ့်သဘောအတိုင်းဆိုရင်တော့ ကိုယ်ချစ်မြတ်နိုးတဲ့ ချစ်ရသူလေးအပေါ်မှာ ကျရောက်လာမယ့် ဒုက္ခ၊ သောက၊ အခက်အခဲတွေအားလုံး ချစ်သူလေးအပေါ်မှာ ဘာတစ်ခုမှ မကျရောက်စေပဲ ကိုယ်တစ်ယောက်ထဲ ကျခံချင်တဲ့သူဆိုရင် ကိုယ်ချစ်မြတ်နိုးရတဲ့ ချစ်သူလေး ယုံနိုင်ပါ့မလားဗျာ…။

"ကောင်းပြီလေ…ဒါဆို အခုပဲ ကျွန်တော်တို့ သွားလိုက်ကြတာပေါ့နော်၊ စောခမ်းမုံ မရောက်ဖူးသေးတဲ့ နေရာတွေကို ကျွန်တော်လိုက်ပို့ပေးပါရစေ"

စောခမ်းမုံထံမှ ဘာသံမှထွက်မလာပါ။ သူခေါ်ရာနောက်ကိုသာ တိတ်ဆိတ်စွာ လိုက်ပါလာရှာပါသည်။

ဆရာ့စကားကို နားထောင်တတ်သော လိမ္မာသော





…လေးငယ်ပမာ စောခမ်းမုံမျက်နှာလေးမှာ ညင်သာသိမ်မွေ့စွာ …ယ်လှပခြင်းများနှင့်အတူ အားငယ်ဖျော့တော့ခြင်းကိုပါ မြင်တွေ့…သောအခါ သက်ပြင်းကြိတ်ချမိသူက ခွန်ကြာကိုယ်တိုင် ဖြစ်နေ…ည်။

ကွေ့ကောက်သော လမ်းအတိုင်း ခွန်ကြာကားလေး ပြေး…သလို စောခမ်းမုံ၏ အတွေးများလည်း ဦးတည်ရာမဲ့ ပြေးလွှား…မည်လား သူသိချင်နေမိသည်။

"ဦးခွန်ကြာ"

"ပြောပါ စောခမ်းမုံ"

"ခမ်းမုံကို ဟိုတစ်ခါကပို့ပေးတဲ့ နေရာကိုပဲ ပို့ပေးပွါ"

"ကောင်းပါပြီ စောခမ်းမုံ"

ဆောင်ချန်းလိမ်ကမ်းပါးကို ဆိုလိုမှန်း သဘောပေါက်…ိုက်၍ ခွန်ကြာ၏ကားလေး ဦးတည်ချက် ပြောင်းလွဲသွားသည်။

တစ်လမ်းလုံး စောခမ်းမုံပုံစံလေးက ငြိမ်သက်နေသလို…ည်သည့်စကားကိုမှလည်း ထပ်မဆိုတော့ပါ။ ခွန်ကြာက သူ့ကား…ို ဆောင်ချန်းလိမ်ကမ်းပါး၏ အလှပဆုံးနေရာမှာ နေရာယူရပ်တန့်…ိုက်ပါသည်။

စောခမ်းမုံသည် ရုတ်တရက် ကားပေါ်မှ မဆင်းသေးဘဲ …က်စိရှေ့တည့်တည့်ရှိ တွေ့မြင်နေရသော မြင်ကွင်းကို တွေတွေ…ဆလေး ငေးကြည့်နေပါသော်လည်း ဘာကိုမှ မြင်တွေ့ပုံမရပါ…ချေ။

ခွန်ကြာသည် သူ့အတွေးအာရုံနှင့်သူ ငြိမ်သက်နေသော



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံ၏ မျက်နှာလေးကို တစ်ချက်မှ စူးစိုက်ကြည့်လိုက်ပြီး နောက် သူ့ကြောင့် အနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ပြီး ခပ်လှမ်းလှမ်းတစ်နေရာမှာ သွားရောက်ရပ်တန့်နေလိုက်ပါသည်။

မေမေ…။

စောခမ်းမုံ့ရင်တွင်းမှာ လှိုက်လှဲစွာ ခေါ်ငင်လိုက်ခြင်း ဖြစ်ပါသည်။ နောက်ဆုံးတော့ စောခမ်းမုံဆိုသည့် သူမတွင် မည်သည့်အားကိုးတွယ်တာရာဟူ၍ မရှိကြောင်း ကောင်းစွာသဘော ပေါက်လာသောအခါ သူမရင်မှာ ဆစ်ခနဲ နာကျင်စို့နင့်စွာ ကွဲကြေ သွားလေသည်။

ရေနစ်သူတစ်ယောက်လို ကောက်ရိုးမျှင်ကိုပင် အားကိုး မိရာရယ်လို့ ယုံကြည်မှတ်ထင်ခဲ့မိသူ၏ ခရီးဆုံးက ဤနေရာမှာပင် ကြေကွဲအထီးကျန်စွာ နိဂုံးချုပ်ရပေပြီ။

မေမေတို့ မောင်နှမနှစ်ယောက် ဟော့ဒီနှင်းမြူတိမ်ဖုံးသော တောင်ပြာတန်းတွေအလယ်မှာ ပြန်လည်ဆုံတွေ့နေကြမည်လား ဒီလိုသာ အမှန်တကယ်ဆိုရင်ဖြင့် ပြန်လည်ဆုံစည်းခွင့် ရခြင်းတို့ထက် ကျေးဇူးတင်ရတော့မည်ထင်သည်။

ကံကြမ္မာရယ်…စောခမ်းမုံဆိုတဲ့ မိန်းကလေးတစ်ယောက် အပေါ်မှာ ဘယ်လိုစီရင်ချက်တွေများ ချမှတ်စီရင်ခဲ့ပါသလဲကွယ်

လှပသော မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့ ပြည့်လာ ခြင်းကို မတားဆီးနိုင်ခဲ့ပါ။ ပါးပြင်ပေါ် ပွန္နေးသော မျက်ရည် ပေါက်တို့ လျောကျစီးဆင်းလာ၏။

စောခမ်းမုံ၏ ခန္ဓာကိုယ်လေးမှာ ကား၏နောက်မှီ





တတ်စတစ်ခုနှယ် ပျော့ခွေနွမ်းလျက် ငြိမ်သက်နေ၏။ သစ်ပင်များ လတိုးဝှေ့သံ ငှက်ငယ်တို့၏ အော်မြည်သံက အထီးကျန်ခြင်းကို အားဖြည့်နေသကဲ့သို့ ရှိသည်။

သူမ ဘာဆက်လုပ်ရမည်နည်း။

စောခမ်းမုံတွင် ရှိနေသော နောက်ဆုံးမျှော်လင့်ချက်သည် ဆင်လျှင် ဖမ်းယူဆုပ်ကိုင်၍ မရနိုင်သော အိပ်မက်တစ်ခုပမာ လွင့်မျောပျောက်ဆုံးသွားခဲ့လေပြီ။

ဘယ်တော့မှ ပြန်မဆုံနိုင်တော့သော ခရီးရှည်ကြီးကို ဆက်ခွာသွားနှင့်သူတွေအတွက် ကျန်ရစ်ခဲ့သူ၏ ရင်မှာ ခံစားရ သော စိတ်ဒုက္ခ သောကဝေဒနာကို ဘယ်ပုံသိရှိနိုင်ကြမည်နည်း။

စောခမ်းမုံ ခံစားနေရသော ဝမ်းနည်းအားငယ်ခြင်း အဖြစ် တို့ ဖြေသိမ့်ပေးနိုင်မည့်သူ တစ်စုံတစ်ရာ မရှိ။ အိပ်စက်ရာ ခေါင်း အုံးလေးသည်သာ သူမ၏ တိုးတိုးဖော်ဖြစ်သည်။

အဆုံးအစမရှိသော အတွေးကမ္ဘာမှာ စောခမ်းမုံ၏ စိတ် အစဉ်မှ လေမှာနှင်သောရွယ်နှယ် လွင့်ချင်တိုင်း လွင့်မျောလိုက်ပါ သွားက်ရှိရာ အချိန်တို့ကုန်မှန်းမသိ ကုန်လွန်သွားရသည့်အဖြစ်ကို သတိမထားနိုင်ခဲ့ချေ။

"စောခမ်းမုံ"

တိုးတိတ်ညင်သာ ဦးခွန်ကြာ၏ ခေါ်သံက စောခမ်းမုံကို အတွေးကမ္ဘာမှ ရုန်းထွက်၍ လက်ရှိလောကထုအတွင်းသို့ ပြန်လည် သက်ဆင်းစေပါသည်။

"မိုးချုပ်နေပြီ၊ ကိုယ်တို့ပြန်ကြစို့လား"



www.burmeseclassic.com

www.burmeseclassic.com



စောခမ်းမုံသည် ဦးခွန်ကြာ၏ မျက်နှာကို မျက်ရည်
သော မျက်ဝန်းအစုံဖြင့် ငေးငေးလေးမော့ကြည့်လိုက်မိရာ အ
တလည်း ညင်သာသိမ်မွေ့နေသော နူးညံ့လွန်းသည့် မျက်
အကြည့်များဖြင့် ဆုံစည်းမိရာ သူမရင်ထဲမှာ တစ်ခါမှ မခံစား
သော ခံစားချက်တစ်မျိုးဖြင့် ညင်သာလှုပ်ခတ်သွားသည်။

“စောခမ်းမုံရင်ထဲက ခံစားချက်ကို ကိုယ်နားလည်
တယ်၊ ဒါပေမယ့် ဒီနေရာက ဒီထက်ပိုပြီး မိုးချုပ်လာရင် မကော
ဘူးလေ၊ ကိုယ်ပြောတာ စောခမ်းမုံ နားလည်ပါတယ်နော်”

“ဟုတ်ကဲ့…ခမ်းမုံ နားလည်ပါတယ်ရှင်၊ ခမ်းမုံ အိမ်
ပြန်ပါတော့မယ်”

စောခမ်းမုံလေးရယ်…။

မြတ်နိုးကြင်နာစွာ ရင်ခွင်မှာပိုက်ထွေးယုယပြီး ခံစား
တဲ့ သောကဝေဒနာတွေကို အားပေးနှစ်သိမ့်လိုက်ချင်ပေမေ
စောခမ်းမုံဆိုတာ ဆွတ်ချူရန်မဝံ့လေသော ပင်မြင့်ယံက မေ
ချစ်ပန်းဖြစ်၍နေရာ ရင်ထဲက စိတ်ဆန္ဒကို မျိုသိပ်ချုပ်တည်းခြင်း
သာလျှင် သူလိုလူတစ်ယောက်အတွက် အကောင်းဆုံးဟု ဆိုရ
အခြေအနေသာဖြစ်ပါသည်။

ကားလေးကို လာရာလမ်းအတိုင်း ဦးတည်လိုက်သည်
ကြီးစိုးလာသော အမှောင်ထုက မကြာမီမှာပင် တစ်လောကလုံး
အုပ်စိုးမင်းမူပေတော့မည်။

ကားကို တည်းခိုနေသော ခြံအတွင်းသို့ ချိုးကွေ့ဝင်လို
သောအခါ ဖေဖေတို့ကားရပ်ထားတာကို မြင်တွေ့လိုက်ရသည်





ဧည့်ခန်းမှာ ဧည့်သည်များဖြင့် စကားပြောနေသော ဖေဖေနှင့် အန်ကယ်မင်းဇော်ကို တွေ့ရသည်။

“သမီးပြန်လာတာနဲ့ အတော်ပဲ၊ ဒီမှာ ဧည့်သည်တွေနဲ့ သမီးကို မိတ်ဆက်ပေးချင်လို့၊ လာပါဦး”

“ဟုတ်ကဲ့ ဖေဖေ”

ဧည့်ခန်းဆီသို့ လှမ်းအဝင် ဖခင်ကြီးက လှမ်းခေါ်လိုက်သဖြင့် စောခမ်းမုံမှာ ဖေဖေညွှန်ပြသည့် ခုံမှာ အသာဝင်ထိုင်လိုက်ပါသည်။

“ဒါ…ကျွန်တော့်ရဲ့ တစ်ဦးတည်းသောသမီးလေး စောခမ်းမုံပဲ၊ သိပ်လိမ္မာတဲ့ သမီးလေးပေါ့ဗျာ၊ ကိုမီးနော်”

“ဟုတ်ကဲ့ …တွေ့ရတာဝမ်းသာပါတယ်ဗျာ၊ ခင်ဗျား သမီးက အဖေတူသမီးပဲဗျာ”

“ဟုတ်တယ်…ဟုတ်တယ် ကျွန်တော်နဲ့တူတဲ့ သမီးလေးမို့ ကျွန်တော် အမြဲဂုဏ်ယူနေရတာပါဗျာ”

အို…။

ဖေဖေ အရက်တွေသောက်ထားတာပါလား။ အရက်ရှိန်ဖြင့် နီမြန်းနေသော ဖေဖေ့မျက်နှာကို ကြည့်ကာ စောခမ်းမုံစိတ်မှာ အံ့သြနေမိသည်။

သူမဘဝမှာ ဖေဖေ့ကို အခုလိုပုံစံမျိုးနှင့် တစ်ခါမှမမြင်တွေ့ဘူးခဲ့ပါ။ ဒါကြောင့် ဖေဖေ့ပုံစံ တစ်မျိုးထူးခြားနေခြင်းဟု အခုမှ သဘောပေါက်လိုက်သည်။

အရက်ရှိန်ကြောင့် ဖေဖေ့နှုတ်များမှာ စကားတွေသွက်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

''ကျွန်မကို ခွင့်ပြုပါဦးရှင်၊ ဖေဖေ ခမ်းမုံ့ အပေါ်တက်တော့မယ်''

''ကောင်းပါပြီကွယ်''

''အေး…အေး သမီး အနားယူချည်၊ ညစာစားချိန်မှ ပြန်ဆုံမယ် ဟုတ်လား''

''ဟုတ်ကဲ့ပါ ဖေဖေ''

စောခမ်းမုံ့ အပေါ်ထပ်လှေကားအတိုင်း တက်လာရင်း ဖေဖေ ဘာကြောင့် အရက်တွေသောက်ရတာလဲဟု တွေးနေမိသည်။

စောခမ်းမုံ့ရဲ့ လုပ်ဆောင်ချက်တွေက ဖေဖေ့နှလုံးသားကို ခံစားနာကျင်စေ၍ပဲလားမသိ။ ဒါမှမဟုတ် မေ့မေ့ကို သတိရနေခြင်းလား။

ဖေဖေရယ်…။

ခမ်းမုံ့ကို ခွင့်လွှတ်နားလည်ပေးပါနော်။ ပွင့်နေသော ပြတင်းဝမှရပ်လျက် အလင်းပျပျမှုရှိသော ပတ်ဝန်းကျင်ကို တိတ်ဆိတ်စွာ ကြည့်ငေးနေစဉ်မှာပင် ခြံဝင်းအပြင်ဘက်တစ်နေရာသို့မှ တရွေ့ရွေ့ကျော်နိုင်း ထွက်ခွာသွားနေသည့် လူတစ်ယောက်၏ သဏ္ဍာန်ကို မသည်းမကွဲ မြင်တွေ့လိုက်ရသည်။

မြင်ကွင်းထဲမှ သဏ္ဍာန် ပျောက်သွားချိန်မှာ အခန်းထဲကို ဒေါ်အဲရွှေ ရောက်လာသည်။

''အဆင်သင့်ဖြစ်ရင် ညစာစားကြရအောင်လား ခမ်းမုံ့လေး''





''ကိုယ်လက်သန့်စင်ပြီးရင် ခမ်းမုံ့ ဆင်းလာခဲ့ပါ့မယ် ဒေါ်အဲရွှေ''

''ဟုတ်ပြီ…ဟုတ်ပြီ ဒါဆို ဟင်းချိုအိုးနွေးထားတာနဲ့ အတော်ပဲ ဒေါ်အဲရွှေ ထမင်းပွဲပြင်နှင့်မယ် ဟုတ်လား''

''ဟုတ်ကဲ့''

မျက်နှာချင်းဆိုင် တစ်စုတစ်ဝေးထဲ ဝိုင်းဖွဲ့စားကြတာမို့ အချိန်ဆွဲမနေတော့ပါ။ ရေအေးအေးဖြင့် ကိုယ်လက်သန့်ရှင်းလိုက်ခြင်းဖြင့် စိတ်မှာ အတန်အသင့် လန်းဆန်းသွားမှ အောက်ထပ် ထမင်းစားခန်းကို ဆင်းခဲ့ရာ သူမအရင် ကြိုရောက်နေသော ဦးသောင်း၊ ဦးခွန်ကြာတို့ကို တွေ့ရပြီး ဖေဖေ့ကို မတွေ့ရပါ။

''ဟော…ခမ်းမုံ့လေး ရောက်လာပြီ၊ ထမင်းပွဲလည်း အဆင်သင့်ပဲ၊ ဒီနေ့တော့ ရှမ်းပဲပုတ် ငြုပ်သီးစိမ်းနိုင်နိုင်လေးနဲ့ အိနေအောင် ချက်ထားတယ်၊ အားလုံး အားပါးတရစားကြ ဟုတ်လား''

ဒေါ်အဲရွှေက ပါးစပ်ကလည်းပြော လက်ကလည်း သွက်လက်ဖျတ်လတ်စွာပင် ထမင်းဟင်းများကို ပွန်းစွာ ပြင်ဆင်ခူးခပ်ထည့်ပေးနေပါသည်။

ဟင်းပွဲများမှာ စုံလင်နေပါသည်။

''ဖေဖေရော…ထမင်းမစားဘူးလား ဒေါ်အဲရွှေ''

စောခမ်းမုံ့ သိလိုသောမေးခွန်းကို မေးလိုက်သည်။

''ဆရာကြီး အိပ်ရာဝင်သွားပြီကွဲ့၊ ညဘက်ဆာရင် စားရအောင် သစ်သီးပွဲနဲ့ ကော်ဖီဓါတ်ဗူးတစ်လုံး ပို့ထားပေးလိုက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ ခမ်းမုံလေးရဲ့၊ ဦးသောင်းလည်း ဆရာကြီးနဲ့ အတူ ရှိနေမှာ၊ ညဘက်ဆရင် ဦးသောင်းပဲ ပြင်ဆင်ကျွေးမှာပေါ့"

"ကဲ...စား...စား မောင်ခွန်ကြာကတော့ ဒေါ်အဲရွှေ လက်ရာကို များများအားပေး ဟုတ်လား"

"ဩော်...ခင်ဗျားက မောင်ခွန်ကြာကိုတော့ များများ အားပေးဆိုတော့ ကျုပ်ကိုတော့ အားမပေးနဲ့လို့ဆိုချင်သလား"

"ဟဲ့...မောင်သောင်းရဲ့ နင်က အားမပေးပါနဲ့ဆိုလည်း တားလို့ရမဲ့သူလားလို့ ကဲ..."

"ဟုတ်တယ်ဗျို့...အဲဒါတော့မရဘူး"

"ဟား...ဟား...ဟား"

"အဟွန်း...ဟွန်း...ဟွန်း"

တိတ်ဆိတ်နေသော ထမင်းပွဲလေးမှာ ရယ်မောသံများ ဖြင့် စိုပြေသွားသလို လက်စွမ်းပြချက် ပြုတ်ထားသော ဒေါ်အဲရွှေ ၏ လက်ရာများကြောင့် စားမြိန်ဖွယ်ဖြစ်ပေမယ့် စောခမ်းမုံမှာဖြင့် ဟုတ်တိပတ်တိ မစားနိုင်ဘဲ ထမင်းဝိုင်းမှ စောစီးစွာပင် ထွက်လာ ခဲ့ပါသည်။

ခွန်ကြာမှာတော့ စောခမ်းမုံ၏ လှုပ်ရှားမှုပုံရိပ်တိုင်းကို အဆက်မပြတ် ကြည့်ရှုအကဲခတ်နေသူဖြစ်သည့်အတိုင်း ထမင်းပွဲ မှ အရင်ဦးဆုံး ကျောခိုင်းထွက်သွားသူလေးကို ကြည့်လျက် ကြိတ် ပြီး သက်ပြင်းရှိုက်လိုက်မိပါတော့သတည်း။

× × × ×





# အခန်း (၃၀)

"စောခမ်းမုံ"

"ဟင်...ဦးဗညား"

လုံးဝထင်မှတ်မထားသော လူတစ်ယောက်ကို ဖြန့်းခနဲ တွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာသွားဟန်လေးဖြင့် သူ့မျက်နှာကို ကလေးလေးတစ်ယောက်လို လှပသော မျက်ဝန်းပြာကြီးများ မော့ ကြည့်လာသူကြောင့် ဒေါက်တာဆေးဗညား ကြည်နူးနှစ်သိမ့်စွာ ပြုံးရယ်လိုက်မိပါသည်။

"သိပ်အံ့သြသွားလား စောခမ်းမုံ"

"ဟုတ်ကဲ့ ...ဦးဗညားကို ဒီနေရာမှာတွေ့ရလိမ့်မယ်လို့ ထင်မထားခဲ့ဘူးလေ"

"ဘယ်လိုလုပ် ရောက်လာတာလဲဟင်"

"ဒီလိုပဲပေါ့ဗျာ... ကိုယ်က မဖြစ်ဖြစ်အောင် သွားချင် နေမှတော့ မရောက်ရောက်အောင် လိုက်လာခဲ့ရတာပဲပေါ့၊ စောခမ်းမုံ ထွက်သွားထဲက ကိုယ်နေ့တိုင်း သတိရနေမိတယ်၊ စောခမ်းမုံရော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုသတိရရဲ့လားဗျာ''

ဦးဆေးဗညားနှင့် စောခမ်းမုံတို့ အကြည့်လေးများ ဆုံသွားကြပါသည်။ ဖြူစင်ကြည်လင်သော အသားအရေနှင့် လိုက်ဖက်စွာ နီနှစ်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော စောခမ်းမုံအသွင်လေးက အစွမ်းကုန် ပွင့်လန်းနေသော လှပသည့် ပန်းလေးပမာ ထိလိုက်ရင် ကြွေသွားတော့မလား ထင်ရသည့်အလှမျိုး ဖြစ်သည့်အတိုင်း မြင်ရသူအသည်းဘဝင်မှာ အသက်ရှူမှားသွားစေနိုင်သလို ဆေးဗညား၏ ရင်ခုန်သံကိုလည်း မြန်ဆန်ပူနွေးလှုပ်ရှားစေပါသည်။

နူးညံ့ရှန်းလဲ့သောအကြည့်၊ သိမ်မွေ့သောအပြုံးတို့ဖြင့် စောခမ်းမုံ၏ လှပသော မျက်နှာလေးကို စူးစိုက်ကြည့်နေသူကြောင့် အနေရခက်စွာ မျက်လွှာချ အကြည့်လွှဲလိုက်မိသူက စောခမ်းမုံ။

''ကိုယ်မေးတာ ဖြေပါဦးဗျာ၊ စောခမ်းမုံမှာ တခြားသတိရမယ့်သူ ရှိနေလို့လား''

''မဟုတ်ပါဘူး..ခမ်းမုံ ဦးဗညားကိုလည်း သတိရပါတယ်''

''အဟွန်း...ဟွန်း...ဟွန်း''

''ဦးဗညားကိုလည်း သတိရပါတယ်ဆိုတော့ တခြားသတိရနေသူကလည်း ရှိတယ်ပေါ့''

လှပသော စောခမ်းမုံမျက်နှာလေးကို စူးစိုက်ကြည့်လျက် သူသိလိုသော အဖြေကို မေးလိုက်ပါသည်။ စောခမ်းမုံ ဦးခေါင်းလေး ညင်သာစွာ ညိတ်မှုလိုက်သောအခါ ဆေးဗညားရင်ထဲမှာ



ဒိတ်ခနဲ ဖြစ်သွားသည်။

ဘာရယ်မဟုတ် မေးလိုက်တုန်းက မေးမိသော်လည်း စောခမ်းမုံအနေဖြင့် အခုလို အလွယ်ပင် ခေါင်းညိတ်ဝန်ခံ အဖြေပေးလိမ့်မည်ဟုတော့ မမျှော်လင့်ခဲ့ပါ။

''ဘယ်သူလဲဟင်''

''မေမေ့ကိုပါ ဦးဗညား''

''ဩော်''

ရင်ထဲကအပူလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။ တော်ပါသေးရဲ့ဆိုသည့် အတွေးအဆုံးမှာ ဆေးဗညား စိတ်ထဲမှာ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်သွားမိသည်။

ဘယ်လိုဖြစ်တာလဲ...။

စောခမ်းမုံဆိုတာ သူ့ညီမလေးဖြစ်ရမယ့်သူမှန်း သိနေရဲ့ ဘာကြောင့် သူ့စိတ်ထဲမှာ စောခမ်းမုံလေးနှင့် ပတ်သက်ပြီး လှုပ်ရှားမှုတွေ ရှိနေရတာလဲ။

ဒါဟာ မဖြစ်သင့်ဘူး၊ မဖြစ်ထိုက်ဘူးလို့ ကိုယ့်ကိုယ်ကို အသိတရားနှင့် ဆင်ခြင်ထိန်းချုပ်လိုက်ရသည်။

''ခမ်းမုံဦးလေးနဲ့ တွေ့ကြပြီလားဟင်''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ''

''ခမ်းမုံရဲ့ဦးလေးကို မတွေ့ဘူး''

''နောက်လည်း ဘယ်တော့မှ တွေ့ရတော့မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

“ဘယ်လို…စောခမ်းမုံစကားတွေ ကိုယ်နားမလည်ဘူး”

စောခမ်းမုံ အကြည့်လေးများက တောင်ပြာတန်းများမှာ ရပ်တန့်အဆုံးသတ်သွားသလို သူမရဲ့ စိတ်ကူးယဉ် အတွေးကမ္ဘာလေးကလည်း ဒီမြေမှာ အဆုံးသတ်ခဲ့ရသည့်အဖြစ်ကို ဦးဆေးဗညား သိနိုင်ပါမည်လား။

“ဦးလေး ဆုံးသွားပြီတဲ့ ဦးဗညား”

“စောခမ်းမုံဖေဖေက ပြောတာလား”

“ဟုတ်ကဲ့”

“ဟင်”

“ဒါဖြင့် …စောခမ်းမုံက ကိုယ့်ညီမလေးလား”

“ရှင်”

“ခမ်းမုံရဲ့ဦးလေးအကြောင်းကို ခမ်းမုံဖေဖေက ကိုယ့်မာမီဆီက သိခဲ့ရတာမဟုတ်ဘူးလား”

“ခမ်းမုံလည်း သေသေချာချာ မသိပါဘူး ဦးဗညား၊ ဖေဖေပြောပြတာလောက်ပဲ သိရတာပါ”

ဒေါက်တာဆေးဗညား၏ မျက်ခုံးထူတို့ တွန့်ကွေးသွားသည်။

မာမီနှင့်သူ မတွေ့ရသေးပါ။ သူရောက်လာချိန်မှာ မာမီက လက်ဖက်ခြံကို သွားနေသဖြင့် အကြောင်းစုံကို သိခွင့်မရသေး





မီ စောခမ်းမုံရှိရာကို သူအရောက်လာခဲ့ခြင်းဖြစ်သည်။

“ဖေဖေနဲ့ ဦးဗညားမာမီက သိကြတယ်လားဟင်”

“ကိုယ်လည်း သေချာမသိပါဘူး၊ စိတ်ထင်တာကို ပြောတာပါ၊ ဘာဖြစ်လို့ ခမ်းမုံဦးလေးရဲ့ ဓါတ်ပုံက မာမီ့ဆီမှာ ရှိနေရတာလဲ၊ ခမ်းမုံဖေဖေနဲ့များ တစ်စုံတစ်ခု ဆက်စပ်နေလားလို့ပါ”

တွေးတွေးဆဆ ဆိုလိုက်ခြင်းဖြစ်ပါသည်။

“သိပ်တော့လည်း မသေချာပါဘူးလေ၊ ခမ်းမုံ ဖေဖေနဲ့ ကိုယ့်မာမီသာ အစထဲက အသိမိတ်ဆွေတွေဆိုရင် မာမီရှိတဲ့နေရာကို ခမ်းမုံဖေဖေ လာတွေ့ဖြစ်အောင်တွေ့မှာပါ”

“အခု ကိုယ်တို့ထင်သလိုမှ မဟုတ်ဘဲ၊ မာမီနဲ့ ခမ်းမုံဖေဖေ မသိကြဘူးထင်တယ်”

“ဒါဆို ဦးလေးဓါတ်ပုံက ဘာလို့ အန်တီ့ဆီမှာရှိနေရတာလဲ”

“ကိုယ်လည်းမသိဘူး၊ အသိမိတ်ဆွေသူငယ်ချင်းပုံလည်း ဖြစ်နိုင်တာပဲ”

စောခမ်းမုံမှာ ပြောစရာစကား ပျောက်ဆုံးသလို ဖြစ်သွားသည်မှာသင် မလှမ်းမကမ်းဆီမှ ပုရိပ်တစ်ခုကြောင့် သူမအကြည့်လေးများ ထိုနေရာသို့ ရောက်သွားရာ…

ဦးခွန်ကြာပါလား…။

လှစ်ခနဲ ပျောက်သွားသည့် သဏ္ဌာန်ကြောင့် စောခမ်းမုံ မျက်ခုံးလေး မသိမသာတွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလူလဲ စောခမ်းမုံ"

ဆေးဗညားက မေးလိုက်ခြင်းဖြစ်သည်။ စောခမ်းမုံမြင်သလို ဦးခွန်ကြာကို သူလည်း မြင်တွေ့သွားပြီဟု သိလိုက်သည်။

"ဖေဖေ့ဒရိုင်ဘာပါ...ခမ်းမုံ ဆေးရုံကိုလာတုန်းက သူ လိုက်ပို့ပေးတာပါ"

"ဪ...ကိုယ်မှတ်မိပြီ၊ ကိုယ်တို့ တစ်ခါဆုံဘူးကြသားပဲ"

ဘာမှအရေးမကြီးဟန်ဖြင့် ဆိုလိုက်သော်လည်း ဆေးဗညား၏ ရင်ထဲမှာ ဘာမှန်းမသိ ပူလောင်နွာကျင်သွားသည်။ ရုပ်ဖြောင့်ဖြောင့် ခပ်ချောချောမို့ ထိုစဉ်ထဲက စိတ်မှာ အမှတ်ထင်ထင် ရှိခဲ့မိတာကို သူမမေ့သေးပါ။

ဒီလိုလူတစ်ယောက်က သိပ်လှသည့် စောခမ်းမုံလို မိန်းမလှလေးအနားမှာ တစ်ချိန်လုံး အတူယှဉ်တွဲပြီး ရှိနေရသည်ဆိုတော့ စောခမ်းမုံ၏ ချစ်မြတ်နိုးစရာ အပြုအမူလေးတွေ အပြစ်ဆိုစရာမရှိအောင် လှပချောမောလှန်းတာလေးတွေကို မတွေ့မမြင်ဘဲနေမည်တဲ့လား။

မြွေမြွေချင်းမို့ ခြေမြင်သည်ဟူ၍ပဲ ဆိုဆို။ ဒီလူ့ပုံစံကြည့်ရတာနှင့်ပင် စောခမ်းမုံအပေါ်မှာ မရိုးသားမှန်း ဆေးဗညားရင်ထဲမှာ သူ့အလိုလို သိနေတာက ခက်သည်။

"အဲဒီလူ ရန်ကုန်ကလား"

မနေနိုင်စွာ နှုတ်က ထုတ်ဖော်မေးလိုက်မိသည်။





"ဟင့်အင်း...မဟုတ်ပါဘူး၊ ဦးဗညားတို့မြို့ကပါပဲ၊ ဒီရောက်မှ ဖေဖေ့ကို ဒရိုင်ဘာနေရာကဝင်ပြီး ကူညီပေးနေတဲ့ ဖေဖေ့မိတ်ဆွေရဲ့သားပါ"

"ဪ...ဪ"

ရန်ကုန်အထိ အတူနီးနီးကပ်ကပ် လိုက်ပါသွားရမည့်သူမျိုး မဟုတ်ဘူးဆိုတာနှင့်ပင် စိတ်မှာ အနည်းငယ် သက်သာရာရသွားသည့်အဖြစ်ကို ကိုယ့်ဘာသာနားမလည်။

"ကိုယ်တို့လမ်းလျှောက်ရင်း စကားပြောကြရအောင်လား စောခမ်းမုံ"

"ဟုတ်ကဲ့"

"အို"

"စောခမ်းမုံ"

နေရာမှ ခြေလှမ်းကိုအရွေ့ သစ်မြစ်တစ်ခုဖြင့် ဝင်တိုက်မိပြီး လဲပြိုမယောင် ယိမ်းယိုင်သွားသော စောခမ်းမုံကိုယ်လေးကို အချိန်မီ ဆွဲယူထိန်းပွေ့လိုက်သော ဆေးဗညား၏ရင်ခွင်ထဲ စောခမ်းမုံ တစ်ကိုယ်လုံး ကျစ်ကျစ်ထွေးထွေးလေး ရောက်ရှိလို့သွားရသည့်အဖြစ်ကြောင့် စောခမ်းမုံ ဖြူနုဝင်းဝါသော ပါးပြင်နှစ်ဖက်မှာ ဆေးနီရည် ဖြန်းပက်လိုက်သလို ရဲခနဲဖြစ်သွားရရှာပါသည်။

"ဆောရီး...စောခမ်းမုံ လဲသွားမှာစိုးလို့ပါ၊ ခြေထောက်က ဘာဖြစ်သွားသေးလဲဟင်"

"မှန်း"



www.burmeseclassic.com

www.burmeseclassic.com



"အို…ရပါတယ်၊ ခမ်းမုံ ဘာမှမဖြစ်ပါဘူး ဦးဇညား"

ရင်ခွင်မှ ဖြေလွှတ်ပေးလိုက်သည်နှင့် ဆေးဇညား ရုတ်တရက် စောခမ်းမုံ ခြေထောက်လေးနားမှာ ဖြုန်းခနဲ ထိုင်ချ ပြီး ငုံ့ကြည့်လိုက်ရာ စောခမ်းမုံမှာ အနေရခက်ရက်ရှိုးစွာ သူ့မကိုယ် လေးကို တစ်ဖက်သို့ လျှင်မြန်စွာ တိုးရွှေ့လိုက်မိရပါသည်။

"ကြည့်စမ်း…ဘယ်နှယ့် ဘာမှမဖြစ်ရမှာလဲ၊ ခမ်းမုံ့ ခြေသန်းလေး ခြေသည်းခွံလန်ပြီး သွေးစို့နေတာမြင်လား"

"ကိုယ့်မှာ လက်ကိုင်ပဝါပါတယ်၊ အဲဒါချည်ပေးမယ်"

"အို…မဟုတ်တာရှင်၊ ဒီလောက်နဲ့ ခမ်းမုံ ဘာမှမဖြစ် ပါဘူး၊ အိမ်ရောက်မှပဲ ဒေါ်အဲရွှေကို ဆေးထည့်ခိုင်းပါမယ်ရှင်"

"ခမ်းမုံ ငရဲကြီးအောင်မလုပ်ပါနဲ့"

"ငရဲကြီးမယ်"

"ဟုတ်"

"အဟွန်း…ဟွန်း…ဟွန်း"

ခမ်းမုံ့စကားကို သံယောင်လိုက်ဆိုသော ဆေးဇညား စကားအဆုံးမှာ မျက်လုံးဝိုင်းလေးနှင့် ကလေးငယ်တစ်ယောက်လို ခေါင်းလေးညိတ်ပြလိုက်ရှာသော စောခမ်းမုံ၏ အပြစ်ကင်းစင် သော အမူအရာလေးကို မြတ်နိုးသဘောကျစွာ ရယ်မောလိုက်မိ သူက ဆေးဇညားဖြစ်ပါသည်။

"ကိုယ်က ဆရာဝန်ပါဗျာ၊ ခမ်းမုံ့လိုသာ ငရဲကြီးမှာ ကြောက်နေမှဖြင့် ကိုယ်တို့ဆရာဝန်တွေ ဆေးကုစားဖို့ခက်နေပါပြီ





မယ်"

"ခမ်းမုံ ဆိုလိုတာက အဲဒီလိုမဟုတ်ပါဘူးရှင်၊ ခမ်းမုံ စိတ်မှာ ဦးဇညားကို အစ်ကိုတစ်ယောက်လို ခင်လို့ ကိုယ့်ထက် အသက်ကြီးတဲ့သူက ခမ်းမုံ့ရဲ့ခြေထောက်ကို ကိုင်ရင် ငရဲကြီးမှာ စိုးလို့ပါ၊ ပြီးတော့လည်း"

"ပြီးတော့ ဘာဖြစ်လဲ"

"ဟို…ဟို ဦးဇညား"

"ဆက်ပြောလေ"

"ဟိုဒင်း…ဦးဇညား ဘုန်းနိမ့်မှာစိုး"

"အဟွန်း…ဟွန်း…ဟွန်း"

"စောခမ်းမုံလေးရယ်…မင်းလေးနဲ့ ကိုယ်တော့ ခက်နေ ပါပြီဗျာ၊ ဒီပုံအတိုင်း ဘာမှဆက်လုပ်လို့ရတော့မှာ မဟုတ်ဘူး"

"လမ်းလျှောက်နိုင်သေးရဲ့လား"

"ဟုတ်"

ဒုတိယအကြိမ် ခေါင်းလေးအညိတ်မှာတော့ သူ ဘယ်လို မှ ထိန်းချုပ်လို့မရတော့ဘဲ ချစ်စနိုးလေး စောခမ်းမုံ၏ ဦးခေါင်းကို ညင်သာဖွဖွ လှမ်းအုပ်လိုက်မိရပါပြီ။

စောခမ်းမုံရယ်…။

မင်းလေးသာ ကိုယ့်ညီမလေးဆိုရင် ကိုယ်သိပ်ပျော်ရမှာ ပဲထင်ရဲ့။ အင်း…ပြီးတော့လည်း တခြားကောင်လေးတွေ လာပိုး ပန်းရင် ကိုယ်ပဲ ညီမချောလေးရထားတဲ့အတွက် သဝန်တိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်ရောက်မှ ကလေးတွေနဲ့ အပြိုင် ရန်ဖြစ်ကြရဦးမယ် ထင်ပါရဲ့ဗျာ။

ဆေးဗညား စိတ်ထဲက တိုးတိတ်စွာ ဆိုညည်းလိုက်သံကိုဖြင့် စောခမ်းမှုံခမျာ မကြားသိလိုက်ရှာပါ။ ထိုမြင်ကွင်းကို အစအဆုံး မြင်လိုက်ရသူက ခွန်ကြာ။

နေနှင့်လကဲ့သို့ လိုက်ဖက်ညီလှသော ချစ်သူစုံတွဲလေးကို အဝေးတစ်နေရာမှ ဘယ်သူမှမမြင်မတွေ့နိုင်အောင် တိတ်တဆိတ် ပုန်းကွယ်ကြည့်နေသူ၏ ရင်တွင်းခံစားချက်ဝေဒနာကိုဖြင့် မည်သူကများ စာနာဖေးမကူညီ ခံစားနားလည်ပေးနိုင်ကြမည် မဟုတ်ပါ။

တစ်ဖက်သတ် အချစ်တွေနဲ့ စောခမ်းမှုံအပေါ်မှာ တိတ်တိတ်လေး မြတ်နိုးတွယ်တာနေမိပြီဖြစ်သော ခွန်ကြာအဖြစ်က ရင်နာကြေကွဲစရာ။

ဒေါ်အဲရွှေ ပြောပြ၍ စောခမ်းမှုံကို လာမေးသော ဧည့်သည်၏ ပုံပန်းသဏ္ဍာန်ကို နားထောင်ပြီးထဲက သူ တစ်ခါက တွေ့ဖူးသော စောခမ်းမှုံ၏ ချစ်သူဆရာဝန်ကိုလူချောမှန်း ချက်ချင်း သိရှိခဲ့ပါသည်။

စောခမ်းမှုံ ရှိသည့်နေရာကို ဒေါ်အဲရွှေ ညွှန်လိုက်သဖြင့် ထွက်သွားသူနောက်ကို ဘာကြောင့် လိုက်ပါလာခဲ့မှန်းမသိပါ။

သူ တွေ့မြင်လိုက်ရချိန်မှာတော့ စောခမ်းမှုံက ဆရာဝန်ကိုလူချော၏ ရင်ခွင်ထဲမှာ။ ထိုမြင်ကွင်းကို မြင်လိုက်ရတော့ သူ့မျက်လုံးတွေ ပြာဝေထူပူသွားသလို အသည်းနှလုံးတွေ အခံရခက်





အောင် နာကျင်လွန်းလှသည့် အဖြစ်ကို ချစ်သူလေး သိနိုင်ပါမည်လား။

သို့ပါသော်လည်း ခွန်ကြာအနေဖြင့် သူ့ကိုယ်သူ ဖြေသိမ့်နိုင်ခဲ့ပါသည်။ လူတစ်ယောက်ဟာ ကိုယ်ချစ်တဲ့သူအပေါ်မှာ အမှန်တကယ် ချစ်မြတ်နိုးမိလာတဲ့အခါ ကိုယ့်ကိုယ်ကိုထက် သူ့ကိုပိုပြီး ချစ်လာတဲ့အခါ ကိုယ့်ချစ်သူထိခိုက်နစ်နာမှာမျိုး၊ ဒုက္ခရောက်မှာမျိုး အဖြစ်မခံနိုင်ကြသည်မှာ သဘာဝဟု ဆိုရမည်ထင်သည်။

ပင်မြင့်မှာပွင့်တဲ့ တော်ဝင်သဇင်ဆိုလျှင် ရွှေနန်းနှင့်သာ ထိုက်တန်ပါသည်။ ကိုယ့်ထက် အစစအရာရာ ပြည့်စုံချမ်းသာသူ လက်ထဲမှာ ချစ်ရသူရဲ့ဘဝလေး အေးချမ်းပျော်ရွှင်ပါစေ။

လူတချို့က ကိုယ်ချစ်ရသူကို နည်းမျိုးစုံသုံးပြီး ပိုင်ဆိုင်ရယူဖို့ ကြိုးစားကြသလို လူတချို့ကလည်း ကိုယ့်ချစ်သူကို သိပ်ချစ်ရလွန်းလို့ ကိုယ်ကသာ အနစ်နာခံ စွန့်လွှတ်အဆုံးရှုံးခံကြရသည့် အဖြစ်ကို ခွန်ကြာတစ်ယောက် အခုမှ ကိုယ်ချင်းစာနာတတ်ခဲ့ရပါပြီ။

တကယ်ချစ်မိမှကိုး မောင့်အသက်ရယ်။
ခမ်းမှုံကို မောင်ချစ်တယ်။

ဒါပေမယ့် မောင့်အချစ်က ပေးဆပ်ရုံသက်သက်ဆိုတာ မောင့်ရဲ့ခမ်းမှုံလေး ယုံကြည်ပါကွယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဖေဖေ…သူက ဒေါက်တာဆေးဗညားပါ၊ ဦးဗညား ဒါ ခမ်းမုံ့ဖေဖေပါ"

"ဟုတ်ကဲ့ဦး…တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ"

"အေး…ဦးကလည်း တွေ့ရတာဝမ်းသာပါတယ် မောင်ရင်၊ ထိုင်ပါ"

"ဟုတ်ကဲ့ပါဦး"

ဦးသက်ထွန်းသည် သူ့မျက်စိရှေ့တည့်တည့်တွင်ရှိနေသော ဒေါက်တာဆေးဗညားဆိုသူ၏ မျက်နှာကိုကြည့်ရင်း တစ်နေရာမှာမြင်ဘူးသလိုလို ထင်မိပါသော်လည်း ဘယ်နေရာမှ မြင်တွေ့ဘူးမှန်း ရုတ်တရက် မမှတ်မိချေ။

"မောင်ရင့်ကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီး မြင်ဘူးသလိုပဲ၊ ဒါပေမယ့် ဘယ်နေရာမှာလည်းဆိုတာ ဦးလည်းမမှတ်မိဘူး"

"ဟုတ်ကဲ့…ကျွန်တော်က ဆေးရုံက ဆရာဝန်ဆိုတော့ ဦးအနေနဲ့ ဖြတ်သွားဖြတ်လာရင်း တစ်နေရာမှာ တွေ့ဖူးတာဖြစ်ပါ





လိမ့်မယ်ခင်ဗျာ"

"အေး…ဟုတ်မယ်ထင်တယ်၊ ဦးလည်း သေချာမပြောတတ်တော့ပါဘူးကွယ်၊ အသက်တွေကြီးလာပြီဆိုတာ ဒီလိုပဲ ဟိုဟာမေ့ ဒီဟာမေ့ဖြစ်နေပြီကွ"

ဖေဖေ့စကားအဆုံးမှာ စောခမ်းမုံ့အကြည့်လေးတွေက ဆေးဗညား၏ မျက်နှာချောချောကို အဓိပ္ပာယ်ပါပါလေး လှမ်းကြည့်လိုက်မိပါသည်။

တကယ်တော့ ဖေဖေအနေနှင့် အသက်ကြီး၍ ဦးဗညားကို တစ်နေရာမှာ မြင်တွေ့ဘူးသော်လည်း သေချာမမှတ်မိဟု ထင်နေခြင်းမှာ မဟုတ်ပါ။ မေမေ့မောင် ဦးလေးစဝ်မိုင်းနောင်၏ မျက်နှာနှင့် ဆင်ဆင်တူနေ၍သော ဦးဗညားမျက်နှာကို မြင်မြင်ခြင်းတစ်နေရာမှာ မြင်ဘူးခြင်းဟု ထင်နေခြင်းသာ ဖြစ်ကြောင်း သူမစိတ်ထဲမှာ ကောင်းစွာသိနေပါသည်။

"ဒါနဲ့ မောင်ရင်က ဒီရွာလေးကို လာတာ အလည်သက်သက်ပဲလား"

"မဟုတ်ပါဘူးခင်ဗျာ…ကျွန်တော့်ဦးလေးနဲ့ မာမိက ဒီရွာမှာရှိနေလို့ပါ"

"ဪ…ဪ"

"ဦး ခွင့်ပြုမယ်ဆိုရင် ခမ်းမုံ့ကို ကျွန်တော့်အိမ်ကို အလည်ခေါ်ချင်လို့ပါဦး"

စောခမ်းမုံ့ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာပြီးနောက် ဦးဗညားကို တစ်ချက်လှမ်းကြည့်လိုက်ရာ အားပေးနှစ်သိမ့်သော အပြုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို လက်ခံရရှိလိုက်သဖြင့် တင်းကြပ်နေသော စိတ်မှာ အနည်းငယ် ပြေလျော့သက်သာသွားပါသည်။

''ဦးတို့လည်း ပြန်တော့မှာဆိုတော့ ခေါ်ချင်ခေါ်သွားပေါ့၊ ဦး ခွင့်ပြုပါတယ်''

''ကျေးဇူးတင်ပါတယ် ဦး၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ''

''ဖေဖေ…သမီးတို့သွားတော့မယ်နော်''

''ကောင်းပြီ''

ဒေါက်တာဆေးဗညားဆိုသော သူငယ်နှင့်အတူ ကားပေါ် ယှဉ်တွဲတက်သွားသည့် သမီးကို ငေးကြည့်နေစဉ်မှာ ကားတစ်စီး ထိုးရပ်လာပြီးနောက် ဦးမင်းဇော် ကားပေါ်မှ ဆင်းလာရာ ထွက်ခွာ ဆဲဆဲ ကားပေါ်မှ ဒေါက်တာဆေးဗညားနှင့် ဖျတ်ခနဲ အကြည့်ချင်း ဆုံမိကြရာ ဆေးဗညားနှင့် ဦးမင်းဇော်တို့ အပြန်အလှန် နှုတ်ဆက် ပြီး ဆေးဗညား၏ကားလေးမှာ နေရာက ထွက်သွားပါသည်။

''ဘယ်လိုလဲ…ကိုမင်းဇော်ရဲ့ အဲဒီသူငယ်လေးနဲ့ ခင်ဗျား တို့က ဟိုတုန်းထဲက သိနေကြသလိုပါလား''

အိမ်ထဲလှမ်းဝင်လာသော ဦးမင်းဇော်ကို ဦးသက်ထွန်းက စူးစမ်းစွာ မေးလိုက်ခြင်းဖြစ်သည်။

''သိဆို သူ့အမေနဲ့ ကျုပ်က မိတ်ဆွေတွေကိုးဗျာ၊ ခင်ဗျား သမီးနဲ့လည်း ခင်နေသားပဲ၊ နန်းဆိုင်လောဝ်က သဘောကောင်းပါ တယ်ဗျာ''

''ဘယ်လို…နန်းဆိုင်လောဝ် ဟုတ်လား''





''ဟုတ်တယ်လေဗျာ…သူ့အမေနာမည် နန်းဆိုင်လောဝ် ပဲ''

''ဟင်''

ဦးသက်ထွန်းသည် ဆောက်တည်ရာမရသလို နေရာမှ ဝုန်းခနဲထရပ်လိုက်ရာ ဦးမင်းဇော်ပင် သူ့အပြုအမူကို အံ့သြနားမ လည်နိုင်ဘဲ ဖြစ်သွားပါသည်။

''ဟေ့လူ…ကိုသက်ထွန်း ဘာဖြစ်တာလဲဗျာ၊ ခင်ဗျား ကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ နေမှကောင်းရဲ့လား''

''ကောင်းပါတယ်ဗျာ…ရုတ်တရက် ကျုပ်စိတ်ထဲမှာ အလုပ်ကိစ္စတစ်ခု ပေါ်လာလို့ပါ၊ ခင်ဗျားကား ကျုပ် ခဏယူသွား ဦးမယ်ဗျာ''

''ဘယ်ကိုသွားမှာလဲဗျာ…ဒီလမ်းခရီးက ခင်ဗျားကျွမ်း ကျင်တာ မဟုတ်ဘူး၊ ကျုပ်လိုက်ပို့စမ်းပါမယ်''

''ဟော…ဟိုမှာ ဦးဇောင်လျှမ်းတို့ပါလား၊ လာကြဗျို့ လာ…လာ''

''ဦးသက်ထွန်း နေကောင်းရဲ့လား''

''ကောင်းပါတယ်ခင်ဗျာ၊ ကောင်းပါတယ်''

ရောက်ရှိလာသော ဧည့်သည်များကြားမှာ မျက်နှာနာရ မည့်သူများ ဖြစ်နေသောကြောင့် ဦးသက်ထွန်းခမျာ သမီးနောက်ကို အပြေးလိုက်ပါသွားမည့် အစီအစဉ်ကို လက်လျှော့လိုက်ရသည့် အချိန်မှာ စောခမ်းမုံမှာဖြင့် တထိတ်ထိတ်ခုန်နေသော ရင်ဖြင့် ဒေါက်တာဆေးဗညား၏ ကားလေးပေါ်မှာ အတူလိုက်ပါလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

''ရောက်ပြီ စောခမ်းမုံ၊ ဟောဟိုရှေ့ကအိမ်ငါ''

''ကျိုး''

''အို''

ဦးဗညားညွှန်ပြသော အိမ်ကလေး ရှေ့တည့်တည့်မှာ စောခမ်းမုံ စီးလာသော ကားလေး ရပ်တန့်သွားရာ စောခမ်းမုံမှာ ကားပေါ်က မဆင်းသေးဘဲ တိတ်ဆိတ်ငြိမ်သက်နေသော သစ်လုံးအိမ်ကလေးရှိရာ လှမ်းမျှော်ကြည့်ရင်း ဘာကိုမှန်းမသိ သူမရင်အစုံမှာ သူ့အလိုလို နာကျင်ဆွေးမြေ့သွားမိသည်။

''ဆင်းလေ…စောခမ်းမုံ၊ အိမ်ထဲမှာ ကိုယ်တို့အလာကို မာမီစောင့်နေတယ်''

''ဟုတ်ကဲ့''

ဖြေးလေးစွာပင် ကားပေါ်က အဆင်းမှာ တစ်ဖက်မှ မြင်းစီးလျက် ရောက်လာသော လူတစ်ယောက်နှင့် ခြံအဝင်ဝမှာ ဆုံစည်းမိကြသည်။

''ဦးကြီး စောဟုန်''

ဒေါက်တာဆေးဗညားက ထိုလူရှိရာကို အပြေးသွားလျက် ဝမ်းသာအားရ နှုတ်ဆက်လိုက်သော်လည်း မြင်းပေါ်မှ လူကြီးက သူ့အနားရောက်လာသော ဦးဗညားထက် စောခမ်းမုံ၏ မျက်နှာကို အမိပွာယ်ဖော်ပြရခက်သော အကြည့်တစ်မျိုးဖြင့် ငူငူကြီး စူးစိုက်ကြည့်နေရာမှ စောခမ်းမုံမှာလည်း မြင်းပေါ်မှလူကြီးကို ဘာရယ်မဟုတ် တုံ့ပြန်ငေးကြည့်နေမိပါသည်။





''သူဘယ်သူလဲ ဆေးဗညား''

''ကျွန်တော့်မိတ်ဆွေပါ ဦးကြီးစောဟုန်၊ မာမီနဲ့လည်း သိပါတယ်၊ သူ့နာမည်က စောခမ်းမုံတဲ့''

''ဟင်''

ဦးစောဟုန်ကိုယ်ကြီး ဆတ်ခနဲတုန်သွားကာ မျက်နှာမှာလည်း ခံစားချက်အမျိုးမျိုးဖြင့် အရောင်တွေတဖျပ်ဖျပ် ပြောင်းလဲလှုပ်ရှားသွားရပါပြီ။

မြတ်ရဲ့သမီးလေးဟာ သူ့မျက်စိရှေ့ကို ရောက်ရှိလို့လာခဲ့ပါပြီကော။

မြတ်ရဲ့သမီးလေး…ပြီးတော့…

''စောခမ်းမုံ…ဒါ ကိုယ့်ဦးကြီး ဦးခိုင်းစောဟုန်ပါ၊ ဦးကြီးသူက စောခမ်းမုံ''

''တွေ့ရတာဝမ်းသာပါတယ်ရှင်''

ချိုလွင်သာယာသောအသံ။

နူးညံ့သိမ်မွေ့သော လှုပ်ရှားမှု၊ လှပသောမျက်နှာလေး အပြစ်ကင်းစင်စွာ ပြုံးလျက် ဦးစောဟုန်ကို ကြည့်နေရှာလေသူ သမီးငယ်။

ဦးစောဟုန် ဘာတစ်ခုမှ မပြောနိုင်ဘဲ ငိုင်ငိုင်ကြီး ငြိမ်သက်နေပေမယ့် ရင်မှာတော့ လှိုင်းထန်နေပါပြီ။

''ဦးကြီးစောဟုန်''

''ဦးကြီး''

ဦးစောဟုန်ကိုယ်တိုင် သူ့ကိုယ်သူ ဘာလုပ်၍ ကုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိမှန်းမသိ။ ရုတ်တရက် သူစီးနင်းလာသည့် မြင်းကို နေရာမှ ချာခနဲလှည့်လျက် နေရာမှ ကျောခိုင်းထွက်ပြေးမိသည့်အဖြစ်ကို သူကိုယ်သူ နားမလည်နိုင်။

တူဖြစ်သူ ဆေးဗညား၏ အော်ခေါ်သံကိုလည်း သူ ဂရုမစိုက်နိုင်။ ရင်ထဲအသည်းထဲမှာ မြတ်၏အမည်ကိုသာ မပြတ်ခေါ်မြည်နေမိရှာသော ဦးစောဟုန်ရင်ထဲက ခံစားချက်ကို သူကိုယ်တိုင်ကလွဲပြီး ဘယ်သူများ ခံစားနားလည်ပေးနိုင်ကြပါမည်နည်း။

ဦးတည်ရာမဲ့ မြင်းကို အသော့နှင်ရင်း ဦးစောဟုန်မျက်စိရှေ့တည့်တည့်ရှိ မြင်ကွင်းအားလုံး ဝေဝါးသွားကြသည်။ ထို့နောက်မှာတော့ ပါးပြင်ပေါ်သို့ စီးဆင်းကျလာသော မျက်ရည်ပေါက်ကြီးများကို ဘယ်လိုစွမ်းအားနှင့်မှ သူမတားမြစ်နိုင်ခဲ့ပါချေ။

ယောကျ်ားမှန်ရင် မျက်ရည်မကျရဘူးတဲ့ မြတ်ရယ်။

ဒါပေမယ့် ယောကျ်ားမှာလည်း ခံစားတတ်တဲ့ နှလုံးသားနဲ့မို့ ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့နေရာမှာ မောင် မျက်ရည်ကျမိတာ အချစ်အတွက်နဲ့ ယောကျ်ားသိက္ခာ ကျလှတယ်လို့ ဆိုချင်ရင် ဆိုကြပါစေဗျာ။

မောင့်ရင်တွေ မချိတော့ဘူးမြတ်။

မောင့်အသည်းနှလုံးတွေ တစ်စစီ ကွဲကြေကြရပြီကော မောင့်အသက်ရယ်။

မောင် ဘာလုပ်ရမလဲ။

မောင် ဘာဆက်လုပ်ရမလဲ မြတ် ပြောပါဦး၊ မောင်ချစ်တဲ့မြတ် ပြောစမ်းပါဦးကွယ်။





ဦးစောဟုန်တစ်ယောက်ထဲ ရင်မှာဖြစ်ပေါ်နေသော မချိမဆန့် ခံစားချက်ဝေဒနာများ ပြင်းထန်စွာ ခံစားပေါက်ကွဲနေချိန်မှာ နေရာမှာ ကျန်ရစ်ခဲ့သော စောခမ်းမုံနှင့် ဆေးဗညားအတွက် ဦးစောဟုန်၏ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်ကျန်ရစ်ခဲ့ကြပါသည်။

"ဦးဗညားရဲ့ဦးကြီး ဘာဖြစ်သွားတာလဲဟင်"

"ကိုယ်လည်းမသိဘူး စောခမ်းမုံ၊ သူ့မှာ တခြားအရေးကြီးတဲ့ ကိစ္စတစ်ခုခုရှိလို့များလား မသိဘူး"

"ဟော...မာမီ"

"စောခမ်းမုံ"

"အန်တီ"

ဒေါ်နန်းဆိုင်လောဝ်မှာ မြင်းခွာသံကြား၍ ထွက်လာရာမှ မမျှော်လင့်ဘဲ စောခမ်းမုံနှင့် သားဖြစ်သူကို အတူတွေ့လိုက်ရသဖြင့် စောခမ်းမုံ၏အမည်ကို နှုတ်မှ သူ့အလိုလို ထုတ်ဖော်ခေါ်မိလျက်သား ဖြစ်သွားသလို စောခမ်းမုံမှာလည်း သူမကိုယ်သူမ သတိမထားမိနိုင်ခင်မှာပင် ဒေါ်နန်းဆိုင်လောဝ်ရှိရာကို အပြေးလေး ရောက်ရှိသွားမိပါသည်။

"နန်းဖူးလုံကို လာလည်တာလား စောခမ်းမုံ"

"ဟုတ်ကဲ့ အန်တီ"

"သား...စောစောက မြင်းခွာသံကြားလိုက်တယ်၊ မင်းဦးကြီး စောဟုန်ပဲလား"

ဒေါ်နန်းဆိုင်လောဝ်မှာ စောခမ်းမုံကို ကြင်နာနွေးထွေးစွာ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်စကားဆိုရင်း သူမသိချင်သည့် မေးခွန်းကို သားဖြစ်သူအား တစ်ဆက်တည်း မေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်တယ် မာမီ၊ ဦးကြီးကို စောခမ်းမုံနဲ့ မိတ်ဆက်ပေးနေတုန်း ဖြုန်းဆို သူစီးလာတဲ့ မြင်းကြီးကို နောက်ကြောင်းပြန်လှည့်ထွက်သွားတော့တာပဲဗျာ”

“ဦးကြီးကတော့ အရင်တုန်းကအတိုင်းပဲ ဘာတစ်ခုမှ မပြောင်းဘူး၊ အခုချိန်ထိ သူစိတ်ထင်ရာ လုပ်နေတုန်းပဲနော်”

“စောခမ်းမုံနဲ့ မင်းဦးကြီး တွေ့သွားတယ်ဟုတ်လား”

“တွေ့တယ်မာမီ”

ဒေါ်နန်းဆိုင်လောဝ်မှာ စောခမ်းမုံ၏ မျက်နှာလေးကို အလန့်တကြားလေး လှမ်းကြည့်လိုက်ရင်း အစ်ကိုဖြစ်သူရင်ထဲက ခံစားချက်ကို စာနာသနားစိတ်ဖြင့် မျက်စိမျက်နှာ ပျက်သွားရရှာပါသည်။

ဒါကို မြင်ဖြစ်အောင်မြင်တွေ့လိုက်ရသူက စောခမ်းမုံ။ ဘယ်လိုဖြစ်တာလဲ။ သူမလာတာကိုပဲ မကြိုက်လို့လား။ ဒေါ်နန်းဆိုင်လောဝ် မျက်နှာပျက်သွားတာကို စောခမ်းမုံကိုယ်တိုင် တွေ့မြင်လိုက်ရတာမို့ စိတ်မှာ တစ်မျိုးလေးဖြစ်သွားသည်။

“ညီ့သည်ကို အိမ်ထဲခေါ်ဦးလေ မာမီ၊ စောခမ်းမုံက မာမီနဲ့ တွေ့ချင်လို့ လိုက်လာတာခင်ဗျာ”

“အေးကွယ်…မာမီလည်း ရုတ်တရက် မင်းဦးကြီးအတွက် စိတ်ပူသွားလို့ စောခမ်းမုံလေးကို အိမ်ထဲခေါ်ဖို့ မေ့သွားတယ်”





“လာ…သမီး ဒီမှာ သက်တောင့်သက်သာ ကိုယ့်မိသားစုအိမ်လို သဘောထားပြီးနေပါ”

အို…။

စောခမ်းမုံရင်ထဲက ဒေါ်နန်းဆိုင်လောဝ် စကားကြောင့် ပါးလေးနှစ်ဖက် နွေးခနဲ ဖြစ်သွားရလျက် ဆေးဗညားရှိရာကို လှမ်းအကြည့် နူးညံ့ရွှန်းလဲ့စွာ သူမမျက်နှာလေးကို ခပ်ပြုံးပြုံးအမူအရာဖြင့် စူးစိုက်ကြည့်နေသော ဆေးဗညားနှင့် မျက်ဝန်းချင်းအဆုံမှာ သူမရင်ထဲ အေးခနဲဖြစ်သွားရလျက် အကြည့်ကိုကမန်းကတန်းလေး လွှဲလိုက်ရပါသည်။

“ခြံထွက်နွားနို့အစစ်…ပူပူလေးသောက်လိုက်ပါဦးကလေးရယ်၊ သကြားနဲ့သောက်ချင်ရင် စားပွဲပေါ်က ကြွေအုပ်လေးထဲမှာ ရှိတယ်၊ ဆားနဲ့သောက်ချင်ရင် ဟောဒီမှာ ဆားဗူး”

“ဘာနဲ့သောက်မလဲ စောခမ်းမုံ”

“သကြားနည်းနည်းဆိုရင် ရပါပြီ”

“ကိုယ်ထည့်ပေးမယ်နော်…တော်ပြီဆို ပြော ဟုတ်လား”

သကြားထည့်ထားသည့် ကြွေအုပ်ဖြူဖြူလေးကို ဦးဗညားက လှမ်းယူပြီး သူကိုယ်တိုင် ထည့်ပေးလာသဖြင့် စောခမ်းမုံ ဘာမှမပြောဘဲ ငြိမ်သက်နေလိုက်ရပါသော်လည်း ဒေါ်နန်းဆိုင်လောဝ်ကတော့ သားဖြစ်သူ၏ မျက်နှာကို အသာလှမ်းကြည့်လိုက်ပါသည်။

ယောက်ျားပီသစွာ တည်ကြည်ခန့်ညားသော ရုပ်သွင်



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့ခြင်းများ ပျော်ဝင်နေသော ရွှန်းလဲ့တောက်ပသည့် မျက်ဝန်းအစုံက စောခမ်းမုံကို ကြည့်ရှုနေပုံမှာ ချစ်မြတ်နိုးခြင်းတွေ ပြည့်သိပ်နေရှာရုံမက မိခင်ရေမှာပင် စောခမ်းမုံလေးအပေါ် ကြင်နာ အယုအယတွေ ပိုနေရှာသောသား။

အချိန်တန်တော့လည်း ချစ်ခြင်းမေတ္တာ အငုံအခက်တွေက လှပသော ချစ်မေတ္တာပန်းများအဖြစ်သို့ ဝင့်ကြွားတောက်ပစွာ ပွင့်လန်းရှင်သန်လာကြပြီထင်။

ဒေါ်နန်းဆိုင်လောဝ် မျက်ဝန်းထဲမှာ မိုးသည်းလေထန် ညတစ်ညမှာ အစ်ကိုကြီး ကိုစိုင်းနောင်နှင့်အတူ ရောက်ရှိလာသော ကလေးငယ်တစ်ယောက်၏ မျက်နှာကို ပြေးမြင်ယောင်လာမိသည်။

ထိုစဉ်တုန်းက ဒေါက်တာဆေးဗညား ဖြစ်လာမည့်သား မှာ အရွယ်နှင့်မလိုက်အောင် ခက်ခဲကြမ်းတမ်းသော ခရီးရှည်ကြီး ကို ဖြတ်သန်းလာရသဖြင့် ဒေါ်နန်းဆိုင်လောဝ်လက်သို့ ရောက် သောအခါ အဖျားရောဂါဖြင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူ လောင်လျက် ပြစ်ရပြီဟု ထင်ခဲ့ရရှာသော ကလေးက အခုတော့ ဖြင့် မြင့်မားထွားကြိုင်းသော လူချောလူလှ ဆရာဝန်လူလိမ္မာလေး အဖြစ် သူ့မာမီအရင်းအချာဟု ထင်မြင်ယုံကြည်နေသော ဒေါ်နန်း ဆိုင်လောဝ်အပါးမှာ ချစ်မြတ်နိုးခြင်းတွေနှင့် ရှိနေရှာသောအဖြစ်။

အခုချိန်ထိ သူ့ကိုယ်သူ မွေးစားသားဟု မသိရှာလေသော သားဖြစ်ပြီး ဒေါ်နန်းဆိုင်လောဝ်ကိုယ်တိုင် ဘယ်တော့မှ ဖွင့်မပြော ဟု ဆုံးဖြတ်ထားခဲ့သော အင်မတန်လျှို့ဝှက်သော မေတ္တာစာတ် လမ်းတစ်ပုဒ်ဆိုလျှင်လည်း မှားမည်မထင်ပါ။





"တော်ပြီ ဦးဗညား၊ ဒီလောက်ဆိုရင်ရပါပြီ"

စောခမ်းမုံအသံကြောင့် ဒေါ်နန်းဆိုင်လောဝ် အတွေးကမ္ဘာ မှ အလန့်တကြား နိုးထလာပြီး ဟင်းခနဲ သက်ပြင်းကြိတ်ရှိုက် လိုက်မိသည်။

စောခမ်းမုံလေးအပေါ်မှာ သားဖြစ်သူက မေတ္တာရှိနေပါ ရော့လား။

"မာမီ"

"ဟင်"

"ဘာတွေတွေးနေတာလဲ၊ ကျွန်တော်မေးနေတာကို မကြားဘူး"

"ဘာလဲသား…မာမီ့ကို သားဘာမေးနေတာလဲ"

သူမကြားလိုက်သော စကားကို ဒေါ်နန်းဆိုင်လောဝ် ပြန် မေးလိုက်ခြင်းဖြစ်ပါသည်။

"သြော်…ဦးကြီး ဒီကိုပြန်လာဦးမှာလား မေးမလို့ပါ"

"မာမီလည်း မပြောတတ်ပါဘူး သားရယ်၊ သူက ဒီလို ပဲ သွားချင်တဲ့အချိန် သွား၊ ပြန်ချင်တဲ့အချိန်ပြန်၊ နေချင်သလိုနေ လာတာ ကြာလှပြီပဲ"

အမှန်အတိုင်းဆိုဖြစ်သည်။

တကယ်လည်း ဦးစောဟုန်၏ ဘဝက သူပျော်သလိုနေ ထိုင်ရှင်သန်နေရသည့် ဘဝမို့ ထိုကဲ့သို့ နေထိုင်ပြုမူနေတာကို အပြစ် မဆိုရက်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိနေသည့် အဖြစ်လေ။

"စောခမ်းမုံက မာမီ့ကို မေးစရာရှိလို့တဲ့ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…ကလေးက ဘာတွေများ မေးချင်လို့လဲ"

ဒေါ်နန်းဆိုင်လောဝ် အသံက အထူးနူးညံ့သိမ်မွေ့သလို လှပသော စောခမ်းမုံ မျက်နှာလေးကို ကြည့်လာသော မျက်ဝန်း အကြည့်များမှာလည်း ရင်းနှီးချစ်ခင်မှုများ ပျော်ဝင်နေကြောင်း စောခမ်းမုံ သတိပြုလိုက်မိသလို စောခမ်းမုံရင်ထဲမှာလည်း ဒေါ်နန်း ဆိုင်လောဝ်ကို ရင်းနှီးခင်မင်တွယ်တာစိတ် သူ့အလိုလို ဖြစ်ပေါ် ခံစားနေရပါသည်။

"ဒီလိုပါ အန်တီ၊ ခမ်းမုံ မေးချင်တာက ဒီဓာတ်ပုံ အကြောင်းပါ"

စောခမ်းမုံက သူ့မဦးလေးဟု ယူဆရသူ၏ ဓာတ်ပုံကို ဒေါ်နန်းဆိုင်လောဝ် လက်ထဲကို ထည့်ပေးလိုက်ရင်း ဒေါ်နန်းဆိုင် လောဝ်၏ မျက်နှာကို မပြတ်အကဲခတ်နေမိသည်။

"ဒီဓါတ်ပုံထဲကလူက ဘယ်သူလဲဟင်၊ အန်တီသိလား"

"သမီးက သူ့အကြောင်း ဘာဖြစ်လို့သိချင်တာလဲ"

ဒေါ်နန်းဆိုင်လောဝ်က စောခမ်းမုံကမ်းပေးလာသည့် ဓါတ်ပုံကိုကြည့်လျက် ပြန်မေးလိုက်ရာ စောခမ်းမုံလည်း ဦးဗညား ၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

"ဟို…သူဟာ ခမ်းမုံရှာနေတဲ့ ဦးလေးများ ဖြစ်နေမလား လို့ပါ အန်တီ၊ ဟောဒီမှာ ဦးလေးရဲ့ဓာတ်ပုံကို တိုက်ကြည့်ပါဦး ရှင်"

ဒေါ်နန်းဆိုင်လောဝ် လက်ထဲကို ဓာတ်ပုံနှစ်ပုံ ရောက်သွား သည်။





"အန်တီ့ဆီက ငှားလာတဲ့ဓာတ်ပုံအယ်ဘမ်ထဲက ရတဲ့ ပုံပါအန်တီ၊ ခမ်းမုံဓာတ်ပုံစာအုပ် ပြန်လာပေးတော့ အန်တီ ခရီး ထွက်သွားပါပြီ"

"ြော်"

စကားက ထိုနေရာမှာ အဆုံးသတ်သွားသည်။

ဒေါ်နန်းဆိုင်လောဝ်က ဓာတ်ပုံ ၂ ပုံကို သေချာရှုစိုက် ပြီး အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေပြီးမှ စောခမ်းမုံကို ဖြည်းဖြည်းခြင်း မော့ကြည့်လာပါသည်။

"စောခမ်းမုံ"

"ရှင်"

"ဒီဓာတ်ပုံထဲက လူကို အန်တီမသိပါဘူးကွယ်၊ ဒီဓာတ်ပုံ ကိုတောင် အခုမှမြင်ဖူးတာပါ"

"အို"

တိကျစွာ ငြင်းပယ်လိုက်သော ဒေါ်နန်းဆိုင်လောဝ်၏ စကားအဆုံးမှာ စောခမ်းမုံ၏ လှပသော မျက်နှာလေး သိသာစွာ ပျက်သွားပါသည်။

စောခမ်းမုံရဲ့ နောက်ဆုံး မျှော်လင့်ချက်မှာ ထိုနေရာမှာ ပင် တစ်စစီ ဆုံးခန်းတိုင်ရပြီဖြစ်သည်။

"အန်တီကို ခွင့်လွှတ်ပါ ကလေးရယ်၊ ကလေးအတွက် အားလုံးအတွက် အန်တီ စိတ်မကောင်းပါဘူး"

"ခမ်းမုံကိုသာ အန်တီက ခွင့်လွှတ်ရမှာပါရှင်၊ တကယ် တော့ ခမ်းမုံ စိတ်ကူးယဉ်ခဲ့မိတာပါ၊ ဖေဖေ ပြောပြလို့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ခမ်းမုံသိခဲ့ရပါပြီ''

''ခမ်းမုံ လိုက်ရှာနေတဲ့ ဦးလေးက ဆုံးသွားခဲ့ပါပြီ အန်
စိတ်အနှောင့်အယှက်ပေးမိတဲ့ ခမ်းမုံကိုသာ ခွင့်လွှတ်ပါရှင်''

''အိုကွယ်''

မျက်ရည်ဝေနေသော မျက်ဝန်းအစုံကို ကြည့်လျှ
ဒေါနန်းဆိုင်လောဝ်ရင်မှာ စောခမ်းမုံနှင့် ထပ်တူနီးပါး ခံစားထိခို
နေရပေမယ့် အစ်ကိုစောဟုန်ရဲ့ စိတ်ဆန္ဒအတိုင်း စောခမ်းမုံမှာ
ရှိနေသော တစ်ပင်တည်းသော သံယောဇဉ်နွယ်ကြိုးတစ်စ
အပြီးတိုင် ဖြတ်တောက်ပြစ်လိုက်ပြီးမှ ရင်တစ်ခုလုံး ပူလောင်
ကျင်နေမိသည်မှာ ဘာကြောင့်ပါလဲ။

''ကိုကို့ကိုချစ်တယ်၊ သနားတယ်ဆိုရင် လောဝ် တစ်
ပဲ ကူညီပါ၊ စောခမ်းမုံလေး ဒီကိုလိုက်လာရင် ကိုကို သူနဲ့ရင်
ဆိုင်ချင်ဘူး၊ ရင်မဆိုင်ပါရစေနဲ့တော့လေ''

''ကိုကို့ဘဝနဲ့ပဲ ကိုကိုနေချင်တယ်၊ အပြစ်ကင်းစင်
စောခမ်းမုံဘဝမှာ နောက်ထပ်မနာကျင် မထိခိုက်စေပါနဲ့တော့
လားကွယ်၊ ကိစ္စအားလုံးကို ဒီနေရာမှာတင်ပဲ ပြီးပြတ်ချုပ်ငြိမ်း
စေ''

''ကိုကိုပြောတာ လောဝ် နားလည်ပါတယ်နော်''

ကိုကိုရယ်…။

ကိုကိုရဲ့ဆန္ဒ၊ မြတ်ရဲ့ နောက်ဆုံးဆန္ဒ၊ ပြီးတော့ ဦးသ
ထွန်းရဲ့ တောင်းပန်တိုးလျှိုး အသနားခံမှု အစုစုတို့ အခြေ
ကွယ်လွန်သွားရှာပြီဖြစ်သော အစ်ကိုစိုင်းနောင်၏ ကိစ္စကို နော





ဆုံး ပြည်ဖုံးကားချ၍ လုံးဝမသိရပါကြောင်း ငြင်းဆိုလိုက်ရခြင်း
က ကျန်ရစ်သူတွေရဲ့ ရင်ထဲက စိတ်ဆန္ဒတွေကြောင့်သာ ဖြစ်သ
ဖြင့် အစ်ကိုကြီးကိုစိုင်းနောင်တစ်ယောက် တမလွန်ဘဝက
လောဝ်တို့ မောင်နှမကို ခွင့်လွှတ်ပါဟု စိတ်ထဲက ဝန်ချတောင်း
ပန်နေမိပါသည်။

ဒီလိုမှမလုပ်လျှင် အစ်ကိုစောဟုန်က ဒီမှာမနေဘဲ
အားလုံးနဲ့ဝေးရာကို ထွက်သွားတော့မည်ရယ်လို့ နောက်ဆုံးပိတ်
စကားကို ဆိုခဲ့မှကိုး။

ဒီတော့လည်း အစ်ကိုဖြစ်သူ၏ ဆန္ဒအတိုင်း စောခမ်းမုံ
နှင့် အစ်ကိုဖြစ်သူတို့၏ ရင်နှင့်ကြေကွဲဖွယ်ရာ မလှပသည့်
အဆုံးသတ်လေးကို ဒေါနန်းဆိုင်လောဝ်ကပဲ ရင်နာစွာ ဖြတ်
တောက်လိုက်ရသည့်အဖြစ်လေ။

''ခမ်းမုံကို ခွင့်ပြုပါဦး အန်တီ''

''ကောင်းပါပြီကွယ်…နောင်ကိုလည်း အန်တီ့ကို
စောခမ်းမုံရဲ့ သွေးသားရင်းချာ အဒေါ်တစ်ယောက်လိုပဲ သဘော
ထားပါ''

''စောခမ်းမုံကို အန်တီအမြဲသတိရနေမှာပါ''

''ကျေးဇူးတင်ပါတယ် အန်တီ၊ ခမ်းမုံလဲ အန်တီကို
ဘယ်တော့မှ မမေ့ပါဘူး''

''ကျွန်တော် ခမ်းမုံကို ပြန်ပို့လိုက်ဦးမယ် မာမီ''

''ကောင်းပါပြီကွယ်''

အပြန်လမ်းခရီးမှာ အထူးပင် တိတ်ဆိတ်ငြိမ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ကားစက်မှတစ်ပါး တခြားမည်သည့်အသံမှ မရှိပါချေ။

"စိတ်မကောင်းဖြစ်နေလား စောခမ်းမုံ"

"ဟင့်အင်း"

"ကိုယ့်ဘဝကိုယ်ပဲ ဝမ်းနည်းနေမိတာပါ"

"ဘာထူးလို့လဲ စောခမ်းမုံ၊ အားလုံးအတူတူပဲ မဟုတ်လား"

"ခမ်းမုံ မပြောတတ်တော့ဘူး ဦးဗညားရယ်"

"ခမ်းမုံ"

"ဟာ…ရှေ့မှာ ကား…ကား"

"ဟာ"

"ကျွီး"

"ဝုန်း"

"ဒုန်း"

"အား"

တိတ်ဆိတ်သော ဝန်းကျင်အနှံ့ ကျယ်လောင်သော အသံဆိုးများ ပဲ့တင်ထပ်ကျန်ရစ်သလို စောခမ်းမုံတို့ကားလေးသည်လည်း လမ်းဘေးတစ်ဖက်ရှိ ကုန်းမြေမြင့်မှ အောက်ဘက်သို့ ထိုးကျသွားပြီး သစ်ပင်ချုံနွယ်ကြီးမှာ တွယ်ငြိအဆုံးသတ်သွားသည်။ ပြီးနောက်…

စောခမ်းမုံ၏ ကမ္ဘာလေးသည်လည်း လုံးဝအမှောင်ကျသွားရပြီ ဖြစ်ပါတော့သတည်း။

× × × ×





အခန်း (၂၀)

"စောခမ်းမုံ"

"စောခမ်းမုံ"

အမှောင်ကမ္ဘာထဲတွင် ကျရောက်နေသော စောခမ်းမုံမှာ အဆက်မပြတ် ခေါ်ငင်နေသော သူမ၏အမည်ကို ခေါ်နေသံကြောင့် အသိတရားတို့မှာ တဖြည်းဖြည်း ဝေးလာလိုက် နီးလာလိုက်နှင့် ဖြစ်နေရာမှ မျက်ဝန်းအစုံမှာ ဖြေးညှင်းစွာ ပွင့်အန်လာပါသည်။

"စောခမ်းမုံ…ခမ်းမုံ"

"သတိရပြီနော်"

ဝေဝါးသော မြင်ကွင်းမှာ စောခမ်းမုံအတွက် ဘာတစ်ခုမှ မသည်းကွဲသလို သူမ၏အမည်ကို အဆက်မပြတ် ခေါ်မြည်နေသူ ပုံရိပ်ကလည်း မပီပြင်။

"သမီးခမ်းမုံ…သမီးလေး"

"ခမ်းမုံ"

အသိတရားမှာ စောခမ်းမုံကိုယ်မှ လွင့်ခနဲ ဝေးကွာသွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ သွေးပုလင်း၊ ဆေးပုလင်းပိုက်များဖြင့် ရှုပ်ထွေးနေသော စောခမ်းမုံတစ်ယောက် ဆေးရုံထက်က ခုတင်ထက်မှာ ဖြူဖျော့ငြိမ်သက်စွာ လှဲလျောင်းနေသည့်အဖြစ်ကို နာကျင်လှသော နှလုံးသားကိုယ်စီဖြင့် ရင်တမမ ကြည့်နေကြသူများက ဦးစောဟုန်နှင့် ဦးသက်ထွန်း။

"အားလုံးဟာ ကျုပ်ကြောင့်၊ ကျုပ်ကြောင့် အခုလိုဖြစ်ရတာပါ နိုင်းစောဟုန်ရယ်"

ယူကျုံးမရသံကြီးဖြင့် ဆိုလာသော ဦးသက်ထွန်း၏ ဖြူဖျော့အိုစာသွားသော မျက်နှာကိုကြည့်ကာ သက်ပြင်းကြိတ်ရှိုက်မိသူက ဦးနိုင်းစောဟုန်။

ခေါင်းမှာလည်း ပတ်တီးနဲ့ လက်တစ်ဖက်ကိုလည်း ကြိုးဖြင့် သိုင်းချိတားရသူ၏ အဖြစ်ကလည်း ရင်နာမယ်ဆိုရင်လည်း နာစရာ။

ဦးသက်ထွန်းကိုယ်တိုင် မောင်းလာသည့် ကားနှင့် စောခမ်းမုံ စီးလာသည့် ကားကို ဝင်တိုက်မိသည့်အဖြစ်။ ကားမောင်းသူ ဆေးဗညားမှာ ဒဏ်ရာပြင်းစွာရသွားသော်လည်း စောခမ်းမုံလောက် အခြေအနေက မဆိုးသေး။

"စိတ်မကောင်းစရာတွေချည်း တွေးမနေပါနဲ့ ဦးရယ်၊ မကြာ ခင် ခမ်းမုံပြန်သတိရလာမှာပါဗျာ"

"ဟောဒီက ဦးလေး အချိန်မီရောက်လာလို့ စောခမ်းမုံရဲ့ အသက်ကို အချိန်မီ ကယ်တင်နိုင်ခဲ့တာရော၊ ဦးလေးရဲ့ သွေးကို ပေးခဲ့တာရော ကျွန်တော်ဖြင့် ကျေးဇူးတင်လို့မဆုံးပါဘူးခင်ဗျာ"

"ဦးလေးကျေးဇူးကို တစ်သက်လုံး မမေ့ဘူးဆိုတာ ယုံပါ





ဗျာ"

အမှန်ကကယ် ကျေးဇူးတင်နေမိသူက ခွန်ကြာ။

ဦးစောဟုန်ဆိုသည့် ဦးလေးကြီးက အခင်းဖြစ်ပွားရာ နေရာသို့ အချိန်မီရောက်ရှိလာခဲ့သဖြင့် စောခမ်းမုံကို အချိန်မီ ဆေးခန်းပို့ပေးနိုင်ခဲ့သလို လိုအပ်သည့် သွေးကိုလည်း ဦးစောဟုန်ဆီကပဲ ရယူ ခဲ့ရသည့်အဖြစ်ပါ။

ခွန်ကြာ၏ ကျေးဇူးတင်စကားအဆုံးမှာ အခုချိန်ထိ စိုလှုပ်မယှက် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသော ဦးစောဟုန်ဘက်ကိုကြည့်ကာ တစ်ခါမှ မခံစားဘူးသော ခံစားချက်တစ်မျိုးဖြင့် ရင်ထဲမှာ တဆစ်ဆစ်နာကျင်လာရသူက ဦးသက်ထွန်း ဖြစ်သည်။

ပထမဦးဆုံးအကြိမ်အဖြစ် မိဘတစ်ယောက်ဖြစ်သော ဦးနိုင်း စောဟုန်ကို စာနာသနားမိခြင်းဟုဆိုလျှင်လည်း မမှားပါချေ။

ကိုယ့်ဘက်ပဲ ကိုယ်ကြည့်၊ ကိုယ့်အကြောင်းပဲ ကိုယ်တွေးကာ သမီးလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရမည့်အရေးကိုပဲ တွေးပြီး ကြောက်လန့်နေခဲ့ရသည့်ဘဝမှာ ဘာကိုမှ ဆင်ခြင်စိတ်ဖြင့် စာနာ ငဲ့ညှာမှုမျိုး မတွေးခဲ့ဘူးပါ။

သမီးကို ချစ်သည့်စိတ် တစ်ခုတည်းနှင့်ပင် အားလုံးအပေါ်မှာ ရက်စက်စွာ အနိုင်ယူခဲ့မိသော ဦးသက်ထွန်းအဖြစ်က ဦးနိုင်းစောဟုန်လို လူတစ်ယောက် တွေ့တော့ အနေခက်စရာ ရှက်ရွံ့ကြောက်ရွံ့စရာ ဖြစ်ရသည်။

သူလိုလူတစ်ယောက်ကတောင် သမီးလေးအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ချစ်မြတ်နိုးနေခဲ့မည်ဆိုလျှင် ဦးစိုင်းစောဟုန်လို လူတစ်ယောက်အတွက် ဆိုဖွယ်ရာရှိတော့မည်မထင်။

"စိုင်းစောဟုန်"

"ပြောပါ…ဦးသက်ထွန်း"

ဦးစိုင်းစောဟုန်အသံက တည်တည်ငြိမ်ငြိမ်။ သူ့ကို တုံ့ပြန်ထူးနေသော်လည်း မျက်ဝန်းအကြည့်တွေကတော့ သွယ်တန်းထားသော ပိုက်မှတစ်ဆင့် စောခမ်းမုံခန္ဓာကိုယ်လေးထဲ စီးဝင်နေသော သွေးစက်များရှိရာမှာ စူးစိုက်ငြိမ်သက်နေ၏။

"ကျုပ်ကိုခွင့်လွှတ်ပါဗျာ၊ တကယ်တော့ ကျုပ်ဟာ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်ခဲ့တဲ့ အတ္တကြီးတဲ့ လူတစ်ယောက်ပါ"

တစ်သက်လုံး ဘယ်သူ့ကိုမှ ဝန်မခံခဲ့ဘူးသော စကားကို ဦးစောဟုန်ရှေ့မှာ နှောင်တာမရှိဘဲ စိတ်ရင်းအတိုင်း ဝန်ခံပြောလိုက်မိရပါပြီ။

ဦးစောဟုန်ကဖြင့် သူ့စကားအတွက် မည်သည့်တုန့်လှုပ်မှုမှမပြပါ။

"ခင်ဗျားကိုယ်ခင်ဗျားချည်း အပြစ်တင်မနေပါနဲ့လေ၊ ကျွန်တော်ကိုယ်တိုင်ကလည်း အတ္တကြီးတဲ့လူပါပဲ"

"စိုင်းစောဟုန်"

"မင်း…မင်းသမီးလေးကို မချစ်ဘူးလား"

"ခင်ဗျား ဘယ်လိုထင်လဲ"

"မင်းကို ကျုပ် ကိုယ်ချင်းစာပါတယ်၊ သမီးကို ကျုပ်တစ်ယောက်တည်း အပိုင်စီးမထားရက်တော့ပါဘူးလေ"

"ဒါဖြင့် ခင်ဗျားက ကျွန်တော့်ကို အပြီးပေးမယ်လား"





"ဗျာ"

သိမ်မွေ့နူးညံ့သော အပြုံးတစ်ခု ချောမောခန့်ညားသော စိုင်းစောဟုန် မျက်နှာမှာ ပေါ်လာသည်။

"ကျွန်တော့်သမီးကို ကျွန်တော်ချစ်တယ် ဦးသက်ထွန်း၊ သိပ်ချစ်တယ်၊ ကျွန်တော့်လိုပဲ မြတ်လည်း သူ့သမီးလေးကို သိပ်ချစ်ခဲ့မှာ မလွဲပါဘူး၊ ဒါပေမယ့်ဗျာ လူ့လောကကြီးမှာနေရင် လူမှုကျင့်ဝတ်သိက္ခာပုဒ်တွေကို မလွဲမသွေ စောင့်စည်းထိန်းသိမ်းကြရမယ် မဟုတ်လား"

"ဒီတော့ ခင်ဗျားရော ကျုပ်ရော၊ သမီးလေးရော ဒီအတိုင်းရှိနေခြင်းအားဖြင့် သမီးမေမေရဲ့ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းထားကြပါစို့လားဗျာ"

"ကျွန်တော်ပြောတာကို ခင်ဗျားနားလည်ပါတယ်နော်"

"ဒါဖြင့် မင်းဘဝတစ်လျှောက်လုံး သမီးကို ဘာမှဖွင့်မပြောဘဲ ဒီအတိုင်းနေသွားနိုင်တယ်ပေါ့ ဟုတ်လား"

အံ့သြမယုံကြည်နိုင်သော အကြည့်များဖြင့် ဦးသက်ထွန်း မေးလိုက်ခြင်းဖြစ်ပါသည်။

"ကျွန်တော့်ကို သိပ်ပြီးတော့လည်း အထင်မကြီးစမ်းပါနဲ့ဦးလေ၊ အမှန်အတိုင်းပြောရရင် ခင်ဗျားလက်ထဲမှာ ရောက်နေတဲ့ ကျွန်တော့်သမီးလေးကို မြတ်ကိုယ်စား ပြန်ယူဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တဲ့သူဆိုတာ ယုံပါ"

"သနားစရာကောင်းတဲ့ မြတ်ရဲ့ တောင်းပန်စာလေးသာ ရှိမနေဘူးဆိုရင် ဒါမှမဟုတ် အခုချိန်ထိ မြတ်ကို မေ့လို့မရအောင် ချစ်မနေခဲ့ဘူးဆိုရင် ကျွန်တော့်စိတ်ထဲမှာ ခံစားရတဲ့အတိုင်း လုပ်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဝန်မလေးပါဘူး''

''အခုတော့ ကျွန်တော့်အဖြစ်က မြတ်ကို အခုချိန်ထိ သိပ်ချစ်နေတုန်းပဲ၊ မြတ်ရဲ့စကားတွေကို မြေဝယ်မကျနားထောင်ချင်နေတုန်းပဲ၊ မြတ် စိတ်ဆင်းရဲမှာ၊ မြတ်ရဲ့ဂုဏ်သိက္ခာ ကျွန်တော့်ကြောင့် ထိခိုက်နစ်နာသွားမှာကို ကြောက်လန့်နေတုန်းပဲဗျာ''

''တဆိတ် မထူးဆန်းလွန်းဘူးလား ဦးသက်ထွန်း''

ဦးစိုင်းစောဟုန် စကားအဆုံးမှာ ဦးသက်ထွန်းမျက်နှာမှာ မည်းခနဲဖြစ်သွားသည်။ ဦးစိုင်းစောဟုန်ရဲ့ သစ္စာစကားတွေက သူလို သစ္စာဖျက်မိသူတစ်ယောက်အတွက် အရှက်ရ အနေရခက်စေသည့် အဖြစ်ပဲ မဟုတ်ပါလားလေ။

ဦးသက်ထွန်းမှာ ပြန်လည်တုံ့ချေရန် စကားမရှိပါ။

''ကျွန်တော်ထင်တယ်လေ မြတ်ဝိညာဉ်ဟာ အခုချိန်ထိ ကျွန်တော့်နားမှာ ရှိနေတုန်းပဲ၊ ဘာဖြစ်လို့ပဲ ခင်ဗျားသိလား''

ဦးစိုင်းစောဟုန်က ဦးသက်ထွန်းမျက်နှာကို စေ့စေ့ရှုစိုက်ကြည့်ရင်း မေးလိုက်ခြင်းဖြစ်ရာ ဦးသက်ထွန်းမှာ စိတ်ညို့ခံရသူတစ်ယောက်လို ယောင်ရမ်းခေါင်းခါပြလိုက်ရာ ဦးစိုင်းစောဟုန်ထံမှ အင်မတန်တိုးညင်းသော စကားသံကို ကြားလိုက်ရသည်။

''အခုချိန်ထိ မြတ်ဟာ ကျွန်တော့်အိပ်မက်တွေကို စိုးမိုးထားနိုင်တုန်းမို့ပေါ့ဗျာ''

ဦးသက်ထွန်း ဘာပြောရမှန်းမသိဘဲ ဦးစိုင်းစောဟုန်၏ မျက်နှာကို ပြန်ကြည့်နေမိပါသည်။

''ထားပါလေ…နောက်ဆုံး ကျွန်တော်ပြောချင်တာက ကျွန်တော့်ကြောင့် မြတ်တို့သားအမိရဲ့ ဖြူစင်မြင့်မြတ်တဲ့ ဂုဏ်သိက္ခာ





လေးကို မညစ်နွမ်းပါစေနဲ့လားဗျာ''

''ကျွန်တော်ပြောတာ မှန်တယ်မဟုတ်လား''

ဦးသက်ထွန်း ယောင်ရမ်းခေါင်းညိတ်ပြလိုက်သည်။

''ဒါပေမယ့် မင်းက သမီးရဲ့အဖေအရင်းပဲ''

''ဒါကြောင့် ကိုယ့်ရင်သွေးလေးအပေါ်မှာရော သူ့အမေအပေါ်မှာပါ ပိုပြီး ငဲ့ညှာစောင့်စည်းထိန်းသိမ်းထားရတာပဲလေဗျာ''

စိုင်းစောဟုန်ရယ်…။

အခုမှ ဦးသက်ထွန်းတစ်ယောက် စိုင်းစောဟုန်ဆိုသည့် လူတစ်ယောက်ရဲ့ ခိုင်မြဲသောအချစ်နှင့် သစ္စာတရားကို ပိုပြီးသဘောပေါက် လေးစားရပါပြီ။

''အင်း…ဟင်း…ဟင်း''

''ဟော…ဟိုမှာ သမီးသတိရလာပြီ''

''သမီး…သမီး''

''စောခမ်းမုံ''

''ဖေ…ဖေ''

''သမီးသတိရလာပြီ…ဝမ်းသာလိုက်တာသမီးရယ်၊ ဖေဖေ ဝမ်းသာလိုက်တာကွယ်''

သမီးလက်ကလေးကို ဆွဲယူရင်း တုန်ရီလှိုက်လှဲစွာ ဆိုလာသော ဦးသက်ထွန်း၏ မျက်နှာကို သေချာစူးစိုက်ကြည့်နေသူက ဦးစိုင်းစောဟုန်။

''ခမ်းမုံ့ ဘာဖြစ်တာလဲဟင်''

''ဖေဖေ့ကားနဲ့ တိုက်မိတာပဲသမီး''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်းက ဖြစ်ပျက်ပုံအလုံးစုံကို သမီးဖြစ်သူ နား လည်သဘောပေါက်အောင် အစအဆုံး ရှင်းလင်းပြောပြနေပေမယ့် ဘာကြောင့် အခုလို သူမကျွမ်းကျင်သည့်လမ်းမှာ ကားကို ခပ်ကြမ်း ကြမ်း မောင်းလာရသည်ကိုတော့ ပြောမပြခဲ့ပါ။

သမီးစောခမ်းမုံ၊ နန်းဆိုင်လောဝ်၏ သားနှင့် အသိမိတ်ဆွေ ဖြစ်နေလိမ့်မည်ဟု ထင်မထားခဲ့သော ဦးသက်ထွန်းမှာ ဒေါက်တာ ဆေးဗညားကို နန်း၏သားမှန်းသိသည်နှင့် သမီးလေးနှင့် နန်းတို့ ဆက်စပ်ပတ်သက်မှုမှတစ်ဆင့် တစ်သက်လုံး လျှို့ဝှက်ဖုံးကွယ်ထား ခဲ့သော ဓာတ်လမ်းတစ်ပုဒ် ဘွားခနဲ ပေါ်ပေါက်သွားမှာစိုးရိမ် ချောက်ချားစွာ အခုလို ကားကို မဆင်မခြင် မောင်းနှင်လာခဲ့ခြင်း ဖြစ်သည်။

သမီးနဲ့ သူ့ဖေဖေတို့သာ ပြန်လည်ဆုံတွေ့ ပေါင်းစည်း သွားကြလျှင် သမီးကို သူ လက်လွှတ်ဆုံးရှုံးရတော့မည်ဆိုသော တစ်ကိုယ်ကောင်းဆန်လှသည့် အတွေးတွေက ဦးစိုင်းစောဟုန်လို သဘောထားကြီးမြင့်ပြီး သမီးနှင့် မြတ်အပေါ်မှာ အနှိုင်းဟကယ် တန်ဖိုးထား ချစ်မြတ်နိုးသူရဲ့ရှေ့မှာ ဦးသက်ထွန်းမှာ အရှက်ရစေဖို့ ခေါင်းငုံ့မျက်လွှာချဖို့ ဖြစ်လာရသည့်အဖြစ်တွေလေ။

မြတ်ရယ်…။

တမလွန်ဘဝကနေ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ကွယ်။

မြတ်အပေါ်မှာ ကိုယ်ဟာ သစ္စာမဲ့သူပါ။

"ဦးဗညားရော…ဖေဖေ ဦးဗညား ဘာဖြစ်သွားလဲဟင်"

"ဘာမှမဖြစ်ပါဘူးကွယ်… အခြေအနေကောင်းသွား ပါပြီ၊ ဆေးရှိန်နဲ့ အိပ်ပျော်နေတုန်းမို့ပါ"





"ဟင်…ဦးကြီးစောဟုန်"

စောခမ်းမုံအမေးကို ဖြေလိုက်သူက ဦးသက်ထွန်း မဟုတ် ပါ။ ဦးစောဟုန်ကိုယ်တိုင် ဖြစ်နေသဖြင့် စောခမ်းမုံမှ အခုမှ ဦးဗညား ၏ ဦးကြီး ဦးစောဟုန်ကို တွေ့မြင်သတိထားမိလျက် ဦးစောဟုန် အမည်ကိုပါ မှတ်မှတ်သားသား ခေါ်လိုက်မိရခြင်း ဖြစ်ပါတော့ သည်။

"ဟုတ်ပါတယ် ကလေး၊ မောင်ဗညားရဲ့ဦးကြီး ဦးစော ဟုန်ပါ"

ဦးစောဟုန်က ပြုံးလျက်ဆိုလိုက်ခြင်း ဖြစ်ရာ စောခမ်းမုံ မှာ သူ့အလိုလိုပင် ဦးစောဟုန်အပေါ် ချစ်ခင်တွယ်တာသွားမိသည့် အဖြစ်က သွေးကစကားပြောခြင်းသာ ဖြစ်ပါသည်။

"သမီးရဲ့အသက်ကို ဟောဒီဦးကြီးက ကယ်ခဲ့တာပဲကွယ့်၊ သူ့အချိန်မီ ဆေးရုံကိုရောက်အောင် ပို့ပေးခဲ့သလို သမီးအတွက် လိုအပ်တဲ့သွေးကိုလည်း ဦးကြီးစောဟုန်ကပဲ ပေးခဲ့တာလေ"

"အို"

"ခမ်းမုံ ဦးကြီးကို ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတော့ ပါဘူးရှင်၊ ဦးကြီးကို ခမ်းမုံ ကန်တော့ပါတယ်ရှင်"

အိပ်ရာပေါ်ကပင် လက်အုပ်လေးချီမိုး ကန်တော့လိုက် သော သမီးလိမ္မာလေးကြောင့် ဦးစောဟုန်စိတ်ထဲမှာ ကြည်နူးချမ်း မြေ့သွားရပါသည်။

"လိမ္မာလိုက်တဲ့သမီးလေး၊ ဦးကြီးအတွက် ဒီကိစ္စက အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက သမီးကိုယ်သမီး ကျန်းမာ အောင် ဂရုစိုက်ဖို့ပဲ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဦးသက်ထွန်း…ကျွန်တော် မောင်ဇညားကို တစ်ချက် ဝင်ကြည့်ပြီး ပြန်တော့မယ်ဗျာ''

''ကဲ…သမီးလေး ဦးကြီးပြန်တော့မယ် ဟုတ်လား''

''ဟုတ်ကဲ့ပါ ဦးကြီး၊ နောက်ရက်တွေလည်း လာပါနော် ခမ်းမုံ ဦးကြီးကို မျှော်နေမယ်''

''ကောင်းပါပြီကွယ်''

ကလေးငယ်တစ်ယောက်လို ဆိုလာသော သမီးမျက်နှာလေးကို တစ်ချက်ကြည့်ပြီး ဦးစိုင်းဇောဟုန် နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့လိုက်ပါသည်။

နေရစ်ခဲ့တော့ ဖေဖေ့သမီးလေးရယ်။ သမီးမေမေအတွက် ပြီးတော့ ဖေဖေချစ်တဲ့ သမီးလေးအတွက် ဖေဖေ့နှလုံးသားကို စတေးပါရစေကွယ်။

အဲဒီအတွက် ဖေဖေ့ကိုယ်စား မြတ်ဆိုတဲ့ သမီးရဲ့မေမေကလည်း ကျေနပ်နေမှာပါလေ။ တကယ်တော့ ဒီဂိုဆုံးဖြတ်တာဟာလည်း သမီးမေမေရဲ့ နောက်ဆုံးဆန္ဒပဲ မဟုတ်လား။

× × × ×





# အခန်း (၂၁)

''ဒီနေရာကပဲ မှန်းကန်တော့လိုက်ပါကွယ်၊ သမီးတို့လာတဲ့အကြောင်း အန်တီသေချာပြောပြီး သမီးကန်တော့တဲ့ ပစ္စည်းတွေကိုလည်း သမီးဦးကြီး လက်ထဲအရောက် သေချာထည့်ပေးမှာပါ''

''ကျေးဇူးတင်ပါတယ် အန်တီ၊ ခမ်းမုံတို့ကို ခွင့်ပြုပါဦးရှင်''

''နှန်း…ကိုယ်တို့သွားတော့မယ်နော်''

''ကောင်းပါပြီရှင်''

''မာမီ…ကျွန်တော်လည်း သွားတော့မယ်နော်''

''အေးပါ သားရယ်၊ သိပ်မကြာဘူး မာမီလည်း ပြန်လာမှာပါ၊ ကဲ…ကဲ သွားတော့''

စောခမ်းမုံသည် မှိုင်းဝေသီပြာသော တောင်ပြာတန်းနှင့် စိမ်းမှောင်အုပ်ဆိုင်းသော သစ်ပင်ကြီးများအလယ်မှ အိမ်လေးရှိရာကို ဆွတ်ပျံ့ရီဝေသော မျက်ဝန်းပြာကြီးများဖြင့် တစ်ချက်မျှ ငေးငေး



www.burmeseclassic.com

www.burmeseclassic.com



လေး စူးစိုက်ကြည့်လိုက်ပြီးမှ အသင့်ရပ်ထားသော ကားလေးပေါ်သို့ တက်ခဲ့လိုက်ရပါပြီ။

နေရစ်ခဲ့တော့ ဦးလေးနဲ့ မေမေရယ်။

နောင်ဘဝတွေမှာ ဒီလိုအဖြစ်မျိုးနဲ့ ခမ်းမုံတို့မိသားစုလေး မတွေ့ရမကြုံရပါစေနဲ့လို့ ဒီနေရာကပဲ ဆုတောင်းလိုက်ရပါတယ်ရှင်။

အပြန်ခရီးမှာ စောခမ်းမုံတို့ကားပေါ်မှာ အတူပြန်လည်လိုက်ပါလာသူကတော့ ဒေါက်တာဆေးဗညား ဖြစ်ပါသည်။ ဆေးခန်းလေးမှာ စောခမ်းမုံရှိစဉ်တစ်လျှောက်လုံး ဦးစောဟုန်ကို နောက်ထပ်မတွေ့မြင်ရတော့သည်မှာ စောခမ်းမုံ သက်သာသည့်အထိဖြစ်ရာ နောက်ဆုံး အိမ်အပြန်ခရီးစတင်ရန်အတွက် အသက်သခင်ကျေးဇူးရှင်ဖြစ်သော ဦးစောဟုန်ရှိရာသို့ လိုက်လာပြီး ဂါရဝပြုရာမှာလည်း စောခမ်းမုံ တွေ့လိုသူကို မတွေ့ရခြင်းကလည်း စောခမ်းမုံ၏ စိတ်ကို ထိခိုက်စေရခြင်း အကြောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

တစ်လမ်းလုံး ဒေါက်တာဆေးဗညားက စောခမ်းမုံ၏ အရိပ်ကလေးတစ်ခုဖြစ်ကာ မပြတ်ဂရုစိုက်လာခဲ့ပုံကို မတွေ့ချင်ဘဲ အစအဆုံး မြင်နေရသူက ခွန်ကြာ ဖြစ်ပါသည်။

ဒေါ်အဲရွှေပင် ဘာတစ်ခုမှ လုပ်စရာမရှိ။ စောခမ်းမုံ အတွက် လိုအပ်သမျှကို ဒေါက်တာဆေးဗညားကပဲ အားလုံးဖြည့်ဆီး လုပ်ကိုင်သွားပုံက တယုတယ၊ မြတ်နိုးချစ်ခင်တွယ်တာခြင်းတွေဆိုတာက ဖုံးမရဖိမရ။ နူးညံ့ရွှန်းလက်သော မျက်ဝန်းအကြည့်





များ၊ ဂရုတစိုက် ပြုစုယုယမှုတွေက စောခမ်းမုံ၏ လှပသော မျက်နှာလှလှလေးကို အနေရခက် ရှက်ရွံ့ထူပူစေလျက် ပါးလေးတွေ နီမြန်းလျက် ခပ်အမ်းအမ်း အမူအရာဖြင့် ကားမောင်းသူခွန်ကြာရှိရာသို့ မလုံမလဲ အကြည့်လေးများ ရောက်ရှိလာရာ ခွန်ကြာမှာ စောခမ်းမုံ အနေမခက်စေရန် ထိုအကြည့်လေးများကို မမြင်ဟန်ဆောင်နေရသည်ကလည်း အကြိမ်ကြိမ်ပါ။

"ဦးဗညား"

"ဟင်"

"ခမ်းမုံကို ဒီလောက်ဂရုမစိုက်ပါနဲ့ရှင်၊ ခမ်းမုံအတွက် လိုအပ်တာတွေ ဒေါ်အဲရွှေ လုပ်ပေးပါလိမ့်မယ်"

နောက်ဆုံး နှုတ်ကထုတ်ပြောတားမြစ်မိသူက စောခမ်းမုံ။

"ကိုယ်က စောခမ်းမုံအတွက် လုပ်ပေးချင်နေလို့ပါဆိုရင်ရော"

"ရှင်"

"ကိုယ် ဟန်မဆောင်ချင်တော့ဘူး ခမ်းမုံ၊ ကိုယ် ခမ်းမုံကို ချစ်တယ်"

"အို"

ဦးဗညား၏ စကားသံတိုးတိုးလေးက စောခမ်းမုံနားစည်ကို ကျော်ဖြတ်ပြီး နှလုံးသားတစ်ခုလုံးကို ပွန်းလူပ်ရှားစေရော့ထင်။ ကဒိတ်ဒိတ်ရင်ခုန်သံတို့ကြောင့် ရွှန်းလဲ့သော ဦးဗညား၏ အကြည့်များကို ရင်မဆိုင်ရဲဘဲ မျက်လွှာချလိုက်မိရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ပြန်ချစ်ပါနော် ခမ်းမုံလေး"

"ဟော…ဟိုမှာ ကားထွက်တော့မယ်ထင်တယ် ခမ်းမုံ သွားတော့မယ်"

"သွားလေ…ကိုယ်လည်းလိုက်မှာပေါ့"

အခုမှခက်ရပါပြီ…။

မခွဲအတူဆိုတာ ဒါကိုပဲ ခေါ်သလားမသိတော့ပါ။ စောခမ်းမုံကို ချစ်ရေးဆိုပြီးကတည်းက ဦးဗညား၏ပုံစံက စောခမ်းမုံ အပေါ်မှာ သူပိုင်ဆိုင်သည့် တရားဝင်ချစ်သူပမာ ပိုင်စိုးလာခြင်း အပေါ်မှာ မျက်နှာနီနီလေးဖြင့် တားမြစ်ရခက်နေပါသည်။

ကြည့်လေ…ဦးဗညားလုပ်ပုံက ဘယ်လောက်များ အသည်းယားဖို့ကောင်းလိုက်တဲ့ အဖြစ်ပါလဲ။ စောခမ်းမုံ့အနားကို အတူကပ်ထိုင်ပြီး လူအလစ်မှာ ဘယ်သူမှ မမြင်မတွေ့အောင် စောခမ်းမုံလက်ကလေးကို သူ့လက်ထဲမှာ ပိုင်နိုင်စွာ တွေးဆုပ် ထားပုံက စောခမ်းမုံနှင့် သူက ဘာလိုလို။

ရှေ့မှာ ဒေါ်အဲမွှေးနှင့် ဦးခွန်ကြာတို့ ရှိနေသဖြင့် စောခမ်းမုံ မှာ ဦးဗညား လူလည်လုပ်နေတာကို အသံမထွက်ရဲသည့်အတိုင်း သူမလက်ကလေးကို ဦးဗညားလက်ထဲက ကြိတ်ရုန်းလိုက်ရာ စောခမ်းမုံ လက်ကလေးမှာ ဦးဗညား၏လက်ထဲမှာ အတင်းကျုံ အနေးထွေးဆုံးအဖြစ်သို့ ရောက်သွားရခြင်းကြောင့် မျက်လုံးလေး ဝိုင်းသွားရပါသည်။

ဦးဗညားမျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက် တော့ သူက စောခမ်းမုံဘက်ကို တစ်ချက်မျှမကြည့်။ အပြင်ဘက်





ရှုခင်းတွေကိုပဲ စိတ်ဝင်တစား ကြည့်နေသည့်ပုံ။

အကြောင်းမသိလျှင် စောခမ်းမုံလက်ကလေးတစ်ဖက် ကို မလွှတ်တမ်း တင်းကျပ်စွာ ဆုပ်ကိုင်ထားသူမှာ သူမဟုတ်သလို တည်း။ စောခမ်းမုံလည်း သူ့ပုံစံကို ဖမ်းကာ သူ့ကိုမကြည့်ဘဲ သူမလက်ကလေးကို ကြိတ်ရုန်းတော့ ပိုဆိုးသည်။

"ဟာ…ဖောင်တိန်ကျသွားပြီ"

အိတ်ကပ်ထဲက စာရွက်နှင့်ဖောင်တိန်ကို အထုတ် ဖောင် တိန် ကားထဲသို့ကျသွားရာ သူက လှမ်းယူလိုက်ရန် ကိုယ်ကို ကိုင်းငုံ့ကုန်းနေဆဲမှာပင် စောခမ်းမုံလက်ကလေးကို ဖျတ်ခနဲ ငုံ့မွှေး ရှိုက်နမ်းလိုက်တာပဲ ဖြစ်သည်။

"အိုး"

"ဟော…တွေ့ပြီ ဒီမှာမြင်လား"

မရယ်မပြုံး ခပ်တည်တည်ဖြင့် သူက ဖောင်တိန်ကို ကိုင် မြှောက်ပြလိုက်ရာ စောခမ်းမုံမှာ ရှက်အမ်းထူပူလျက် ကားရှေ့ခန်း ကို လှမ်းကြည့်မိလျက်သား ဖြစ်သွားရပါသည်။

တော်ပါသေးရဲ့။

ခမ်းမုံတို့အဖြစ်ကို ဘယ်သူမှမသိဘဲ ဦးခွန်ကြာက ဒေါ်အဲ မွှေးနှင့် စကားကောင်းနေသောကြောင့် သက်ပြင်းကြိတ်ရှိုက်လိုက် ရာ စောခမ်းမုံရှိရာသို့ စာရွက်တစ်ရွက် ထိုးပေးလာသဖြင့် လှမ်းယူ ကြည့်လိုက်ရာ မညီမညာရေးခြစ်ထားသော စာကြောင်းတစ်ခု ကြောင့် ပါးလေးတွေ နွေးခနဲဖြစ်သွားသည်။

ထပ်အနမ်းမခံချင်ရင် ငြိမ်ငြိမ်နေ။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းမုံကိုချစ်တယ်။

ဦးဗညားကို လှမ်းမကြည့်ရဲတော့ပါ။ စာရွက်ကို အနွေး အင်္ကျီထဲ အသာခေါက်သိမ်းထားလိုက်ရသည်။ အရင်ဦးဆုံး ဦးဗညားအိမ်ကို အရင်ဆုံးဝင်ပို့ပေးပြီးမှ စောခမ်းမုံတို့ တည်းခိုရာ အိမ်ကို ဦးတည်လိုက်သည်။

စောခမ်းမုံ၏ ကျန်းမာရေးအခြေအနေကြောင့် ဖေဖေက ချက်ချင်းမပြန်သေးဘဲ သုံးလေးရက်အနားယူအားဖြည့်ပြီးမှ ပြန်ကြရန်ဖြစ်ရာ ဦးဗညားအတွက် အခွင့်အရေးတစ်ရပ်ဟု ဆိုရတော့မည်ထင်သည်။

"ခမ်းမုံ"

"ရှင်"

"ကိုယ့်ကိုချစ်တယ်လို့ ပြောပါလားဗျာ၊ ကိုယ်တော့ ခမ်းမုံကို သိပ်ချစ်နေမိပြီ၊ ခမ်းမုံဆီက အဖြေရတာနဲ့ မာမိတို့လူကြီးတွေကိုဖွင့်ပြောပြီး အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်မယ်"

"ကိုယ့်ကိုချစ်တယ်မဟုတ်လား ခမ်းမုံ၊ ချစ်တယ်နော်"

"အို"

"ခမ်းမုံကို ဖွတ်အွတင်းအကျပ် မကိုင်ပါနဲ့လားရှင်၊ ခမ်းမုံ စဉ်းစားပါရစေဦး"

ပါးစပ်ကတင် ပြောတာမဟုတ်။ လက်ကပါ ခမ်းမုံကိုယ်လေးကို သူ့ဘက်ကို ဆွဲယူလိုက်တာမို့ အလန့်တကြားလေး ဆိုလိုက်ပေမယ့် ခမ်းမုံရဲ့ နှုတ်ခမ်းဝင်းဝင်းလေးမှာ သူ့အနမ်းဦးလေးတစ်ခုက မှုးပွင့်သွားခဲ့ပြီးနှင့်ပါပြီ။





"သိပ်ချစ်တယ် ခမ်းမုံရယ်၊ ကိုယ်လိုလူတစ်ယောက်က ခမ်းမုံအတွက် စဉ်းစားစရာ ဖြစ်နေလို့လား၊ ဟုတ်လား"

"အဲဒီလိုမဟုတ်ပါဘူးရှင်"

"ဒါဖြင့် ဘာလဲ၊ ပြော...ခမ်းမုံမကြိုက်တာရှိရင် အခု ချက်ချင်းပြင်မယ်ကွာ"

ပြောပုံက ကလေးဆိုးကြီးတစ်ယောက်လိုမို့ စောခမ်းမုံ ထက် အများကြီး ငယ်ရွယ်သွားသူပမာမို့ စောခမ်းမုံ နှုတ်ခမ်းလေး ပြုံးရောင်သန်းသွားတာကိုကြည့်ပြီး ချစ်အသည်းယားမိသူက ဆေး ဗညား။

"ကြည့်စမ်း...ကိုယ့်စကားကို ပြုံးတယ် ဟုတ်လား၊ ကိုယ်က ခမ်းမုံအတွက် လှောင်ပြောင်စရာဖြစ်နေပြီလား"

"ဦးဗညားနော်...စိတ်ထင်ရာတွေ လျှောက်ပြောမနေနဲ့ သိလား"

ကိုယ်ကိုယ်တိုင်လည်း ဦးဗညားအပေါ်မှာ တွယ်ငြိမိပြီမို့ ဒါဟာအချစ်လားဆိုတာ သူမဘာသာလည်း မခွဲခြားတတ်ပါ။

"ဒါဖြင့် ဘာလို့ ကိုယ့်ကိုပြုံးတာလဲ"

"သဘောကျလို့ပေါ့"

"ဟင်"

"ခမ်းမုံက ကိုယ့်ကိုသဘောကျတယ် ဟုတ်လား"

"ဟေး"

"အို...ဦးဗညား"

ရုတ်တရက် အံ့ဩမင်သက်သွားသည့်ဟန်မှ ထစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်တစ်မျိုးဖြင့် ပြုံးပျော်သွားသူ၏ လက်ထဲမှာ စောခမ်းမုံမှာ အရုပ်ကလေးတစ်ခုလို ဖြစ်သွားရပါသည်။

"ချစ်လိုက်ရတာ ခမ်းမုံလေးရယ်"

"ချစ်တယ်ကွယ်"

"အို…မဟုတ်ဘူး၊ ခမ်းမုံ ပြောတာက"

"ဟင့်အင်း…ခမ်းမုံ ဘာမှမပြောလည်း ကိုယ်သိပါတယ် ကလေးရယ်"

"ဦးဗညားရယ်"

မရည်ရွယ်ဘဲ တွယ်ငြိမိကြသည့် နှလုံးသားမှာ အမုန်းတရားတို့ ရှာဖွေမရအောင် ပျောက်ဆုံးခဲ့ရပါသည်။ နောက်ဆုံးတော့ ဦးဗညား၏အချစ်ကို စောခမ်းမုံ မငြင်းပယ်နိုင်ဘဲ သူ့အလိုလို လက်ခံခဲ့မိရပါပြီ။

"ခမ်းမုံလေး"

"ရှင်"

"ချစ်တယ်နော်"

"အင်း"

"ပါးစပ်ကဖြေလေ၊ ဘယ်သူ့ကိုချစ်တာလဲ"

"ဦးဗညားကိုပေါ့"

"ခမ်းမုံရယ်"

"ပြန်ရင်လွမ်းနေတော့မှာပဲ ကလေးရယ်၊ မလွမ်းရအောင် တစ်ခါထဲ ယောက္ခမကြီးဆီမှာ ခွင့်တောင်းပြီး လိုက်ခဲ့မှထင်တယ်"

"ကြည့်စမ်း…ဖေဖေ့ကိုများ ယောက္ခမကြီးတဲ့"





"နောက်ခေါ်ရမယ့်အတူတူ အခုထဲက ကြိုခေါ်ထားတာ ပါဗျာ"

"သိပ်ပျော်တာပဲ…ခမ်းမုံလေးရယ်"

"ခမ်းမုံလည်း ပျော်ပါတယ်ရှင်"

ထိုစကားကို စောခမ်းမုံနှုတ်ဖျားက ဦးဗညားကို နောက်ဆုံး ပြောခွင့်ရလိုက်သည့် စကားတစ်ခွန်းအဖြစ် ထိုစဉ်က စောခမ်းမုံ ကိုယ်တိုင် ရိပ်စားမိခဲ့ခြင်းမရှိပါ။

စောခမ်းမုံ ဦးဗညားဆေးရုံကအပြန်ခရီးကို ဦးခွန်ကြာက လာအကြိုမှာ လမ်းတစ်နေရာအရောက် စတိုးဆိုင်တစ်ခုရှေ့မှာ ဦးခွန်ကြာက သူ့ကားလေးကို ထိုးရပ်လိုက်ပါသည်။

"ခဏနော်…စောခမ်းမုံ၊ ကိုယ် ဝယ်စရာလေးရှိလို့"

"ရပါတယ်…ဝယ်ပါ၊ ခမ်းမုံလည်း အတူလိုက်ခဲ့မယ်"

"လာလေ"

ဦးခွန်ကြာနှင့်အတူ စောခမ်းမုံလည်း ဆိုင်ထဲကို လိုက်ဝင်ရင်း ပစ္စည်းများကိုလျှောက်ကြည့်နေစဉ်မှာပင် အမျိုးသမီးကြီး တစ်ယောက်နှင့် ဝင်တိုးလုမတတ် ဖြစ်သွားရခြင်းတည်း။

"မတော်လို့ပါ အန်တီ၊ ခမ်းမုံလည်း ပစ္စည်းတွေငေးနေမိလို့ပါ"

"ခမ်းမုံ"

"စောခမ်းမုံပဲ မဟုတ်လား"

အမျိုးသမီးကြီးထံမှ တအံ့တသြထွက်ပေါ်လာသော အသံ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…အန်တီက ခမ်းမုံကို သိနေတယ်လား"

"လောဝ်တို့တိုက်မှာ မင်းကို အန်တီတွေ့ခဲ့လို့ မင်းအဖေကို အကြောင်းကြားခဲ့တာ အန်တီပဲလေ"

"ရှင်"

"လောဝ်က…စောခမ်းမုံဦးလေးကို ခေါ်ပေးရဲ့လား၊ တူဝရီးနှစ်ယောက် ပြန်တွေ့ကြရတော့ သိပ်ပျော်မှာပေါ့"

"အို"

"အန်တီနဲ့လောဝ်က အချစ်ဆုံးသူငယ်ချင်းတွေလေ၊ စောခမ်းမုံကို စတွေ့လိုက်တုန်းက ဒီမျက်နှာလေး တစ်နေရာမှာ မြင်ဖူးတယ်ထင်နေတာ နောက်မှ မမမြတ်ရဲ့သမီးလေးဆိုတာ သိလိုက်ရလို့ လောဝ်ကို မေးကြည့်ရတယ်"

"အန်တီက"

"ဒေါ်နန်းစံဖူးပါ၊ မမမြတ် လောဝ့်အစ်ကိုကို လာရှာတုန်းက အန်တီတို့ ကူညီပေးခဲ့ဖူးသေးတယ်၊ အဲဒီကစပြီး သမီးအဖေ ဦးသက်ထွန်းနဲ့လည်း ရင်းနှီးပတ်သက်ခဲ့တယ်ဆိုပါတော့ကွယ်"

ဒေါ်နန်းစံဖူးရဲ့ စကားလုံးတွေက စောခမ်းမုံနားထဲမှာ အားလုံးသစ်ဆန်းနေပါသည်။ဘာတွေလဲ၊ သူဘာတွေပြောနေတာလဲ။ သေချာတာကတော့ ဒေါ်နန်းစံဖူးဆိုတဲ့ အန်တီက စောခမ်းမုံတို့မိသားစုအကြောင်း အတော်လေး အတွင်းကျကျသိနေခြင်းပင်။

"လိုချင်တာရပြီလား စောခမ်းမုံ"

"ဦးခွန်ကြာ"





"ကျွန်မ အိမ်ကိုပြန်မလိုက်သေးဘူး ဦးခွန်ကြာ၊ ဒီမှာ ခဏနေခဲ့ဦးမယ်၊ ဦးခွန်ကြာ ပြန်နှင့်ပါ"

အနားကို မားမတ်စွာရောက်လာသူကို စောခမ်းမုံ ပြတ်သားစွာ ဆိုလိုက်မိပါသည်။

"စောခမ်းမုံ လုပ်စရာရှိတာလုပ်ပါ၊ ကိုယ်စောင့်နေပါမယ်"

"ရတယ်ရှင့်…ခမ်းမုံ အိမ်ကိုပြန်တတ်ပါတယ်၊ ဦးခွန်ကြာသာ အရင်ပြန်နှင့်ပါ"

"ကောင်းပါပြီ စောခမ်းမုံ"

"လာပါ အန်တီ၊ ခမ်းမုံတို့ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောရအောင်"

"စောခမ်းမုံ သဘောပါကွယ်"

ဦးခွန်ကြာ သူမအနားမှ ထွက်သွားသည်နှင့် ဒေါ်နန်းစံဖူးကို စောခမ်းမုံ လိုလားခင်မင်စွာ ဖိတ်ခေါ်လိုက်ရာ ခင်မင်နှစ်လိုဖွယ်ရာကောင်းလှသော ဒေါ်နန်းစံဖူးမှာလည်း သူမနှင့်အတူ လိုက်ပါလာပါသည်။

ဒေါ်နန်းစံဖူးမှတစ်ဆင့် စောခမ်းမုံ သိချင်နေသောအကြောင်းအရာများအားလုံး သိခွင့်ရလိုက်သည့်အချိန်မှာတော့ စောခမ်းမုံ၏ အသည်းနှလုံးတို့ နာကျင်ကြေကွဲရုံမက ရှက်ရွံ့တုန်လှုပ်ခြင်းကြီးစွာဖြင့် ဦးခေါင်းတစ်ခုလုံး ပြာဝေမှောင်မိုက်သွားရပါတော့သတည်း။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

ဦးလေးစိုင်းနောင်ဟာ ဒေါ်နန်းဆိုင်လော်နဲ့ ဦးစောဟုန်တို့ရဲ့ မွေးစားအစ်ကို၊ မေမေရဲ့မောင် ဖြစ်ပါရက် ဘာဖြစ်လို့ ဖေဖေအပါအဝင် သူတို့အားလုံးက ဒီကိစ္စကို သူတို့နဲ့ လုံးဝမသက်ဆိုင်ခဲ့သလို ဘာကြောင့်များ စောခမ်းမုံကို လိမ်ညာခဲ့ရတာပါလိမ့်ရှင်ရယ်။

"ပြောပါဦး ဖေဖေရယ်၊ သူတို့က ခမ်းမုံကို ဆွေရယ်မျိုးရယ်လို့ မတော်ချင်မခေါ်ချင်ကြလို့လား၊ နောက်နောင် သူတို့နဲ့ပတ်သက်ပြီး အမှုကိစ္စတွေ ရှုပ်ထွေးလာမှာစိုးလို့ အခုထဲက ခမ်းမုံကို လက်မခံနိုင်ကြလို့ အပြတ်ငြင်းလိုက်ကြတာပဲ မဟုတ်လားဟင်"

"ရက်စက်လိုက်ကြတာ... အသည်းနှလုံးမဲ့လိုက်ကြတဲ့လူတွေပါလား ဖေဖေရယ်"

စောခမ်းမုံ စွပ်စွဲပြစ်တင်နေမိသော စကားလုံးများကပြင်းထန်သလို စောခမ်းမုံ ခံစားနေရသော ခံစားချက်အစုစုမှာ





လည်း နာကြည်းခံပြင်း ရှက်ရွံ့မှုတွေနှင့် အဆပေါင်းမြောက်မြားစွာ ကြေကွဲပြင်းထန်လွန်းရပါသည်။

ဖြစ်မှဖြစ်ရလေ စောခမ်းမုံရယ်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်ဝေဖန်ပြီး နောင်တလေးများဖြင့် အနေရခက် ရှက်ရွံ့မိတိုင်း မျက်ရည်မဆည်နိုင်ဖြစ်နေသော သူမအဖြစ်က အရှုံးတစ်ယောက်နှယ်သာ ဖြစ်တော့မည်ထင်သည်။

"မငိုပါနဲ့သမီးရယ်...အခုကိစ္စတွေက သမီးပြောနေသလိုတစ်ခုမှမဟုတ်ပါဘူးကွယ်၊ သူတို့မှာလည်း သူတို့အကြောင်းနဲ့သူတို့ပါ"

မျက်စိမျက်နှာပျက်စွာနှင့်ပင် ဦးသက်ထွန်း ကိုယ်တိုင်ကြားထဲက ဝင်ရောက်ဖြန်ဖြေဖို့ ကြိုးစားရင်း အထင်အမြင်လွဲမှားမှုတွေကို ပြေလည်ရန် ကြိုးစားလေမှ ပိုဆိုးရသည့်အဖြစ်ကို ဦးသက်ထွန်းမသိပါ။

"သူတို့အကြောင်းနဲ့သူတို့ ဟုတ်လား ဖေဖေ၊ အဲဒီအကြောင်းတရားထဲမှာ စောခမ်းမုံဆိုတဲ့ ကောင်မလေးလာရင်သူလိုက်ရှာနေတဲ့ သူကို လုံးဝမသိဘူး၊ မပတ်သက်ပါဘူးလို့လူကြီးတွေဖြစ်ပြီး ဝိုင်းလိမ်ညာကြဖို့ အကြောင်းတရားပဲမဟုတ်လား"

"မဟုတ်ပါဘူးကွယ်"

"ဖေဖေငြင်းနေလည်း အပိုပါပဲလေ၊ ဒီကိစ္စမှာ ဖေဖေကိုယ်တိုင်လည်း ပါဝင်ပတ်သက်နေခဲ့တာပဲ၊ တကယ်ဆို ခမ်းမုံ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ မေမေ ဘယ်လောက်ပဲ စိတ်ဆိုးနာကြည်းနေပါစေ ခမ်းမုံကို ဒီလောက်ဝိုင်းပြီး ရက်စက်ကြဖို့ မကောင်းပါဘူး၊ အခုတော့ အခုတော့…"

"စောခမ်းမုံ…သမီးလေး မေမေ ဘယ်လိုပြောရမှာပါလိမ့်ကွယ်"

ပြောရင်း ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေရှာသော သမီးဖြစ်သူကိုကြည့်ပြီး ဦးသက်ထွန်းရင်မှာ စို့နင့်ကြေကွဲနေ၏။

သြော်…သနားစရာသမီးငယ်လေးခမျာ သူ လုံးဝမျှော်လင့်မထားသော အကြောင်းအရာတွေအားလုံး ဒေါ်နန်းစံဖူးမှတစ်ဆင့် သိရပြီးမှတော့ ဦးသက်ထွန်းအနေနဲ့ ဆက်ပြီး ဟန်ဆောင်ဖုံးကွယ်ထားရန် အကြောင်း မဖြစ်နိုင်တော့ပါ။

သမီးဖြေဆည်အောင် ပြင်းထန်နေသော ခံစားချက်ဝေဒနာတွေ လျော့ပါးသွားအောင် ဦးသက်ထွန်းဘက်က တစ်ခုခုတော့ ပြောကြားဖြေသိမ့်ရပေလိမ့်မည်။

ထိုသို့သော အကြောင်းတရားက ဘာများဖြစ်မည်နည်း။ အဖြစ်မှန်ကို ဆက်လက်ထိန်ချန်ရဦးမည်လား။ ဟင်းခနဲ သက်ပြင်းကျိတ်ချလိုက်သည်။

တကယ်တော့ လူသားတိုင်းမှာ ကိုယ်စီရှိနေသော အတ္တလေးများက တခြားသူတစ်ဦးတစ်ယောက်အတွက် ထိခိုက်နာကျင်စရာ ဖြစ်ရှောထင်။ သမီးစောခမ်းမုံရင်မှာ ခံစားနာကျင်ရသလို ဦးစိုင်းစောဟုန်၏ ရင်နှစ်မှာသည်လည်း အဘယ်မျှ နာကျင်မှာ





လေမည်နည်း။

သံယောဇဉ်ဇာတ်လမ်းကို တစ်ခန်းရပ်လို၍ အတိတ်ပြည်ဖုံးကားကို အပြီးချလိုသူ ဦးစိုင်းစောဟုန်၏ စိတ်ဆန္ဒကြောင့် ထင်မှတ်မထားသောအခြေအနေတစ်ခု ဖြစ်ပေါ်လာခဲ့ရခြင်းဆိုလျှင် မမှားသလို သူကိုယ်တိုင်ကလည်း အတ္တရဲ့သားကောင်ပီပီ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ခဲ့သည်ဆိုလျှင်လည်း မမှားပါ။

အခုတော့ သမီးကို ငဲ့ညှာသောစိတ်ဖြင့် အဖြစ်မှန်တွေကို ဖွင့်ပြောပြီး ဖြစ်လာသမျှကို ကြံ့ကြံ့ခံနိုင်ရန် ကြိုးစားရုံမှတစ်ပါး တခြားမရှိနိုင်တော့ဟု သိလိုက်ရပြီးနောက် သနားစရာကောင်းလှသည့် သမီးကို ငေးခနဲ ကြည့်လိုက်မိပါသည်။

"သမီး…စောခမ်းမုံ သိချင်တာတွေကို မေမေပြောပြပါမယ်ကွယ်၊ ပြီးရင်သာ သမီးက မေမေ့ကို မုန်းတီးနာကြည်းမသွားပါနဲ့"

"ဟင့်အင်း…မေမေ့ကို ခမ်းမုံချစ်တယ်၊ ဘာဖြစ်လို့ မေမေ့ကို မုန်းရမှာလဲ"

မျက်ရည်တွေကို လက်ကလေးများဖြင့် ဖယ်ရှားရင်း ဆိုလာသူ သမီးကိုကြည့်လျက် ချစ်မြတ်နိုးစွာ ဦးသက်ထွန်း ပြုံးလိုက်သည်။

တကယ်တော့ သမီးရဲ့အသက်ကို အချိန်မီကယ်တင်နိုင်ခဲ့သူက သမီးရဲ့မိဘအရင်းအချာပေပဲ။ ဒါကို ဦးသက်ထွန်း နားလည်လျှင် ဦးစောဟုန်ကို တစ်လှည့်ပြန်၍ စာနာငဲ့ညှာရန်သာ ရှိပါသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ သမီး"

အဖြစ်အပျက်တွေက အသစ်မှအဟောင်း၊တစ်ဖန် အဟောင်းမှ အသစ်အဖြစ် ပြန်ပြောင်းမွေးဖွားရှင်သန်လာရပြန်ပါ ပြီကောကွယ်။

ကိုယ့်ကိုခွင့်လွှတ်ပါတော့ မြတ်ရယ်။ ကိုယ့်ရဲ့ဆုံးဖြတ် ချက်တွေဟာ မြတ်ရဲ့သမီးလေးနဲ့ သူ့ဖခင်တစ်ယောက်အတွက် တရားမျှတမှု ရှိပါလိမ့်မယ်။

ကိုယ့်ကို မြတ် နားလည်ပါ။

"ရှင်"

"ဖေဖေ...ဖေဖေပြောတာက ဦးကြီးစောဟုန်ဆိုတာ ခမ်းမုံရဲ့"

"ဟုတ်ပါတယ် သမီး၊ သူဟာ သမီးရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သလို သမီးရဲ့မိဘလည်း ဖြစ်ပါတယ်"

"အို...ဒါ...ဒါဖြင့် ခမ်းမုံနဲ့ ဦးဗညားက မောင်နှမ တော်တာပေါ့နော်၊ ဟုတ်...ဟုတ်လား ဖေဖေ"

"ဟုတ်တယ်...မောင်ဗညားက သမီးရဲ့အစ်ကိုပဲ"

"အို"

စောခမ်းမုံ ဦးခေါင်းမှာ မိုက်ခနဲ ပြာဝေသွားသလို သူမ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသလို ထင်ရပါသည်။

လုံးဝမထင်မှတ်ထားတဲ့ အပြောင်းအလွဲတွေပါလား။

ဘုရား...ဘုရား။

စောခမ်းမုံနဲ့ ဦးဗညားအဖြစ်က အို...ဆက်ပြီးမတွေးရဲ





တော့။ ဒေါ်နန်းဆိုင်လောဝ်ရဲ့ မွေးစားသားဟု မသိရလေတော့ စောခမ်းမုံအတွက် သူမနဲ့ ဦးဆေးဗညားအဖြစ်က တုန်လှုပ်ချောက် ချားစရာ၊ ရှက်ရွံ့ကြေကွဲစရာအဝတိ လှပသော မျက်နှာလေး ဖြူဖျော့ ပြာနှမ်းသွားရသည့်အဖြစ်။

"ဖေဖေ့ကို မုန်းသွားပြီလားကွယ်၊ ဒီအဖြစ်တွေကို နှစ် ပေါင်းအကြာကြီး မျိုသိပ်ထားခဲ့လို့လေ"

"ဟင့်အင်း...ခမ်းမုံ ဖေဖေ့ကို မမုန်းပါဘူး၊ ဦးကြီး ဖေ...ဖေကိုလည်း မမုန်းပါဘူး"

"သမီးရယ်"

ခမ်းမုံကိုယ် ခမ်းမုံပဲ မုန်းတာပါ ဖေဖေရယ်ဆိုသည့် စကား ကိုတော့ သူမရင်ထဲကပဲ ဆက်ပြောလိုက်တာမို့ စောခမ်းမုံ၏ စကား သံလေးကို ဖေဖေမကြားလိုက်ပါ။

စောခမ်းမုံရင်ထဲမှာ ခံစားချက်ပေါင်းစုံဖြင့် ရှုပ်ထွေးနောက် ကျိနေရုံမက အားအင်များ ဆုတ်ထုတ်ခံလိုက်ရသူလို ဖြစ်နေပါ သည်။

"နေကောင်းရဲ့လားသမီး၊ ဖေဖေ ဘာလုပ်ပေးရမလဲ"

"ကောင်းပါတယ် ဖေဖေ၊ အခုချိန်မှာ ခမ်းမုံတစ်ယောက် တည်း အနားယူချင်ပါတယ်"

"ဒေါ်အဲရွှေ"

"လာပါပြီ ဆရာကြီး"

"သမီး သိပ်နေမကောင်းဘူးဗျာ၊ သမီးကို သူ့အခန်းထဲ ခေါ်သွားပြီး ကောင်းကောင်းဂရုစိုက်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး၊ လာ…ကလေး"

ဒေါ်အဲရွှေ ဆွဲခေါ်ရာနောက်ကို စောခမ်းမုံ အသိမဲ့သူတစ်ယောက်ပမာ လိုက်ပါလာမိသည်။ အိပ်ရာပေါ် ကျောချသည်အထိ စောခမ်းမုံထံမှ ဘာသံမှ ထွက်မလာ။

ဒေါ်အဲရွှေက စောခမ်းမုံကိုယ်လေးပေါ်သို့ ခြုံစောင်တစ်ခု လွှမ်းခြုံပေးတာကို မလှုပ်မယှက် ငြိမ်နေမိသည်။ ထူးခြားစွာ ပြောင်းလွဲနေသော စောခမ်းမုံ၏ အမူအရာမှာ တွေ့မြင်ရသူအပေါင်း၏ ရင်ကို စိတ်မသက်မသာဖွယ်ရာ ဖြစ်ရုံမက သူမအတွက် အဘယ်မျှသော ဝေဒနာသောက၏ ဖိစီးရိုက်ပုတ်နှိပ်စက်ခြင်း အမှုကို တွေ့မြင်ရုံဖြင့် သိနိုင်သည်အထိဖြစ်ရာ ဒေါ်အဲရွှေလည်း စောခမ်းမုံ အပါးမှ အလိုက်သိစွာ တိတ်တဆိတ် ထွက်လာခဲ့ရပါသည်။

စောခမ်းမုံသည် အကြာကြီး ငြိမ်သက်နေရာမှ ရင်တစ်ခု လုံး လှိုက်စို့လာကာ ပါးပြင်ပေါ် မျက်ရည်ဥကြီးများ တစ်ပေါက် ချင်း စီးကျလာရာ နောက်ဆုံး ခေါင်းအုံးလေးမှာ မျက်နှာအပ်ပြီး အားပါးတရ ရှိုက်ငိုချလိုက်ခြင်းဖြင့် အဆုံးသတ်လေသည်။

အချိန်တွေ မည်၍မည်မျှ ကြာအောင် ငိုကြွေးနေသည်ကို က မမှတ်မိတော့ပါ။

နောက်ဆုံး ငိုရလွန်းသဖြင့် မောပန်းနွမ်းနယ်စွာ အိပ်ပျော် ခြင်းအဖြစ်သို့ ရောက်ရှိသွားရပါတော့သည်။

× × × ×





# အခန်း (၂၃)

လူမမာတစ်ယောက်ပမာ ချက်ချင်းပြောင်းလဲ အေးစက် သွားရှာသော စောခမ်းမုံကို အရိပ်တစ်ခုလို ကြည့်နေရှာသူ ခွန်ကြာ အတွက် ချစ်ရသူ၏ အပြောင်းအလဲတိုင်းက သူ့နှလုံးသားကို ဘာ ကြောင့်မှန်းမသိ ခံစားနာကျင်ကြေကွဲစေသည်ကား အမှန်ပင်ဖြစ်ပါ သည်။

စောခမ်းမုံသည် အခုရက်ပိုင်းအတွင်း တည်းခိုသည့်အိမ် မှာ လုံးဝမနေဘဲ သူ့ကိုအဖော်ခေါ်ကာ သူမတစ်ယောက်တည်း ထင်းရှူးပင်ကြီးအောက်မှာ မည်းနယ်ရောင်တောင်ပြာတန်းကြီးများ ကို ငေးမောလျက် တိတ်ဆိတ်ငြိမ်သက်နေပုံက မြင်ရသူရင်အတွက် ပင့်သက်ဖြာမောရသည့်အဖြစ်။

"ကျွီး"

နောက်ပါးဆီမှ ကားတစ်စီး ထိုးရပ်သံကြောင့် ခွန်ကြာ လှမ်းကြည့်လိုက်တော့ ကားပေါ်မှ မားမတ်ခန့်ညားစွာ ဆင်းလာ သည့် ဒေါက်တာဆေးဗညား၏ မျက်နှာချောချောကို မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဒေါက်တာဆေးဗညားက ဘယ်ကိုမှမကြည့်။ စောခမ်းမုံ ရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားပြီဖြစ်သည်။ ခွန်ကြာသည် အခုမှ ဒေါက်တာနှင့် စောခမ်းမုံအကြောင်းကို တွေးမိကာ စောခမ်းမုံ၏ အပြောင်းအလဲကို ဒေါက်တာဆေးဗညားနှင့် ယှဉ်တွဲစဉ်းစားလာမိရခြင်းဖြစ်ရာ ချစ်သူနှစ်ဦး အဆင်မပြေမှုတစ်ခုမှန်း အခုမှ သဲဘောပေါက်လိုက်မိရပြီး ကိုယ့်အဖြစ်ကိုယ် ပြုံးလိုက်မိရပါပြီ။

ခွန်ကြာရယ်…။

မင်းမှာလည်း စောခမ်းမုံနဲ့ ပတ်သက်ရင် နည်းနည်းလေးမှ အထိမခံနိုင်အောင်ပါပဲလားကွယ်။

တကယ်ဆို စောခမ်းမုံနဲ့ ခွန်ကြာဆိုတာ ဘာမှမဆိုင်။ ဘာတစ်ခုမှ ဆက်စပ်ပတ်သက်ခွင့် မရှိသည့်ဘဝ။

ဒါပေမယ့် ချစ်သူမျက်နှာလှလှလေး ပြုံးပျော်နေရင် သူလည်း ပြုံးပျော်မိသည်။ ချစ်သူမျက်နှာလေး ညှိုးနေတော့ သူ့ဝါ ချစ်ရသူနှင့်အတူ မပျော်နိုင်သည့်ဘဝ။

သူ့ရင်ထဲက ခံစားချက်တွေကို ဘယ်သူများ စာနာနား လည်နိုင်မှာလည်းလေ။ အခု ချစ်သူလေး ပျော်ရွှင်စေဖို့ စောခမ်းမုံရဲ့ ချစ်သူ ဒေါက်တာဆေးဗညား လိုက်လာပြီပဲ။

ချစ်သူပျော်ပါစေလေ။

အလိုက်တသိ နေရာလေးကို ကျောခိုင်းလျက် အဝေးကို





မျှော်ငေးနေချိန်မှာ ဒေါက်တာဆေးဗညားကတော့ စောခမ်းမုံဆိုသည့် ချစ်သူလေးထံမှ ရက်စက်စိမ်းကားစွာ သူ့အပေါ် အဆက်ဖြတ်စကားတွေ ပြောပြီး လုံးဝဖုန်းလည်းမကိုင်၊ အတွေ့မခံခြင်း အပေါ်မှာ ခံစားချက်မျိုးစုံဖြင့် ရင်ဖွင့်ပေါက်ကွဲချင်နေပါသည်။

"စောခမ်းမုံ"

"ဟင်…ဦးဗညား"

ကိုယ့်အတွေးနှင့်ကိုယ် တွေးလုံးရစ်ပတ်နေရာမှ အနီးကပ် ခေါ်သံနှင့်အတူ သူမအနားရပ်လာသူကြောင့် နေရာမှ ဝုန်းခနဲ အထ လိုက်မှာ ဦးဗညားက သူမအပါးမှာ မားမားကြီးရှိနေပါပြီ။

"ဒါက ဘယ်ကိုထွက်သွားဦးမလို့လဲ စောခမ်းမုံ၊ မင်း… ကိုယ့်ကို ဘယ်လောက်အထိ နှိပ်စက်ဦးမလို့လဲဟင်"

"ခမ်းမုံအချစ်"

"အို…မဟုတ်ဘူး"

စောခမ်းမုံမှာ သူမလက်ကလေးကို ဆွဲကိုင်ဖို့ ကြိုးစားသူ၏ လက်အတွင်းမှ အလန့်တကြားလေး ရုန်းယူလိုက်သလို ခြေလှမ်းကလေးများလည်း နောက်ကို ကမျာကယာလေး ဆုတ်သွားရရှာပါသည်။

ဒေါက်တာဆေးဗညား၏ မျက်နှာချောချောကို စေ့စေ့လည်း မကြည့်ရဲ။ ကြည့်လည်းမကြည့်ရက်။ စိတ်ထဲကတော့ ကိုကိုတစ်ယောက်ဖြင့် ဒီအဖြစ်မှန်တွေကို မသိလေဘူးရယ်လို့ တွေးထင်ဝမ်းနည်းကာ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးများ စီးကျ



www.burmeseclassic.com

www.burmeseclassic.com



လာရပါသည်။

"မငိုပါနဲ့ ခမ်းမုံလေးရယ်၊ ပြီးတော့ ဘာဖြစ်လို့ ကိုယ့်အပေါ် ဒီလောက်ပြောင်းလွဲသွားရတာလဲဆိုတာ ပြောစမ်းပါဗျာ"

"ခမ်းမုံလုပ်ပုံနဲ့ ကိုယ်တော့ ရူးတော့မယ်သိလား၊ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ခမ်းမုံသိရဲ့လားဟင်"

ခံစားချက်အပြည့်နှင့် လှိုက်လှဲတုန်ရီစွာ ပြောနေသူမှာက တခြားဘာခံစားချက်မှမရှိ။ ချစ်ရသူက သူ့အပေါ်မှာ ရုတ်တရက်ကြီး ပြောင်းလဲအေးစက်စွာ အဆက်ဖြတ်သွားရတာကိုပဲ ရင်နာနေသည်။ ဒီလောက်ပဲဖြစ်သည်။

စောခမ်းမုံမှာက ထိုသို့မဟုတ်ပြီ။ မောင်နှမတော်စပ်သည်ဆိုသောအသိဖြင့် ကိုကိုတစ်ယောက် ညီမလေးတစ်ယောက်အပေါ်မှာ ဘုမသိဘမသိ ချစ်သူတစ်ယောက်အဖြစ် ပြောဆိုဆက်ဆံနေသမျှ မောင်နှမမှန်းသိလျှင် အစ်ကိုဖြစ်သူ အဘယ်မျှ နောင်တရကြေကွဲရှက်ရွံ့မည်နည်းဟု တွေးလျက် လိပ်ပြာသိမ်ငယ်စွာ ရှက်ရွံ့နာကျင်နေမိသည်။

"ခမ်းမုံ ကိုယ့်ကို ဘာမှမပြောတော့ဘူးလား၊ အဲဒီလောက်တောင် မုန်းသွားပြီပေါ့ ဟုတ်လား"

ရင်မချိသံ နာကျင်စွာ မေးလိုက်သူကို မျက်ရည်များကြားက ဝေဝါးစွာ မော့ကြည့်မိသည့်အခါ စောခမ်းမုံကိုယ်တိုင်လည်း ရင်မှာ ဆတ်ဆတ်ခါနာကျင်မှုများနှင့်သာ ဖြစ်ပါသည်။

"ခမ်းမုံကို ခွင့်လွှတ်ပါ ကိုကို"

"ကိုကို ဟုတ်လား"





စောခမ်းမုံ ဦးခေါင်းကို ညိတ်ပြလိုက်ပါသည်။

"ဟုတ်ပါတယ်…ကိုကိုဟာ ခမ်းမုံရဲ့ကိုကိုပါ၊ ကိုကို့ကို ခမ်းမုံ အစ်ကိုတစ်ယောက်လိုပဲ ချစ်ပါရစေ၊ ကိုကိုကလည်း ခမ်းမုံကို ညီမလေးတစ်ယောက်လိုပဲ"

"တော်…မင်းစိတ်ကူးယဉ်အိပ်မက်တွေ မက်နေလား စောခမ်းမုံ၊ မင်းကို ဘယ်တုန်းကမှ ညီမလေးလို မချစ်ခဲ့ဘူးကွနားလည်လား၊ မင်းကိုချစ်တာ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးချစ်တာ၊ ချစ်သူရည်းစားလိုချစ်တာ"

"ကိုကို့ကို မရက်စက်ပါနဲ့၊ မရက်စက်ပါနဲ့ အချစ်ရယ်"

"အို…ကိုကို"

"စောခမ်းမုံကို ဒီလိုမလုပ်ပါနဲ့၊ ခမ်းမုံမကြိုက်ဘူး"

"ဖယ်ပါ"

"ဟင့်အင်း…ခမ်းမုံကို ကိုကိုချစ်တယ်"

"သိပ်ချစ်တယ်ကလေးရယ်"

"အို"

အရူးအမူးအချစ်တွေနဲ့ ခံစားချက်တွေ ပေါက်ကွဲပြင်းထန်နေသူက စောခမ်းမုံရဲ့ ငြင်းဆန်ကန့်ကွက်စကားတွေအားလုံး သူနဲ့မဆိုင်သလိုပါလား။ သူပြုချင်တိုင်း ပြုနေသည်။ စောခမ်းမုံတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ သိပ်သည်းမှုတွေနှင့် တုန်ရီရှက်ရွံ့အနေရခက်လှချည်ရဲ့။

"ခမ်းမုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ဟင့်အင်း ခမ်းမုံတို့ ရေကြီးကုန်တော့မယ် သိလား၊ ကိုကိုရဲ့ ခမ်းမုံကို ဒီလိုမဆက်ဆံပါနဲ့၊ ခမ်းမုံ တောင်းပန်ပါတယ်ရှင်ရယ်"

ရင်ခွင်ထဲက ရှုန်းထွက်ရင်း အရူးမလေးလိုဆိုနေရှာသော ချစ်ရသူပါးပြင်ပေါ်က မျက်ရည်စီးကြောင်းကို ငုံ့မိုးကြည့်ရင်း အုံ့ဩနားမလည်နိုင်အောင်ဖြစ်ရသူက ဆေးဗညားပါ။

"ဘယ်လိုတွေဖြစ်ရတာလဲ အချစ်ရယ်၊ ကိုကို့ကို မချစ်တော့ဘူးလားဟင်၊ ကိုကို့မှာ ဘာအပြစ်ရှိလို့လည်းကွယ်"

"ခမ်းမုံပြောမှ ကိုကိုက သိမှာပေါ့၊ ကိုကို့အပေါ်မှာ အခုလို ရုတ်တရက်ကြီး ပြောင်းလဲသွားတာ ကိုကို ဘယ်လောက် ခံစားရမလဲ ခမ်းမုံ စဉ်းစားကြည့်စမ်း"

"အဲဒါတွေ ပြောမနေပါနဲ့တော့ရှင်၊ ကိုကိုနဲ့ ခမ်းမုံတို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ၊ ခမ်းမုံကို နားလည်ပါ"

"ကြည့်စမ်း…ဘာလို့ ဒီလောက်ငိုနေရတာလဲ အချစ်ရယ်"

"အို…အဲဒီလိုလဲ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ ခမ်းမုံ၊ ကိုကိုတော့ ကိုကို့ချစ်သူလေးကို ဘာတစ်ခုမှ လိုက်မမှီတော့ဘူးဗျာ"

"ခမ်းမုံကိုသနားရင် ဒီကသွားခွင့်ပြုပါ"

"သွားခွင့်ပြုရမယ် ဟုတ်လား၊ ဘယ်ကိုလဲ၊ အိမ်ကို လား"





"ဟုတ်ကဲ့"

ဗုတ်သင်ညိုမလေးလို ခေါင်းလေးညိတ်ပြလိုက်ပုံက မြတ်နိုးအသည်းယားစရာမို့ ချစ်စိတ်တွေကို မနည်းကျိတ်မှိတ် မျိုသိပ်လိုက်ရပါသည်။

"ခမ်းမုံက ပြန်တော့မယ်ဆိုတော့ ကိုကိုကရော ကိုကို့ကို တော့ ခမ်းမုံက မသနားတော့ဘူးပေါ့ ဟုတ်လား"

စောခမ်းမုံထံမှ ဘာသံမှ ထွက်မလာပါ။

သူ့ကိုလည်း မကြည့်။ ငိုထားသောမျက်နှာနီနီလေးဖြင့် သူ့အနားက စိတ်ကျဉ်းကြပ်စွာ လစ်ပြေးချင်နေသူလေးကို မြတ်နိုး အသည်းယားစွာ ရင်ခွင်ထဲ ဆွဲပွေ့ပြီး စိတ်ရှိလက်ရှိ နမ်းပြစ်လိုလှ သည့်အဖြစ်ကို သူမက သိမည်မဟုတ်ပါ။

"ကိုကိုနဲ့ ခမ်းမုံကို အနံကယ်က သဘောမတူဘူးတဲ့ လား ဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ၊ ကိုကို့ကိုကြည့်စမ်း ခမ်းမုံ"

မဝံ့မရဲအကြည့်လေးက ဆေးဗညားရင်တစ်ခုလုံး နွေး ထွေးလှိုက်ဖိုသွားစေသည့်အဖြစ်။ ခမ်းမုံကို အဘယ်မျှချစ်ရပါ ကြောင်း သူ့သာအသိဆုံးမို့ ဘယ်လိုနည်းနှင့်မှ လက်လွှတ်ဆုံးရှုံးမခံ ရဲတာကို သူပဲသိသည်။

"ကိုကို့ကို မချစ်တော့ဘူးလားဟင်"

"အစ်ကိုတစ်ယောက်လို ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလိုချင်တာ အဲဒီအဖြေမဟုတ်ဘူး"

ရင်နာစွာ သူဆိုလိုက်တော့ ခမ်းမုံ မျက်ဝန်းမှာ မျက်ရည်လေးတွေ အိခနဲ ပြည့်လာတာကို မြင်လိုက်ရသည့်အတွက် နှလုံးသားတွေ နာကျင်ရပေမယ့် မတတ်နိုင်။

"ခမ်းမုံ…အဲဒီလိုပဲဖြေနိုင်တယ်"

"စောခမ်းမုံ…မင်း"

"အို…ကိုကို ခမ်းမုံမကြိုက်ဘူး၊ ဖယ်ပါ"

"မဖယ်ဘူး"

"ခမ်းမုံတို့နှစ်ယောက်လုံး ငရဲကြီးမှာ မကြောက်ဘူးလား"

မောင်နှမတော်စပ်သည့်ဆိုသော အသိဖြင့် ရင်နာစွာပြောလိုက်သည့်စကားအဓိပ္ပာယ်ကို ဆေးဗညား နားမလည်ပါ။

"ခမ်းမုံကိုချစ်ရလို့ ငရဲကြီးရှစ်ထပ်ကို သွားရလည်း ကိုယ်မမှုဘူး၊ ခမ်းမုံကို ကိုကိုချစ်တယ်သိလား"

"ကိုကို"

စောခမ်းမုံထံမှ အလန့်တကြား အော်ဟစ်တားမြစ်သံလေးက အချစ်နတ်ဖမ်းစားထားသူအား မည်သို့မျှ ထူးခြားမသွားခဲ့ပါ။ ကိုကို့ရင်ခွင်ထဲမှာ ခမ်းမုံ စကားသံလေးတွေ ပျောက်ဆုံးခဲ့ရပါပြီ။

"ခမ်းမုံကို ကိုကို ဒီနေ့ ဘာမှမပြောတော့ဘူး၊ တစ်ခုပဲ နားလည်ထားပါ၊ ခမ်းမုံကို မခွဲနိုင်ဘူး၊ သိပ်ချစ်တယ်"

"အခုလို အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေကိုလည်း





ကိုကို နားမထောင်ချင်ဘူး၊ နောက်ထပ် အတွေ့မခံဘဲလည်း မနေရဘူး၊ မင်းဖေဖေကို ဖွင့်ပြောပြီး အမြန်ဆုံးလက်ထပ်မယ်"

"ပြောမရရင် ဇွတ်အတင်းခိုးပြေးမယ်၊ နောက်တစ်ခါ အခုလို ထပ်လုပ်ရဲရင်လုပ်ကြည့်၊ တစ်ခါတည်း လက်ထပ်ပြီးသားပဲ"

"ကိုကိုသွားမယ်"

"ကိုကို"

"ဘာလဲခမ်းမုံ"

"တကယ်တော့ ခမ်းမုံနဲ့ကိုကိုဟာ"

"ဘာဖြစ်လဲ"

"အီး…အဟင့်…ဟင့်…ဟင့်"

"ဘာမှမပြောနဲ့တော့ ခမ်းမုံ၊ နောက်တစ်ခါတွေ့ရင်သာ ကိုကိုလိုချင်တဲ့အဖြေကို ပေးပါ"

"အို"

ပြောချင်ရာပြောပြီး ခြေလှမ်းကျဲကြီးတွေနှင့် ထွက်ခွာသွားသူ၏ နောက်ကျောပြင်ကိုကြည့်ပြီး မျက်နှာကို လက်ဖဝါးမှာ အပ်ပြီး ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုရှိုက်မိသူက စောခမ်းမုံ။

အဖြစ်မှန်တွေကို ဘာမှမသိရှာလေဘူးဟု ရင်ထဲက ဆိုမြည်းငိုကြွေးရင်း ပြောရင် ပြောသည့်အတိုင်း လုပ်မည့် ကိုကို့စိတ်ကို စောခမ်းမုံရင်မှာ သူ့အလိုလို ရှက်ရွံ့ကြောက်လန့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိအောင် သူမဘက်က ဖွင့်ပြောရန်လည်း အင်အားမရှိသလို ဖွင့်ထုတ်ပြောပြဖို့ကလည်း မေမေရဲ့ ဂုဏ်သိက္ခာ၊ ပြီးတော့ မေမေဦးသက်ထွန်း၊ ဦးကြီးစောဟုန်တို့ရဲ့ အတိတ်က ပြည်ဖုံးကားချထားသည့် ဇာတ်လမ်းကို အမြစ်လှန်ရမည့်အဖြစ်မို့ ဘယ်လိုနည်းနှင့်မှ ပြောပြ၍ မဖြစ်သည့်အခြေအနေ။

"စောခမ်းမုံ"

"ဦးခွန်ကြာ"

"မိုးချုပ်နေပြီ...ပြန်ကြတော့မလားဟင်"

သူမနားကို ရောက်လာသူ ဦးခွန်ကြာ၏ မျက်နှာကို ရီဝေဝေလေး ကြည့်ငေးငြိမ်သက်ရင်း စောခမ်းမုံစိတ်ထဲမှာ အတွေးတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာပါသည်။

"ဦးခွန်ကြာ"

"ပြောပါ စောခမ်းမုံ"

"ခမ်းမုံကို တစ်ခုကူညီနိုင်မလားဟင်"

"ကိုယ်ဘာလုပ်ပေးရမလဲဆိုတာကိုသာ ပြောပါလေ၊ စောခမ်းမုံအတွက်ဆို ကိုယ်က တစ်ခုမက ကူညီချင်နေတဲ့သူပါ"

ဦးခွန်ကြာရယ်...။

နူးညံ့ရွှန်းလဲ့သော အကြည့်ကြောင့် စောခမ်းမုံရင်မှာ နွေးခနဲ ဖြစ်သွားရပေမယ့် သူမအတွက် အလိုအပ်ဆုံး အကူအညီကို ပေးနိုင်မည့်သူမှာ ဦးခွန်ကြာတစ်ယောက်ထဲဟု ယုံကြည်စိတ်ချနေမိတာ ဘာကြောင့်ဟု သူမလည်း မသိပါ။





"ခမ်းမုံချစ်သူအဖြစ် ဟန်ဆောင်ပေးဖို့ပါ"

"ဗျာ"

ခွန်ကြာမှာ သူ့နား သူမယုံနိုင်သလို ချစ်ရသူ၏ မျက်နှာလှလှလေးကို အံ့ဩရင်ခုန်စွာ ငုံ့ကြည့်လိုက်မိသည်။

"တစ်မျိုးမထင်နဲ့နော် စောခမ်းမုံ၊ ကိုယ်သိထားသလောက် စောခမ်းမုံရဲ့ချစ်သူ ဒေါက်တာတစ်ယောက်လုံး ရှိနေရက်နဲ့ ကိုယ့်ကို..."

"ခမ်းမုံနဲ့သူ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါရှင်၊ ဒါကို သူက လက်မခံနိုင်လို့ အခုလို ဦးခွန်ကြာကို ခမ်းမုံရဲ့ချစ်သူ၊ ခမ်းမုံ လက်ထပ်ရမဲ့သူအဖြစ် ဟန်ဆောင်ပေးဖို့ အကူအညီတောင်းရတာပါ"

"စောခမ်းမုံလေးရယ်"

ရာသက်ပန် လက်တွဲခွင့်မရရင် နေပါစေ။ တစ်ခဏတာ ချစ်သူအဖြစ် ဟန်ဆောင်ခွင့်ရရင်ကိုပဲ ကျေနပ်နှစ်သိမ့်နေမယ့် ခွန်ကြာဆိုရင် ခမ်းမုံ အံ့ဩနေမလားကွယ်။

ယုံပါအချစ်ရယ်...။

မဆုံနိုင်မှန်းသိပေမယ့် စောခမ်းမုံဆိုတဲ့ မင်းလေးကိုပဲ မောင် မြတ်နိုးစွာ ချစ်နေမယ့်သူပါကွယ်။

ခမ်းမုံကို မောင်ချစ်တယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ခမ်းမုံမပြန်ခင် ဖေဖေဦးစောဟုန်ကို သွားတွေ့ပါရစေ ဖေဖေ"

ဦးသက်ထွန်း သမီးမျက်နှာကို စိုက်ငေးကြည့်နေရင်းမှ မွန်းကြပ်စွာ သက်ပြင်းရှိုက်လိုက်သည်။ စမိပြီးပြီဆိုမှတော့ သမီးဖြစ်သူ၏ ဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးရန်သာ ရှိသည့်အဖြစ်လေ။

ဦးစောဟုန်က ဒီကိစ္စကို ဖွင့်မပြောစေလို၍ အတန်တန်တားမြစ်ပိတ်ပင်ခဲ့ရုံမက တော်စပ်ပတ်သက်သည့် ဆွေခန်းမျိုးခန်းကိုပင် သံယောဇဉ်အမျှင်မတန်းရလေအောင် ရက်စက်စွာ ဖြတ်တောက်ပေးခဲ့ပါရက်နှင့် ဦးသက်ထွန်းကြောင့် ဖြစ်ရပ်မှန်တွေ ပေါ်ပေါက်ခဲ့ရပါပြီ။

"ဖေဖေ"

"သမီးပြောတာကို ဖေဖေကြားပါတယ်၊ ဝိုင်းစောဟုန်ကို သမီးသွားတွေ့မှာ ဘယ်လိုပုံစံနဲ့လည်း၊ သူက သမီးကို ဒီအဖြစ်





တွေ မသိစေချင်ခဲ့ဘူးလေ"

"ဒါပေမယ့် ခမ်းမုံက သိနေခဲ့ပြီပဲ ဖေဖေ၊ မသိဟန်ဆောင်နေလို့လည်း ဘာအကျိုးထူးမှာလဲ"

ပြတ်သားစွာပင် စောခမ်းမုံ ဆိုလိုက်မိပြီးမှ ဖေဖေ့ကို အားနာသွားမိသည်။

"အေးလေ…ဒါကတော့ သမီးနဲ့သူနဲ့ တွေ့တဲ့အခါ ဖြစ်လာမဲ့ အဆုံးအဖြတ်အခြေအနေတွေပဲ၊ ဘာပဲဖြစ်ဖြစ် သမီးကို သူလက်ခံမှာပါ၊ ပြီးတော့ သူသိပ်ဝမ်းသာရှာလိမ့်မယ်လို့ ဖေဖေယုံကြည်ပါတယ်"

"ဖေဖေရယ်"

စောခမ်းမုံရင်မှာ နင့်သည်းစွာ ကြေကွဲသွားသည်။

မေမေ ဦးစောဟုန်၊ မေမေ၊ ပြီးတော့ ဖေဖေဦးသက်ထွန်း၊ အာလုံးရဲ့အဖြစ်တွေက တစ်ယောက်တစ်မျိုးစီ အံ့သြဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်သလို နာကျင်မှုတွေ ကိုယ်စီ ခံစားနေကြရသော နှလုံးသားအစုံနှင့် ဖြစ်ပါသည်။

စောခမ်းမုံဆိုသည့် သူမကိုယ်တိုင်မှာလည်း ရင်နင့်ကြေကွဲမှုတွေ ပိုက်ထွေးထားရတဲ့ နှလုံးသားနဲ့ပါပဲလား။

ဒါဟာ ဘာကြောင့်များလဲ။ ဘယ်လိုဆုတောင်းတွေများ မှားယွင်းခဲ့ကြလို့လည်းရှင်ရယ်။

မြင်လျက်နှင့် မကျင်ရသည့်ဘဝ၊ ကြုံလျက်နှင့် မဆုံနိုင်ကြသည့်အဖြစ်။ မိုးပေါ်ကလမင်းကြီးကို လှမ်းမြင်တွေ့နေပြီး ဖမ်းဆုပ်ကိုင်ခွင့်မရသော ရေပေါ်မှာ ရေးချယ်သည့် ယုန်ရုပ်ကား



www.burmeseclassic.com

www.burmeseclassic.com



ချပ်နယ်။

"ဖြစ်နိုင်ရင် …သမီးကို ဖေဖေ မသွားစေချင်တော့ဘူးကွယ်၊ စိုင်းစောဟုန်ကို အဖြစ်မှန်တွေအားလုံး ဖွင့်ပြောလိုက်ပြီဖြစ်တဲ့အကြောင်း၊ သမီးက သူ့ကိုသိပ်တွေ့ချင်နေတဲ့အကြောင်း လူကြုံနဲ့ စာရေးအကြောင်းကြားပြီး သူ့ကိုခေါ်ယူလိုက်မယ်"

"သမီးက …သမီရဲ့အဖေအလာကို ဒီကပဲ ဖေဖေနဲ့ အတူစောင့်ပေါ့ ဟုတ်လား၊ သူသာ စိတ်သဘောထားတွေ ပြောင်းလွဲသွားရင် ဖေဖေနဲ့ သမီးရဲ့စာကို ရရခြင်း အပြေးလိုက်လာမှာပါကွယ်"

"သမီးကို ဖေဖေ ဘယ်လိုမှ စိတ်မချလို့ပါ၊ ဖေဖေ့သဘောထားကို သမီးနားလည်ပါတယ်နော်"

"နားလည်ပါတယ် ဖေဖေ၊ ဖေဖေစီစဉ်တဲ့အတိုင်း သမီးလက်ခံပါ့မယ်"

နောက်ထပ်တစ်ကြိမ် ခရီးထွက်ရန် ဘယ်လိုမှ မဖြစ်နိုင်သော ဖေဖေ့ကျန်းမာရေး အခြေအနေကြောင့် စောခမ်းမုံကိုတစ်ယောက်ထဲ ခေါ်အဲရွှေနှင့် လွှတ်လိုက်ရမည့်ခရီးအတွက် ဘယ်လိုမှ စိတ်မချနိုင်သော ဖေဖေ့သဘောထားကို စောခမ်းမုံ နားလည်သဘောပေါက်စွာ ဖေဖေ့အစီအစဉ်ကိုပဲ လက်ခံခေါင်းညိတ်လိုက်ရပါသည်။

ထိုညက ဖေဖေ ဦးစိုင်းစောဟုန်ထံ စာရေးနေသော စောခမ်းမုံလက်ကလေးတွေ တဆတ်ဆတ်တုန်ရီနေသလို ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်စက်များကိုလည်း မတားဆီး





နိုင်ခဲ့ပါ။

သနားစရာကောင်းလိုက်တဲ့ ခမ်းမုံရဲ့ဖေဖေရယ်။ ဖေဖေ့ရင်ထဲမှာ ခမ်းမုံတို့ သားအမိအတွက် ဘယ်လောက်များ ထိနိုက်ကြေကွဲလိုက်ရှာမလဲ။ ကိုယ့်သမီးလေး တွေ့နေရတာတောင်မှ သမီးလို့ ရဲရဲဝံ့ဝံ့မခေါ်ရဲတဲ့ဘဝ။

မေမေ့အပေါ်မှာ ထားရှိတဲ့ ဖေဖေရဲ့အချစ်နဲ့ သစ္စာတရားဟာ ဘယ်လောက်များ လေးစားဖို့ကောင်းလိုက်ပါသလဲ။ ပြီးတော့ ခမ်းမုံ့အပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာ။

ဖေဖေရယ်…။

ဖေဖေ့အချစ်တွေကို တမလွန်က မေမေသိအောင် ခမ်းမုံပြောပြချင်လိုက်တာ။

ခမ်းမုံကိုချစ်ရင် ဖေဖေ လာတွေ့မှာပါ။ ဖေဖေ့ကို ခမ်းမုံချစ်တယ်။ ဖေဖေ့အလာကို ခမ်းမုံ စောင့်နေမယ်။

စိတ်ထဲရှိသည့်အတိုင်း စာတွေချရေးနေမိခြင်းကြောင့် စောခမ်းမုံ၏ စာတွေက စီစဉ်မကျ ဟိုတစ်စ ဒီတစ်စ ဖြစ်နေပေမယ့် ခမ်းမုံ ဖေဖေ့ကို ဘယ်လောက်ချစ်ကြောင်း ပေါ်လွင်ထင်ရှားနေသလို ခမ်းမုံကိုလည်း ဖေဖေဦးစောဟုန် အဘယ်မျှချစ်မည်ကိုလည်း မှန်းဆနိုင်ပါသည်။ စောခမ်းမုံ စာလေးကို ဖေဖေကိုယ်တိုင် သူ့စာနှင့်အတူ ထည့်လိုက်ပြီးနောက် လူကြုံဖြင့် ပါးလိုက်သည်။

စောခမ်းမုံ ရင်တထိတ်ထိတ်ဖြစ်နေချိန်မှာ ဦးဗညားဆိုသည့် ကိုကိုကြောင့် စောခမ်းမုံမှာ ငိုချင်စိတ်ပြင်းရပါသည်။

"ခမ်းမုံ ကိုကို့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ''

''ကိုကို့ကို ခမ်းမုံက တွေ့ချင်တယ်ဆိုလို့ ကိုကိုမှာ ဘယ်လောက်ဝမ်းသာရလဲသိလား၊ ဒီမှာ ကိုကို့ရင်ခုန်သံတွေ စမ်းကြည့်စမ်း''

''အို''

ပါးစပ်ကတစ်ဆင့် ပြောတာမဟုတ်။ ခမ်းမုံလက်ကလေးကို ဆွဲပြီး သူ့ရင်ဘတ်ကြီးကို စမ်းခိုင်းနေသဖြင့် စောခမ်းမုံမှာ မျက်နှာလှလှလေး ပျက်သွားရကာ သူမလက်ကလေးတစ်ဖက်ကို လျင်မြန်စွာ ဆွဲယူလိုက်ရပါသည်။

''ခမ်းမုံ''

''ဟော…ဟိုမှာလာပြီ''

ဦးခွန်ကြာကို တွေ့လိုက်သဖြင့် ခမ်းမုံ အားတက်သွားသည်။

''ကိုကို့ကို ဦးခွန်ကြာနဲ့ ခမ်းမုံ မိတ်ဆက်ပေးချင်လို့ပါ''

''ဒီလူနဲ့ ကိုကိုသိသားပဲ၊ ထူးပြီးမိတ်ဆက်ပေးစရာ မလိုပါဘူး''

သူ့စကားကို စောခမ်းမုံ မကြားသလိုလေး ငြိမ်နေလိုက်ချိန်မှာပင် သူမတို့ရှိရာ ဦးခွန်ကြာ ရောက်လာပြီဖြစ်ပါသည်။

''မောင် နည်းနည်းနောက်ကျသွားတယ် ခမ်းမုံ''

''ရပါတယ်မောင်၊ ကိုကို ဒါက ခမ်းမုံနဲ့ မကြာခင် လက်ထပ်တော့မယ့် ဦးခွန်ကြာပါ''

''ဘာ''





''ကိုကို''

နေရာမှ ဝုန်းခနဲ ခုန်ထလိုက်သော ကိုကို့မျက်နှာကတကယ့်ကို ရုပ်ပျက်ဆင်းပျက်မို့ စောခမ်းမုံပါ နေရာမှ ရောယောင်ထလိုက်မိသည့်အထိ ဖြစ်ပါသည်။

''မင်း…မင်း ငါ့ကို အရူးလုပ်တာလား စောခမ်းမုံ၊ မင်းကို ငါသိပ်ချစ်မှန်းသိရက်နဲ့''

''ခမ်းမုံကို ခွင့်လွှတ်ပါ၊ ခမ်းမုံ…ခမ်းမုံ မောင်ကလွဲပြီး တခြားဘယ်သူ့ကိုမှ မချစ်နိုင်သလို လက်လည်းမထပ်နိုင်ပါဘူး''

''ခမ်းမုံ မောင့်ကိုပဲချစ်တယ်''

''မောင့်ကိုပဲ လက်ထပ်မယ်''

အရူးတစ်ယောက်လိုပင် ပါးစပ်ထဲရှိသမျှ တတွတ်တွတ်ရွတ်ဆိုနေမိပေမယ့် ရင်ထဲမှာတော့ စောခမ်းမုံ အသည်းနှလုံးတွေတစ်စစီ ကွဲကြေကုန်ပြီဟု ထင်မိပါသည်။

''ကိုယ်မယုံဘူး…မင်းလိမ်တာ၊ အခုပြောနေတဲ့ စကားတွေအားလုံး မင်းညာနေတာပဲ စောခမ်းမုံ''

''မင်း ငါ့ကိုချစ်တာ ငါသိတယ်''

''မဟုတ်ဘူး…မဟုတ်ဘူး ကိုကို့ကို ခမ်းမုံမချစ်ဘူး''

ကိုကို စောခမ်းမုံမျက်နှာကို မရယ်မပြုံး ခပ်တည်တည်စူးစိုက်ကြည့်ရင်း အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေပြီးမှ နေရာကချာခနဲ လှည့်ထွက်သွားပြီးနောက် ကားဖြင့် ခပ်ကြမ်းကြမ်း ထွက်ခွာသွားတာကိုကြည့်ပြီး စောခမ်းမုံ အမြင်လေးများ ဝေဝါးသွားကာ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအစုံမှာ နင့်သည်းစွာ နာကျင်သွားရပါပြီ။

"ကိုကို"

"စောခမ်းမုံ"

ယိုင်နဲ့လဲပြိုမလို ဖြစ်သွားသော စောခမ်းမုံကိုယ်လေးကို လျင်မြန်စွာ ဖမ်းထိန်းလိုက်သူက ခွန်ကြာ။

"သတိထားပါဦး စောခမ်းမုံရယ်၊ မငိုပါနဲ့ဗျာ"

မျက်ရည်တွေနှင့် ချစ်ရသူကို မချော့တတ်ချော့တတ်နှင့် သူချော့မိသည်။

"ခမ်းမုံကို ခွင့်လွှတ်ပါရှင်၊ အခုလိုကူညီတဲ့ ဦးခွန်ကြာကို ခမ်းမုံ ကျေးဇူးတင်ပါတယ်"

စောခမ်းမုံလေးရယ်…။

မင်းလေးထင်သလို မောင်က ကူညီတာမဟုတ်ဘဲ ခမ်းမုံကို တကယ့်မေတ္တာစစ်နဲ့ ချစ်မြတ်နိုးမိသူတစ်ယောက်ပါဆိုရင် ခမ်းမုံမောင့်ကို အခွင့်အရေးသမားရယ်လို့များ အပြစ်မြင်အထင်သေးမှန်းတီးမှာလားကွယ်။

"သမီး…ဒါက ဘယ်လိုဖြစ်တာလဲ"

"ဟင်…ဖေဖေ"

"ဦး"

"မင်း…မင်း ငါ့သမီးကို အရိပ်နေနေ အခက်ချိုးချိုးလုပ်တာပေါ့ ဟုတ်လား"

"ကဲကွာ"

"ခွပ်"





"အို…မဟုတ်ဘူး ဖေဖေမှားနေပြီ၊ ဦးခွန်ကြာ…ဟင် သွေးတွေ"

"သမီး လာစမ်း၊ ဒီလိုကောင်မျိုး အရေးစိုက်နေစရာ မလိုဘူး"

လုံး၀ထင်မှတ်မထားသည့် အဖြစ်မို့ အလစ်အငိုက်မိသွားရသူ ခွန်ကြာမှာ ဦးသက်ထွန်း၏ လက်သီးချက်မှာ ထိထိမိမိကြီး ခံလိုက်ရပါသည်။ နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသော သွေးများကို လက်ခုံဖြင့် ဖိသုတ်လိုက်ချိန်မှာပင် ဦးသက်ထွန်းက စောခမ်းမုံလက်လေးကို ဖွတ်အတင်း ဆွဲယူကာ ကားပေါ်တက်စေပြီး နေရာမှ အရှိန်ပြင်းစွာ မောင်းထွက်သွားပြီဖြစ်ရာ စောခမ်းမုံမှာ ဖခင်ကြီးကို ရှင်းပြခွင့်မရဘဲ မျက်ရည်ဝေသော မျက်ဝန်းအစုံဖြင့် အတူလိုက်ပါသွားခဲ့ရပြီဖြစ်သည်။

ဩော်…စောခမ်းမုံလေးအဖြစ်က ရင်နင့်စရာပါလား။ ကိုယ့်အသားနာကျင်မှုကို ဂရုမထားနိုင် ချစ်ရသူအတွက် ပူပင်သောက စိုးရိမ်နေမိသော သူ့အဖြစ်ကို ကြားရသူအပေါင်းက ရယ်မောလှောင်ပြောင်ဟားတိုက်ကြမည်လား။

ကိုယ်တိုင်လည်း မပြတ်သားနိုင်ဟန်ကလေးများ ရှိနေပါလျက် သူမချစ်သူ ဆရာဝန်ကို ပြတ်သားရက်စက်ဖို့ ကြိုးစားသူရင်မှာ ဘယ်လောက်များ နာကျင်စေလိုက်ရှာမလဲ။

တိုက်တိုက်ဆိုင်ဆိုင် သူလက်မောင်းမှာ မှီနွဲ့ရှိုက်ငိုလို့မဆုံးမီ စောခမ်းမုံ၏ ဖခင် ရောက်လာခြင်းမို့ အခြေအနေတွေကလည်း အထင်အမြင်လွဲစရာ ဖြစ်ရခြင်းမို့ အပြစ်တင်၍လည်း မဖြစ်ပါ။



www.burmeseclassic.com

"ဖေဖေ…ဖေဖေ"

"ဦးခွန်ကြာကို မလုပ်ပါနဲ့၊ ဦးသောင်း…ဒေါ်အဲရွှေ ဒီမှာ လာကြပါဦး၊ ဦးခွန်ကြာ သေပါပြီ"

"ဆရာကြီး…ဆရာကြီး"

"လွှန်မယ်…လွှန်မယ်"

ဦးသောင်းနှင့် ဒေါ်အဲရွှေက ဖေဖေ့ကို ဝိုင်းဆွဲထား၍ ထင်သလောက် အထိမနာသော်လည်း ဦးခွန်ကြာ မျက်လုံးတစ်ဖက်မှာ ချက်ချင်းမင် ဖူးယောင်လာတာကို မြင်လိုက်ရပါသည်။

"မောင်ခွန်ကြာ ပြန်တော့…ပြန်တော့"

"မင်းမျက်နှာကို နောက်ထပ်မမြင်ချင်ဘူး၊ ငါ့ဆီကို ဘယ်တော့မှမလာနဲ့တော့"

"ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

တင်းမာပြတ်သားစွာ ဆိုလိုက်သော ဖေဖေ့စကားကို နာကျင်ဟန်မပြဘဲ ဖေဖေ့ကို နှုတ်ဆက်ထွက်ခွာသွားသူကိုကြည့်ပြီး စောခမ်းမုံရင်တွေ ဘာကြောင့် နာကျင်ရသည်မသိပါ။

ဦးခွန်ကြာ ကားလေး နေရာမှထွက်သွားသည်နှင့် စောခမ်းမုံမှာ ငိုရှိုက်ပြီး သူမအခန်းရှိရာသို့ အပြေးထွက်ခွာသွားပါသည်။

အိပ်ရာပေါ်မှာ ကိုယ်လေးကို ပြစ်လှဲရင်း တသိမ့်သိမ့် ရှိုက်ငိုမိသည်က သူမကြောင့် ဦးခွန်ကြာ အခုလို ဖေဖေ့အမုန်းကို ခံရရုံမက အသားနာကျင်သည့်အထိ ရိုက်ပုတ်နှင်ထုတ်ခြင်းကို ခံရသည့်အဖြစ်အတွက် ရင်နာ၍ ဖြစ်ပါသည်။





ခမ်းမုံရယ်…။

မင်းလေး ကိုယ့်ကြောင့် ထပ်ဆင့်စိတ်ဆင်းရဲနေမလား အချစ်ရယ်။ အချစ်အတွက် စောခမ်းမုံဖေဖေရဲ့ လက်သီးချက်ဟာ မောင့်အတွက် စာဖွဲ့လောက်စရာမရှိဘူးဆိုတာ မောင့်အချစ် ယုံပါဗျာ။

ကားပေါ်တက်ပြီး နေရာမှ မောင်းထွက်ခဲ့သည်။ ခွန်ကြာ ကားလေး ဦးတည်ရာက စောခမ်းမုံရှိရာသို့ ဖြစ်ပါသည်။ ခြံထဲ ကားကို ကွေ့ဝင်လိုက်သည်နှင့် သူ့ကားရှေ့မှာ ကြိုရောက်နေနှင့်သော ကားကို တစ်ချက်ကြည့်ပြီး ကားပေါ်က ဆင်းလိုက်သည်။

"မင်း ဘာကိစ္စ ငါ့အိမ်ကိုလာတာလဲ၊ မင်းမျက်နှာကို မကြည့်ချင်ဘူး၊ အခုထွက်သွားပါ"

"ကျွန်တော် ရှင်းပြပါရစေဦး"

"ဘာမှရှင်းပြစရာ မလိုဘူးကွ၊ မင်း အသားမနာချင်ရင် ဒီနေရာက အခုထွက်သွားစမ်း"

"ကျွန်တော် ခမ်းမုံကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာပါဦး"

"ဘာကွ"

"ကျွန်တော် ခမ်းမုံကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာပါလို့ ပြောတာပါခင်ဗျာ"

"မင်းကများ ငါ့သမီးကို ကဲကွာ…ကဲကွာ အဲဒါ ချစ်ဦး ချစ်ဦး"

"ခွပ်…ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စောခမ်းမုံ အပြစ်တွေချည်းသာဖြစ်ပြီး ဦးခွန်ကြာမှာ ဘာအပြစ်မှ မရှိသူဖြစ်သည်။ အပြစ်မှန်တွေကို မေမေ့အား ရှင်းပြ၍ မဖြစ်သော်လည်း ဦးခွန်ကြာမှာ အပြစ်မရှိကြောင်းကိုတော့ စောခမ်းမုံ မေမေ့ကို ရှင်းပြရမည်။ ငိုကြွေးခြင်းကို ရပ်တန့်ပြီး မေမေ့ရှေ့မှောက်ကို ရောက်လာခဲ့သည်။

"မေမေ"

ရှိရင်းအသက်ထက် များစွာအိုစာသွားရှာသော မေမေက ခေါင်းငိုက်စိုက်ချ၍ ငြိမ်သက်နေရာမှ သူမခေါ်သံကြောင့် ဖြည်းညင်းသာယာစွာ မော့ကြည့်လာပါသည်။

"သမီး ဘာပြောချင်လို့လဲ"

"ဦးခွန်ကြာမှာ အပြစ်မရှိပါဘူးမေမေ"

"မေမေ့သမီးကို သူကိုယ်တိုင် တကယ့်မေတ္တာစစ်နဲ့ ချစ်တာပါလို့ ဝန်ခံသွားတဲ့လူမှာ အပြစ်မရှိဘူးတဲ့လား"

"ရှင်"

"သမီးသွားတော့...အခုချိန်မှာ မေမေတစ်ယောက်ထဲပဲ နေချင်တယ်"

စောခမ်းမုံ မေမေ့ရှေ့က ထွက်လာခဲ့ရပါပြီ။ မေမေ့ အကြောင်းကို စောခမ်းမုံ သိပါသည်။ သူလက်မခံချင်သည့် ကိစ္စတစ်ခုကို ဖွင့်ဟ်တိုးပြော၍မရပါ။

ဦးခွန်ကြာက မေမေရှေ့မှာ စောခမ်းမုံကို တကယ့်မေတ္တာစစ်နဲ့ ချစ်တဲ့အကြောင်း ဝန်ခံသွားလိမ့်မည်ဟု သူမကိုယ်တိုင်လည်း တွေးထင်မထားခဲ့မိသလို ကြားလည်းမကြားလိုက်မိပါ။





အခန်းထဲမှာ ကြိတ်ငိုနေမိရာမှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေ ကြားလို့ ထွက်လာတော့ ဦးခွန်ကြာကို လက်သီးဖြင့် အဆက်မပြတ် ထိုးနှက်နေသော မေမေနှင့် ဘာတစ်ခုမှ ပြန်မလုပ်ဘဲ မေမေလုပ်သမျှ ငုံ့ခံနေသော ဦးခွန်ကြာကို တွေ့လိုက်ရခြင်းသာ ဖြစ်ရာ ရှေ့မှာ သူတို့အခြေအတင် ပြောခဲ့သည့်စကားကို စောခမ်းမုံ ဘာတစ်ခုမှ မသိခဲ့ရခြင်းဖြစ်ပါသည်။

ဦးခွန်ကြာရယ်...။

ဘာဖြစ်လို့များ ခမ်းမုံကိုမှ ချစ်ရတာလဲကွယ်။ တကယ်တော့ စောခမ်းမုံဆိုတာ အချစ်ရေးမှာ ကံဆိုးတဲ့မိန်းကလေး တစ်ယောက်ဆိုတာ ဦးခွန်ကြာ မသိဘူးလားရှင်ရယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုလိုဖြစ်ရတာ စောခမ်းမုံတာဝန်မကင်းတာမို့ ဦးခွန်ကြာကို သွားရောက်တောင်းပန်ဖို့ ဆုံးဖြတ်ထားလိုက်ချိန်မှာ ဆေးဗညားကတော့ ခံစားမှုအစုစုအတွက် အရက်ကို အဖော်ပြုကာ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေပါသည်။

ခမ်းမုံ...ကိုကို့အပေါ်မှာ ဘာဖြစ်လို့ ဒီလောက်တောင် ရက်စက်ရတာလဲအချစ်ရယ်။ ခမ်းမုံစကားတွေကို ကိုကိုမယုံဘူး။ ခမ်းမုံကို ကိုကိုချစ်သလို ခမ်းမုံကလည်း ကိုကို့ကိုချစ်တယ်ဆိုတာ ကိုကိုသိတယ်။

ချစ်တယ်...ခမ်းမုံကို ကိုကိုသိပ်ချစ်တယ် ကလေးရယ်။

ချစ်တယ်...။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

"ခမ်းမုံကိုခွင့်လွှတ်ပါ ဦးခွန်ကြာ"

"ကိုယ်ကသာ ခမ်းမုံကို တောင်းပန်ရမှာပါဗျာ"

"ဘာဖြစ်လို့လဲဟင်"

"ခမ်းမုံကို ချစ်ခဲ့မိတဲ့အတွက်ပါ"

"အို"

နှစ်ယောက်ကြားမှာ ပြောစရာစကားတွေ ပျောက်ဆုံးသွားပါသည်။

"ခမ်းမုံ"

"ရှင်"

"အခွင့်အရေးသမားလို့ ပြောချင်လည်းပြောပါ၊ ကိုယ်ခံပါ့မယ် ခမ်းမုံကို မြင်မြင်ခြင်း သိပ်ချစ်ခဲ့ရတယ်ဆိုတာတော့ ယုံပါဗျာ"

"ခမ်းမုံကို ကိုယ်ချစ်တယ်"

ဦးခွန်ကြာရယ်။





မျက်နှာမှာ အညိုအမည်းစွဲနေရုံမက အနွေးအကျီကို ဝတ်ဆင်ထားသဖြင့် သူဖျားနေမှန်း စောခမ်းမုံ သိရသဖြင့် စိတ်မကောင်းပါ။

"ကိုယ့်ကို အပြစ်ဘင်စကား မဆိုတော့ဘူးလား စောခမ်းမုံ"

"လူတစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင် ချစ်ခင်မိရုံနဲ့ အပြစ်လို့ မဆိုထိုက်ပါဘူး ဦးခွန်ကြာရယ်၊ ခမ်းမုံ ဦးခွန်ကြာကို အပြစ်မတင်ပါဘူး"

"ခမ်းမုံလေးရယ်"

ချစ်မြတ်နိုးစရာ ကောင်းလှပါသော မိန်းမချောလေး၏ စိတ်ရင်းကလည်း ဖြူစင်နူးညံ့သိမ်မွေ့ခြင်းတွေကြောင့် ပို၍ချစ်မဝ ဖြစ်ရသူက ခွန်ကြာပါ။

"ခမ်းမုံ ပြန်တော့မယ် ဦးခွန်ကြာ၊ ခမ်းမုံကို ခွင့်ပြုပါ"

"ကောင်းပါပြီ စောခမ်းမုံလေးရယ်"

ရင်ထဲရှိတာလေးကို ချစ်သူသိအောင် ဖွင့်ပြောခွင့်ရသည်ကိုပဲ ကျေနပ်ကြည်နူးရသည့်အဖြစ်မို့ ချစ်သူက တုံ့ပြန်လာမည့် ချစ်အဖြေကို မျှော်လင့်ရန် သူ့တွင် အခွင့်အရေးမရှိတာကို ခွန်ကြာနှလုံးသားက သူ့အလိုလို နားလည်နေသည့်အဖြစ်လေ။

စောခမ်းမုံတို့ကားလေး မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အထိ ငေးကြည့်နေစဉ်မှာပင် သူ့အနားသို့ လူတစ်ယောက် ရောက်လာပါသည်။

"စောစောက ကားပေါ်က မိန်းကလေးဟာ စောခမ်းမုံ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား မောင်ရင်"

"ဟင်…ဦးကြီးစောဟုန်"

"ဟုတ်ပါတယ် ကျုပ်ပါပဲ၊ မောင်ရင်နဲ့ စောခမ်းမုံ အတော်ပဲ ရင်းနှီးကြသလား"

ဦးစောဟုန်စကားကြောင့် သူ ကြေကွဲစွာ ပြုံးလိုက်ပါသည်။

"ကျွန်တော် စိတ်ထဲရှိသည့်အတိုင်း ပြောရရင် သူဟာ ကျွန်တော့်ရဲ့ ထာဝရချစ်သူပဲ ဦးကြီးရယ်၊ ခမ်းမုံကို ကျွန်တော်ချစ်တယ်"

ရင်ထဲကခံစားချက်ကို မကွယ်မဝှက် သွန်ထုတ်ဖော်ပြမိခြင်းက ခမ်းမုံကို နစ်နာစေလို၍မဟုတ်ပါ။ သူ့ရင်ထဲက ခံစားချက်ကို တစ်စုံတစ်ယောက်သော သူထံမှ ဖွင့်ဟလိုက်ခြင်းဖြင့် ပေါ့ပါးသက်သာသွားစေရန် မျှဝေမိခြင်းသာ ဖြစ်ပါသည်။

"သူကရော"

"ခမ်းမုံလည်း ကျွန်တော့်ကို မမုန်းပါဘူးလေ၊ ဒါနဲ့ ဦးကြီးက ဒီကိုအလည်လာတာလား"

"ဆိုပါတော့လေ…အလုပ်ကိစ္စလေးလည်း ရှိနေတယ်၊ ကဲ ကျုပ်ကိုခွင့်ပြုဦး မောင်ရင်၊ နောက်ကြုံရင် ဆုံကြသေးတာပေါ့နော်"

စောခမ်းမုံ၏ အသက်ကို ကယ်တင်ပေးခဲ့သူ ဦးကြီးက ခွန်ကြာကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာသွားသည်နှင့် သူလည်း လမ်းကလေးကို ကျောခိုင်းလိုက်သည်။ ဦးစောဟုန်၏ အတွေးထဲမှာ ခွန်ကြာကို စောခမ်းမုံ၏ ချစ်သူအဖြစ် သတ်မှတ်သွားသည်ကို





တော့ သူမသိပါ။

လုံးဝမျှော်လင့်မထားသော စာနှစ်စောင်ကြောင့် လောဝ်နှင့် အတူ ပြန်ရောက်လာခဲ့ရသည့် အတိတ်ခရီးမှာ ဦးစိုင်းစောဟုန်ရင်မှာ ကြည်နူးဆွတ်ပျံ့ လွမ်းမောကြေကွဲစရာတွေအတိနဲ့ ဖြစ်ပါသည်။

ဦးစိုင်းစောဟုန် ခြေလှမ်းတွေက ခြံဝင်းရှေ့မှာ ရပ်တန့်တဲ့နေ့သွားပြီးမှ ဖြည်းဖြည်းချင်း လျှောက်ဝင်လာခဲ့ရာ တစ်နေရာအရောက်မှာ သူ့မျက်ဝန်းအကြည့်တွေ တည်ငြိမ်စွာ ရပ်တန့်လို့ သွားခဲ့ရပါပြီ။

ဖြူလွှသော့ဝတ်စုံဖြင့် ခြံထောင့်က ခုံလေးမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသော သမီးငယ်။

ဦးစောဟုန် ငေးကြည့်နေဆဲမှာပင် စောခမ်းမုံ အကြည့်လေးတွေက သူ့ထံကို ဖျတ်ခနဲရောက်လာသည်နှင့်…

"ဟင်…ဖေ…ဖေ"

"သမီး"

"ဖေဖေ"

"ဖေဖေ့သမီးလေးရယ်"

အနှစ်နှစ်အလလက မျိုသိပ်ချုပ်တည်းထားခဲ့ရသော ဆန္ဒပြည့်ဝခဲ့ရပါပြီ။ သူ့ရင်ခွင်ထဲ ပြေးဝင်လာသည့် သမီးကိုယ်လေးကို အသာအယာပွေ့ဖက်ရင်း သူ့ကိုယ်သူ ဖေဖေဟု ပထမဆုံး တီးတိုးသုံးစွဲလိုက်မိချိန်မှာ ဦးစောဟုန်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားသည်အထိ ကြည်နူးချမ်းမြေ့လွန်းလှပါဘိ။

"ဖေဖေ့ကို ခွင့်လွှတ်ပါကွယ်၊ နှစ်တွေဒီလောက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင်''

''ဟင့်အင်း…ဖေဖေ ဘာမှမပြောပါနဲ့နော်၊ သမီးနဲ့မေမေ အပေါ်မှာ ဖေဖေ ဘယ်လောက်တန်ဖိုးထားတယ်၊ ချစ်ခဲ့တယ်ဆို တာ ခမ်းမုံသိနေပါတယ် ဖေဖေရယ်''

''သမီး…ဖေဖေ့သမီးလေးရယ်''

စောခမ်းမုံ ဦးခေါင်းက ဆံပင်လေးကို ဖွဖွသပ်တင်ပေး ရင်း ဦးစောဟုန်ရင်မှာ ပီတိအဟုန်ဖြင့် သိမ့်သိမ့်တုန်နေပါသည်။

''ဘာပဲဖြစ်ဖြစ် ဦးသက်ထွန်းကိုရော ဖေဖေ့သမီးလေး ကိုရော ဖေဖေ ကျေးဇူးတင်ပါတယ်ကွယ်''

''ခမ်းမုံကသာ ဖေဖေ့ကို ကျေးဇူးတင်ရမှာပါ၊ ခမ်းမုံစိတ် ထဲမှာ ဖေဖေများ ခမ်းမုံကို သမီးအဖြစ် အသိအမှတ်မပြုချင်တော့ ဘူးလားလို့''

''ဖြစ်ရလေသမီးရယ်…ဖေဖေကစပြီး မြတ်အပေါ်ထား တဲ့ ကတိစကားကို သစ္စာမဖောက်ချင်တာကလွဲရင်း ဖေဖေ့ရင်သွေး လေးကို နေ့စဉ်ရက်ဆက် သတိရလွမ်းဆွတ်အောက်မေ့နေရတဲ့ ဖေဖေပါကွယ်''

''ဖေဖေရယ်''

''ဖေဖေ့ကို သမီးချစ်တယ်''

''ဖေဖေကလည်း သမီးလေးကို သိပ်ချစ်ပါတယ် သမီး''

''ဟော…ဟိုမှာ ဖေဖေလာနေပြီ''

''ဦးသက်ထွန်း''





''စိုင်းစောဟုန်''

''ခင်ဗျားကျေးဇူးကို ကျွန်တော် မမေ့ပါဘူး''

လူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပထမဆုံး လက်ဆွဲနှုတ်ဆက်မိကြခြင်းဖြစ်ပါသည်။ ကျေကျေနပ်နပ်၊ ကြည်ဖြူ နှစ်လိုစွာ။

''ကိုယ်ကသာ စိုင်းစောဟုန်ကို ကျေးဇူးတင်ရမှာပါလေ၊ ခင်ဗျားသာ သဘောထားမကြီးနိုင်ခဲ့ရင် ကိုယ်တို့ အခုလိုဘယ်နေ နိုင်မှာလဲ''

''လာဗျာ…ခြံထဲမှာ အေးအေးဆေးဆေး စကားပြော ရအောင်၊ ဒေါ်အဲရွှေတို့ ကော်ဖီလာပို့ဖို့ ပြောထားတယ်''

''သမီးလည်းလာလေ''

''ဟုတ်ကဲ့ပါ ဖေဖေ''

''အဟွန်း…ဟွန်း…ဟွန်း''

ပြုံးပျော်နေသောသမီးကြောင့် အဖေနှစ်ယောက် သဘော ကျစွာ ရယ်မောမိကြသည်။

''ကိုင်း…အခုမှ အဖေက နှစ်ယောက်ဖြစ်နေပြီ၊ ဘယ်နှယ့်လုပ်ကြမလဲ စိုင်းစောဟုန်''

ဦးသက်ထွန်းစကားကြောင့် ဦးစိုင်းစောဟုန် ပြုံးသည်။

''ထွေယ်ပါတယ်ဗျာ…ခင်ဗျားက သမီးရဲ့ဖေဖေပဲ ဖေဖေ ပေါ့၊ ကျွန်တော်ကတော့ သမီးအတွက် အများကကြားရင်လည်း သင့်တော်အောင် မွေးစားအဖေ ဦးကြီးဖေဖေဆိုရင်လည်း ဖြစ်ပါ တယ်''



www.burmeseclassic.com

www.burmeseclassic.com



''အို…မဟုတ်တာ''

''ဟုတ်ပါတယ်ကွယ်…ဒက်ဒီလို့ခေါ်တာထက် ဦးကြီးဖေဖေလို့ အခေါ်ခံရရင်ကိုပဲ ဖေဖေ ကျေနပ်ပါပြီသမီး၊ အဲဒီအတွက် သမီး ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ ဖေဖေ ကျေနပ်သလို သမီးရဲ့ မေမေလည်း ကျေနပ်မယ်ဆိုတာ သမီးယုံပါ''

ဖေဖေ…ခမ်းမုံရဲ့ ဖေဖေရယ်။

နေခါအဲရွှေ ကော်ဖီပွဲရောက်လာသဖြင့် စကားစပြတ်သွားသည်။ လုံးဝပြတ်တောက်သွားတာမျိုး မဟုတ်သလို နှစ်ဦးနှစ်ဖက် သိက္ခာရှိရှိ ရပ်တည်နိုင်သော လမ်းကို ရွေးချယ်လိုက်သော ဖခင်ကြီး၏ မျက်နှာကို ချစ်မြတ်နိုးစွာ ကြည့်ငေးနေမိပါသည်။

''ခမ်းမုံလေးရေ…ဒီမှာ ဖုန်းလာနေတယ်''

''လာပါပြီ ၊ဒေါ်အဲရွှေ''

''ခမ်းမုံ ဖုန်းသွားပြောလိုက်ဦးမယ်နော် ဖေဖေနဲ့ ဦးကြီးဖေဖေ''

''အဟား…ဟား ကောင်းပါပြီဗျာ''

''အဟွန်း…ဟွန်း…ဟွန်း''

အဖေနှစ်ယောက်စလုံး ပြုံးနေသလို ခမ်းမုံနှုတ်ခမ်းအစုံလည်း ပြုံးနေပါသည်။ ကျောခိုင်းထွက်ခွာသွားသည့် သမီးကို ကြည့်ပြီး ဦးစိုင်းဓောဟုန် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

''သမီးကို သူချစ်တဲ့သူနဲ့ပဲ လက်ထပ်စေချင်တယ် ဦးသက်ထွန်း''

ရုတ်တရက်ကြီး ပြောချလိုက်သဖြင့် ဦးသက်ထွန်း မျက်နှာ





မှာ အံ့သြမှုကို မြင်လိုက်ရသည်။

''ဘယ်လို…ခင်ဗျားက သမီးချစ်သူကို သိလို့လား''

''ကျွန်တော်တင်သိတာမဟုတ်ပါဘူးလေ ခင်ဗျားလည်း သိပါတယ်၊ အဲဒီလူက တခြားသူမဟုတ်ဘူး မောင်ခွန်ကြာပဲလေ''

''ဟင်''

''အချစ်ကိုဦးစားပေးတယ်လို့ပဲဆိုဆို သမီးကို ကျွန်တော့်လို မဖြစ်စေချင်ဘူးဗျာ၊ ကျွန်တော့်ခံစားချက်ကို ခင်ဗျားနားလည်မှာပါ''

''ကောင်းပြီလေ…ခင်ဗျားသဘောအတိုင်းဖြစ်ဖို့ ကျုပ်တာဝန်ယူပါတယ်''

''ကျေးဇူးတင်ပါတယ် ဦးသက်ထွန်း''

''မလိုပါဘူးဗျာ…ကိုယ်တို့နှစ်ယောက်စလုံး သမီးစိတ်ချမ်းသာစေချင်တာချင်း အတူတူပါ''

ဦးစိုင်းဓောဟုန်၏ စကားကို အလွယ်တကူ လက်ခံသဘောတူပေးလိုက်ခြင်းမှာ သမီးကိုချစ်သည့်ဖေဖြင့် ခွန်ကြာကို စိတ်လိုက်မာန်ပါ ထိုးကြိတ်မိပြီးမှ အရည်အချင်းရှိ၍ ရိုးသားကြိုးစားသော လူတစ်ယောက်မှာ သမီးကို ချစ်မိသည့်အတွက် ဘာအပြစ်မှ ကြီးမားစွာ လွန်ကျူးခြင်းမဟုတ်ဟု သားသမီးချင်း စာနာစွာ တွေးမိလာခြင်းကြောင့် ဖြစ်သလို သမီးစိတ်ဆင်းရဲမှာကို မကြည့်မမြင်လိုတာလည်း ထိပ်ဆုံးမှာ ပါဝင်ပါသည်။

ချစ်သောသူနှင့် ကွေကွင်းဝေးကွာရသည့် ခံစားချက်ကို ဦးစိုင်းဓောဟုန်က သမီးကို မခံစားစေချင်သလို သူကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မခံစားစေလိုပါ။

"ခင်ဗျားသဘောတူမယ်ဆိုရင် ကျွန်တော့်မျက်စိရှေ့မှာပဲ သမီးမင်္ဂလာပွဲကို မြင်ချင်တယ်ဗျာ၊ ဒီမှာ အကျဉ်းရုံးပြီး ဟိုရောက်မှ ညှိခံပွဲလုပ်လည်းရပါတယ်"

"ကောင်းပြီလေ…အားလုံး စိုင်းစောဟုန်စိတ်တိုင်းကျ ဖြစ်ရပါစေမယ်လို့ ကိုယ်ကတိပေးတယ်"

လုံးဝထင်မှတ်မထားသည့် အပြောင်းအလဲတွေ စောခမ်းမုံ ဘဝလေးထဲ တစ်ခုပြီးတစ်ခု အဆက်မပြတ် ဝင်ရောက်လာနေတာကို စောခမ်းမုံ မသိသေး။

ကိုကိုက ခမ်းမုံနှင့် တွေ့ခွင့်တွင်တွင် တောင်းဆိုနေတာကို ငြင်းပယ်နေမိသည့်အဖြစ်လေ။

ဘေးတွင်ချထားသော ဖုန်းခွက်နီနီလေးကို စောခမ်းမုံ ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို"

"ခမ်းမုံ"

"ဟင်…ကိုကို"

"ဖုန်းမချလိုက်နဲ့ စောခမ်းမုံ၊ ကိုကို့ရင်ထဲမှာ ခမ်းမုံနဲ့ပတ်သက်ပြီး ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းလေးသိရဲ့လား ဟင်"

နာကြည်းကြေကွဲမှုတွေနဲ့ ဆိုလာသော ကိုကို့အသံကို နားထောင်ပြီး စောခမ်းမုံရင်မှာ နာကျင်သွားသည်။

"နေဦး ကိုကို…ကိုကို့ကို ခမ်းမုံ ရှင်းပြစရာတွေရှိသေး





တယ်"

"အခုချိန်မှာ ခမ်းမုံက ကိုကို့ကို ချစ်ပါတယ်ဆိုတဲ့ စကားကလွဲပြီး တခြား ဘာမှမကြားချင်ဘူး"

"ခမ်းမုံကို ကိုကိုချစ်တယ်"

"ကိုကို"

"ကျောက်"

"အို"

ဘာကြောင့်မှန်းမသိ အိပ်ရာထဲမှာ လူးလိမ့်ငိုကြွေးပစ်လိုက်မိသည်။ စောခမ်းမုံအပေါ်ယံမှာ ဇွတ်တင်းမာပြတ်သားနေရပေမယ့် သူမနှလုံးသားမှာ ကိုကို့အပေါ် တွယ်တာနေမိသော အချစ်စိတ်တွေကို ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်လို့ မရသည့်အဖြစ်ကို ဘယ်သူသိနိုင်မှာလည်းလေ။

ကိုကိုနဲ့ ခမ်းမုံကြားက သံယောဇဉ်ကို ပြောင်းလဲပစ်ရန် မှတစ်ပါး တခြားနည်းလမ်းမရှိတော့ဟု သိလိုက်ရချိန်မှာ ဖေဖေတို့နှစ်ယောက်စလုံးက ဦးခွန်ကြာနှင့် စောခမ်းမုံကို လက်ထပ်ပေးဖို့ သဘောတူကြောင်း ပြောဆိုလာချိန်မှာ သူမ ဘာကိုမှ ငြင်းမနေတော့ဘဲ မိုက်မဲစွာ ခေါင်းညိတ်လက်ခံမိလိုက်သည်မှာ ချစ်သော ကိုကို့အတွက်။

ပြီးတော့…စောခမ်းမုံအတွက် ကိုယ်အသည်းကိုယ် ရက်စက်စွာ ခွဲလိုက်ရခြင်းသာဖြစ်ပါသည်။

"မောင်…ဝမ်းသာလိုက်တာ ခမ်းမုံရယ်၊ အခုချိန်ကစပြီး မောင့်အချစ်တွေနဲ့ ခမ်းမုံကို တစ်သက်လုံး ပျော်ရွှင်အောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်လို့ ကတိပေးပါတယ် အချစ်ရယ်''

''ကျေးဇူးတင်ပါတယ် ဦးခွန်ကြာ''

စိမ်းကားအေးစက်သော စောခမ်းမုံရဲ့ ချစ်သူမဆန်သည့် အပြောအဆိုလေးများကိုပင် လှိုက်လှဲမြတ်နိုးစွာ ကြည်နူးချစ်မဝ ဖြစ်နေသူ ခွန်ကြာအတွက် စောခမ်းမုံဆိုတာ သူ့အတွက် ဘုရား ပေးသောဆုသာ ဖြစ်ပါသည်။

မိုးမမြင် လေမမြင် ခွန်ကြာပျော်နေချိန်မှာ စောခမ်းမုံ၏ ပြောင်းလဲမှုတိုင်းအပေါ်မှာ ဘာတစ်ခုမှ နားမလည်နိုင်ဘဲ ရှုံးမတတ် ခံစားနေရသူ ဆေးဗညားက သူမြတ်နိုးရသော ချစ်သူကို ပိုင်ဆိုင် ရယူဖို့ ကြိုးစားနေပါသည်။

''ခမ်းမုံ''

''ဟင်…ကိုကို''

''လာခဲ့''

''အို…ဘယ်လိုလုပ်တာလဲ ဖယ်ပါ''

''လွှတ်ဆို…အို''

စကားဆုံးအောင် ဆိုခွင့်မရလိုက်။ ဆေးဗညား၏ကား ပေါ် စောခမ်းမုံကိုယ်လေး ရောက်သွားပြီးနောက် နေရာမှ ဝေါခနဲ ကားလေးပြေးထွက်သွားသည်နှင့် စောခမ်းမုံ ဆေးဗညား၏မျက်နှာ ကို အလန့်တကြားလေး ကြည့်လိုက်မိသည်။

''ကိုကို''

''ဘာမှမေးမနေနဲ့ ခမ်းမုံကို ကိုကိုခိုးလာတာ''

''ဟင်''





''ခမ်းမုံကို ကိုကိုချစ်တယ်၊ မခွဲနိုင်ဘူး နားလည်လား၊ မင်းကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူးဆိုတာ မြဲမြဲမှတ်ထား ပါ''

''ကိုကိုမှားနေပြီ…သိပ်မှားနေပြီဆိုတာ ကိုကိုသိရဲ့လား ဟင်''

ဘာမှမသိရှာလေဘူးဆိုသည့် အတွေးဖြင့် စောခမ်းမုံ ကိုကို မျက်နှာကို ထိခိုက်ကြေကွဲစွာ ကြည့်လိုက်ချိန် အချစ်ဆိုသည့် ဝေဒနာ ၏ နှိပ်စက်ခြင်းဖြင့် သေသပ်မှုမရှိဘဲ ဖြစ်ချင်တိုင်းဖြစ်နေသည့် ကိုကို့ပုံစံက ရင်နင့်စရာပါ။

''မှားတာမှန်တာတွေ ကိုကိုဂရုမစိုက်ဘူး စောခမ်းမုံ၊ အရေးကြီးတာက ကိုကို့ချစ်သူကို ပိုင်ဆိုင်ဖို့ပဲ''

''ကိုကို့ချစ်သူ ဟုတ်လား''

''ဟုတ်တယ်…ခမ်းမုံက ကိုကို့ချစ်သူ၊ ကိုကိုလက်ထပ် မယ့် ကိုကို့ဇနီး''

''ကိုကို''

စောခမ်းမုံ ကိုကို့အမည်ကို အကျယ်ကြီး အော်ခေါ်လိုက်မိ ရပါပြီ။ ပါးပြင်ပေါ်ကိုလည်း မျက်ရည်တွေ သူ့အလိုလို ကြွေဆင်း လာတာကို မတားမြစ်နိုင်ခဲ့ပါ။

''ခမ်းမုံက ကိုကိုနဲ့လက်ထပ်ရမှာ၊ ဒီလောက်တောင် ကြေကွဲဝမ်းနည်းနေတယ်ပေါ့ ဟုတ်လား''

နာကြည်းပေါက်ကွဲစွာ ဆိုလိုက်သော စကားမှန်း စောခမ်း မုံ သိပါသည်။ ကိုကို၏ မျက်နှာချောချောမှာလည်း ခံစားချက်

www.burmeseclassic.com



ပေါင်းစုံဖြင့် နီရဲခက်ထန်တင်းမာနေတာကို ကြည့်ပြီး စောခမ်းမုံ ရင်ထဲက မျိုသိပ်ထားရသော စကားများကို တစ်ခွန်းချင်း အေးစက်စွာ ဆိုလိုက်ပါသည်။

"ဟုတ်တယ်၊ ခမ်းမုံအတွက် ပြီးတော့ ကိုကို့အတွက် လောကငရဲ၊ သံသရာငရဲကျမှာစိုးလို့ ငိုတယ်၊ ဝမ်းနည်းကြေကွဲရလွန်းလို့ ရင်ပွင့်မတတ်လည်း ခံစားရတယ်၊ တကယ်တော့ ခမ်းမုံဟာ ကိုကို့ရဲ့ ညီမလေးသိလား၊ ကိုကို့နဲ့ ခမ်းမုံမောင်နှမ တော်တယ်ဆိုတာ ကိုကိုမသိဘူးမဟုတ်လား"

"ဘာ...ဘယ်လို"

"ခမ်းမုံဟာ ကိုကို့ညီမ၊ ကိုကို့နဲ့ခမ်းမုံက မောင်နှမ သွေးသားအရင်းအချာတွေမို့ အခုလို"

"ကျွီး"

ဆေးဗညားဓါ်ကားလေး လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားရပါပြီ။ ပြီးတော့ စောခမ်းမုံကို အံ့သြတုန်လှုပ်သော မျက်လုံးအစုံဖြင့် ကြည့်ရင်း...

"ပြောစမ်း စောခမ်းမုံ၊ မင်းသိထားတာတွေအားလုံး ကိုကို့ကိုပြောစမ်း"

"ပြောပါမယ် ကိုကိုရယ်၊ ခမ်းမုံ ပြောပါမယ်ရှင်"

အစမှအဆုံး သူမသိသမျှ မချွင်းမချန် ပြောပြနေသော စကားအဆုံးမှာ ဆေးဗညားမျက်နှာချောချောက ရုပ်ပျက်ဆင်းပျက် ထိန်းမရအောင် ပျက်ယွင်းညှိုးမှိုင်း အိုစာသွားခဲ့ရပါပြီ။

"မဟုတ်ဘူး...မဟုတ်ဘူး ခမ်းမုံပြောနေတာတွေအားလုံး





လုံးဝမဖြစ်နိုင်ဘူး"

"ကိုကိုရယ်"

အရူးတစ်ယောက်လို အော်ဟစ်ပေါက်ကွဲနေသူ၏ မျက်နှာကို မကြည့်မမြင်ရက်တော့သလို လက်ဖဝါးနှစ်ဖက်ပေါ် သူမ၏ မျက်နှာလေးကို မှောက်အပ်ကာ တသိမ့်သိမ့် ရှိုက်ငိုနေမိသူက စောခမ်းမုံ ကိုယ်တိုင်ပါ။

ကိုကို့ရင်ထဲက ခံစားချက်တွေကို စောခမ်းမုံ စာနာနားလည်ပေးနိုင်ပါသည်။ စောခမ်းမုံကိုယ်တိုင်သည်လည်း အခု ကိုကို ခံစားနေရသော ခံစားချက်ထက် အဆပေါင်းများစွာ ရက်စက်နာကျင်မှုတွေနှင့် ကြေကွဲဝမ်းနည်းခဲ့ရပြီးပါပြီ။

"ခမ်းမုံ"

"ကိုကို"

"ညီမလေးရယ်"

နာကြည်းဆွေးမြေ့လျက် မျက်ရည်တို့ တွဲခိုနေသော ထိခိုက်ဖွယ်ရာ ခံစားချက်များဖြင့် ချက်ချင်း အိုစာသွားသော ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် အစ်ကိုဖြစ်သူကိုကြည့်ကာ ခမ်းမုံရင်တွင် မချိပါ။

"ဘယ်အချိန်ထဲက ဒါတွေကို သိခဲ့ရတာလည်း ညီမလေးရယ်၊ ဘာဖြစ်လို့ အစ်ထဲက ကိုကို့ကို ဖွင့်မပြောခဲ့ရတာလည်းဗျာ"

"ခမ်းမုံကို ခွင့်လွှတ်ပါ ကိုကို၊ ခမ်းမုံလည်း ဖေဖေနဲ့ မေမေတို့ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



''တော်ပါတော့ ညီမရယ်၊ ကိုကိုတို့မောင်နှမ ဘာကြောင့် ဒီလောက် ကံဆိုးရတယ်ဆိုတာ ကိုကို မသိတော့ပါဘူးကွယ်''

''ခမ်းမုံ''

''ရှင်…ကိုကို''

''ကိုကို့ကို ခွင့်လွှတ်ပါကွယ်''

''ကိုကိုရယ်''

''ဖြစ်မှဖြစ်ရလေ ညီမလေး စောခမ်းမုံရယ်''

''အဟင့်…ဟင့်…ဟင့်''

''ဒါကြောင့် …ဒါကြောင့် ညီမလေးက ခွန်ကြာနဲ့ အမြန် ဆုံးလက်ထပ်ဖို့ သဘောတူခေါင်းညိတ်ခဲ့တာပေါ့ ဟုတ်လား''

စောခမ်းမုံ မျက်ရည်တွေကြားက အစ်ကိုဖြစ်သူကို ခေါင်း ဆတ်ဆတ်ညိတ်ပြလိုက်တော့ ဆေးဗညားမှာ ခံစားရလွန်းလို့ ရူးမ တတ်ဖြစ်သွားရှာပါသည်။

ဒီလိုအဖြစ်မျိုးတွေ ရှိလိမ့်မယ်လို့ သူမှမသိဘဲ…။

''အခုအဖြစ်အပျက်တွေကို မေ့လိုက်တော့ ညီမှရယ်၊ ညီမ အခုလို ခွန်ကြာကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ မှန်ပါ တယ်၊ ဒါပေမယ့်''

''ထားပါလေ…ညီမလေးတို့ မင်္ဂလာပွဲကို ကိုကိုလာဖြစ် အောင် ကြိုးစားမယ် ဟုတ်လား''

''ကိုကိုတို့ ပြန်ကြမယ်''

လာရာလမ်းအတိုင်း ကားလေး ပြန်ကွေ့ခဲ့ပါသည်။

× × × ×





အိပ်ရာထက်မှာ လူးလိမ့်ရင်း ယောကျ်ားတန်မဲ့ မျက်ရည် ကျမိသူက ဆေးဗညားပါ။ လောကကြီးမှာ အချစ်အတွက်နဲ့ မျက်ရည်ကျရသော ယောကျ်ားတွေ ရှိနေပါသေးဟုဆိုလျှင် ကြားရ သူအပေါင်းက ယုံကြည်စွာ လက်ခံနိုင်ကြပါမည်လား။

စောခမ်းမုံဆိုတဲ့ ကိုကို့ညီမရယ်။

မျက်ဝန်းအစုံကို စေ့ပိတ်ထားပေမယ့် သူနှင့်စောခမ်းမုံတို့ စတင်ဆုံစည်းခဲ့ရသည့်အဖြစ်မှ အခုလက်ရှိ အခြေအနေအထိ ဖြစ် ပျက်သမျှအားလုံးကို ပြန်လည်မြင်ယောင် ခံစားကြေကွဲရင်း အသည်း နှလုံးတွေ နာကျင်ကာ ရင်တစ်ခုလုံး ပွင့်ထွက်လုမတတ် ရှိနေပါ သည်။

ဘယ်လိုပဲ သူ့စိတ်ကို ထိန်းချုပ်ဖို့ ကြိုးစားပေမယ့် စောခမ်းမုံအပေါ်မှာ ထားရှိမိသော လေးနက်ပြင်းပြသည့် ချစ်ခြင်း မေတ္တာကို တခြားပုံစံတစ်မျိုးဖြင့် ရုတ်တရက်ကြီး ပြောင်းလဲပြစ်ဖို့ ဆိုတာ ကိုယ့်အသည်းနှလုံးကိုယ် ဓားနဲ့တစ်ဆုံး ထိုးစိုက်ချလိုက် တာမျိုးနှင့် အတူတူသာဖြစ်ပါသည်။

ခွန်ကြာကို ခမ်းမုံ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ မှန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ညီမရယ်။

ညီမလေးသာ သစ္စာရှိရှိနဲ့ တစ်ခုခုကို မဆုံးဖြတ်နိုင်ခဲ့ရင် ကိုကိုလည်း ဖြစ်ချင်ရာဖြစ် ခမ်းမုံလက်ကိုဆွဲပြီး ကမ္ဘာဆုံးတဲ့အထိ ထွက်ပြေးမိမည်လား မပြောတတ်ပါ။

အရက်တွေ မူးအောင် သောက်ပြစ်လိုက်သည်။ လူမှန်း သူမှန်းမသိတော့ရင် သူ့ရင်ထဲက ခံစားချက်တွေများ ပျောက်ရှလျော့ ပါးသွားမလားရယ်လို့ပါ။

ဒါက ဆေးဗညားရဲ့အတွေး ဖြစ်ပေမယ့် လက်တွေ့မှာမူ မူးတာကတခြား၊ မေ့မရနိုင်ဘဲ သတိရတမ်းတနေမိသည်က တခြား ဖြစ်နေတော့ သူ့ကိုယ်သူ လှောင်ပြောင်ရယ်မောလိုက်မိသည်။

ဆေးဗညားရယ်။

မင်း သိပ်လွန်ပါရောလား။

ကိုယ့်ညီမလေးတစ်ယောက်ကို ဒီလိုချစ်ရမယ်လို့ မင်းကို ဘယ်သူပြောလဲ။

မင်းဟာ လူတော်တစ်ယောက်ပါ။

ဘာမဟုတ်တဲ့ စိတ်ခံစားချက်နောက်ကို လိုက်ပြီး မိုက်ချင် မှားချင်သေးလို့လား။

ခမ်းမုံ . . . ညီမ။

ကိုကို့ညီမရယ်။

× × × ×





စောခမ်းမုံနှင့် ခွန်ကြာ ရုံးမှာ အကျဉ်းရုံးလက်မှတ်ထိုး ပြီး ထိုညမှာပဲ ခြံထဲမှာ ညှော်ခံပွဲလေး ကျင်းပပါသည်။

အဖြူရောင်ဝတ်စုံဖြင့် လှပလွန်းသော သတို့သမီးလေး၏ လှုပ်ရှားမှုတိုင်းကို နာကျင်ခံစားကြေကွဲရသော နှလုံးသားအစုံဖြင့် စူးစိုက်ကြည့်ရင်း မျက်ဝန်းအစုံမှာ မျက်ရည်ကြည်တွေ စို့ဝေနေရသူ က ဆေးဗညား။

သူ့ကိုယ်တိုင် ဤမျှခံစားနေရပါလျှင် နုနယ်ငယ်ရွယ်သော နှလုံးသားပိုင်ရှင် ညီမငယ် စောခမ်းမုံအတွက် ဆိုဖွယ်ရာရှိပါဦး မည်လား။

သို့ပါသော်လည်း နှစ်ယောက်စလုံး၏ ရင်တွင်းခံစားချက် တွေကို တစ်စုံတစ်ရာ ပေါ်လွင်ခြင်းမရှိအောင် ထိန်းချုပ်ဟန်ဆောင် မှုတွေကိုယ်စီနှင့် ဆုံးဖြတ်ချက် ရဲရဲ့စွာ နှလုံးသားကို ပေးဆပ်စတေး လိုက်ကြရသည့်အဖြစ်။

ဘာကြောင့်များ ကိုကိုတို့နှစ်ယောက်ကြားမှာ ဒီလိုအဖြစ် မျိုးတွေ ရှိနေရတာလည်းကွယ်။

"ဗညား"

"အန်ကယ်"

"ဒီမှာ တစ်ယောက်တည်း ဘာလို့ထိုင်နေရတာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တစ်ယောက်တည်း နေချင်လို့ပါ အန်ကယ်"

မချိပြုံးနှင့် သူဆိုလိုက်သည်။ အန်ကယ် ဦးမင်းဇော်က ဆေးဗညားကို ဘာမှမပြောဘဲ အသိရခက်သော မျက်ဝန်းအစုံဖြင့် သူ့မျက်နှာကို လေးနက်တည်ငြိမ်စွာ စူးစိုက်ကြည့်ရင်း သက်ပြင်း ရှိုက်လိုက်သည်။

"လောကကြီးက ထူးဆန်းတယ်၊ အန်ကယ်ထင်ထားတာ တွေနဲ့ တခြားစီဖြစ်နေတာ ပိုအံ့သြမိဟယ်"

"ဘာကိုပြောတာလဲ အန်ကယ်"

"မင်းနဲ့ စောခမ်းမုံကို လက်ထပ်ဖြစ်မယ်ထင်တာ၊ အခု တော့ တခြားတစ်ယောက်နဲ့ မြန်းစားကြီး ဘယ်လိုဖြစ်ကြတာလဲ"

ရုတ်တရက် ဆေးဗညား ဘာပြောရမှန်းမသိဘဲ နှုတ်ဆွံ့ အသွားသလို ရင်ထဲမှာလည်း နာသွားသည်။

"ဒါနဲ့ စောခမ်းမုံဟာ မင်းရဲ့ဦးလေး စောဟုန်ရဲ့သမီးဆို တာကိုရော မင်းသိပြီးပြီလား"

"ဗျာ"

"ဒီကိစ္စကို အန်ကယ် ဘယ်လို"

"အံ့သြမနေနဲ့ ကိုယ့်လူ၊ ဒီဇာတ်လမ်းတွေက ဟိုတုန်းထဲ က အန်ကယ်က သိပြီးသား၊ အခု ဒီအကြောင်းကို ပြောရတာက လည်း အကြောင်းရှိလို့ပြောတာ"

"ဘာအကြောင်းများလည်း အန်ကယ်၊ ကျွန်တော်မသိရ ဘူးလား"

ညီမလေးအပေါ်မှာများ တစ်ခုခုအန္တရာယ် ကျရောက်လာ



စရာ အကြောင်းများ ရှိနေလေရော့သလားဆိုသည့် အတွေးနှင့် ဆေးဗညား စိတ်လှုပ်ရှားစွာ မေးလိုက်ခြင်းပါ။

"သိရပါတယ်ကွာ…ဒီအကြောင်းကလည်း မင်းပဲ အသိ သင့်ဆုံးလို့ ထင်လို့ပါ၊ ဒီမှာ မောင်ရင် မင်း စောခမ်းမုံကို သိပ်ချစ် ရက်နဲ့ ဘာလို့ လက်မထပ်နိုင်ရတာလဲဆိုတာ အန်ကယ် အရင်မသိ ရဘူးလား"

"ဒါကတော့…ဟို…"

"အမှန်အတိုင်းသိရမှ အန်ကယ်သိထားတဲ့ ကိစ္စကို ပြော လို့ဖြစ်မှာကွနော်၊ မင်း မဖြေနိုင်ရင် အန်ကယ်သိထားတဲ့ ကိစ္စကို ပြောလို့မဖြစ်ဘူး"

ဆေးဗညား ဦးမင်းဇော်ကို စိုက်ကြည့်လိုက်သည်။ ရင်ထဲ မှာ နာကျင်အခံရခက်နေသမျှ အန်ကယ်ဦးမင်းဇော်ကို သူတို့ အကြောင်းအားလုံး သိနေသူကို ဖွင့်ပြောရလျှင် သက်သာမည်ဟု ထင်လာ၏။

"ကျွန်တော် အမှန်အတိုင်းပြောရရင် ခမ်းမုံနဲ့ ကျွန်တော် မောင်နှမဖြစ်နေလို့"

"အေး…အန်ကယ်သိချင်တာလည်း အဲဒါပဲ၊ ကလေးမ လေးကိုယ်တိုင်လည်း သိပ်ခံစားနေရတာ အန်ကယ်သိတယ်၊ ဒီမှာ မင်းနဲ့ခမ်းမုံက တကယ်တော့ ဘာမှမတော်ဘူးကွ နားလည်လား"

"ဗျာ…အန်ကယ် ဘယ်လိုပြောလိုက်တယ်"

"မင်းတို့ကို သနားလို့ ဖွင့်ပြောရတာ၊ မင်းစိတ်ထဲမှာ ဒီအကြောင်းတွေသိပြီးရင် တခြား ဘယ်သူ့ကိုမှ မပြောဘဲ မင်းမှာပဲ

www.burmeseclassic.com



လည်း မသိစေနဲ့ ဟုတ်လား''

''တကယ်တော့ မင်းဟာ လောဝ်ရဲ့ သားအရင်းမဟုတ်ဘူး၊ မွေးစားသား''

''ဗျာ''

နားထဲမှာ ဗုံးတစ်လုံးလို ပေါက်ကွဲသွားပြီး မျက်လုံးအစုံလည်း ပြာခနဲ ဖြစ်သွားသည်။

''စောခမ်းမုံနဲ့ ဘာမှမတော်ဘူး၊ မင်းကို အမွေစားအမွေခံစာချုပ်နဲ့ မင်းမာမီက မွေးစားထားတာ၊ ဒါကြောင့်မို့…''

ဆေးဗညားနားတွင် ဘာမှဆက်မကြားတော့ပါ။ သူကိုယ်သူ မွေးစားသားဖြစ်ရခြင်းအပေါ်လည်း မနာကျင်မိ။ သူနှင့်စောခမ်းမုံ ဘာမှမတော်ဘူးဆိုသည့် အသိနှင့်ပင် ရင်တစ်ခုလုံး ပွင့်ထွက်သွားလုမတတ် အခံရခက်နာကျင်အံ့သြလျက် ချစ်ရသူလေးရှိရာကိုသာ အပြေးသွားလျက် စောခမ်းမုံ၏ လက်ကလေးကို ဆွဲယူကာ အားလုံးနှင့်ဝေးရာသို့ စိတ်ကူးထဲမှာပင် အကြိမ်ကြိမ် ပြေးထွက်နေခဲ့မိပါပြီ။

''ဆေးဗညား''

''အန်ကယ်''

''တကယ်ချစ်တယ်ဆိုရင် နောက်မကျသေးပါဘူးကွယ်၊ မင်းတို့ကို အန်ကယ် ကူညီနိုင်ပါတယ်''

''အန်ကယ်''

''ကိုကို''

''စောခမ်းမုံ''

ဆေးဗညား တစ်ခုခုပြောလိုက်တော့မည်အပြုမှာပင် သူတို့





နားသို့ လှပစွာရောက်ရှိလာသော စောခမ်းမုံလေးကြောင့် သူတို့နှစ်ယောက်စလုံး နှုတ်ဆိတ်ငြိမ်သက်သွားသည်။

''ခမ်းမုံတို့နဲ့ ဓာတ်ပုံအတူရိုက်ကြမယ်နော်၊ အန်ကယ်ရော လာပါ''

''ခမ်းမုံ''

''လာပါ ကိုကိုရယ်၊ လာပါနော်''

''ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တို့နဲ့ ဓာတ်ပုံအတူတွဲရိုက်ခွင့်ပေးပါဗျာ၊ ကိုကိုညီမလေးရဲ့ မင်္ဂလာဧည့်ခံပွဲမှာ အမှတ်တရပေါ့ ကိုကိုရယ်နော်''

စောခမ်းမုံလေးရယ်။

မင်းလေးကတော့ ဘာမှမသိရှာဘူး။

သူ့လက်တစ်ဖက်ကို နူးညံ့အိထွေးသော သူမလက်ကလေးများဖြင့် ဆွဲယူရင်း ဓာတ်ပုံအတူရိုက်ဖို့ ညီမတစ်ယောက်အနေနဲ့ အစ်ကိုဖြစ်သူကို လာခေါ်နေရှာသည့် ကလေးမလေး၏ ပြုံးရယ်သော လှပသည့် မျက်နှာလေးကို သူ ငုံ့ကြည့်လိုက်သည်။

သူ့နှုတ်ခမ်းများက စောခမ်းမုံကို တစ်ခုခုပြောချင်နေသည်။ သို့ပါသော်လည်း သူတို့နှစ်ယောက်ကို အပြုံးကိုယ်စီဖြင့် ဝိုင်းအုံကြည့်နေကြသော လှပရိသတ်အလယ်မှာ သူ့ရင်ထဲက စကားတွေကို ဘာတစ်ခုမှ ပြောရန် အခွင့်မသာခဲ့ပါ။

ခွန်ကြာယံနှင့် စောခမ်းမုံတို့၏ လိုက်ဖက်တင့်တယ်သော မင်္ဂလာပွဲကို ရပ်တန့်စေပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မြေချင်ရာဖြစ် ချစ်ရသူလေး၏ လက်ကိုဆွဲပြီး ဤနေရာက ပြေးထွက်သွားရ



www.burmeseclassic.com

www.burmeseclassic.com



မည်လား။

“လာပါ ကိုကိုရဲ့”

ခမ်းမုံ…ကိုကိုရဲ့ စောခမ်းမုံလေးရယ်။

မာတ်ပုံတွေက တဖျပ်ဖျပ်ရိုက်နေပါပြီ။ စောခမ်းမုံ၏ လက်ကလေးတစ်ဖက်ကို မချိုသောရင်ဖြင့် သူ့လက်များထဲမှာ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသူရဲ့ ရင်ထဲက စိတ်ခံစားချက်တွေကို ဘယ်သူသိအောင် ဖွင့်ပြောလိုက်ရမည်နည်း။

အပြင်မှာ စောခမ်းမုံတို့အတွက် အသင့်ပြင်ဆင်ထားသော သတို့သမီး သတို့သားကို တင်ဆောင်ခေါ်ယူသွားမည့် ကားက အသင့်ရပ်နေပြီ။

အခုချိန်မှာ ခမ်းမုံနဲ့ ကိုကို ဘာမှမတော်ဘူးလို့ ပြောလိုက်ရင် ခမ်းမုံရင်မှာ ဘယ်လောက်များ ပူလောင်ခံစားနာကျင်သွားရှာမည်လည်း။

သူ ဘာလုပ်ရမလဲ။

ဘာလုပ်သင့်သလဲ။

“ကိုကို…ခမ်းမုံတို့သွားတော့မယ်”

“ခမ်းမုံ”

သူ့လက်ထဲက စောခမ်းမုံ၏ လက်ကလေးတစ်ဖက်ကို မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရပါပြီ။ သူ့လက်ထဲက ချစ်ရသူလေးကို ဝင့်ကြွားဂုဏ်ယူပျော်ရွှင်နေသော အပြုံးများဖြင့် ပိုင်နိုင်ရဲဝံ့စွာ ခေါ်ယူသွားသူက ခွန်ကြာ။

သူကြည့်နေဆဲမှာပင် စောခမ်းမုံကို အသင့်ဖွင့်ပေးထားသော ကားပေါ် တက်စေလိုက်ပါပြီ။





အားလုံးက အပြုံးကိုယ်စီဖြင့် လက်ပြနေချိန်မှာ စောခမ်းမုံ၏ အကြည့်လေးများက အုံ့သြငေးကြောင်လျက် မှုပျက်နေသော သူ့ထံသို့ ရီဝေဆွတ်ပျံ့စွာ ရောက်ရှိလာပါသည်။

“ခမ်းမုံ”

သူ စောခမ်းမုံ၏အမည်ကို အကျယ်ကြီး လှမ်းခေါ်လိုက်ချိန်မှာပဲ သူမတို့ကားလေးက သူ့မျက်စိရှေ့မှောက်က ထွက်ခွာသွားခဲ့ပါပြီ။

“မောင်ဇာသား”

“အန်ကယ်”

“စိတ်ကိုလျှော့လိုက်ပါကွယ်…မင်းတို့အတွက် အန်ကယ်စိတ်မကောင်းပါဘူး၊ ဒီလိုမှန်းသိရင် အစထဲက မင်းတို့ကို…”

“တော်ပါတော့ အန်ကယ်ရယ်၊ ကျွန်တော့်အသည်းနှလုံးတွေ တစ်စစီ ကွဲကြေကုန်ပါပြီဗျာ၊ တစ်ခုတော့ ကျွန်တော်ကျေနပ်ပါတယ်၊ စောခမ်းမုံလေး ရင်ထဲမှာ အင်မတန်ဆိုးရွားတဲ့ ခါးသီးတဲ့ ခံစားချက်တွေ သူနဲ့အတူ ပါမသွားနိုင်တာကိုပဲ ကံကြမ္မာကို ကျေးဇူးတင်ရတော့မှာပါ”

“မောင်ဇာသား”

ဦးမင်းဇော် ခေါ်သံကို ကြားသော်လည်း နောက်ကို လုံးဝ လှည့်မကြည့်ဘဲ နေရာက သူ တစ်အားပြေးထွက်ခဲ့သည်။ သူ့ခြေလှမ်းတွေက မရပ်မနား။ ဘယ်နေရာကို ဦးတည်နေသည်ကိုကား သူကိုယ်တိုင်ပင်မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ သတိထားမိသည့်အချိန်မှာ ဆုတောင်းပြည့် လွှမ်းစေတီလေးမှာ ရောက်ရှိလို့ နေခဲ့ပါပြီကောလေ။ ညင်သာစွာ လှုပ်ခတ်လာသော ဆွဲလည်းသံလေးက ဆေးဗညားရင်ထဲက ပူလောင်ကျွမ်းမြိုက်စေသည့် ဝေဒနာတွေကို ငြိမ်းအေးခြင်း မပြု နိုင်ပါလား။

မျက်နှာကို လက်ဖဝါးနှစ်ဖက်ပေါ် မှောက်အပ်ပြီး အကြာ ကြီး ငြိမ်သက်နေမိသည်။ သူ့ရင်ထဲက လှုပ်ခတ်နေသော ခံစား ချက်တွေက အခုချိန်မှာ ဘာနှင့်မှ ထိန်းချုပ်၍မရ။

စောခမ်းမုံကိုယ်တိုင် သူမနှင့် ဆေးဗညား ဘာမှမတော် ဟု ဆိုလျှင် ခွန်ကြာ ခေါ်ဆောင်ရာနောက်ကို ဤမျှ ကြည်သာချော မွေ့စွာ အတူလိုက်ပါနိုင်ပါဦးမည်လား။

သူမ အကြည့်လေးတွေကို ဆေးဗညားရဲ့ နှလုံးသားက အလိုလိုနားလည်နေတာ ခက်လှသည့်အဖြစ်လေ။

ခမ်းမုံ…။

ကိုကို့အသက်ရယ်။

လက်ဖဝါးတွင် စိုစွတ်လာသော ပူနွေးသည့် မျက်ရည် များကို သူ ဂရုမစိုက်နိုင်။ ဆည်းလည်းသံနှင့်အတူ ရောနှောထွက် ပေါ်လာသော အချစ်ရှုံးသမားတစ်ယောက်၏ ရှိုက်ငင်သံလေး တစ်ခု။

"မငိုပါနဲ့ ခမ်းမုံလေးရယ်၊ နောက်ဆိုရင် ဒီကို မောင်တို့ မကြာခဏ လာကြမှာပဲမဟုတ်လားကွယ်၊ ဟိုမှာကြည့်ပါဦး…အဲဒါ ဆုတောင်းပြည့် လွှမ်းစေတီလေ၊ ခမ်းမုံ လိုချင်တဲ့ဆုတောင်းကြည့် ပါလား"

ဝေဝါးသော မျက်ရည်တွေကြားက အားတင်းပြီး စောခမ်း မုံ လှမ်းမျှော်ကြည့်လိုက်တော့ ခွန်ကြာ ညွှန်ပြသည့် စေတီလေး တစ်ဆူကို ဖူးမှိုင်းစွာ ဖူးတွေ့ရပါသည်။ မျက်ဝန်းထဲတွင် ထူးဆန်း သော အမူအရာဖြင့် မားမားကြီး ရပ်ကျန်ရစ်ခဲ့ရှာသော ကိုကို့ရုပ် သွင်ကို စောခမ်းမုံ နှလုံးသားမှာ စွဲထင်နေခြင်းက သူမနှလုံးသား အစုံကို အခံရခက်အောင် ဘာကြောင့်များ ပူလောင်နာကျင်စေရ သည်မသိပါ။

ဘာကြောင့်များ ဒီလိုအဖြစ်တွေနှင့် ကြုံရလေသည်မသိရ သောဘဝ။ ဘယ်လိုဆုတောင်းတွေကြောင့်များ ဤမျှ ကြေကွဲဝမ်း နည်းဖွယ်ရာ ဖြစ်ရမှန်းမသိလေသော အကြောင်းတရားများ။

ကိုယ်စီရင်ထဲမှာ ဖော်ထုတ်မပြနိုင်တဲ့ ခံစားချက်ဝေဒနာ တွေ ကိုယ်စီနဲ့လေ။

"ခမ်းမုံ"

"မောင်"

"အဲဒီလွှမ်းစေတီလေးမှာ တကယ်ပဲ ဆုတောင်းပြည့်မယ် ဆိုရင် ခမ်းမုံ တစ်ခုပဲ ဆုတောင်းချင်ပါတယ် မောင်ရယ်၊ ခမ်းမုံ ဘဝမှာ ခမ်းမုံ ချစ်ရသူတွေနဲ့ အခုလို ကွေကွင်းရခြင်း ဒုက္ခဆင်းရဲ မှ' ကင်းလွတ်ရပါလို၏လို့လေ"

"ခမ်းမုံ…မောင့်အချစ်ရယ်"

ပြောရင်း တသိမ့်သိမ့်ရှိုက်ငိုချလိုက်သော စောခမ်းမုံ၏ ကိုယ်လေးကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်လျက်







www.burmeseclassic.com

www.burmeseclassic.com



ကြင်နာမြတ်နိုးခြင်းတွေနှင့် ယုယမိသူက ခွန်ကြာဖြစ်ပါသည်။

စောခမ်းမုံတို့ ကားလေး တဖြည်းဖြည်း ဝေးသွားသလို ထိုကားလေးကို တစ်နေရာမှ မားမားကြီး ရပ်ကြည့်ရင်း မျက်ရည်တွေ ဝေနေရရှာသော ဆေးဗညား၏ နှလုံးသားအစုံမှာလည်း ဟင်းလင်းပြင်ကြီးထဲ မျောလွင့်သွားသည်နှယ် ရှိနေရသည့် အဖြစ်ကို မည်သူမျှ မသိကြပါ။

နောင်ဘဝတွေ ရှိခဲ့ဦးမည်ဆိုလျှင်တော့ မဆုံစည်းနိုင်သော အချစ်များဖြင့် ဘယ်သောအခါမှ ချစ်ရသူနှင့် မဆုံဆည်းလိုတော့ပါကြောင်း ဆုတောင်းမိရင်း မေမေဦးစောဟုန်နှင့် မေမေမြတ်တို့ အချစ်များသည်လည်းကောင်း၊ စောခမ်းမုံနှင့် ကိုကိုတို့၏ အချစ်များသည်လည်းကောင်း မှားယွင်းသော အချစ်ဆုတောင်းများ ဖြစ်ခဲ့ပါလျှင် ယခုဘဝသည် နောက်ဆုံး ဆုံတွေ့ရခြင်း ဖြစ်ပါစေဟု စောခမ်းမုံ၏ ပူကျွမ်းလောင်မြိုက်ရသော နှလုံးသားအစုံအတွက် နောက်ဆုံး ဆုတောင်းလိုက်ရပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ၊
ချစ်ခြင်းမေတ္တာအားဖြင့်
မြှုလဲသွယ်